www.burmeseclassic.com

ယုဝတီ

ခင်မိန်လှိုင်

# ရန်ကင်းသူ

BURMESE CLASSIC .com

ဒုတိယအကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ရန်ကင်းလမ်းမကြီးမှာ အလွန်စည်ကားရကား ကားများကို ရှေ့ထိုးနောက်ငင်ရှောင်ရလွန်း၍ လမ်းဘေးတွင် ခေတ္တရပ်လိုက်သည်။

"ဟော. . . တွေ့ချင်တော့လည်း (×××) နံပါတ် တိုက်နဲ့ တန်းတွေ့နေတာကိုး"

မင်းသက်နိုင်သည် လေယာဉ်ကွင်းက တန်းလာရ၍ သူ့လေယာဉ်မောင်းဝတ်စုံ ဘောင်းဘီအနက်အရှည်၊ ရှပ်အင်္ကျီအဖြူ နက်ကတိုင်ပေါ်မှ အပေါ်ဝတ်အနက်ရောင်ဘောင်းဘီနှင့် တစ်ဆင်တည်း လေယာဉ်မှူးပီးကက်ဦးထုပ်အစရှိသည်တို့နှင့်ပင်ဖြစ်သည်။

ကားထဲမှဆင်း၍ လှုပ်ဖာန်ထွားသလောက် နူးညံ့ညင်သာသောဟန်များဖြင့် သူ့အရပ်မားမားကြီးကို ခပ်ကျစ်ကျစ်လျှောက်၍ ထိုတိုက်နံပါတ် (×××) ဂျုံပလက်စ်တိုက်ထဲသို့ ဝင်ခဲ့သည်။

သစ်သားဝင်းထရံကို သဘော်ဆေးအဖြူကလေး သုတ်၍ သစ်ခွပင်ကလေးများ ခပ်ကျဲကျဲစိုက်ထားပြီး မြက်ခင်းလှလှဥယျာဉ် (Lawn) ကလေး ဖန်တီးထားပုံမှာ အနောက်တိုင်းမဂ္ဂဇင်းထဲမှ အိမ်ပုံစံများ ကြော်ငြာထားသော ဆေးရောင်စုံပန်းချီကားလေးပမာ စိတ်ချမ်းသာစဖွယ်ကလေးဖြစ်နေရပေသည်။

ဆင်စွယ်နှစ်အရောင်ဇာခန်းဆီးကလေးများသည် လေအဝှေ့တွင် လှုပ်ရှားနေကြသည်။ တရုပ်ကပ်ကလေးများကြားမှ လှမ်းကြည့်ရင်း. . .

"လူရိပ်လူခြေလည်း မတွေ့ပါလား။ အဟမ်း"

"ဟော. . . ဒီမှာ ဘဲလ်ရှိသားပဲ"

"ကလင်"

လူရွယ်သည် ခြေစုံ၍ တောင့်တောင့် သပ်ရပ်စွာရပ်ရင်းက လူစောင့်နေစဉ် ခြေသံလိုလိုကြားလိုက်ရ၍ သူ့ခေါင်းမှ ဦးထုပ်ကို အသာကလေးချွတ်လိုက်သည်။

မကြာမီ အသက်နှစ်ဆယ်ကျော်စ လုံးကြီးပေါက်လှ မိန်းမရွယ်တစ်





ဦးသည် သူ့ဆံပင်ကျောလယ်မရှိတရှိခန့်ကို ဘေးသို့ချရင်း မျက်နှာသုတ်ပဝါနှင့်သုတ်ရင်း ပြေးထွက်လာသည်။

မင်းသက်နိုင်က သံဇကာတံခါးအပြင်မှ ခါးကိုညွတ်ယောင်ယောင်ပြု၍ နှုတ်ဆက်ရင်း. . .

"ကျွန်တော် ပိုင်းလော့မင်းသက်နိုင်ပါ။ ဒီက ဆရာမသီတာဇင်ဆိုတာပါလားခင်ဗျာ"

"ဩော်. . . လာပါ။ လာပါ"

မိန်းမရွယ်သည် ရေချိုးပြီးစနှင့်တူသည်။ သနပ်ခါးမပါ ဘလောက်စ်ပွပွတစ်ထည်ကို ကမန်းကတန်းဆွဲ၍ ဝတ်လာရပုံပေါ်သည်။ သို့သော်ဘာက ဘယ်လိုကြည့်ကောင်းသည်မသိ။ သူ့ကိုယ်လုံးသည် ဆိုဖီယာလောရင့်အငယ်စားလို မျက်နှာသုတ်ပဝါကြီးတစ်ဖက်နှင့် ကပိုကရိုနှင့် ကြည့်၍ကောင်းနေပေသည်။

"ထိုင်ပါရှင်။ မသီတာကို ခဏစောင့်ပါနော်"

အမျိုးသမီးကလေးသည် ရေဒီယိုဂရမ်ပေါက်စကလေးပေါ်မှ လိုက်ဖ်မဂ္ဂဇင်းတစ်အုပ်နှင့် စီးကရက်ဘူးကို မင်းသက်နိုင်ရှေ့တွင် အသာအယာချပေးပြီး စွပ်ခနဲဝင်သွားပေတော့သည်။

"ဩော်. . . ဒေါ်လေးရီပြောတဲ့ သီတာဇင်ဆိုတာကိုး"

ပိုင်းလော့မင်းသက်နိုင်သည် ထိုအမျိုးသမီး၏ ချက်ချာရဲရင့်ပုံကို တွေးရင်း ကျန်ခဲ့သည်။ ရုပ်က တစ်မျိုးပါဟု၍လည်း ဆက်၍ စဉ်းစားနေမိသည်။ ငါးမိနစ်။ ဆယ်မိနစ်။ မင်းသက်နိုင်သည် စက္ကန့်သံကို လက်ချိုးရေတွက်နေမိသည့်ပမာ။

မိနစ်နှစ်ဆယ်ခန့်ကြာသော် စောစောက အမျိုးသမီးသည် သနပ်ခါးမှုန်ကပ်ကပ်ကလေး သပ်ရပ်စွာလူး၍ အဝတ်အစားများ လဲလှယ်ပြီးပုံရသည်။ လင်ဗန်းတစ်ချပ်ကို သူ့ခါးလေးတောင့်တောင့်ထား၍ ကော်ဖီတစ်ခွက်ကို သယ်ယူလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အာ. . . ကော်ဖီတွေဘာတွေ ကိစ္စမရှိပါဘူးခင်ဗျာ။ ဟောဒီမှာ ဘုန်းကြီးက ပစ္စည်းကလေးတစ်ခု အပေးခိုင်းလိုက်လို့ပါ"

"စောင့်လက်စနဲ့ မထူးပါဘူးရှင်။ ကျွန်မတောင် ရှင်ရောက်စက ထမင်းအိုးတစ်လုံး ပြေးတယ်လိုက်တာ ခု ပွက်နေပြီ။ သောက်ပါဦးရှင်"

ထိုသို့ပြောရင်း ထမင်းအိုးအရေးကြီးပုံနှင့် ပြေးဝင်သွားပြန်သည်။

"တောက်. . . တော်တော်ခက်တဲ့အမျိုးသမီးပါလား။ ဒီမှာ ရုပ်ရှင်ကြည့်ဖို့ လက်မှတ်ဝယ်ထားတာ အိမ်ကျ ရေချိုးချိန်မှ ရပ့ါမလားမသိပါဘူးဗျာ"

"ဒီမှာ ဒီမှာ မသီတာဇင်။ ကျွန်တော် ပြန်ချင်ပါပြီခင်ဗျာ။ ပစ္စည်းနဲ့ ဘုန်းကြီးစာကလေးသာ ယူထားလိုက်ပါတော့"

မင်းသက်နိုင်ဘသည် အသံခပ်ကျယ်ကျယ်နှင့် လှမ်း၍ပြောလိုက်မိသည်။

"မသီတာ လာတော့မယ်ရှင့်။ ဆယ်မိနစ်လောက် လိုတော့တယ်"

"ဗျာ"

"ခင်ဗျားက မသီတာဇင်မဟုတ်ဘူးလားဗျ"

"ဟော. . . ရှင့်ကို ကျွန်မကိုယ်ကျွန်မ သီတာဇင်လို့ မပြောရပါလားရှင်။ နေဦး နေဦး ကျွန်မ ခုထွက်ခဲ့ပ့ါမယ်"

သို့သော် မင်းသက်နိုင်သည် မီးဖိုဝသို့ မားခနဲရောက်လာပြီး မတ်တတ်ရပ်၍ ခုံတစ်ခုပေါ်တွင် အဝတ်ထူထူခံ၍ ငရုတ်ဆုံတင်ကာ လက်တစ်ဖက်ခါးထောက်၍ လက်တစ်ဖက်တည်းနှင့် ငရုတ်သီးထောင်းနေပုံကို အံ့သြတကြီး ဆက်၍ကြည့်လိုက်မိသည်။

"ဩော်. . . ရှင် စောင့်ရတာ သိပ်ပျင်းနေပြီထင်တယ်။ ကျွန်မက ဗိုလ်ကြီးမြကေခိုင်ပါ။ ဒီနေ့ ကျွန်မ ညစာချက်ဖို့ တာဝန်ကျတယ်ရှင့်။ သူတို့က ပြန်လာကြရင် အရမ်းဆာလာကြတာ။ ဒါကြောင့် ရှင့်ကို အေးအေးဆေးဆေး ဧည့်မခံနိုင်တာတော့ တောင်းပန်ပါတယ်"





ဗိုလ်ကြီးမြကေခိုင်သည် မင်းသက်နိုင်အား စကားပြောရင်းက သူထောက်ထားသောခါးကို ပုံမပျက်ပင် ဆက်ထောက်ရင်း ငရုတ်ဆုံထဲမှ အနှစ်ထောင်းပြီးသားများကို ဇွန်းကြီးတစ်ခုနှင့် ကော်၍ ဆီချက်ထားသော ဒယ်အိုးထဲသို့ ရှဲခနဲမြည်သည်ထိ ထည့်လိုက်သည်၊ မီးဖိုကလေးတစ်ခုလုံးမှ အသုံးအဆောင်ခွက်ယောက်များသည် သစ်လွင်၍ အကောင်းစားလေးများချည်းဖြစ်ရုံမက (Rice Cooker) ခေါ် လျှပ်စစ်ထမင်းအိုးအဖြူကြီးများ၊ နာရီမိနစ်နှင့်ချက်ရသော လျှပ်စစ်အသားချက်သောအိုးများ၊ ပလပ်ထိုး၍ ရေနွေးတည်သောခရားများ၊ ပေါင်မုန့်ကင်သော သံဇကာလျှပ်စစ်မီးဖိုကလေးများကို မင်းသက်နိုင်သည် အားလုံးဝေ့ရမ်း၍ ကြည့်လိုက်ရင်းက. .

"ဩော်. . . ခင်ဗျားက စစ်ဗိုလ်ကိုး။ ဒါကြောင့် ထမင်းချက်တဲ့ပုံက မြန်မာမနဲ့ကို မတူဘူးဗျာ"

ဗိုလ်ကြီးမြကေခိုင်သည် ဟင်းအိုးမွှေရင်းက မိမိအား ချိုးမွမ်းပုံနှင့် ဝေဖန်လိုက်သောမင်းသက်နိုင်ကို တစ်ချက်လှည့်ကြည့်ရင်း. . .

"မြန်မာမတွေ အလုပ်လုပ်နည်းဟာ သိပ်ခါးကုန်းတယ်ရှင့်၊ ငရုတ်သီးထောင်းလည်း ကုန်းထောင်းရတယ်၊ တံမြက်စည်းလှည်းရင်လည်း ခါးကုန်းလှည်းရတာပဲ၊ အဝတ်လျှော်ပြန်တော့ ပိုဆိုးတယ်၊ ကျွန်မတော့ ယူကေကပြန်လာကတည်းက ဒီမြန်မာမတွေ အလုပ်လုပ်နည်းကို တွန်းလှန်လိုက်တယ်။ ဟော. . . ဧည့်သည်တွေနဲ့နေပြီ။ ဝင်းတံခါးဟွန်းသံကြားတယ်၊ မသီတာ လာပြီထင်တယ်"

မင်းသက်နိုင်သည် မသီတာဇင်အား တွေ့ချင်လှပြီဖြစ်ရကား စွပ်ခနဲရှေ့ဘက်သို့ ထွက်ခဲ့သည်။

"သီတာဇင်"

မျက်လုံးလုလု၊ ဖြူဖြူဝဝ ဝတ်စားပုံရိုးရိုးရှင်းရှင်း။

ဝင်းတံခါးကလေးကိုတွန်း၍ ဝင်လာသောအမျိုးသမီးကို မင်းသက်နိုင်သည် ဝမ်းသာအားရလှမ်းကြည့်ရင်းက. . .



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် မင်းသက်နိုင်ပါ။ တစ်နေ့က ပခုက္ကူ ခဏပြန်တာနဲ့ ဘုန်းကြီးက ပစ္စည်းတစ်ခုယူသွားပါဆိုလို့ ကျွန်တော် ဆောင်ကြဉ်းခဲ့တာပါ"

မင်းသက်နိုင်သည် သီတာဇင်တစ်ယောက် စောစောက ဗိုလ်ကြီးမြကေခိုင်ကဲ့သို့ အထဲသို့စွပ်ခနဲဝင်ကာ ငရုတ်သီးထောင်းနေဦးမည်စိုး၍ အမိဖမ်းကာ ပစ္စည်းထုပ်ကလေးနှင့် စာတစ်စောင်ကို ဘောင်းဘီအိတ်ထဲမှ အမြန်ထုတ်၍ပေးလိုက်လေသည်။

မိန်းမပျိုသည် မင်းသက်နိုင်အား ခြေဆုံးခေါင်းဆုံး ကြည့်ရင်းက စောစောက ခပ်တည်တည်မျက်နှာထားသည် လှစ်ခနဲပြုံးသွားရပြီး . . .

"ကျွန်မ ဒေါက်တာငွေငွေပါ။ မသီတာ ခုချိန်ထိမရောက်သေးပုံ ပေါ်ရင် အစည်းအဝေးများ ရှိနေသလားမသိပါဘူးရှင်"

"ဗျာ"

မင်းသက်နိုင်သည် ဒုတိယအကြိမ်မြောက် စိတ်ပျက်လက်ပျက်ကြီး ဗျာလိုက်ရလေတော့သတည်း။

"ဩော် . . . လူမှားလို့ပါခင်ဗျာ။ ဟိုဟို . . . စောစောကလည်း နာရီဝက်လောက်ရှိတဲ့ တစ်ချိန်လုံး ဗိုလ်ကြီးမြကေခိုင်ကို မသီတာဇင်ထင်ပြီး စောင့်နေတာခင်ဗျာ။ အဟင်း . . . အဟင်း"

လူရွယ်သည် နှစ်လိုဖွယ်ယဉ်ကျေးသောဟန်ကလေးများကြားမှ ရှက်ရယ်ရယ်ရင်း သူ့နာရီကလေးကို ငုံ့ကြည့်နေစဉ် ဗိုလ်ကြီးမြကေခိုင်သည် လက်ထဲမှ ဓားရိုးဖြူလေးနှင့် အာလူးခပ်ကြီးကြီးတစ်လုံးကို အခွံနွှာရင်း ထွက်လာကာ . . .

"ဩော် . . . ကျွန်မကလည်း အလုပ်ရှုပ်နေတာနဲ့ စုံစုံစေ့စေ့မပြောမိပါဘူးရှင်။ ဩော် . . . ဆိုင်းဘုတ်တွေက ဒီပြက္ခဒိန်ဖုံးနေတာကိုး"

ဗိုလ်ကြီးမြကေခိုင်က ဓားရိုးလေးကိုင်ထားသော လက်တစ်ဖက်မှ ပြက္ခဒိန်ကိုဖြုတ်၍ပြလိုက်သည်။ မင်းသက်နိုင်က ကပျာကယာလှမ်းကြည့်လိုက်ရာ ပလပ်စတစ်ရောင်စုံဖြင့် တမင်တကာအော်ဒါမှာထားပုံရသော





ဆိုင်းဘုတ်ခပ်သေးသေးသုံးခုကို အစဉ်အလိုက် ဆင့်၍ချိတ်ထားသည်ကို တွေ့လိုက်ရပေသည်။

ဒေါက်တာငွေငွေ
ဗိုလ်ကြီးမြကေခိုင်
ဆရာမသီတာဇင်

"ဩော် . . . ဟော် . . . ဟော် . . . ပြည်သူ့သမီးကောင်းရတနာတွေ စုဝေးနေထိုင်ကြတဲ့ အိမ်ကိုးခင်ဗျာ။ ကျွန်တော် လူမှားတာကလည်း တောက်လျှောက်ပါပဲလားဗျာ"

"ကေခိုင်ကလည်းကွယ်။ စောစောက ငွေငွေတို့သုံးယောက်နေကြတဲ့အကြောင်း ပြောမပြဘူးလား"

"အဲဒါ ကိုယ့်အပြစ်ပဲ သူငယ်ချင်း။ ယူတို့ကလည်း ပြန်လာကြရင် ဆာကြမှာမဟုတ်လား။ ပုစွန်ထုပ်ကလေးကို ဈေးမှာရပ်ပြီး ဖယ်ရီဒရိုင်ဘာရဲဘော်ကလေးကို အားနာပါးနာနဲ့ အဝယ်ခိုင်းခဲ့တာလည်းပါလာတော့ ကမန်းကတန်းချက်နေတာလေ ငွေငွေရဲ့။ အဟင်း . . . အဟင်း . . . အားနာစရာ ဦးမင်း . . ."

"မင်းသက်နိုင်ပါခင်ဗျာ"

"အဲ . . . အဲ . . . ဦးမင်းသက်နိုင်ရယ်"

စစ်ဗိုလ်မ၏ဟန်သည် အနောက်တိုင်းရုပ်ရှင်မင်းသမီးပမာ ရဲရဲတောင့်တောင့်နှင့် ကြည့်၍ကောင်းပုံနှင့် မင်းသက်နိုင်က ပါးစပ်ပိတ်၍ ပြုံး၍ကြည့်လိုက်ရင်း . . .

"ကဲ . . . ကျွန်တော် နောက်များမှပဲ လာပါတော့မယ်။ ဒီနေ့တော့ . . ."

"အို . . . စောင့်လက်စနဲ့ ခဏလောက်စောင့်လိုက်ပါလားရှင်"

"ဟုတ်ပါတယ်။ လူမှားစရာကုန်ပါပြီရှင့်"



www.burmeseclassic.com

www.burmeseclassic.com

စစ်ပိုလ်မ၏ဟန်သည် တစ်ချက်တစ်ချက် ကလေးသဖွယ်ချစ်စရာ လည်းကောင်းသွားရသည်။

"မပြောနိုင်ဘူးခင်ဗျာ။ ဒီအိမ် အလည်လာတဲ့ အမျိုးသမီးတစ်ယောက်ယောက်ကို မသီတာဇင် ထင်နေမှာစိုးရပါသေးတယ်"

"အဟင်း. . . အဟင်း"

"အဟစ်"

"ဟွန်း. . . ဟွန်း"

ရယ်သံတစ်ပုံစီသည် ပြိုင်ထွက်လာရပြီး တစ်ခဏအတွင်း လူရွယ်မျက်နှာစိမ်းနှင့် အမျိုးသမီးနှစ်ဦးအဖို့ ရင်းနှီးစရာကလေးများသည် ကြံစည်မထားရပါဘဲနှင့် အကွက်ဝင်၍သွားရလေတော့၏။

လူရွယ်သည် ကားပေါ်ရောက်မှ ခေါင်းကလေးညွတ်၍ ပြုံးပြရင်း ထွက်ခွာသွားလေတော့၏။ သူ့ယူနီဖောင်းနှင့် သူ့ကားကြောင့် အမြင်လှလှကလေးသည် လွန်စွာမှ စားသာသွားရလေသည်။

သို့သော် အဖို့မာန၊ ပညာမာန၊ အလုပ်ဂုဏ်မာနများ အပြည့်အဝရှိကြသော ဗိုလ်ကြီးမြကေခိုင်နှင့် ဒေါက်တာဒွေးဒွေးတို့သည် လုံးဝစိတ်မဝင်စားသလို အိမ်ထဲသို့ လှည့်ဝင်သွားကြလေတော့သတည်း။



၂

ဗိုလ်ကြီးမြကေခိုင်သည် သူ့ခုတင်ပေါ်တွင် ခပ်မှိုမှိုလှဲအိပ်ရင်း ဆိုနီရေဒီယိုပေါက်စကလေးကို သူခြုံထားသော စောင်ပေါ်တွင်တင်ကာ အသံခပ်တိုးတိုးကလေးဖြင့် သတင်းနားထောင်နေပေသည်။

ဒေါက်တာဒွေးဒွေးကမူ ဗိုက်တာဇုံအားဆေးတစ်လုံးကို ရေတစ်ဖန်ခွက်နှင့် သောက်နေပေ၏။

ဆရာမသီတာဇင်မှာကား တစ်ပတ်စာလုံး ဝတ်ဆင်ခဲ့သမျှ တက်ထရွန် အင်္ကျီလေးထည်ကို ဆပ်ပြာမှုန့်များစိမ်၍နေရင်းက နေ့လယ်က သူနှင့်မတွေ့လိုက်ရသော ဧည့်သည်အကြောင်းကို စဉ်းစားနေမိသည်။

"ဟေး. . . မစ္စစ်ဂန္ဒီအကြောင်းကလေ တစ်ရက်ခြားလောက်တော့ နိုင်ငံခြားသတင်းတိုင်းမှာလို ပါတယ်ဆရာ။ ကိုယ်တော့ သူ့ကို သိပ်ချစ်တာပဲ"

မြကေခိုင်သည် သတင်းအပြီးတွင် ရောင်းရင်းတို့အား လှမ်း၍ပြောလိုက်သည်။

"သူ့ဂိုက်လည်း ကြည့်ဦးလေ။ အိန္ဒိယပြည်မှာရှိတဲ့ ယူသန်းပေါင်းများစွာကို ခေါင်းဆောင်နေရတယ်ဆိုပြီး အသက်လည်း သိပ်မကြီးသေးဘဲနဲ့ တကယ့်အဘွားကြီးဂိုက် လုပ်ထားတယ်နော်"

www.burmeseclassic.com



ဌေးဌေးသည် သူ့အိပ်ရာမှ အပေါ်အလှဖုံးအိပ်ရာခင်းကို သပ်ရပ်စွာခေါက်ရင်းပြောလိုက်ရာ. . .

"အို. . . ဒီလိုအဘွားကြီးဂိုက်ဖမ်းထားတာဟာ သူ့ကို ပြည်သူလူထုက ကြည်ညိုလေးစားဖို့ ဂုဏ်အင်တစ်ရပ်လိုဖြစ်လာတာပဲမဟုတ်လား ဌေးရဲ့"

"အင်း. . . ဒီလိုတွေးတော့လည်းဟုတ်တာပဲ ကေနိုင်ရေ"

"အိန္ဒိယပြည်မှာပဲ မစ္စစ်ဆာရိုဂျိနီနိုင်ဒူးဆိုတဲ့ အမျိုးသမီးပဲ အိန္ဒိယအမျိုးသားကွန်ကရက်မှာပဲ ပထမဦးဆုံးအမျိုးသမီးဥက္ကဋ္ဌ အရွေးခံရတယ်။ ယူပီနယ်မှာလည်း ဘုရင်ခံအဖြစ် ချီးမြှောက်ခံရဖူးတယ်လေ။ ကိုယ်တို့မြန်မာမတွေ ဒါမျိုးတွေ မထွန်းကားသေးတာ ညံ့ရာကျသကွယ်"

"လာမယ်လေ။ လာမယ်။ နောက်ဆိုရင် ဗိုလ်မှူးချုပ်မြကေခိုင်ဖြစ်မလာဘူးလို့ ဘယ်ပြောနိုင်ပါ့မလဲကွယ်"

"ကဲ. . . ကဲ. . . ဗိုလ်မှူးချုပ်ကြီးနဲ့အတူ အထူးကုဆရာဝန်မကြီးတို့ရှင့်။ ဒီနေ့ည ကော်ဖီသောက်ဖို့ သကြားကုန်နေပါတယ်။ ဒါကြောင့် Sun Kiss (ရှောက်ကမ္ဘလာ)သီးတစ်လုံးစီ သုံးဆောင်ပြီး အိပ်ကြတော့နော်"

သီတာဇင်သည် ညစဉ် ကော်ဖီဖျော်ရန်တာဝန်ကျသူပီပီ သကြားကုန်နေကြောင်းကြေညာ၍ ရှောက်ချိုသီးများကို အခွံနွာ၍ အဝိုင်းအဝိုင်းလှီးကာ လျက်ဆားအနည်းငယ်စီဖြူး၍ ကော်ဖီပန်းကန်ပြားလေးများနှင့် တစ်ပန်းကန်စီ ဆပ်ပလိုင်းလုပ်လိုက်သည်။

"ဆရာမကြီးနော်။ ညကြီးမင်းကြီး ဝမ်းတော်လားအောင် လျှောက်လုပ်နေပြီ"

ဌေးဌေးသည် ဆရာဝန်မပီပီ မည်သည့်အခါတွင်ဖြစ်စေ လူမှုရေးရှုထောင့်က မြင်တတ်သဖြင့်. . .

"ရော်သောအသီး၊ ပုပ်သောအသီးမဟုတ်ပါဘူးတဲ့ရှင်။ လတ်ကလည်းလတ်၊ ချိုတာကလည်း သကြားခဲလိုမို့ မကြောင့်မကြ သုံးဆောင်တော်မူကြပါ"

သီတာဇင်က လက်ဟန်ကလေးနှင့် လုပ်၍ပြောလိုက်သဖြင့်. . .





"ကိုယ်တို့ကတော့ ဗိုက်တာမင်စီဆိုရင် လာခဲ့။ ဘယ်တော့မှ မငြင်းဘူး။ အချဉ်စားပြီး မျက်လုံးကြောင်မှ Pearl S. Buck ရေးတဲ့ 'ဒေါသကြီးသောဇနီးချော' ဆိုတဲ့ ဝတ္ထု ဒီည ဇိမ်နဲ့ဖတ်ရမယ်"

ဌေးဌေးက ရှောက်ချိုသီးများ ခံတွင်းလိုက်ပုံနှင့် လက်ကလေးလျက်၍လျက်၍စားရင်းက. . .

"အင်္ဂလိပ်ဝတ္ထုတွေ ဖတ်ရတာ တစ်ခါတလေကျတော့ ကိုယ်တို့ယဉ်ကျေးမှုနဲ့ သိပ်အဟပ်ကွာတာပဲကွာ။ ဒိတ်မလုပ်ဖူးတဲ့သမီးတို့၊ အတွဲမရှာတတ်တဲ့ သမီးပျိုကြီးတွေကို ဖအေ၊ မအေတွေက အတွဲရှာပေးရတာတို့ ပြီးတော့ အနမ်းတစ်ကုဋေတို့၊ အနမ်းတစ်ထောင်တို့ဆိုတာကလည်း ခဏခဏပါတာပဲကွာ။ စာလုံးတွေကို သိပ်မျက်စိရှက်တာပဲ"

"ဒါတော့ နောလစ်ချ်ပေါ့ကွာ"

"ဟင်း. . . ဒီအသိပညာမျိုး များလာရင် အိမ်ထောင်ကျတတ်တယ်ဆရာ။ သတိထား"

"ဒီမှာ ဌေး။ ကလေးကုဒိုး၊ သေးကစို၊ ဒန့်ထိုကပျောက်၊ လင်ကပေါက်ဆိုတဲ့ အဖြစ်မျိုးတွေ၊ ကိုယ်တိုင်ကကြောက်လို့ ကိုယ်က သတိထားပြီး ဖွတ်ရှောင်နေတဲ့သူပါကွာ။ ပြီးတော့ ယောကျ်ားတစ်ယောက်ကို ကိုယ့်အသည်းထဲ နှလုံးထဲက မချစ်ဘဲနဲ့ ဘယ်တော့မှမယူဘူးဆရာ။ အပျိုကြီးမှိုတက်မကလို့ အပျိုကြီးချဉ်ပတ်ပဲဖြစ်ဖြစ်"

"အပျိုကြီးချဉ်ပတ်တော့ အဖြစ်မခံပါနဲ့ကွယ်။ ယူဂိုက် ဆိုဖီယာလောရင့်ပုံစံတောင့်တောင့်ကြီး နှမြောပါတယ်"

မြကေခိုင်က သူ့ကို ယခုကဲ့သို့ပြောသဖြင့် ခေါင်းအုံးနှင့် ဌေးဌေးကို လှမ်း၍ပေါက်သည်။

ဌေးဌေးက ကျင်လည်စွာဖမ်း၍ ထားလိုက်ရင်း. . .

"ဟေး. . . ဒီနေ့ မသီတာတစ်ယောက် ကျောင်းက (ကော်ရက်ရှင်း) လုပ်ဖို့ အလုပ်တွေပဲ များလို့လား။ ဒါမှမဟုတ် အန်ဆီးန်ဂက်စ် မဌေးလိုက်ရတဲ့ ရွှေညော့်ယည်အကြောင်းပဲ စဉ်းစားနေသလားမသိဘူး။ ငြိမ်ချက်သားကောင်းတာတော့ အမှန်ပဲဆရာ။ ဒီမှာ လာဖါဦး။ ဌေး ပြောစရာရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



သီတာဇင်သည် သူငယ်ချင်းမနှစ်ဦးအကြောင်းကို သိနေ၍ ခွင့်လွှတ်သောအပြုံးလေးနှင့် လျှောက်၍လာပြီး. . .

"ကျောင်းကပါလာတဲ့ အလုပ်တွေလုပ်တာကတော့ မှန်ပါတယ်။ အဲ. . . ဒုတိယစွပ်စွဲချက်ကတော့ မှားပြီ။ မသီတာ စဉ်းစားနေတာလေ။ တခြားမဟုတ်ဘူးရှင့်။ မနက်ဖြန် တနင်္ဂနွေ သီတာ ဈေးသွားလှည့်မဟုတ်လား။ အဲဒါ စောစောကြီး ထသွားမယ်လို့။ ပြီးတော့ တနင်္လာနေ့ကျတော့ ဟိုဘက်တိုက်က မမသန်းကို သကြားထုတ်ဖို့ စာအုပ်နဲ့ ပိုက်ဆံပေးခဲ့မယ်လို့ စဉ်းစားနေတာရှင့်"

"အေးပါ။ ငွေနဲ့ ကေခိုင်တို့မှာ အလုပ်အကိုင်တိကျပြီး စေ့စပ်သေချာလှတဲ့ ဆရာမကြီးဒေါ်သီတာဇင်ရဲ့ အသွန်အသင်အုပ်ချုပ်မှုအောက်မှာ ချမ်းမြေ့စွာနိုလှုံရလို့ ကျေးဇူးတွေအများကြီး တင်နေကြပါတယ်ရှင်"

"သကြားက ယူမှမင်းသက်နိုင်လာကတည်းက ကုန်နေတာကွ။ သူ့ကြည့်တော့လည်း အေးအေးဆေးဆေး အိပ်စောင့်မယ့်ပုံဆိုတော့ ကော်ဖီတစ်ခွက်မှမတိုက်ရင်လည်း ဘယ်ကောင်းမလဲကွယ်။ ဒါနဲ့ ရွှေကိုယ်တော်ကို နို့ဆီနိုင်းချင်းနဲ့ ဖျော်ပေးလိုက်ရတာပေါ့"

"အဟင်းဟင်း. . . လေယာဉ်မှူးကြီးက ဒေါင်ကလည်း ကောင်းကောင်း၊ မျက်နှာကလည်း ချိုချိုဆိုတော့ အရပ်သူများနဲ့ လားလားမှ မထိုက်။ ဗိုလ်ကြီးမမကြိုက်ဆိုတော့ စေတနာတွေ နည်းနည်းပိုသွားတယ်ဆိုပါတော့လေ"

"ဟယ်. . . မိငွေငွေ ဆရာဝန်အစုတ်ပလုတ်မ၊ တွေ့ရာတွေပြောပြီ။ ကာယကံရှင်ကြီးအနားထားပြီး ရှက်စရာကြီးဟယ်"

ဗိုလ်ကြီးမြကေခိုင်သည် ရှက်ရှက်နှင့် တွေ့ရာတွေပြောမိပြောရာ ပြောလိုက်မိရှာသည်။

"အို. . . ဘယ်ကာယကံရှင်လဲ။ မင်းသက်နိုင်ဆိုတာ မြင်လည်းမမြင်ဖူးဘူး။ ကြားလည်း မကြားဖူးဘူး"

"အဟင်း. . . နောက်တော့ ယူတွေ့ပါလိမ့်မယ်။ ဂိုက်ကလည်း ပေးထားလိုက်တာ။ ဦးထုပ်ချွတ်တာ ဆောင်းတာကိုက ဂရေဂရီပက်ပုံနော်။





ပြီးတော့လေ. . . ကေခိုင် အာလူးလှိုးနေတာကို ကြည့်နေပုံက ချစ်စနိုးပြုံးပြုံးကြီးဆရာ"

"ဆက်ပြောလေ။ ယူ ပြောလို့ဝရင် ကိုယ်ပြောမယ်။ ငွေငွေကသာ သူ့ကို လှသလေးဂိုက်ကျသလေးနဲ့ မြင်နေပေမဲ့ ကိုယ့်စိတ်ထဲတော့ ကလေးငါးယောက်အဖေတောင် ဖြစ်ချင်ဖြစ်နေနိုင်တယ်လို့တွက်တယ်"

"ဟယ်. . . ဒါတော့ ကေခိုင့်မျက်လုံးက မြက်နုကြိုက်လွန်းအားကြီးပါတယ်။ ဒီရုပ်များ ကလေးငါးယောက်အဖေတဲ့"

သီတာဇင်သည် သူမ တွေ့လိုက်သော ညှိသည်နှင့်ပတ်သက်၍ သူ့သူငယ်ချင်းမနှစ်ယောက် ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်နေပုံမှ ဆရာမဟန်ကလေးနှင့်ပြုံး၍သာ ကြည့်နေပေသည်။

"ဒါကို ကိုယ် ပရူ(ဖ်)လုပ်မယ်လေ။ ကိုယ်တို့စစ်ရုံးမှာ တချို့ဗိုလ်ကြီးတွေ၊ ဗိုလ်မှူးကြီးတွေကို ကြည့်လိုက်ရင်လေ ယူနီဖောင်းနဲ့ဆိုတော့ တကယ့်လူရွယ်လူပျိုလို့တောင် ထင်ရတယ်ဆရာ၊ အဲဒါမေးကြည့်လိုက်စမ်း။ သမီးက M.C ရောက်နေတာတို့၊ သားက R.I.T သတ်ရိုးယားတို့နဲ့ ကလေး ၇ ယောက်၊ ၈ ယောက် အဖေတွေချည်းပဲ။ အဲ. . . အိမ်က အမျိုးသမီးတွေကျတော့ သူတို့ထက် အသက်ကြီးတယ်ထင်ရတယ်လေ။ ကိုယ်ပြောလိုတာက ယောကျ်ားတွေဟာ မိန်းမတွေထက် အသက်ချင်း သူတို့က လေးငါးနှစ်ကြီးတာတောင် နှစ်ပြန်ယောက် နုနေတယ် ငယ်နေတယ်"

"ဒါတော့ သူတို့က ကလေးမမွေးရဘဲကိုးကွ၊ မိန်းမများ ကလေးနို့တိုက်ရတာ သိပ်ရုပ်ကျတာ"

"ဆရာဝန်မရေ. . . မိကေခိုင်တို့ လင်မယူတာ ဒါလည်း တစ်ကြောင်းပါဘယ်နော်။ မြင်ရတဲ့ရှုခင်းတွေကို သိပ်တရားကျတယ်။ ကိုယ်တို့က ရိုးကြီးဂေါင်ဂင်တွေမဟုတ်လား။ ခုတော့ အပျိုသွေးကလေးက ရှိနေသေးတော့ ဆိုဖီယာလောရင့်ကလေး ဘာလေး ပြောကြသေးတာပေါ့။ ဟင်း. . . နောက်တော့သာ အပျိုလိုမနေမိလို့ ကိုယ်ရိတယ်လေးဖြစ်နေမှာ"

"အဟင်း. . . အဟင်း"



www.burmeseclassic.com

www.burmeseclassic.com



နားထောင်သူနှစ်ဦးသောပရိသတ်မှာ မအောင့်နိုင်ဘဲ ပြုံးတူ ရယ်မောလိုက်ကြမိတော့သတည်း။

"တဲ. . . တော်သေးပြီ မိန်းကလေးတို့ အိပ်ကြတော့။ ကိုယ် မီး ချောင်းပိတ်မယ်နော်။ စာဖတ်ချင်တဲ့သူတော့ ပြောနိုင်းအုပ်ဆောင်းရွှေ့ ပေးခဲ့မယ်"

သီတာဇင်သည် သူတို့အဖွဲ့ထဲတွင် အငယ်ဆုံးဖြစ်သော်လည်း လူကြီးအဆန်ဆုံး၊ အသိတတ်ဆုံး၊ အခြေခံစားတတ်ဆုံးဖြစ်သူကလေးပီပီ အချိန်နှင့်အိပ်ကြရန် လူစုခွဲ၍ မီးဖော်လိုက်လေတော့သတည်း။

ရာသီအားဖြင့် ဒီဇင်ဘာလဆန်းစဖြစ်ရကား နောက်တစ်နေ့ တနင်္ဂနွေနံနက်တွင် ရန်ကင်းမြို့တော်အား နှင်းဆောင်းလျက် မြူတွေးတွေး ခပ်ငွေ့ရေးရေးသာ မြင်နေရပေသည်။

အားကစားရာသီဖြစ်ရကား ရန်ကင်းလမ်းမကြီးတခိုတွင် နှင်းမြူမှောင်ဝါးဝါး နံနက်ငါးနာရီလောက်ဆိုလျှင်ပင် လမ်းလျှောက်သူ၊ အပြေးကျင့်သူ လူကြီးလူငယ်တို့သည် စိတ်တက်ကြွစဖွယ် လှုပ်လှုပ်ခါခါရှိ နေပေတော့၏။

ဆရာမလေးသီတာဇင်သည် ဆွယ်တာအနီလေးဝတ်ဆင်၍ ကြိမ်ခြင်းလေးတောင်းကလေးကို ဆွဲ၍ လှချောင်လှသော ဟီးနိုးကားကြီးပေါ်သို့ ပေါ့ပါးစွာတက်လေသည်။

လမ်းနံဘေးပလက်ဖောင်းတစ်ဖက်တစ်ချက်တွင် ပြေးကြလွှားကြ ခုန်ကြသူများကို သီတာဇင်သည် ကြည့်ရင်းကြည့်ရင်းက သူ ဘတ်စ်ကား စီးလာမိခြင်းကို ရှက်သယောင်ဖြစ်သွားရသည်။

'နေဦး နေဦး။ စောနေသေးရင် အပြန်ကျရင် ခြေလျင်ကို ပြန်မယ်' ဟု စဉ်းစားရင်း ဂွတ္တလစ်ဈေးသို့ ရောက်ခဲ့လေတော့၏။

သီတာဇင်သည် သူ့ကိုယ်သူ ဝီရိယကောင်းလှပြီထင်သမျှ ဈေးရောက်မှ ရယ်စရာဖြစ်နေရပေတော့၏။ တနင်္ဂနွေနေ့ဖြစ်၍လည်း စည်ကားလိုက်သည်မှာ ပြောစရာမရှိတော့ပေ။

လူကြားထဲတွင် သူ့ကိုမထိမိအောင် ရပ်ရပ်ရှောင်ရသည်ကလည်း အချိန်ကုန်လှသည်။ သို့သော် အပြန်လမ်းလျှောက်ပြန်လို၍ နေမမိရန်





အချိန်လု၍ ဝယ်ခြမ်းရာ ခြောက်နာရီထိုးရန် ဆယ်မိနစ်အလိုတွင် ဝယ်ခြမ်း၍ ပြီးစီးသွားသည်။

သူသည် လမ်းမကြီးမှ ဘတ်စ်ကားမစီးဘဲ တဖြည်းဖြည်းလေး လျှောက်၍ပြန်လာသည်။

နေထွက်တစ်ပြုခန့်ဆိုရသော်လည်း မြောက်လေအေးသည် တဖျတ်ဖျတ်တိုက်ခတ်လျက် ဆောင်းနံနက်အရသာသည် အပြည့်အဝပေး နေဆဲဖြစ်ပေသည်။

သီတာဇင်သည် ဈေးနှင့်လျှောက်လာပြီးမှ သူ့လက်မောင်းသည် ဆွဲခြင်းလေးလေးကြီးကြောင့် ပင်ပန်းမှန်းမသိ ပင်ပန်း၍လာရပေသည်။

ထို့ကြောင့် ဟိုဘက်ဒီဘက်ပြောင်းလိုက်၊ အောက်ခဏ ချ၍ နားလိုက်၊ လေအေးအေးများကို အမောပြေမော့ရှူလိုက်နှင့် သီတာဇင် လမ်းလျှောက်ချင်ရသည်ကလည်း မသက်သာပါတကား။

ဒီနေ့မှ ပြောင်းဖူးတွေကြော်စားရန် ၁၅ ဖူးခန့် ဝယ်လာမိသည်။ ဆွဲခြင်းတစ်ခုလုံး မောက်လျှံနေ၍ ပြောင်းဖူးတွေကလည်း တဖြုတ်ဖြုတ်ကျသမျှ တင့်ငုံ့ကောက်ရသည်ကလည်း ဆရာမ ဣန္ဒြေပျက်လှချေသည်။

"ငါမှားတာပဲ။ ဈေးအလာ ဆွဲစရာဝန်မပါခင်က ခြေလျင်လျှောက် ရမယ့်ဥစ္စာ။ ခုတော့ ဒီဆွဲခြင်းလေးလေးကြီးနဲ့ ကြည့်စမ်းပါဦး။ ငါကလည်း နုံလိုက်တာ။ လက်နှစ်ဖက်ကို ရဲနေတာပဲ"

သီတာဇင်သည် သူ့ကိုယ်သူ မကျေမနပ်ရေရွတ်ရင်းက မနိုင့်တနိုင် ယိုင်လဲတော့မှာလေးလိုလို။ ထိုရှခင်းကို တစ်လမ်းလုံးနောက်မှ မြင်လာရသူ အသက်နှစ်ဆယ်ကျော်စ ဇလကြွယ်ကြွယ်နှင့် လူငယ်ကလေး တစ်ဦးသည် အားမလိုအားမရကြည့်ရင်းပါ၍လာသည်။

"ဩော်. . . ပြောင်းဖူးတွေ ဝယ်လာတာ မှားတာပါပဲ"

နံနက် လေကြည်အေးကလေးများနှင့်အတူ သီတာဇင်အသံကလေး သည် သနားစရာလေး ထွက်ပေါ်လာရသမျှ သူနောက်မှလူရှယ်သည် ဘာမှ တော်၏မတော်၏ စဉ်းစားမနေအားတော့ဘဲ သီတာဇင်နံဘေးရှင် မားခနဲရပ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်ကို ဘယ်လိုမှ မအောက်မေ့ပါနဲ့ခင်ဗျာ။ ကျွန်တော် ဆွဲခြင်းကူသယ်ပေးပါ့မယ်"

သီတာဇင်သည် အံ့အားသင့်သင့်ကလေး မော့ကြည့်လိုက်သည်။

လူရွှယ်ကလည်း စောစောက နောက်ကျောသာ မြင်ခဲ့သော သီတာဇင့်အလှကို ထိတ်လန့်သွားသလို သူ့ခြေလှမ်းကို နောက်သို့ယောင်၍ ဆုတ်သွားရသည်။

ဆံပင်၊ အသား၊ ကိုယ်လုံး၊ အရပ် တစ်ခုစီ၏အလှသည် မြူးစားကြီးလှမ်း၍ကြည့်လိုက်မိသောအခါ အမှန်ပင် လန့်သွားမိသည်။

အထူးသဖြင့် မျက်ခုံးသည် အရုပ်ကလေးလို သုံးရက်လပုံနှုံးခုံး ခပ်ရေးရေးသာဖြစ်သော်လည်း မျက်လုံးပြူးဝိုင်းဝိုင်းကလေးမှ မျက်တောင်ကော့ကော့များ ခြံရံနေပုံနှင့် ဆက်၍ကြည့်သော် တကယ့်အရုပ်ကလေးနှင့် တူသည်။

လူရွှယ်သည် သူကြည့်လိုက်မိ၍ အားနာသွားကာ မျက်တောင်ခတ်၍ တစ်ချက်ငုံ့လိုက်ပြီးမှ. . .

"ဒီက. . . ဟို. . . တစ်လမ်းလုံး မနိုင်မနင်းဆွဲလာတာမြင်လို့ ကူညီပါရစေခင်ဗျာ။ ကျွန်တော်ကလည်း ရန်ကင်းကပါ"

သီတာဇင်သည် ဘောင်းဘီတို၊ စွပ်ကျယ်လက်ပြတ်၊ ကင်းဗတ်ရှူးနှင့် လူနုထွားကလေးကို တမင်တကာမျက်နှာထားနှင့်ကြည့်လိုက်ရင်း. . .

"ကိစ္စမရှိပါဘူးကွယ်။ အစ်မကြီး ဒီလိုပဲ တဖြည်းဖြည်း ဆွဲရမှာပေါ့"

ငါ မင်းထက် အများကြီးကြီးတယ်။ ရီသွဲ့သွဲ့တော့ လာမလုပ်နဲ့ဟူသောပုံနှင့် ပြောလိုက်သည်။

မှန်သည်။ အမြင်အားဖြင့် သီတာဇင်သည် နုဖတ်ချောမွေ့လွန်းသည်။ အသက် ၂၄ နှစ်ခန့်ဆိုသော်လည်း ၁၈ နှစ်လောက် ထင်ရသည်။

လူရွှယ်သည် အသက် ၂၁ နှစ်ခန့်ဟု မှန်းထင်ရသော်လည်း အသက်အစိတ်လောက် ထင်ရသည်။ သို့သော် သူ့မျက်နှာ ခပ်နုနုသည် အသက်မှန်ကို အစစ်ခံနေပေသည်။





လူရွှယ်ကလည်း မိမိက ရိုးရိုးသားသားကူညီခြင်းကို တောင်တောင်အီအီ မထင်စေချင်ပုံနှင့် မျက်နှာကို တည်ကြည်စွာ ထားလိုက်ပြီး. . .

"ဟော. . . ပြောင်းဖူးတွေ ကျကုန်ပြီ။ ပေးပါခင်ဗျာ။ ကျွန်တော် ရှေ့ကသွားနှင့်ပါ့မယ်။ မမနောက်က လိုက်ခဲ့ပေါ့ခင်ဗျာ"

ယူမသည် ကျသွားသောပြောင်းဖူးကို ကောက်ယူနိုက် လူရွှယ်သည် ဆွဲခြင်းကို မယူလိုက်သည်။

"တော်တော်လေးတာပဲ။ မမ ဒါကြောင့် ယိုင်နေတာကိုး။ ကျွန်တော် နောက်က မြင်နေတာကြာပြီခင်ဗျာ"

လူရွှယ်သည် ပြောင်ပျက်ပျက်လည်းမဟုတ်ဘဲ လေးလေးစားစားနှင့် ရွှန်းလက်စွာကလေးပြော၍ ဆွဲခြင်းကို ပေါ့ပါးစွာမ၍ ရှေ့မှသွားနှင့်လေတော့သတည်း။

သီတာဇင်သည် သူ့နံဘေးက ဟွဲယှဉ်လိုက်မလာသောလူရွှယ်၏ သိတတ်ပုံကလေးကို ကျေးဇူးတင်သွားရသည်။

သို့တိုင်အောင်ပင် စောစောက မိမိနှင့်လူရွှယ်တို့ စကားပြောနေကြသည်ကို လူတွေများမြင်သွားမှဖြင့်တူ၍ တွေးတောပူပန်ရင်း ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ရသေးသည်။

"တော်ပြီ တော်ပြီ။ အဲဒီနား ချထားတော့"

လူရွှယ်သည် ခြေလှမ်းကျဲကြီးနှင့် ရှေ့မှအတော်လှမ်းလှမ်းသွားနေပုံကို ကြည့်ရင်း သီတာဇင်မျက်နှာလေးသည် ပြုံးလွှန့်လွှန့်ဖြစ်သွားရသည်။

မိမိတို့နေသော ဂျူးပလက်တိုက်များအနားသို့ရောက်သော် လူရွှယ်သည် ဆွဲခြင်းကလေးကို 'ဒီမှာထားခဲ့မယ်နော်' ဟု ဟန်အမူအရာနှင့် ခေါင်းကလေးဆတ်၍ပြရင်း ပလက်ဖောင်းတစ်ဖက်သို့ ကူးပြေးသွားလေတော့သတည်း။

သီတာဇင်စိတ်ထဲတွင် ထိုလူရွှယ်ကလေး၏ တကယ့်ကူညီချင်စိတ်သက်သက်နှင့် ကူညီသွားကြောင်းကို ကျေနပ်စွာနားလည်လိုက်ရလေတော့၏။

ဆောင်းမိမယ်နှင့် အပြေးသမားလေးတို့၏ ပဏာမတွေ့ဆုံခန်းပင်တည်း။

◆


www.burmeseclassic.com

www.burmeseclassic.com

## ၃

ဒေါ်မြင့်မြင့်သည် စက်ခုံတွင် တဂျုံးဂျုံးချုပ်ရင်းက သူ့သမီးကြီး ဆွေဆွေပြောသံကို နားထဲတွင် ကြားယောင်၍နေပေသည်။

"မေမေရယ်. . . ဆွေတို့ဆရာမက သိပ်ပြီးအသန့်အရှင်းကြိုက်တာ မေမေရဲ့။ အင်္ကျီတစ်ထည်ကို နှစ်ရက်ဆက်ဝတ်ရင် သိတာပဲ မေမေရဲ့။ တက်ထရွန်တွေ ဘာတွေမှ မဟုတ်ပါဘူးကွယ်တဲ့။ ပိတ်ရိုးရိုးကလေးဖြစ်ဖြစ်၊ ကျောင်းအင်္ကျီခြောက်ထည်လောက်တော့ ကြိုးစားပြီး ချုပ်ထားရမယ်တဲ့။ မင်းတို့အရွယ်ဟာ အင်္ဂမတန်ကျန်းမာတော့ ချွေးတာစိုစိုနဲ့ဆိုတော့ နောက်တစ်နေ့ ပြန်ဝတ်လို့မကောင်းဘူးကွယ့်လို့ အမြဲပြောတယ်မေမေ။ သမီးမှာ ကျောင်းအင်္ကျီလေးထည်တည်းရှိတယ်။ ပိတ်ရိုးရိုးပဲ ထပ်ချုပ်ပေးပါဦးနော် မေမေ"

ဟူ၍ ပူဆာလွန်းသဖြင့် ဒေါ်မြင့်မြင့်သည် သူ့ပိတ်လုံကွင်းကို ဖျက်၍ အင်္ကျီလက်စကနှစ်ထည်ရအောင် ကြည့်ရှုချုပ်ပေးနေခြင်းဖြစ်သည်။

"ဪ. . . ကိုတင်ထွေး ကိုတင်ထွေး။ ရှင်မရှိပေမဲ့ ရှင့်သားသမီးကလေးတွေ မျက်နှာမငယ်ရအောင် ပညာကောင်းကောင်းသင်ရအောင် ကျွန်မတစ်ယောက်တည်း အတတ်နိုင်ဆုံး ကြိုးစားနေပါတယ်ရှင်။





ပြီးတော့ ရှင့်သားကြီး တင်မောင်မောင်ကြောင့်လည်း ကျွန်မမှာ ရှင်မရှိတာကလွဲလို့ အတော်ကြီးစိတ်ဓာတ်ခွန်အားတိုးပွားခဲ့ရပါတယ်ရှင်။

ကလေးတွေကလည်း သူ့ကို ချစ်လည်းချစ်၊ ကြောက်လည်းကြောက်မို့ သင်းကလေး ငယ်သာငယ်၊ သားကြီးတော့ အဘအရာဆိုတာလို အစစလွှဲရပါပေတယ်ရှင်"

ဒေါ်မြင့်မြင့်သည် သူ့ရင်ထဲမှ ထုံးစံအတိုင်း တသီတတန်းကြီးပြောရင်းက သွားလေသူခင်ပွန်းသည်ဗိုလ်ကြီးတင်ထွေးကို အမှတ်တရဖြစ်၍ နေရှာပေသည်။

တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း တိုက်ပွဲတွင် မှုမလှကျသွားရပုံများကို စဉ်းစားမိပြန်တော့လည်း အဟောင်းအဟောင်းတို့သည် ယှဉ်ပင်လျှင် ခံစားရဘိသကဲ့သို့ တလှိုက်လှိုက် တရှိုက်ရှိုက်ဖြစ်၍ လာရပေသည်။

တတွဲတွဲကျလာသောမျက်ရည်များကို လက်ခုံနှင့်သုတ်ရင်းက ညှိခန်းမျက်နှာစာမှ မိသားစုဓာတ်ပုံကြီးကို တမ်းတမ်းတတမော့ကြည့်လိုက်မိသည်။

ဗိုလ်ကြီးတင်ထွေးက သူ၏အနာဂတ်ကံကြမ္မာကို သိသေးပုံမပေါ်ရှာ။ ချစ်ဇနီး၊ ဤသားသမီးငါးယောက်နှင့် သေတစ်ပန်သက်တစ်ဆုံးနေထိုင်ကြရလိမ့်မည်ဟု ယုံကြည်နေပုံနှင့် ပြုံးပြုံးရွှင်ရွှင် ဖျိုဖျိုလတ်လတ်နှင့် အိမ်ထောင်ဦးစီး ဖခင်ပီသသောရုပ်မျိုးနှင့် ရှိနေရှာသည်။

"အင်း. . . သွေးရိုးသားရိုးနဲ့များတော့ သေနိုင်ခမန်းမရှိအောင် ကျန်းမာပေမဲ့ အရှင်လတ်လတ်မှာ နားထင်စပ်ကို ကျည်ဖောက်ပြီး ဝင်သွားရတယ်ဆိုတော့ မချိမဆန့်ပါလားနော်။ တကယ်တော့ ရှင်ဟာ ကျွန်မတို့ကို ရှင့်အသက်စတေးပြီး လုပ်ကျွေးသွားရှာတာပါပဲကလား။

အို. . . အခုကော ကျွန်မတို့ ရှင့်ပင်စင်နဲ့ ထမင်းစားနေရတာဆိုတော့ ကျွန်မတို့မိသားစုကို ရှင့်အရိုးက လုပ်ကျွေးနေတာပေါ့။

အရိုးက လုပ်ကျွေးနေတာ။ ဟုတ်ပါတယ် ဟုတ်ပါတယ်။ ရှင့်အရိုးက ကျွန်မတို့ကို ထမင်းကျွေးနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မြင့်မြင့်သည် မအောင့်နိုင်သကဲ့သို့ စက်ခုံပေါ်တွင်မှောက်၍ တသိမ့်သိမ့်ငိုလိုက်မိလေတော့၏။

"ဟော. . . ညီလေးတို့ ညီမလေးတို့ သန့်ရှင်းရေးလုပ်နေကြတာကိုး။ အမှိုက်တွေ တိုက်ရှေ့မှာ မပုံရဘူးနော်။ ညီလေးတို့ ဟိုလမ်းမက အမှိုက်ပုံထဲ သွားသွန်ကြနော်"

"ဟုတ်ကဲ့ ကိုကိုမောင်။ စိတ်ချပါ။ ကျွန်တော်တို့ကတောင် လမ်းသန့်ရှင်းရေးလုပ်ခဲ့သေးတယ်"

"ဟုတ်တယ် ကိုကိုမောင်ရဲ့။ ဝေဝေတို့လုပ်တော့လေ။ ခင်သန်းနုတို့ညီမတစ်တွေလည်း ထွက်ပြီးကူလုပ်ကြတာ ကြည့်ပါလား။ လမ်းတွေကိုရှင်းသွားတာပဲ"

"အေး. . . ဟုတ်တယ်။ နောက်ချေးပုံတွေပါ ကျုံးပစ်ကြတာကိုး။ လက်တွေ သေချာဆေးပစ်နော်။ အနာရှိရင် နောက်ချေးပိုးဝင်တတ်တယ်"

ဘောင်းဘီတို စွပ်ကျယ်လက်ပြတ် ကင်းဗတ်ရှူးနှင့်လူရွယ်ကလေး တင်မောင်မောင်ကား သူ့ညီ၊ ညီမလေးများ သန့်ရှင်းရေးလုပ်နေကြသည်ကို ကျေနပ်စွာကြည့်၍ အပေါ်ထပ်သို့ တက်ခဲ့လေသည်။

"ဟော. . . မေမေက စောစောစီးစီး အဝတ်ချုပ်နေတာကိုး။ သူများတွေ လှုပ်လှုပ်ရှားရှားလုပ်နေကြတဲ့အချိန်ကြီးမှာ မေမေရယ်"

"ဩော်. . . ဆွေဆွေဖို့ အင်္ကျီလေးချုပ်နေတာပါ သားကြီးရယ်။ ပြီးတော့မှာပါ"

တင်မောင်မောင်သည် သူ့မေမေ၏နီထွေးထွေးမျက်နှာကို အကဲခတ်ရင်း. . .

"မေမေ ငိုနေသလားဟင်"

ဟု မေးလိုက်သဖြင့် ဒေါ်မြင့်မြင့်က ဖျာဖျာသလဲ. . .

"မငိုပါဘူး သားကြီးရယ်။ မေမေ့ဘဝမှာ ကိုတင်ထွေး ငယ်ငယ်ရွယ်ရွယ်နဲ့ ဘဝတစ်ပါးကို ပြောင်းသွားရပေမဲ့ ကျန်ခဲ့တဲ့သားသမီးတွေ





အားလုံးကလည်း လိမ္မာတယ်။ အလိုက်သိတယ်။ စာကြိုးစားကြတယ်။ အထူးသဖြင့် သားကြီးဟာ အနစ်နာခံပြီး တစ်ဖက်တစ်လမ်းက အလုပ်လုပ်သေးတယ်ဆိုတော့ မေမေ့အဖို့ ရှေ့ဆက်ပြီးမငိုသင့်တော့ပါဘူးကွယ်"

"အဲ. . . မေမေ ကိုတင်ထွေးကို သတိရတိုင်း သားသမီးတွေကို လူတစ်လုံးသူတစ်လုံးဖြစ်ရစေမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကိုတော့ အများကြီးချလိုက်တာပဲ သားကြီး"

တင်မောင်မောင်သည် သူ့မေမေ၏ ထက်ထက်သန်သန်ကြီး ပြောနေပုံကို သူ့ဘိုကေကလေးကို ပွတ်၍နားထောင်ရင်းက. . .

"ညီလေးက အသက် ၂၀ မှာ ဒုတိယနှစ် တီအက်စီဆိုတော့ မဆိုးပါဘူး မေမေရဲ့။ ဆွေဆွေကလည်း အတန်းထဲမှာ အတွက်တော်တယ်ဗျ။ လစဉ် တစ်ရာတွေချည်း ရနေတာပါ"

"အေးလေ။ သားကြီးပြောသလိုပဲ ဒီရှစ်တန်းက အတွက်တော်မှ ကိုယ်လိုချင်တဲ့ သိပ္ပံဘာသာကို ဆက်ယူနိုင်မှာဆို။ ဟိုမယ်လေ။ သူ့ဖို့ အင်္ကျီချုပ်ပေးမယ်ဆိုတာနဲ့ သူမီးဖိုထဲ ဝင်ပေးမတဲ့လေ။ မဆွေရေ. . . မီးဖိုကိစ္စတွေ မြန်မြန်အပြီးသတ်တော့လေ။ ဟောဒီမှာ သမီးအင်္ကျီပြီးပြီ။ ကြယ်သီးတပ် ချက်ချင်းဆက်တပ်ပေတော့ သမီး"

"ဟုတ်ကဲ့မေမေ။ သမီး ထမင်းလေး တစ်ခါတည်း ဆက်ပြင်လိုက်ပါဦးမယ်"

၁၅ နှစ်ရွယ် သမီးကလေးဆွေဆွေသည် ပျပ်ဝပ်ချပ်ချပ် လိမ္မာပါးနပ်စွာကလေး ဖြေကြားလိုက်ပုံကို သူ့မိခင်ပါမက ညီ၊ ညီမများအပေါ် စိန်ကဲရွှေကဲခတ်သကဲ့သို့ အမြဲတစေ သတိထားနေသော သားကြီးဩရသ တင်မောင်မောင်ပါ ကျေနပ်သယောင် လှမ်း၍ကြည့်လိုက်လေသတည်း။

❐

"ဩော်. . . ဒီကလေးမတွေ ဖီးကြလိမ်းကြတာ ကြာလိုက်တာ နော်။ ဟန်တစ်ခါပြင် ရွှေစင်ဆယ်တင်းဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



အသက် ၄၈ နှစ်ခန့်ရှိပြီဖြစ်သော ဒေါ်မြဆန်းသည် အရွယ်နှင့်မလိုက်အောင် နုပျိုစွာပြင်ဆင်၍ ပျော်ပွဲစားထွက်ရန် လာကြိုကြမည့် ဘလှကြည်တို့ကို စောင့်မျှော်ရင်းက လှမ်း၍ပြောလိုက်သဖြင့် သမီးအကြီး ခင်နွဲ့အောင်သည် လက်ကိုင်မှန်ကလေးတစ်ချပ် လက်ကကိုင်ရင်း နှုတ်ခမ်းဆိုးပြီးသားပေါ်မှ ခဲကြောင်းရေးရေးလိုက်၍ နှုတ်ခမ်းပုံဖော်လိုက်ရာ ပန်းမရမ်းနှုတ်ခမ်းဆိုးဆေးရောင်ဆိုးထားသော နှုတ်ခမ်းခပ်ထူထူသည် နှင်းဆီဖူးကြီးသဖွယ် ကြွ၍လာပေသည်။

"အဟင်း... သမီးက ဒီလောက် ဂရုစိုက်ပြင်လို့ပေါ့။ ကိုဘလှကြည်တို့များ လူတွေရှေ့မှာကို ဟန်ကိုမဆောင်နိုင်တော့ဘူး။ အရမ်းငမ်းနေတာ မာမီရဲ့"

ဒေါ်မြဆန်းသည် လက်ကြားမှစီးကရက်ကို မျက်ရစ်များတွန့်၍ အားရပါးရရှိုက်ရင်း ရှိုက်ကြီးဖိုငယ် ပုံသဏ္ဌာန် သူ့သမီးကြီးကို ကျေနပ်ပုံနှင့် တစ်ချက်ကြည့်ရင်းက...

"ဒါနဲ့ တစ်နေ့က ပဲခူးလိုက်သွားတာ မောင်ဘလှက ဘာတွေ ဝယ်ပေးလိုက်သလဲ သမီးရဲ့"

"စုံနေတာပဲ မာမီ။ ခရစ်နိုင်လွန်စတွေက သုံးထည်၊ တက်ထရွန်လုံချည်က နှစ်ထည်၊ နောက်ပြီး ဒီဆွယ်တာလေ မာမီ တစ်ရာငါးဆယ်တောင် ပေးရတယ်။ မလှဘူးလား မာမီ။ ခုပျော်ပွဲစားသွားတဲ့ဆီ ယူခဲ့မယ်နော်"

ဒေါ်မြဆန်းသည် တိုသွားပြီဖြစ်သော စီးကရက်တိုကို ပန်းကန်ပြားထဲသို့ ထိုး၍ချေထည့်လိုက်ရင်းက...

"အေး... လှတာတွေဘာတွေ ထားပါဦး။ သိပ်ပြီး ညဥ့်နက်အောင်တော့ မနေနဲ့ သမီးရဲ့။ ဟိုဘက်တိုက်ခန်းက တင်မောင်မောင်ဆိုတဲ့ သတ္တဝါကလေးက မာမီတို့အခန်းရှေ့ ကားရပ်တိုင်း ထွက်ထွက်ကြည့်တယ်ကွယ့်"





"အို... ဒီလူဘုန်းကြီးကလေးများ သမီးတော့ အရေးမစိုက်ပေါင် မာမီရယ်"

"ဟဲ့... အခန်းချင်းက ကပ်နေတော့ ဒီလိုပြွတ်တောင်းတောင်း ရန်သူလိုတော့ မလုပ်နဲ့လေ။ တစ်နေ့က မာမီကြို့ထိုးတုန်းကလည်း ခံလိုက်ရတာ သေလုမျောပါးမဟုတ်လား။ ဒီကောင်လေးပဲ ဆရာဝန်သွားပြီး ခေါ်ပေးရှာတယ်လေ။ ပြီးတော့ မာမီတို့တိုက်ပေါ် ပစ္စည်းတွေ မနိုင်မနင်းတင်နေတာတွေ့ရင်လည်း သူပဲ လိုက်ပို့ရှာတာပဲ"

"လိုက်သာပို့တာပါ မာမီရယ်၊ မျက်နှာထားက သမီးတို့များ မတူမတန်သလိုနဲ့ ကြည့်နေပုံက သိသာကြီးပါ"

"အို... တကယ်တန်းကျတော့ သမီးရယ်။ သူတို့အဖေဟာ အလွန်ဆုံးကောင်းစားခဲ့တာက သပြေသုံးခက်ပါ၊ သမီးတို့ဖေဖေက ဝဏ္ဏကျော်ထင် ဘွဲ့ရခရိုင်ဝန်ကြီး မဟုတ်လားကွယ့်။

အဲဟွန်း... မြမြဆန်းဆိုတာက ရတနာပုံရွှေမန်းမှာ နံပါတ်ဝမ်းအဆင့်အတန်းနေလာတာပေါ့။ အို... မိမြဆန်းတို့က တစ်သက်လုံး ရွှေထီးဆောင်းလာခဲ့ရတာပါ၊ သမီးတို့အဖေဟာ ကံအင်မတန်ကောင်းပေမဲ့ အစီအမံကျတော့ အလွန်ညံ့ အလွန်ရိုးပါပဲ။ ဒါကြောင့် သူဆုံးတော့ ငွေလေးသောင်းကိုးထောင်ကလွဲပြီး ဘာမှမကျန်ခဲ့ဘူး။ စစ်စစ်ပေါက်ပေါက်တွေးကြည့်ရင် သမီးတို့အဖေ ရိုးလွန်းအ,လွန်းလို့ မာမီတို့ခုလို ရန်ကင်းတိုက်တန်းလျားရောက်နေတာပဲ"

"ဒီတုန်းက မာမီ့မှာရှိတဲ့ ငွေကလေးနဲ့ ဝိုင်းနဲ့ မြေနဲ့ အိမ်ကလေးတစ်လုံး ဝယ်လိုက်မိတယ်လေ။ ဖဝိဇ္ဇာစံလင်းနဲ့တွေ့ပြီး နှစ်ညတည်းနဲ့ အပြုတ်ဆော်သွားတာ သမီးရေ။ မာမီဆိုတာ လူးကျန်ခဲ့တာပဲ"

"ဒီလိုဆိုတော့လည်း ငွေတွေ အရမ်းလုပ်ပစ်တာ မာမီ့အပြစ်ပေါ့"

"ဘယ်က မာမီ့အပြစ်ရမှာလဲ။ မာမီက သူဌေးသမီးဖြစ်ပြီး တစ်



www.burmeseclassic.com

www.burmeseclassic.com



သက်လုံး မင်းကတော်လုပ်စားလာတာ ဒါတွေ ဘယ်နားလည်ပါ့မလဲ။ သူက ယောကျ်ားပဲ။ အိမ်ကလေးဘာလေး ဝယ်ထားပေးခဲ့ရမှာပေါ့"

"ဟော. . . ကိုဘလှတို့ကားလာပြီ"

သားအမိနှစ်ယောက် စကားပြောနေကြစဉ် အိုပယ်ကားကလေး တစ်စင်း ဝင်လာသဖြင့်. . .

"ခုလို ကောင်လေးတွေကို သမီးတို့က 'ကိုဘလှ၊ ကိုဘလှ' လုပ်နေရတာလည်း သမီးတို့အဖေက စီးပွားရေး လုံလုံလောက်လောက် မထားခဲ့လို့ပေါ့"

ဒေါ်မြဆန်းကား ခင်ပွန်းသည်၏ အရိုးရှိရာသို့ မျက်စောင်းထိုးဆဲပါကလား။

◆





၄

အရှေ့အာရှတိုက်တွင် အကောင်းဆုံး အဆောက်အအုံအပါအဝင် တစ်ခုဖြစ်သော ဤသမ္ဘာရုပ်ရှင်ရုံကြီးထဲသို့ကြည့်ရသည်မှာ စိတ်နှလုံးကြည်မွေ့စေသည်။

ရုပ်ရှင်ကလည်း ကလီယိုပါထရာဖြစ်ရကား စည်ကားလိုက်သည်မှာ ပြောစရာမရှိတော့ပေ။

လေယာဉ်မှူးမင်းသက်နိုင်သည် ၁၅ မိနစ်ခန့်ပင် စောရောက်နေ၍ ဆူးလေဘုရားဆီသို့ လှမ်းမျှော်လိုက်၊ တိုလီမုတ်စဝယ်ချင်စရာဈေးဆိုင်လေးဆီလျှောက်လိုက်၊ ပိုစတာတွေကြည့်လိုက်နှင့် အချိန်ဖြုန်းနေစဉ် လှေကားတက်မှန်ကြေးမုံရှုခင်းမှ လှယမင်းပျိုကလေးတစ်ဦး၏ရုပကာသည် ပိုစတာများကို တစ်ဖက်သို့မော့ကြည့်ရန် အားယူလိုက်သော မင်းသက်နိုင်၏ လည်ကို ညှို့ယူဆွဲငင်လှည့်လိုက်သကဲ့သို့ ရှိစေတော့၏။

အသက်အားဖြင့် ၁၈ နှစ်ခန့်လောက်သာ မှန်းထင်ရပေသည်။ စိန်းဝါပြည့်ဖူးသောမျက်နှာ၊ မျက်ခုံးမွေး လိုးရေးနေလေးအောက်မှ မျက်တောင်ကော့များ ဝန်းရံနေသော မျက်လုံးလှလှကလေးကြောင့်လည်း



www.burmeseclassic.com

www.burmeseclassic.com

ထောင်၊ နှာသီးဖျားမချွန့်တချွန်ကလေးနှင့် အလိုလိုချိုလွင်နေတတ်သော နှုတ်ခမ်းပုံလေးကြောင့်တစ်သွယ် ဝယ်၍လာစ ရှုမဝနိုင်သောအရုပ်ကလေးနှင့် တူတူနိုင်လွန်းလှပေသည်။

လှေကားလက်ရမ်းကို ကိုင်လိုက်မိမှ မင်းသက်နိုင်၏ခြေများသည် ရှေ့သို့ ဘယ်ပုံဘယ်နည်း တိုးလာလိုက်မိမှန်းမသိနိုင်တော့ပေ။

ဆံပင်ကို လိပ်ခွေထားပုံမှာ ရိုးရိုးလေလား၊ ခေတ်ဆန်ခြင်းလား မတွေ့ပြားသော်လည်း ထိုဆံပင်ပုံကြောင့်လည်း ထိုမိန်းမချောကလေးကို မင်းသက်နိုင်သာမက အားလုံးငေးမောကြည့်လိုက်မိကြသည်။ အဘယ့်ကြောင့်ဆိုသော် ထိုမိန်းကလေးဝတ်ဆင်ထားပုံသည် ငွေရောင်ဇရိုကီတ်အင်္ကျီလက်ပြတ်နှင့် ၎င်းအဆင်ဇရိုကီတ်အဖျော့စားလုံချည်တို့ကို ဆင်တူဝတ်ဆင်ထားသောကြောင့်တည်း။

ဤသို့ ထူးထူးခြားခြား တောက်တောက်ပပကလေး ဝတ်ဆင်ထားပြီး ခွာမြင့်ဖိနပ်အနက်လှလှကလေးစီးထား၍လည်း သူ့ပင်ကိုအလှနှင့် ဆင်ယင်ပုံသည် ဘေးပရိသတ်အား အစွမ်းကုန်ဆွဲဆောင်၍ နေပေတော့၏။

သို့သော် မိန်းကလေး၏မျက်နှာသည် မောက်မောက်မာမာကြီးလည်း မဟုတ်၊ လူတွေကို သူ့အလှကို ကြွားဝါခြင်းလည်းမရှိ၊ ပကတိ အပြစ်ကင်းစင်သော ကလေးလိမ္မာလေးကဲ့သို့ မရယ်မပြုံးကလေး ထက် လျှောက်သွားပုံတာပင် သူ့အတွက် တန်ဖိုးတက်၍ နေရတော့၏။

ထိုမိန်းမချောလေးသည် အပြင်ဘက်တွင်ရပ်နေခြင်းမရှိဘဲ ရုပ်ရှင်ရုံထဲသို့ တန်းပြီးဝင်သွားမှ သူ့နောက်တွင် သူ့အရွယ်မတိမ်းမယိမ်း အလှမကျွတကျွ အမျိုးသမီးနှစ်ယောက်ဆက်၍ပါသွားသည်ကို မြင်လိုက်သော မင်းသက်နိုင်မှာ မျက်လုံးမျက်ဆံပြူး၍သွားရကာ ဟှာဟှာသလဲလိုက်၍ နှုတ်ဆက်မည်ကြံသေးသည်၊ သို့သော် လူတွေကြားမှတိုးဝှေ့၍ အထဲသို့ ဝင်ရောက်သွားကြလေပြီ။





တာ... ငါ... ငါ... ဟိုမိန်းကလေးကို ငေးကြည့်နေလိုက်တာ။ ချတို့ မြင်သွားမှာပဲ။ ရုတ်ရေးစကောင်းလိုက်တာ။

ဟိုး... ဗိုလ်ကြီးမြကေနိုင်၊ ဒေါက်တာဇွေဇွေတို့နဲ့ တွဲလာတာဆိုရင် အထိသုံမှိုင်းမလဲ။ သီတာဝင်းပဲ။ ဟုတ်မှာပါ။ ဦးဗျွင်းကြိုင်းသောနတ ပြောပြောနေတဲ့ သူ့သမီးဝင်းဝင်းဆိုတာ ဟုတ်ပါတယ်။ ဟုတ်ပါတယ်။ သူ... သူ... တော်တော်လှတာကိုး။ ဒါကြောင့် ဒေါ်လေးနီက ခင်လေးဆက်ရှိမွမ်းနေတာပေါ့"

"ရှင် မဝင်သေးဘူးလား"

လက်မှတ်စစ်အမျိုးသမီးကလေးက ရုပ်ရှင်လက်မှတ်ကြီးကိုင်၍ အစေ့အတောင်းနေသောမင်းသက်နိုင်ကို အားမလို အားမရလှမ်း၍ မေးလိုက်ရ...

"ကြော်... ဟုတ်တဲ့ခင်ဗျာ"

ဟု ယဉ်ကျေးစွာပြော၍ လက်မှတ်ကလေးကို ကမ်းလိုက်သည်။

မင်းသက်နိုင်သည် လူများအပြည့်အစုံ ထိခုမလပ်ရောက်နိုင်မြို့ ဖြစ်သော (ဆင်းလျှာ) တုလားတိုင်ပဒေသာများဆီသို့ ဝေ့ရမ်း၍ သူတို့ကို ရှာဖွေလိုက်မိသည်။

သူတို့။

တုတ်ပါလား။ သူတည်းဟူသော သီတာဝင်းသာလျှင် သူနှင့်တွေ့ဆုံရန်စီစဉ်ခဲ့သော်လည်း သူနှင့်မတွေ့မီ သူတို့နှင့်ဦးစွာရင်ဆိုင်သိကျွမ်းခဲ့ရသေးသည်မဟုတ်ပါလား။

သို့သော် အလင်းစားကြီးမဟုတ်သော မီးရောင်မှုံမှုံတွင် သူတို့ခုံ ယောက်ထား ရောက်၍နေပေပြီ။

နောက်တော့လည်း ပရေကတ်ကလည်း တိတ်ဆိတ်ယဉ်ကျေးခြင်း၏ သရုပ်ဆောင်တွက်ကို ဆင်ထားသည်မဟုတ်ပါလား။ ဖိနပ်သံကလေး ရုတ်ခနဲ

www.burmeseclassic.com

www.burmeseclassic.com



မြည့်သည်ကာပင် ထင်ရှားလွန်းသော ဤဒေသတွင် မင်းသက်နိုင်အဖို့ သူတို့အား သမင်လည်ပြန်ပင် ရှာခွင့်မရတော့ချေ။

ရုပ်ရှင်ကားပြလေပြီ။

အလှထိပ်တင် မာယာရှင် အီဂျစ်ဘုရင်မအကြောင်းသည် အခမ်းအနားအဆန်းအပြားတို့နှင့် ခြယ်မှုန်းထားပုံသည် မျက်စိများ အီကျန်ဘနွန်းရှိရချေသည်။

ကလီယိုပါထရာအား နိုင်ငံမြစ်ဝှမ်းမှ မြွေဟောက်မဟုတ် ကွဲရဲ့သဂြိုဟ်ကြသော်လည်း ဗလလေးတန်နှင့် ပြည့်စုံကုံလုံပြီးဖြစ်ကြသော ရောမ ဗိုလ်ချုပ်ကြီးဂျူးလီယပ်ဆီဇာနှင့် ရောမအာဇာနည်ကြီး မက်အန်တိုနီတို့ကား အဘယ်ကြောင့် သည်ကလီယိုပါထရာ၏အလှကျော့ကွင်းမှ လွတ်ကင်းအောင် မရှောင်ရှားနိုင်ကြသနည်း။

ရုပ်ရှင်ကြည့်ရင်း စိတ်တို့သည် တစ်ချက်တစ်ချက်လွင့်လိုလွင့်၊ ပခုက္ကူကို ရောက်သွားလိုသွားနှင့် ရှိချေသည်။ မိမိသည် ကိုယ်ရေးကိုယ်တာ (ခင်စစ်အေး) ကိစ္စနှင့် ပတ်သက်ပြီးကတည်းက မိန်းကလေးဆိုလျှင် တော်လိုလိုသွေးလန့်နေပေသည်။

ထို့ကြောင့်လည်း သူ့အဖေသိတဲ့အဖြစ် ရှိမောင်းရသော ထော ယာဉ်ပွဲများ၊ ရုပ်ရှင်၊ စာအုပ် ဤသုံးခုတွင်သာ သူဘဝကိုနှစ်မြှုပ်ထားခဲ့သည်။

စပ်မိချင်တော့လည်း တလောဆီက သူမိဘနှစ်ပါးအတွက်ဂူကို သွားရောက်ကန်တော့ရန် မန္တလေးသို့ ရောက်သွားသည်။ ဝန်းမကြာ ဒေါ်လေးရဲ့တိုက်တွင် သူ မိတ်ဆွေဟောင်းဖြစ်သော ရှေ့နေကြီး၏ သမီးလေးတစ်ဦး၏ လူ့လောကနီးနီး ပန်းချီကားကြီးတစ်ချပ်ချိတ်ထားသည်ကို တွေ့ရှိရလေသည်။ ပန်းချီကားအမည်ကို မြန်မာလိုဟု ပေးထားသည်။ အသက် ၁၇ နှစ်ခန့် ဆံရစ်ဝိုင်းကြီးသိမ်းထားသော ကောင်မလေးပုံသည် မျက်နှာ ရှေ့ဆွဲထားသည်မှာ ခုန်ဖွဲ့လှုပ်ရှားတော့မယောင် လူနှင့်တူ ထင်ရပေသည်။





"ဟင်. . . ရေးဆွဲသူ ထွန်းနိုင်တဲ့။ ဖေဖေ ဆွဲတာပါလား။ လှလိုက်တဲ့မိန်းကလေးပါလား ဒေါ်လေးရီရယ်။ သူ့မျက်လုံးနဲ့ ပါးစပ်ကလေးဟာ စကားပြောတော့မယ့်ပုံလေးနော်"

"အဟင်း. . . လှတာလည်းမပြောနဲ့၊ ရာဇဝင်ကလည်း အထင်အရှားကိုးကွယ့်"

"ဘာ. . . ဘာရာဇဝင်လဲ ဒေါ်လေးရီရဲ့။ ကျွန်တော့်ကို ပြောပြပါဦး"

"အမင်းကလည်းကွယ်။ ရှေးသရောအခါကဟာတွေ ဘာလုပ်ဖို့ သိချင်ရတာလဲကွယ်"

"အို. . . ရှေးသရောအခါက ဆိုပေမဲ့ မေမေ့ပုံမဟုတ်တဲ့ ဒီပြင့်မိန်းကလေးတစ်ယောက်ရဲ့ပုံကို ဖေဖေက ဘာဖြစ်လို့ ဒီလောက် လက်စွမ်းကုန် ခြယ်မှုန်းထားရသလဲ။ ကျွန်တော် သိချင်လို့ပါ ဒေါ်လေးရီရဲ့"

"မင်းက ဒီလောက် မိမိထိထိမေးနေမှတော့ ဘာကြောင့်ဆိုတာ ပြောရသေးတာပေါ့ကွယ်"

"သူ့နာမည်က မသီတာတဲ့။ ဆီစက်ပိုင်ရှင်ဦးဘိုးကဲ၊ ဒေါ်စုတို့ရဲ့ တစ်ဦးတည်းသမီးကလေးပေါ့။ ဘယ်လောက်လှပြီး ဘယ်လောက်ဒီမိန်းကလေးဟာ စန်းကောင်းသလဲဆိုတော့ ဒီပေါင်းလောင်းရှင်ရပ်ထဲမှာ သူ့ကို အပျိုမဖြစ်ခင်ကတည်းက တာလသားတွေ ဝိုင်းနေတယ်။ အဲ. . . သူတို့တိုက်နေရာက ခုဦးစိုးခိုင်တို့နေတဲ့တိုက်ပေါ့၊ ဘေးတစ်ဖက်က အမင်းတို့အဖေကိုကြီးထွန်းတို့တိုက်။ ဒီဘက်က မောင်မောင်ဇင်တို့တိုက်ကွယ်"

"ဘယ်က မောင်မောင်ဇင်လဲ ဒေါ်လေးရဲ့"

"မင်းအဖေကိုထွန်းနိုင်နဲ့ရည်းစားလုဘက်ပေါ့။ ကဲ. . . သိပလား။ မသီတာ အပျိုဖြစ်ကတည်းက ပြိုင်ပိုးကြတာ။ ကိုယ့်နည်းနဲ့ကိုယ် အမျိုးမျိုးပဲပေါ့။ အဲ. . . ဒါပေမဲ့ မင်းတို့ဖေဖေက ပန်းချီဆွဲတတ်တဲ့ အနုပညာသမားဆိုတော့ မသီတာက မောင်ထွန်းနိုင်ကို ပိုကြိုက်တယ်။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



တော့ မောင်မောင်ဇင်က အကြမ်းဖက်ပြီး ကားတင်မယ်တကဲကဲလုပ်တာကိုး ကွယ့်။ ဦးဘိုးကဲခမျာလည်း သမီးတစ်ယောက်တည်း ဖွတ်လာတောင်းသူ က နှစ်ယောက်ဆိုတော့ ရှက်လည်းရှက်၊ စိတ်လည်းပျက်ပေါ့ကွယ်။ ရှေးလူကြီးတွေက ရိုးလည်းရိုးတယ်မဟုတ်လား။ အဲဒီတော့ ကြံရာမရဖြစ်ပြီး ကဲ. . . မင်းတို့နှစ်ယောက် ဒီလောက်ရှိကြတာ ဧရာဝတီမြစ်အကျဉ်းဆုံး နေရာရွေးကြတဲ့။ ဟိုဘက်ကမ်းကို အရင်ရောက်အောင် ကူးနိုင်တဲ့သူကို သူ့သမီးနဲ့ ပေးစားမယ်လို့ အဘိုးကြီးက စိတ်ပေါက်ပေါက်နဲ့ ပြောလိုက်တာ ကိုးကွယ့်"

"ကြံကြံဖန်ဖန် ဒေါ်လေးရီရယ်"

"မကြံဖန်နဲ့၊ သီတာ့ကိစ္စက ဒီတော့မှ ပြတ်သွားတာကွယ့်"

"ရေကူးပြိုင်ကြတော့ ဖေဖေရှုံးရောမဟုတ်လား"

"အေးလေ။ အမင်းတို့ဖေဖေက ပန်းချီဆရာလူနုကြီးမဟုတ်လား။ မောင်မောင်ဇင်တို့တိုက်တွေကလည်း မြစ်ဆိပ်နားကပ်နေတော့ ရေကူးသိပ် သန်တော့ သူပဲအနိုင်ရသွားတာပေါ့။ ကိုကြီးထွန်းခမျာ ဘယ်လောက် အားခဲကူးရှာသလဲဆိုတော့ အနိုင်သာမရတယ်။ ကြွက်တက်ပြီး သေလု မျောပါး ခံလိုက်ရတယ်လေ။ ဒီတုန်းက မသီတာက ငိုလိုက်တာလေ။ အင်း. . . နောက်တော့လည်း မောင်မောင်ဇင်နဲ့ အကြီးအကျယ်လက်ထပ် ရရှာတာပေါ့။ မသီတာ သားဦးလေးမွေးတော့လည်း ကိုမောင်မောင်ဇင်က ကိုကြီးထွန်းနဲ့ မသက်ဘူးဆိုပြီး ရန်အကြီးအကျယ်ဖြစ်ပြီး ခဏကွဲနေကြ သေးတယ်။ နောက်မှ ဆွေမျိုးတွေက ပြန်စေ့စပ်ပေးလို့ ပြန်တဲ့သွားပြီး သား အကြီးလေးဆုံးသွားပြီးမှ ဇင်ဇင့်ကို မွေးတာပေါ့ကွယ်"

"ဘယ်ကဇင်ဇင်လဲ ဒေါ်လေးရီ"

"သူက ခုတော့ ရန်ကင်းသူပေါ့ကွယ်"

"ဘာရယ် ဒေါ်လေး။ ရန်ကင်းသူ. . . ဟုတ်လား"

"အေးလေ။ ရန်ကင်းမှာကြီးရလို့ ရန်ကင်းသူလို့ ပြောတာပါကွယ်။





ဖြစ်ပုံက ဒီလိုလေ။ ဇင်ဇင်မွေးပြီး တစ်နှစ်လောက်နေတော့ မသီတာဆုံးရှာ တာကိုးကွယ့်။ တချို့ကလည်း စိတ္တဇလို့ပြောကြရဲ့။ ဆုံးတဲ့အရွယ်ကလေး ကလည်း နှစ်ဆယ်ပတ်ဝန်းကျင်ကိုးကွယ့်။ လူတွေပြောလည်း ပြောစရာပါ ပဲ။ ကိုကြီးထွန်းကလည်း မသီတာခေါင်းနဲ့ သူ့ဦးခေါင်းနဲ့တိုက်တိုက်ပြီး ငို တာပဲတဲ့"

"ဟင်. . . ဒီတော့ မေမေက ဘာမှမပြောဘူးလား"

"ဟာ. . . မမကြည်က သိပ်သဘောထားကြီးတာကလား။ သေတဲ့ လူက သေတောင်သွားရှာသေးတာပဲ။ ငိုတဲ့သူက ငိုပါစေတဲ့၊ သူတောင် အသုဘလိုက်ပို့လိုက်သေး၊ တို့ပခုက္ကူမှာတော့ သူတို့အကြောင်းက နာမည် ကြီးချင်တိုင်းကြီးနေတာပေါ့ကွယ်"

"အဲ. . . ထူးတာက မသီတာယောကျ်ား ကိုမောင်မောင်ဇင်က မငို ဘူးကွယ့်။ အတွင်းဆွေးဆွေးပြီး အံကြိတ်ကြိတ်ထားတယ်။ အဲ. . . မသီတာ အလောင်းလည်း မြေကျပြီးရော ခေါင်းတုံးတုံးပြီး သင်္ကန်းဝတ် သွားလိုက်တာ ဒီနေ့ထိပါပဲကွယ်"

"ဟင်. . . အဖြစ်အပျက်ကြီးကလည်းဗျာ။ ကျွန်တော်တောင် ငို ချင်သွားရတာပဲ"

"အင်း. . . ဒေါ်လေးရီကလည်း သူတို့အကြောင်းတွေ သိပ်မပြော ချင်ပါဘူးကွယ်။ အမင်းက မေးလို့ပါ။ ပြီးတော့ ပြောလက်စနဲ့ ပြောရဦး မယ်။ ထူးဆန်းတယ်ပဲပြောရမလား၊ ရယ်စရာပဲခေါ်ရမလား မသိပါဘူး ကွယ်။ အမင်းတို့ဖေဖေကိုကြီးထွန်းဟာ အားတိုင်း ဦးပဥ္စင်းကြီးဦးသောနဆီ သွားသွားပြီး တရားထိုင်တယ်၊ တရားဆွေးနွေးကြတယ်။ ပြီးတော့ ကိုကြီး ထွန်းရော၊ မမကြည်ရော အသက်မရှည်ကြဘူး။ အားလုံး လေးယောက် စလုံး ကံမကောင်းပါဘူးကွယ်။ ဇင်ဇင်ကလေးကိုတော့ ဘုန်းကြီးနဲ့မိန် ယောက်ကတော်တစ်ဦးက အပိုင်မွေးစားပြီး အဲ. . . ပထမတော့ ကျောက်



www.burmeseclassic.com

www.burmeseclassic.com

ကုန်းမှာ အိမ်ငှားနေကြတယ်။ ရန်ကင်းတိုက်သစ်တွေဆောက်တော့ သူတို့ စပြီး တက်ရတာပေ့ါ။ ဘုန်းကြီးနှမက ဇင်ဇင့်ကို ခေါ်သွားတာပဲလေ"

"ဪ. . . ဪ စိတ်ဝင်စားစရာကြီး ဒေါ်လေးရီရယ်"

"ဪ. . . အမင်းက ပြောတယ်မဟုတ်လား၊ မသီတာပန်းချီက လှတယ်ဆိုတာလေ အဲ. . . သူ့သမီးဇင်ဇင်က ပိုလှတယ်။ ကိုမောင်မောင်ဇင် ကလည်း လူချောမဟုတ်လား။ တလောကတော့ ဘာဆိုလားအောင်ပြီး ဆရာမကြီးဖြစ်သွားပြီဆိုလားပဲ။ စါတွင်းတော့ သူ့တောရကျောင်းကလေး ကို အမြကြိုးစားသွားပါတယ်။ တို့တစ်တွေကလည်း ရပ်ဆွေရပ်မျိုးတွေ မဟုတ်လား"

"ဪ. . . ဒါနဲ့ တလောက ဦးစိုးကို မှာနေသတဲ့။ ရန်ကုန်လူကြုံ ကောင်းကောင်းရှိရင် သူ့ဆီ ခဏခေါ် ခဲ့ပေးဖို့ဆိုလား။ အမင်း ဆောင်ကြဉ်း ပေးမလားဟင်"

"ရပါတယ်။ ပြီးတော့ ဒေါ်လေးရီပြောတာနဲ့ အဲဒီဘုန်းကြီးဦးမောင် မောင်ဇင်ဆိုတာ သိပ်တွေ့ချင်တာပဲဗျာ။ သွားဆို ကနေ့သွားမှ ဒေါ်လေးရီ ရဲ့၊ နက်ဖြန် ကျွန်တော်က ပြန်မှာ"

"ဒေါ်လေးက အရန်သင့်ပါတော်။ ကိုမောင်ကျော်ကားထုတ်ပါဦး။ ရွှေဘုံသာတောရကျောင်းသွားချင်လို့"

မြေဂူကြီးမှ အထက်မှ ကာမိုးထရံကာ ဆောက်လုပ်ထားသော လေ တဟူးဟူးတိုက်ခတ်နေသည့် တောရကျောင်းကလေးပေါ် သို့ တက်ခဲ့ကြ သည်။

ကော်ဇောနွမ်းကလေးပေါ်တွင် တင်ပျဉ်ခွေ၍ ဘုန်းကြီးတစ်ပါး သည် ထိုင်ရင်းက လျက်ဆားနှင့် သံပုရာသီးရောစပ်ထားသော လက်ဖက် ရည်ပန်းကန်လုံးလေးကို ကိုင်၍ ဘုဉ်းပေးနေပေသည်။

"လာကြ လာကြ။ ဒကာမ မရီ့ကားသံမှန်း ကျုပ် မှတ်မိပါတယ်ဗျ။ အဲ. . . သူ. . . သူ နေပါဦး။ ဒကာနိုင့်သားမဟုတ်လား"





မင်းသက်နိုင်အား လက်ညှိုးညွှန်၍ မေးလိုက်သဖြင့်. . .

"အရှင်ဘုရား တွေ့ဖူးပါသလား ဘုရား။ ဟုတ်ပါတယ်။ ကိုကြီး ထွန်းရဲ့သားပါ"

"အင်း. . . မတွေ့ဘူးပေမဲ့ တကာနိုင်ရုပ်နဲ့ တစ်ပုံတည်းပဲ။ ဘုန်းကြီး ဟိုလှေကားက တက်လာတည်းက သိလိုက်ပါတယ်။ အင်း. . . ဒကာနိုင် ငယ်ငယ်ကနဲ့ တစ်ပုံစံတည်းပဲကိုးကွယ့်"

"တင်ပ့ါဘုရား။ ခုလည်း ဦးစိုးကပြောလို့ပါဘုရား။ အရှင်ဘုရား ရန်ကုန်လူကြုံရှာနေတယ်ဆိုလို့ပါဘုရား"

"အေ. . . ဟုတ်ပေသားပဲ။ ဒါနဲ့ ဒကာလေးက သွားနိုင်လို့လား ဒကာလေးရဲ့"

"သွားပေးနိုင်ပါတယ်ဘုရား"

မင်းသက်နိုင်သည် ဘုန်းတော်ကြီးကို စိတ်ဝင်စားစွာကြည့်ရာက သက်န်းဝါဝါ ခေါင်းတုံးပြောင်ပြောင်နှင့် လောကကြီးတစ်ခုလုံး စွန့်လွှတ် ကျောခိုင်း၍ လောဘ၊ ဒေါသ၊ မောဟများကို ကင်းနေသည့်ပုံသဏ္ဍာန်ကို မမြင်ပေ။ မသီတာဟူသော အလှဘုရားလေးကို အပိုင်ရရှိရေးအတွက် ဧရာဝတီတစ်ဖက်ကမ်းသို့ ညောင်ဦးဖိုးပမာ ရေကူးချန်ပီယံဘွဲ့နှင့် ချစ် အောင်ပန်းကို ဆွတ်လှမ်းခဲ့သော အချစ်သူရဲကောင်းမောင်မောင်ဇင်အဖြစ် သာ မြင်နေပေသည်။

သူ့ဖခင်ကိုထွန်းနိုင်ခမျာ ယိုစဉ်က မည်မျှထိခိုက်ကြေကွဲရှာမည် နည်း။

အာယာတစိတ်မျိုးနှင့်ဖြင့် လုံးဝမဟုတ်ပါ။ သို့သော် မသီတာကို ရေကူးပြိုင်၍ လုရပုံအခန်းကိုတော့ တကယ်ရောင်ရမ်း၍ မြင်လိုက်စမ်းချင် သည်။ စိတ်ထဲတွင် ထပ်တလဲလဲဝင်စားနေသည်။

"ဟဲ့. . . မောင်မြရေ။ ရေနွေးကြမ်းထည့်ပြီး ငရုံချောက်ဖုတ်ခဲ့။ မလိုင်လုံးတွေပါထည့်ခဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒကာလေးနာမည် ဘယ်သူ"

"မင်းသက်နိုင်ပါ ဘုရား"

"အင်း. . . အင်း. . . ပန်းချီဆွဲတဲ့ဒကာနိုင်ရဲ့သားက လေယာဉ်ပျံမောင်းတယ်ဆိုတော့ တော်ပေတာပေါ့ကွယ်။ ဘာလဲ လေတပ်မတော်လား"

"မဟုတ်ပါဘူးဘုရား။ ယူဘီအေ လေယာဉ်မှူးပါဘုရား"

"ဩော်. . . ဩော် ဟုတ်. . . ဒကာလေး ရောက်တောင့်ရောက်ခဲ စားစမ်းပါ။ ငရုံချောက်က တစ်ချက်မှမငန်ဘူး။ ချိုနေတာပဲ။ မရီ ခင်ဗျား တူတော်မောင်ကို ကျွေးဦးလေဗျာ"

ဘုန်းကြီးသည် စားစေချင်ဇောနှင့်ပြောရင်း အတွင်းလိုက်ကာ ကာထားသည့်ဘက်သို့ ခေတ္တကြွ၍သွားသည်။ မကြာမီ ပြန်၍ထွက်လာပြီး လက်ထဲတွင် ပလပ်စတစ်အကောင်းစား ကြွတ်မဲမဲကလေးတစ်ခုယူ၍လာသည်။

"ဒီဇင်ဘာလ (၈) ရက်နေ့ဟာ သမီးမွေးနေ့ပဲကွယ့်။ တတ်နိုင်ရင်တော့ ဒီရက်မကျော်ခင် ဇင်ဇင့်ဆီ ပို့ပေးစေချင်တယ်။ မောင်ရင် ဟောဒီမှာလိပ်စာ"

"မှန်လှပါဘုရား။ စိတ်ချပါ။ ဒီပစ္စည်းရကြောင်းလည်း စာပြန်နိုင်းပါ့မယ်ဘုရား"

"အိမ်း. . . ပစ္စည်းက သူ့အမေပစ္စည်းပါပဲ။ တော်တော်အဖိုးတန်တယ်၊ ဒါပေမဲ့ ဘုန်းကြီးက ဒကာလေး နဖူးရေးရေကြည့်ပြီး ယုံကြည်ပါတယ်။ ပစ္စည်းပြောတာနော်။ အဟား. . . အဟား ဒကာလေးကို မရီတို့က ပြောထားလို့ တစ်မြို့တစ်ရွာမှာ တစ်ယောက်တည်းနေရရှာတဲ့ ဇင်ဇင့်ကိုတော့ ကလဲ့စားမချေလိုက်ပါနဲ့ ဒကာလေးရယ်"

မင်းသက်နိုင်သည် သောက်လက်စ ရေနွေးကြမ်းပန်းကန်ကို ယောင်ယမ်းချလိုက်ရင်းက. . .





"ပဒေါင့်ပဒေဘုရား။ တပည့်တော်မှာ ဒီလိုစိတ်ယုတ်မာမျိုး လုံးဝမရှိပါဘူးဘုရား"

"အဟား. . . အဟား. . . ဘုန်းကြီးက ရယ်စရာပြောတာပါ ဒကာလေးရယ်။ ရယ်စရာပြောတာပါ"

၁

အီဂျစ်ပြည်မှ အလှဘုရင်မ၏အတ္ထုပ္ပတ္တိကိုကြည့်၍ ပခုက္ကူသူ အလှဘုရင့်မ မသီတာအကြောင်းကို စဉ်းစားနေစဉ် ကလီယိုပါထရာဘုရင်မသည် အလှဆုံးသေပွဲဝင်နေပေပြီ။ တစ်ခါက အလှတန်ခိုးတွေ၊ အချစ်တန်ခိုးတွေ၊ အာဏာစက်တန်ခိုးတို့ မိုးမွှန်မတတ် ပြည့်စုံခဲ့ရသော်လည်း နောက်ဆုံး၌ ဤရုပ်ရှင်သည် တရားကျစရာကြီးပါတကား။

"ဟင်. . . သူတို့. . . သူတို့"

မင်းသက်နိုင်သည် သူတို့နှင့် တွေ့ချင်သေးသည်။ တွေ့စရာကလည်း ကိစ္စက ရှိသေးသည်မဟုတ်ပါလား။ ထို့ကြောင့် သူတို့ထွက်သွားရာ ရိုပ်ခနဲမြင်လိုက်ရာသို့ မျက်လုံးက ဝေ့ရမ်းရှာမိသည်။ ဗိုလ်ကြီးမြကေခိုင်၏ ယူနီဖောင်းကို မှတ်၍ထားလိုက်လေသည်။

"သူ့ခမျာ ရုံးက တန်းလာရတယ်ထင်ပါရဲ့။ ယူနီဖောင်းတောင် မချွတ်ခဲ့ရဘူး"

မင်းသက်နိုင်သည် ခါးလေးတောင့်တောင့်ဟန်တစ်မျိုးနှင့် ဗိုလ်ကြီးမြကေခိုင်အကြောင်းက တိုးဝှေ့ဝင်ရောက်လာပြန်သည်။

"ဟော. . . အို"

လျှပ်တပျက်အဖြစ်ကလေးသည် ကြုံလိုက်ရပုံ အံ့သြစရာပင်ကောင်း၍နေပေသည်။

ရုပ်ရှင်အပြီး သမ္မတရုံနောက်ဖက်လှေကားမှ လူထုကြီးတလှုပ်လှုပ်တရွေ့ရွေ့ ဆင်းလာကြစဉ် ညက ဆောင်းမိုးသည် သူငယ်ပြန်၍ရွာချ



www.burmeseclassic.com

www.burmeseclassic.com



ထားပုံရသည်။ မင်းသက်နိုင်ကလည်း သူတို့နားအရောက် ဗိုလ်ကြီးမြကေ နိုင်တို့အား နှုတ်ဆက်မည်အပြုတွင် ဇင်ဇင်သည် မိုးရေစပ်တွင် လျှောခနဲ ဖြစ်၍သွားရာ ဇင်ဇင်အမှူးပြုသော သူတို့သုံးဦးကိုသာ အာရုံထားနေသော မင်းသက်နိုင်အဖို့ ပါးစပ်မှ ဘာမှမထွက်ဘဲ ဇင်ဇင်၏လက်မောင်းကို ဖမ်းဆုပ်ထားလိုက်လေတော့၏။ ဤသို့ မင်းသက်နိုင်က အသံတိတ်ကူညီလိုက်ခြင်းဖြစ်သော်လည်း ဘေးနားမှ လူကြီးတစ်ယောက်သည် "ဟာ. . . အို" ဟူ၍ ထိတ်လန့်တကြားအသံ ထွက်ပေါ်လာသဖြင့် လူများသည် လှုပ်ခနဲ မင်းသက်နိုင်အားလည်းကောင်း၊ ချော်လဲတော့မည်ပုံဖြစ်သွားရသော ဇင်ဇင်မိန်းမချောကလေးအားလည်းကောင်း ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

"သတိထားနော်။ သတိထားကြ။ သိပ်ချော်တယ်"

လူကြီးတစ်ဦးက သတိပေးရင်း မီးရထားကြီး တူ. . . ဂျုတ်. . . ဂျုတ်. . . ပုံပုမာ ယဉ်ကျေးလွန်းသော လူတန်းစားတစ်စုသည် အလိုက်သိစွာ တရွေ့ရွေ့ကလေး ဆင်းလာကြသည်။

"ဟာ. . . ဦးမင်းသက်နိုင်ပါလား။ ဒါ. . . ဒါ ရှင်တွေ့ချင်တဲ့ မသီတာပေါ့"

"မသီတာ"

ပခုက္ကူသူ သူ့အမေမသီတာနှင့် ရောထွေးနေရသဖြင့် မင်းသက်နိုင်သည် ထိတ်လန့်သွားသလို ဇင်ဇင့်ကို မရယ်မပြုံးဘဲ ကြည့်လိုက်မိသည်။ အတန်ကြာမှ သတိဝင်လာရပြီး. . .

"ဘုန်းကြီးက ပစ္စည်းတစ်ခု ပါးလိုက်ပါတယ်ခင်ဗျာ။ မွေးနေ့မကုန်ခင်အရောက်ပို့ပေးပါဆိုတော့. . ."

"ဟုတ်ပါတယ်။ ကေနိုင်တို့ပြောလို့ သိပြီးပါပြီရှင်"

"ခု ပစ္စည်းလေးပါလာရင်လည်း ကောင်းသားဗျာ"

"အို. . . ကိစ္စမရှိပါဘူး။ မနက်ပိုင်း (၈) နာရီအထိ အိမ်မှာအမြဲရှိပါတယ်"





"ဒါဖြင့် ကျွန်တော် မနက်ပိုင်း ဆက်ဆက်လာပို့ပါမယ်ခင်ဗျာ"

မင်းသက်နိုင်သည် ဇင်ဇင်အား ထိုသို့ပြောပြီးသော် သူ၏သိဟောင်းနှစ်ဖော်ကိုလည်း လှည့်၍ယဉ်ကျေးမှုအလို့ငှာ ပြုံး၍ပြုံး၍ ပြရပေသည်။ ဇင်ဇင်ကမူ စောစောက သူချော်လဲမည်ပြုသွားရသည်ကို ဆရာမပီပီ ရှက်မဆုံးဖြစ်နေမိသည်။

သူတို့မြှောက်ပေးတာနဲ့ ဟောဒီဒေါက်ဖိနပ်စီးလာမိတာနဲ့ အရှက်ကွဲတာပဲ။ ဒီလူရော ငါ့ကို ဘယ်လောက်အထင်သေးမလဲ။ ကြဲကြဲဖန်ဖန်နော်။ တစ်သက်လုံး ချောလဲတာတို့၊ ဘာတို့ နမော်နမာမဲ့ တစ်ခါမှမဖြစ်ဘူးပါဘဲနဲ့နော်။ လူပုံလယ်ကျမှ ဟင်း. . . အဲ. . . အဲ. . . ဒီလူသာ ဆွဲမဖမ်းလိုက်ရင် ဟုတ်ပါရဲ့။ ကနေ့မှ ဖဲရောင်လက်လက်ပြောင်ပြောင်တွေနဲ့ ဂိုက်ပေးလာပြီး ဘယ်လောက်အရှက်ကွဲလိုက်မလဲ။ လုံချည်တွေ ရေစိုပြီး မရှုမလှဖြစ်မှာ သေချာတယ်။ ဇင်ဇင်သည် ယခုမှ လုံးစေ့ပတ်စေ့တွေးလာမိ၍ ထိုလူကို ကျေးဇူးတင်ယောင်ကလေးနှင့် မော့ကြည့်လိုက်မိသည်။

သူတို့အားလုံးအောက်သို့ ရောက်ကြလေပြီ။ လှေကားကျဉ်းမှ လွတ်လာ၍ အားလုံးပေါ့ပါးဖျတ်လတ်စွာ ကိုယ့်ကားရှိရာသို့ အသီးသီးလျှောက်သွားကြလေပြီ။ မော်စကိုဗစ်ကားတစ်ပတ်နွမ်းလေးဆီ မိန်းကလေးသုံးဦးလျှောက်သွားရာသို့ မင်းသက်နိုင်သည် မလှမ်းတလှမ်းလေးမှ လိုက်ပို့သယောင်နှင့် ပါ၍သွားသည်။

"သြော်. . . ကားဒရိုင်ဘာက ဒေါ်ငွေငွေကိုးခင်ဗျ"

မင်းသက်နိုင်က သူ့လက်ဝါးနှစ်ဖက်ပွတ်ရင်း ရယ်ပြောလိုက်သဖြင့် အားလုံးပြုံးသွားကြပြီး မြကေခိုင်အသွက်မလေးက. . .

"ဦးမင်းသက်နိုင်ရေ့. . . ကျွန်မတို့အိမ်က မိန်းမတိုင်းပြည်မဟုတ်လားရှင့်။ ဒီတော့ ငွေငွေက မိန်းမဒရိုင်ဘာ။ ကျွန်မက မိန်းမစက်ပြင်ဆရာ။ မသီတာက မိန်းမဘာတ်တလာ။ တစ်အိမ်လုံး အစုံလုပ်ကြရတာရှင့်"

"အဟင်း. . . အခုလို ပညာတတ်အမျိုးသမီးတွေက စုံပြီလုပ်သွား



www.burmeseclassic.com

www.burmeseclassic.com

ကြရင် မြန်မာပြည်အတွက် အမျိုးသမီးထုကြီးဟာ ပိုမိုတိုးတက်လာရမှာပေါ့ဗျာ"

"ရှင်ကလည်း တရားဟော ကောင်းတာပဲ။ ကဲ . . . ကျွန်မတို့သွားမယ်နော်"

စစ်ဗိုလ်မသည် စကားပြောဖော်ရှေ့သော်လည်း ပြတ်သားသည်။ ကားတံခါးကို ဖြန်းခနဲပိတ်၍ လက်ကလေးမြှောက်၍ နှုတ်ဆက်လိုက်သည်။

ဒေါက်တာဌေးဌေးသည် ကားသော့ကလေးကို လှည့်လိုက်ရင်း . . .

"ဒီတစ်ခါလာရင် လူမမှားတော့ပါဘူး။ သုံးယောက်လုံးမြင်ဖူးသွားပြီလေ"

ဟု ခပ်အေးအေးကလေးပြုံး၍ ခပ်အေးအေးပြောကာ အေးအေးကလေးပင် သူ့ကားကလေးကို မောင်းနှင်ထွက်ခွာသွားသည်။

"အလိုလေး . . . မမ။ ဧည့်သည်ကို ကျုပ်တို့မဆိုင်တဲ့လူနှစ်ယောက်က နှုတ်ဆက်ကြရတယ်။ မယောင်ရာဆီလူး ဒုက္ခပါပဲနော်။ သူကတော့ ငုတ်တုတ်တော့"

မြကေခိုင်သည် ငြိမ်စက်စက်ကြီးဖြစ်နေသော သီတာဇင်ကို အားရပါးရ အပြစ်တင်လိုက်သည်။

ဇင်။ ။ မပြောပါနဲ့တော့ သူငယ်ချင်းတို့ရယ်။

ခိုင်။ ။ ကဲ . . . ဒါဖြင့်လည်း မပြောတော့ဘူး။

ဇင်။ ။ ပြောတော့ပြောရဦးမှာပဲ။ ယူတို့နှစ်ယောက် မြှောက်ပေးကြတာနဲ့ ဒေါက်ဖက်လုပ်လာလိုက်တာ ကိုယ်တော့ သိပ်ရှက်တာပဲကွယ်။ လဲတောင် သေလိုက်ချင်တယ်။

ဌေးနှင့်ခိုင် ။ အဟား . . . ဟား . . . ဟား . . .







"မရွှေစာကလေးက ဒါစီတွာဇဖြစ်လာတာကိုး။ ဘာဆိုင်လဲ။ မတော်လို့ဥစ္စာ"

"ဟုတ်သားပဲ"

ဇင်။ ။ ဟာ . . . သိက္ခာကျလိုက်တာ ဌေးဌေးရယ်။ နောက်ပြီး ဒီလူကရော မသိတာကို ဘယ်လောက်အထင်သေးသွားမလဲ။ လူကို ဆပ်ကော့လတ်ကော့ ထင်သွားမှာပဲ။

"ဒါကြောင့် မမလေးက ဆတ်ကော့လတ်ကော့မဟုတ်ပါဘူးဆိုတဲ့ပုံနဲ့ မျက်နှာထားကြီးနဲ့ နေလိုက်တာပေါ့လေ"

"အင်း"

"ဟယ် . . . တော်တော်ရိုင်းတဲ့ကလေးမ။ ဟိုကသာ ဖမ်းမဆွဲလိုက်ရင် ကိုယ်တို့ကလည်း ခပ်မော့မော့ထွက်လာတာဆိုတော့ မြင်မှာမဟုတ်ဘူး။ ယူတော့လား။ ဟင်း . . . ဗရိုကိတ်လုံချည် ဖင်ရေကွက်ကြီးနဲ့ လှလိုက်မယ့်အမျိုး"

"အဟင်း . . . အဟင်း"

ဌေးဌေးသည် ကားမောင်းရင်း ကေခိုင်ပြောနေသည်ကိုမြင်ယောင်ပုံနှင့် ပခုံးလေးလှုပ်သည်ထိ ရယ်မောရင်း ပါသွားလေတော့သည်။

◆



www.burmeseclassic.com

www.burmeseclassic.com

၅

ဖင်မလီယာကားဖြူကလေးသည် ဤတစ်ကြိမ်၌ အိမ်မရှာရတော့ပေ။ ဝန်ဒါပင်ကလေးကိုမှတ်ထား၍ ထိုအရိပ်တွင် ရပ်လိုက်သည်။

ရန်ကင်းမြို့၏ နံနက်ခင်းကား သက်ဝင်လှုပ်ရှားမှု ရှိလွန်းလှသည်။ ပျားသလက်အုံအကြီးစားကြီးမှ ပျားတပ်ကြီးများ တတွဲစီတတန်းစီ တသုတ်ပြီးတသုတ် ထွက်၍ထွက်၍လာဘိသကဲ့သို့ ကျောင်းသား၊ ရုံးသမား၊ အလုပ်သမား၊ ဈေးသည်များ၊ ဈေးဝယ်များ၊ ကိုယ်ရေးကိုယ်တာကိစ္စရှိသူများ၊ ဆေးခန်းတွင် တန်းစီးရမည့်သူများသည် အချိန်ကိုလု၍ တက်တက်ကြွကြွ သုတ်သုတ်ပျာပျာနှင့်။ မြင်တွေ့ရသမျှသည် နံပါတ်-၁၇ ဟီးနိုးကားပေါ်မှ အိပ်ငိုက်မြည်း၍ ပါသွားသူများပင် ခေါင်းကိုရမ်း၍ မျက်လုံးကို ကမန်းကတန်းဖွင့်မိသွားကြလေတော့သတည်း။

မင်းသက်နိုင်ကိုယ်တိုင်လည်း ဤရှုခင်းများကို ရန်ကင်းအလယ်လမ်းမကြီးဝင်ကတည်းက သတိထားမိလာသည်။

ဤရန်ကင်းသူ၊ ရန်ကင်းသားများသည် အဖျင်း၊ အမှော်၊ ဖုံ၊



ပြီး



ခဲ့သလဲဆန်သော စကားပိုများကို မဆိုထားနှင့်၊ လိုအပ်သည့်စကားများပင် အေးအေးဆေးဆေး မပြောနိုင်ကြပါကလား။

မှန်သည်။ မင်းသက်နိုင်၏ကားကလေးမှတ်တိုင်ဂိတ်တွင် တစ်၍ခေတ္တရပ်နေစဉ်က လူတစ်ယောက်သည် ကားရပ်ခိုက် မှီ၍ မောကြီးသုတ်ပြာပြေးလာပြီးမှ ဈေးကပြန်လာဟန်ရှိသော အဒေါ်ကြီးတစ်ဦးဆီသို့ ဦးစွာပြေးလာပြီး. . .

"အမေ အိမ်သော့ အိမ်သော့။ ကျွန်တော် သွားမယ်အမေ။ ဒီနေ့စာရင်းပိတ်မယ့်နေ့မို့ စောစောသွားရမှာ အမေရဲ့။ ဪ. . . ဦးသာဒင်ကြီး လာသေးတယ်။ မှာသွားတာတွေ အစုံပဲအမေ။ ညနေမှ ပြောတော့မယ်"

ထိုရုံးသမားခမျာသည် အထက်ပါစကားစုကို ရပ်၍ အေးအေးဆေးဆေး မှာကြားပြောဆိုနေရခြင်းမဟုတ်ပါချေ။

သော့လေးကို ကိုင်၍ ပလက်ဖောင်းတစ်လျှောက်သို့ ပြေးလာရင်းက ပြော၍ သော့ပေးပြီး ဘတ်စ်ကားပေါ်သို့ ပြေးတက်ရင်းလည်း ပြော၍. . .

'မှာသွားတာတွေက အစုံပဲအမေ။ ညနေကျမှ ပြောတော့မယ်' ဟူသော စကားစုသည် ကားပေါ်ရောက်မှ လှမ်း၍ပြောလိုက်ရခြင်းပင်တည်း။ ဦးနှောက်နှင့် မျက်လုံးကို အလကားသက်သက်ထားတတ်လေ့မရှိသော လေယာဉ်မှူးသည် ခေါင်းတညိတ်ညိတ်နှင့် ကားပေါ်တွင် တွေးခေါ်ရင်းပါ၍ သွားခဲ့ရသည်။

ရန်ကင်းသူ အပျိုချောတို့၏အိမ်ဂေဟာကလေးသည် နံနက်ခင်း၌ တည်တည်ငြိမ်ငြိမ်နှင့် ပို၍ ကျက်သရေရှိနေသည်ဟု ထင်မိသည်၊

ဤသို့ ထင်နေရသည်ကလည်း အိမ်ရှင်မိန်းကလေးသုံးဦးတို့၏ အရည်အသွေးကြောင့်ပင် ဖြစ်ပေလိမ့်သည်။

"ဟော. . . ကြွပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



တော်ပေသေးသည်။ ယနေ့တော့ သီတာဇင်ကိုယ်တိုင် ကျောင်းဝတ်စုံအပြည့်အဝနှင့် စောင့်ဆိုင်းနေလေသည်။ သူ ဖိတ်ခေါ်လိုက်ပုံမှာ မပွင့်တပွင့် မရဲတရဲကလေးပင်ဖြစ်လင့်ကစား နူးညံ့ချိုသာလှသည်။

"လာရတာလည်း အကြိမ်ကြိမ်ဆိုတော့ အားနာစရာဖြစ်နေပါပြီရှင်"

"ကျွန်တော့်မှာ မပင်ပန်းပါဘူးခင်ဗျာ။ ပြီးတော့ ရန်ကင်းမြို့ကြီးကို ကြည့်ရတာလည်း သိပ်စိတ်ဝင်စားရာကောင်းတာပဲ"

"ဒါတော့ သက်သက်မြှောက်တာရှင့်။ သက်သက်မြှောက်တာ"

သံပုရာခွံဦးထုပ်ကလေးကိုဆောင်းရင်း ဗိုလ်ကြီးမမသည် ရုံးသွားရန် ယူနီဖောင်းအပြည့်အစုံနှင့် လှေကားပေါ်မှ ဆင်းလာရင်း ရွှန်းရွှန်းသွက်သွက်ကလေး ပြောလာသဖြင့် မင်းသက်နိုင်သည် သွားတက်ကလေးရေးရေးပေါ်သည်ထိ ရယ်၍. . .

"မမြှောက်ပါဘူးခင်ဗျာ။ အလုပ်သမားမြို့တော်ကြီးကို တကယ်စိတ်ဝင်စားမိရိုးအမှန်ပါ"

မင်းသက်နိုင်သည် စကားပြောလျှင် နူးညံ့သော်လည်း နက်နက်ရှိုင်းရှိုင်းနှင့် ပြောတတ်ပုံလေးသည် သူ့အတွက် မူကလေးတစ်မျိုးဖြစ်ကာ နားထောင်ချင့်စဖွယ် ရှိလေသည်။

"ဟော. . . ရုံးကားလာပြီ။ သွားလိုက်ဦးမယ် ဦးမင်းသက်နိုင်"

"ကောင်းပါပြီခင်ဗျာ။ အဲ. . . မသွားခင် တစ်ခုတော့ ပြောပါရစေ။ ကျွန်တော့်ကို ဦးမင်းသက်နိုင်ကြီးတွေဘာတွေတော့ မလုပ်ပါနဲ့ခင်ဗျာ။ သက်နိုင်ပဲခေါ်ခေါ်၊ မောင်သက်နိုင်ပဲကြိုက်ကြိုက်"

"ဟာ. . . မဟုတ်တာရှတ်။ မောင်သက်နိုင်တော့ မကြိုက်ဘူးရှင့်"

စစ်ဗိုလ်မလေးသည် ပွင့်လင်းရဲတင်းပြီး ဟာသကလေးပြောတတ်သောညဉ်ကြောင့် ပြောမိပြောရာ ပြောလိုက်ပြီးမှ ရှက်ရမှန်းသိလာပုံနှင့်





သူ့ပါးစပ်ကလေးကို လက်နှင့်ပိတ်၍ တခစ်ခစ်ရယ်ရင်း ကားရပ်ထားရာသို့ သုတ်သုတ်လေးလျှောက်သွားလေတော့သည်။

လှပသန့်ရှင်းသော ဧည့်ခန်းကလေးတွင် မင်းသက်နိုင်နှင့် ဇင်ဇင်တို့သည် ပြုံးရွှန်ကလေးနှင့် ကျန်ခဲ့ကြပြီး ဇင်ဇင်က စ၍မျက်နှာပိုးသပ်လိုက်သည်။

မသီတာ၏သမီး သီတာဇင်။ သို့မဟုတ် ဇင်ဇင်။ ဟုတ်ပါရဲ့။ ဒေါ်လေးရီပြောလည်း ပြောစရာပါပဲကလား။ တော်တော်လှတာပဲ။ လှတာမဟုတ်ဘူး။ ချစ်စရာကောင်းတာ။ သူ့အမေနဲ့ တော်တော်တူတယ်။ နှာသီးဖျားချွန်နေပုံကလေးက သူ့အဖေ ဘုန်းကြီးနဲ့ တူတာပဲ"

သားရေအိတ်အနက်ထဲမှ စိန်လက်စွပ်ဘူးကလေးကိုယူ၍ မသီတာအား လှမ်း၍ ပေးလိုက်သော်လည်း စကား မပြောမိပေ။ သူ့စိတ်တွင် အကျိုးပြုလက်ရှည် မြစိမ်းရောင်လုံချည်ကလေးနှင့် သိက္ခာရှိရှိလှ၍ မပြုံးမရယ် တည်ကြည်သောမျက်နှာကလေးကို ယောင်ယမ်း၍ ငေးကြည့်မိသည်။

"ဟော. . . အစောကြီးပဲ ရောက်လာသကိုး။ ကော်ဖီသောက်ပါဦး"

ဒေါ်ဌေးဌေးသည် သူ့ဟန်အတိုင်း ခပ်အေးအေးပင် ကော်ဖီတစ်ခွက်လာချ၍ တည်လေသည်။

"ဒုက္ခရှာလို့ဗျာ"

"ကော်ဖီနဲ့ မနက်မိတ်ဖက်ပဲရှင်။ သောက်ပါဦး"

"ဒေါ်ဌေးဌေးက အလုပ်ဘယ်အချိန်သွားရပါသလဲ"

"ခုပဲသွားမှာပါ။ လက်စွပ်ကလေး လှလိုက်တာနော်။ မသီတာဖေဖေက မွေးနေ့လက်ဆောင်ပို့လိုက်ပြန်ပြီထင်တယ်။ တစ်နှစ်တစ်ခါဒီလိုပဲ စိန်ထည်တွေ မွေးနေ့လက်ဆောင်ပေးနေကျ ဦးမင်းသက်နိုင်ရဲ့"

"ဟုတ်ကဲ့။ ကျွန်တော် ကျောင်းကို ရောက်ခဲ့ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ နေကောင်းပါသလားရှင်"

"နေကောင်းပါတယ်။ အဲ. . . ချောင်းတော့ နည်းနည်းဆိုးတယ်။ ကျွန်တော်တို့ရောက်သွားတော့ သံပုရာသီးနဲ့ လျက်ဆားလားမသိဘူး၊ လျက်နေတယ်"

"ဩော်. . . ဖေဖေက ဆေးသောက်သိပ်ကြောက်တာပဲရှင်။ ဘာဖြစ်ဖြစ် လျက်ဆားအားကိုးနေတာပဲ"

"ပရက်ရှာ နည်းနည်းရှိတယ်ဆိုရင် လျက်ဆားမစားဖို့ တာထပ်ရေးပါဦးကွယ်။ ကဲ. . . ကျွန်မ သွားမယ်နော်။ မသီတာက မနေ့က ဘိုင်စကုပ်ရုံပေါ်မှာ လဲသွားတာ သိပ်ရှက်နေတာရှင့်။ ဒါကြောင့် မလှုပ်တလှုပ်ဖြစ်နေတာ"

ဆရာဝန်မလေးသည် ထိုသို့ပြောရင်း ထွက်သွားပြန်သည်။

ဒေါ်ဒေါ်က ထိုသို့ပြောမှ မသီတာ့မျက်နှာကလေးသည် ပန်းနုသွေးပေါက်သွားရပြီး. . .

"ဟုတ်ပါတယ်။ ဒီက အစ်ကိုဦးသက်နိုင်ကိုရော၊ ဒီပြင်လူတွေရော သိပ်ရှက်ပါတယ်ရှင်။ စီးနေမကျမှန်းလည်း သိပ်သိသာသွားတာပေါ့။ အဟင်း"

သီတာဇင်သည် ကလေးသဖွယ် ရှက်စနိုးလေး အဟင်းခနဲ ရယ်လိုက်ပုံမှာ သူ့အလှကို တစ္စန်းတစဖွင့်ပြသကဲ့သို့ ရှိချေသည်။

"အို. . . မတော်တဆ ဖြစ်တာပဲဗျာ။ ဒီလို ဟီးလ်နဲ့ ခွာမြင့်ဖိနပ်တွေ စီးနေကျ အနောက်တိုင်းသူတွေတောင် အပြေးသွားလို့ ဘယ်ရလို့လဲခင်ဗျာ။ အဟင်း. . . အဟင်း. . . ဇင်ဇင်က ရှက်စရာမဟုတ် ရှက်နေတယ်"

မင်းသက်နိုင်သည် သူ့အဖေအတွက် ကံမကောင်းခဲ့ရသော မသီတာဆိုသည့်နာမည်ကို မခေါ်လို၍ ဇင်ဇင်ဟုပင် တမင်ကလာခေါ်လိုက်ခြင်းဖြစ်သည်။





"ကော်ဖီသုံးဆောင်ပါဦး။ မေမေခင်ကလည်း မသီတာ ဒေါက်ဖိနပ်မကြိုက်ပါဘူးဆိုလည်း ဒါတွေပဲ ပွိပွိနေတာပါပဲရှင်။ ဒါကြောင့် ကေခိုင်တို့က မစီးဘဲ အလှကြည့်နေမှာလားဆိုပြီး ဖွတ်စီးခိုင်းကြတော့ မသီတာ အရှက်ကွဲသွားတာပေါ့ အစ်ကိုဦးသက်နိုင်ရယ်"

သူ ခေါ်လိုက်ပုံသည် မင်းသက်နိုင် နားထဲ၌ တစ်မျိုးကြီး ထောင့်နေသော်လည်း ကြည်နူးမိသလိုလည်း ရှိသွားရသည်။ သို့သော် ချက်ချင်းပင် သူ့ဖေဖေ၏ ကြွက်တက်၍ လက်ပန်းကျကာ သေရမလောက် ရှုံ့ရှုံ့မဲ့မဲ့ပုံသဏ္ဌာန်ကိုမြင်ယောင်ရင်း မသီတာတည်းဟူသော အချစ်ပန်းကို မဆွတ်လှမ်းနိုင်ခဲ့ပုံကို စဉ်းစားမိပြန်တော့လည်း စိတ်ထဲ နာနာကျင်ကျင်ဖြစ်သွားရသည်။

တစ်ဖန် ဇင်ဇင့်ကိုတော့ ကလုံစားမချေလိုက်ပါနဲ့ ဒကာလေးရယ်ဟူသောအသံကို တစ်ဖက်ကလည်း ကြားလာရ၍ သူ၏သာယာနေသော နှလုံးသားများသည် ရုတ်တရက် ခက်ထရော်သွားရလေသည်။

"သံသရာရှည်အောင်ဗျာ. . . ဟွန်း. . . ဝေးပါသေးတယ်"

စိတ်ထဲမှ ရိုင်းရိုင်းစိုင်းစိုင်းပင် တွေး၍နေရာမှ ရုတ်ခနဲထလိုက်သည်။

"ဩော်. . . ပြန်တော့မလား အစ်ကိုဦးသက်နိုင်။ မသီတာ ရှစ်နာရီခွဲထိ နေလို့ရပါတယ်။ ဒီပြင်ကော ဖေဖေက ဘာတွေများ မှာလိုက်ပါသေးသလဲရှင်"

"ဒီပြင်လား"

"ဟုတ်ကဲ့"

မင်းသက်နိုင်သည် မျှော်လင့်တကြီးနှင့် မော့ကြည့်နေသော သီတာဇင်ကို စူးစူးဝါးဝါးကြည့်၍ တစ်ခုခုကို အားရပါးရပြောမည်ပြုပြီးမှ စိန်းဝါပြည့်ဖူးသောမျက်နှာ၊ အရှပ်မျက်ခုံး၊ အရှပ်မျက်တောင်တွင် သက်ဝင်လှုပ်ရှားလွန်းသော မျက်လုံးဝိုင်းဝိုင်းစက်စက်ကလေးတစ်စုံသည် သူ့မျက်လုံးမှ



www.burmeseclassic.com

www.burmeseclassic.com

ဖောက်ထိုးဝင်ရောက်သွားကာ သူ့သည်းခြေနားတွင် ဆောင့်ဝင်သွားသကဲ့သို့ပါတကား။ ထို့ကြောင့် ထင်၏။ သူ့မျက်နှာတင်းတင်းတွင် သိုင်းချီထားသော တဒင်္ဂဒေါသများသည် လွင့်စဉ်ကွယ်ပျောက်သွားကြလေတော့သတည်း။

"ပစ္စည်းရတဲ့အကြောင်း ပခုက္ကူကို စာ အမြန်ပြန်လိုက်ဖို့ပါပဲ ဇင်ဇင်။ ကျွန်တော့်ကို ခွင့်ပြုပါဦး"

မင်းသက်နိုင်သည် နောက်သို့ တစ်ခါမျှလှည့်မကြည့်တော့ဘဲ ကားလေးဆီသို့ တန်း၍လာခဲ့လေတော့၏။

"ငါ့အမှုအရာတွေဟာ ရိုင်းသွားသလား။ ရိုင်းသွားသလား"

မင်းသက်နိုင်သည် တစ်လမ်းလုံး စဉ်းစားရင်းက လေယာဉ်ကွင်းသို့ရောက်လာခဲ့သည်။

သူ့အဖေအကြောင်းကို သူ မသိရိုးမှန်ရင်တော့ ငါ သက်သက် ရိုင်းခဲ့မိတာပဲ။ ငါ့ရင်ထဲက ဒေါပွနေတာ သူက ဘယ်လိုလုပ်သိမလဲ။ အဲဒီတော့ ငါရိုင်းခဲ့မိတာပေါ့။ အို. . . သူ့အလှ၊ သူ့မျက်လုံးဟာ လှုပ်ရှားလွန်းတယ်။ ဖေဖေ. . . ဖေဖေ အသက်တိုသွားရတာ သူ့အမေ စိတ္တဇနေမှာပဲ။

ဟုတ်ပါတယ်။ ဟုတ်ပါတယ်။ ဖေဖေလည်း ကြားတည်းက အသက်တိုသွားရတာ အရင်းစစ်တော့ ဖေဖေဟာ တစ်ခါတုန်းက မသိတာဆိုတဲ့မိန်းကလေးကို ချစ်ခဲ့မိလို့ပဲ။

ရုံးခန်းထဲရောက်သည့်ထိ ဒါတွေကိုပင် ထပ်တလဲလဲ တွေးနေမိသည်။

"ကျေးဇူးပြု၍ နားဆင်ပါရှင်။ ပုသိမ်၊ ကျောက်ဖြူ၊ စစ်တွေသို့ ထွက်ခွာမယ့် X.Y A.C.N သည် မကြာမီ ထွက်တော့မည်ဖြစ်ပါ၍ ခရီးသည်များ လေယာဉ်ပေါ် တက်ရန် အဆင်သင့်ပြုလုပ်ထားကြစေလိုပါတယ်"

ဟူသော လော့စပီကာမှကြေညာသံကြားမှ မိမိဦးဆောင်၍ ပျံသန်းပို့ဆောင်ပေးရမည့်ခရီးစဉ်သို့ စိတ်အာရုံ ဖွတ်ပြောင်းလိုက်ရလေတော့၏။





ကိုးနာရီခွဲနေပြီမို့ သူ့ရုံးခန်းကလေးမှ ထွက်၍လာသည်။ ခရီးသည်များသည် ကုန်များ ကသုတ်ကရက် ချိန်ဆဲရောက်ဆဲ ရှုပ်ရှက်ခက်နေပေသည်။ တချို့တလေကလည်း မည်သည့်အချိန်က ရောက်နေသည်မသိ။ ကူရှင်တန်းလျားပုကလေးများတွင် တဝါးဝါး သန်းဝေနေကြပေသည်။

"ဦးသက်နိုင်။ တယ်လီဖုန်း တယ်လီဖုန်း။ ခဏကလေး ပြန်ကြွခဲ့ပါဦးခင်ဗျာ"

ရုံးခန်းမှ လှမ်း၍ခေါ် လိုက်သဖြင့် ခြေလှမ်းကျဲကြီးနှင့် လျှောက်သွားသော မင်းသက်နိုင်သည် မျက်ခုံးလေးတွန့်ရင်းက. . .

'ဒေါ် လေးစီ ဘာများ အရေးအခင်းပေါ် ပြန်ပလဲမသိဘူး' ဟု တွေးရင်း တယ်လီဖုန်းရှိရာသို့ပြန်ခဲ့လေသည်။

"မင်းသက်နိုင်ပါ"

"ဗျာ"

"ဇင်ဇင်လား"

"အို. . . ရိုင်းတယ်မအောက်မေ့ပါဘူး။ ပြီး. . . ပြီးတော့ ရိုင်းတာက ကျွန်တော်ပါ"

"ကျေးဇူးတင်စရာ မလိုပါဘူးဗျာ"

"လမ်းကြုံယူလာရတာပဲဗျာ"

"ဩော်. . . နှစ်ထပ်ကွမ်းကျေးဇူးကြီးများ တင်ရတယ်လို့ ဇင်ဇင်ရယ်"

"ခုတော့ အားနေပါတယ်။ ဒါပေမဲ့ ဆယ်နာရီတိတိမှာ စစ်တွေကို သွားရမှာပါ"

"အားနာစရာမရှိပါဘူးဗျာ။ ကောင်းပါပြီ။ ကောင်းပါပြီ"

တယ်လီဖုန်းခွက်ကို ပြန်၍ချလိုက်ရင်းက မင်းသက်နိုင်မျက်နှာသည် စောစောက သူ့ကိုယ်သူ မကျေမနပ်ဟန်များ လုံးဝလွင့်စဉ်သွားရလေတော့သတည်း။


www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်လဲ အာစရိရဲ့။ နာမည်ကလေးက ဇင်ဇင်တဲ့လား။ နားဝင်ချိုလှချေလားဗျာ"

အရန်လေယာဉ်မှူးကလေးကိုကိုကြည်က ပြုံးစစလှမ်း၍မေးလိုက်သဖြင့် မင်းသက်နိုင်မှာမခံချင်သလိုလို သည်းခြေပင်ခိုက်သွားရသလိုလို။

'အိုဗျာ. . . အသိပါ' ဟု ဖြေကြားခဲ့သော်လည်း သူ့အသံမှာ ပီတိသံနှောလျက် ရှိပေတော့သတည်း။

ယူဘီအေလေယာဉ်ကြီးသည် တိမ်တိုက်များကို ဖြတ်၍ဖြတ်၍ မှန်မှန်ကြီးမောင်းနှင်သွားရင်းက လေယာဉ်မှူးမင်းသက်နိုင်၏ နားကြပ်အုပ်စွပ်ထားသော နားနှစ်ဖက်တွင်. . .

"မသီတာလေ အစ်ကိုဦးသက်နိုင်ကို ကျေးဇူးတင်ကြောင်းလေးတောင် မပြောလိုက်မိလို့ ခု ကျောင်းရောက်ရောက်ချင်း ဖုန်းဆက်လိုက်တာပါပဲရှင်"

'မသီတာက နှုတ်သွက်လျှာသွက် ဆရာမပါ။ ဒါပေမဲ့ ဘိုင်စကုပ်ရုံပေါ်မှာ လဲသွားတာရှက်ပြီး စကားပြောဖို့ အားယူနေတုန်း အစ်ကိုဦးသက်နိုင်က ပြန်သွားတာကိုး-ရှင်' ဟူသော တယ်လီဖုန်းထဲမှ သီတာဇင့် အသံကလေးများသည် တဝေ့ဝေ့ တရစ်ရစ် ကြားယောင်နေရပါကလား။

ဖေဖေ. . .။

ပြီးတော့ သေသွားတဲ့မသီတာ။

အို. . . နှစ်ခါတည်းတွေ့ဖူးတဲ့ ငါက ဘာလို့ သူ့အကြောင်း စိတ်ဝင်စားနေရတာလဲ။ တော်ပြီ။ တော်ပြီ။

မင်းသက်နိုင်သည် သီတာဇင် အကြောင်းနှင့် သူ့အသံကို အတတ်နိုင်ဆုံး ခါထုတ်လိုက်ရလေတော့သတည်း။

◆



၆

လေအေးများ တသုတ်သုတ် တိုက်ခတ်ဝင်ရောက်လာသော ပြတင်းပေါက်ဆီသို့ အဓိပ္ပာယ်မရှိ လှမ်းကြည့်လိုက်။ လက်ထဲမှ စာကလေးကို ဖတ်လိုက်နှင့် ကိုယ်စိတ်နှစ်ပါး အလုပ်များနေရသူမှာ ဆရာမလေးသီတာဇင်ပင်တည်း။ စိတ်ထဲတွင် မခံမရပ်နိုင်လွန်းသောအခါ စာလေးကို ထပ်မံ၍ ဖတ်လိုက်မိပြန်သည်။

ဆရာမကြီးခင်ဗျား။

ကျွန်တော်၏ နှမကလေးဆွေဆွေသည် အောက်တိုဘာလအစမ်း စာမေးပွဲကြီးစစ်စဉ်က သင်္ချာ အမှတ်(၁) နှင့် အက္ခရာသင်္ချာအမှတ်(၂) တို့တွင် အမှတ်ပြည့်တစ်ရာစီ ရပါသည်ခင်ဗျား။

ကလေးများအတွက် သင်္ချာများတွင် မည့်ဖျင်းရန်လည်း အထူးဂရုစိုက်၍ ပြပေးပါခင်ဗျား။

ဆရာမကြီးတဆိတ် နားလည်ထားစေချင်တာကတော့ ကျွန်တော်တို့ လူတန်းစားတွေဟာ ကလေးများကို ကျူရှင်မပေးနိုင်ပါခင်ဗျား။

www.burmeseclassic.com



ရှစ်တန်းဆိုသည်ကလည်း အရေးကြီးလာပြီမို့ နှစ်စတည်းက ဆရာမကြီးက ကြပ်ကြပ်မတ်မတ် ဂရုစိုက်၍ ပေးစေချင်ပါတယ်ခင်ဗျား။

သို့သော် ကျွန်တော်၏နှမကလေး ဆွေဆွေမှာ ယခုလစဉ်စာမေးပွဲတွင် သင်္ချာအမှတ် (၁) တွင် ၄၀ မှတ်ရ၍ အက္ခရာသင်္ချာ အမှတ် (၂) တွင် ၂၀ အထိ ကျ၍ သွားရပါသည်ခင်ဗျား။

တော်နေသောကလေးတစ်ယောက် ယခုကဲ့သို့ အညံ့အဖျင်းစာရင်းဝင်သွားရသည်မှာ ဆရာမကြီးမှာ တာဝန်အရှိဆုံးဖြစ်ပါသည်ခင်ဗျား။

နှစ်စက တော်လာသောကလေးသည် နှစ်ဝက်ကျိုးပြီးနောက် စာမေးပွဲကြီးနီးမှ ပြန်လည်၍ အဆင့်ကျသွားရသည်မှာ လာလတ္တံ့သော စာမေးပွဲကြီးအတွက် အန္တရာယ်ကြီးလှပါသည်ခင်ဗျား။

ကျွန်တော်တို့ အချိန်ပြည့် အလုပ်သမားအတွက် မအားလပ်လွန်း၍ ကိုယ်တိုင်ကိုယ်ကျ လာရောက်မဆွေးနွေးနိုင်ဘဲ ယခုကဲ့သို့ စာတစ်တန် ပေတစ်တန်ပြုလုပ်ရခြင်းကိုတော့ ခွင့်လွှတ်ပါရန် တောင်းပန်ပါသည် ခင်ဗျား။

တင်မောင်မောင်

သဏ္ဌာန်ကြည့်ရတာ အိမ်ထောင်ခွဲအစ်ကိုတစ်ယောက် ဖြစ်ရမယ်။ ရေးသားပုံကိုက ဘူတာကြီးပုံသဏ္ဌာန်ပဲ။ အဘိုးကြီးအိုလေသံကြီးနဲ့ ငါ့များ မြည်မြည်တွန်တွန် ရေးထားလိုက်တာ။

"တောက်. . ."

ဆရာမ၏တောက်ခေါက်သံသည် ပြင်ပသို့ ထွက်မလာရှာပါ။ ဤစာရခြင်းအတွက် ဒေါသဖြစ်ရုံသာမက ဝမ်းလည်းနည်းမိသည်။ သူက ဤမျှစေတနာသုံးတန်ထား၍ ပြသပေးပါလျက်နှင့် ကျောင်းသားမိဘ အုပ်ထိန်းသူများသည် ရေးရက်ကြပါပေသည်။





"ဆွေဆွေ. . . ခဏ"

မိမိအား မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်နှင့် မရဲတရဲကြည့်နေသော ဆွေဆွေအား လှမ်း၍ခေါ်လိုက်လေသည်။

"ရော့. . . ဒီစာဖတ်ကြည့်စမ်း"

ဆွေဆွေသည် မျက်နှာငယ်လေးနှင့် ဖတ်ကြည့်ရှာသည်။

"ကျွန်. . . ကျွန်မလည်း အရိုက်ခံရပါတယ်ဆရာမ။ တကယ်တော့ ကျွန်မရှုံးလို့ပါ။ ဒီပုစ္ဆာတွေတုန်းကလည်း အချိန်ကို ရှာခိုင်းတာပါ။ ကျွန်မက ငွေရှာခိုင်းတယ်မှတ်တော့ အားလုံးမှားကုန်ရပါတယ်"

"ဒါနဲ့. . . မင်းတို့အစ်ကိုကြီးက မင်း သင်္ချာတစ်ရာစီ ရနေတုန်းကတော့ ဆရာမအသင်အပြကောင်းလို့တယ်လို့ ချီးကျူးစာမပို့ပါလား"

"ဟုတ်. . ဟုတ်ကဲ့. . . ကျွန်မအစ်ကိုကြီးအစား ဆရာမကို တောင်းပန်ပါတယ်"

ထိုသို့ ဆရာမနှင့် ဆွေဆွေတို့ပြောဆိုနေကြပုံကို စူးစိုက်နားထောင်နေသော ကျောင်းသူလေးတစ်ဦးသည် ရုတ်ခနဲ မတ်တတ်ရပ်လိုက်ပြီး. . .

"သူ့အစ်ကိုကြီးဟာ ကျွန်မကိုလည်း စော်ကားပါတယ်ရှင့်"

ဟု ပြောလိုက်သဖြင့် အတန်းသားကလေးများသည် အကျကောက်၍ တွေးတတ်သောအရွယ်ကလေးများဖြစ်ရကား ဝါးခနဲရယ်လိုက်ကြသည်။

"ဟေး. . ရှူး. . ရှူး. ."

"တိုးတိုးကွယ်၊ ရီရီမြင့် ဘာပြောတယ်။ စော်ကားတယ် ဟုတ်လား. . ."

ဆရာမသည် ကျောင်းသားများ အသံမကျယ်ရန် တားမြစ်ရင်း ရီရီမြင့်ဆိုသော ကလေးမလေးကို မေးလိုက်မိသည်။

"ဟုတ်ပါတယ် ဆရာမ။ တစ်နေ့က ဆွေဆွေက ကျွန်မရဲ့ ချိုစောင်း တစ်ဖက်တစ်ချက်ကို အတင်းလိုက်စမ်းပါတယ်။ ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းကိုင်တာ ကြိုက်တာမဟုတ်တော့ ဆွေဆွေနဲ့ စကားများကြပါတယ်။ ဒီတော့ သူက ပြန်တောင်းပန်ပါတယ်။ စိတ်မရှိပါနဲ့ သူငယ်ချင်းရယ်တဲ့။ ကိုယ်တို့ကိုကြီးက မင်းခေါင်းကို စမ်းအကြည့်ခိုင်းလို့ပါတဲ့။ ကျွန်မကလည်း ဘာလို့ ငါ့ခေါင်းအကြည့်ခိုင်းရတာလဲလို့မေးတော့ သူ့အစ်ကိုကပြောတယ်တဲ့. . .။ အတန်းထဲမှာ ပထမရတဲ့ကောင်မလေးရဲ့ဦးချိုတစ်ဖက်တစ်ချက်မှာ ချိုပေါက်စကလေးတွေ ပေါက်နေတယ်တဲ့။ ဒါကြောင့် သူအတန်းထဲအမြဲပထမရတာပေါ့တဲ့။ ရအောင်စမ်းကြည့်ပါဆိုလို့ ကျွန်မခေါင်းကို မရမကစမ်းကြည့်လို့ ကျွန်မနဲ့ ရန်ဖြစ်ရပါသေးတယ်"

"သူပြောတာ ဟုတ်သလား ဆွေဆွေ"

"ဟုတ်ပါတယ်ဆရာမ"

ဆရာမ။ ။ မင်းအစ်ကိုပြောသလို ချိုပေါက်စကလေးတွေ တွေ့သလား။

ကျောင်းသားများ။ ဝါး. . . ဟား. . . ဟား. . .။

ဆရာမ ။ ဟော့. . . မရယ်ကြနဲ့ကွယ်။

ဆွေ ။ မတွေ့ပါဘူးဆရာမ။

ဆရာမ ။ အဲ. . . တော့။

ဆွေ ။ ကျွန်မအစ်ကိုကြီးကို ပြန်ပြောပြတော့ အဲ. . . အတန်းထဲမှာ စာတော်ပြီး ပထမအမြဲရတဲ့လူမှာလည်း ချို (ဦးချို) ပေါက်မနေဘူးဆိုတာ နင် လက်တွေ့သိရပြီမဟုတ်လား။ သူလည်း ချိုမပါဘူး။ သူပထမရရင် နင်လည်း ပထမရအောင် လုပ်ရမယ်ဆိုပြီး ကျက်စာတွေနင်းကျက်ခိုင်းတော့ အတွက်မှာ ညံ့သွားတာပါဆရာမ။

"အတွက်တွေညံ့သွားတော့ ဆရာမဆီ မြားဦးလှည့်လာပြန်ရောလား။ မင်းအစ်ကိုကြီးတော့ တော်တော်ဆိုးပါလားကွယ်"

သီတာဇင်သည် ပြောသာပြောရသည်။ နှမအား စာတော်စေချင်





လွန်းသောအစ်ကို့စေတနာကိုဖြင့် သူက ရယ်ချင်ချင်နှင့်လက်ခံရပေတော့မည်။

"ဟုတ်ကဲ့။ ကျွန်မ အစ်ကိုကြီးအစား ဆရာမကို တောင်းပန်ပါတယ်ရှင်"

"ကိစ္စမရှိပါဘူးကွယ်။ ကဲ. . . မင်း ဒီရှေ့ဘက်က အားနေတဲ့ရှေ့ခုံရွှေ့ခဲ့။ ဆရာမလည်း တတ်အားသရွေ့ ကြိုးစားပြမယ်။ မင်းကလည်း ကြိုးစားပြီး စိတ်ပါလက်ပါတွက်ပါ။ ရှေ့အပတ်ထဲမှာ လစဉ်စာမေးပွဲမှာ အမှတ်ကောင်းကောင်းရအောင် ဖြေဖို့ကတော့ မင်းတာဝန်ပဲဟုတ်လား"

"ဟုတ်ကဲ့ပါ ဆရာမ"


www.burmeseclassic.com

www.burmeseclassic.com

## ၇

ရန်ကင်းမြို့တော်ကြီးတွင် ၉၅ ရာခိုင်နှုန်းသော လူတန်းစားများသည် အစိုးရလခစားများဖြစ်ကြပေသည်။

သို့သော် ပညာသည် လူတန်းစားစုံသည်ဟု ဆိုရပေမည်။ စာရေးဆရာ၊ သီချင်းရေးဆရာ၊ ပန်းပုပန်းချီ၊ ပန်းတိမ်၊ တူရိယာအဖွဲ့၊ အဆိုတော်၊ အိမ်ဈေးဆိုင်၊ စိန်ပွဲစား၊ တိုက်ပွဲစား၊ ကားပွဲစား၊ ကမ္ဘာ့ဌာန်းထိုင်သူ၊ ပုတီးအမိဌာန်စိပ်သူ၊ အရက်ကို ဆေးအဖြစ်ဝါးအဖြစ်သောက်သူ၊ ခပ်လွှန်လွှန်ကလေး သောက်သူ၊ ဘဝစုံလာသူ၊ ဗဟုသုတဟင်းလေးအိုးကြီးများ၊ တကယ့်ပညာရှိကြီးများ၊ သက်တမ်းတစ်ဝက်ကျော်ကျော် ရွှေထီးဆောင်းခဲ့ရသည့် ပင်စင်စားအရာရှိကြီးများ၊ လူလတ်တန်းစားပင်စင်စားများ၊ တောပျက်၍မြို့တက်လာသော တောသူဌေးများ၊ မုဆိုးမ မုဆိုးဖိုများ၊ စစ်ဖက်အမှုထမ်းများ၊ ရဲဘော်ဟောင်းများ၊ နိုင်ငံရေးသမားများ၊ ရေနံမြေသခင်သခင်မဟောင်းကြီးများ၊ အခြားအခြားသော လူတန်းစားများစွာလည်း ရှိပေသေးသည်။

တစ်နည်းဆိုရသော် မြန်မာနိုင်ငံ၌ လူတန်းစားမျိုးစုံ၊ ပညာသည်





မျိုးစုံ တစ်နေရာတည်းစုပေါင်း၍နေထိုင်ကြသော မြို့ကြီးတစ်မြို့ကိုပြပါဆိုလျှင် ဤရန်ကင်းမြို့တော်ကြီးကိုပင် ပြသရပေလိမ့်မည်ဖြစ်သတည်း။

ဤသို့မိဘမျိုးစုံ မတစ်ထောင် ဖတစ်ထောင်တို့မှ ကိုယ့်စီးပွားရေးအခြေအနေဖြင့် လူဖြစ်ပေါက်ဖွားလာရသော ရန်ကင်းချက်မြုပ် (ရန်ကင်းကြီး) ကလေးလူငယ်အပေါင်းတို့အား မြန်မာ့ဆိုရှယ်လစ်စနစ်၏သားကောင်းသမီးကောင်းများအဖြစ် တစ်ပုံစံတည်း လူလားမြောက်ခဲ့ကြသည်။ ကြီးပြင်းခဲ့ကြသည်။

ဝမ်းမြောက်နှစ်သိမ့်ဖွယ်ကောင်းလေစွတကား။

ပညာမရှိလျှင် လူမဖြစ်။ အလုပ်မလုပ်လျှင် ထမင်းမရှိ။ ဒီဂရီမရှိလျှင် လူမခေါ်။ ကိုယ်ကြိုးစားမှ ကိုယ်ခံစားရမည်။ ပိုက်ဆံစုမိမှ ပြည်သူ့ဆိုင်ကပေးသောပစ္စည်းများ သွက်သွက်ပြေးထုတ်နိုင်မည်။

ထိုထက်မကစုမိလျှင် ဘတ်စ်ကားတိုးစီးရသောဘဝမှ လွတ်ကင်း၍ ကားဝယ်နိုင်မည်။ သုံးဘီးရပ်စောင့်ရသောဘဝမှ ကင်းလွတ်မည် အစရှိသော ခေတ်သစ်အတွေးအခေါ်များကို ကလေးတိုင်း ကျောင်းသားကျောင်းသူတိုင်း တွေးတတ်ကြသည်။ နားလည်ကြသည်။

ထို့ကြောင့်လည်း မိဘများရုန်းကန်၍ ပညာသင်ပေးသမျှ ကြိုးစားကြသည်။ ကြိုးစားသည်မှာ သာမန်မဟုတ်ချေ။ နှစ်ဘာသာဂုဏ်ထူး၊ သုံးဘာသာဂုဏ်ထူး၊ လေးဘာသာဂုဏ်ထူးတွေ ပလူပျံနေလေသည်။

ကလေးများ၏သိတတ်မှုကို စာရင်းချုပ်ရသော် တစ်နှစ်တစ်နှစ်ရန်ကင်းမြို့မှ ဘွဲ့ရသူများ အဆမတန်တိုးပွားလာရလေတော့သတည်း။

နောက်တစ်ချက် ရန်ကင်းမြို့၏ ချစ်စရာအကွက်မှာ တစ်ထပ်နှင့်တစ်ထပ်၊ တစ်ခန်းနှင့် တစ်ခန်း ရိုင်းပင်းကူညီညာ၍ (ရန်ကုန်မဆန်ဘဲ) နယ်ဆန်ခြင်းပင်တည်း။ သူစိမ်းတရံများ အိမ်ရှာလျှင်လည်း သိုးသိုးသွက်သွက် ပြောပြပေးဖော်ရသည်။

ဤကား ရန်ကင်းမြို့၏ချစ်စရာရှုခင်းလေးများပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ကလည်း ရပ်ကွက်လူကြီးများသည် တနင်္ဂနွေနေ့လမ်းလျှောက်ပွဲသို့လိုက်မည့်သူများ အိမ်စေ့တက်စေ့လိုက်၍ စာရင်းကောက်နေကြပေသည်။

ဒေါက်တာဌေးဌေးတို့အိမ်သို့ရောက်လာသောအခါ အိမ်ရှင်အမျိုးသမီးကလေးသုံးဦးသည် သူတို့၏ဥယျာဉ်ကလေးကို လှသထက်လှစေရန် ရေလောင်းသူကလောင်း၊ ကိုင်းဖြတ်သူကဖြတ်၊ သစ်ခွပင်ကလေးများကို အုတ်နီခဲချေထည့်သူကထည့်နှင့် အမြဲတစေ သပ်ရပ်လှပစေရန် အမြဲတစေ ယခုကဲ့သို့ ပြုပြင်ကြမြဲဖြစ်သည်။

"အင်း. . . ဗိုလ်ကြီး၊ ဆရာမ၊ ဒေါက်တာတို့ ကြည့်လိုက်ရမှကိုးခင်ဗျ။ အချိန်ပြည့်အလုပ်လုပ်ကြတာပဲခင်ဗျား"

(အား-ကာ) ကော်မတီအချို့နှင့် ရပ်ကွက်လူကြီး ဆော်သြသူများ ရောက်လာရင်း အိမ်ရှင်များကို ချီးကျူး၍ နှုတ်ဆက်သမှုပြုလိုက်သဖြင့်. . .

"တစ်ရက်နှစ်ရက်မကြည့်မိရင် အပြင်က ညောင်ရွက်တွေ လွင့်လာတာပဲရှင့်။ ဦးလေးခင်တို့ လမ်းလျှောက်ဖို့ စာရင်းလာယူကြတယ်ထင်တယ်"

"ဟုတ်ပါတယ်ခင်ဗျာ။ ဟုတ်ပါတယ်။ ဒီအပတ်တော့ သုံးယောက်စလုံး စံပြဦးဆောင်ပြီးလိုက်ပေးကြဖို့ မေတ္တာရပ်ခံချင်ပါတယ်"

"တစ်ယောက်ကတော့ စားဖို့မှူးလုပ်ထားခဲ့ရဦးမှာ ဦးလေးခင်ရဲ့"

"တစ်ရက်တလေပဲဗျာ။ အပြန်မှ သုံးယောက်သား ဝိုင်းချက်လိုက်ကြတာပေါ့ခင်ဗျာ။ ဒါပဲ။ ကျွန်တော်တော့ စာရင်းသွင်းလိုက်ပြီ၊ စောစောလည်း ကြွခဲ့ကြပါခင်ဗျာ၊ ဩော်. . ဒီအပတ် ဘောက်ထော်ကွင်းမှာ လူစုကြမယ်ခင်ဗျ။ တောင်ဥက္ကလာတစ်ပတ်ပတ်ပြီး အထကကျောင်းရှေ့မှာ ပြန်စုမယ်"

"ဒေါ်သီတာဇင်တို့ အပြန်ကျ အမောပြေမှာပါ။ ကံဘဲ့ဆရာ





အတတ်သင်ကျောင်းက ဆရာ၊ ဆရာမလေးတွေရဲ့ ကျန်းမာရေးလေ့ကျင့်ခန်းကို ဆက်ကြည့်ရမယ်ခင်ဗျ"

"ဟန်ကျတာပေါ့။ ကျွန်မတို့သုံးယောက် လိုက်မယ်လိုက်မယ်။ စာရင်းသွင်းလိုက်။ အဲ. . . အပြန်ကျမောမောနဲ့ အလုပ်မလုပ်နိုင်ရင် ဦးလေးခင်တို့အိမ် အန်တီမာချက်တဲ့ထမင်းဟင်းတွေ အကုန်လာစားမှာပဲနော်"

"ဟား. . . ဟား. . ဟား. . . စားကြပါခင်ဗျာ။ စားကြပါ။ ကေခိုင်တို့ အန်တီမာလည်း လမ်းလျှောက်လိုက်မှာလေ။ ဒါပေမဲ့ အားလုံးချက်ပြုတ်ထားပြီးသားဗျ"

"အန်တီမာကြီး ကော်မတီကတော်သိပ်ပီသတာပဲ။ ဝီရိယတော့ အလွန်ကောင်းပါပဲ"

"အဟဲ. . . အဟဲ. . . ဟိုကကြားရင် ဌေးဌေးတို့ကို ထမင်းကျွေးချင်လာမှာ သေချာတယ်ဗျ"

ဦးလေးခင်တို့အဖွဲ့သည် တစ်ဖက်အိမ်သို့ ဝင်သွားကြပြန်သည်။

"ကော်ကပ်ပါရဂူမမမူကြီး လမ်းလျှောက်လိုက်ရမှာနော်။ လောဘကြီးပြီး အညောင်းတွေထိုင်တာ ခါးကိုကုန်းနေပြီ"

ကေခိုင်၏အသံဝါဝါကလေးသည် တစ်ဖက်အိမ်သို့ပင် ရောက်လာသည်။

ရန်ကင်းအမျိုးသမီးလောကတွင် အကျီချုပ်ကော်ကပ်၌ နာမည်ကြီးလှသော မသန်းမူကို သီတာဇင်တို့အဖွဲ့က ကော်ကပ်ပါရဂူမသန်းမူဟူ၍ နာမည်ပေးထားခြင်းဖြစ်သည်။

"စိတ်ချ စိတ်ချ။ မမူတို့ရပ်ကွက်က ဘယ်လောက်ညီညွတ်တယ်ဆိုတာ ပြရမှာပေါ့။ သားသားကို ညကတည်းက ဒေါ်ဒေါ်တို့တိုက်ပို့ထားပြီး ကိုညွှန့်ရွှေပါ နှစ်ယောက်လုံး လိုက်မှာ ရှင်တို့ရေ"

"ဒါမှ တို့မမမူကွ"


www.burmeseclassic.com

www.burmeseclassic.com



ကေခိုင်တို့လူစုသည် ခြံရှင်းမပျက် လှမ်း၍ထောပနာပြုလိုက်ကြလေတော့သတည်း။

ထိုနေ့ညက သုံးနာရီတွင်နိုးရန် နာရီကိုနှိုးစက်လှည့်ထားလိုက်ကြသည်။

နောက်တစ်နေ့ နံနက်မှောင်တဝါးဝါးလေးတွင် သူတို့သုံးယောက်သည် ဘောင်းဘီအရှည်အဖြူ၊ နက်ပြာရောင်စပို့ရှပ်၊ ဂျော်ကီဦးထုပ်အဖြူ၊ ကင်းဗတ်ရှူးအဖြူတို့ဖြင့် အားလုံးဆင်တူဝတ်စား၍ ပြီးစီးလေတော့သတည်း။

မှောင်ပျပျအချိန်ကလေးပင်ဖြစ်လင့်၍ ရန်ကင်းမြို့တော်မှ တိုက်ခန်းအသီးသီးတွင် မီးများဖွင့်၍ လမ်းမြောင်လမ်းသွယ်ပလက်ဖောင်းနှင့် လမ်းမကြီးတစ်လျှောက်တို့ဝယ် သုံးယောက်တစ်တွဲ၊ လေးယောက်တစ်တွဲ၊ အဘိုးကြီး၊ လူကြီး၊ လူလတ်၊ လူငယ်ကလေး၊ မိန်းမကြီးအလတ်အငယ်၊ ရွယ်စုံတက်စုံထွက်၍ထွက်၍လာကြသည်။

"ဟိုမှာ ဒေါ်ဌေးဌေးတို့အဖွဲ့ကို ကြည့်စမ်းပါဦးဗျာ။ မချမ်းတဲ့အတိုင်းပဲ"

"တစ်ယောက်က ရှပ်ရှင်မင်းသမီးတင်တင်အေးနဲ့ တူတယ်ဗျာ။ တစ်ယောက်က ဝါဝါဝင်းရွှေနဲ့တူတယ်။ ဌေးဌေးက ဝတော့ ဒေစီနဲ့တူတယ်ဗျာ"

သူတို့သုံးဦးအား အနွေးထည်တွေ အပြည့်အစုံဝတ်ထားသူများက ကြည့်၍ ကြက်သီးထနေကြသည်။

မှန်ပေသည်။ ဟေမန္တဆောင်းသမယ၌ ဝေလီဝေလင်းနံနက်ခင်းတွင် ချမ်းလိုက်သည်မှာ ခိုက်ခိုက်တုန်နေပေတော့၏။

လက်ဖျားခြေဖျားအေး၍ ပါးစပ်မှ အာငွေ့များတထောင်းထောင်းထွက်၍ နေကြပေသည်။

အဖွဲ့အဖွဲ့ အသုတ်အသုတ်တို့သည် ဘောက်ထော်ကွင်းသို့ ဦးတည်ရောက်ရှိစုဝေးမိကြလေပြီတည်း။





"လာကြ. . . လာကြ။ ဗိုလ်ကြီးမမတို့သုံးယောက် ရှေ့ဆုံးက ခေါင်းဆောင်ကြ"

"အဟင်း. . . အဟင်း. . . ဦးလေးခင်ကြီးက သိပ်လိမ္မာတာပဲ။ ကျွန်မတို့ လမ်းလျှောက်နေတာ သတင်းထောက်တွေ လာရိုက်ရင်တော့ ရှေ့ဆုံးကပါအောင်ထင်တယ်"

"ဟုတ်ပါ့ဗျာ။ ရန်ကင်းအပျိုတော်ကလေးတွေ မျက်နှာစာကတင် ရပါတယ်။ လာကြ လာကြ။ အမျိုးသားက နောက်တန်းသုံးယောက်တွဲ၊ အမျိုးသမီးတစ်တန်း၊ အမျိုးသားတစ်တန်း တန်းစီကြပါ။ ဟေး. . . တင်မောင်မောင်၊ တင်ဦးဇော်၊ ကိုတင်သိန်းလာကြ။ တင်သုံးယောက်က တစ်တန်း။ ဆရာမတို့နောက်က လာကြ"

ဦးလေးခင်သည် သက္ကလတ်လက်ရှည်သိုးမွှေးခေါင်းစွပ်ကြီးနှင့် လက်နှစ်ဖက်ကို ရဲလက်ပြဝတ္တရားဆောင်သူပမာ ဟိုညွှန်ဒီတန်းနှင့် အကြိမ်ကြိမ်ပြုလုပ်ရသော်လည်း ပန်းသည်ဟု မထင်။ ပြုံးပြုံးရွှင်ရွှင် တက်တက်ကြွကြွရှိလှန်းလှပေတော့သည်တကား။

"ဟိုမှာ. . . မမမူကြီးကြည့်စမ်း။ သူ့ယောက်ျားဘောင်းဘီကြီး ဝတ်လာတယ်ထင်တယ်"

"မမမူရေ. . . လှတယ် လှတယ်။ ခါးကုန်းပြီး လမ်းမလျှောက်နဲ့လေ။ ဟုတ်ပြီ ဟုတ်ပြီ"

"ဟော. . . အန်တီမာက ကင်းဗတ်နဲ့ ဘာနဲ့ စမတ်ပါလား"

"ကေခိုင်ရေ. . . အန်တီက ဘောင်းဘီရှည်တောင် ဝတ်ချင်တာ။ ဒီပုံကြီးနဲ့ လူရယ်မစိုးလို့"

"အို. . . အန်တီမာကလည်း ကုက္ကိုင်းရေကူးကန်များ သွားကြည့်စမ်းပါ။ ချက်အမျိုးသမီးကြီးတစ်ဦး ရေကူးနေလိုက်တာ သူ့ဗိုက်ကြီးကို ခြောက်ပိဿာလောက်ရှိမလားမသိပါဘူး အန်တီမာရယ်"

"အဟင်း. . . အဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာငွေငွေသည် ထိုအမျိုးသမီးရေကူးနေပုံ၊ ရေကူးဝတ်စုံကြားမှ အသားပိုကြီးများထွက်နေပုံကို မြင်ယောင်ရင်း ရယ်လိုက်မိသည်။

"အင်း. . . ဒီလိုဆိုရင် အန်တီ့မာဗိုက်က ဒီလောက်မဆိုးသေးတော့ ဝတ်ဦးမှထင်တယ်"

အမှန်စင်စစ် အန်တီမာသည် လုံးကြီးပေါက်လှမိန်းမချောကြီးသာတည်း။

"ဆရာမရေ. . . မြှောက်ပေးမနေနဲ့။ တူမတို့ အန်တီမာက တကယ်ဝတ်နေမှာဗျ။ သူက ခေတ်ကြီးနဲ့အတူ ချီတက်ဖို့ နည်းနည်းမှ ဝန်လေးတာမဟုတ်ဘူးဗျ"

ဦးလေးခင်က လူတွေနေရာချရင်းက လှမ်း၍ပြောလိုက်သဖြင့် အားလုံးတဝါးဝါးနှင့်ရယ်ရင်း စိုပြေသွားရလေတော့၏။

အချိန်ကား မှောင်တဝါး။

ဥတုသည် ခိုက်ခိုက်တုန်၍ လုပ်သားပြည်သူတို့ အိပ်ရေးနှပ်ချိန်ဖြစ်သော်လည်း အထက်ပါအတိုင်း ကိုယ့်အဖွဲ့နှင့်ကိုယ် ရယ်စရာကလေးများ တရင်းတနှီးပြောကြရင်းက ရပ်ဆွေရပ်မျိုး၊ တိုက်ဆွေတိုက်မျိုးများသည် လက်ရေတစ်ပြင်တည်း နှီးနှောပြောဆိုကြခြင်းဖြင့် စုံစုံညီ၍ရှိပေတော့သတည်း။

တင်မောင်မောင်သည် သူ့ရှေ့မှလမ်းလျှောက်စထွက်ရန် တာစူနေသော သီတာဇင်ကို အံ့ဩဝမ်းသာလေးကြည့်လိုက်မိသည်။

"ဩော်. . . ဘယ်သူများလဲလို့ဗျာ။ ဟို. . . ဟို. . . မမပါလား"

လူရွယ်သည် ဝမ်းသာအားရလှမ်း၍ နှုတ်ဆက်လိုက်သည်။

ဒေါက်တာငွေငွေနှင့် မြကေခိုင်တို့သည် တစ်ဖက်၌စကားကောင်းနေကြ၍မကြားချေ။

သီတာဇင်သည် ချက်ချင်း သူ့ကိုမှတ်မိသွားရသည်။ တစ်ခါတုန်းက သူ့ဆွဲခြင်းကို ကူညီသယ်ဆောင်ပေးသောလူမဟုတ်ပါလား။





ယခုတော့လည်း ဘောင်းဘီရှည် စကော့ကွက်ဂျာကင်အနီကလေးနှင့် လူကြီးပုံဖမ်းနေသည်။

သို့သော် မှုန်ပျပျအလင်းရောက်အောက်တွင်ပင် သူ့မျက်နှာသည် စိုပြေ၍ နုပျိုနေပေသည်။ တစ်နည်းမူ သူ့မျက်နှာသည် ကိုယ်ဟန်ထွားသလောက် ကလေးဆန်သောသန့်ရှင်းမှုများနှင့် ပြည့်ဝနေပေသည်။ သို့တစေ လူရွယ်ကလေးတစ်ဦးကို တရင်းတနှီးမလုပ်လို၍. . .

"ဩော်. . . မင်းတို့အဖွဲ့က မမတို့နောက်ကကိုး"

ဟု သာမန်လေသံနှင့် ပြန်လည်တုံ့ပြန်ပြောရင်း ရှေ့သို့လှည့်နေလိုက်သည်။

လူရွယ်သည် အမူအရာအားဖြင့် ငြိမ်ငြိမ်သက်သက်ပင် ကြည့်နေသော်လည်း သူ့စိတ်ထဲတွင် သီတာဇင်က သူ့ကိုအရေးမစိုက်သကဲ့သို့ ဟန်များကို မချင့်မရဲဖြစ်သွားရသည်။

တစ်ဆက်တည်းပင် သူ ရုန်းကန်နေရသောဘဝနှင့် သီတာဇင်၏ ဖူးဖူးရှရှဘဝကလေးတို့ကို နှိုင်းယှဉ်လိုက်မိသောအခါ စောစောက တာလွှတ်ခါနီး မြင်းကလေးကဲ့သို့ လမ်းလျှောက်ရန် ခွာတရှုပ်ရှုပ်ပြင်ဆင်နေသမျှ ဟန်ပြင်နေသမျှ တစ်ချီတည်း ငြိမ်ကျသွားရသည်။

တစ်မျိုးအားဖြင့်ဆိုရသော် သီတာဇင်က သူ့ကို အရာမသွင်းသကဲ့သို့ပုံများသည် သူ့အား ရုတ်တရက် ထိခိုက်သွားရစေသည်။

သို့သော် သီတာဇင်က သူ့ကို တစ်ဖန်လှည့်ကြည့်သည်။ သူကြည့်ပုံသည် မရယ်မပြုံးပင်ဖြစ်သော်လည်း သူ့ကို အကဲခတ်ယောင်ယောင်ကလေးပါနေပေသည်။

"ဒါနဲ့ တစ်နေ့က ဆွဲခြင်းကူသယ်ပေးတာ ကျေးဇူးတင်တယ်။ မင်းက ဖိုဖက်ကူးသွားတော့ ကျေးဇူးတင်ကြောင်းမပြောလိုက်ရဘူး"

လူရွယ်အရပ်သည် သူ့ထက်မြင့်၍ သူ့ထက် ထွားသော်လည်း တမင်ကလာ မင်းဟူ၍ ထည့်ပြောလိုက်သည်။

www.burmeseclassic.com

"အာ. . . ကိစ္စမရှိပါဘူးမမရယ်"

လူရွယ်သည်ပါးနပ်သည်၊ သူ့အား အထင်ကြီးပုံမရသော သီတာဇင်ကို စကားကြောမရှည်တော့ဘဲ ခပ်တိုတိုပင် ပြန်ဖြေလိုက်သော်လည်း သူ့လက်နှစ်ဖက်ကို ပွတ်ရင်းက မျက်နှာဝင်းဝင်းလှလှကလေးနှင့် စပို့ရှပ်၊ ဘောင်းဘီရှည်တို့ကို ဝတ်ဆင်ထား၍ သူ့သဘာဝအလှများကို ယောင်ရမ်း၍ ကြည့်လိုက်မိသည်။

သီတာဇင်သည် လူရွယ်ကို ရှက်သွားသလို အားနာသလိုကလေး လှစ်ခနဲဝင်လာသဖြင့်. . .

"ဒီနေ့မှ ပိုချမ်းသလိုပဲ"

ဟု ပြောမိပြောရာ ပြောလိုက်သည်၊ သည်တော့လည်း လူရွယ်သည် သူ့မျက်လုံးရွှန်းရွှန်းကြီးကို ပုတ်ခတ်ခတ် ပြုလုပ်မိသွားရသည်။

"ဟုတ်ပါရဲ့ဗျာ။ မမတို့သုံးယောက်က စပို့ရှပ်ကလေးတွေနဲ့ ချမ်းမှာပဲနော်။ ရော့လေ. . . ကျွန်တော့်ဂျာကင်ယူမလား"

ဘယ်လိုကောင်လေးမှန်း မသိဘူး။ သူ့ဂျာကင်အပါးစားလေးကို ချွတ်၍ ဖွတ်ပေးနေပေသည်။

"အို. . . မယူပါဘူး။ မမ ချမ်းမှမချမ်းပဲ"

သီတာဇင်က ထိုသို့ပြောရင်း အရှေ့ဖက်သို့ လှည့်သွားသည်။

"ကဲ. . . အားလုံး အသင့်ဖြစ်ကြပြီနော်။ ကျွန်တော် ခရာမှုတ်ပါတော့မယ်ခင်ဗျ။ အားလုံး အသင့်ပြင်ကြပါ"

"ရွှီ. . ."

ဦးလေးခင်၏ ခရာသံအဆုံးဝယ် ရှေ့ဆုံးမြကေခိုင်တို့အဖွဲ့မှစ၍ ဘယ်ညာ မြိုင်မြိုင်ညီညီ လှမ်းကာလှမ်းကာ သွားကြလျှင် နောက်မှသုံးယောက်တန်းမိန်းမ ယောကျ်ားတစ်တန်းခြားတို့သည် အားရစဖွယ်ချီတက်သွားကြလေတော့သတည်း။

အားကစားစိတ်ဓာတ်ဖြင့် တင်မောင်မောင်သည် ကြိုးစားသတိ





ထား၍ မျက်လုံးလွှဲ၍ထားရင်းက သူ့မျက်နှာသည် သီတာဇင်၏ ခါးကျဉ်ကျဉ်နှင့် လုံးကျစ်နေသော တင်ဖွံ့ဖွံ့ကလေးကို ကြည့်ကောင်းကောင်းနှင့် မျက်လုံးကရောက်၍ရောက်၍သွားရသည်။

သို့သော် အားကစားသမားစိတ်ဓာတ်ကို သတိရသောအခါ မျက်နှာကို ဖွတ်လွှဲ၍ ထားလိုက်လေတော့သတည်း။

လမ်းလျှောက်အဖွဲ့များကို ထွက်ကြည့်ကြသည်ကပင် ပွဲကလေး ပမာတစ်လမ်းလုံး စည်ကား၍နေပေတော့၏။

"အစ်မကြီးတို့ မောကြပြီလားခင်ဗျာ"

ကိုတင်သိန်းက လူလတ်ပိုင်းအရွယ်ပီပီ အားလုံးကို ရဲရဲတင်းတင်း ပြောရဲဆိုရဲသည်။

"မမောသေးပါဘူးရှင့်"

"ဘာလဲခင်ဗျာ၊ ဟောဟဲ ဟောဟဲလား"

"အဟင်း. . . အဟင်း။ ဟုတ်တာတွေ ပြောမနေနဲ့ရှင်ရေ့၊ တကယ်မောလာပြီ"

ဒေါက်တာဌေးဌေးက ပြန်လှည့်မကြည့်ဘဲ ပြန်၍ပြောလိုက်သည်။

"မောရင် လက်လွှဲပြီး လျှောက်ရတယ်ဗျ"

"ဟုတ်လား။ မသီတာလုပ်လေ။ လက်လွှဲလျှောက်ပါလား"

မြကေခိုင်ကလှမ်း၍ မောနေပုံရသူသီတာဇင်အား ပြောလိုက်သဖြင့် သီတာဇင်ကလည်း လက်ကို အားရပါးရလွှဲလိုက်သည်။

"အို. . . မတော်လို့ နော်။ မတော်လို့"

သီတာဇင်သည် ကပျာကယာလှည့်၍တောင်းပန်စဉ် နောက်လူများ၏ တစ်ခစ်ခစ်ရယ်သံကို သီတာဇင်ခမျာ ပူပူရှိန်းရှိန်း ခံယူလိုက်ရပေတော့သတည်း။

အဘယ်ကြောင့်ဆိုသော် သူ အားရပါးရ လက်လွှဲလိုက်သဖြင့်တင်မောင်မောင်ကို ဘယ်မှန်းမသိ ခိုက်မိသွားရသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပုခက်လွှဲသောလက်သာ ကမ္ဘာကို အုပ်စိုးနိုင်တာမဟုတ်ဘူးနော်။ လက်လွှဲသန်သောဆရာမသည်လည်း အန္တရာယ်ရှိတယ်ဗျို့။ ရှေ့ကို သိပ်မတိုးကြနဲ့ခင်ဗျာ"

ဒီကောင်လေးက တော်တော်လာပါလား။ ငါ့ကို ဆရာမဆိုတာ ဘယ်လိုသိသလဲ။ ပြီးတော့ အပြောင်တွေ အနောက်တွေ ပြောနေလိုက်တာ။

သီတာဇင်က သူ့ကို မကျေမနပ်မျက်နှာကလေးစူ၍ နောက်သို့ လှည့်ကြည့်လိုက်ရာ တင်မောင်မောင်၏ပြုံးပြုံးချိုချိုနှင့် ရွှန်းစိုသောမျက်လုံးအစုံသည် သူ့အား စောင့်ကြိုဖမ်းစား၍နေသဖြင့် ဆရာမသီတာဇင်သည် ကြောက်အားလန့်အားနှင့် ချာခနဲ ရှေ့သို့လှည့်လိုက်လေတော့သတည်း။

ထိုနေ့က လမ်းလျှောက်ပြန်များသည် အ. ထ. က ကွင်းရှေ့သို့ ပြန်လည် စုရုံးမိကြသော် ကံဘဲ့ဆရာအတတ်သင်သိပ္ပံမှ ဆရာ၊ ဆရာမလောင်းတို့၏ လေ့ကျင့်ခန်းမြိုင်မြိုင်များကို တစ်ထိုင်တည်း တစ်အိုးတစ်ဝကြီး ကြည့်ရှုခွင့်ရခဲ့ကြလေတော့၏။

"မမ။ ကျွန်တော်သွားတော့မယ်"

လူတွေ ရှုတ်ရှုတ်ရက်ရက်နှင့် ကြားထဲတွင် သီတာဇင်နားသို့ သူသည် ရောက်မိအောင် ရောက်လာလိုက်သေးသည်။

"နေဦး။ မင်းကို တစ်ခုတော့ ပြောလိုက်ချင်တယ်"

"ပြောပါခင်ဗျာ။ ပြောပါ"

"မမဟာ ကျောင်းသူလေးတွေကို စံပြအနေနဲ့ အုပ်ချုပ်နေရတဲ့ ကျောင်းဆရာမကွယ့်"

"ဟုတ်ကဲ့။ ကိုတင်သိန်း ပြောပါတယ်"

"အေး. . . ဒီတော့ မမအဖို့ ယောကျာ်းလေးအသိမိတ်ဆွေတွေ မလိုချင်ဘူး"

"ဗျာ"





"မင်း မရှင်းဘူးထင်တယ်။ မမကို မိတ်ဆွေတစ်ယောက်တော့ ရပဟဲ့လို့ နှုတ်ဆက်လားပြုလားလုပ်ဖို့မလိုပါဘူး။ ဒါပဲ"

သီတာဇင်သည် ထိုသို့ပြောပြီးသော် ချာခနဲ ရှေ့သို့ထွက်သွားလေတော့၏။ သို့သော်. . .

"မာနကြီးလိုက်တာဗျာ။ နှုတ်ဆက်တာလေးများ"

ဟူသော လူရွယ်၏ညည်းတွားသံသည် သူ့နားထဲသို့ပြေးဝင်လာကြလေတော့သတည်း။

◆



www.burmeseclassic.com

www.burmeseclassic.com

၈

တက္ကသိုလ်ရိပ်သာလမ်း၊ အင်းလျားကန်ဆွယ်တွင် 'စစ်အေးရိပ်သာ' ဟူ၍ ဆိုင်းဘုတ်ကလေးတပ်ဆင်ထားသော ဧက၀က်ခန့်မြေပေါ်တွင် တိုက်ကြီးတစ်လုံးနှင့် ကန်ရေစပ်ဘက်တွင် တိုက်သေးသေးတစ်လုံး ဆောက်လုပ်ထားလေသည်။

ခြံထဲတွင် သရက်၊ ပိန္နဲ၊ မာလကာပင်များအပြင် ယိုးဒယားသစ်ခွပင်အဖြူများ၊ ပန်းရောင်စပ်စပ်ကြီးများ ခြံလုံးပြည့်စိုက်ထားသဖြင့် ကားလမ်းပေါ်မှ ဖြတ်သန်းလှမ်းမျှော်မြင်သူများသည် ကံကောင်းလေစွတကားဟူ၍ သရေတမြားမြားဖြစ်ချင်စရာကြီးပင်တည်း။

သို့သော်။

အတွင်းသို့ လှမ်းမျှော်ကြည့်လိုက်ပါမူ ဂျင်းပင်အစိမ်း၊ အကျီအစိမ်း၊ ဦးထုပ်ရှည်အစိမ်းကိုဆောင်း၍ မေးသိုင်းကြိုးကို ပန်းပွင့်သဖွယ် ကြိုးစရှည်ရှည်ကို ဖဲကြိုးသဖွယ်ချည်နှောင်ထားသော အသက်နှစ်ဆယ်ကျော်အရွယ်မိန်းကလေးတစ်ဦးသည် ခြံထဲတွင် လျှောက်၍ပြေးလွှားခုန်ပေါက်၍ ကစားနေပေသည်။





ကလေးကစားသော မြားကို စလွယ်သိုင်းလွယ်၍ မြားတံထည့်သောအိတ်လှလှကလေးကလည်း ကျောပိုးထဲတွင် စတိုင်ကျကျချိတ်ဆွဲထားပေသည်။

ခြံထဲမှ သရက်ပင်၊ ပိန္နဲပင်များတွင် သံပြားဝိုင်းကလေးများ ကပ်ချိတ်၍ ပေးထားလေသည်။ ထိုဘောင်းဘီစိမ်းနှင့် ကလေးမသည် ကျားပါးစပ်ပုံ ရှူးဖိနပ်အပျော့ကိုစီး၍ သံပြားစက်ဝိုင်းကလေးများဆီသို့ မြားတံများ တဖောက်ဖောက်ကပ်လွှတ်နေပေသည်။

မြားတံများဘက်တွင် ရာဘာအဝိုင်းကလေးများ တပ်ဆင်ထား၍ သံပြားလေးသို့လည်းကောင်း၊ သစ်ပင်ပင်စည်သို့လည်းကောင်း၊ တဖြောက်ဖြောက်နှင့်သွား၍ကပ်သော် ထိုမိန်းကလေးသည် လက်ခုပ်လက်ဝါးတီး၍ သဘောတကျကျ ရယ်လေတော့သတည်း။

သူ့နောက်မှ အိမ်ဖော်မသိန်းမေသည် တကောက်ကောက်ကပ်လိုက်၍ စောင့်ရှောက်ရှုမှုမက မြားတံများကို ပြန်လည်၍စုရင်းက သူ့ထံပြန်၍ပြန်၍ ပို့ပေးရသည်။

"မမအေး။ မမောသေးဘူးလား။ တိုက်ပေါ် တက်ကြပါစို့"

မသိန်းမေက မရဲတရဲနှင့် ပြောလိုက်ရှာသည်။

ခင်စစ်အေးဆိုသည့် သနားကမားမိန်းကလေးသည် စစ်ချီဟန်နှင့် မာန်ပါပါလမ်းလျှောက်ရင်းက မသိန်းမေအား မျက်စောင်းထိုး၍. . .

"တိုက်ပေါ်တက်ဖို့ မပြောနဲ့နော်။ မပြောနဲ့။ နောက်တစ်ခါပြောရင် ရော်ဘင်ဟုက ဟောဒီလို ဟောဒီလို ပစ်ထည့်လိုက်မှာဗျ။ ဟားဟား"

ဟု ပြောရင်းက အပြီးသတ်တွင် မသိန်းမေ၏လက်မောင်းကို မြားနှင့် လှမ်း၍ပစ်လိုက်လေသည်။

မသိန်းမေသည် မြားယိုပ်မှ ရာဘာအဝိုင်းခွက်ခွက်ကလေးဒဏ်ကိုခံရဖန်များ၍ ပန်းနှင့်ပေါက်သကဲ့သို့ ဖြစ်နေရပေပြီ။ မျက်လုံးများဆီသို့



www.burmeseclassic.com

www.burmeseclassic.com



မခိုက်မိရန် အရှောင်အတိမ်းများကလည်း ကျင်လည်၍ပင် နေရလေပြီ တကား။

"ဟော. . . ဟော။ ကားသံကြားတယ်။ ကိုကိုထင်တယ်။ ကိုကိုကြီးကို မြားနဲ့ချောင်းပစ်ရအောင်။ မသိန်း အသံမပေးနဲ့နော်။ အဟီ. . . ဟီ. . . ကိုကိုကြီး သေတော့မယ်။ ကိုကိုသေတော့မယ်"

လမ်းမမှ တဝီဝီဖြတ်သန်းသွားလာနေသော ကားများကို ဝင်းထရံကြားမှ လှမ်းကြည့်လိုက်၊ မြားနှင့် ချိန်လိုက်၊ တဟီဟီရယ်လိုက်၊ မျက်လုံးကြီးပြူးလိုက်၊ ကိုကိုသေတော့မယ်ဟူ၍ သီချင်းဆိုသည့်နှယ် အော်လိုက်နှင့် သူ့အထိန်းတော် မသိန်းမေသည် တစ်မနက်စာလုံး ခြံကို ပတ်ပတ်ပြေးနေရ၍ ဖတ်ဖတ်လန်မျှ အမောဆို့၍နေပေပြီ။

"မမအေးရယ်. . . ဘာတွေ လျှောက်ပြောနေတာလဲ။ ကိုကိုက မမအေးယောကျ်ားဆို။ မမအေးက သူ့မိန်းမဆိုတော့ အိမ်ကနေပြီး ထမင်းတွေဟင်းတွေ ချက်ပြုတ်ပြီး စောင့်နေဖို့ကောင်းတာပေါ့"

"ကိုကိုမင်းသက်နိုင်က ငါ့ယောကျ်ားဟုတ်လား"

"ဟုတ်တယ်လေ။ တစ်ခါတုန်းက မမအေးလက်ထပ်တုန်းက ဝတ်တဲ့မင်းသမီးအကျီတောင် မေမေကြီးက ထုတ်ပြသေးတယ် မဟုတ်လား။ မမအေးက မေ့တတ်လိုက်တာ။ ပြန်စဉ်းစားပါဦးလေ"

မြားတံကြီး တချိန်ချိန်ပြုလုပ်နေသော ခင်စစ်အေးသည် တစ်ချက်တည်းငိုင်တွေတွေကလေး ဖြစ်သွားရပြီး. . .

"အို. . . ဒါဖြင့် ခုသူဘယ်သွားလဲ။ ငါ့ယောကျ်ားကိုကိုလေ"

"မေမေကြီးပြောတော့ ရခိုင်ပြည်သွားတယ်တဲ့။ ဒီနေ့ပြန်ရောက်မယ်တဲ့။ ထမင်းလေးဟင်းလေး ချက်ထားဖို့ကောင်းတာပေါ့။ မမအေးက ခုလို ဂရုမစိုက်ရင် ဘယ်လိုလုပ်မလဲ။ လာပါ၊ ဒီအဝတ်အစားတွေချွတ်ပြီး ထမင်းဟင်းချက်ချည်ရအောင် မသိန်းလည်း တစ်နက်လုံးပြေးနေတာ မောနေပြီ။ လာပါ. . မမအေးရဲ့"





မသိန်းမေသည် ဘောင်းဘီစိမ်း၊ အကျီစိမ်း ကိုးယိုကားယားကြီးနှင့် ခင်စစ်အေးကို ချော့မော့၍ တိုက်ကြီးပေါ်သို့ ခေါ်ဆောင်သွားရလေတော့၏။

ထိုအခြင်းအရာများကို တိုက်ပြတင်းပေါက်မှ အလုံးစုံလှမ်းမြင်နေရသော ဒေါ်ခင်စီသည် လက်ထဲမှ ပယင်းပုတီးကလေးကို တဖျောက်ဖျောက်စိပ်ရင်းက ခေါင်းတဆတ်ဆတ်ပြုလုပ်ကာ. . .

"အော်. . . ကိုကျော်ဝင်း. . . ကိုကျော်ဝင်း၊ ရှင့်သမီးကလေး ဒုက္ခလာကြည့်ပါအုံးလားရှင်ရယ်။ လူမသေဘဲနဲ့ ဘဝသေပြီး အင်း. . . အင်း. . . ရှင်ကတော့ သေသွားရတော့ ဝဋ်ကျွတ်သွားရတာပေါ့။ စိတ်မချမ်းသာစရာတွေ မြင်မနေရဘူးပေါ့ရှင်. . ."

ဟု ပြောရင်းက ခန်းလုလုဖြစ်နေရသော မျက်ရည်များပင် ဝေ့ဝေ့လည်၍ ဆင်းလာရရှာလေတော့၏။

မသိန်းမေသည် ခင်စစ်အေးအား ချော့မော့ခေါ်ဆောင်ခဲ့ပြီး ကလေးကစားသော အိုးသာသာကလေးများနှင့် ဆန်နို့ဆီဘူးဝက်မရှိတရှိ လောက်ထည့်၍ တကယ်ချက်စေသည်။

အမြဲလိုလို အရန်သင့်ဝယ်ခြမ်းထားရသော အသီးအနှံနှင့် အသားအနည်းငယ်တို့ကို မသိန်းမေက အရန်သင့်ထုတ်ပေးရသည်။

ခင်စစ်အေးက ဂေါ်ဖီထုတ်ယူလှီးမည်ဆို၍ ကြည့်နေလိုက်ရသော်လည်းမသိန်းမေခမျာ သတိကို လျှင်လျှင်ထားရရှာသည်။

တစ်ခါတုန်းက သူကြက်သွန်လှီးရင်း စိတ်မတွေ့၍ ဓားနှင့်လှမ်းပေါက်ခဲ့ဖူးသည်မဟုတ်ပါလား။

"ဟောတော့. . . မမအေးက ဂေါ်ဖီကြော်ထဲမှာ ရေတွေအရင်ထည့်ရလား"

"ဟင်း. . . မသိရင်အသာနေနော်။ ဒီက. . . တွင်းရိုးကြီးဦးရဲ့ရဲ့မြေးတွင်းစားကြီးဦးကျော်ဝင်းနဲ့ ရေနံချောင်းဝန်ကြီးရဲ့မြစ် ဒေါ်ခင်လေးစီ



www.burmeseclassic.com

www.burmeseclassic.com

တို့ရဲ့သမီးကို ဘာအောင့်မေ့လို့လဲ။ မေမေက ဘိုင်ကုလားကို ဟင်းချက်ခေါ်သင်ထားပေးတာ မသိန်းရဲ့"

"အင်း. . . အင်း. . . ဒါတွေတော့လည်း ငါ့သမီးကလေးက တစ်ခု မလွဲမှတ်မိရှာသားပဲ။ ကျွတ်. . . ကျွတ်. . ."

ဒေါ်ခင်လေးစီသည် သူ့သမီးကိုကြည့်ရင်း သူ့ရင်သူဖိထားလိုက်ရရှာသည်။

"မမအေးကို ဘိုင်ကုလားက ဘာတွေသင်ပေးသလဲဟင်. . ."

"အို. . . သင်ပေးတာမှအစုံ။ ဒီဘိုင်ကုလားနာမည်က အရှောင်တဲ့"

"အရှောင်. . . ဟုတ်လား"

မသိန်းမေမှာ ရယ်ချင်သမျှ ချုပ်တည်းထားရင်း အရှောင်ဆိုတာ တရုတ် နာမည်ကြီးပဲ၊ မမအေးကလည်း. . ."

"အဲ. . . ဟုတ်တယ်၊ ဟုတ်တယ်၊ ပေါက်စီသည်နဲ့ မှားသွားလို့။ ဘိုင်ကုလားနာမည်က ဘယ်သူတဲ့၊ မေမေစီ လုပ်ပါဦး၊ သမီးမေ့သွားလို့"

ဂေါ်ဖီထုပ်တွေကို ကော်ပတ်စာဖြစ်သည်အထိ ယောင်းမနှင့် ထမနဲထိုးသကဲ့သို့ ထိုးမွှေရင်းက လှမ်း၍မေးလိုက်သဖြင့် စိတ်ပုတီးလေးကို ရွှေကလေးစိတ်နေသော ဒေါ်ခင်လေးစီသည် မီးဖိုဝသို့ ပြန်လျှောက်လာကာ "ဂျန်နဘားလေသမီးရဲ့" ဟူ၍ဖြေကြားပေးလိုက်ရသည်။

"အဟီး. . . မေမေစီက ဉာဏ်သိပ်ကောင်းတာပဲ။ အကုန်မှတ်မိတယ်နော်၊ သမီးကတော့ ဂျပန်မှာ အမေရိကန်ကြဲခဲ့တဲ့ အဏုမြူဗုံးက ရောင်ခြည်နည်းနည်းဟပ်မိလို့ တစ်ခါတစ်ခါ မေ့တတ်တယ် မေမေစီရဲ့။ အဟီး. . ."

ဂေါ်ဖီထုပ်ကြော်အိုးကို အားစိုက်မွှေရင်း ပြောချင်ရာပြောနေသော ခင်စစ်အေးကိုဒေါ်ခင်စီတို့ ဆရာတပည့်နှစ်ဦးသည် ရင်တနင့်နင့်နှင့်





ကြည့်ကြရင်း မသိန်းမေက သူ့မေမေကြီး အာရုံပြောင်းစေရန် မျက်နှာကို ချိုချိုနှင့်ပြင်၍. . .

"မမအေးကို အဲဒီဘိုင်ကုလားကြီးက ဘာတွေ သင်ပေးသလဲဟင်"

"အစုံပေါ့။ ကြက်ဥမကျက်တကျက် ပြုတ်နည်း. . ."

"ဟယ်. . . တော်တော်ခက်ပါလား"

"ငရုတ်သီးအတောင့် ကျွတ်ကျွတ်ကြော်နည်း. . ."

"အဟီး. . တော်တော်ဆန်းတဲ့ ဟင်းတွေနော်။ ဒါနဲ့ ကြက်ဥမကျက်တကျက်ပြုတ်တာဘယ်လောက်ကြာသလဲ"

"သိပ်မကြာပါဘူး။ တစ်နာရီနဲ့ သုံးမိနစ်လောက်ဆိုရင် ကြက်ဥမကျက်တကျက်ရတာပေါ့"

"ဖွီး. . . ဟီး. . . ဟီး. . ."

"ဘာရယ်တာလဲ မသိန်း"

"ဩော်. . . ကြက်ဥအကျက် မမြန်ဘူးလားလို့ပါ"

"မမြန်ပါဘူး။ အာလူးမလိုင်တို့၊ ဖစ်(ရှ) မိလီ၊ အိန္ဒိယပြည်ကီးမားကြော်၊ ဂရိပြည်အမဲနှပ်၊ တရုတ်ပြည်နို့သားကြော်၊ အမေရိကန်အမဲဆားနယ်ချက်. . ."

"ဩော်. . . ဩော်. . . အများကြီးသင့်ခဲ့တာကိုး"

ခင်စစ်အေးပါးစပ်မှ ဟင်းနည်းစာရင်း ဆုံးတော့မည်မဟုတ်၍ မသိန်းမေက နားညည်းပုံနှင့် ပိတ်၍ပြောလိုက်သည်။

"အဲ. . . အဲ. . . ဒယ်အိုးထဲကဟာတွေ တော်ပါတော့၊ ဘာတွေလဲ၊ မွှေတာနဲ့ စားစရာမကျန်တော့ဘူး မမအေးရဲ့"

ဂေါ်ဖီထုပ်တွေနွမ်းပျော့ပြီး ဘာမှမကျန်တော့သကဲ့သို့ရှိစဉ် ခင်စစ်အေးသည် သူ တစီစီမွှေရသည်ကို ကျေနပ်ပုံနှင့် ပြုံးသွားရပြီး ပန်းကန်ဆေးသည့်နားသို့ ရုတ်တရက်ထသွားကာ ဖွဲပြာတစ်ဆုပ်ယူခဲ့၍ ဒယ်အိုးထဲသို့ မာန်ပါပါဖြူးလိုက်ရင်း တစ်ဖန်မွှေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မသိန်းမေက ရှုံ့ရှုံ့မဲ့မဲ့ကြည့်ရင်း . . .

"ဟီး. . . မမအေး ဟင်းကလေးကတော့ စားချင့်စရာကလေး နော်။ ကိုကိုတော့ သိပ်မြိန်မှာပဲ"

"ကိုကိုက ရခိုင်ပြည်နယ်ကတောင် ပြန်လာရမှာမဟုတ်လား။ ဒါ မစ်ရှိမိုလီလို့ခေါ်တယ်။ ငါးမြင်းသားရယ်၊ ကြက်သွန်ဥကြီးရယ်၊ အာလူး လေး ပြောက်ကြားရယ်၊ နွားနို့ရယ်လေ စပါယ်ရှယ်ချက်ထားတာပေါ့"

မသိန်းမေမှာ ရယ်ရလွန်း၍ မရယ်ချင်တော့ပေ။ သူ့သခင်အရှုးမ ကို စိတ်ပျက်လက်ပျက်ကြီးသာ ကြည့်၍နေလိုက်ပေတော့သတည်း။

"ဟော. . ဒါ. . . ဒါ ကိုကို့ကားဟွန်းသံမဟုတ်လား"

"ဟုတ်တယ်ဟဲ့။ ဟုတ်တယ်။ မောင်သက်နိုင်ပြန်လာပြီ"

အဒေါ်ကြီးရော၊ သူတို့နှစ်ယောက်ပါ တိုက်ဝလာကြည့်နေကြ သည်။ သို့သော် မင်းသက်နိုင်သည် ထုံးစံအတိုင်း လက်တစ်ဖက်မြှောက်ပြ ၍ နှုတ်ဆက်ရင်း သူ့တိုက်ပုလေးဆီသို့ ဦးတည်မောင်းနှင်သွားလေတော့ သတည်း။

"ဟွန့်. . . ကိုကိုက ကိုယ့်မိန်းမဆီတော့ တန်းမလာဘူး။ နေဦး၊ နေဦး။ ကိုကို့ကို မြှားနဲ့ လှမ်းပစ်ဦးမယ်"

မြှားသံကြားလျှင် ဖျားချင်မတတ် စိတ်သောကရောက်ရသူမှာ မသိန်းမေဖြစ်သည်။ သူ မြှားအိတ်ကိုင်မိလျှင် မိမိသည် သူ့နောက်က သေချင်ပက်ကျိလိုက်မှ တကောက်ကောက်လိုက်ရမည် မဟုတ်ပါလား။

"ဩော်. . မမအေးကလည်း ကိုကိုက ရောက်ရောက်ချင်း ရေမိုး ချိုးဦးမှာပေါ့။ မမအေး ချက်ပြုတ်ထားတဲ့ဟင်းတွေ သွားပို့ပါလား"

"ကဲ. . . ကဲ. . . လာပါ။ ကျွန်မက ပြင်နှင့်မယ်။ မမအေးက အဝတ်သွားလဲချည်။ အဲ. . . အဲ. . . ရေချိုးလိုက်ပါလား"

"ကဲ. . . ပြောဦး။ ဖုန်း. . . ဖုန်း"





"အမယ်လေး. . . မမအေးရဲ့။ ကြောက်ပါပြီ။ ရေမချိုးချင်နေပါ။ အဝတ်သာ လဲချည်ပါ"

မှန်သည်။ ခင်စစ်အေးအတွက် စိတ်အဆိုးဆုံးစကားမှာ ရေချိုးခိုင်း ခြင်းပင်တည်း။

သူ့တစ်ကိုယ်လုံးလည်း နံစော်ပုပ်စပ်နေပေသည်။ မိခင်ကြီးကိုယ် တိုင် ကလေးကဲ့သို့ ချော့သည်။ တောင်းပန်သည်။ ချောက်သည်။ လုံးဝ မရပါချေတကား။ ဝါကျင်ညစ်ပတ်နေသော သွားများကြောင့် သစ္စာကြီး သောတပည့်မလေး မသိန်းမေမှတစ်ပါး မွေးသမိခင်ဒေါ်ခင်စိပင် သူ့သမီး နား ကြာကြာမထိုင်ချင်ရှာပေ။

ခေတ္တမျှကြာသော် ခင်စစ်အေးသည် သူ့ခန္ဓာကိုယ်ကြေးကြောင်း ဇရပ္ပပေါ်မှထပ်၍ ပိုးဇာနှစ်ထပ်လုံချည်အပြာလေးကို ဖောင်းဖောင်းပွပွ ကြီး ဝတ်ဆင်၍ လာပေတော့သတည်း။

"ထမင်းတွေ ဟင်းတွေ ထည့်လေ။ ကိုကို့တိုက်ကို သွားကြမယ်"

ဟု မာန်ပါပါပြောပြီး ရှေ့မှဆင်းပြီး တစ်ဝိုင်းထဲရှိ မင်းသက်နိုင်၏ တိုက်ကလေးဆီသို့ ကြွစောင်းကြွစောင်းနှင့် လျှောက်၍သွားသဖြင့် မသိန်းမေခမျာ ဆွမ်းတော်တင်သော လင်ပန်းအရွယ်ကလေးကို မ၍ တကောက်ကောက်ပါလာခဲ့ရသည်။

"မောင်တော်ဘုရားက ရေကြည်တော်ဆောင် တန်းသွားတော့ နှမ တော်ခင်စစ်ခမျာ တမင်တကာလိုက်လာခဲ့ရရှာတာပေါ့ဘုရား"

ရေချိုးအဝတ်လဲပြီးစ ပေါ့ပါးသလိုလို ရှိခါမှုရှိသေးစဉ် မြင်တွေ့ ကြားနာလိုက်ရသော ရှုခင်းများကြောင့် ယခုမှ လေယာဉ်ပျံတောက်သကဲ့ သို့ အော်လယ်လယ် မှုးနောက်နောက်ကြီးဖြစ်၍ သွားရလေတော့သတည်း။

"ဩော်. . . ခင်စစ်က ဘာတွေလာပို့တာလဲ။ ကိုကိုလည်း စစ်တွေ လက်ဆောင်လာပို့မလို့ဘဲကွယ်။ မောသေးလို့ နားနေတာပါ"

"အဟီး. . . ကိုကို့ဖို့ ထမင်းလာပို့တာလေ။ မောမောနဲ့ စားလိုက် နော်။ မသိန်း ဒီရှေ့ချပေးလေ"



www.burmeseclassic.com

www.burmeseclassic.com

မသိန်းမေသည် ရယ်ချင်ချင်နှင့် ရှေ့စားပွဲပေါ်သို့ချ၍ပေးလိုက်သော လင်ပန်းပေါက်စလေးကို လှမ်း၍ကြည့်လိုက်ရာ ရယ်ချင်စိတ် ရှိရှာ စိတ်များ ပြုံးတူဝင်၍ သွားရလေတော့သတည်း။

"ကဲ... ကဲ... ခုတင် မောမောနဲ့ လိမ္မော်ရည်တွေသောက်လိုက်ပြီဗျာ။ ဘာတွေများ ချက်လာတာလဲခင်စစ်ရဲ့"

"အဟီး... ဟင်းတွေက ကောင်းပါတယ်ကိုကိုရဲ့။ ဟောဒါက မိချောင်းသားဆီပြန်၊ ပြီးတော့ ကျားသားကို ရှိုစ်လုပ်ထားတာ။ ဒါက မျှောက်ခေါင်းဟင်းချိုလေ၊ ဆလုတွေ သိပ်ကြိုက်ကြတာ"

သူကစားစရာ ပန်းကန်ကလေးများကို ကြည့်၍ ပါးစပ်ထဲရှိသမျှ လျှောက်ပြောနေသော ခင်စစ်အေးကိုကြည့်၍ မင်းသက်နိုင်နှင့် မသိန်းမေတို့မှာ စိတ်မချမ်းမသာနှင့်သာ ကြည့်နေလိုက်ရလေတော့သတည်း။

"ကဲ... မသိန်းရေ၊ ကိုကို ညကျမှစားမယ်နော်။ ဟိုပေါ်တင်ထားလိုက်။ လာ... ကိုကို့ကားပေါ်တက်နှင့်။ ကိုကိုသွားစရာရှိသေးတယ်။ ခင်စစ်တို့ကိုဝင်ပို့ရင်း ဒေါ်လေးစီကို ရခိုင်လုံချည်ဝင်ပေးချင်သေးတယ်"

"ဟင်... ခင်စစ်ဖို့လုံချည်ကော မပါဘူးလား"

"ဟော... ခင်စစ်ပဲပြောတယ်မဟုတ်လား၊ ချည်လုံချည်မကြိုက်ဘူးဆို၊ ဒါကြောင့် ဟောဒီမှာ ခရုပုတီးတွေပဲ ဝယ်လာခဲ့တယ်"

"ဟယ်... လှလိုက်တာ။ အဲဒါကြောင့် ကိုကိုကြီးကိုချစ်တာ"

မင်းသက်နိုင်ကား ထိုင်ရာမှ ဝုန်းခနဲထ၍ ဆိုဖာလေးနောက်သို့ အပြေးလေးရှောင်လိုက်သည်။

မှန်သည်။ တစ်ခါတုန်းက မရှောင်မိ၍ ကြေးကြောင်းဗလပွနှင့် အရူးမလေး၏အနမ်းကို နှလုံးနာစဖွယ်ခံယူလိုက်ရသည်မဟုတ်ပါလား။ သိန်းက ရိုပ်မိပုံနှင့် ခစ်ခနဲရယ်လိုက်မိသည်။

"မသိန်း၊ ဘာဖြစ်တာလဲ"





"ဩော်... မမအေးနဲ့ ခရုပုတီးတွေနဲ့ သိပ်လိုက်တာပဲနော်။ ကျွန်မက သဘောကျလို့ ရယ်တာပါ"

"ကဲ... ခရီးအဝေးကြီး ကားစီးရအောင်။ ကားပေါ်တက်လေ"

"ဟင့်အင်း... ဟင့်အင်း။ ခရုပုတီးတွေနဲ့ ခြံထဲလျှောက်ပြီး ကမယ်၊ မသိန်းသီချင်းဆိုဗျာ"

"ရွှေပြောင်ပြောင်×××တောင်ပေါ်ကဘုရားဆီ×××မိန်းမယူရင် ငွေသာ×××အဆင်ပြေ ယောက္ခမအိမ်မှာ×××ကိုယ်နေချင်သလိုနေ××× သက်တံ့ပေါ်မှာ×××ကစားမယ်×××ကစားမယ်×××တောကဖိုးတုတ်"

သူက အဆိုနိုင်းပြီး သူပင် ရှေ့က ပြေးလွှားခုန်ပေါက်သွားရင်း အထက်ပါ သရုပ်ပျက်သီချင်းကို ဟစ်အော်သီဆိုရင်း ခြံဘေးထဲသို့ ထွက်သွားလေတော့၏။ ဝတ္ထုရားကြီးမားလှသော မသိန်းမေကား နောက်မှ တကောက်ကောက် စောင့်ရှောက်မြဲရှိပေတော့သတည်း။

◆



www.burmeseclassic.com

www.burmeseclassic.com

၉

ဆရာမကြီးခင်ဗျား. . .

ယခုလစာမေးပွဲမှာ ညီမလေးဆွေဆွေ အဆင့် (၁) သို့ ပြန်လည်ရရှိသွားပါ၍ ကျွန်တော်တို့မှာ များစွာမှ ဝမ်းမြောက်ဝမ်းသာရှိရရှံမက ဆရာမကြီးထံကိုလည်း ကျေးဇူးတင်ကြောင်း စာပြန်ကြားသင့်ပါ၍ ယခုကဲ့ သို့ စာပြန်ကြားရပါသည်ခင်ဗျား။ ဆရာမကြီး၏ကျေးဇူးကို အောက်မေ့ သတိရသောအားဖြင့် နှစ်သစ်ကူးအတွက် ဒိုင်ယာရီစာအုပ်တစ်ခုပေးလိုက် ပါသည်ခင်ဗျား။

လွန်တာရှိသမျှ ဝန္ဒာမိပါ၏။

လေးစားစွာဖြင့်
တင်မောင်မောင်

သီတာဇင်သည် ဒိုင်ယာရီလှလှသစ်သစ်ကလေးကိုကြည့်လိုက်၊ စာကိုဖတ်လိုက်နှင့် ပြုံးလုပ်ရင်းက. . .

"ဆွေဆွေ လာပါဦး"





"လက်ဆောင်တွေဘာတွေလည်း ဆရာမ မလိုချင်ဘူး။ ဆရာမဟာ မင်းတို့ကျောင်းသားတွေအပေါ် ဘယ်လောက်စေတနာထားတယ်၊ ဘယ်လောက် ကြိုးစားသင်ပေးတယ်ဆိုတာ မင်းတို့သိရင် တော်ပါပြီ။ ရော့. . . ပြန်ယူသွား"

"ကျွန်မ ပြန်မယူပါရစေနဲ့"

"ဒါပေမဲ့ ဆရာမ မယူချင်ဘူး။ ပြန်ယူပါ ရော့"

ဆွေဆွေသည် နောက်ထပ် ဘာမျှမပြောရဲတော့၍ စာအုပ်ကလေးကို လှမ်းယူလိုက်လေတော့၏။

ကျောင်းဆင်း၍ ဆရာမသီတာဇင်မှာ ပြန်လာသည်အထိ အထက်ပါကျောင်းသူအစ်ကို၏ ရန်ထောင်ပုံ၊ တောင်းပန်ကျေးဇူးတင်စာပို့ပုံများကို ဘာကြောင့်မှန်းမသိ ထပ်တလဲလဲ စဉ်းစား၍လာမိသည်။

ကျောင်းဆင်းချိန်ဖြစ်၍ ကလေးသူငယ်ဖြစ်သော ရန်ကင်းမြို့၏ ရှုခင်းကို စိမ်းစိမ်းစိုစိုနှင့် ဝေဝေဆာဆာကြီး မြင်နေရပေသည်။

ဤကလေးများသည် အနာဂတ် မြန်မာပြည်အတွင်း မည်မျှအကျိုးသက်ရောက်အောင် စွမ်းဆောင်နိုင်သူကလေးများ ဖြစ်ကြမည်နည်း။

အင်း. . . စဉ်းစားကြည့်တော့လည်း ဆွေဆွေတို့လို စာကြိုးစား၍ ဆွေဆွေ့အစ်ကိုများလို အုပ်ချုပ်သတိထားမိသူများ၏ အညွန့်အတက်ကလေးများသာ ဤအကျိုးသက်ရောက်ကြမည် မဟုတ်ပါလား။

သားသမီးကို မိဘတိုင်းချစ်ကြသော်လည်း ကိုယ့်အိမ်တွင်းအလုပ်၊ ကိုယ်ရေးကိုယ်တာများကြောင့် ဤသို့ဆရာနှင့် ဆွေးနွေးခြင်းမရှိကြသော မိဘများကား ဒုနဲ့ဒေးရှိကြပေသည်။

ဤသို့ ဆရာနှင့်မိဘ မဆွေးနွေးကြသည့်အတွက် အပြစ်ဟု မဆိုလိုသော်လည်း သားသမီးများက ပေါ့ဆပါက ဤသို့မဆွေးနွေးခြင်းသည် ကလေးများအား များစွာအကျိုးယုတ်ကြစေသည်။

သီတာဇင်သည် တွေးရင်းတွေးရင်း ဆွေဆွေ၏အစ်ကိုကြီးဆိုသူကို ခွင့်လွှတ်ကျေနပ်သွားရလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



"ဟော. . . အစ်ကိုဦးသက်နိုင်ရောက်နေတာကိုး။ ကားလည်း မတွေ့ပါလား"

သီတာဇင်သည် ကျောင်းမှသယ်လာသောပစ္စည်းများကို နေသားတကျထားပြီးသော် ဧည့်ခန်းဝတွင် အသာကလေးရပ်၍မေးလိုက်သည်။

"ဒီဘက်ဘေးမှာ ရပ်ခဲ့ပါတယ်ဇင်ဇင်။ ကျောင်းက တော်တော်လေးမိုးချုပ်သွားနော်"

"ဟုတ်ကဲ့. . . နေ့တိုင်း ဒီလိုပါပဲ"

"မသီတာရေ. . . ဟောဒီလေယာဉ်မှူးကြီးက ကိုယ်တို့သုံးယောက်အတွက် ရခိုင်လုံချည်တဲ့ကွာ။ အဆင်အသားကလည်း ပထမတန်းဆိုတော့ ပထမတန်းနေမှာပဲ"

"ခုလို စေတနာထားတာ ကျေးဇူးတင်ပါတယ် ဦးသက်နိုင်။ ဒါပေမဲ့ ကေခိုင် ဦးသက်နိုင်ကို ပြောပြပါဦးကွယ်"

"ကဲ. . . ဦးသက်နိုင်။ မသီတာတို့က ကျွန်မကို အမြဲလှူမိုက်ငှားတယ်ရှင့်။ ဒီတစ်ခါတော့ ယူပြောကွယ်။ ကိုယ် ဦးသက်နိုင်ကို အားနာတယ်"

မင်းသက်နိုင်သည် တွေးရခက်ကြီးပါဟူသောပုံနှင့် သည်အပျိုမဂိုက်ကျကျသုံးဦးကို တစ်လှည့်စီကြည့်လိုက်မိသည်။

သီတာဇင်သည် မျက်နှာပူပူနှင့်ပင် အားယူ၍. . .

"ဒီလိုပါရှင်။ မသီတာတို့သုံးဦးဟာ ရပ်ရွာရဲ့ကျက်သရေဆောင်စံပြနေထိုင်ကြသူများလည်း ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်မတို့သုံးယောက်လုံး ကိုယ့်ဝမ်းစာကိုယ်ရှာစားနေကြတဲ့အချိန်မှာ အထူးသဖြင့် အရွယ်ရှိ သောလူများထံမှ လက်ဆောင်မယူစတမ်းဆိုတဲ့. . ."

"ဩော်. . . ဟော်. . . ဟော်. . . ဇင်ဇင်က စကားတတ်တတ်နဲ့ ပြောလိုက်တာဗျာ။ နောက်လည်း မပေးရဲတော့ပါဘူး။ ဒီတစ်ခါတော့ ဝယ်လာပြီးသား ဖြစ်နေပါပြီ။ တစ်ဆိတ်. . ."





"ကဲ. . . ဒီလိုဆိုရင် ကျွန်မတို့လက်ခံပါမယ်။ သုံးယောက်လုံးလည်း ရခိုင်လုံချည်ဆိုရင် အသေအလဲကြိုက်ကြပါတယ်။ အဲ. . . ကျေးဇူးပြုပြီး ဟိုမှာဝယ်ယူခဲ့ရတဲ့အဖိုးစားနားတော့ ယူပါ။ ကဲ. . . ကျေနပ်ပါတယ်နော်"

ဒေါ်ငွေငွေသည် အိမ်တွင်လုပ်သော လိမ္မော်ရည်တစ်ခွက်ယူဆောင်လာရင်း ပြောလိုက်လေတော့သည်။

ဦးသက်နိုင်သည် အရဲစွန့်၍ ဝယ်ခြမ်းလာခါမှ သည်အပျိုသုံးဦးကို အောတိုက်သွားရလေတော့သတည်း။

သူတို့ပေးသောငွေစက္ကူများကို အောင့်သက်သက်နှင့် ယူလိုက်ရသောမင်းသက်နိုင်သည် ကလေးသဖွယ် မကျေမနပ်မျက်နှာစူသွားရသည်။

"ဦးသက်နိုင်ကြီး ကျွဲမြီးမတိုနဲ့လေ။ ကေခိုင်တို့ကလည်း အလကားရသလိုပဲ၊ သိပ်ကျေးဇူးတင်နေတာပါ"

"ဒီမှာ ဦးသက်နိုင်။ Economy is half the Battle of life တဲ့။ ချွေတာရေးသဘောတရားကို နားလည်ရင် လက်ဆောင်ပေးခြင်းရဲ့အကျိုးအပြစ်ကို မြင်လာမှာပါ"

"ကဲ. . . ဇင်ဇင် တော်ပါပြီခင်ဗျာ။ ဘုန်းကြီးကြီးဦးမောင်မောင်ဇင်သမီးကို ကျွန်တော်အရှုံးပေးပါတယ်ခင်ဗျာ"

"ဩော်. . . ဖေဖေ့နာမည်ထည့်ပြောလို့ ခုမှသတိရတယ်။ ဖေဖေ့ဆီက အစ်ကိုဦးသက်နိုင်ကိုလည်း စာလေးတစ်စောင် ပါလာသေးတယ်"

"အေး. . . ဟုတ်ပါရဲ့။ ယူ တစ်နေ့ကတော့ ပေးချင်လှချည်ရဲ့လို့ တဖွဖွပြောနေပြီးတော့. . ."

ကေခိုင်က ထိုသို့ပြောနေစဉ် သီတာဇင်သည် သူ့ကျောင်းလုံချည်မြစိမ်းရောင်၊ အင်္ကျီအဖြူလက်ဖမိုးဝါကလေးနှင့် ကျော့ကျော့ကလေးပြေးတက်သွားပုံကို ကိုသက်နိုင်သည် လွတ်ခနဲငေးကြည့်လိုက်မိသည်။ ကေခိုင်က ရိပ်မိပုံနှင့် ပြုံးစိစိမျက်နှာကလေးနှင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"ကေခိုင်တို့က ပခုက္ကူသူတွေဆိုလို့ မဲမဲသဲသဲမှတ်နေတာ။ မသီတာတို့၊ ဦးသက်နိုင်တို့ကိုတွေ့မှ ပခုက္ကူသူ၊ ပခုက္ကူသားများ တယ်အသားလှတာကိုးရှင့်"

"ဇင်ဇင်သာ ပြောပါခင်ဗျာ။ ကျွန်တော်တို့ကတော့ လေထဲမိုးထဲ အမြဲသွားနေရတော့ နဂိုရုပ်တွေလည်း ပျက်နေပါပြီ"

"ဪ. . . ဦးသက်နိုင်ကြီးက လှပါတယ်ဆိုမှ ရေမချိုးရသေးဘူးလို့ပဲနော်။ မသီတာနဲ့ စကားပြောကြပါဦး။ ကေခိုင် ရေချိုးဦးမယ်"

ကေခိုင်သည် အပေါ်သို့တက်၍ ဒွေးဒွေးသည် မီးဖိုတာဝန်ကျနေ၍ လှပသန့်ရှင်းသော ဧည့်ခန်းကလေးထဲတွင် သူတို့နှစ်ဦးသာ ကျန်ခဲ့ကြလေတော့၏။

မင်းသက်နိုင်သည် သီတာဇင် လှမ်း၍ပေးသောစာလေးကို အသာဖွင့်၍ ဖတ်လိုက်သည်။

ဘုန်းကြီး စာရေးလိုက်ပါသည် ဒကာနိုင်၏သား၊

သမီးထံ ပစ္စည်းကလေး ချောမောစွာပေးသည့်အတွက် ကျေးဇူးတင်ပါတယ်။ ပန်းချီဆွဲတဲ့ဒကာနိုင်ဟာ လေယာဉ်ပျံမောင်းတဲ့သားကို မွေးနိုင်သလို တစ်ခါ တစ်ကိုယ်ကောင်းဆန်ခဲ့တဲ့ဘုန်းကြီးရဲ့ သမီးလေးဟာလည်း တိုင်းပြည်အတွက် အစာနာတတ်ဆုံးလုပ်ငန်းရှင်ကလေးဆိုတာ တွေ့ကရောပေါ့ကွယ်။ အဲလေ. . . ဘုန်းကြီးရေးသားလိုတာက နွေ ကျောင်းပိတ်မှာ သမီးပခုက္ကူ လာလိမ့်မယ်၊ ဒကာနိုင့်သားလည်း ခေတ္တ အလည်လိုက်ခဲ့ပါဦး။ ဘုန်းကြီးက ဖိတ်ခေါ်လိုက်ပါတယ်။

ချမ်းမြေ့ရွှင်လန်းပါစေ၊
ဘုန်းကြီးဦးသောန

"ဖေဖေက အစ်ကိုဦးသက်နိုင်ကို ဘာလို့ ဒကာနိုင့်သားလို့ခေါ်တာလဲ။ သူတို့ လူကြီးချင်း သိကြခင်ကြသလားဟင် အစ်ကို"





သီတာဇင်သည် သူ့အဖေကပင် အမှတ်တရ စာရေးပါလားဟူသောအသိကလေးဖြင့် အစ်ကိုဟူ၍လည်း ခေါ်လိုက်မိသည်။

"ဇင်ဇင်က ပခုက္ကူအဆက်အသွယ် နည်းတယ်ထင်တယ်နော်"

"နည်းဆို မွေးစားတဲ့မေမေတို့ နိုင်ငံခြားသွားခါနီးကမှ ဖေဖေ့ကို မြင်ဖူးတာပဲလေ။ အဲ. . . ဘီအေအီးဒီအောင်ပြီးတော့ တစ်ခါဖူးခဲ့ရတယ်။ ဒါပါပဲ"

"ဪ. . . ဪ. . . ဒီတော့လည်း ဘာသိမလဲလေ"

"ဟင်. . . ဦးသက်နိုင် ဘာပြောတာလဲ။ မသီတာကို ပြောပြစမ်းပါ။ ကျွန်မလည်း စာကိုဖတ်ပြီး ပဟေဠိသိပ်ဖြစ်သွားတာပါပဲ"

"ကျွန်တော် မပြောချင်ဘူး ဇင်ဇင်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ဖေဖေကို သနားလို့ပဲ။ ကျွန်တော် သွားတော့မယ်"

သူသည် နေရာမှ ဖျတ်ခနဲထလိုက်သည်။ နောက်တော့ ကေခိုင်တို့၊ ဒွေးဒွေးတို့ကိုပင် နှုတ်မဆက်တော့ဘဲ သူ့ကားရှိရာသို့ လျှောက်သွားလေတော့သတည်း။

သီတာဇင်သာလျှင် အံ့အားကြီးသင့်၍ ကျန်ခဲ့လေတော့၏။ သူ့သူငယ်ချင်းမများအား သံသရာရှည်မည်စိုး၍ ဘာမှမပြောတော့သော်လည်း ရေမိုးချိုး၍ ထမင်းစားပြီးသည်ထိ ရင်ထဲတွင် မရှင်းမလင်းနှင့် အံ့သြခြင်းအခါခါ ဖြစ်နေရပေတော့သတည်း။

၈ နာရီထိုးသော် ကေခိုင်နှင့် ဒွေးဒွေးတို့အပေါ်သို့ တက်သွားကြလေပြီ။

သီတာဇင်သည် ယခုမှ ကျောင်းအလုပ်များလုပ်ရန် သတိရ၍ လစဉ် သင်္ချာဖြေကြားထားသမျှကို တစ်အုပ်ချင်းစိတ်ရှည်လက်ရှည်ဖတ်၍ အမှတ်ပေးနေပေပြီ။

ထိုအခိုက် ရန်ကင်းလမ်းမကြီးတစ်ဖက် တင်းနစ်ကွင်းဆီမှဝီကာနဲ့ ညံကနဲ အားပေးသံ၊ လက်ခုပ်သံများသည် ညံညံစီနေပေတော့၏။



www.burmeseclassic.com

ရန်ကင်းလုပ်သားမြို့တော်ကား နံနက်ငါးနာရီမထိုးခင်မှစ၍ ညဆယ်နာရီခန့်ထိ အနည်းဆုံး သက်ဝင်လှုပ်ရှား ရှိနေရမြဲတည်း။

အထူးသဖြင့် ယခုအခါလူငယ်ရေးရာ ညကျောင်းများပေါ်ပေါက်လာ၍လည်း အပျိုစင်အပျိုပေါက် အားနွဲ့သူများမကျန် ညလူညဝတ္တရားရှင်များဖြစ်၍ နေကြပေတော့၏။

ထို့ကြောင့်လည်း ရန်ကင်းအလယ်လမ်းမကြီးသည် အချိန်ပြည့်သက်ဝင်လှုပ်ရှား၍စည်ကားနေရသည် မဟုတ်ပါလား။

သီတာဇင်သည် တက်ကြွစဖွယ်အသံများကြောင့် သူ့ခေါင်းကလှည့်၍လှည့်၍ သွားရစဉ်. . .

"ဟေး. . . မသီတာ။ အပြင်ထွက်ကြည့်ကြစမ်းပါဦးကွ။ တင်းနစ်ကုတ်ထဲမှာ ဂျူဒိုသင်ပေးနေတယ်။ အောက်မှာဖျာတွေခင်းလို့"

"ဟုတ်တယ်။ အသံတွေကြားနေလို့ ကိုယ်လည်း ဘာများပါလိမ့်လို့ကြည့်နေတာ"

အပေါ်ထပ်ဝရံတာမှ အမျိုးသမီးနှစ်ဦးကို လှမ်း၍ကြည့်ရင်းကသီတာဇင်သည် ဝင်းဝတံခါးနားအထိ လျှောက်သွားမိသည်။

ရန်ကင်း လူငယ်ကလေးပေါင်း သုံးဆယ်ခန့်လောက်တော့ ရှိပေလိမ့်မည်။

ဝိုင်းဖွဲ့၍ ကြည့်နေကြသည့်ကြားမှ လူရွယ်ဆရာနှင့်တူသူသည်အခြားလက်ထောက်တစ်ဦးနှင့် အချုပ်အညှပ်သန့်လှစွာနှင့် အသည်းယားဖွယ် အရှောင်အသတ်များကို တစ်ကွက်စီတစ်ကွက်စီပြုလုပ်၍ ပြသနေပေသည်။

"အို. . . လက်စသတ်တော့ သူကိုး။ သူ့ဗလတွေ ဂိုက်တွေကြည့်ရတာတော့ တစ်မျိုးပါလို့ အောက်မေ့မိသားပဲ"

"အို. . . အို. . . ဟိုလူက သူ့ကို ခြေကလိန်ချိတ်လှဲနေပါလား"

"အလို. . . ဟလို. . . သူ့ကို ကိုင်ပေါက်နေပြီ"



www.burmeseclassic.com



"ဟာ. . ဖျောင်း. . . ဖျောင်း. . . ဖျောင်း. . . "

"ဟာခနဲ" အံ့ချီးဘနန်း တဖြောင်းဖြောင်း အာမေဍိတ်သံများနှင့်အတူ လက်ခုပ်သံများ တဖျောင်းဖျောင်းညံသွားရသည်။ သီတာဇင်ကိုယ်တိုင်လည်း မျက်လုံးပြူး၍ ကျေနပ်သွားရပေသည်။

အဘယ်ကြောင့်ဆိုရသော် ထိုလူအား တခြားလူတစ်ဦးက အားရပါးရ မြှောက်ထည့်လိုက်ပြီး မြေပြင်တွင် ရက်ရက်စက်စက်ကြီး ကိုင်၍ပေါက်သတ်ချလိုက်သည်။ သို့သော် ထိုသူသည် မည်သို့ကျွမ်းကျင်မှန်းမသိသည့် အနေအထားမှန်းမသိ ကိုယ်ကိုလှည့်လိုက်ပြီး ခြေနှစ်ဖက်နှင့် ပေါ့ပေါ့ပါးပါးကလေး မြေပြင်တွင် (ကြောင်ကျဟန်ကလေးနှင့်) ရွရွကလေးကျသွားရသောကြောင့်တည်း။

သူသည် ထိုသို့ကျပုံ နည်းနိဿယများကို သင်ကြားပြောပြနေဟန်ရှိသည်။ ရန်ကင်းလူငယ်ကလေးများကလည်း လွန်စွာ စိတ်ထက်သန်ပုံနှင့်နားထောင်နေကြသည်။

ဘောင်းဘီရှည်အဖြူ သက္ကလပ်လယ်ဝိုင်းစွပ်ကျယ် ဆင်စွယ်ရောင်နှင့် တင်းနစ်စ်ကုတ်မှ မီးချောင်းရောင်အောက်တွင် သူ့အသွင်သည်ယောက်ျားချင်းပင် အားကျနှစ်လိုဖွယ်အသွင်သို့ ဆောင်နေရပေသည်။

"ဟေး. . မသီတာ. . စောစောကတော့လည်း ထွက်ကြည့်ဖို့ တိုက်တွန်းရတယ်။ ခုတော့လည်း ပြန်ဝင်ဖို့တောင် မေ့သွားပြီထင်တယ်"

ကေခိုင်ကလှမ်း၍ပြောလိုက်မှ သီတာဇင်သည် ဤလူရွယ်ကို စိတ်ဝင်စားသွားရပုံကို ရှက်၍သွားရသည်။

"ဝင်တော့မှာပါ ကေခိုင်ရဲ့။ နောက်ကျောတက်လွန်းလို့ ဆက်ရပ်နေတာပါ"

ထိုသို့ပြောရင်းကပင် အရေးမစိုက်ပုံနှင့် လှည့်ဝင်လိုက်ရင်းကပင် ရင်အုပ်ကြွကြွနှင့် ကိုလူလှသည် သူ့ကိုပင် ပြုံးပြနေသလိုလို ကမန်းကတန်းနှင့် အိမ်ထဲသို့တန်း၍ ဝင်ခဲ့လေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ မသီတာ။ အဲဒီဂျူဒိုဆရာလုပ်တဲ့လူဟာ ကိုယ်တို့လမ်းလျှောက်တဲ့နေ့က ယူ့နောက်က လက်သီးနဲ့ထိုးမိတဲ့လူ မဟုတ်လား"

ဖဲစအပြာအုပ်ထားသော ဂွမ်းစောင်လှလှကြီးကို မေးစေ့ရောက်သည်ထိ ခြုံရင်း ခုတင်နံဘေးမှ မီးသီးတွင် မျက်နှာကပ်၍ စာဖတ်နေသော ဌေးဌေးက လှမ်း၍မေးလိုက်သဖြင့်. . .

"မပြောတတ်ပါဘူး ဌေးဌေးရယ်"

"အဲဒါ သက်သက်ဖြီးတာပါကွာ။ ဘာတဲ့။ သူက စကားပြောပုံကလေးကလည်း အဟုတ်ဆရာရေ့။ ပုခက်လွှဲသောလက်သာ ကမ္ဘာအုပ်စိုးနိုင်တာမဟုတ်ဘူးနော်တဲ့။ လက်လွှဲသန်သော ဆရာမလက်သည်လည်း အန္တရာယ်ရှိတယ်ဆိုလား။ နောက်ပြီး မင်းလမ်းလျှောက်တာ သူတစ်လမ်းလုံး ကြည့်လာတာကွ"

"တော်ပါတော့ ဌေးဌေးရယ်။ မသီတာတို့ဟာ အပျိုဘဝကို တကယ်တန်ဖိုးရှိရှိနေချင်လို့ စပါယ်ရှယ်အပျိုလုပ်နေကြတဲ့ သုံးဦးသားပါကွယ်။ ဟိုလူနဲ့စ ဒီလူနဲ့နောက် မပြောနဲ့ကွယ်"

သီတာဇင်သည် ညဝတ်အင်္ကျီလဲရင်း နှုတ်ခမ်းလေးစူ၍ တကယ်မကြိုက်ပုံနှင့် ပြောလိုက်သည်။

"အင်း. . . ဌေးရေ။ လက်ထဲက အချစ်ဝတ္ထုကြီးဖတ်၊ စိတ်ကူးတွေ ကြပ်ကြပ်ယဉ်မနေနဲ့နော်"

မြကေခိုင်က သူ့ထုံးစံအတိုင်း ရေဒီယိုပေါက်စလှလှကလေးကို မျက်နှာနားကပ်၍ နားထောင်ရင်းက ပြောလိုက်သဖြင့်. . .

"ရှင်ကသာ ဝမာပရက်စလေတွေနဲ့ လေလှိုင်းသံလေးကို နားအရသာခံရင်း မမြင်ဘဲနဲ့ လျှောက်ပြောမနေနဲ့။ ဌေးဌေးဖတ်နေတာ မြန်မာပြည်ရဲ့ ဂရိတ်စာရေးဆရာဘာဘာကြီးတွေ ရေးထားတဲ့ပုဂံဆိုတဲ့ စာအုပ်ရှင်ရဲ့"

"ဩော်. . . ဩော်. . . ဆောရီးနော်။ မသိလို့ပါတော်"





မြကေခိုင်သည် တခစ်ခစ်ရယ်ရင်းက I met her today ဟူသော ပရက်စလေတေးသံကို ဖမ်းယူနားဆင်ရင်း သီချင်းကိုလိုက်၍ ခပ်တိုးတိုး သီဆိုနေပေသည်။

သီတာဇင်သည် သူတို့တစ်တွေအတွက် ကော်ဖီတစ်ခွက် ဆပ်ပလိုင်းလုပ်ရင်းက. . .

"အဟင်း. . . မသီတာပြောလွန်းလို့ ခုတော့ မြန်မာစာပေအရသာ သိသွားပြီမဟုတ်လား"

ဟု ကျေနပ်ပြုံးလေးနှင့် မေးလိုက်သဖြင့်. . .

"ဟုတ်တယ် ဆရာမကြီးရေ့။ မြန်မာစကားလှလှကလေးတွေဟာ တစ်ခါတစ်ခါ လက်ကမချချင်အောင်ကို စွဲတယ်နော်။ ကြည့်စမ်း ဆရာမင်းသုဝဏ်ရဲ့ 'ပုဂံမြို့သရပါတံခါးသို့' ဆိုတာ ဖွဲ့ထားပုံလေ။

■ မြားနှင့်လွှားနှင့်
လှံဓားဝင့်၍
မင်းမင့်ဦးဆောင်း
ရန်အပေါင်းကို
နှင်မောင်းရာကား
သင်တံခါးတည်းတဲ့။
■ ကျိုင်းနှင့်သိုင်းနှင့်
ရွှေထီးဖွင့်၍
မင်းမင့်သခင်
အောင်ပွဲရှင်လျက်
ပြည်ဝင်ရာကား
သင်တံခါးတည်းတဲ့။
■ ဆွမ်းနှင့်ကွမ်းနှင့်
ဆီမီးဆင့်၍



www.burmeseclassic.com

www.burmeseclassic.com



မင်းမင့်ခေါင်ထွင့်
စည်းခုံမြတ်သို့
ထွက်လတ်ရာကား
သင်တံခါးတည်း။

မသီတာရေ. . . နားထောင်ဦးနော်။ နောက်ဆုံးအပိုဒ်ကလေးကျစပ်ထားပုံလေးကကွယ်။ တရားကျစရာလည်း ကောင်းတယ်။ သင်္ခါရတရားကိုလည်း ရင်ဆိုင်တတ်ဖို့ သတ္တိစိတ်ကလေးလည်း သွင်းပေးလိုက်သေးတယ်"

ဌေးဌေးသည် ကဗျာကိုဖတ်ရင်းတန်းလန်းမှ ကြားဖောက်၍ပြောနေသဖြင့်. . .

"အမယ်လေး. . . ကြားဖြတ်နိဒါန်းတွေကလည်း များလိုက်တာနော်။ ဒီက ကဗျာနားထောင်ရတဲ့လူ ဆန့်တငငဖြစ်သွားတာပေါ့"

ဌေးဌေးသည် သူ့ခုတင်ပေါ်မှ လှမ်း၍အော်နေသဖြင့်. . .

"စောစောကတော့ အနောက်တေးသံကလေး တကြူကြူလုပ်နေပြီး ခုတော့ ဘယ်လိုဖြစ်သွားရတာလဲ ကေခိုင်ရေ"

"အေး. . . ကိုယ်ကြားဖူးတာကတော့ လောကမှာ လူတွေကိုအဆွဲဆောင်နိုင်ဆုံးကတော့ ဂီတပဲလို့ဆိုပေမဲ့ ခုတော့ ကိုယ်သိပ်ကြိုက်တဲ့သီချင်းကိုပိတ်ပြီး ဌေးဌေးရဲ့ကဗျာကို ဘာလို့နားထောင်လိုက်မိတယ်မသိဘူး"

"ဌေးဌေးရဲ့ကဗျာမဟုတ်ပါဘူးတော်။ ဒီလောက်များ စပ်တတ်ရင် ဆေးထိုးအပ်တောင် ကိုင်မနေတော့ဘူး။ ဆရာကြီးမင်းသုဝဏ်ရဲ့ 'သရပါတံခါးသို့' ဆိုတဲ့ကဗျာ ရှင်ရဲ့"

"ကဲပါ။ ကဲပါ။ အချင်းချင်းတွေလည်း သိပ်ကြွားမနေပါနဲ့။ ဆက်ဖတ်ပါ"

မြကေခိုင်သည် စစ်ဗိုလ်မလေးပီပီ ဆိုဟန်ပြောဟန်နေဟန်ဂလေးများကပင် ခပ်ခန့်ခန့်ကလေးတွေချည်း ဖြစ်သည်။





သို့သော် စိတ်ရင်းပြည့်ဝသူပီပီ သူ့ပုံပန်းသည် မုန်းစရာကြီးဖြစ်မလာဘဲ ချစ်စရာကြီးလိုလို ကလေးဆိုးပမာ ခွင့်လွှတ်ချင်စရာ ကောင်းနေရပေသည်။

"ကဲ. . . ဖတ်ပြီ။ ရွှေနားဆင်သခင်မ"

ဌေးဌေးက လှမ်းနောက်ရင်းက ဆက်၍ဖတ်သည်။

"ထီးသုဉ်းနန်းသုဉ်း
မြို့သုဉ်းသုည
သုဉ်းသုံးဝနှင့်
ကြုံရသည့်ပြင်
သင့်ကိုပင်လျက်
မရှင်ဂုဏ်ညှိုး
အထွတ်ကျိုး၍
မုဆိုးမနွယ်
မျက်နှာငယ်လည်း
မဖွယ်လူ့ရွာ
ဖြစ်ခြင်းရာကို
ရဲစွာဆိုင်လျက်
တည်ငြိမ်သက်သော်
တက်သည့်မိုးမျှ
လျှော့ကျမြေဆီ
လက်အုပ်ချီသည်
ခန္တီဝင်စား
ရှင်တံခါးတည့်။

တဲ့။ ကဲ. . . ကြည့်စမ်း။ ထက်ပိုင်းကျိုးနေတဲ့ ပုဂံသရပါတံခါးကြီးကို အားမာန်တင်းတင်းနဲ့လည်း မြင်လာတယ်။ ကြေကွဲဆွေးမြည့်ရာအဖြစ်လည်း မြင်လာတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ငွေငွေသည် သူ ဖတ်ပြီးသမျှကို လေးလေးပင်ပင်ကြီး မှတ်ချက်ချလိုက်သဖြင့်. . .

"ကြိုက်ပြီ။ မြကေခိုင်တို့တော့ သိပ်ကြိုက်သွားပြီ"

"ဘာကိုကြိုက်တာလဲကွ။ သူ့ဥစ္စာ အရင်းမရှိ အဖျားမရှိ"

"အဲဒီပုဂ်စာအုပ်ကိုပြောတာပါ။ နက်ဖြန်ည ကိုယ်ဖတ်မယ်နော်။ ရီဇာတ်လုပ်လိုက်ပြီး ကိုယ်အိပ်တော့မယ်ဟေ့"

"ဟယ်. . . ဘုရားလည်း မကန်တော့ဘူး။ သိပ်ပျင်းတာပဲ"

"ချမ်းလွန်းလို့ မထနိုင်တော့ဘူးကွယ့်။ မွေ့စကြာပဲ ရွတ်အိပ်တော့မယ်"

"အဲတော်ဆိုးတဲ့မိန်းလေးတွေပဲ။ ခြင်ထောင်လည်း ခုထက်ထိ မချရသေးဘူး"

သီတာဇင်သည် အသက်အငယ်ဆုံးဖြစ်သော်လည်း အစ်မကြီးအဆန်ဆုံးဖြစ်ပေသည်။

သူတို့နှစ်ယောက်၏ ခြင်ထောင်များကိုပါ ချပေးလိုက်သဖြင့် မြကေခိုင်က စလုရိုက်ပြရင်း ကျေးဇူးတင်ကြောင်း ပြောလိုက်သည့်နှယ် ငွေငွေ ကလည်း. . .

"ကျေးကျူးကမ္ဘာဆိုင်"

ဟူ၍ ကချင်ဘာသာဖြင့် ကျေးဇူးတင်ကြောင်း ပြောလိုက်လေတော့သတည်း။

◆



၁၀

"မသီတာရေ. . . ယူ့တပည့်မလေးတဲ့။ အောက်မှာ ရောက်နေကြတယ်"

"ဟင်း. . . စောစောစီးစီး ဘယ်သူများပါလိမ့်။ နေ. . . နေ. . . မသီတာ ခုပဲလာခဲ့မယ်"

သီတာဇင်သည် ယနေ့ ကျောင်းဝတ်ရန် အတွင်းလုံချည်၊ အင်္ကျီများ ဘီရိုတွင်းမှထုတ်ရင်းက လှမ်းပြောလိုက်သည်။

ဘယ်သူများပါလိမ့်ဟုစဉ်းစားရင်း တစ်ဆစ်ချိုးလှေကားလေးမှ အောက်သို့ရောက်သော် ပထမ သူ့တပည့်မဆွေဆွေကို တွေ့လိုက်ရပြီး ဒုတိယမြင်လိုက်ရသူကြောင့် သူ့ခြေသည် ယောင်၍တွန့်သွားရလေတော့သတည်း။

"ဟင်. . . သူ။ ပြီးတော့ ဂျူဒိုဆရာပါလား။ ငါ နာမည်လည်း မသိဘူး"

"အဟင်း. . . အစောကြီး ကျွန်မတို့လာတာနဲ့ အလုပ်များနေပြီထင်ပါတယ်။ ဒါ. . . ဒါ ကျွန်မတို့ အစ်ကိုကြီး ကိုတင့်မောင်မောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဆွေဆွေ၏စကားကို သူကြားလိုက်ရမှ ပို၍အံ့ဩသွားရသည်။ မိမိကဲ့သို့ပင် သူကလည်း အံ့ဩလွန်း၍ စကားလုံးမထွက်နိုင်အောင် ဖြစ်နေရပေသည်။

"လက်စသက်တော့ မမဖြစ်နေတာကိုး။ ဒါနဲ့ ညီမလေးကပြောတော့ ဆရာမကြီးဒေါ်မြမြဆို"

ဆွေဆွေက ပြုံးစေ့စေ့ကလေးဖြစ်ရပြီး . . .

"အစ်ကိုကြီး စာရေးလိုက်တော့ ဒေါ်မြမြက ကိုးတန်းရောက်သွားပြီ"

"သြော်. . . ဒါကြောင့် ဆရာမကြီးခင်ဗျားလို့ ရေးလိုက်တာကိုး။ ဒေါ်မြမြကလည်း မမထက် နှစ်နှစ်လောက်ကြီးတာပဲကွယ့်။ ကဲ. . . ခုလာကြတာ ဘာကိစ္စ၊ ဆိုပါဦး"

တိုက်ပုံအင်္ကျီအနက်၊ ချည်လုံချည်အပြာနုကွက် ကွက်ကြဲတို့ဖြင့် ဗိုလ်ကေထူထူမြင့်မြင့်ကို သပ်ရပ်စွာဖီး၍ ရည်ရည်မွန်မွန် သားသားနားနားနှင့် သူ့ထက် ထွားကြိုင်းသောလူရွယ်ကို 'မမ' ဟု ထည့်၍ ပြောသာပြောရသည်။ အားနာစရာတော့ တော်တော်ကောင်းသည်။

"ဆွေဆွေ ထိုင်လေ"

အမှန်စင်စစ် မိုးတိုးမတ်တတ်ကြီးဖြစ်နေသော သူ့ကို အားနာ၍ ဆွေဆွေ့နာမည်ကို ရမယ်ရှာလိုက်မိလေသလား မသိပေ။

လူရွယ်သည် ကုလားထိုင်တစ်ခုတွင် အသာအယာထိုင်လိုက်ရင်းက သန့်ရှင်းလှပသော ဆရာမအိမ်ကလေးကို ဝေ့ရမ်း၍ကြည့်လိုက်ပြီး တက်ထရွန်အင်္ကျီရင်စေ့အနီကလေးနှင့် ကျောင်းသူမလေးနှင့် မတိမ်းမယိမ်းသာရှိသော သီတာဇင်ကို တစ်ဖန်ကြည့်လိုက်သည်။

"ကျွန်တော်က အစောကြီးရုံးသွားရပါတယ်။ ဒါကြောင့် ရုံးမသွားခင် ညီမလေးကို လိုက်ပို့ပါဆိုပြီးလာတာပါ။ မေမေကလည်း အပြင်ကိစ္စဆိုရင် ကျွန်တော့်ကို အကုန်လွှဲထားတာပါ"





သူက လေးလေးနက်နက် ထစ်လုံးချင်း ပြောသည်။

"နို့ ဆွေဆွေတို့ ဖေဖေကရော"

"ဖေဖေက ၅၉ ခုနှစ်ကတည်းက တိုက်ပွဲမှာကျသွားပါတယ် ခင်ဗျာ"

"သြော်. . . သြော်"

သီတာဇင်အသံသည် ကရုဏာသံအပြည့်ပါ၍ သွားရလေသည်။

"ဒါကြောင့် မေမေဟာ ကလေးငါးယောက်အတွက်နဲ့ ရတဲ့ဖေဖေ့ပင်စင်ဟာ မဆိုးလှပါဘူးမမရယ်။ ဒါပေမဲ့ ကလေးတွေလည်းကြီးလာတော့ မေမေတို့ ချောင်လည်သထက် ချောင်လည်ပါစေတော့လို့ ကျွန်တော် ၁၇ နှစ်သား ဆယ်တန်းအောင်ကတည်းက စာရေးဝင်လုပ်ခဲ့ပါတယ်"

"အို . . . စာဆက်မသင်ဘူးလား။ နှမြောစရာကြီး"

"သင်ပါတယ်။ အဲဒီကတည်းက သက်ကြီးတက္ကသိုလ်ကို ညဘက်ဆက်တက်ခဲ့တာပါ။ ခု လုပ်သားကောလိပ်ဖြစ်လာတဲ့အချိန်မှာ ကျွန်တော် ဒီဂရီရဖို့ ဒီတစ်နှစ်ပဲ ကျန်ပါတော့တယ်"

"သြ. . . ဒီလိုဆိုတော့လည်း ဆွေဆွေ့အစ်ကိုက တော်သားပဲ"

ဆရာမသည် မရယ်သော်လည်း သူ့အသံသည် တရင်းတနှီးကလေး ထွက်သွားရသည်။

"ကျွန်တော့်ညီမလေးကို ဂရုတစိုက်သင်ကြားပေးလို့ တကယ်လိုက်လိုက်လှဲလှဲကျေးဇူးတင်လို့ ကျွန်တော် ဒီဒိုင်ယာရီကလေးကိုပေးတာပါခင်ဗျာ။ မှုမမှန်းလည်း မသိပါဘူး"

"သြော်. . . မင်းတို့မောင်နှမက ဒါ သက်သက်လာပြီး ပေးကြတာကိုး"

"ဟုတ်ပါတယ်ဆရာမ၊ ကိုကိုမောင်က အစောကြီးလိုက်ပို့ပါဆိုလို့သာ လာခဲ့ရတယ်။ ဆွေဆွေ သိပ်အားနာပါတယ် ဆရာမ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ခင်ဗျာ။ အိမ်ရှင်ရော၊ ဧည့်သည်ပါ နာရီကြည့်နေကြရသူတွေမို့ ခွင့်ပြုပါဦးခင်ဗျာ"

"အို. . . စာအုပ်ပြန်ယူသွားပါ။ မမ မယူချင်ဘူး"

"ယူပါခင်ဗျာ။ ဒါ ဝယ်ရတာလည်း မဟုတ်ပါဘူး။ ကျွန်တော် တပ်မတော်သားလေးတွေကို ဂျူဒိုသင်ပေးရတုန်းက သူတို့က လက်ဆောင်ပြန်ပေးကြတာပါ။

"ဂျူဒိုဆိုလို့ ညက. . ."

"ဪ. . . ဪ. . . ဟုတ်ပါတယ်မမ။ ကျွန်တော်တော့ ရန်ကင်းက ကွင်းရှိသမျှ လိုက်သုံးနေရတော့တာပါပဲ"

"ဆရာမ။ ကိုကိုမောင်က ဂျူဒိုဆရာပါ"

"ဟုတ်တယ်။ မမလည်း ညကမှ လှမ်းမြင်လိုက်လို့ အံ့သြနေတာ။ ကဲကဲ. . . မောင်နှမနှစ်ယောက် သွားရလာရဦးမှာ ပြန်ကြတော့လေ"

သူက ဆရာမလေးသံကလေးနှင့်သာ ပြောလိုက်ရသည်။ တင်မောင်မောင် မတ်တတ်ရပ်သောအခါ သူ့အရပ်ကြီးသည် မိမိပေါ်သို့ ဝဲသွားရလေတော့၏။

"ဒါပဲနော်။ နောက်တစ်ခါ ပေးလားပြုလားလုပ်ရင် ဆရာမ သေသေချာချာ စိတ်ဆိုးပြီးသွားသာ မှတ်ပေတော့"

"ဟုတ်ကဲ့ပါ ဆရာမ"

"ကျွန်တော်တော့ မမဟာ ညီမလေးဆရာမဖြစ်နေလို့ အရမ်းအံ့သြနေတာပဲဗျာ"

လူရွယ်သည် ကလေးသဖွယ် လက်နှစ်ဖက်ပွတ်ရင်းက လှည့်တကြည့်ကြည့်ပြောရင်း ထွက်ခွာသွားကြလေတော့၏။

"ဘယ့်နှယ်လဲ ရွှေသီတာရေ။ အပျိုစည်းကမ်းတွေမှာ အလကားမယူစတမ်းဆို။ မနေ့က ဦးသက်နိုင်ကြီးတော့ သံနေသံထားတွေနဲ့ ပြောလွှတ်လိုက်ပြီး ခုတော့ ဒိုင်ယာရီလှလှလေး ယူပြလိုက်ပလားရှင်ရေ"





"ဪ. . . ဒွေးဒွေးကလည်း. . ."

"အဟဲ. . . သနားသေးတယ်ပေါ့။ ကောင်လေးကလည်း နုနုထွားထွားအချောစားလေးမဟုတ်လား"

"ဒွေးဒွေးကလည်းနော်။ မဟုတ်တရုတ်တွေ။ ဟို. . . ကေခိုင်ကြားသွားလို့ ဟောင်ဖွာဟောင်ဖွာ လုပ်နေပါဦးမယ်"

"အံမယ်. . အတင်းပြောရင် နောက်လှည့်ကြည့်ရသေးတယ်နော်။ တစ်နေ့ကတည်းက မြင်ပါတယ်လေ။ ကောင်လေးက ကပ်ချွဲကပ်ချွဲပါ။ ဒါနဲ့ ကိုတင်သိန်းကိုတောင် မေးကြည့်တော့ ဂျူဒိုတင်မောင်မောင်ဆိုတာ သူပေါ့။ ရန်ကင်းမှာတော့ နာမည်ကြီးလို့ပြောတာပဲ"

"ကဲ. . . တော်လောက်ပါပြီ ဒီလောက်စရရင်။ ဒီမှာ သူငယ်ချင်းတို့ မှတ်ထားဖို့က မသီတာက ဒါမျိုးချာတိတ်ဆန်ဆန်ကို စကားတောင်ကြာကြာပြောချင်တာမဟုတ်ဘူး။ ကဲ. . . အဝတ်လဲတော့မယ်"

သူသည် ထိုသို့ပြောကာ လှေကားကလေးပေါ်သို့ ပြေးတက်သွားလေတော့၏။

◆

ထိုနေ့က အမှတ် (၄) နယ်မြေမှ (၇) ရပ်ကွက်လုံးရှိ ရန်ကင်းကော်မတီဝင်အပေါင်းတို့သည် ပါတီမှ ပုဂ္ဂိုလ်များ၊ နလကဥက္ကဋ္ဌနှင့် ရလကဥက္ကဋ္ဌတို့ ဦးဆောင်၍ အထူးအစည်းအဝေးပွဲတစ်ရပ် ကျင်းပကြလေသည်။

အကြောင်းအရာမှာ ယခုနှစ်အတွက် လွှတ်လပ်ရေးပွဲတော်ကို ရန်ကင်း၌ တပုံတနဲ သားသားနားနား ကျင်းပသွားရန်ပင်တည်း။

ဤအစည်းအဝေး၏ ထူးခြားချက်မှာ ကော်မတီဝင်များသာမဟုတ်ဘဲ ရပ်ထဲရွာထဲတွင် သူနည်းနှင့်သူ ကူညီမှုပေးနိုင်ကြသည့် လုပ်ငန်းဝန်ထမ်းစိတ်ရှိသူများပါ အထူးဖိတ်ကြားထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေနေ့ဖြစ်၍ အဖိတ်ကြားခံရသူများအားလုံး တက်တက်ကြွကြွ စုံစုံညီညီ ရောက်ရှိလာကြလေသည်။

“ဟော. . . ဟိုမှာ ယူ့ဂျူဒိုမောင်မောင်လာပြီ”

ကျော့ကျော့စင်စင်ကလေး ရှေ့ဆုံးတန်းတွင် ရောက်ရှိနေကြပြီဖြစ်သော ကေခိုင်တို့အဖွဲ့သည် လက်ကုတ်၍ သီတာဇင်ကို စလိုက်ကြသည်။

“အဲဒီလိုတော့ မပြောင်ကြနဲ့ကွယ်”

သီတာဇင်က မျက်နှာထားနှင့် ဟန့်လိုက်ရင်းက ရှေ့သို့မျက်နှာလှည့်ထားလိုက်သော်လည်း စပို့ရှပ်အနီ ချည်ပုဆိုးပန်းဖျော့ကို သပ်သပ်ရပ်ရပ်ကလေး ဝတ်ဆင်၍ ဝင်လာစက သူ့ကို တင်မောင်မောင်က ပြုံးပြရာသည်။ သို့သော် သူက ပြန်၍ပြုံးမပြရုံမက တစ်ဘက်သို့ပင် လှည့်လိုက်သည်မဟုတ်ပါလား။

“အို. . . ရှိုင်းတယ်ထင်လည်း ထင်ပေါ့”

အစည်းအဝေးကား စလေပြီ။

ရလက ဥက္ကဋ္ဌသည် ၁၂ လရာသီ လှုပ်ရှားမှုအသီးသီးထဲမှ ယခုလာမည့် လွတ်လပ်ရေးနေ့အတွက် ရန်ကင်းမြို့တော်ကြီး၏ ခါတိုင်းနှစ်နှင့်မတူသော တစ်မူထူးခြားသည့် ပဒေသာကပွဲတစ်ခု ပြုလုပ်ရန် စီမံထားကြောင်း၊ ၎င်းတို့မှာ တခန်းရပ်ပြဇာတ်တိုကလေးများ၊ ကျောင်းသူကလေးတို့၏ ယိမ်းများ၊ လူငယ်များ၏ မောင်းရွေးပွဲများ၊ ဂျူဒိုအစွမ်းများ၊ ကျမ္မာရေးလေ့ကျင့်ခန်းများ၊ ရပ်ကွက် (၇) ရပ်ကွက်မှ တမျိုးစီ၊ တဘာသာစီ လေ့ကျင့်ပြင်ဆင်ထားစေလိုကြောင်း အစီအစဉ်တစ်ခုစီခြား၍ ရန်ကင်းမြို့တော်မှ အကျော်အမော် အဆိုတော်များ တစ်ပုဒ်စီနှစ်ပုဒ်စီ သီဆိုသွားကြမည်ဖြစ်ကြောင်း အကြမ်းဖျဉ်းအားဖြင့် တင်ပြလိုက်ရာ အားလုံးလှုပ်လှုပ်ရွရွတီးတိုးသံတညည်ထွက်ပေါ်လာပြီး သဘောတူကြောင်း ထောက်ခံကြလေသည်။





“ရှေ့က ဗိုလ်ကြီးမမတို့၊ ကျွန်တော်တာဝန်ယူပလက် (စ) ၂၂ လုံးအတွက် ခင်ဗျားတို့သုံးယောက် တပင်တိုင်ထွက်ကြဗျာ”

ရုံးဝန်ထောက်ကြီးတစ်ဦးက ပျော်တတ်သူပီပီ လှမ်း၍နောက်လိုက်သဖြင့် အားလုံးရယ်ကြပြန်သည်။

“ကျွန်မတို့ ၁၂ လုံးတန်းကတော့ ကလေးတွေပဲ ကဗျာလွတ်ထွက်ခိုင်းရမှာပဲ”

“ကျွန်တော်တို့ တိုက်ငါးလုံးက အငြိမ့်ထွက်မယ်ဗျာ”

“ကောင်းတယ်. . . ကောင်းတယ်. . . ”

တစ်ယောက်တစ်ပေါက် ပြောကြရင်းက အသံများ၊ အကြံပေးချက်များ များပြားလာ၍ ရလကဥက္ကဋ္ဌကြီးက အသံများတိတ်ကြပါရန် တောင်းပန်၍ အစီအစဉ်ကိုဆက်၍ပြောသည်။

“ကျွန်တော်တို့ အမှတ် ၄ နယ်မြေ ရန်ကင်းဒေသစိတ်မှာ အိမ်ထောင်စုပေါင်း ၁၀၀၈၄ ရှိပါတယ်။ အမျိုးသားပေါင်း ၂၅၆၆၈ ရှိပြီး အမျိုးသမီး ပေါင်း ၂၅၉၄၀ ရှိကြပါတယ်။ ကလေးဦးရေကလည်း အင်မတန်အားကောင်းတယ်ခင်ဗျ။ မွေးနိုင်ကျွေးနိုင်တုန်းကိုးဗျ”

“ဝါး. . ဟား. . . ဟား. . ”

ဥက္ကဋ္ဌကြီးက ဟာသကလေး ဖောက်လိုက်၍ အားလုံးရယ်ကြရသည်။

“ရန်ကင်းမြို့ရဲ့ ကျက်သရေဆောင် အရွယ်ကလေးတွေကလည်း အများကြီး ရှိကြပါတယ်ခင်ဗျား။ ဒီကလေးများကို ဘာလို့ကျက်သရေဆောင်လို့ အမွှမ်းတင်လိုက်ရသလဲဆိုတော့ ကျွန်တော်တို့ ရန်ကင်းမှာ လူလားမြောက်ရတဲ့ အပျိုပေါက်ကလေးတွေဟာ ခေတ်ကြီးနဲ့အညီ တက်ထရွန်နဲ့ မိတ်ကပ်ကို ဝတ်တတ်လူးတတ်ပေမဲ့ ကိုယ်ကြိုးစားမှ ကိုယ်ခံစားရမယ်၊ ကိုယ်လုပ်မှ ကိုယ်ရမယ်ဆိုတာကိုတော့ နားလည်ကြတယ်ခင်ဗျ။ ဒါကြောင့် ကြိုးစားကြတယ်။ လိမ္မာကြတယ်။ လူတော်လူကောင်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေ များတယ်။ အဲ. . . ကျွန်တော်တို့ ရန်ကင်းလွတ်လပ်ရေးပွဲတော်ဟာလည်း မှိုတင်းနေထိုင်ကြသူ လူဦးရေငါးသောင်းကျော်ထဲက ဘယ်လိုအတော်ကလေးတွေရှိတယ်ဆိုတာ ကြွားချင်လို့ပါခင်ဗျ"

"အင်း. . . အင်း. . . ဥက္ကဋ္ဌကြီး သိပ်ပြောမနေနဲ့နော်။ ကလေးတွေကြားရင် သွေးနားထင်ရောက်သွားလိမ့်မယ်"

"ရောက်ချင်လည်းရောက်ပလေ့စေဗျာ။ သူတို့ပဲပွဲထုတ်ရမှာမဟုတ်လား။ အဲ. . တစ်ခုတော့ ရှိတယ်။ ရပ်ကွက်အလိုက် အလှူငွေအသင့်အတင့်စီ ကောက်ခံကြပြီး တစ်ခန်းရပ် ပြဇာတ်ကလေးများ ကိုယ်စီကိုယ်ငှတင်ဆက်တဲ့အခါ ငွေကြေးအကုန်အကျအနည်းဆုံးနဲ့ သရုပ်အပါဆုံးအစီအစဉ်ကို ဒိုင်းကြီးတစ်ခု ချီးမြှင့်ပါမယ်ခင်ဗျား။ ပထမဆုပေါ့"

"ဒုတိယ တတိယဆုကော မပါဘူးလားခင်ဗျ"

"အာ. . ပါတာပေါ့ ခင်ဗျာ"

"ဦးကျော်ဆင့်ကြီးက တော်တော်ရည်ရွယ်ချက်ကြီးတယ်။ တတိယဆုက စပြီးချိန်တာကိုး"

"အဟား. . ဟား"

အစည်းအဝေးကား တစ်ယောက်အကြံတစ်မျိုးနှင့် တော်တော်စိုပြေလှုပ်ရှားသွားရသည်။

"ဒေသစိတ်ပိုင် ရုံပုံငွေနဲ့ အစီအစဉ်သုံးခု ထည့်မယ်ခင်ဗျာ။ အဲဒါကတော့ ပြည်ထောင်စုယိမ်းတစ်ခုနဲ့ရယ်၊ စည်းလုံးညီညာအောင်ကြောင်းပြရယ်၊ စန္ဒကိန္နရီတေးသရုပ်ဖော်ရယ် အဲဒါကတော့ ငွေအနည်းအကျဉ်းတော့ ကုန်ပစေခင်ဗျ။ ကျကျနနလုပ်ဖို့ အစီအစဉ်ရှိပါတယ်။ အဲ. . . တော်သင့်သူများကို လူရွေးချယ်တဲ့အခါသာ စည်းလုံးညီညွတ်ကြတဲ့ ရန်ကင်းသူ ရန်ကင်းသားများပီပီ ခေါင်းမရှောင်ဘဲ ကူညီကြပါလို့ မေတ္တာရပ်ပါတယ်ခင်ဗျား"





တိုနေ့က တစ်နေကုန်သွားရသဖြင့် အကြမ်းဖျဉ်းစည်းဝေးပွဲလိုလိုမျှနှင့်ပင် နိဂုံးတံလိုက်ကြလေကော့သတည်း။

"ဩော်. . . မမတို့ပြန်ကြတော့မလား"

ပြန်တော့မည်မှန်းသိပါရက်နှင့် တမင်ရမယ်ရှာသော သူ့အားမျက်နှာစူ၍ ထားလိုက်မည်ဟု စိတ်ကူးထားသော်လည်း ဘာကြောင့်မှန်းမသိ စူမထားမိချေ။

"ဒီမှာလေ မမနဲ့အတူနေကြတဲ့ ဒေါက်တာဌေးဌေးနဲ့ ဗိုလ်ကြီးမြကေခိုင်တဲ့"

ဟူ၍ သူ့ရောင်းရင်းများနှင့် မိတ်ဆက်ပေးလိုက်မိသည်။

"ဩော်. . . လေးစားပါတယ်ခင်ဗျာ။ တွေ့ရတာဝမ်းသာပါတယ်

"ကျွန်မတို့လည်း ဂျူဒိုတင်မောင်မောင်ဆိုတဲ့ နာမည်တော့ကြားဖူးနေတာကြာပါပြီ. ခုမှတွေ့ဖူးတာပဲ"

မြကေခိုင်သည် စစ်ဗိုလ်မမျက်နှာထားနှင့် အလာပသလ္လာပြောလိုက်သည်။

"ဟုတ်ကဲ့ခင်ဗျာ။ နောက်လည်း ခိုင်းစရာရှိရင် အကူအညီလိုရင်ပြောပါမမ။ ကျွန်တော် တတ်အားသရွေ့ကူညီပါ့မယ်"

"ကဲ. . . မမတို့သွားမယ်"

သီတာဇင်က စကားစဖြတ်၍ ရှေ့မှသွားနှင့်စဉ် မြကေခိုင်သည် တစ်ခုခုကို မကျေမနပ်ပုံနှင့် တင်မောင်မောင်ဆီသို့ လှည့်ကြည့်ရင်းက. . .

"ဒီမှာကွယ့်။ တစ်ခုပြောရဦးမယ်၊ တို့ကိုတော့ မမ မခေါ်နဲ့"

"ဩော်. . . အားနာစရာဗျာ။ နောက်မကြိုက်ရင် မခေါ်တော့ပါဘူး။ ကျွန်တော်က လေးစားသမှုခေါ်တာပါ"

"အို. . . သူတို့ကတော့ မမဌေးတို့ မမသီတို့ဆိုရင် ကြိုက်တယ်ကြိုက်တယ်၊ ခေါ်သာခေါ်၊ ကျွန်မသာ မကြိုက်တာ အဟင်း. . အဟင်း"

ဗိုလ်ကြီးမြကေခိုင်သည် ပျော်တတ်သည်၊ ပွင့်လင်းသည်၊ အာသ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖောက်တတ်သူပီပီ ထိုသို့ရယ်ကာ မောကာနှင့်ပင် သူမကြိုက်သော ကီစွကိုဖြင့် ပြောမိအောင်ပြော၍ သွားလေတော့သတည်း။

"ဟုတ်ကဲ့။ ဗိုလ်ကြီးဒေါ်ကေခိုင်လို့ပဲ ခေါ်ပါမယ်ခင်ဗျာ"

တင်မောင်မောင်ကလည်း မခေချေ။ ပြန်လည်၍ရယ်ရွှန်းလိုက်သဖြင့် သုံးဦးနှင့်တစ်ယောက်တို့သည် ခပ်ဝေးဝေးရောက်မှ သမင်လည်ပြန် ရယ်ပွဲဆင်လိုက်ကြရပေတော့သတည်း။

◆



၁၁

ဖင်မလီယာကားလေးတစ်စင်းသည် (စစ်အေးရိပ်သာ) ထဲသို့ကွေ့၍ ဝင်လာစဉ် တိုက်ကြီးရှေ့မှ ပယင်းပုတီးနှင့်အဒေါ်ကြီး ဒေါ်ခင်စီသည် သူ့တူတော်မောင်ကို တမင်တကာစောင့်နေပုံနှင့် လက်ကလေးအသာပြ၍ ရပ်ခိုင်းလိုက်သည်။

"ဩော်. . . ဒေါ်လေးစီ လမ်းလျှောက်နေသလား"

မင်းသက်ခိုင်က အလိုက်သိစွာရပ်၍ ပေးလိုက်ရလေသည်။

"အမင်းကို စောင့်နေတာကွဲ့။ ပခုက္ကူက ကိုလွင်မောင်တို့လာကြတယ်။ အမင်းက မှာလိုက်လို့ဆို (မြနှစ်သူဇာ) ဆိုတဲ့ ပန်းချီကား မရိ... ထည့်ပေးလိုက်သတဲ့"

"ဟုတ်လား ဒေါ်လေးစီ။ ခု ဦးလွင်မောင်တို့ ပြန်သွားကြပလား"

"စောင့်ကြသေးတယ်။ အမင်းမလာနိုင်တာနဲ့ ခုပဲ ပြန်သွားကြတယ်"

"အဲဒီပန်းချီကား အထဲမှာလား ဒေါ်လေးစီ"

ကားပေါ်မှ ကရောသောပါးပြေး၍ ဝမ်းသားအားရ ဝင်သွားသော သူ့တူကို မကျေမနပ်ပုံနှင့် မျက်မှောင်ကလေးတွန့်၍ ကျန်ခဲ့လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မြနှစ်သူဇာပန်းချီကားအား ပွေ့ပိုက်၍ပြန်ထွက်လာပြီး. . .

"ဒီနှစ်လွတ်လပ်ရေးပြပွဲမှာ ရှေးဟောင်းလက်ရာ ပန်းချီပြိုင်ပွဲ သပ်သပ်လုပ်မယ်တဲ့ ဒေါ်လေးစီရဲ့။ ပထမ၊ ဒုတိယ၊ တတိယဆုရတဲ့ ပန်းချီကားတွေကို ပြင်သစ်ပြည်၊ ပန်းချီဟောင်းပြပွဲကို တစ်ဆင့်ပြိုင်ပွဲဝင်ခွင့် အစိုးရက ပို့ပေးမှာတဲ့။ ဒါကြောင့် ကျွန်တော့်ဖေဖေရဲ့ လက်ရာမြောက်မြောက်ကလေးကို ကံစမ်းတဲ့အနေနဲ့ သွင်းကြည့်မလားလို့ ဒေါ်လေးရီဆီ မှာလိုက်တာပါ"

ပန်းချီကားအား တရိုတသေ ကားထဲသို့သွင်းရင်းက ရှင်းလင်းပြလိုက်သဖြင့် ဒေါ်ခင်စီက မျက်နှာခပ်မဲ့မဲ့နှင့်. . .

"အဟွန်း. . . ကိုကြီးထွန်း စိတ္တဇနာကပ်ပြီး မြန်မြန်သေခဲ့ရတယ်။ ကျုပ်တို့မကြည်ကပါ လင်ကို တစ်ဖက်သတ်ချစ်စိတ်နဲ့ သေရှာလိုက်သွားတယ်လေ။ ဒါဟာ ဒီဓာတ်ပုံရှင်ကြောင့်ပေါ့။ ဒါကြောင့် ကျုပ်တို့တော့ ဖိတ်နာတယ်။ စိတ်နာတယ်။ ကျုပ်တိုက်ထဲတောင် ကြာကြာမထားချင်ပါဘူး။ အမင်းတို့များ ကြုံကြိုးစီရာ အလုပ်မရှိအလုပ်ရှာလို့တော်"

ဒေါ်ခင်စီကဒေါပွလေပြီ။ သူစိတ်ဆိုးလျှင် ကျုပ်တွေတော်တွေ လှိုင်လှိုင်ကြီး သုံးစမြဲမဟုတ်ပါလား။

"ကျွန်တော်ကရော မေမေကြည့်သားပါဗျာ။ ကိုယ့်အမေဟာ ကိုယ့်အဖေနဲ့ မရခင်က ဒို့ပြင်မိန်းမတယောက်ကို စွဲစွဲလမ်းလမ်းကြီးဖြစ်ဖူးတယ်ဆိုတာ ကြည်နူးစရာဖြစ်ပါ့မလား ဒေါ်လေးစီရဲ့။ ဒါပေမဲ့ ဒီပန်းချီကားဟာ ဖေဖေ့လက်ရာ။ ဒီလောက်နှစ်တွေကြာတာတောင် ဆေးရောင်မလွင့်ဘူး။ မိန်းကလေးပုံကလည်း သက်ဝင်လှုပ်ရှားတယ်။ ဒါကို ကျွန်တော် ဂုဏ်ဖိုးထားတာပဲ ဒေါ်လေးစီ"

"တော်ပါကွယ်။ ဒေါ်လေးစီတော့ ဒီပန်းချီကားကို ဘယ်တော့မှ ကြည့်ဘူး။ မရှိတိုက်ရောက်ရင်လည်း ဒီပန်းချီကားရှေ့ကျတော့ မျက်နှာလွှဲဖြစ် လွှဲထားတယ်။ မျက်လုံးဖြစ်ဖြစ် မှိတ်ပစ်လိုက်တယ်"





"ဘာဖြစ်လို့လဲ ဒေါ်လေးစီရဲ့"

"ကြောက်လို့ပေါ့။ ကြောက်လို့။ ကျုပ်တို့ အစ်ကိုကြီး အချစ်ရူးရူးသေရတာကို တွေးပြီးရင်နာလို့"

ဒေါ်ခင်စီသည် ပါးစပ်ကသာ စိတ်နာစိတ်ဆိုးနေသော်လည်း လက်က ပယင်းပုတီးကိုဖြင့် အစိပ်တစ်ချက်မျှမပျက်ဘဲ ခြံတစ်ဖက် ကန်စောင်းဆီသို့ လျှောက်၍သွားလေတော့သတည်း။

မင်းသက်နိုင်သည် သူ့ဒေါ်လေးစီပြောပုံကို ပထမ ရယ်ချင်သွားရသော်လည်း သူကိုယ်တိုင်ပင် ထိုကိစ္စနှင့်ပတ်သက်၍ ဘုမသိဘမသိ ဇင်ဇင့်ကိုပင် ကျွတ်ဆတ်ဆတ်ပြောခဲ့မိသည် မဟုတ်ပါလား။

ကားလေးကို သူ့တိုက်ပုလေးရှေ့သို့ ဆက်မောင်းလာခဲ့သည်။

စက္ကူကတ်ထူများနှင့် သေချာစွာ ပတ်ပေးလိုက်သမျှ ဖယ်ရှားလိုက်သည်။

"ဩော်. . . ဒေါ်လေးစီနဲ့ ဒေါ်လေးရီတို့ဟာ ဒီပန်းချီကားကို ဘယ်လောက်ပဲ စိတ်နာစိတ်နာ သူတို့မောင် ဖေဖေ့ကို ဘယ်လောက်ချစ်ရှာသလဲ။ ဖေဖေ မြတ်နိုးတဲ့ ပန္နည်းကလေးကိုတော့ တယုတယ သိမ်းထားရှာသားပဲ"

"မသီတာ သို့မဟုတ် ဇင်ဇင်"

"မိခင်နဲ့သမီး ဖအေ့လက်ထက်က ပြဿနာပြီးခဲ့တာတွေ ပြီးပါစေတော့လား။ ငါကကော ဘာဖြစ်လို့များ ဒီပန်းချီကားကို မှာလိုက်ပြီး ဇင်ဇင်ဆီကို သွားရတာနဲ့ ဘာကြောင့်များ သံယောဇဉ်တွေ ပွားများပေရလေသနည်း"

သူသည် သက်ဝင်လှုပ်ရှားလွန်းသော မသီတာ၏ ရုပ်ပုံလွှာကို ကြည့်ရင်း ရန်ကင်းသူ ဇင်ဇင်၏ပုံသဏ္ဍာန်သည် ဖွတ်ပင်မြင်လာရသည်။

သူ့မျက်နှာကလေးသည် လူနှင့်မတူပေ။ ရှိုးကေ့(စ်) ထဲမှ အရုပ်လှလှကလေးနှင့် တူသည်။ တစ်ခါကြည့်မိလျှင် ထပ်ခါထပ်ခါကြည့်ချင်သော



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမျိုးပေတည်း။ ခါးသေးပုံ ရင်မို့မို့ကလေး ချီတက်သွားပုံ၊ တင်ပြည့်ပြည့်ကလေးကားနေပုံသည် စွယ်စုံအလှကလေးများ စုဝေးနေဘိသကဲ့သို့ ရှိချေတော့၏။

"ဟင်း"

"ငါဟာ ဘာကြောင့်များ သူ့ကိုမြင်လာရတာလဲ။ သူ့အကြောင်းကို ဘာကြောင့်တွေးနေရတာလဲ"

"လူပျိုတစ်ယောက်မို့ အပျိုလေးတစ်ယောက်ရဲ့အလှကို စိတ်ကူးယဉ်မိတာ ဘာတတ်နိုင်မှာလဲ။ အပျိုတွေအကြောင်း စဉ်းစားချင်ရင် သူတို့တိုက်မှာ အပျိုတွေ သုံးယောက်တောင် ရှိနေတဲ့ဥစ္စာပဲ။ အို. . . ငါလည်း အခုတလော ဘာဖြစ်နေတာလဲ။ အရှက်မရှိ မိန်းကလေးတွေကို လုံချည်လက်ဆောင် ပေးရတာနဲ့။ အင်း. . . စဉ်းစားကြည့်တော့ ရှက်စရာပဲ။ ဟုတ်တယ်။ သူတို့ရန်ကင်းသူတွေကလည်း မာနကြီးပါဘိနဲ့။ ပိုက်ဆံတွေ ပေးနေတော့လည်း ငါ့မှာ ရှက်ရှက်နဲ့ ပြန်ယူလာခဲ့ရတာပဲ"

"ကိုကိုပြန်လာပြီ။ ကိုကိုပြန်လာပြီ"

အတွေးကျောင်းနေစဉ် ခင်စစ်အေး၏ ကိုကိုပြန်လာပြီ တေးသီချင်းကို ကြားလိုက်ရသဖြင့် မင်းသက်နိုင်မှာ ရုတ်တရက် အတွေးပြတ်၍ လန့်ဖြန့်သွားကာ ပန်းချီကားကို ဘီရိုနောက်ကြားသို့ ဖွက်လိုက်လေသည်။ သို့သော် အလွန်အကင်းပါးသော ခင်စစ်အေးသည် ကုန်းကုန်းကွကွနှင့် လိုက်ကြည့်ရင်းက. . .

"ကိုကို ဘာဖွက်တာလဲဟင်။ ခင်စစ် မကြည့်ရဘူးလား။ ပြစမ်းပါ ကိုကိုရဲ့"

ဟု ဇွတ်တရွတ် ဘီရိုကြားသို့ ဝင်မည်ပြုနေသဖြင့် မင်းသက်နိုင်သည် ပျာပျာသလဲ ဖြစ်သွားရကာ. . .

"ခင်စစ်အေးက တယ်ခက်ပါလား။ ကိုကိုတို့ လေယာဉ်ပျံမောင်းတော့ ကြည့်တဲ့မြေပုံပါ။ ခင်စစ်နဲ့ ဘာဆိုင်သလဲကွယ်။ အမယ်. . . လက်ထဲက ဘာတွေလဲ။ စုံလို့ပါလား"





"ဒီနေ့ ဖွားစောအသင်းနဲ့ ပြိုင်ပွဲရှိတယ်လေ။ ခင်စစ်တို့ မယ်ဘယက်အဖွဲ့က ပါဆယ်ထုတ်နည်း၊ သူနာပြုစုနည်းတော့ မျက်စိမှိတ်နိုင်တယ် ကိုကို။ အဲ. . . သူတို့ကို ကြောက်တာတစ်ခုပဲ။ ဟို. . . ဟို. . . ကြိုးချည်နည်း။ အဟီး. . . အဟီး ဘာရမလဲ။ ခင်စစ်တို့နိုင်အောင်လေ။ ဖွားစောအသင်းက ကင်မ်တို့ကိုလေ ဟောလို ဟောလို လည်ပင်းကို ကြိုးနဲ့ တအားချည်မှာပေါ့။ ဟားဟား. . . ဟုတ်ဘူးလားကိုကို"

"ဟဲ့. . . ဟဲ့. . . ခင်စစ်ကလည်း။ အဲဒီလို သူများလည်ပင်းကို ကြိုးနဲ့ သွားမချည်ရဘူးနော်။ ဟောဟို လမ်းပြတဲ့ရဲကြီးတွေက လာဖမ်းတတ်တယ်ခင်စစ်ရဲ့"

"ဩော်. . . ဟော. . . ဟော. . . ကိုကိုကြီးကလေ လေယာဉ်မှူးသာဆိုတယ် ကြောက်တတ်လိုက်တာလွန်ရော"

ခင်စစ်အေးသည် ထိုစကားစုကို ရိုးရိုးပြောရုံမဟုတ်ဘဲ မင်းသက်နိုင်၏ပါးနှစ်ဖက်ကို သူ့လက်နှစ်ဖက်နှင့်ညှပ်၍ ပါးကို ဟိုဘက်ဒီဘက်ရမ်း၍ ပြောလိုက်သဖြင့် မင်းသက်နိုင်မှာ နှလုံးမသာမယာနှင့် အသာရုန်း၍ နောက်သို့ဆုတ်လိုက်ရသည်။ ခင်စစ်အေးသည် ဖြူဖြူစင်စင်ရုပ်မျိုးကလေး ဖြစ်သည့်အတွက် ဤရောဂါမကပ်ရောက်ခင်ကမူ သူ့မိခင်ဒေါ်ခင်စီ၏ စိတ်ထဲတွင် ပခုက္ကူတွင် သူ့သမီးလောက်ချောတာမရှိဟု တွေးခဲ့ဖူးသည်။

နှစ်တန်းနှစ်မှစ၍ ပြင်ဦးလွင် အင်္ဂလိပ်ကျောင်းသို့ ဘော်ဒါထားခဲ့သည်မှာ ၈ တန်းရောက်သည်ထိဖြစ်သည်။ ၉ တန်းနှင့် တက္ကသိုလ်ဝင်တန်းရောက်သော် ရန်ကုန်ကျောင်းကြီးတစ်ကျောင်းတွင် ဘော်ဒါပင် မို့ခဲ့သည်။ ကျောင်းမှ ပြန်လည်ရောက်ရှိလာတိုင်း သမီးတစ်ယောက်ဆိုလျှင် ဆိုသလောက် တန်ဖိုးရှိအောင် အချုပ်အလုပ်အချက်အပြုတ် အကုန်အစင်သင်သည်။ မယ်သီလရှင်တစ်ပါးပင့်၍ သုတ်ပေါ်င်းများစွာနှင့် ဓမ္မစကြာကိုလည်း ထုံးလိုချေ ရေလိုနှောက်မျှ တတ်ကျွမ်းစေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းတွင်နေစဉ်ကလည်း ကင်းထောက်ခေါင်းဆောင်ပြုလုပ်ခဲ့၍ First Aid ခေါ် သူနာပြုမှုစ၍ အကုန်အစင်တတ်မြောက်ခဲ့သည်။ တစ်ခါက တန်ဖိုးမဖြတ်နိုင်သော ရတနာတစ်လုံးသည် ယခုတော့လည်း ခဲတစ်လုံးမျှပင် အသုံးမကျတော့သည့်ပြင် တစ်ခါတစ်ခါ ယဉ်ယဉ်ကလေးမှ ကြမ်းကြမ်းလာတတ်သောအခါ မိခင်ကြီးကိုယ်တိုင်ပင် မသိမသာ မျက်လုံးပြူး၍ပြူး၍ သွားရရှာသည်။

စိတ်ကျန်းမာရေးဆေးရုံသို့ ပို့ထားပါလားဟူသောစကားသည် ဒေါ်ခင်စီ အတွက် ကမ္ဘာ့ရန်စကားတစ်ခုဖြစ်နေ၍ မင်းသက်နိုင်မှာ ဤစိတ်မချမ်းမသာရှုခင်းကို ထာဝရရင်ဆိုင်နေရခြင်းပင်တည်း။

သူ့ရှေ့မှ ခင်စစ်အေးကို စေ့စေ့ကြည့်မိသောအခါ ဆံပင်တွေ တစ်ဖက်တစ်ချက် ဂြိုဟ်တုပုံဖွာလောင်လောင်ကြီးထုံး၍ သွားများကလည်း ဝါပြစ်၍ ညစ်ပတ်နံစော်နေသည်။ ပေါင်ဒါများ ပါးကွက်သဖွယ်တင်၍ ကြေမွနေသော နိုင်လွန်အကျီအပြာပေါ်မှ အမ်စီကြိုးကြီးတဘတ်ဘတ်နှင့် ရယ်စရာလား၊ သနားစရာလား မခွဲခြားတတ်ပါတော့ချေ။

အဘယ်ကြောင့်ဆိုသော် ပိတ်လုံကွင်းဇာပြား့တစ်ထွာလောက်သည် အပြင်သို့ရောက်ရှိနေသောကြောင့်တည်း။

"ကိုကိုပြောတာ ကြားရဲ့လား ခင်စစ်ရဲ့။ သူများလည်ပင်း ကြိုးနဲ့ မချည်ရဘူးနော်"

"သြော်. . . ကိုကိုကလည်း ရီဗ်နော့နဲ့ ချည်မှာပါ။ အရမ်းမလုပ်ပါဘူး။ မသိန်းလည်း ပြောထားတယ်။ လက်ဖ်အိုဗာရိုက် ရိုက်အိုဗာလက်ဖ် လျှာထွက်အောင် ချည်လို့။ အဟီး. . အဟီး. . ကောင်းဘူးလားကိုကို"

ခင်စစ်အေးသည် ကြိုးချည်ပုံ အက်တင်အပြည့်နှင့်ပြောနေစဉ် သူ့ အထိန်းတော်မသိန်းက လာရောက်ပြီး ချော့မော့၍ ခေါ်ဆောင်သွားလေတော့၏။





သြော်. . . ရူးသာရူးတယ်။ သူ သင့်ခဲ့ကြားခဲ့ရတာလေးတွေတော့ တဝေ့ဝေ့ သတိရနေရှာပါကလားနော်ဟူ၍ မင်းသက်နိုင်သည် ခေါင်း တညိတ်ညိတ်နှင့်တွေး၍ ကျန်ခဲ့လေတော့သတည်း။

◆

www.burmeseclassic.com

www.burmeseclassic.com

## ၁၂

"ကလေးတို့ရေ×××လာကြ လာကြ×××ကြားလိုက်အောင်××× နားစိုက်ထောင်ကြ×××အရေး အသား×××လက်ရေးလေးလှလှ×××အတွက် ×××အချက်ထက်မြက်ကျနှ×××ရှိသေလေးစား×××အရေးထားစရာ××× ဘုရားအစ×××ဆရာသမားမိဘ×××ကလေးတို့ရေ×××လာကြလာကြ"

အထက်ပါသီချင်းကား သီဆိုနေခြင်းမဟုတ်။ အကော်ဒီယံသံ မျှဉ်းမျှဉ်းကလေး အထပ်ခိုးစင်ကလေးမှ လွင့်ပျံ့လာခြင်းပင်တည်း။

ဆွေဆွေသည် ဘုရားပန်းအိုးလဲရင်းက သူ့အစ်ကိုအား ပြုံးစေ့စေ့ လှမ်းကြည့်ရင်း. . .

"ကလေးတို့ဆရာမ မဟုတ်ပါဘူး။ ညီမလေးတို့ဆရာမ"

ဟူ၍ တေးသီသံကလေးဖြင့် လှမ်းဆိုလိုက်သဖြင့်. . .

"ဟင်းနော်. . . မိန်းကလေးပိပိနေစမ်း။ ဘာလို့ လိုက်ရွှတ်နေတာလဲ"

တင်မောင်မောင်သည် နံရံကိုမှီ၍ အကော်ဒီယံကလေးကို ခပ်မျှဉ်းမျှဉ်းဆွဲရင်းက လှမ်း၍ငေါက်လိုက်သည်။





ဆွေဆွေသည် သူ့အစ်ကိုကငေါက်လိုက်၍ မျက်နှာပိုးသတ်သွားရသော်လည်း တစ်ခုခုကို မကျေနပ်ပုံလေးနှင့် တွေးရင်း မရဲတရဲနှင့်. . .

"ကိုကိုမောင်က အရင်ကပြောတုန်းကဖြင့် မိန်းမတွေများ အရေးစိုက်ပြီး လိုက်မကြည့်ပေါင်ဆို"

"အေးလေ. . . ဒါမှန်သားပဲ။ ငါ့မှာ ရုံးသွားစရာ၊ ညကျောင်းတက်စရာ၊ ညနေကျ ဂျူဒိုသင်တန်းပေးစရာတွေနဲ့ ချာလည်လိုက်နေတာ။ သူတို့ကြည့်မိရင် တာကယ့်ကို အလုပ်ပျက်တာဟ"

"ကိုကိုမောင်ကြီးလည်း မုသားသုံးတတ်လာပြီ"

"ဘာပြောတယ်"

"အဟင်း. . . ဆွေဆွေမသိဘူးမှတ်လို့လား။ဟိုးတစ်နေ့ကလေ စာအုပ်သွားပေးတုန်းကလေ အဟင်း. . . အဟင်း. . . ဆရာမကိုကြည့်နေလိုက်တာ ဆွေဆွေတောင် အားနာသွားတယ်"

"ကြည့်စမ်း။ နင် ဘာတွေလျှောက်ပြောနေတာလဲ"

"ဒါကတော့ ကိုကိုမောင့်မှာ အပြစ်မရှိပါဘူး"

"ဘာရယ်"

"ညီမလေးတို့ကျောင်းတော့ ဒီဆရာမအလှဆုံးပဲ။ ဆွေဆွေတို့လည်း ဒီလိုပဲ။ သူ့အချိန်ကုန်မှာ သိပ်စိုးတာပဲ။ ဆွေဆွေတို့လည်း သူ့ကိုချစ်တာပဲ။ ဒါပေမဲ့ ဆွေဆွေတို့ချစ်တာက လူမသိဘူး။ ကိုကိုမောင်ချစ်တာက တယ်လူသိတယ် ကိုကိုမောင်ရာ"

"ဒီကောင်မလေး သေတော့မယ်နော်။ ဟောဒီမှာ မေမေ"

"အဟိ. . . မေမေ ရေချိုးနေတယ် ကိုကိုမောင်ရဲ့။ ပြီးတော့လေ အရင်တုန်းက ရေဒီယိုမှာ 'ကလေးတို့ရေ×××လာကြ လာကြ' ဆိုတဲ့သီချင်းလာရင် ကိုကိုမောင်ပဲ ပြောတယ်မဟုတ်လား။ ရေဒီယိုက ဒီသီချင်းပဲ လာနေတာပဲလို့ ပြောဖူးတယ်မဟုတ်လား"

"ဒါ ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ညီမလေးကတောင် ပြောသေးတယ်။ ဒီသီချင်းက စာသားကလည်းကောင်း၊ အသံလည်းကောင်း၊ အလိုက်ကလေးကလည်း ချစ်စရာကောင်းတာကိုးလို့ဆိုတော့ ကိုကိုမောင်ပဲ ပြောတာပဲ။ မဟုတ်ပါဘူး။ အသံလွှင့်ရုံက ဓာတ်ပြားရွေးတဲ့လူတွေကိုက ဒီသီချင်းကြိုက်ပုံရပါတယ်ဆိုလား"

"အေး. . . ဒါပဲနေမှာပေါ့"

"အဟင်း. . . အဟင်း ကိုကိုမောင်ကြီး ကိုယ့်စကားနဲ့ကိုယ် မိပြီ။ ခုတော့ ကိုကိုမောင်လည်း ဒီဓာတ်ပြားကို သိပ်ကြိုက်သွားပြီမဟုတ်လား"

"ဘယ်ဓာတ်ပြားလဲ"

"ကလေးတို့ရေ××လာကြ လာကြ××× ညီမလေးတို့ဆရာမ။ ဟို ဓာတ်ပြားထဲက ကလေးတို့ဆရာမ မဟုတ်ဘူးနော်။ ဒါက ညီမလေးတို့ ဆရာမ"

ဆွေဆွေက လက်ညှိုးထောင်၍ ဟန်ကလေးနှင့် လုပ်ပြလိုက်သဖြင့်. . .

တင်မောင်မောင်သည် ခါတိုင်း ဤမျှလောက်မှ အရောမဝင်ရဲသောသူ့နှမစကားများကို ဘာကြောင့်များ ယခုကဲ့သို့ လိုက်လိုက်လျောလျော နားထောင်မိပါလိမ့်။ သို့သော် ကြာတော့လည်း ရှက်လာ၍ နေရာမှ ဝုန်းခနဲထ၍ သူ့နှမကို ကိုင်၍ပေါက်လိုက်မည်ဟူသော အနေအထားဖြင့် အပေါ်သို့ မြှောက်ထားလိုက်သည်။

"ကဲ. . . ညီမလေးတို့ဆရာမ လုပ်ဦးလေ"

"ကိုကိုမောင် ကိုင်မပေါက်နဲ့နော်။ တစ်နေ့က မွေ့ယာပေါ် ပေါက်တာတောင် တင်ပါးနာနေသေးတယ်"

"ဒါဖြင့် နောက် ဒီလိုစကားမျိုးတွေ လျှောက်ပြောဦးမလား"

"ကိုကိုမောင့်ကို ဆရာမက မှာလိုက်သေးတယ်"

"ဘာရယ်. . ."





သူသည် သူ့နှမအား ဆုံးမရန် အထက်သို့ မြှောက်ထားရာမှ ယောင်ယမ်း၍ အောက်သို့ချပေးလိုက်ပြီး 'ဘာရယ်' ဟူ၍ သိချင်ဇောကြီးဖြစ်သွားရသည်။

"ဟိုလေ. . . တစ်နေ့က ညီမလေးကို ကတ်ထူစာအုပ်တစ်ဒါဇင်ရယ်၊ ပိုင်းလော့ဖောင်တိန်ရယ် ဆရာမက ပေးလိုက်တယ်"

"ဟင်. . . ဘာလို့ယူလာခဲ့ရတာလဲ"

"ညီမလေးက မယူပါဘူး ဖွတ်ငြင်းတာပဲ။ ဒါပေမဲ့ ဆရာမကပြောတယ်။ သူများပစ္စည်း သူ အလကား ဘယ်တော့မှမယူဖူးဘူးတဲ့။ ဒါကြောင့် သူက တစ်လှည့်လက်ဆောင်ပြန်ပေးတာပါတဲ့"

"အင်း. . . ဒါနဲ့ နင်ကလည်း အကြိုက်ကျသွားပြီး ယူခဲ့တာပေါ့လေ"

တင်မောင်မောင်က ရယ်ရွှန်းရွှန်းသာ လုပ်နေရသည်။ ဆရာမ၏ မျက်နှာလှလှတည်တည်ကလေးကို သူကိုယ်တိုင်၌က ကြောက်ပင်ကြောက်သလို လန့်ပင်လန့်သလို ဖြစ်ခဲ့ရသည်မဟုတ်ပါလား။

◆

တင်မောင်မောင်တို့နှင့် အခန်းချင်းကပ်လျက် ဒေါ်မြဆန်းတို့တိုက်တွင် ကိုဘလှကြည် ကားကြီးရောက်ရှိနေသည်မှာ မနက်ကတည်းကဖြစ်သည်။ ညနေသုံးနာရီထိုးသော် တင်မောင်မောင်သည် တင်းနစ်ကုတ်ဘက်ဆီသို့ သူ့ဂျူဒိုသင်မည့်တပည့်များရှိရာသို့ ထွက်ခဲ့လေသည်။

ဘောင်းဘီအရှည်အဖြူ၊ စပို့ရှပ်အဖြူ၊ ကင်းဗတ်အဖြူတို့ဖြင့် လှပထွားကျိုင်းသော တင်မောင်မောင်ကို မလှိုတမာကြည့်ရှုနေသူကား ညည်သည်တော် ကိုဘလှကြည်ပင်တည်း။

"အဲဒီငနဲက တော်တော်ဂိုက်ပေးတယ်။ စောစောကလည်း အတော် ဒီယံတည်ညံ့နဲ့ နွဲ့ကိုများ ပိုးနေသလားမှမသိ"



www.burmeseclassic.com

www.burmeseclassic.com

သူ့ဘေးနားမှ မှုတ်မှုန့်ကလေးရပ်နေသော ခင်နွဲ့အောင်က ထိုသို့ အပြောခံရ၍ ဆတ်ခနဲဖြစ်သွားရပြီး . . .

"ဟင်း . . . မထင်ပါနဲ့မောင်ရယ်၊ သိပ်မာနကြီးတာ။ လုပ်တော့တာ စာရေးဆိုပေမဲ့ ဒီမှာတော့ ဂျူဒိုဆရာလေးကလည်း အခေါ်ခံရ၊ ဒိုဂရီကလေးကလည်း ရအုံးဆဲဆဲဆိုတော့ သည်ကမ္ဘာမှာ ငါ့လိုလူမျိုးမမွေးသေးဘူးထင်နေတာရှင့်"

"ဩော် . . . ဩော် . . . ဘတ်စ်ကားစီးလူတန်းစားတွေကလည်း တစ်ခါတစ်ခါ အသားလွတ်မာနကြီးကြတာ ရယ်စရာတော့ အကောင်းသားနော့"

ဘလှကြည်သည် သူ့အိုပယ်ကားကို တစ်ချက်လှမ်း၍ကြည့်လိုက်ရင်းက သူ့တက်ထရက်စ်ဘောင်းဘီဒူးနားတွင် ကပ်နေသောဖုံကလေးတစ်မှုန့်ကို ဟန်ပါပါ လက်နှင့်တောက်ပစ်ရင်း ပြောလိုက်သဖြင့် ခင်နွဲ့အောင်ပင် သူတို့ရန်ကင်းသူ့ရန်ကင်းသားများဘက်မှ အနည်းငယ်မခံချင်ဖြစ်သွားကာ . . .

"ဘတ်စ်ကားစီးပြီး တိုက်တန်းလျားနေလို့ကတော့ အထင်မသေးလိုက်ပါနဲ့ ရှင်ရေ့။ ဒီရန်ကင်းတိုက်ခန်းတွေက တစ်နှစ်တစ်နှစ် အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေ ဘယ်လောက်မွေးထုတ်ပေးနေတယ်ဆိုတာ မောင် စေ့စေ့ပေါက်ပေါက်သိလို့လား"

"အမယ် . . . အမယ် . . . မရွှေနွဲ့ကလေးက အလာကြီးပါလား။ တော်တော်ဝံ့သာနုတယ်ဟေ့။ ကိုယ့်ရပ်ကွက်အတွက် ဝံသာနုခြင်းသာဖြစ်ပါစေဗျာ။ တစ်ဦးတစ်ယောက်ဘက်ကတော့ ဝံသာနုတာဆိုရင်တော့ . . ."

"ဒီမှာ မောင်။ မောင် နားလည်ထားရဖို့က နွဲ့နဲ့ ဒီထင်မောင်မောင်ဆိုတဲ့လူနဲ့ တစ်စက်မှမတည့်ဘူး။ တစောင်းစေးနဲ့ မျက်ချေးပဲ။ ဒါပေမဲ့ အိမ်မှာ မီးပျက်တာကအစ မေမေတော့ သူ့ကိုအားကိုးနေရတာလေ။ ဘယ်လိုပြောရမှန်းမသိပါဘူး။ အပေါက်တော့ ဆိုးတယ်။ အိမ်နီးချင်းဝတ္တရားတော့ ဘော်တော်ကျေတယ်မောင်ရဲ့"





"တော်ပါတော့ဗျာ။ တော်ပါတော့။ ဂျူဒိုတင်မောင်မောင် ချီးမွမ်းခန်းက ဒီနေ့ ဆုံးပါဦးမလား။ ဟေး . . . သွဲ့သွဲ့ ဘယ်လျှောက်လည်နေတာလဲ။ လာခဲ့ လာခဲ့"

"ဟော . . . ကိုကိုကြည်ကြီး မပြန်သေးဘဲကိုး။ ဘယ်မလဲ သွဲ့သွဲ့ဖို့ သမ္မတရုံအောက်မှာရောင်းတဲ့ ပီကေဝယ်ခဲ့မယ်ဆို ဘယ်မလဲ။ သိပ်ညာတာပဲ"

ခေတ်အလွန်ဆန်ပုံရသော ခင်သွဲ့အောင်သည် ခေါင်းကလေးခါခါလည်လေးခါခါနှင့် ဝင်လာပုံကို ဘလှကြည်က ပြုံးပြုံးကြီးကြည့်ရင်း . . .

"လာခဲ့ ချာတိတ်မ။ သူဖြင့် လျှောက်လည်နေပြီး ရန်ဆောင်တာအရင်ပဲ။ ဟိုဘက်လှည့်"

ခင်သွဲ့အောင်သည် ရယ်စရာမရှိဘဲ တခစ်ခစ်ရယ်ရင်း တစ်ဘက်သို့ လှည့်ပေးလိုက်သည်။

ဘလှကြည်က လက်တစ်ဘက်မှ ခင်သွဲ့အောင်၏မျက်နှာကို ထပ်မံပိတ်ရင်း လက်တစ်ဘက်မှာ နောက်မှာသိုင်း၍ လက်တစ်ဘက်ထဲသို့ ပီကေထုပ်များ ထည့်ပေးလိုက်လေတော့၏။ ရုတ်တရက် ဖက်လှဲသိုင်းငင်အနေအထားကို မလွတ်သေးဘဲ အတန်ကြာမှ . . .

"ကဲ . . . မျက်လုံးဖွင့်တော့"

"ဟယ် . . . ပီကေထုပ်တွေ မနည်းပေါင်။ အဟစ် . . အဟစ် . . အဟင်း . . . အဟင်း . . . အစ်ကိုကြည်ကြီးက သိပ်လိမ္မာတာပဲနော်"

ခင်နွဲ့အောင်သည် ပထမ ရယ်ကာမောကာကြည့်နေရင်းက တဖြည်းဖြည်းနှင့် မျက်စပ်ပိုးဝင်သလို သူ့ညီမကိုလား၊ သူ့ချစ်သူကိုလား၊ မကျေနပ်သလိုလို ဝေဒနာတစ်မျိုးကို မျက်ခနဲခံစားလိုက်မိရှာလေတော့သတည်း။

◆


www.burmeseclassic.com

www.burmeseclassic.com

## ၁၃

"မသီတာရေ . . . ဖုန်းကောလ်"

"ဘယ်ကလဲ ကေခိုင်ရယ်။ ယူပဲပြောလိုက်ပါတော့"

သီတာဇင်သည် ဓာတ်ဘူးထဲ ရေနွေးထည့်ရာမှ အဖုံးကလေး ကမန်းကတန်းပိတ်၍ ပြေးခဲ့ရသည်။

"ဇင်ဇင်ပါလားခင်ဗျာ။ ကျွန်တော် မင်းသက်နိုင်ပါ"

"သြော် . . . ပြောပါရှင်။ ဘာကိစ္စအထူးရှိပါသလဲ"

"ကိစ္စအထူးရှိမှ ဆက်ရတော့မလားခင်ဗျာ။ ပြီးတော့ တလောတုန်းက ဖေဖေ့ကိစ္စနဲ့ပတ်သက်ပြီး ဇင်ဇင့်ကို ရိုင်းရိုင်းစိုင်းစိုင်းပြောခဲ့မိတာ ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူး။ ဒီတုန်းက ပဟေဠိဆန်သွားတာကလွဲလို့ ကျွန်မကလည်း အလုပ်များများနဲ့ သတိတောင်မေ့နေပါတယ်"

"ကောင်းပါလေ့ခင်ဗျာ။ ကျွန်တော်ကတော့ ဒါကို စိတ်မကောင်းနေတာပါ"

"ဒါပေမဲ့ ကျွန်မ ဒီအကြောင်းကို သိချင်ပါတယ်။ ဘုန်းကြီးဆီမှာ စာရေးမေးရရင် ကောင်းမလားလို့တောင် စဉ်းစားနေပါတယ်"





"ဘုရားရှင် တရားရှင်အတွက် အသစ်ဖြစ်နေပါလိမ့်မယ်ဗျာ။ သိချင်ရင် ကျွန်တော် ကြိုးစားပြောပါ့မယ်။ ဇင်ဇင် နေ့လယ်ဘက် အားပါတယ်နော်"

"နေဦးရှင့်။ ဟို . . . ရန်ကင်းလွတ်လပ်ရေးပွဲတော်အတွက် အစည်းအဝေးတော့ ရှိပါသေးတယ်"

"ဒီလိုဆိုရင် ညနေဘက်လောက် ကျွန်တော် လာခဲ့ပါမယ်"

"ဟုတ်ကဲ့။ ကောင်းပါပြီရှင်"

"ဘာတဲ့လဲ သူငယ်ချင်း"

"ညနေ လာလည်မလို့တဲ့ကွယ်"

"အင်း . . . နောက်ထပ်ငါးနှစ်တိတိ အနည်းဆုံးအပျိုလုပ်ကြဦးမယ်ဆိုတဲ့ စည်းတော့ တစ်နည်းနည်းနဲ့ ပေါက်ရှာတော့မယ်ထင်ပါရဲ့"

"အဲဒီထဲမှာ ငွေးတို့မပါဘူးနော်။ မသီတာကတော့ စိတ်မချရဆုံးပဲ"

"ဟုတ်တယ်။ အစ်ကိုကြီးနဲ့ တွေ့မလား၊ မောင်လေးနဲ့ တွေ့မလား တစ်ခုခုပဲ"

"ကဲ . . . မိန်းကလေးတို့ သိပ်စကားမများကြနဲ့နော်။ ဆယ်နာရီတိတိမှာ ထမင်းကျွေးမှာ။ ရေသွားချိုးကြတော့"

"ကောင်းပါပြီ ဇင်ဇင်။ ကျွန်မတို့ အသင့်ပါရှင်"

မြကေခိုင်က ဦးသက်နိုင်ခေါ် သကဲ့သို့ ဇင်ဇင်ဟု တမင်ပြောင်ခေါ် မှန်းသိ၍ သုံးဦးသားရယ်ကြရလေတော့၏။

၁၁ နာရီတွင် ရန်ကင်းခန်းမဆောင်၌ လွတ်သဘင်အတွက် ဒုတိယအကြိမ်မြောက် အစည်းအဝေးစတင်ရန် လူစုံတက်စုံရောက်ရှိလာကြလေသည်။

ယခု တနင်္ဂနွေနေ့တွင် ခါတိုင်းထက် ရပ်ရွာလူကြီးများ ကြိုးစား၍ လာကြသည်။

စာရေးဆရာ နန်းမြင့်ဆွေကလည်း ရှေးသိချင်းကြီးသရုပ်ဖော်



www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် ခြင်းဝိုင်းလှလှနှင့် ကူညီပါမည်ဟု အားတက်သရောဆိုလာပါသည်။

စာရေးဆရာ မြလွင်လေးကလည်း ရန်ကင်းမြို့တော် ဖြစ်ပေါ်လာပုံကို ဟောပြောခြင်းဖြင့် ကူညီပါမည်ဟု ထက်ထက်သန်သန် အာမခံသည်။ စာရေးဆရာ ဦးလင်းကျော် (လင်းကျော်)ကလည်း တို့များ ခေတ်နှင့်အပြိုင်ဟူသော ပြဇာတ်တိုကလေး ထည့်သွင်းကူညီမည်ဟု ပြောပြန်သည်။ စာရေးဆရာ ကိုရဲအောင်ကလည်း လမ်းသူရဲပပျောက်ရေးသရုပ်ဖော်ကလေး ထည့်သွင်းကူညီနိုင်ပါသည်ဟု ကတိပေးသည်။ အယ်ဒီတာခိုးစောလွင်နှင့် ဇနီးမာလာတင်တို့ကလည်း ရန်ကင်းမြို့အတွက်ဆိုလျှင် မည်သည့်အကူအညီမျိုးပင်ဖြစ်စေ ကူညီပါမည်၊ တာဝန်သာပေးပါဟု ဆိုကြလေသည်။

စန္ဒရားကိုလှထွဋ်နှင့် သောင်းသောင်းနု၊ တက္ကသိုလ်ကြည်ရွှင်နှင့် ကြူကြူသင်းအစရှိသော တူရိယာမောင်နှံများက ရန်ကင်းအတွက်အကောင်းဆုံးကူညီမည်ဟု ထက်ထက်သန်သန် ဝန်ခံကြသည်။

ပညာသည်စုံသလောက် စည်းလုံးညီညွတ်ကြသော မြို့ရန်ကင်းအတွက် အလွန်တရာ ဂုဏ်ယူစရာကောင်းကြောင်း ရပ်ကွက်လူကြီးများကဝမ်းသာအားရဖြင့် ကျေးဇူးတင်စကားပြောကာ ဆက်လက်၍ ပြည်ထောင်စုယိမ်းအတွက် လူများရွေးချယ်လေသည်။

ပထမဦးဆုံး ရန်ကင်းမြို့၏ အလှဆုံးစာရင်းဝင်လူငယ်နှင့် မိန်းမရွယ်ကလေးများကို သီးသန့်နာမည်ခေါ်၍ ရွေးထုတ်လိုက်သည်။

"ဟောတော့. . . ဦးလေး ကျွန်မတို့ကိုတော့ အကမခိုင်းနဲ့နော်။ လက်တောင်မမြှောက်တတ်ဘူး"

"ဟာ. . . ဒီလိုမလုပ်ကြနဲ့လေ။ ရပ်ကျိုးရွာကျိုးမဟုတ်လား။ ကျရာက ထမ်းရွက်ကြရမှာနော် ဆရာမတို့"

ဦးလေးခင်သည် ပြောပြောဆိုဆိုနှင့်ပင် ငွေဖလားကြီးနှင့် မဲလိပ်





အနှိုက်ခိုင်းသည်။ တခစ်ခစ်တထိတ်ထိတ်နှင့် သူတို့ မဲလိပ်နှိုက်သမျှကို ပရိသတ်သည် စိတ်ဝင်စားစွာနှင့် လှမ်း၍ကြည့်နေကြသည်။

"စန္ဒကိန္နရီမင်းသမီးတဲ့"

"ဟယ်. . . ဘယ်သူလဲ"

"ခင်သွဲ့အောင်လေ"

"ဟာ. . ကောင်းတာပေါ့"

"ဟယ်. . . ဒုက္ခပဲ။ ကိုယ်တော့ မဲလိပ်ကို မဖွင့်ရဲဘူးဌေးရေ"

"ဟော. . . ချင်းအမျိုးသမီးတဲ့။ ဦးလေးခင်ကြီး ဘယ်လိုလုပ်တာလဲ။ ကျွန်မက ချင်းက,ကရမှာလား"

ဌေးဌေး၏အသံလေးစာစာကြောင့် တဝါးဝါးရယ်ကြသည်။

"ကေခိုင်က ကချင်"

"မသီတာက ကရင်"

"သေလိုက်ပါတော့ရှင်။ အဲဒါ ဦးလေးခင်ကြီး တမင်လုပ်တာနဲ့ တူတယ်"

"တမင် မလုပ်ရပါဘူးဗျာ။ သေသေချာချာရွှေ့ပြီး အနှိုက်ခိုင်းလိုက်တာပါ။ ဝါးဟားဟား"

ဦးလေးခင်စကားကို အနက်ကောက်၍ ရယ်သူကရယ် စီစီညံနေစဉ် ဦးလေးခင်က ရပ်ရွာအတွက်ဖြစ်၍ အမျိုးသား၊ အမျိုးသမီးများ တွဲဖက်၍ ကပြကြရသည့်တိုင်အောင် မောင်နှမရင်းချာများကဲ့သို့ မိသားစုစိတ်ဓာတ်များဖြင့် ကူညီကြပါရန် မေတ္တာရပ်၍ အခြားပွဲများအတွက်ပါ လူရွေးချယ်၍ ပြီးစီးသွားလေသည်။

"မမသီ။ ဟောဒီ ကျွန်တော့်မဲလိပ်ကို ကြည့်စမ်းပါဦး"

တင်မောင်မောင်သည် ဘယ်ချောင်က ဘယ်လို သူနားရောက်လာသည်မသိ၊ သီတာဇင်၏အနားသို့ သိမ်သိမ်မွေ့မွေ့ကလေးရောက်ရှိလာပြီး သူမဲလိပ်ကလေးကို ဖွင့်၍ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကရင်အမျိုးသား"

"ဟင်. . . ဒါ. . . ဒါမြင့်"

"အမယ်လေး. . . မသီတာက တင်မောင်မောင်နဲ့ တွဲရမှာ တော် ပါသေးတယ်ကွယ်။ ကိုယ်နဲ့တွဲရမယ့်ကချင်ကြီးက ဟိုဆရာကြီးကွ။ မျက်နှာ ပူစရာကြီးကွယ်"

"ချင်းအမျိုးသားလုပ်မယ့်သူက ဟိုဖက်တီးဗဝလူကြီးကွ။ ဘယ် ဌာနကဆိုလား။ ရုံးဝန်ထောက်တဲ့"

"တော်တော်သေချာတဲ့ ချင်းကြီးလိပ်စာပါလား။ တရာဏာသီက ဘာမင်းကြီးဆိုတာထက် ကဲနေပြီ"

"ကျွန်တော်လည်း မမသီကို သိပ်အားနာပါတယ်။ ဦးလေးခင်ပြော သလိုပါပဲ။ မိသားစုစိတ်ဓာတ်နဲ့ ရပ်ရွာအတွက် လုပ်ရမှာပါပဲခင်ဗျာ"

တင်မောင်မောင်သည် မရဲတရဲနှင့် တောင်းပန်နေသဖြင့် သီတာ ဇင်သည် ဆရာမစိတ်ဓာတ်ကလေးကို အမြန်သွင်း၍. . .

"ဦးလေးခင်ကလည်း ဒီပြည်ထောင်စုယိမ်းကို လူငယ်လေးတွေ ထည့်ဖို့ကောင်းပါတယ်ရှင်"

ဟု လူကြီးဆန်ဆန်ကလေး ပြောလိုက်သည်ကို ဦးလေးခင်ကြီး ကြားသွားသဖြင့်. . .

"အမယ်. . . ဆရာမတို့ တင်မောင်မောင်တို့အရွယ်မျိုးက အလှ ဆုံးပေါ့ခင်ဗျာ။ တမင် ဘက်ညီတက်ညီတွေ ရွေးထားတာပါဗျ"

ဟု ယိမ်းသဘောကို ပြောလိုက်ခြင်းဖြစ်သော်လည်း အပျိုသုံး ယောက်နှင့် တင်မောင်မောင်တို့မှာ ရှိန်းမြမြကြီးဖြစ်၍ သွားရလေတော့ သတည်း။

◆



## ၁၄

သီတာဇင်တို့သုံးဦးသား ပြန်လည်၍ ရောက်ရှိလာကြသောအခါ သူတို့အိမ်ရှေ့တွင် မင်းသက်နိုင်၏ဖင်မလီယာကားလေးသည် အေးအေး ဆေးဆေးစောင့်လျက်ရှိပေတော့သတည်း။

"ဟောတော့။ ဦးသက်နိုင်ကြီး စောင့်နေတာကိုး။ အားနာစရာရှင်"

မြကေခိုင်သည် သွက်သွက်ကလေး လှမ်း၍ပြောလိုက်စဉ် ဥယျာဉ် ထဲမှ ခုံတန်းလျားလေးတွင် အေးအေးဆေးဆေးထိုင်နေသောဦးသက်နိုင် သည် သူတို့သုံးဦးအား မတ်တတ်ကလေးရပ်၍ ဆီးကြိုလိုက်သည်။

"၁၅ မိနစ်လောက်ပဲ ရှိပါသေးတယ်။ မိနစ် ၂၀ အထိတော့ စောင့် ကြည့်မယ်ဆိုပြီး ထိုင်စောင့်နေတာပါ။ ဟိုဘက်အိမ်က ပြောပါတယ်။ အစည်းအဝေး သွားကြရတယ်လို့"

"ကျွန်မတို့သုံးယောက် ထီပေါက်လာတယ်လေ။ ချင်း၊ ကချင်၊ ကရင်မတွေလုပ်ပြီး စင့်မြင့်ပေါ် တက်ကရဦးမယ်ရှင့်"

"ဟန်ကျတာပေါ့ဗျာ။ ကျွန်တော်တို့လည်း လာပြီးအားပေးဦးမယ်"

ဒွေးဒွေးက သော့ဖွင့်လိုက်ပြီးသော် သူတို့အားလုံး အိမ်ကလေးသို့ ဝင်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါ ဦးသက်နိုင်"

"ဇင်ဇင့်ကို စကားပြောချင်တာနဲ့ အေးအေးဆေးဆေးစောင့်တာတော့ ဟုတ်ပါရဲ့ဗျာ။ ဒါပေမဲ့ အိမ်ရှင်တွေ မောပြီး ဆာလာကြတယ်ထင်ပါရဲ့ဗျာ"

"ကျွန်မတို့သုံးယောက်မှာ မောတာတော့ မဆန်းတော့ပါဘူးရှင်။ အလုပ်သမားတွေမဟုတ်လား။ ဒီလိုပေါ့ အေးအေးဆေးဆေးထိုင်ပါ"

ဇင်ဇင်နှင့် မင်းသက်နိုင်တို့ ဧည့်ခန်းတွင် ထိုင်၍ စကားပြောနေကြစဉ် မြကေခိုင်နှင့် ဒွေးဒွေးတို့သည် ဧည့်သည်အား ထမင်းမကျွေးသင့် ကျွေးသင့် ခေါင်းချင်းရိုက်၍ နေကြလေသည်။

"ထမင်းကလည်း ဆာလှပြီကွာ။ ကိုယ်တို့စားရင် ဧည့်သည်ကို ဒီတိုင်းထားလို့ကောင်းပါ့လား"

"ထမင်းတွေဟင်းတွေကတော့ ရှိတာပဲ။ ဒါပေမဲ့ ကိုယ်တို့စဉ်းစားရမှာက သူ့ကိုကျွေးသင့်မကျွေးသင့်ပဲ"

"ဟုတ်တယ်ကွာ။ ကျွေးချင်မွေးချင်စိတ်ရှိပေမဲ့ အပျိုတစ်ယောက်ရဲ့ ဥပဒေသထဲမှာ မလုပ်သင့်မလုပ်ထိုက်ဆိုတာတွေက အများသားပဲကွာ"

"အေး. . . အဲဒါတော့ ဟုတ်တယ်။ ဒါပေမဲ့ ဆာလှပြီကွ။ ပြီးတော့ ဧည့်သည်ကြည့်ရတာ တော်တော်နဲ့ ပြန်မယ့်ပုံမပေါ်ဘူး။ မသီတာလည်း ဆာလှရှာပြီကွယ့်"

"ဟုတ်ပါရဲ့။ စိတ်ရှုပ်လိုက်တာ"

"ကဲ. . . ကဲ. . . စိတ်ရှုပ်မနေနဲ့။ သူ့ပါ တစ်ခါတည်းသာ ခေါ်ကျွေးလိုက်ကြစို့။ လာ. . . လာ. . . သူလည်း စားချင်မှစားမှာပါ။ ခေါ်ချည်။ ခေါ်ချည်"

"ဦးသက်နိုင်ကြီးကို ကြုံတုန်း ထမင်းတစ်နပ်စာတော့ ကျွေးပါရစေ။ ကြွပါရှင်"

"အို. . . ကျွန်တော်မစားပါဘူးဗျာ။ စားကြပါ။ စားကြပါ"





"ရှင်က ဇင်ဇင့်ကို အေးအေးဆေးဆေးစကားပြောချင်သေးတယ်မဟုတ်လား"

"ကျွန်တော် စောင့်ပါ့မယ်။ ဇင်ဇင်လည်း စားပါ။ သွားပါခင်ဗျာ"

"ဇင်ဇင်က ရှင် စောင့်နေရင် စားမဖြောင့်ဘူးတဲ့ရှင်"

"အို. . ."

စကားပြောသွက်လွန်းသော မြကေခိုင်ကြောင့် သီတာဇင်မှာ မျက်နှာမထားတတ်အောင် အိုခနဲဖြစ်သွားရရှာသည်။

"ကဲပါ။ ဦးသက်နိုင် စားစေချင်တာနဲ့ ကျွန်မကလည်း လျှောက်ပြောနေတာ မသီတာတောင် ရှက်နေပြီ"

မင်းသက်နိုင်သည် သီတာဇင်ကို အားတောင့်အားနာ ကြည့်ရင်းက ထမင်းစားပွဲလေးဆီသို့ လိုက်ပါခဲ့ရလေတော့၏။

"ဒါတော့ ဒေါ်ကေခိုင်တို့က မတရားဘူးဗျာ။ ကျွန်တော်ပေးတဲ့ လက်ဆောင်လေးတော့ လက်မခံဘူး။ ကျွန်တော်ကျတော့ အားနာပြီး ထမင်းဝင်စားရတော့ ဘယ်ကောင်းမလဲဗျာ"

မင်းသက်နိုင်မှာ ပြောသာပြောရသည်၊ တပြောင်းတလွဲလက်ရာများ စားရ၍ ထမင်းတစ်ပန်းကန်ကြီး ပြိုက်ခနဲကုန်သွားရလေတော့၏။

"ကျွန်မတို့လုံချည်တွေ ယူသွားပဲရှင်။ ကဲပါ. . . ထမင်းနည်းနည်းထပ်ထည့်ပါဦး"

ဒေါ်ဒွေးဒွေးက အေးအေးဆေးဆေး လူကြီးဆန်ဆန် ထမင်းများ ထပ်ထည့်ပေးသည်။

"တော်ပါပြီခင်ဗျာ။ တော်တော်တောင် များနေပါပြီ"

မင်းသက်နိုင်သည် ဟင်းများ တောင်နှိုက်မြောက်နှိုက်ရင်းက ပုန်းရည်ကြီးသုပ်ပန်းကန်မှ ငွန်းကလေးကို လှမ်းအကိုင်တွင် ဇင်ဇင်နှင့် တိုင်ပင်ထားသကဲ့သို့ ပြိုင်တူကိုင်လိုက်ကြမိ၍ အရယ်သန်သောမြကေခိုင်မှာ ပါးစပ်ကလေးကို လက်ခုံကလေးနှင့်ပိတ်၍ တခစ်ခစ်ရယ်ပါလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



မင်းသက်နိုင်က ရော၍ လိုက်ရယ်လိုက်ရသော်လည်း သီတာဇင်ခမျာ ရှက်အန်းအန်းကြီး ဖြစ်သွားရလေတော့သတည်း။

"အင်း. . မသီတာတို့ ဦးသက်နိုင်တို့က ပခုက္ကူဆက်တွေဆိုတော့ လျှာရင်းမြက်ထဲ ပုန်းရည်ကြီးတစ်ခွက်တော့ အကြိုက်ချင်းတူကြတယ်နော်"

"ဟုတ်မလား မသိပါဘူးဗျာ။ အိမ်က ဒေါ်လေးစီတစ်ယောက်လည်း တစ်ရက်ခြားလောက်ကို ပုန်းရည်ကြီးသုပ်တယ်"

"ဒါတော့ရှင်။ ရှမ်းက ပဲပုပ်ကြိုက်တယ်။ အောက်သူတွေ ငါးပိရေကျိုကြိုက်တယ်။ အညာသူတွေက ပဲကြိုက်တယ်။ မြေလတ်သူက ပုန်းရည်ကြီးကြိုက်တာ ဆန်းသလား ကေခိုင်ရယ်"

သီတာဇင်သည် သူ ထမင်းစားခြင်းကို အပြီးသတ်၍ပြောလိုက်သဖြင့် မြကေခိုင်က ရယ်ရင်း. . .

"ဟုတ်ပါသတဲ့ မြေလတ်သူကြီးရယ်"

ဟု ပြန်ပြောလိုက်သဖြင့် သီတာဇင်က မခံနိုင်ပုံကလေးနှင့်. . .

"လူဖြစ်ကတည်းက ရန်ကင်းမြေပဲ မှတ်မိတော့ ရန်ကင်းသူစစ်စစ်ပါ ကေခိုင်ရဲ့"

ဦးသက်နိုင်သည် ဤသို့နေတတ်ထိုင်တတ် သပ်ရပ်သော ဤအမျိုးသမီးသုံးဦးနေထိုင်ရာ ပရဝဏ်တွင် အမှန်ပင် စိတ်ချမ်းသာပါသည်။

သူ့အိမ်တွင် ထမင်းစားနေစဉ် ခင်စစ်အေးသည် စစ်ချီသီချင်းများ သီဆို၍ ကြောင်းပြင်းနှင့် ရောက်လာတတ်သည် မဟုတ်ပါလား။

ထိုအခါများတွင် နှလုံးနာရသည်။ စိတ်မချမ်းမသာဖြစ်ရသည်။

"ကဲ. . . အချိုတည်းပါဦးရှင့်"

သီတာဇင်သည် မုန့်ပန်းကန်ကလေးနှင့် ရေနွေးကြမ်းများ ပြင်ဆင်၍ ယူလာသည်။

"များနေပြီဗျာ။ ကျွန်တော် မနက်စာ စစ်တွေမှာ စားခဲ့တာလေ။ နည်းနည်းလေးပဲ။ ရန်ကင်းညနေစာက ပိုမြိန်တယ်ခင်ဗျ။ မညာပါဘူး။ ဗိုက်ကို တင်းသွားတာပဲ"





"နည်းနည်းတော့ စားကြည့်ပါဦးလေ။ ဘုံဘေတို့စ်မဟုတ်ဘူး။ ရန်ကင်းတို့စ်ရှင့်။ ဘိန်းမုန့်ကို ကြက်ဥနဲ့ ပြန်ပြီးခေါက်ကျော်ထားတာ ဦးသက်နိုင်။ ဇင်ဇင်က ကြွံကြွံဖန်ဖန် ထွင်စားရမယ်ဆိုရင်တော့ နှစ်ယောက်မရှိဘူး"

မိမိအား ဦးသက်နိုင်ရှေ့မရှောင် ပြောင်ရှိသဲ့သဲ့ အစခံရဖန်များ၍ သီတာဇင် ဒေါပွသွားရသည်။ ကလဲ့စားလည်း ချေလိုသဖြင့်. . .

"စားလိုက်ပါရှင် ဦးသက်နိုင်။ ကေခိုင်က စေတနာရှိလွန်းလို့ ကျွေးမွေးဧည့်ခံနေတာပါ။ ခါတိုင်းများ ဧည့်သည်ကို ကော်ဖီတိုက်တာတောင် သိပ်ကြိုက်တာမဟုတ်ဘူးရှင့်"

"ကြည့်စမ်း မိသီတာ"

သူ့အလှည့်ကျ ရှူးခနဲဒေါပွကာ လက်ထဲမှ သတင်းစာလိပ်နှင့် ကိုင်ပေါက်ရင်း. . .

"ဟွန့်. . . ယူတို့ လွတ်လွတ်လပ်လပ်စကားပြောချင်တာနဲ့ ပိန္နဲပင်တော့ ဆွဲမထည့်ပါနဲ့ဆရာ။ ကိုယ်ကလည်း အလိုက်သိစွာရှောင်ပေးမှာပါ"

ဟု ကလေးသဖွယ် ရမ်း၍ပြောရင်း အပေါ်ထပ်သို့ ပြေးတက်သွားလေတော့၏။

"သူများကျ ပြောချင်ရာတွေပြောပြီး သူ့ကျသိတတ်လိုက်တာ"

သီတာဇင်သည် မျက်နှာလေးမထားတတ်ထားတတ်သည့်ကြားမှ ပြောနေသည်ကို ဦးသက်နိုင်သည် စီးကရက်မီးခိုးများကြားမှ လှမ်း၍ကြည့်ရင်းက. . .

"အချင်းချင်း အပျော်အပျက်ပြောနေကြတာပဲ။ ရှက်မနေပါနဲ့ဗျာ။ ပြီးတော့ ကျွန်တော်ပြောတဲ့အကြောင်းကိုကြားရရင် ဇင်ဇင်ဟာ ကျွန်တော့်ကို စိတ်နာချင်လည်းနာသွားမှာပါ"

"ရှင်"

"ဟုတ်ပါတယ်။ ကျွန်တော်လည်း မိန်းကလေးတွေချည်းနေတဲ့အိမ်မှာ အကြာကြီးထိုင်ရတာ အားနာလှပါတယ်ဗျာ။ မြန်မြန်ပဲ ပြောပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းသက်နိုင်သည် နာရီကလေးကို တစ်ချက်ကြည့်ရင်း ပြောနေစဉ် မီးဖိုထဲမှ ဆေးကြောသိမ်းဆည်းပြီးပုံရသော ဒေါက်တာမြေမြေသည် အိမ်ပေါ်တက်ရန် ဧည့်ခန်းမှဖြတ်သွားရင်း. . .

"ဦးသက်နိုင် လေယာဉ်ကွင်းက တန်းလာရတယ်ထင်တယ်။ ဖလိုင်းရင်းစု(တ်) (လေယာဉ်မောင်းဝတ်စုံ) တောင် မလဲခဲ့ရသေးဘူး။ ကျွန်မတို့ကို ခွင့်ပြုပါနော်"

လွှန်စွာယဉ်ကျေးသူများပီပီ အပေါ်ထပ်တက်ရန် ခွင့်တောင်း၍ တက်သွားလေတော့၏။

မင်းသက်နိုင်နှင့်သီတာဇင်တို့ ဧည့်ခန်းတွင်း၌ နာရီဝက်ခန့်စကားပြော၍ ကျန်ရစ်ကြသည်။

သီတာဇင်၏မျက်နှာလေးသည် နားထောင်ရင်း နားထောင်ရင်းက မျက်လုံးလေးတဝိုင်းဝိုင်းနှင့် အံ့သြတကြီးလေးဖြစ်သွားရရှာလေသည်။ တစ်ချက်တစ်ချက်လည်း ဝမ်းနည်းကြေကွဲသွားရပုံရသည်။

"မေမေကတော့ ပြောဖူးတယ်။ ကျွန်မတို့မေမေသီတာရဲ့ သေတ္တာကို ဒီတစ်ခါ နိုင်ငံခြားကပြန်လာရင် ပေးဖွင့်မယ်တဲ့။ ခုတော့ ဘာလို့များ ဖွင့်မပြလည်းမသိဘူးဦးသက်နိုင်"

"ကျွန်တော့်ကိုလည်း ဆွေမျိုးတွေက တခုတ်တရ ဘယ်သူကမှ ပြောမပြကြပါဘူး။ ဒေါ်လေးရီကသာ မေးလွန်းလို့ မပြောချင်ပြောချင်နဲ့ ပြောပြလို့ ကျွန်တော်လည်း သိရတာပါ။ ဒီအကြောင်းတွေသိတော့ ဇင်ဇင် ကျွန်တော့်ကို မမုန်းဘူးလားဟင်"

"ရှင်"

"ဇင်ဇင်တော့ မပြောတတ်ဘူးဗျာ။ ကျွန်တော့်စိတ်ထဲမှာတော့ ကျွန်တော့်ဖေဖေဟာ ဒေါ်သီတာကြောင့် အသက်တိုရတယ်ဆိုပြီး စိတ်နာခဲ့မိတယ်။ ကျွန်တော် စိတ်နာတဲ့အထဲမှာ ဝါးလုံးရမ်းမိသလိုပဲ။ ပထမတော့ ဇင်ဇင်လည်း ပါသွားတာပေါ့ဗျာ"





"အို. . . ကျွန်မကို စိတ်နာတယ်"

ဇင်ဇင်သည် လန့်လန့်ဖျပ်ဖျပ်ကလေးဖြစ်သွားရသည်။

"ဟုတ်ပါတယ်ဗျာ။ မယောင်ရာဆီလူးဆိုတာလိုပေါ့။ ဒေါ်ကေခိုင်တို့က မသီတာလို့ခေါ်ကြလို့ ကျွန်တော်က တမင် ဇင်ဇင်လို့ခေါ်လိုက်ရတာပါ"

"ဘုရား ဘုရား။ ရှင့်စိတ်ထဲမှာ ဒီလိုဖြစ်နေတာကိုး"

"တကယ်တော့ ကျွန်တော့် မတရားဘူးပေါ့ဗျာ။ ဒီကိစ္စတွေဟာ ဇင်ဇင်နဲ့ ဘာဆိုင်သလဲ"

"တစ်ခုတော့ ရှိပါတယ်။ ကျွန်မက ဒီအကြောင်းတွေ သိမထားလို့ထားပါတော့။ ရှင်က သိထားရက်နဲ့ ကျွန်မကို ခင်သလိုမင်သလိုလုပ်နေရတာ ရိုးမှရိုးရဲ့လားရှင်"

"အဟင်း. . . အဟင်း. . . ကျွန်တော်က ကလဲ့စားချေမယ်ထင်နေလို့လား ဇင်ဇင်"

"ဘယ်ပြောနိုင်ပါ့မလဲရှင့်"

"ကျွန်တော် ဒီလောက်မယုတ်မာပါဘူးဗျာ။ ပြီးတော့ တစ်ခုထူးခြားတာက ကျွန်တော့်စိတ်ထဲမှာ ဖေဖေရဲ့အချစ်ရှုံးပွဲမှာ စိတ်နာသလိုလိုနဲ့ ဖေဖေ မြတ်မြတ်နိုးနိုးဆွဲထားခဲ့တဲ့ ဒေါ်သီတာရဲ့ဓာတ်ပုံကြီးကို တန်ဖိုးထားလိုက်မိတယ်။ ဖေဖေ ဒီတုန်းက ခံစားရသလို ကျွန်တော့် ရင်ထဲမှာ တနုံ့နုံ့ဖြစ်လာတတ်တယ်။ အဲဒါ ဘာဖြစ်လို့ ဒီလိုဖြစ်တယ်ဆိုတာ ကျွန်တော် နားမလည်နိုင်ဘူး ဇင်ဇင်။ ဘာဖြစ်လို့ ကျွန်တော် ဒီလိုဖြစ်ရသလဲဟင်"

သီတာဇင်သည် တရှိုက်မက်မက်ကြီးမေးနေသော မင်းသက်နိုင်ကို မျက်လုံးလေးအဝိုင်းသားနှင့် စိုက်ကြည့်လိုက်မိသည်။ နောက်တစ်ခုခုကို စဉ်းစားမိသကဲ့သို့. . .

"ကျွန်မတို့ ဘိုးဘိုးဦးဘိုးကဲဟာ တော်တော်မြန်မာရှင်ဘုရင်ဆန်တယ်နော်။ ဧရာဝတီမြစ်ကိုဖြတ်ပြီး ရေကူးပြိုင်ခိုင်းတယ်။ နိုင်တဲ့လူကို သမက်ရွေးတယ်ဆိုတော့ ခုခေတ် နားနဲ့တော့ ရယ်စရာကြီးပါနော်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



“ဒါပေမဲ့ ဇင်ဇင်ထင်သလို ရယ်စရာကြီးမဖြစ်ခဲ့ပါဘူးဗျာ”

“ဇင်ဇင်တို့ဆုံးသွားတဲ့အစ်ကိုနဲ့မှ ဦးသက်နိုင်နဲ့ ရွယ်တူလောက်ရှိမယ် ထင်တယ်နော်”

“ဟုတ်ပါလိမ့်မယ်ဗျာ။ ဒီသားကို မွေးတုန်းကလည်း ဇင်ဇင်တို့အဖေက သူ့သားမှ ဟုတ်ပါလေစလို့ သံသယဖြစ်ပြီး လင်မယားခဏကွဲကြသေးတယ်တဲ့”

“ဩော်. . . ဩော်. . . ဇင်ဇင်ရဲ့ မေမေ့ဘဝဟာ ဒီလောက်ဒုက္ခပင်လယ်ဝေခဲ့ရတာ ဇင်ဇင် မသိခဲ့ရရိုးအမှန်ပါရှင်”

ဇင်ဇင်သည် သူ့အမေခံစားရပုံကိုတွေး၍ ပြန်လည်မြင်ယောင်ရင်း ရင်နာသံကလေးနှင့် ပြောလိုက်သည်။

“ဖေဖေကလည်း ဒီတုန်းက ကျွန်တော်တို့သားအမိကို ထောက်နေရလို့ပေါ့ဗျာ။ နို့မဟုတ်ရင်လား ဒေါ်သီတာ့ကို ပြန်ယူဦးမှာသေချာတယ်”

“ဒီလိုဆိုရင်လည်း ရှင်နဲ့ ကျွန်မနဲ့ မောင်နှမအရင်းဖြစ်ချင်ဖြစ်နေရမှာပေါ့ရှင်”

“ဒီလိုမဖြစ်ခဲ့တော့ အခက်သားပေါ့ဗျာ။ ခု. . . ခု. . . ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုဖြစ်နေတယ်ထင်သလဲ ဇင်ဇင်”

“ဦးသက်နိုင်အဖေ ကျန်ရစ်ဖြစ်ခဲ့ရတာ ဒေါပွနေမှာပေါ့”

“အကဲခတ်လွဲလိုက်လေဗျာ။ ခင်ဗျားပြောသလိုဖြစ်နေရင် စစ်တွေကို အသွားအပြန်မောင်းလာပြီး မောပန်းလာတဲ့ လေယာဉ်မှူးမင်းသက်နိုင်ဟာ အိမ်ရှင် မရှိတဲ့ အိမ်ရှေ့မှာ အလကားနေရင်း အူကြောင်ကြောင်နဲ့ လာစောင့်နေပါ့မလားဗျာ”

“ဒါပေမဲ့ ရှင့်အသံဟာ ရှင့်အဖေဘက်က နာကြည်းပုံတော့ရပါတယ်”

“ဟုတ်ပါတယ်။ ကျွန်တော့်စိတ်မှာ နာကြည်းသလိုလဲ ဖြစ်နေတယ်။ ကျွန်တော့်အဖေမြတ်နိုးသလို ဒီပန်းချီကားကြီးကိုလည်း မြတ်နိုးနေ





တယ်။ ပြီးတော့ ကျွန်တော့်အဖေစိတ်တွေ ဝင်နေခဲ့သလားမသိဘူး။ ဒေါ်သီတာရဲ့ သမီးဇင်ဇင်ကိုလည်း ကျွန်တော်. . . ကျွန်တော် ချစ်နေတယ်”

“အင်”

သီတာဇင်သည် သူ့ငယ်ထိပ်အား ပန်းအိုးနှင့် အပေါက်ခံလိုက်ရသည့်နှယ် ပူထူသွားရပြီး နေရာမှ အလန့်တကြား ထ၍ ရပ်လိုက်မိသည်။

ဧည့်ခန်းမှ နာရီဝိုင်းစက်စက်ကလေးသည် ညဉ့်ခုနစ်နာရီထိုးနေလေပြီ။

မှောင်စပြုပြုတွင် မဝံ့မရဲစကားပြောနေရာမှ ယခုကဲ့သို့မမျှော်လင့်သောအချိန်တွင် မမျှော်လင့်သောစကားသည် သူ့အား မိုးကြိုးစက်ကွင်းခသွားသည့်နှယ် လန့်ဖျပ်တုန်လှုပ်သွားရလေတော့၏။

“ဝမ်းနည်းပါတယ် ဇင်ဇင်။ ကျွန်တော် ခုလိုပြောလိုက်မိတာ ရိုင်းတာလည်း မဟုတ်ပါဘူး။ စော်ကားတာလည်း မဟုတ်ပါဘူး။ ကလဲ့စားချေဖို့ဆိုတာကတော့ ကျွန်တော့်ဘဝမှာ ခဲယဉ်းပါတယ်။ အဲ. . . ရင်ထဲ နှလုံးထဲက ဖြစ်ပေါ်လာပြီး ပြင်းထန်တဲ့ ဆန္ဒတစ်ရပ်ကို အရဲစွန့်ပြီး တင်ပြလိုက်ရခြင်းပါ”

“ဒီမှာ”

သီတာဇင်၏ ‘ဒီမှာ’ သည် ဒေါသဖြင့် လွှမ်းခတ်သွားရသဖြင့် မင်းသက်နိုင်က လက်ပြရင်း. . .

“ကျေးဇူးပြုပြီး ဘာမှမပြောပါနဲ့ခင်ဗျာ။ ဇင်ဇင်ဆိုတဲ့ မိန်းကလေးဆီက ကျွန်တော် အမုန်းဆုလည်း မယူပါရစေနဲ့။ အချစ်ဆုလည်း မမျှော်မှန်းပါဘူး။ ဒေါ်သီတာရဲ့သမီးကိုမှ ကျွန်တော်ဟာ ဘာလို့များ ရွေးပြီးချစ်ရသလဲလို့ ကျွန်တော့်ကိုယ်ကျွန်တော်လည်း မကျေနပ်ဆဲ သုတေသနပြုဆဲပါ။ ဒါပါပဲ။ ခွင့်ပြုပါဦး။ ခုလို လက်ခံစကားပြောခြင်းနဲ့ ထမင်းတစ်နပ်အတွက် ကျေးဇူးအထူးတင်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



သူပီးကတ်ဦးထုပ်ကို ဆွဲယူဆောင်းလိုက်ရင်း ခြေနှစ်ခုအသာစုံ၍ နှုတ်ဆက်ဟန်ပြုရင်း အပြင်ဘက်သို့ ခြေလှမ်းကျဲကြီးဖြင့် ထွက်ခွာသွားလေတော့သတည်း။

"မှတ်ကရောဟေ့။ အပျိုလေးမမတော့ ထမင်းလည်းကျွေးလိုက်ရသေးတယ်။ လူပျိုစကားလည်း အပြောခံလိုက်ရသေးတယ်"

လှေကားထိပ်မှ အရိပ်နှစ်ခု ရှေ့ဆင့်နောက်ဆင့်ပေါ်လာပြီး သီတာဇင့်အား ဝိုင်း၍စကြလေတော့၏။

"ဟောတော့. . . တရှုပ်ရှုပ်နဲ့။ ဘုရား. . . ဘုရား. . . ငိုနေတယ်"

"ဟုတ်. . . ဟုတ်တာပေ့ါ။ အဟင့်. . . ဘယ်လောက်ရှက်စရာကောင်းသလဲ။ သူများက ကိုယ့်အမေ အတ္တုပ္ပတ္တိဆိုပြီး အားရပါးရနားထောင်နေလိုက်တာ အပြီးသတ်ကျတော့ ခု. . . ခုလို ပြောသွားတာ ဘယ်ကောင်းမလဲကွယ့်။ အဟင့်. . . ကိုယ် သိပ်ရှက်တာပဲ"

"ဇင်ဇင့်ကို ကျွန်တော် ချစ်နေတယ်ဆိုတဲ့ စကားလေးပြောတာနဲ့ ငိုရတယ်လို့မဲကွာ။ အဟား. . . အဟား. . ."

"ပြီးတော့ သူ့ခမျာ မသိတာဆိုက အဖြေမလိုချင်ပါဘူးတဲ့။ သူချစ်တာသာ ပြောတာပါပေ့ါလေ"

"တော်ပါကွယ်။ ရှင်တို့ လေယာဉ်မှူးကို ရှင်တို့နှစ်ယောက်ပဲ ညှော်ခံကြ ညှော်ခံကြ။ နောက် မသိတာ ဘယ်တော့မှ ဆင်းမတွေ့ဘူး"

သီတာဇင်သည် ကလေးသဖွယ် ခြေဆောင့်၍ တက်သွားရာသို့ မြကေခိုင်နှင့် ဌေးဌေးတို့သည် ညီမရင်းချာများသဖွယ် ချစ်သောသူငယ်ချင်းအား သဘောတကျကျနှင့် ခွင့်လွှတ်စွာပြုံး၍ ကျန်ခဲ့ကြလေတော့သတည်း။

◆



၁၅

"ဟေ×××ရွှေဗျိုင်းဖော်×××ရွှေဗျိုင်းရွှေမှာဖော်×××ခေါ်×××ချွန်နားလူထုလှည့်ကာ×××လှည့်လည်ဗျား×××ဟေ မုနိုင်×××ရှော်×××မုနိုင်×××ရှော်×××လူထုဖလဲခွ×××အသာခေါ် ချွန်မွန်ဖလဲ×××မုနိုင်ရှော်×××ဘာကတော်အေး×××မှာချမ်းလက်သို့×××ရမက်ချော်နော်အေး×××မို့ရှာကို×××ရမက်ချော်နော်×××ခေတ်မှီရှာ×××ကို"

"ဟုတ်ပြီ ဟုတ်ပြီ။ ဒေါ်သီတာဇင် ရဲရဲသာ ထွက်ခဲ့ပါ။ လှပါတယ်ခင်ဗျာ။ တကယ့်ကရင်မ အချောစားလေးအတိုင်းပါပဲ"

သင်ကြားပေးသူ ဆရာဦးလှမိုးသည် မဝံ့မရဲဖြစ်နေသော သီတာဇင်အား အားပေးရင်း ရှေ့သို့ထွက်ရန် ခေါ်လိုက်သဖြင့် သီတာဇင်သည် သတ္တိစိတ်ကလေးမွေး၍ ကရင်မလေးသဖွယ် လက်ကလေးလွှဲ၍ စတင်ထွက်လာသည်။

"အဲလို. . . ဆရာဂျူဒို ထွက်လေဗျာ။ ဘယ့်နှယ် ခင်ဗျားကပါ ရှက်နေရတာလဲ"

တဘက်မိတ်ခေါင်းပေါင်း သင်တိုင်းအကျီအနီနှင့် ကရင်ချော



www.burmeseclassic.com

www.burmeseclassic.com



ကလေးသဏ္ဍာန် ဂျူဒိုမောင်မောင်သည် တစ်ဖက်ကန့်လန့်ကာအဝမှ ထွက်ခဲ့လေတော့၏။

"ဟော×××စော်ပါဦး×××စလာ စခွ×××ထွက်ကိုကိုယ်မီမီ×××နောင် သ×××ဘာကတော်ဇအေးမှ×××ချမ်းလက်ထိုရမက်ရှော်နော်"

ကရင်ဒိုးယိမ်းဆိုင်းသည် ဗုံသံတညံညံနှင့် တက်ကြွစဖွယ်ပေါ်၍ လာစဉ် သီတာဇင်နှင့် တင်မောင်မောင်တို့သည် လက်တစ်ဖက်စီလွှဲ၍ လွှဲ၍ထွက်လာကြသည်။

"ဟုတ်ပြီ ဟုတ်ပြီ။ လက်လွှဲရာကနေပြီး လက်ခုပ်တီးပြီး ခြေတစ်ဖက်စီ လွှဲတာကိုပြောင်း။ ဟုတ်ပြီ။ ညီတယ် ဆရာမလည်း နည်းနည်းရဲလာပြီ။ ဟုတ်ပြီ။ တစ်ယောက်နဲ့ဇာစ်ယောက် ခရေ့စ်ပုံဖြတ်ကူး။ ဟုတ်ပြီ။ ဘဲဥပုံဝိုင်းပြီး ကန့်လန့်ကာနားထိ လျှောက်သွား။ မှန်တယ်။ ဟော. . . ဆရာမ ဘယ်ခြေကို အရင်ချပါ။ ရှေ့ဘက်ကို မျက်နှာမူ။ လက်ချင်းချိတ် ခြေနှစ်ဖက်နှံနှာလွှဲပါ"

"ဟော×××ရွှေပျိုင်းဖော်×××ရွှေပျိုင်းရှေ့မှာဖော်×××ခေါ် ချွန်နား×× လှထုလှည့်လာ×××လှည့်လည်ဗျား×××ဟော×××မုနိုင်ရှော်×××မုနိုင်ရှော်"

အကသင်ဆရာသည် အလွန်ကောင်းစေချင်လှပုံနှင့် ကရင်သီချင်း မြိုင်မြိုင်ကြီး လိုက်၍ဟစ်ပေးသဖြင့် ကရင်ဒိုးဆိုင်းသည် တက်ကြွစရာ ကောင်းလွန်းလှသည်။

သီတာဇင်၏လက်ကလေးကို ချိတ်ဆွဲ၍ ကိုင်လိုက်ရ၍ အားနာခြင်းဖြင့် ဆွံ့ဝေသွားရသော တင်မောင်မောင်မှာ ဆိုင်းသံကြောင့် အနည်းငယ်သက်သာသွားရသည်။

သီတာဇင်ခမျာ တစ်သက်နှင့်တစ်ကိုယ် အထီးဆို သည်ကိုလူပျို တစ်ယောက်သာ ထိတွဲသိုင်းဝင်၍ စင်မြင့်ပေါ်၌ပင် က၍နေကြရသည် မဟုတ်ပါလား။ တစ်ချီတစ်ချီ သည်ကရင်ကသည် မူးချာပတ်ချာလှည့်လိုက်ရသေးသည်။





ထိုအခါများတွင် သူတို့စိတ်၌ ရယ်ချင်တာရော၊ ရှက်တာရော ရော ရောထွေးထွေးနှင့် တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။ ရယ်လိုက်မိသလားပင် မသဲကွဲချေ။

တင်မောင်မောင်၏ ပြုံးရောင်ရွှန်းနေသော မျက်လုံးအစုံကြောင့် သူ့တွင်ရှိသော စက္ကူကလေးနွံသည် တုံ့ခနဲလှုပ်ရှားသွားရလေတော့၏။

သို့သော် ချက်ချင်းပင် သူသည် ဆရာမ၊ ရပ်ရွာအကျိုးသယ်ပိုးခြင်း၊ တင်မောင်မောင်သည် သူမှုလောက်သောအရွယ်မဟုတ် အစရှိသော မာနခံစစ်ကလေးများသည် ဟုန်းခနဲ ရင်ထဲတွင် တလူလူဖြစ်လာရသော အခါ သူ့မျက်နှာထားကို တင်း၍ဖစ်လိုက်မိလေတော့သတည်း။

"ကျွန်တော်တော့ ဆရာမတို့ ကိုတင်မောင်မောင်တို့လို ပါးရည်နပ်ရည်ရှိတဲ့လူတွေ သင်ရတာ သိပ်သက်သာတယ်ဗျာ။ တစ်ထွာပြရင် တစ်လံမြင်တယ်"

ကိုလှမိုးသည် အကတစ်ချီနားနေစဉ် စီးကရက်ကလေး ပါးစပ်ဖျားတပ်ရင်း ချီးကျူးစကားပြောလိုက်သဖြင့် တင်မောင်မောင်က ပြုံး၍. . .

"ဒါတော့ ဦးလှမိုးရယ်။ ဆရာမက ဒိုပြင်ကလေးပေါင်းစုံကိုတောင် အဌရသပေါင်းစုံ အကုန်သင်ကြား ပြသလာခဲ့သေးတာ မဟုတ်လား။ ကိုယ် တပည့်ခံရတဲ့အလှည့်ကျတော့ ဘယ်ပညာမဆို ခဏကလေးနဲ့ ယူတတ်နေတာပေါ့ခင်ဗျာ"

"အံမယ်. . . ကိုရင်က ဆရာမတော့ ချီးမွမ်းနေတယ်။ ကိုရင်ကလည်း နာမည်ကြီးဂျူဒိုဆရာမဟုတ်လားဗျာ့"

"ရပ်ကွက်ကလေးအဖွဲ့က သနားသဖြင့် မြှောက်စားထားတဲ့ ချောက်ပြားတန်ဆရာပါဗျာ"

"ကြွားမနေပါနဲ့ဗျာ။ ခင်ဗျားသင်ပေးလိုက်တဲ့ မောင်တင်ထူးလေးလေ။ ကျွန်တော်တို့အရပ် ပြန်ရောက်လာတော့ သူကတောင် ခင်ဗျားအတုခိုးပြီး ဟိုရပ်ကွက်က ကလေးတွေကိုသင်ပေးနေသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ဟုတ်လား။ ကောင်းပါလေ့ဗျာ။ ဟော. . . ဦးလေးခင်ကြီးက ဘာများခိုင်းချင်လဲမသိဘူး။ ခေါ်နေတယ်။ သွားလိုက်ဦးမယ် မမသီ။ ဆရာ ခဏနော်"

သီတာဇင်နှင့် ဆရာကိုလှမိုးတို့အား နှုတ်ဆက်၍ဆင်းသွားလေတော့၏။ ဆရာကိုလှမိုးသည် ချင်းကများ ဆက်၍သင်ကြားနေပေသည်။

"တင့်မောင်မောင်ရေ. . . ခင်သွဲ့အောင်ကို သွားခေါ်စမ်းပါကွယ်။ ဒီမှာ ကီးဘုတ်က ကဖို့ သင်ပေးမယ့်ဆရာကလည်း တစောင့်စောင့်နဲ့ မလာနိုင်ဘူးကွယ်"

"ဟုတ်ကဲ့ ဦးလေးခင်"

တင်မောင်မောင်သည် သွက်လက်သောလူငယ်လေးပီပီ စက်ဘီးတစ်စီးနှင့် ထွက်၍သွားလေတော့၏။

"ဟော. . . သားပြန်လာပြီ။ ဇာတ်တိုက်ပြီးပြီလား သားရေ"

"တိုက်တုန်းပဲ မေမေ။ တချို့လည်း ပြီးပါပြီ။ ကျွန်တော် ခင်သွဲ့အောင်ကို လာခေါ်တာ မေမေရဲ့။ ဟိုလူကြီးကလည်း တစ်နေ့လုံး မပြန်တော့ဘူးဗျာ။ ကျွန်တော် သွားခေါ်လိုက်ဦးမယ် မေမေ"

သူတို့တိုက်ခန်းရှေ့တွင် စက်ဘီးကလေးထောင်၍ တစ်ဖက်တိုက်ခန်းဘက်သို့ ကူးခဲ့သည်။

"အဟာစ်. . . အဟာစ်. . . အစ်ကိုကြီးကြည် မကောင်းဘူး။ သူများ ဇာတ်တိုက်သွားမလို့ ဖြီးလိမ်းပြင်ဆင်ထားတဲ့ဥစ္စာ"

"အစ်ကိုကြည်က ဘာလုပ်လို့လဲကွ"

"အင်း. . . ဘာမှ မလုပ်လို့ တော်တော့တယ်။ မမနွဲ့ကြီးလာရင် တိုင်ကိုပြောမယ်"

"မလုပ်ပါနဲ့ဗျာ။ တော်ကြာ အစ်ကိုကြည်မလာရရင် သွဲ့သွဲ့ ပီကေ ငတ်သွားမှာပေါ့။ ဟုတ်ဖူးလား။ အဟီး"

တင်မောင်မောင်သည် အိမ်ခန်းတွင်းမှ လှိမ့်ထွက်လာသော ဟီရိ





ဩတ္တပ္ပကင်းမဲ့လှသည့် စကားများကို ခေတ္တနားထောင်ရင်း တံခါးကို တစ်ချက်ပုတ်လိုက်ပြီး. . .

"အဟမ်း"

ဟူ၍ ချောင်းသံပေး၍ အိမ်ရှင်များကို ခေါ်လိုက်ရပေတော့သတည်း။

"ဩော်. . . အို. . . ဟို. . . အစ်ကိုတင်မောင်မောင်ပါလား။ ဦး. . . ဦးလေးခင်ကြီးက အခေါ်ခိုင်းလိုက်တယ်ထင်တယ်"

ဟု ခင်သွဲ့အောင်သည် ရှက်ကိုးရှက်ကန်းနှင့် ပြော၍ထွက်လာသည်။ စကားများကလည်း ထစ်ငေါ့စွာ ထွက်လာရသည်။

"ဟိုမှာ အားလုံးချိန်းပြီးသားမဟုတ်လားဗျာ"

"ဟုတ်ပါတယ် ဟုတ်ပါတယ်။ ကျွန်မ လာမလို့ပါ။ ခုပဲ လာခဲ့ပါ့မယ်"

"အေးနော်။ ဦးလေးခင်ကြီးရော၊ သင်မယ့်ဆရာရော စောင့်နေကြတယ်။ ကြာလို့တော့ မဖြစ်ဘူး"

တင်မောင်မောင်ကလည်း ဧည့်ခန်းတွင်းမှ ပြန်လှည့်၍အထွက်တွင် အခန်းထဲမှ ဘလှကြည်သည် ပွနေသောဗိုလ်ကေကို လက်နှင့်သပ်၍ ထွက်လာပြီး. . .

"ခင်ဗျား စိတ်ချလက်ချသာ ပြန်သွားပါ။ ကျွန်တော့်ကားနဲ့ အခုပဲ လိုက်ပို့လိုက်မယ်လေဗျာ။ ခင်ဗျား စိတ်အေးလက်အေး သွားနှင့်ပါ"

ဟူ၍ ခပ်ရွဲ့ရွဲ့ မခိုးမခန့်နှင့် ပြောလိုက်သဖြင့် တင်မောင်မောင်မှာ ထိုလူ၏အမူအရာကို အောင့်သက်သက်နှင့် ခံလိုက်ရလေတော့သတည်း။

ဇာတ်တိုက်ရာသို့ အိုပါယ်လ်ကားနှင့် အရန်သင့်ရောက်ရှိလာသော စန္ဒကိန္နရီမင်းသမီးလောင်းကလေးကို အားလုံးအထင်တကြီးလှမ်း၍ ကြည့်ခြင်းကို ခံယူလိုက်ရတော့၏။

"ဩော်. . . မမသီတို့က ပြန်တော့မလို့လား"



www.burmeseclassic.com

www.burmeseclassic.com

"အေးကွယ်။ မမသီတို့ ယိမ်းတိုက်ပြီးကြပြီ"

အဝင်ဝကလေးတွင် ခင်သွဲ့အောင်နှင့် ဘလှကြည်တို့က အဝင်နှင့်ဆုံမိကြစဉ် ဘလှကြည်သည် ဆရာမကလေးသီတာဇင်အား စားမတတ်ဝါးမတတ်ကြည့်နေသဖြင့် ခင်သွဲ့အောင်က အလိုက်သိစွာ. . .

"မမသီ။ ဒါလေ ကိုဘလှကြည်တဲ့။ ရွှေဂေဟာခြံကပါ။ သူဌေးဦးကျော်အသားလေ"

ဆရာမသီတာဇင်သည် ပထမ၌ ယဉ်ကျေးမှုအလို့ငှာ ပြုံး၍ပြမည်လုပ်ပြီးမှ ရွှေဂေဟာတွေ သူဌေးတွေပါလာ၍ မျက်နှာကို တင်းပစ်လိုက်သည်။ ခင်သွဲ့အောင် အပျိုပေါက်ကလေး အထင်ကြီးနေသော ရှိုးအဖြည့်နှင့် ဘလှကြည်မျက်နှာကလည်း သိက္ခာမရှိ၊ တစ်ခါသာတွေ့ဖူးသော မိမိအား စူးစူးဝါးဝါးကြည့်ပုံကြီးကလည်း လွန်စွာမှရိုင်းစိုင်းလှသည်။

ထို့ကြောင့် မျက်နှာထားနှင့် 'ဩော်' ဟူ၍ မပွင့်တပွင့်ဆိုရင်းက ရှေ့သို့ ခပ်သုတ်သုတ်ထွက်သွားသည်။ ထိုအခြင်းအရာကို အလုံးစုံမြင်လိုက်ရသူကား တင်မောင်မောင်ဖြစ်လေတော့၏။

"တောက်. . . . ဟိုအိမ်မှာ အကြီးရေ့ရော၊ အငယ်ရော် ပွဲတော်တည်နေပြီးတော့။ မမသီကိုများ ရိသဲ့သဲ့လုပ်လိုက်သေးတယ်"

သူသည် တရှူးရှူးဒေါပွနေရ၍ သူ့မမသီကိုလည်း နှုတ်မဆက်နိုင်တော့ချေ။ ဆရာမသီတာဇင်နှင့် ဒေါ်ဒွေးဒွေးတို့လျှောက်သွားရာ ပလက်ဖောင်းအတိုင်း မမှိတ်မသုန်ငေးကြည့်ရင်း ကျန်ခဲ့လေတော့၏။

◆



၁၆

ဒေါ်မြဆန်းသည် သနပ်ခါးတစ်ကိုယ်လုံး ခြေဆုံးခေါင်းဆုံးလူးထားသမျှ သူ့ကိုယ်သူ တသသင့်ကြည့်ရင်းက အိမ်ဖော်မကလေးကို ကော်ဖီဖျော်ခဲ့ရန် လှမ်းမှာရင်း တစ်ဖက်အိမ်သို့လှမ်းကြည့်လိုက်သည်။ တင်မောင်မောင်တို့မိခင်ကြီးသည် အစောကြီးက နေလှမ်းထားသော ခေါင်းအုံးများ၊ စောင်များ ရုပ်ပြီးသောအခါ ငရုတ်သီးခြောက်များကို စကောငယ်ပေါ်တွင် ဖြန့်၍လည်းကောင်း၊ ပုစွန်ခြောက်ကလေးများကို လင်ဗန်းတွင်လည်းကောင်း ထည့်၍ အိမ်ရှေ့ဝရန်တာသို့ ထုတ်၍လှမ်းထားလိုက်လေတော့သတည်း။

"ဟွန့်. . . မိန်းမကိုက ဆင်းရဲဇာတာပါလိုက်တာ။ တစ်မနက်လုံးမနားမနေလုပ်တာ အားမရလိုက်သေးဘူး။ အလုပ်မရှိအလုပ်ရှာပြီး ငရုတ်သီးခြောက်ကလေးတွေများ အဖိုးတန်ပစ္စည်းကျနေတာပဲ။ အဝတ်ကလေးခဲ့သုတ်ပြီးမှ လှမ်းလိုက်သေးတယ်"

"မမ. . . ကော်ဖီရောက်ပါပြီ"


www.burmeseclassic.com

www.burmeseclassic.com



'အိမ်ဖော်မကလေးက ရှိသေစွာလာရောက်၍ ကော်ဖီလင်ပန်းချ သွားသဖြင့်. . .

"ဟဲ့. . . မဒေါင်း။ ဖန်ပုလင်းထဲမှာ ကိတ်မုန့်တွေရှိသေးတယ်လေ။ ယူခဲ့ပါဦး"

"ဟုတ်ကဲ့ မမ"

"လာပြန်ပလား ဒီဟုတ်ကဲ့ကြီး မသုံးစမ်းပါနဲ့။ အရပ်သူဆန်သွားလို့ပါလို့ ဆိုထားရက်နဲ့"

"ဟုတ်. . . ဟုတ်ပါမမ။ ယောင်သွားလို့ပါမမ"

မဒေါင်းသည် ပျာပျာသလဲပြောရင်းက ကိတ်မုန့်ပုလင်းလိုက်သူမမရှေ့ ဒူးတုပ်၍ ချပေးလိုက်ရသည်။

ပန်းကိတ်ကို တမြုံ့မြုံ့အရသာခံ၍စားရင်းက ရွှေဂေဟာသား၏သူတို့အိမ် ဝင်ထွက်သွားလာပုံ၊ ယခုဆိုလျှင် သမီးကြီးပါမက သမီးငယ်၏မျက်နှာနှင့်ပါ သူ့အိုပယ်လ်ကားကြီးနှင့်လာတိုင်း လှိုင်ဘောလယ်အောင်တစ်နေ့တစ်နေ့သယ်ဆောင်လာသော လက်ဆောင်ပဏ္ဏာစားသောက်စရာများကို မြင်ယောင်ရင်း. . .

"ဩော်. . . ဒါဟာ သမီးချောကလေးတွေ မွေးထားရတဲ့အကျိုးကျေးဇူးပဲ။ ဟိုဖက်ခန်းက ဗိုလ်ကတော်ကျမျှား မတတ်လိုက်တာ။ ဟွန်း. . သမီးပျိုကလေးကို အိမ်ရှေ့ညှော်ထူပလားဆိုရင် သူ့သမီးကို အခန်းထဲတွင်တွင် သွတ်ထော့တာပဲ။ အေးလေ။ လောကကြီးမှာ မရှိတာထက် မသိတာခက်လို့ ဆိုထားသားပဲ"

ဒေါ်မြဆန်းသည် မုန့်စားပြီးသောအခါ ဟင်းချိုသောက်ပန်းကန်ကြီးနှင့် စပယ်ရှယ် သူ့အကြိုက် ချိုချိုပြစ်ပြစ်ဖျော်ထားသောကော်ဖီကို ဇိမ်ခံ၍ သောက်နေပေတော့၏။

ထိုအချိန်တွင် တစ်ဖက်ခန်းမှ ဒေါ်မြင့်မြင့်သည် နေကလေးသာသာနှင့် တစ်အိမ်လုံး သန့်ရှင်းရေးလုပ်ပစ်လိုက်ရ၍ မောသွားရသည်။ ဗိုက်





ထဲကလည်း ဆာဆာနှင့် ကြောင်အိမ်နားသို့ ရောက်သွားရသည်။ ဓာတ်ဘူးကို မကြည့်သော် ရေနွေးတွေကလည်း အပြည့်ရှိသည်။ ယေစဉ်ကတည်းက ကော်ဖီကလည်း လွန်စွာကြိုက်ခဲ့ရှာသည် မဟုတ်ပါလား။ ဖျော်သောက်မည်ပြုလုပ်ပြီးမှ 'အို. . . နေ့လယ် ကော်ဖီဖြတ်ထားတာ ကြာပြီပဲ။ နေပါစေတော့။ မျှတ်စိအကျင့် ဝမ်းအချင့်တဲ့' ဟူ၍ သူ့စိတ်သူ ထိန်းချုပ်နေစဉ် တစ်ဖက်ခန်းမှကလေးများ သာကူဝယ်၍ သောက်နေကြသည်။ ဒေါ်မြင့်မြင့်သည် သူ့အိမ်မှပန်းကန်ကလေးနှင့် သာကူ ၁၅ ပြားဖိုးဝယ်ယူကာ သူ၏ဝမ်းဗိုက်ကို ဖြည့်တင်းလိုက်လေတော့၏။ စားသောက်ပြီးသော် သူ့ယောကျ်ား၏ရှပ်စကင်းပိုးရှပ်တစ်ထည်ကို သူ့သားကြီးအတွက်ပြင်၍ ချုပ်နေလိုက်ပေတော့၏။

မှန်သည်။ သူ့သားကြီးသည် စာကလည်းတော်သည် မဟုတ်ပါလား။ အဆင်းရဲအပင်ပန်းအမျိုးမျိုးခံ၍ ဤလုပ်သားကောလိပ်သို့ တက်ရောက်သင်ကြားရခြင်းဖြစ်သည်။ ဤမျှကြိုးစားရသောသားကြီးကို ချီးမြှင့်ချင်ရှာသည်။ ဂုဏ်ပြုချင်ရှာသည်။

သည်အတွက် ပိုက်ဆံကလည်း အပိုမဖြုန်းနိုင်သောအခါ သေတ္တာထဲတွင် နှစ်ပေါင်းများစွာ အမှတ်တရပစ္စည်းအဖြစ် မကြာခဏထုတ်၍ကြည့်ခဲ့သောပိုးရှပ်ကြီးကို ယနေ့တော့ ထုတ်၍ပြင်ချုပ်လိုက်လေပြီ။

ဟုတ်ပါ၏။ သူ့သားကြီးသည် ချောကလည်းချော၊ လိမ်ကလည်းလိမ္မာ၊ အဝတ်အစားကောင်းကလည်း ကြိုက်ရှာသည်။ သို့သော် ရသမျှလခကလေးကို မိခင်အား အကုန်ပုံပေးလိုက်သည်။ ဘာဝတ်ချင်သည်၊ ဘာစားချင်သည်ဟူ၍ဖြင့် မိခင်ကြီး စိတ်မချမ်းသာဖြစ်မည်စိုး၍ ပူဆာသည်မရှိဘူးရှာချေ။

သို့သော် သူ့သားကို အကဲခတ်ရသည်မှာ ယခုတလော သပ်သပ်ရပ်ရပ် ပို၍ဝတ်စားလာသည်။ အထူးသဖြင့် ဖာတ်တိုက်သွားသောအခါ



www.burmeseclassic.com

www.burmeseclassic.com

များတွင် သူ့သားကြီးအား တစေ့တစောင်းမှ အမြဲအကဲခတ်နေမိ၍လား မသိ။ ထူးထူးခြားခြားရှိလှသည်ဟု ထင်မိသည်။

ထို့ကြောင့်လည်း လိမ္မာသော၊ စာတော်သောသားကို ချီးမြှင့်ချင်ဇောနှင့် သူ့ခင်ပွန်း၏အင်္ကျီကြီးကို ပြင်ဆင်ချုပ်လုပ်နေမိခြင်းဖြစ်သည်။

"အန်တီမြင့်"

"ဟေ. . . မဒေါင်းပါလား။ ဘာကိစ္စလဲကွယ်"

မေးသာမေးလိုက်ရသည်။ အကြောင်းသိမို့ လန့်လန့်ပင်ဖြစ်သည်။

"ငရုတ်သီးခြောက်ကလေး အတောင့်နှစ်ဆယ်လောက် ချေးပါ အန်တီရယ်။ ထမင်းအိုးတန်းလန်းကြီးမို့ သွားဝယ်ဖို့ အချိန်မရလို့ပါ"

"ဟဲ့. . . အတောင့်နှစ်ဆယ်တောင် ဟင်းအိုးထဲထည့်မှာလား။ များလှချေလား"

"မဟုတ်ပါဘူး အန်တီ။ ငါးပိဆီကျော်မလို့ပါ။ ပုစွန်ခြောက်တွေ ဘာတွေထောင်းပြီးမှ ငရုတ်သီးကုန်နေတာ သတိရလို့ပါ"

"ဟုတ်တယ်မြင့်ရေ။ မမ ဘာလချောင်ကျော်ကလေး စားချင်လို့ပါ။ ဒီကလေးမက အမြဲပဲ ကုန်မှကုန်မှ ကပ်ကပ်ပြောတာ သိပ်ဆိုးတာပဲ ညီမရယ်"

ဒေါ်မြဆန်းက လှမ်း၍ပြောလိုက်သဖြင့် ဒေါ်မြင့်မြင့်ခမျာ စိတ်ကုန်လှသော သက်ပြင်းကိုချရင်းက သူစောစောက တစ်တောင့်ချင်း အဝတ်နှင့်သုတ်၍ ရှနေစေရန် နေပူလှန်းထားသော ငရုတ်သီးခြောက်ရဲရဲ လှလှကြီးများကို ချေးငှားလိုက်ရလေတော့သတည်း။

ကိုယ်က မစားရက်မသောက်ရက် နေထိုင်သမျှ နို့ဆီလည်း မခံနိုင်၊ ဆားကမကျန် ဤဖွာရမ်းရမ်းအမျိုးသမီးကြီးနှင့် အိမ်နီးချင်းလုပ်ရသည်မှာ စိတ်ညစ်စရာကောင်းလှပါသည်။ သို့သော် ထိုကိစ္စကို သားကထိန်းသည်။ မေတ္တာရပ်သည်။

"မေမေရယ်။ သဘောထားကြီးကြီး ထားစမ်းပါဗျာ။ သူလည်း မင်း





ကဘော်ကြီးလုပ်လာတာပဲ။ ကြာတော့ ရှက်လာမှာပါ။ အဲ. . . ကျွန်တော်တို့အိမ်ရဲ့ ရာဇဝင်ကို ထိန်းရမှာကတော့ အိမ်နီးနားချင်းရန်မဖြစ်ဘူးဆိုတာ တစ်ခုတော့ ထိန်းပါအမေရယ်"

ဟူ၍ မကြာခဏပြောလွန်းလှသဖြင့် ဒေါ်မြင့်မြင့်မှာ သားချစ်ဆန္ဒကို မဆန့်ကျင်နိုင်ရှာ၍ သည်းခံလိုက်ရသည်က များပေသည်။

'ဟင်. . . သမီးတွေလည်း မဆုံးမ။ အသုံးကလည်းမလျှော့။ သူ့အစား ရင်လေးလိုက်ပါဘိတော့တယ်' ဟူ၍သာ ကရုဏာဒေါသောနှင့် တွေးလိုက်ရှာမိလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

၁၇

သာယာသော နံနက်ခင်းတစ်နေ့ဝယ် မော်စကိုဗစ် ကားလေးတစ်စင်းသည် မင်္ဂလာဒုံလေယာဉ်ကွင်းလှလှထဲသို့ အသာအယာကွေ့၍ဝင်လာသည်။

ကားမောင်းလာသူကား ဒေါက်တာငွေးငွေးဖြစ်၍ ဘေးမှထိုင်လာသူကား ဗိုလ်ကြီးမြကေခိုင်ပင်တည်း။

သူတို့ကားလေးဝင်လာသည်ကို မျက်လုံးတန်း၍မြင်မိအောင်မြင်လိုက်သူကား မင်းသက်နိုင်ပင်တည်း။

သည်နေရာတွင် သူသည် အိမ်ရှင်မဟုတ်ပါလား။

ကားမရပ်မီကတည်းက လက်ပြ၍ နှုတ်ဆက်ကြိုဆိုလိုက်သည်။

"ဘယ့်နှယ်လဲ။ ဘယ့်နှယ်လဲ။ ခရီးသွားလား၊ ညီကြိုညီပို့လား။ ဒါ. . . ဒါနဲ့ ဇင်ဇင်ကော"

သူက ကားတံခါးကိုဖွင့်ပေးရင်းက သူမေးချင်သမျှကို တသီတတန်းကြီးမေးလိုက်သည်။

"ကေခိုင် စစ်တွေသွားမလို့လေ။ ရှင့်ဇင်ဇင်က ဘယ်လိုက်ရဲမလဲ။ ရှင့်ကိုလန့်နေတာလေ။ ခေါ်လို့ကိုမရဘူး"





"ဟာဗျာ"

သူက စိတ်မကောင်းသံနှင့် ထွက်သွားရပြီးမှ မျက်နှာပြင်၍. . .

"ကျွန်တော်တော့ နာမည်ပျက်နေပါပြီဗျာ။ လာကြပါ။ ပေးလေ။ ပစ္စည်းချိန်စရာတွေ၊ ဒါလေးတွေ ခဏလုပ်လိုက်ကြတာပေါ့။ ပြီးရင် ကျွန်တော် ကော်ဖီတော့ တိုက်ပါရစေ။ အချိန်နည်းနည်းရပါသေးတယ်"

မြကေခိုင်နှင့် မင်းသက်နိုင်တို့ ရှေ့ဆင့်နောက်ဆင့်လျှောက်လာကြသည်ကို ရှေ့သွားနောက်လိုက်ညီသော အတွဲအဖြစ်နှင့် လူတွေက ကြည့်နေကြသည်။ ယူနီဖောင်းတစ်မျိုးစီနှင့်ဖြစ်သော်လည်း မြန်မာ့သားကောင်းရတနာလေယာဉ်မှူးနှင့် မြန်မာ့သမီးကောင်းရတနာ စစ်ဗိုလ်မလေးတို့၏ ဟန်သည် မြင်ရသူများအားကျစဖွယ် အရည်အချင်းပြည့်ပြည့်နှင့် ရှိကြလေသည်။ လေယာဉ်ရုံကြီးထဲရှိ ကက်ပတိန်မှူးစ၍ Ground Stuff ခေါ် မြေပြင်တာဝန်ရှင် မီးခိုးရောင်ဘောင်းဘီ၊ ရှပ်အဖြူများနှင့် အမျိုးသားများ၊ အမျိုးသမီးစတပ်ဖ်လှလှကလေးများအဆုံး တပြုံးပြုံးနှင့် သူတို့နှစ်ဦးကို ဝေဝေဖန်ဖန် မသက်ာဟန်နှင့် ကြည့်လိုက်ကြလေတော့သတည်း။

"လူပျိုကြီးနော်၊ မစွံတော့ မစွံမစွံနဲ့။ ချောပြီးမှ မစွံလို့ သူ့ကို ချောမစွံကြီးလို့ ဘွဲ့ပေးထားကြတာနဲ့ အတိုးချပြီး ချောချောလှလှစစ်ဗိုလ်မကို တွဲပြလိုက်တာနဲ့ တူတယ်ကွယ့်"

အချင်းချင်းဝေဖန်ကြ၊ အထင်ကြီးကြနှင့်ရှိကြစဉ် ရှက်တတ်သော ငွေးငွေးသည် မယောင်မလည်နှင့် ဆိုဖာခုံတန်းလျားကလေးများပေါ်သို့ ထိုင်၍ နေရစ်လေတော့သတည်း။

မြကေခိုင်ကား စစ်ဗိုလ်မ တော်တော်ပီသလေသည်။ သူ့မျက်နှာပေါက်နုနုလှလှကလေးပင်ဖြစ်လင့်ကစား လူတွေကို ရဲရဲကြည့်ဝံ့သည်။ သူ့ဟန်အတိုင်း ကျော့ကျော့တောင့်တောင့်ကလေးကို အလှမပျက်လျှောက်ရဲသည်။

"လာ ဒေါ်ငွေးငွေး။ ကော်ဖီသွားသောက်ကြစို့"



www.burmeseclassic.com

www.burmeseclassic.com



မင်းသက်နိုင်က နာရီကိုကြည့်ရင်း သူ့ကို ဝင်ခေါ်ကြသည်။

"ဌေးဌေးတစ်ယောက် တော်တော် ပင်ပန်းသွားပြီထင်တယ်။ ရောက်ကတည်းက ထိုင်တော်မူနေတာလေ"

မြကေခိုင်က သူနှင့် လိုက်မလာ၍ အပြစ်တင်လိုက်သည်။

"မလုပ်ပါနဲ့ကွယ်။ ယူနီဖောင်းကိုယ်စီနဲ့ မင်းသမီး၊ မင်းသားကြားထဲမှာ ဌေးက ကန့်လန့်ကန့်လန့်နဲ့ အရုပ်ဆိုးနေမှာပေါ့"

ဌေးဌေးက ခပ်တိုးတိုးပင် ကေခိုင်ကို စလိုက်ခြင်းဖြစ်သော်လည်း နားပါးသောမင်းသက်နိုင်က. . .

"အဲဒီလို မင်းသမီးမင်းသားကြားထဲက ကန့်လန့်ကန့်လန့်ကို လူတွေက ပိုစိတ်ဝင်စားတတ်တယ်ခင်ဗျ"

"ကြည့်စမ်း ကြည့်စမ်း ဦးသက်နိုင်ကြီး။ ဌေးဌေးပြောတာ အကုန်ကြားတယ်ကွယ်"

ဒေါ်ဌေးဌေးသည် ရှက်ရှက်နှင့်သာ ရယ်နေလိုက်ရပေတော့၏။

"ကဲ. . . ဖြည်းဖြည်းသုံးဆောင်ပါလို့ ပြောရမယ့်အစား ပိုင်းလော့ရဲ့လက်ဖက်ရည်ပွဲဆိုတော့ ကျေးဇူးပြုပြီး မြန်မြန်သုံးဆောင်ကြစေလိုပါတယ်ခင်ဗျာ"

မင်းသက်နိုင်က စကားပြောယဉ်ကျေးလှသော်လည်း တိတိကျကျ အချိန်သုံးရသူပီပီ အရွှန်းကလေးဖြင့် ပေါင်မုန့်ဆင်းဒဝစ်များကို အမြန်အသုတ်ကျွေးမွေးဧည့်ခံလေသည်။

"ဪ. . . ဒါနဲ့ ဒေါ်ကေခိုင်က စစ်တွေကို ဘာကိစ္စပါလဲခင်ဗျာ"

"ဟို ဒီအက်အေ အိတ်ဇမနေရှင်းအတွက်ပါ"

"ဪ. . . ဪ. . . တာဝန်နဲ့သွားရတာဆိုပါတော့ခင်ဗျာ။ တစ်ပတ်လောက်တော့ ကြာမှာပေါ့"

"အမှန်တော့ ဒီလောက်ကြာဖို့ပါပဲ။ ဒါပေမဲ့ ဒီမှာ ရပ်ရွာအကျိုးသယ်ပိုးရတဲ့ပွဲရှိသေးတော့ လေးရက်လောက်ပဲကြာမှာပါ"





"ကဲ. . . ဒေါ်ကေခိုင်ကတော့ ဟိုပေါ်မှာ စားရဦးမှာလေ။ ...ါ် ဌေးဌေးက ကော်ဖီတစ်ခွက်ပိုသောက်ပါဗျာ"

"တော်ပါပြီရှင်"

"တော်လို့ မဖြစ်ပါဘူးဗျာ။ ခင်ဗျားတို့သူငယ်ချင်း ဇင်ဇင်အတွက် ...ပါ။ ရှောပါ"

အမျိုးသမီးနှစ်ယောက်သည် ဇင်ဇင့်အတွက်ဆို၍ ရယ်မိသွားကြ...ှ် မင်းသက်နိုင်သည် လေယာဉ်မှူးဝတ်စုံ အပေါ်ဝတ်အကျီအနက် ...က်မောင်းတွင် ချိတ်ထိုးထားသော ဘောလ်ပင်အကောင်းစားကို ...တ်ယူလိုက်ပြီး စာရွက်ပိုင်းတစ်ခုတွင် စာလေးတစ်ကြောင်းနှစ်ကြောင်း ...းခြစ်လိုက်သည်။

"ဒီစာလေးတော့ ဇင်ဇင့်ဆီ ပါးလိုက်ပါရစေခင်ဗျား။ ကျွန်တော့်...ို လန့်နေတယ်ဆိုလို့ပါ။ ကဲ. . . ဝီဘက်တားမှုပ်"

သူက အရင် မတ်တတ်ရပ်လိုက်၍ မြကေခိုင်နှင့် ဌေးဌေးတို့သည် ...နောက်မှ ခပ်သုတ်သုတ်ကလေးလျှောက်၍ လိုက်ကြသည်။

"ကဲ. . . ဦးသက်နိုင်။ ကျွန်မသူငယ်ချင်းကိုတော့ ဝကွက်ဖြိုးအပ်...ိုက်ပြီနော်။ အဟင်း. . . အဟင်း"

"အာ. . . စိတ်ချလက်ချ အပ်လိုက်ပလားခင်ဗျာ။ မကော်လို့...ျွန်တော်က ရောင်းစားလိုက်ရင်ဘယ်လိုလုပ်ပါမလဲ ဒေါ်ဌေးဌေးရယ်"

"အဟင်း. . . အဟင်း"

မည်သို့ဖြစ်စေ ဦးသက်နိုင်နှင့်တွေ့တိုင်း သူတို့မှာ ရယ်စရာကလေး...တော့ ပါလာရစမြဲမဟုတ်ပါလား။

ဌေးဌေးသည် လေယာဉ်ပျံ **ထွက်လျှင်ထွက်ချင်း** အမြန်ပြန်ခဲ့ရ...ည်။ အိမ်ရောက်သော် **သီတာဇင်သို့** စာကလေးပေး၍ ဆေးအိတ်ကိုဆွဲ...ာ ဆေးရုံသို့ **ခရီးဆက်လေတော့၏။**



www.burmeseclassic.com

www.burmeseclassic.com

ဇင်ဇင်

ကျွန်တော်တို့သုံးယောက်လေယာဉ်ကွင်း စထရင်းခန်းမှာ ကော်ဖီသောက်ကြပါတယ်။ ဇင်ဇင်တစ်ယောက်အဖွဲ့ထဲမှာ လျော့နေလို့ စိတ်မကောင်းပါဘူး။ ကျွန်တော့်ကိုလည်း မလန့်ပါနဲ့ဗျာ။ မရှာမဖွေမကြံစည်ရပါဘဲနဲ့ တွေ့ရတဲ့အချစ်ကို အပြစ်လို့ မယူဆသင့်ပါဘူးဗျာ။

သတိရလျက်

မင်းသက်နိုင်

သီတာဇင်သည် စာဖတ်ပြီးသော် ရုက်ရုက်နှင့် ပတ်ဝန်းကျင်ကို အလန့်တကြားကြည့်လိုက်ပါသည်။

"ဘယ်လိုလုပ်ပါလိမ့်။ လောကကြီးတစ်ခုလုံးမှာရှိတဲ့ ကိစ္စဟူသမျှကို သူ့လေယာဉ်နှုန်းလို သဘောထားပြီး ကျင့်သုံးနေပုံရတယ်။ ငါ့ကို ချစ်တဲ့ အကြောင်း ပြောသွားတာကလည်း လေယာဉ်ပျံလိုပဲ။ ခုလည်း သမီးရည်းစားဆန်ဆန် ရေးထားတဲ့စာကို လူကြုံပါးပြီး လေယာဉ်ပျံနှုန်းနဲ့ အိတ်မပါတဲ့ ဗလာဖွင့်စာကို ပေးလိုက်ပြန်ပြီ။ နောက်ပြီးတော့ သူ့မိုက ငါ့ကို သူ့အဖေအစား စိတ်နာပုံလိုလိုက ချစ်ရေးပဲဆိုရတယ်လို့ပဲ။

အို. . . ရှုပ်ပါတယ်လေ။ သူ့အကြောင်းကို တလယ်လယ်နဲ့ တွေးစရာတောစရာတွေ ဝင်ဝင်လာရတာ စိတ်ပျက်လိုက်တာ"

သီတာဇင်သည် စာလေးကို ဆုတ်ပစ်ရမလို စာအုပ်ကြားညှပ်ရမလို ထားစရာ စဉ်းစားရခက်နေစဉ် တိုက်ရှေ့မှ ကားဟွန်းသံတစ်ခုကြား၍ စာလေးကို စာအုပ်ကလေးအောက်သို့ ထိုးသွင်းခဲ့ပြီး အိမ်ရှေ့သို့ထွက်ခဲ့လေတော့၏။

"ဩော်. . . မမရွှေတို့ပါလား။ လာကြ လာကြ။ အံ့ကူကလေးလည်း ပါလာတာကိုး။ လာ. . . အန်တီဇင်ဇင်ဆီ လာလေ"





ကားပေါ်မှ ဒေါ်ငွေငွေ၏အစ်မနှင့် သူ့ခင်ပွန်းအတွင်းဝန်ကြီး ဝင်းဖေတို့ဇနီးမောင်နှံတို့ကြားမှ 'အံ့ကူ' ဟုခေါ်သော သုံးနှစ်ခွဲအရွယ် သားလေးကို ဇင်ဇင်က လှမ်း၍ချီလိုက်သည်။ မှန်သည်။ ဤအံ့ကူဟူသော ဒေါ်ငွေငွေတူကလေးသည် သည်အပျိုမသုံးဦး၏အသည်းကျော်လေး ဟုတ်ပါလား။

"မသီတာရေ။ သူ့ကို ထားခဲ့မယ်နော်။ ငွေငွေဆေးရုံကို မမရွှေ ကလိုက်သွားပြီး အပြန်ဝင်ခေါ်မယ်။ မမရွှေတို့ အချိန်မီမရောက်ရင် သည်း ကျောင်းသာခေါ်သွားတော့"

"ဟုတ်ကဲ့ မမရွှေ။ ထားခဲ့ပါ"

ဟူ၍ ဝမ်းသာကျေနပ်စွာ သားလေးအံ့ကူကို ခေါ်ယူထားလိုက်လေ တော့၏။ သီတာဇင်လက်ထဲမှ သူ့အမေနှင့် အဖေကို လက်ပြရင်းကျန်ခဲ့ သည်။

"သားသား ဘော်ရှုံးရော အန်တီဇင်ဇင်"

"မုန့် အရင်စားပါ သားသားရဲ့။ ဘောလုံးကစားဖို့ ဟိုဖက်တိုက်က သားသားသူငယ်ချင်းက ကျောင်းသွားပြီလေ"

"သားသား။ မုန့်တွေ အများကြီးစားခဲ့ပြီ။ သားသားတစ်ယောက် ည်း ကစားမယ်အန်တီ"

"အင်း. . . မင်းကလည်း တို့ဦးယျာဉ်ကလေးကို ဘောလုံးကွင်း က်နေတာကိုး။ ရော့. . . ရော့. . . ခဏပဲ ကစားဖို့ အချိန်ရှိတယ်နော်။ န်တီနဲ့ ကျောင်းလိုက်ရမှာ"

အံ့ကူက သူ့ပါးဖောင်းဖောင်းကြီး မြှောက်တက်သွားသည်ထိ သာကျေနပ်စွာ ပြုံး၍ ခေါင်းညိတ်ပြလိုက်လေတော့သတည်း။ သီတာ သည် ထမင်းချိုင့်ကိုပြန်ချ၍ အံ့ကူအတွက်ပါ ပို၍ထည့်နေရသည်။

မမရွှေသည် ခဏနေ လာခေါ်မည်ဆိုသော်လည်း တစ်ခါတစ်လေ နာရီကျော်သွားတတ်သည်။ သည်အံ့ကူကလေးသည် ဒေါ်မြကျော်ငိ

www.burmeseclassic.com

www.burmeseclassic.com



နှင့်လည်း စစ်ရုံးသို့လိုက်သွားဖူးသည်။ သူ့အဒေါ်ဒွေးဒွေးနှင့် ဆေးရုံသို့ပါ၊ သွားရသည်ကလည်း ခဏခဏ။ သီတာဇင်နှင့်ကတော့ ကျောင်းသို့အပါ၊ ဆုံးဖြစ်သည်။

"သုံးနှစ်ပြည့်ပြီ ညီမရဲ့။ ကျောင်းစိမ်းနေမစိုးလို့။ မသီတာနဲ့ ပါပါ၊ သွားတာတော့ မမရွှေသဘောအကျဆုံးပဲ။ တချို့တော့ ဒီအရွယ်လေး တောင် ကျောင်းပို့ကြတာပဲ။ ဒါပေမဲ့ မမရွှေကလည်း သိပ်မမာတော့ ဒီ လောက်ထိ ကံရိုကထမခံနိုင်ပါဘူးကွယ်"

ဟု ပြောဖူးကာ မကြာခဏ သီတာဇင်ကျောင်းသို့ ထည့်ထည့်ပေး တတ်သည်။

သူတို့ကလည်း ချစ်စရာကောင်းသော၊ သွက်သော အံ့ကူကို ချစ် ကြသည်နှင့် အတော်ဖြစ်သွားကြသည်။ သီတာဇင်သည် ထမင်းထည့်ပြီး သော် အိမ်ရှေ့သို့ ကလေးကိုထွက်၍ကြည့်ရသေးသည်။

အံ့ကူသည် ဘောင်းဘီတို ခြေအိတ်လှလှ ရှူးဖိနပ်ကလေးနှင့် ဘောလုံးကလေးကို အားရပါးရဆော့နေပေသည်။

"အံ့ကူရေ. . . ဒီသစ်ခွပင်တွေနား မကစားနဲ့နော်။ ဟောဒီ ဝင်း ထရံဘက် တိုးကစား"

"ဟုတ်ရဲ့ အန်တီ"

အံ့ကူသည် သူတို့တစ်တွေဝိုင်းပြီးသင်ကြားထားသမျှ စကားလည်း တတ်လှပေသည်။ သီတာဇင်က ကျေနပ်သွားရပြီး အဝတ်လဲရန် အပေါ် ထပ်သို့ တက်ခဲ့လေသည်။

ဆံပင်ကို သပ်သပ်ရပ်ရပ် ပြန်၍ပြင်လိုက်ပြီးသော် ဇီရိုများ သော့ ပိတ်၍ အမြင်မတော်သည်များကို ဦးစွာသိမ်းဆည်းပြီးမှ အပြီးသတ်တွင် အင်္ကျီလဲရန် စောစောကဝတ်ထားသည့်အင်္ကျီကို ချွတ်လိုက်သည်။

ဆရာမလေးသီတာဇင်သည် အင်္ကျီလုံချည် ကြေတွန့်သွားမည်ကို လွန်စွာစိုးရိမ်တတ်သည်။ သူ့ဆရာမဝတ်စုံကလေးကို ဝတ်ဆင်ထားလျှင်





ကော်ရှပ်ကလေးကဲ့သို့ တောင့်ပြီးသပ်ရပ်နေမှကြိုက်သည်။ ခုတင်ပေါ်တွင် မီးပူထပ်မံထိုးပြီး တင်ထားသောအင်္ကျီကို ဝတ်ဆင်ရန် ကောက်ယူလိုက်စဉ် သူ့မျက်လုံးသည် ပြတင်းပေါက်မှ ကျော်လွှား၍ အပြင်သို့ ရောက်သွားရ သည်။

"ဟင်. . . အံ့ကူကလေး ပလက်ဖောင်းရောက်နေပါလား။ အံ့ကူ။ အံ့ကူ။ အထဲဝင်ကစားလေ။ အထဲဝင်ခဲ့"

သူက အင်္ကျီဝတ်ရင်း စိုးရိမ်တကြီး လှမ်းအော်လိုက်သည်။

"ဟုတ်ရဲ့။ အန်တီ"

အံ့ကူသည် ထိုသို့သာပြောသည်။ ခြေကလေးကမူ ဘောလုံးကို တစ်ချက်တော့လိုက်သေးသည်။

"အို"

"ပွန်. . . ပွန်"

"ဝူး. . . ဝူး"

"ဟယ်. . . ဘုရား"

သီတာဇင်သည် ခေါင်းထဲသို့ မီးစကြီးထိုးသွင်းလိုက်သလို ဖြစ်သွား ရသည်။

လူများသည် ပလက်ဖောင်းပေါ်သို့ ဝိုင်းအုံရောက်နေကြလေပြီ။

"ဟင်. . . အံ့ကူလေး သေပလား။ အံ့ကူလေး သေပလား"

သီတာဇင်သည် ဘယ်လိုဘယ်နည်း တိုက်ပေါ်မှ ပလက်ဖောင်းသို့ ရောက်ရှိလာလိုက်မှန်းမသိပေ။

"ဟင်"

သီတာဇင်မှာ မြင်ရသောရှုခင်းကြောင့် ယခုမှတွေး၍ကြောက်သွား ရသည်။

"ဒီကလေး ကံကောင်းတယ်ဗျာ။ ဘောလုံးကို ပြေးကောက်တာဗျ။ ဟီးနိုးကြီးက အရှိန်နဲ့ ဝင်လာတာ ဒီကလေးက ဟီးနိုးရှေ့ကို ဝင်အကြိတ်ခံ လိုက်သလိုဖြစ်အသွားမှာ ကိုတင်မောင်မောင်က တစ်ရှိန်ထိုးဖြေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ကလေးနဲ့ပွေ့ပြီး လှိမ့်ချလိုက်တာ"

"ဟာ. . . ကျုပ်တော့ ဒီကလေးလေးကြွရော အောက်မေ့တာဗျ"

"ကျွန်တော်နဲ့ ကိုတင်မောင်မောင် အတူရပ်နေကြတာဗျ။ ကျွန်တော်ကတော့ စိုးရိမ်လိုက်တာပဲရှိတယ်။ သူ့လောက် လျင်လျင်ကြီး လှိမ့်မချဝံ့ဘူးဗျို့"

"ဒီနည်းနဲ့ တော်ရုံလူလည်း မကယ်နိုင်ပါဘူး။ အရှိန်နဲ့လာနေတဲ့ ဟီးနိုးရှေ့ကို ပြေးဖြတ်ရတာပဲ။ လူကြီးကိုတောင် ကားကြိတ်သွားနိုင်တာ ပေါ့"

ရုံးသွားကျောင်းသွားများသည် တစ်ယောက်တစ်ပေါက်ပြောရင်းက ကိုယ့်လမ်းကို ဆက်၍သွားကြသည်။

ယခုတိုင် ရင်ဝတွင် အလုံးကြီးဆို့ဆဲဖြစ်နေရသော သီတာဇင် သည် သူ့ရင်ကိုဖိထားရင်း မျက်ရည်များ လည်၍လာရပေသည်။

"ဒါ ဘယ်သူ့ကလေးလဲ မမသီ"

တင်မောင်မောင်သည် ကလေးကို ပွေ့ထားရင်းက မေးလိုက် သည်။

"ဌေးဌေးတူလေးပါ။ မမသီကို အပ်ထားခဲ့တာလေ။ မောင်မောင် သာ မကယ်ရင် မမသီတော့ တရားခံဖြစ်ပါပြီကွယ်"

တင်မောင်မောင်အား သိကၡာတည်းက သည်တစ်ကြိမ်သာစ၍ သူ့ နာမည်ကို ခေါ်လိုက်ဖူးသည်။ သူ့ရင်တွင်တုန်နေအောင် ကျေးဇူးတင်သွား ရသည်။

"အံ့ကူရယ်. . . ဘယ်လိုလုပ်လိုက်တာလဲဟင်။ အန်တီဇင်ကို သတ်လိုက်ပါတော့။ ရင်ကို ခုထက်ထိ တုန်တုန်းပဲ"

"ဟုတ်ရဲ့အန်တီ။ နောက်မသွားတော့ပါဘူး"

"အင်း. . . နောက်သွားဦးမှာပေါ့။ လာ. . . လာ. . . အန်တီဆီ"

"ကျွန်တော် လိုက်ပို့မယ်လေ။ မမသီကြည့်ရတာ သိပ်ထိတ်သွားပုံ





ရတယ်"

"ဟာ. . . မပြောပါနဲ့တော့ မောင်မောင်ရယ်။ မမသီက အကျီ ဝတ်ရင်း အကုန်လှမ်းမြင်လိုက်တာလေ။ မောင်မောင် ဟိုဘက်ပလက် ဖောင်းကပြေးလာပြီး ကလေးနဲ့ လှိမ့်ချလိုက်တာလည်း မမသီ မြင်လိုက် တာပဲ"

ယခုမှ အကျီကြယ်သီးတစ်လုံးတပ်ရန် ကျန်နေကြောင်း စမ်းမိ၍ လမ်းသွားရင်း ကမန်းကတန်းတပ်လိုက်ရသည်။

"တော်တော်ဆိုးတဲ့အံ့ကူပဲကွယ်။ ဦးဦးအကျီတွေ ပေကုန်ပြီ"

တင်မောင်မောင်က ကလေးကို အသာကလေး အောက်သို့ချပေး ရင်းပြောလိုက်မှ သီတာဇင်သည် တင်မောင်မောင့်အကျီကို လှမ်း၍ကြည့် လိုက်မိသည်။

"အို. . . ဟုတ်ပါရဲ့။ မောင်မောင့်တက်ထရွန်အကျီဖြူလေးကို ပေကုန်တာပဲ။ နေ. . . နေ။ ကျောဘက်က မမသီ ခါပေးမယ်"

သီတာဇင်သည် တစ်သက်နှင့်တစ်ကိုယ် လူတစ်ယောက်ကို တစ်ခါ မျှ ကျေးဇူးမတင်ဘူးမိသေးပေ။

ထို့ကြောင့် တော်၏၊ မတော်၏ စဉ်းစားမနေနိုင်တော့ပေ။ ဗီရိုထဲမှ လက်သုတ်ပဝါအသစ်ကလေးတစ်ထည် အမြန်ဆွဲ၍ သူ့ကျောပြင်မှ ဖုံများ ကို ခါ၍ပေးနေမိသည်။

"နေပါစေ မမသီရယ်. . . ကျောင်းသွားရဦးမှာ မဟုတ်လား။ လုပ်စရာရှိတာ လုပ်ပါ။ ကျွန်တော် အကျီချွတ်ထားလိုက်မယ်လေ"

တင်မောင်မောင်သည် သူ့အကျီကို ချွတ်လိုက်ရာ. . .

"ဟင်. . . လက်မောင်းမှာ ခိုက်မိ သွားတာကိုး၊ နေ. . . နေ. . . မမသီ ဆေးထည့်ပေးမယ်"

လက်မောင်းတွင် လက်တစ်ဝါးသာသာခန့် အသားနီလန်၍သွားရ ခြင်းပါတကား။



www.burmeseclassic.com

www.burmeseclassic.com



"ကလေးကိုဆွဲပွေ့လိုက်ရတော့ ဒီလက်မောင်းတစ်ခု အားပြုပြီး လမ်းပေါ် ပြစ်ချလိုက်ရတာကိုး။ ဒါကြောင့် အင်း. . . နာမှန်းလည်း ခုမှ သိတော့တာပါပဲဗျာ"

သူ့အား စိုးရိမ်တကြီး မဲ့မဲ့ကလေးကြည့်ရင်း လှေကားပေါ်သို့ တက်သွားသော ဇင်ဇင်အား လှမ်း၍ပြောလိုက်သည်။

သီတာဇင်သည် ပြာယာခတ်သွားရရှာသည်။ ရေနွေးနှင့်ဆေး၍ တင်ချာထည့်ပေးလိုက်ရာ. . .

"အား. . စပ်တယ် မမသီရေ. . . အရမ်းစပ်တာပဲ"

ဟု လက်မောင်းတစ်ဘက် တွန့်၍သွားသဖြင့်. . .

"ဟင့်. . . ဟင့်. . . သားသားကြောင့် ဦးဦးဆေးထည့်ရပြီ။ သားသားကို ရိုက်မှာလား အန်တီ"

အရေးထဲ ကိုဖိုးချွဲကလေး အံ့ကူသည် တရှုံ့ရှုံ့နှင့် ငိုနေပေတော့သည်။

"ဟောဗျာ. . ငိုနေပြီ"

"ဟုတ်သားပဲကွယ်. . . ငိုရမှာက ဦးဦးပါကွဲ့။ အံ့ကူကို ကယ်လိုက်ရလို့ ကြည့်စမ်း လက်မောင်းမှာ အများကြီးခိုက်မိသွားပြီ"

"သားသားကို ဖေဖေက ရိုက်တော့မယ် အန်တီ။ ဘောလုံးကို လမ်းမမှာ မကစားရဘူးတဲ့"

"ကြည့်စမ်း ဒါတွေလည်း သူသိသားနဲ့။ သက်သက် အန်တီဇင်တို့ကို ဒုက္ခပေးတာပေါ့လေ"

"ဒုက္ခဆိုတာ ဘာလဲ အန်တီဇင်"

အံ့ကူ၏ ကတ်သီးကတ်သတ် အမေးကြောင့် သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ပြုံး၍ကြည့်လိုက်မိကြသည်။

"အရေးထဲ ဒါတွေ မဖြေရှင်းပါရစေနဲ့ဦး။ ဘကြီး အံ့ကူရယ်. . . ။ ဒီမှာ ခုထက်ထိ ရင်တုန်မပြေသေးဘူး"

သီတာဇင်က ထိုသို့ပြောရင်း တင်မောင်မောင်အကျီမှ ဖုံများခါ၍





ပေးနေသည်။

"တော်ပါပြီ မမသီရယ်. . မမသီထိတ်နေရင် ရေလေး ဘာလေး သောက်လိုက်ပါလား"

"ဩော်. . . နေပါစေ၊ ရေသောက်ရမှာက မောင်မောင်နဲ့ အံ့ကူပါ။ ရော့. . . အံ့ကူ လန့်နေတယ်မဟုတ်လား။ ရေသောက်လိုက်"

"ဟင့်အင်း. . . မလန့်ပါဘူး။ ဦးဦးပြေးပြီး သားသားကိုပွေ့ပြီးလှိမ့်ချလိုက်တာ သိပ်ကောင်းတာပဲ။ သားသား သိပ်ပျော်တာပဲ"

"ဘုရားရေ. . . သူ့မှာ ပျော်နေသတဲ့။ လုပ်ကြပါဦး. . "

တင်မောင်မောင်သည် ရုံးချိန်နောက်ကျတော့မည်မှန်း သိနေသည်။ စိတ်တစ်ပိုင်းက သွားချင်လှပြီဖြစ်သော်လည်း စိတ်တစ်ပိုင်းသည် သီတာဇင်နားမှ နဲနဲမှမခွာချင်ပေ။

"ရော့. . . မောင်မောင်ကတော့ ကော်ဖီသောက်နော်. . . မမသီတော့ မောင်မောင့်ကို ကျေးဇူးတင်လွန်းလို့ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး"

"ဩော်. . . ကိုးနာရီထိုးတော့မယ်။ သောက်ပြီး သွားတော့လေ။ တော်ကြာ ရုံးနောက်ကျနေဦးမယ်"

သီတာဇင်သည် ကော်ဖီပန်းကန်ကို အတင်းထိုးပေးရင်းက ဆေးထည့်ထားသော အနာကိုလည်း တချက်လှမ်းကြည့်လိုက်မိသည်။

သို့သော် စွပ်ကျယ်ဇာပေါက်ကွက်ကျဲ လက်ပြတ်အောက်မှ ကိုလူပျို၏ ရင်အုပ်ထွားထွားသည် သူ့အား ရှက်ကြောက်ကြောက်ကလေးဖြစ်သွားစေရ၍ မျက်လုံးကို ကမန်းကတန်းလွှဲလိုက်သည်။

"အိမ်မှာရဲ မေမေက ဖေဖေရုံးသွားခါနီးတိုင်း ကော်ဖီတိုက်တယ်"

"ဟဲ့. . . "

"ဟုတ်တယ် အန်တီဇင်ဇင်ရဲ့ ဖေဖေကလည်း ဦးဦးလိုပဲ [illegible]သောက်



www.burmeseclassic.com

www.burmeseclassic.com

ချင်ဘူးဆိုရဲ မေမေက အန်တီဇင့်လိုပဲ ဂျတ်တိုက်တာပဲ"

"ကြည့်စမ်း"

သီတာဇင်၏ မျက်နှာကလေးတစ်ခုလုံး ဟင်္သပဒါးခဲလို ရဲ၍ သွားရလေတော့သတည်း။

တင်မောင်မောင်က အလိုက်သိစွာ ကော်ဖီကို အမြန်မော့၍ နေရာမှ ထလိုက်သည်။

"ကျနော် သွားတော့မယ် မမသီ"

"အို. . အကျႌဝတ်လိုက်ဦးလေ"

"ဝတ်လို့မဖြစ်ဘူး မမသီ။ ချွေးစိုတာနဲ့ တင်ချာတွေပါပေကုန်မှာ"

"ဪ. . ရုံးကို စွပ်ကျယ်နဲ့သွားရမယ်လို့။ နေဦး မမသီ ပတ်တီး ရှာကြည့်ဦးမယ်"

သူသည် ပြေး၍ တက်သွားရပြန်သည်။

"အရေးထဲမှာ ပတ်တီးတွေ ရှာမတွေ့ဘူး ရှိတော့ရှိတယ်။ ကေခိုင် ဘယ်ထားခဲ့မှန်းမသိဘူး။ ရော့. . လက်ကိုင်ပုဝါလေး အပေါ်ကအုပ်စီး လိုက်မယ်နော်"

သူသည် မရဲတရဲနှင့်ပင် သူ့လက်မောင်း အဖုအဖုကို တယုတယ စည်းပေးနေရပေတော့သည်။

လက်ကိုင်ပုဝါကလေးကို စည်းရင်းက သီတာဇင်သည် မရဲတရဲနဲ့ မော့၍ကြည့်လိုက်မိသည်။

ထိုအခါ တင်မောင်မောင်၏ မျက်လုံးအစုံကလည်း သူ့မျက်နှာကို စိုက်ကြည့်နေခိုက်မို့ မျက်စေ့လေးလုံး ဆုံမိကြလေတော့သတည်း။

သို့တစေ တင်မောင်မောင့် မျက်လုံးများသည် ကလိန်းကလက်ပုံမျိုး မဟုတ်ပဲ အလေးအနက် ပုံသဏ္ဌာန်နှင့် စူးစိုက်ကြည့်နေခြင်းမို့ သီတာဇင့် ရင်ထဲတွင် တစ်ခါမျှ မဖြစ်ပေါ်ဘူးသော လှုပ်ရှားမှုတစ်ရပ်သည် သိမ့်ခနဲ





ခံစားလိုက်ရသည်။

မျက်တောင်ကို စိုက်ဝဲပစ်လိုက်သော်လည်း သူ့မျက်နှာကို ပြန်လည်၍ ကြည့်ချင်နေသည်။

"ဘုရား. . ဘုရား. . ငါဆရာမ မည်သို့ဖြစ်ရလေသနည်း။ အံ့ကူ ကလေးအသက်ကို ကယ်ဆယ်လို့ ငါသိပ်ကျေးဇူးတင်နေမိတာတော့ ထား ပါတော့။ ဒါပေမဲ့ ငါ. . ငါစိတ်ဟာ သူ့အပေါ်မှာ သာယာသွားသလား။ ကြည်နူးနေမိသလား။ သူ့မျက်လုံးတွေဟာ နူးနူးညွှတ်ညွှတ်နဲ့ ငါ့ရင်ထဲကို လှူးလှိမ့်ပြီး ဝင်သွားသလိုပဲ"

တဆက်တည်းပင် သူ့မွေးစားမေမေ၏ မှာကြားချက်များကို ချက်ခြင်း ကြားယောင်သွားရသည်။

"ဟုတ်တယ်. . . ဟုတ်တယ်. . . မေမေ နိုင်ငံခြားကို မသွားခင်က မှာခဲ့တယ်မဟုတ်လား။ ကိုယ်အားကိုးရမည့်ယောကျ်ားဟာ ကိုယ့်ထက် အလိမ္မာသာရမယ်။ ကိုယ့်ထက်အရွယ်လည်းသာရမယ်။ ပညာလည်း သာ ရမယ်။ ဂုဏ်သိက္ခာ သမာဓိလည်း သာရမယ်တဲ့။ ဒီလိုလူမျိုးသာဖြစ်ခဲ့ရင် လွတ်လွတ်လပ်လပ် ရွေးချယ်ပေတော့လို့ ပြောခဲ့ဖူးတယ် မဟုတ်လား"

အတွေး၏အဆုံးဝယ် သူ့မျက်လုံးသည် မာနရည်များဆီသို့ ဝင်း လက်ချီတက်သွားရသည်။ အပျိုကလေးဟူသောအသိမှ ဆရာမကြီးဟူ သော အသိသို့ တမုဟုတ်ခြင်း ပြင်းပြင်းထန်ထန်ခုန်ပေါက်၍ သတိထား လိုက်ရလေတော့သတည်း။

ချက်ခြင်းပင် မျက်နှာတင်းသွားရသော သီတာဇင်ကို တင်မောင်မောင်သည် မချိပြုံးလေးပြုံး၍ ကြည့်လိုက်ရင်း. . .

"မမသီကို သိပ်အားနာတာပဲဗျာ။ ကျွန်တော့်မှာ အခွင့်အရေး ယူချင်တဲ့စိတ် နည်းနည်းမှမရှိရိုး အမှန်ပါ။ ကျွန်တော်သွားတော့မယ်"

သူက ချာကနဲလှည့်၍ ထွက်ခွာသွားစဉ် အံ့ကူသည် အပြေးက



www.burmeseclassic.com

www.burmeseclassic.com



လေးလိုက်၍ လက်ကိုဆွဲထားရင်း. . .

ဦးဦးက အန့်တီဇင်ဇင်ကို မနမ်းဘူးလား။ ဖေဖေကတော့ မေမေ့ကို ရုံးသွားခါနီးရင် အဲ့လိုအဲ့လိုပဲနမ်းတယ်"

"ဟောဗျ. . . အံ့ကူ. . . မင်းဆိုးလှချည်လားကွ။ သွား. . . သွား. . . အန့်တီဇင်ကို နောက် ဒီလိုရှက်စရာစကားတွေ မပြောတော့ပါဘူးလို့ တောင်းပန်လိုက်"

"ဟုတ်ကဲ့"

တင်မောင်မောင်ကား သီတာဇင်ကို ထပ်မံ၍မကြည့်ရဲတော့ချေ။ တချိုးတည်း လစ်လေတော့သတည်း။

◆



BURMESE CLASSIC .com

၁၈

ဗိုလ်ကြီး မြကေခိုင် စီးနင်းလိုက်ပါသော ဖော့ကာ လေယာဉ်ပျံကြီးသည် တိမ်ညွှန့်တိမ်ဆိုင်များကို ရှပ်တိုက်၍ ရခိုင်ရိုးမတောင်စဉ် စိမ်းညို့ညို့ဆီသို့ ဦးတည်ဖြတ်သန်းလျက်ရှိပေသည်။

"ဦးမင်းသက်နိုင်က စာအုပ်တွေ အပို့ခိုင်းလိုက်ပါတယ်ရှင်"

လေယာဉ်မယ်ကလေးသည် လိုက်(ဖ) မဂ္ဂဇင်းနှင့် နယူး(စ)ဝိ(ခ) စာအုပ်များလာ၍ ပေးသွားပြန်သည်။

"ဦးမင်းသက်နိုင်က ဆားငံသီးအချို အပို့ခိုင်းလိုက်ပါတယ်ရှင်"

လေယာဉ်မယ် စတိုင်ကျကျကလေးမသည် မင်းသက်နိုင် စေလွှတ်နေသမျှ ခဏခဏထွက်၍ လာရရှာသည်။

"ဘယ့်နှယ်လဲ ဒေါ်ကေခိုင်။ နေလို့ ထိုင်လို့ အဆင်ပြေပါတယ်နော်။ မူးတတ်သလား"

သူကိုယ်တိုင်ထွက်လာပြန်၍ ပိုင်းလော့တစ်ဦး၏ မိတ်ဆွေအဖြစ် လိုက်ပါလာရသော မြကေခိုင်ကို အခြားခရီးသည်များသည် အားကျသယောင်ယောင် လှမ်း၍လှမ်း၍ ကြည့်ကြသည်။ ဂုဏ်ရှိလှသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမူးတတ်ပါဘူး နေကောင်းပါတယ်။ ဒါပေမဲ့ လေယာဉ်ပျံက ရိုပ်ခနဲတက်တက်သွားတာ လန့်လန့်သွားတာပဲရှင်"

"ဟုတ်တယ် ဒေါ်ကေခိုင် ကျောက်ဖြူကျ နည်းနည်းတောင် စက်ပြင်ကြလိမ့်မယ်"

"ဟိုမှာ ကျောက်ဖြူကို မြင်နေရပြီနော်"

ပင်လယ်ကမ်းခြေတွင် သင်္ဘောကြီးများ ဆိုက်ကပ်၍ပျော်မြူး စဖွယ် လှမ်း၍ မြင်နေရပေသည်။

"ဟုတ်တယ်။ အခုပဲဆင်းတော့မယ်လေ"

"အို. . ဦးသက်နိုင်မမောင်းဘူးလား"

"အဆင်းနဲ့အတက်မှာ ကက်ပတိန်မောင်းတယ် ဒေါ်ကေခိုင်ရဲ့။ ခဏနော်"

မင်းသက်နိုင်သည် နောက်ဆုံးခုံတွင် ထိုင်နေသော မြကေခိုင်အား စကားထွက်၍ပြောပြီး အရှေ့ခန်းသို့ပြန်လည်လျှောက်ဝင်သွားသည်။ လေယာဉ်မယ်က ခါးပတ် ပတ်ရန်သတိပေးနေသည်။

လေယာဉ်ကြီးကား ကျောက်ဖြူလေယာဉ်ကွင်းသို့ ဆင်းလေပြီ။

"ဒေါ်ကေခိုင် ဟိုမှာ ကိုစံလှရဲ့ ဂျစ်ကားတော့ လှမ်းမြင်တာပဲ။ မြို့ထဲ တစ်ပတ်လျှောက်ပြမယ်လေ။ နှစ်နာရီကျော်ကျော် အလကား ပျင်းနေမှာပဲဗျာ"

"ကျမ ပစ္စည်းတွေက ချလို့မရဘူးရှင့်"

"ဒါတော့. . ကိုယ်နဲ့မကွာ တကောက်ကောက် သယ်ရမှာပေါ့ဗျာ"

"ဟောဒီမှာ ကိုစံလှ။ ဒါ ရန်ကုန်စစ်ရုံးကြီးက ဗိုလ်ကြီး မြကေခိုင်ပါ"

"ဩော်. . တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ။ ကျနော်လည်း ကြည့်နေတာခင်ဗျ။ လေယာဉ်လှေကားက ဆင်းလာတော့ ကိုမင်းသက်နိုင် နဲ့ ရှေ့သွားနောက်လိုက် သိပ်ညီတာပဲခင်ဗျာ ဟဲ. . . ဟဲ. . ."





"ဟိတ်. . ကိုစံလှ. . . ဘာတွေ ပြောနေတာလဲ။ ဗိုလ်ကြီးက (on Duty) နဲ့ စစ်တွေသွားမှာဗျ"

"အာ. . အဲ. . . အဲ. . . ဆောရီးဗျာ. . . ဆောရီး. . ကျနော်တို့ရဲ့ ချောမစွံလူပျိုကြီး စွံသချင်နေတာမို့ပါ။ နောက်ပြီး ကိုယ့်ယူနီဖောင်းနဲ့ကိုယ် ဆင်းလာကြပုံတော့ လှတာအမှန်ပဲကိုးခင်ဗျ"

"အဟင်း. . ခု ရှင်တို့ဦးသက်နိုင် စွံခါနီးပါပြီရှင့်။ ကျမတို့က ကြား ကနာမည်ပျက်နေပါဦးမယ်"

"ဟုတ်လား. . ဩော်. . . ဩော်. . . ကောင်းပါလေ့ခင်ဗျာ။ ကျနော် စောစောက ပြောင်မိနောက်မိတာ စိတ်မရှိပါနဲ့နော်။ ဗိုလ်ကြီးကို အားနာလိုက်တာဗျာ"

"ဘုန်းကြီးခေါင်းခေါက်ပြီးမှ ကန်တော့ပါရဲ့ လုပ်မနေနဲ့။ ဒေါ်မြကေခိုင် ကို တစ်ခုခုကျွေးချင်တယ်ဗျာ။ ပြီးတော့ အချိန်ကလေးလုပြီး မြို့ကို နည်းနည်းပါးပါး လျှောက်ပြချင်တယ်"

"ဗိုလ်ကြီး အရင်ကမရောက်ဖူးဘူးထင်တယ်"

"ဟုတ်ကဲ့ ဒီဘက်တော့မရောက်ဖူးသေးဘူး"

"ဒါဖြင့်ဒီလိုလုပ် ကိုမင်းသက်နိုင် မြို့ထဲကို တစ်ပတ်လျှောက် မောင်းပြလိုက်လေ။ ပြီးတော့ ကျောက်တစ်လုံးဘုရားသွားကြပေါ့။ အဲဒီမှာ ရွှေယဉ်နုတို့ ပျော်ပွဲစားသွားကြတယ်။ ခင်ဗျားတို့ကို တစ်ခုခုကျွေးမှာပဲ"

"နို့. . . ခင်ဗျားကကော"

"ကျွန်တော်က ပစ္စည်းတွေလက်ခံပြီး ရုံးပို့ရဦးမှာလေ။ ကားယူသွား ပါဗျ"

"ခင်ဗျားကားက စိတ်ချရရဲ့လားဗျာ။ ကျွန်တော်တို့က နာရီဝက် စောပြီး ရောက်ရမှာနော်"

"ရောက်ပါတယ်ဗျာ။ ခု စကားပြောနေတာက အချိန်ကုန်သေး တယ်။ သွားကြ. . . သွားကြ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဦးစံလှက စေတနာ ရေစီးကမ်းပြိုနှင့် တွန်းလွှတ်နေသော်လည်း ဦးစံလှရှေ့တွင် ကားပေါ်သို့ တက်မည်လုပ်ပြီးမှ. . .

"မသွားတော့ပါဘူးရှင်။ ဟို. . သူများခရီးသည်တွေနည်းတူ စောင့်လိုက်ပါတော့မယ်"

"ဟောဗျာ ဘာဖြစ်လို့လဲ။ ကျွန်တော့်ကိုမယုံလို့လားခင်ဗျာ"

ဟု ပြာပြာသလဲမေးလိုက်သည်။

"အို. . ဦးသက်နိုင်ကို ယုံပါတယ်။ မသီတာကို ချစ်နေတဲ့ လူတစ်ယောက်ဆိုတော့ ပိုယုံပါတယ်"

"ကဲ. . ဒါဖြင့်လည်း တက်လေ"

"တာဝန်နဲ့လာတဲ့လူတစ်ယောက်ဆိုတော့ အပိုအခရီးမသွားချင်လို့ပါ ဦးသက်နိုင်"

"ဘာလဲ ကွက်ရှင်ပေပါတွေ ပျောက်မှာစိုးလို့လား။ ကျွန်တော်အသက်နဲ့လဲပြီး ကာကွယ်မယ်။ မြို့တစ်ပတ်တော့ လိုက်ကြည့်ပါဗျာ။ ကျွန်တော်နဲ့ တစ်ခရီးတည်းဆုံတုန်း ဧည့်ဝတ်ပြုရတာပါ။ ကျွန်တော်ကတော့ ဒေါ်ကေခိုင်တို့ အိမ်မှာ စားလားသောက်လားနဲ့ မဟုတ်လားဗျာ"

"ကျွန်မတစ်ယောက်တည်းက ကျွေးရတာမဟုတ်ပါဘူးရှင်။ ကဲ. . . ဒါလောက်ခေါ်တော့လည်း အားနာနာနဲ့ လိုက်ရသေးတာပေါ့ရှင်"

ဂျစ်ကားလေးသည် မြူးကြွစွာ လေယာဉ်ကွင်းမှ ကွေ့၍ ထွက်ခဲ့သည်။

"ရှေ့ကထိုင်ရောပေါ့ဗျာ"

"မလုပ်ပါနဲ့ရှင် တော်ကြာ စောစောကဦးစံလှလိုပုဂ္ဂိုလ်မျိုးနဲ့တွေ့နေလို့ ကင်ပွန်းတပ်ခံနေရပါဦးမယ်"

မင်းသက်နိုင်သည် တစ်ခုခုကိုပြန်၍ပြောချင်သော်လည်း အားနာသဖြင့် မပြောတော့ချေ။ မြို့ထဲသို့ တစ်ပတ်ပတ်၍ ဆေးရုံ၊ ရဲဌာန၊ ဈေးသဘော်ဆိပ်၊ ဆရာဖြစ်သင် ကောလိပ်ကျောင်း၊ ဥပစာကောလိပ်ကျောင်း





အစရှိသဖြင့် တစ်ခုစီ လက်ညှိုးညွှန်၍ပြရင်း မြို့အနောက်ဘက် ၃ မိုင်ခန့်ဝေးသော ကျောက်တစ်လုံးဘုရားသို့ ရောက်ခဲ့ကြသည်။

"ထူးဆန်းလို့ တမင်ခေါ်ခဲ့တာပါဗျာ။ ကြည့်စမ်း ဒါကျောက်ကြီးတစ်လုံးတည်းကို ကျောက်တစ်လုံးဘုရားကော။ ဘုံဆောင်ပြဿဒ်ကော၊ လိုဏ်ဂူရော၊ တခါတည်းရောပြီး ဆောက်ထားတာ ဒေါ်ကေခိုင်။ ရှေးကရခိုင်ဗိသုကာတွေ လက်ရာဘယ်လောက်ချီးကျူးစရာကောင်းသလဲဟင်"

"ဟုတ်ပါရဲ့နော်. . . ဆန်းကျယ်လိုက်တာ။ ဦးသက်နိုင် ဖွတ်လိုက်ပို့တာနဲ့ မြင်ဖူးရတာ ရှင်ရေ။ ကျွန်မသဘောဖြင့် ရောက်မှာမဟုတ်ဘူး"

"ကဲ ရောက်တောင့်ရောက်ခဲ ဘုရားကန်တော့ပါဦးဗျာ။ နောက်တစ်ခေါက်လည်း ကိုယ့်ချစ်သူနဲ့ထပ်ပြီး လာနိုင်ပါစေလို့ ဆုတောင်းခဲ့ပေါ့ဗျာ"

"ဦးသက်နိုင်ရေ ဟိုမွန်မကြီးပြောသလိုပဲ အပျိုဘဝကို တကယ်ကြိုက်လို့ တကယ်နေတာပါရှင် စိတ်ကူးယဉ်စရာမလိုတော့ပါဘူး"

"ဟာ အဲလိုတော့ အပျိုကြီးဘဝနဲ့ အရိုးမထုတ်ပါနဲ့ဗျာ"

"ဘာဖြစ်လို့လဲရှင့်"

"နှမြောလို့ပါဗျာ ဒေါ်ကေခိုင်က လှတယ်မဟုတ်လား"

"တော်စမ်းပါရှင် ဖင်ဖင်ပြန်ကြားလို့ အထင်မှားစရာတွေတော့ မပြောနဲ့နော်။ ဟော ဟိုမှာအမျိုးသမီးတစ်ဦးပါလား"

"ဩော်. . . ရွှေယဉ်နုတို့ပါလား။ ကျွန်တော်တို့ကို ဘာကျွေးမှာလဲဗျ။ ကိုစံလှက လွှတ်လိုက်တာ"

"လာပါရှင့် လာကြပါ။ ကျွန်မလည်းကြည့်နေပါတယ်။ ကျွန်မတို့ပျော်ပွဲစားထွက်လာကြတာလေ။ ကိုစံလှက လေယာဉ်ပျံဆိုက်ချိန်အမှီပြန်ပြေးရတာပါ"

ကျောက်ပြားကြီးပေါ်တွင် ကော်ဇောများခင်း၍ သူတို့အဖွဲ့လူငယ်ယောက်ခန့်က ဆီးကြိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com

မင်းသက်နိုင်က သူတို့အထင်မလွဲမီ အားလုံးနှင့် မိတ်ဆက်ပေးလိုက်သည်။ ရခိုင်လက်သုပ်စုံများ ကျွေးမွေးဧည့်ခံကြသည်။ ဆာသလိုလိုရှိနိုက်မို့ စားကောင်းလှသော်လည်း မုန့်ညင်းဆီနှင့်ချက်၍ တမျိုးဖြစ်နေသည်။

စားပြီးလျှင် ပန်းဆိုင်းများ၊ ဘီလူးရုပ်များ၊ နတ်ရုပ်အစရှိသော ရှေးရခိုင်လက်ရာကောင်းများကိုကြည့်၍ ခပ်သုတ်သုတ်ပြန်ခဲ့ကြရသည်။

"ရှေ့မှာထိုင်ပါဗျာ။ ကျွန်တော် ဇင်ဇင်အကြောင်းမေးချင်လို့ပါ"

"အို နောက်မှာပဲ ထိုင်ပါရစေ။ မေးလေ ဇင့်ဇင့်အကြောင်း"

"ဪ ထူးထူးထွေထွေတော့မဟုတ်ပါဘူး။ ဒေါ်ကေခိုင်သိသမျှ သူ့အကြောင်းပေါ့ဗျာ"

"ဪ ဒါလား ဇင့်ဇင့်မိဘအရင်းက တွင်းစားဦးမောင်မောင်ဇင်နဲ့ ဒေါ်သီတာနဲ့။ ဒါကြောင့် သူ့နာမည် သီတာဇင်လို့ မှည့်ထားတာနေမှာပေါ့ရှင်။ ဇင်ဇင်ငယ်ငယ်ကတည်းက သူ့အမေဆုံးတော့ ဦးမောင်မောင်ဇင်နဲ့မကမွေးစားပြီး ရန်ကင်းတိုက်တွေ မဆောက်ခင်ကတည်းက ကျောက်ကုန်းရောက်လာတာလေ။ ဇင်ဇင့်ဦးလေးက ပထမအတွင်းဝန်ပါ။ (နိုင်ငံခြားရေးရုံး) ကဆိုတော့ အရင်ကတော့ မော်စကိုမှာပါ ခုတော့ ပဲရစ်(စ) ရောက်နေကြပါပြီ"

"ဪ. . ဪ. . "

"ဘာပဲဖြစ်ဖြစ်လေ ဇင်ဇင်ကိုရတဲ့လူတော့ အမွေနှစ်မွေရဖို့သေချာနေတာ ဦးသက်နိုင်ရဲ့။ ဦးသက်နိုင်ကြီး ကံကောင်းဦးမှာပေါ့လေ"

"ဒေါ်ကေခိုင်ရယ် ကျွန်တော်တို့တတွေဟာ အမွေကိုမျှော်ကိုးတဲ့ခေတ်မှာ လူဖြစ်ရတာမဟုတ်ဘူးဆိုတာတော့ နားလည်စေချင်ပါတယ်ဗျာ"

"ဟုတ်ပါတယ်လေ. . ဇင်ဇင့်မှာ ကိုယ်ပိုင်ပစ္စည်း၊ ရုပ်ဆင်းရူပကာရှိတယ်။ ပညာလည်းရှိတယ်ဆိုတော့ ပစ္စည်းလည်းမလိုတော့ပါဘူး"

"အဟင်း. . ဒေါ်ကေခိုင်က စကားကိုအဓိပ္ပာယ်နဲ့တော်တော်ပြောတတ်တယ်ဗျာ။ ဒါပေမဲ့ ကျွန်တော်မချေပတော့ပါဘူးဗျာ"





"ခင်ဗျားတို့မြန်တယ်ဗျို့။ လေယာဉ်ပျံထွက်ဖို့ (၄၅) မိနစ်တောင်လိုသေးတယ်"

ယူဘီအေအရာရှိ ဦးစံလှက ပြုံးပြုံးချိုချို ဆီးကြိုလိုက်လေတော့သတည်း။

◆

www.burmeseclassic.com

## ၁၉

ယခုတလော ဒေါ်ငွေးငွေး၏အစ်မ အုံကူတို့အမေနေမကောင်း၍ ဒေါ်ငွေးငွေးတစ်ယောက် ဇာတ်တိုက်မလာနိုင်တော့ပေ။ သူ့အစား အခြား တစ်ယောက် လူစားထဲ့ပါရန် မေတ္တာရပ်ခံစာတစ်စောင် ဦးလေးခင်ထံ ပို့လိုက်သဖြင့် ဦးလေးခင်ကလည်း အလိုက်သိစွာ လူစားရှာလိုက်သည်။

ရန်ကင်းလူထုပညာသည် ပေါင်းစုံတို့၏စေတနာဖြင့် အစီအစဉ် များ များပြားလာရ၍ ကျောင်းရှေ့ကွင်းကြီးကို စည်းဝိုင်းကြိုးတား၍ ကုလားထိုင်များ သေချာခင်းပေး၍ ကုလားထိုင်နှင့်ထိုင်သူ၊ စည်းဝိုင်း အတွင်းသို့ ဝင်သူများကို တစ်ယောက်ငါးမူးနှင့်လက်မှတ်များရောင်းချရန် စီမံကြသည်။ ၎င်းရရှိသည့်ငွေများကို ရန်ကင်းအမှတ် (၄) ဒေသစိတ် အတွင်း အကျိုးရှိရာရှိကြောင်း တစ်ခုခုပြုလုပ်ကြမည်ဟု နောက်ဆုံး ဆုံး ဖြတ်ထားကြလေသည်။

ဇန္နဝါရီလ (၃) ရက်နေ့ ရန်ကင်းမြို့ လွတ်လပ်ရေးပွဲတော်ကား ညနေစောင်းစကပင် တခဲနက်သော လူထုကြီးသည် ကြောက်ခမန်း လန့်ခမန်းရောက်ရှိနေကြပေတော့၏။ ရပ်ကြည့်မည့် အလကားသမားမပါ





ကလေးများကစ၍ လက်မှတ်များအလုအယက်ဝယ်ကြသည်။ တချို့များ ငါးမူးတန် အစောင်နှစ်ဆယ်၊ တစောင် နှစ်ကျပ်ပေးမည်ဟူ၍ပင် အရပ် အသီးသီးမှ လာရောက်ဝယ်ယူကြသည်။

သို့သော်လက်မှတ်ရော ကုလားထိုင်ပါ လုံးဝကုန်ဆုံးသွားပြီဖြစ်ရ ကား အားလုံးတောင်းပန်၍ လွှတ်ကြရသည်။

"ကေခိုင်ရေ. . . ကျွန်မတော့ ရန်ကင်းက ကလေးတွေရှေ့မှာ ကခုန်ပြရမှာ သိပ်ရှက်တာဘဲရှင်ရယ်"

အကသင်ဆရာက ပါးရဲရဲဆိုးခဲ့ရမည်ဆို၍ သူ့ပါးမို့မို့ကို အရောင် တင်နေရပေသည်။

"ကေခိုင်လည်း ရှက်တာပါဘဲကွာ၊ ကိုယ်တို့စစ်ရုံးက ဗိုလ်ကြီးတွေ ကိုက ဒီရန်ကင်းမှာ အများကြီးရှိတာကွ"

ထိုအခိုက်အိမ်ရှေ့မှ မင်းသက်နိုင်၏ ကားဟွန်းသံကြားရ၍

"လာပြီ . . . လာပြီ . . ."

ဟု ကေခိုင်က ပြုံးစစကလေး ပြော လိုက်သည်။

"ကေခိုင်နော် . . . လာပြီ လာပြီဆိုတဲ့ စကားလေးလုံးကို ပြုံးပြော တာနဲ့ ကြွေနဲ့ပြောတာ အဓိပ္ပါယ်အများကြီး ကွာတယ်သိလား . . ."

"ဘာတွေများ သိထားနေကြတာလဲ၊ ဟာ . . . တယ်ချောတဲ့ ပြည်ထောင်စုတိုင်းရင်းသူတွေပါကလားခင်ဗျာ . . ."

မင်းသက်နိုင်သည် တကယ်ပင်အားမနာတမ်း သူတို့နှစ်ဦးကို ခြေဆုံးခေါင်းဆုံးကြည့်နေသဖြင့် နှစ်ယောက်သားမနေတတ် မထိုင်တတ် ဖြစ်သွားကြရသည်။

"ဦးသက်နိုင်ကြီးက စောစောမှမလာတာ . . . လက်မှတ်တွေ ကုန်ပြီရှင့်"

"အင်း . . . အရံသင့်တယ်လို့ပဲ ဆိုရမှာပေါ့ခင်ဗျာ၊ ဟိုမှာလည်း ညစာစားပွဲက မသွားမဖြစ်နဲ့ ကြုံနေရတော့ နာတာဘဲဗျာ၊ ကရင်မလေး တွေ ကချင်မလေးတွေ မကြည့်ရတော့ဘူးပေါ့ ခင်ဗျာ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ဦးသက်နိုင်ကြီးက ဒင်နာတော့သွားပြီး ကျွန်မတို့ ရန်ကင်းပွဲတော့ လာမကြည့်တာ အထင်မကြီးဘူးပေါ့လေ"

ကေခိုင်က သူဝတ်ဆင်ထားသော ဂျပ်ခုတ်ထမိန်ကို ဆွဲလှည့်ရင်း မေးလိုက်သည်။

"အမယ်လေး . . . ဒီလိုမပြောပါနဲ့ဗျာ။ ရန်ကင်းသူတွေကို အထင်ကြီးပြီးရင်း ကြီးရရင်းမို့ ခက်နေပါတယ်။ အဟွန်း . . . ဇင်ဇင်တို့ ကြည့်ပါလား။ ကျွန်တော့်ကိုများ ရောက်ကတည်းက စကားတစ်လုံးမှ မပြောဘူး"

သင်တိုင်းဖဲအနက်၊ လက်မောင်းအိုးဝင်းတစ်တစ်ကလေးတွင် ပါးမို့မို့ကို ရဲရဲနီအောင်ဆိုးထား၍ သီတာဇင်ကရှက်၍ စကားမပြောခြင်းကို ခနဲ့လိုက်သဖြင့် . . .

"ကျွန်မကတော့ စကားပြောလည်း အေးအေးဆေးဆေးပါပဲ၊ အတွေးအခေါ်တွေကိုလည်း လေယာဉ်ပျံနှုန်းနဲ့ မတွေးတတ်ပါဘူးရှင်။ ဒီနေရာမှာ ဆရာမနဲ့ လေယာဉ်မှူးတို့ရဲ့ ကွာခြားချက်ပါပဲ"

သီတာဇင်က အမိပ္ပါယ်နှင့် ပြောလိုက်ခြင်းဖြစ်သည်။

"ဩော် . . . ဩော် . . . အဲဒါ ဇင်ဇင်အထင်လွဲနေတာခင်ဗျ၊ ကျွန်တော်ဟာ စဉ်းစားတတ်လွန်းလို့ အသက် ၃၀ နှစ်အထိ လူပျိုကြီးဖြစ်နေတာပေါ့ခင်ဗျာ"

"ဩော် . . . ရှင်တို့ကလည်း ကျွန်မကို ငုတ်တုတ်ထားပြီး ပဟေဠိစကားတွေပြောနေကြတာကိုး"

"အမေးရှိတော့လည်း ဖြေမိသွားရတာပေါ့ ဒေါ်ကေခိုင်ရယ် . . . ကျွန်တော့်ကို ခွင့်ပြုပါအုံး"

မင်းသက်နိုင်သည် ထမင်းစားဝတ်စုံနှင့်မို့ နဂိုရှိသော ရုပ်ထက်ပိုမို လှပနေရပေသည်။ သူနာရီကလေးကို တစ်ချက်ကြည့်၍ ခေါင်းကလေးဆတ်၍ နှုတ်ဆက်ဟန်ပြုလိုက်သဖြင့် . . .





"ပွဲမကြည့်ဘဲနဲ့များ အချိန်ကုန်အောင်ရှင် . . . နက်ဖန်မှ အေးအေးဆေးဆေး လာရောပေါ့"

"မဟုတ်သေးဘူးလေ . . . ကျွန်တော် ကရင်မလေးတွေ ကချင်မလေးတွေ ဘယ်လောက်လှတယ်ဆိုတာရယ် သူတို့နဲ့ တွဲကရမဲ့ ကရင်ကြီးနဲ့ ကချင်ကြီးတို့ ဘယ်လောက်ကကောင်းကြမယ်ဆိုတာရယ်၊ လာပြီးသားရေကျရုံပေါ့ခင်ဗျာ"

"သွား . . . သွား . . . တော်တော်ဆိုးတဲ့ ဦးသက်နိုင်ကြီး၊ ဒီက အကောင်းမှတ်လို့ နားထောင်နေပါတယ်"

"ဟော . . . မောင်မောင်ပါလား၊ ဘာလဲ ဦးလေးခင်ကြီးက အခေါ်လွှတ်ပလား . . ."

"ဟုတ်ကဲ့ မမသီ . . . နံပါတ်လေး အစီအစဉ်မှာ ထွက်ရမှာဆိုတော့ စောစောကြွခဲ့ကြပါတဲ့"

မင်းသက်နိုင်သည် ပြန်အုံ့ဆဲဆဲမှ တင်မောင်မောင်ကို မသိမသာ လှမ်း၍ကြည့်လိုက်သည်။

"ဒါ . . . ကျွန်မတို့ ရန်ကင်းက ဂျူဒိုဆရာ ကိုတင်မောင်မောင်ပါ"

သီတာဇင်သည် ဘာကြောင့်မှန်းမသိ နှုတ်ကထွက်သွားရသည်။

"သူက လေယာဉ်မှူး ဦးမင်းသက်နိုင်တဲ့မောင်မောင်"

"ဩော် . . . တွေ့ရတာဝမ်းသာပါတယ်ခင်ဗျာ"

မင်းသက်နိုင်သည် အကဲခတ်သော အပြုံးအသွင်နှင့် သူ့လက်ကို ကမ်းလင့်၍ပေးလိုက်ရင်းက ဗလထယ်ထယ်နှင့် အလှကြွယ်သော ဤလူငယ်ကို စိတ်ဝင်စား၍ သွားရလေတော့သတည်း။

"ကျွန်တော့်ကိုခွင့်ပြုပါအုံး ကိုတင်မောင်မောင်"

မိတ်ဆွေသစ်တစ်ယောက်အတွက် ချစ်ခင်နှစ်လိုဘွယ်သော အသံနှင့် နူးညံ့ဖွာပြုံးရင်းမြရင်း ကားဆီသို့ ထွက်ခွာသွားလေတော့၏။

"မောင်မောင် . . . ကားပါတယ်နော်၊ မမသီတို့တော့ ဖြေးဖြေး သူ့



www.burmeseclassic.com

www.burmeseclassic.com

အစ်မအိမ် သုံးရက်လောက်သွားအိပ်တာ . . . ခြေစကြာကို ပြတ်သွားတာပဲ'

"ဟုတ်တယ် . . . ဟုတ်တယ် . . . ဒီပုံ ဒီပန်းနဲ့တော့ ခြေလျင်မလျှောက်ရဘူးနော် ခွေးတစီစီ ကလေးတသီသီနေမှာ"

"ပါပါတယ် မမကေခိုင်ရဲ့၊ ကဲ . . . အိမ်တံခါးတွေ ကျွန်တော်ကူပိတ်မယ်နော်၊ မမသီယူစရာရှိတာတွေယူနှင့်"

မောင်မောင်သည် လွန်စွာအလိုက်သိတတ်သူပီပီ သူပါကူညီသိမ်းဆည်းခဲ့ပြီး ကေခိုင်လက်ထဲမှအိတ်နှင့် သီတာဇင်၏လက်ထဲမှအိတ်တို့ကို ကားပေါ်သို့ဆွဲယူတင်ပြီးလေပြီ။

"ဒီဦးမင်းသက်နိုင်ဆိုတဲ့လူက မမသီတို့တိုက် ခဏခဏလာတယ်နော်" ကေခိုင်ကားနားသို့မရောက်မီ မေးလိုက်သဖြင့် သီတာဇင်က တမင်တကာပင်

"ဟုတ်တယ် မောင်မောင် . . . ဦးသက်နိုင်ကတော့ ဖေဖေတို့နဲ့ မိတ်ဟောင်းဆွေဟောင်းတွေ ဖြစ်နေတော့လည်း အားရင် ဒီမှာပဲ များတာပါပဲကွယ်"

ဟူ၍ ပိုပိုသဲသဲလေး ဖြေလိုက်သည်။

"ဩော် . . ."

"ဟောတော့ . . . လင့်ရှိဘာကြီးကို . . . တက်လေ . . . မသီတာ . . ."

သူအရင်တက်ရန် အိမ်ထဲမှ ပြေးထွက်လာသော ကေခိုင့်အသံသည် စွာညည်လေး အမိန့်ပေးနေ၍ ကားနားတွင်မတက်လိုသေးဘဲ ယောင်လည်လည်ရပ်နေသော သီတာဇင်သည် စိတ်မပါ့တပါတက်လိုက်ရသည်။ မောင်မောင်သည် မိမိနှင့်တွဲယှဉ်၍ အနေကြပ်နေရှာသော သူ့မမသီကို အားနာသွားရရှာလေတော့သတည်း။

ရန်ကင်းလမ်းမကြီးတွင် ပွဲဈေးတန်းများ၊ ပွဲကြည့်မုန့်စားပရိသတ်များသည် ကြိတ်ကြိတ်တိုး၍နေပေသည်။





"ကားမှ သွားလို့ရပါ့မလားကွယ်"

"ကျွန်တော်လာတုံးက ဒီလောက်မများသေးဘူးဗျာ . . . ခုတော့ အရမ်းများလာတာပဲ"

မောင်မောင်သည် ကားလေးကိုရပ်၍ပင် စောင့်နေရသည်။ သူ့မမသီထံမှ မွှေးချိုချိုအနံ့များသည် သူ့နှာခေါင်းထဲမှတဆင့် ရင်ထဲသို့ တိုးဝှေ့ဝင်သွားကြသည်။

ရပ်ရွာအကျိုး သယ်ပိုးနေတဲ့အချိန်မှာ ဒီလိုသာယာတဲ့စိတ်နဲ့ အမြတ်ထုတ်တာ မကောင်းပါဘူး တင်မောင်မောင်ရယ်၊ သူ့အသိစိတ်ကလေးသည် တဖက်က ဆုံးမရင်းကပင်

'အို . . . ဒီမမသီကို ငါ စပြီးမြင်ဖူးကတည်းက စိတ်ဝင်စားရုံမကပါဘူး၊ သူ့မျက်နှာနဲ့သူ ကိုယ်လုံးလေးကို ငါစွဲခဲ့ရတယ်မဟုတ်လား၊ ချစ်နေတယ်ဆိုရင်ကော၊ ပြီးတော့ ဦးလေးခင်က ပြောထားတယ်မဟုတ်လား၊ ဒီပဒေသာ ကပွဲအတွင်းမှာ မောင်နှမအရင်းတွေလို ဆက်ဆံကြပါတဲ့ . . . အဲဒါငါ့လိုစိတ်ထားမမှန်တဲ့ လူတွေကို တည့်တည့်ဆုံးမတာ နေမှာပဲ၊ ဟုတ်တယ် ဟုတ်တယ် . . . ငါဟာအခြေအနေကို အခွင့်အရေးယူတဲ့ လူမဖြစ်ရဘူး'

တင်မောင်မောင်သည် မိတ်ကပ်အလှဆုံး ချယ်၍ ပါးရဲရဲ လက်မောင်းပြတ်အကျႌကလေးနှင့် သူ့မမသီနှင့် ယှဉ်တွဲထိကွေ့၍ ကားအတူစီးလာ၍ စိတ်များအရမ်းလွတ်သွားရာမှ တဖန်ပြန်လည် စုစည်းထားလိုက်ရပေတော့၏။

ဇာတ်ခုံပေါ်အတက်တွင်လည်း ခြေချစရာမရှိသော လူအုပ်ကို ရှေ့မှခေါင်းဆောင်၍ တိုးဝှေ့ရှင်းလင်းကာ ခေါ်လာရသည်။ တချီတချီ သီတာဇင့်လက်ကလေးများသည် ချောင်ရတိမ်းရလွန်း၍ တင်မောင်မောင် လက်မောင်းသို့အားပြုလိုက်ရသည်။ ယောင်ရမ်း၍လည်း ကိုင်မိသည်။ အဘယ်ကြောင့်ဆိုသော် သူ့နောက်မှမြကေခိုင်က သီတာဇင်ကို မိန်းမချင်း



www.burmeseclassic.com

www.burmeseclassic.com

အားပါးတရအားပြု၍ ကိုင်တွယ်တိုးဝှေ့လိုက်တိုင်း သီတာဇင်ခမြာ အရှိန်လွန်၍သွားရပြန်သည်။

ဇာတ်ခုံပေါ်အတက်တွင် တော်သည်မတော်သည် တွေးချိန်မရတော့ပေ၊ သီတာဇင်ရော မြကေခိုင်ပါလက်ဆွဲ၍ တင်ပေးလိုက်ရပေတော့၏။

"အမလေး ဦးလေးခင်ရေ . . . နောက်တစ်ခါသာ ဒီလူအုပ်မျိုးတိုးရရင်တော့ မြကေခိုင်အတွက် (သူနာပြု) အင်းပြူလင့်(စ်) ကားခေါ်ရလိမ့်မယ်"

"ဟုတ်ပါရဲ့ဗျာ . . . ကျုပ်တို့ဆရာမတွေ အားနာစရာကောင်းလိုက်တာ၊ ဒီလိုမှန်းသိ စောင့်ချင်စောင့်ရပါစေ။ အစောကြီးခေါ်ထားမှာပေါ့ဗျာ"

ဇာတ်ခုံနောက်တွင် အမျိုးသမီးသပ်သပ်၊ အမျိုးသားသပ်သပ်မှ လွတ်လပ်စွာ စောင့်ဆိုင်းပြင်ဆင်ကြရသည်။ ကန့်လန့်ကာရှေ့တွင် ဒိုးပတ်ဝိုင်းလည်း လမိုင်းကပ်၍ နေပေပြီ။ ဇာတ်စင်ကြီးပါ ကြွမြူးလာမတတ် ဆိုသူ၊ တီးသူ၊ ကသူများပါ အသက်ပါလွန်းနေကြသည်။

မြကေခိုင်သည် မနေနိုင်တော့ဘဲ ကာလသားကြားမှာ ကြည့်ရန် သီတာဇင်အား လက်တို့၍ခေါ်ခဲ့သည်။

"ဟော . . . ဗိုလ်ကြီးမမနဲ့ ဆရာမကြီးတို့ဂိုးခင်ဗျာ၊ ရန်ကင်းမှာတော့ ဟော်လေးတကျိုး မြှော်ကိုးစောင့်စားနေရပါတယ် ခင်ဗျာ"

ဒေါင်ကောင်းကောင်း ဗလထယ်ထယ် မျက်မှန်အိပ်ကွင်းကျယ်ကျယ်နှင့် အသားညိုဝင်းဝင်း ပဥ္စင်းထွက်စ ဆံပင်နက်နက် ဦးရေစိမ်းစိမ်းမှ ရှန်းကန်ထွက်ရင်း ဘိုကေလည်းမဟုတ် ကတုံးဆံတောက်လည်းမကျဘဲ မြီးလည်းမခေါ် ပုံစံဖက်ရှင်တမျိုးဖြင့် လက်ကိုအမြိုက်သားမိုက်၍ ရပ်နေသော စာရေးဆရာ (မြလွင်ကလေး) ကဆီး၍ ပဋိသန္ထာရစကားဖြင့် နှုတ်ဆက်လိုက်သဖြင့် သီတာဇင်မှာ စိုးရိမ်သွားရပုံနှင့် . . .





"ဟာ . . . ဘယ်လိုဟော်လေးတကျိုးလဲ . . . ပြောစမ်းပါအုံး . . . ဆရာရယ် ကျွန်မတို့က ရပ်ရွာအကျိုးမို့လို့သာ ကလေးကလားထွက်က,ရမှာ၊ သေချင်လောက်အောင် ရှက်နေရတဲ့ အထဲမှာရှင်"

"မသေချင်ကြပါနဲ့အုံးဗျာ၊ သည်တစ်နေမဝင်ခင်ကတည်းက ပရိသတ်ခမျာ လည်ပင်းသစ်ကုလားအုပ်ဖြစ်ပြီး တငုတ်တုတ်တုတ် စောင့်နေကြရှာတာဗျာ၊ ဒါနဲ့ . . . ခင်ဗျားတို့အဖွဲ့ထဲက ဝဝလှလှနဲ့ . . . ဟို မမရောခင်ဗျား၊ ဒေါက်တာထွန်းထွန်းဆိုလား . . ."

"ဒေါက်တာငွေးငွေးပါရှင် . . . ဟာသ, စာရေးဆရာကြီးကလည်း ဟာသပဲပြောချင်နေတာပဲ"

"ဟော . . . စာရေးဆရာဦးမြလွင်ကလေးက ရန်ကင်းမြို့တော်အကြောင်းပြောကြားပါတော့မယ်ခင်ဗျာ။ ဦးမြလွင် ကလေးကြွပါ" ဟူသော ကြော်ငြာသံကြောင့် မိမိတို့နှင့် အေးအေးဆေးဆေး စကားပြောနေသော ဦးမြလွင်လေးသည် သူ့အစီအစဉ်အရ စင်ရှေ့သို့ ထွက်ရန်စောင့်နေကြောင်း ယခုမှ သူတို့နှစ်ယောက် သိရှိသွားရလေတော့၏။

"အဟမ်း . . . "

ဒေါင်ကောင်းသလောက် ချောင်းဟန့်သံသည် ဟန်ပါကာ မျက်စေ့အဆုံး ပရိသတ်အပေါ်မှ ဖြောင်းကနဲလွှမ်းခြုံသွားရ သည်။

"ရဟန်းသံဃာတော်များနှင့်တကွ မြတ်နိုးလေးစားအပ်ပါသော ရန်ကင်းလူထုကြီးခင်ဗျား၊ ကျွန်တော်ပြောမှာက ရန်ကင်းမြို့တော်အကြောင်းဆိုတော့ ဘာများပြောစရာရှိလို့လဲလို့ အံ့သြကောင်း အံ့သြကြပါလိမ့်မယ်"

"အမှန်တော့ခင်ဗျား လုပ်သားခေတ်မှာ ရန်ကင်းမြို့တော်လောက် ရေးပါအရာရောက်တဲ့ဒေသမျိုး ခပ်ရှားရှားလို့ဆိုရပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံအတွက် အဘက်ဘက်မှ စွမ်းဆောင်သည်ပိုး

www.burmeseclassic.com

www.burmeseclassic.com



နေကြတဲ့ အတတ်ပညာရှင်၊ အသိပညာရှင်ပေါင်းများစွာတို့ မှီတင်းနေထိုင်ကြတဲ့ ရပ်ကွက်ဖြစ်လို့ပါပဲ။

မြန်မာနိုင်ငံဟာ ဗြိတိသျှနယ်ချဲ့လက်အောက်မှာ နှစ်ပေါင်းတစ်ရာကျော် ကျွန်နိုင်ငံအဖြစ် နေခဲ့ရပါတယ်။ ကိုယ်ပိုင်လွတ်လပ်ရေးရရှိဖို့အတွက် မြန်မာအမျိုးသားတွေရဲ့ ချွေးတွေသွေးတွေနဲ့ စတေးပြီးမှ လွတ်လပ်ရေးဆိုတာကို ခဲတောင်ခဲယဉ်းရခဲ့ခြင်းပါခင်ဗျာ။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ ၁၉၄၇ ခု၊ ဇန္နဝါရီလ ၄ ရက်နေ့မှာ အချုပ်အခြာအာဏာပိုင်က ကင်းလွတ်ပြီး လွတ်လပ်ရေးဆိုတာ ရခဲ့ပါတယ်ခင်ဗျာ။

လွတ်လပ်ရေးရခဲ့ပေမဲ့လည်း စစ်ဒဏ် နယ်ချဲ့ဒဏ် ပြည်တွင်းစစ်ဒဏ်ကြောင့် အဆောက်အဦတွေဟာ ပျက်စီးယိုယွင်းခဲ့ရပါတယ်။ ဟောင်းနွမ်းဆွေးမြေ့နေတာတွေလည်း များပါတယ်။ ဆလာမီအပျောက် စပေါ်တစ်နှစ်တွက်၊ ၆ လတွက်ဆိုတဲ့ အမြတ်ကြီးစားအိမ်ခန်း ငှားပြီးနေကြရတဲ့ စနစ်ဆိုးတွေဟာ လခလေးအတော်အသင့်ရကြတဲ့ လုပ်သားပြည်သူများအဖို့ မရှုမလှရင်ဆိုင်ကြရပါတယ်ခင်ဗျာ။

ဒါကြောင့် ၁၉၅၂-၅၃ ခုနှစ် လွတ်လပ်ရေးရပြီး ငါးနှစ်အကြာမှာ သည်လုပ်သားပြည်သူများအတွက် အိမ်လခသက်သာချောင်ချိရမယ်၊ အဆင့်အတန်းမှီရမယ်၊ မီးထင်းစိတ်ချရတဲ့ တိုက်ခန်းများဖြစ်ရမယ် အစရှိတဲ့ ရည်ရွယ်ချက်နဲ့ ဒီရန်ကင်းမြို့တော်ကြီးကို ၁၉၅၂-၅၃ ခုနှစ်မှာ တိုက်ခန်းပေါင်း (၅၈၄) ခန်းကို စတင်ပြီးတည်ဆောက်ခဲ့ပါတယ်၊ ယနေ့ဆိုရင် ပြည်သူ့အိုးအိမ်ဆောက်လုပ်ရေးဌာနမှ နှစ်စဉ် ဆောက်လုပ်ပေးခဲ့သမျှနှင့် တိုးပွားခဲ့သမျှတိုက်များမှာ တိုက်ခန်းပေါင်း (၂၂၀၀) ခန့်ဆောက်လုပ်ပြီးစီးခဲ့ပါပြီ ခင်ဗျာ။

တခါကခြုံနွယ်ပိတ်ပေါင်းတို့နှင့် တောအတိ ဖြစ်ခဲ့တဲ့ ရန်ကင်းမြေသည် ယနေ့တိုက်သစ်များဖြင့် ဝေဝေဆာဆာနေခဲ့ရပါပြီ။ ဘဝဘဝကချမ်းသာသော ရေစက်ကြောင့် စုပေါင်းနေထိုင်ကြတဲ့ ရန်ကင်းမိသားစုပွဲတော်





ဟာ ဘယ်၍ဘယ်မျှ စည်းလုံးညီညွတ်ကြောင်း ကျွန်တော့်အနေနဲ့ မကြွားလိုတော့ပါ၊ လက်တွေ့သာ ရှုစားကြပါတော့ခင်ဗျာ"

ဟောပြောခန်းပြီးသော် ဗိုလ်ကြီးမြကေခိုင်တို့ ပြည်ထောင်စု ယိမ်းထွက်ရန် အသင့်ဖြစ်နေရသည်။

"မောင်မောင် . . . မမသီတော့ သိပ်ကြောက်တာပဲ လက်ဖျားတွေကို အေးစက်နေတာဘဲ"

ကန့်လန့်ကာကြား မှောင်ဝါးဝါးတွင် သူ့မမသီပြောပုံကလေးကို မောင်မောင်သည် တကယ်သနား၍ သွားရမိသည်။

'မမသီလက်တွေ နွေးသွားအောင် ကျွန်တော်ဆုပ်ထားပေးမယ်လေ' ဟု ပြောလိုက်ချင်လှပါသည်။ ယုယပေးချင်လှပါသည်။ သို့သော် အားနာင်လေးစားသော စိတ်များဖြင့် လက်မောင်းပြတ်နှင့် ကရင်မ,တုကလေးကို ရဲရဲမျှမကြည့်ရဲပါချေ။

"စောစောက ဦးမြလွင်ကလေးထွက်သွားပုံ အတုခိုးပါမမသီရဲ့၊ စင်မြင့်ပေါ်မှာ ရှက်ကိုးရှက်ကန်းဖြစ်တာ အရုပ်ဆိုးဆုံးပဲ၊ စိတ်ရဲရဲထားနော်၊ ဟော . . . မမကေခိုင်တို့ထွက်သွားပြီ . . .၊ နားထောင်စမ်း မမသီ၊ သီချင်းဆို ပုံသိပ်ရဲတာဘဲ။ ကျွန်တော်တို့ မမကေခိုင်ကြီးက ဘယ်ဆိုးလို့တုန်း"

မှန်သည်။ မြကေခိုင်သည် သရုပ်ဆောင်ရမှုတော့ မထူးတော့။ ပထမတန်းဖြစ်ရန်သာ ကြိုးစားတော့မည်ဟု ဆုံးဖြတ်လိုက်သောအခါ သူ့အသံသည် စာစာလွင်လွင်ကလေး ထွက်ပေါ်လာပေတော့သတည်း။

"တော်ရာအိုင်မွန်း ×× ဖောင်း ××ရှာနီ ××အဲ . . . မိုင်+ခန့်မုံ့ဒန်းခဲ-ရာ-ဆိုက် ××လော့။ ရော့×ရာဆိုင်၊ ရှာကွတ်××ရာဆိုင်၊ ယူ့(ပ)တော်×ငါနာတယ် (န) အင် . . . ရိုင်း×ဆိုင်း×လော'

"တို့တတွေ နိုးကြားဖို့အချိန်တန်ပြီ" ဟူသော ကချင်သီချင်းသံ



www.burmeseclassic.com

www.burmeseclassic.com



လေးသည့် မောင်းသံပုလွေသံကြားဝယ် နားစွဲစချင့်ဖွယ်ရှိရသည်နှင့်အမျှ လက်ခုပ်သံများ ဖြောင်းဖြောင်းညံနေပေတော့၏။

"မမသီ . . . ကျွန်တော်တို့ ထွက်ရတော့မယ်၊ ကြောက်သေးလား ဟင် . . . စိတ်ရဲရဲထားနော်"

သူ့လက်ကလေးကို တစမ်းစမ်း တဆုပ်ဆုပ်နှင့် ဖြစ်နေသော သီတာဇင်အား တင်မောင်မောင်သည် အားပေးစကားတတွတ်တွတ် ပြောရင်းက မကြာခဏ သူ့ကရင်မလေးကို အကဲခတ်ရသည့်ကလည်း အမောကကောပင်တည်း။

သူတို့နှစ်ဦးကရင်ဒိုးသံဆင့်လိုက်၍ ကန့်လန့်ကာရှေ့သို့ထွက်လာစဉ် ဒေါ်ဌေးဌေးအစား ချင်းမလေးပြုလုပ်ရမည့် စာရေးမလေးသည် ချင်းတေးသံကို ဌာန်ကရိုဏ်းကျကျ ထပ်ခါခါရွတ်ဆိုကြည့်ရင်း ကျန်ခဲ့လေတော့သတည်း။

"ဟော×ရွှေဗျိုင်း××ဖော်×ရွှေဗျိုင်းရှေ့မှာဖော်×ခေါ်×ချွန်း-နှား လူထုလှည့်လာ×လှည့်လည်ဗျား။ ဟော×မုနိုင်ရှော်×မုနိုင်ရှော်×"

"ဟယ် . . . ဆရာမသီတာဇင် . . . သီတာဇင်၊ လှလိုက်တာ ဟယ်။ ပါးလေးကလဲရဲလို့၊ ခေါင်းစီးပုဝါအဖြူကလေးနဲ့၊ သင်တိုင်းအနက်ကလေးနဲ့၊ တကယ့်ကရင်မလေးလိုပဲနော်"

"ဟိုတ် . . . ကိုယ်တို့ တင်မောင်မောင်ကလည်း အနိုမ့်ပါလား ခင်ဗျာ၊ ကိုလူ့ပျို့ချောကလေးနဲ့ တဖုံထဲဗျ"

သီတာဇင်သည် မရဲတရဲနှင့် မျက်လုံးလေးများ ရှမ်း၍ကြည့်လိုက်ရာ မဲမဲလှုပ်နေသော ပွဲကြည့်ပရိသတ်ကြီးကြောင့် တုန်၍သွားရရှာသည်။

"မမသီ . . . အကွက်ညီတယ်ဗျ၊ ရဲရဲက . . . ရဲရဲက၊ ဟုတ်ပြီ"

ဆိုင်းသံတွေကြားမှ တင်မောင်မောင်သည် တတွတ်တွတ်အားပေးနေပေသည်။

နောက်တစ်ချီအကွက်သည် တင်မောင်မောင်က သူ့လက်ကိုသိုင်းဝင် တွဲနှောင်လိုက်သဖြင့် သူ့မျက်လုံးများသည် ပြာဝေ၍သွားရသည်။





သို့သော် ကောင်းရမည်။ တို့ရန်ကင်းပွဲတော်သည် လူတိုင်း၏ ချီးမွမ်းခြင်းခံယူရမည်။ ယုတ္တိရှိရမည်။ ယိမ်းညီရမည်။ သဘောကျရမည် ဟူသော နှိုးဆော်မှုများကြောင့် ခြေမြှောက်၊ လက်မြှောက် နှေးကွေးသွားရသမျှစိတ်ကိုသွက်သွက်ထား၍ အားရပါးရ မြှောက်လိုက်လေတော့၏။

"ဆရာမ . . . ရီပါဗျ၊ ပြုံးပြုံးရွှင်ရွှင်ကပါ"

ကန့်လန့်ကာကြားမှ ဆရာသမားကလည်းရီ၍ က,ရန် ဟန်အမူအရာလုပ်ပြနေသဖြင့် သီတာဇင်မှာ အားရပါးရကလေးရီ၍၊ အားရပါးတရကလေး လက်လွှဲခြေမြှောက် ပြုလုပ်လိုက်သောအခါ လက်ခုပ်သံများ တဖြောင်းဖြောင်းနှင့် ညံသွားရလေတော့၏။

သတင်းထောက်များသည်လည်း ရိုက်ကွက်ကောင်းကောင်းလေးရ၍ သွားကြလေတော့သတည်း။

"ဆရာမ×ဆရာမ××ကရင်မလေး အလွန်လှ ×× ကျုန်တော်တို့ ဆရာမ×"

ရှစ်တန်း ကိုးတန်း ကျောင်းသားကလေးတစ်ယောက် နှစ်ယောက် ကစ၍ ဆိုလိုက်သဖြင့် အားလုံးကလေးအုပ်ကြီးသည် တဝေါဝေါ လိုက်ဆိုကြသည်။ တသောသောနှင့်လည်း ရယ်မောကြသည်။

အမှန်စင်စစ် အလွန်လှသော သီတာဇင်သည် စင်မြင့်ပေါ်သို့ တက်၍ ကြွားပြလိုက်သကဲ့သို့ အလွန်လှသော ကရင်မလေးအဖြစ် စွဲလန်းသွားကြလေတော့သတည်း။

"မမသီက ကြောင်လက်သဲဝှက် လုပ်နေရတာကိုးဗျ၊ ကြည့်စမ်းတကယ် က,တော့မှ သိပ်လည်းကောင်း သိပ်လည်းလှတာပဲဗျာ"

သူ့ခေါင်းပေါင်းကို ချွတ်ရင်းက တင်မောင်မောင်သည် ချီးကျူးလိုက်သဖြင့် . . .

"ချီးမွမ်းမနေပါနဲ့ မောင်မောင်ရယ် . . . စင်မြင့်ပေါ်က ၁၀ မိနစ်ကို မမသီသေပစ်လိုက်ချင်တယ် သိလား . . . ဒီလောက်ရှက်တာ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျ . . . ကျွန်တော်ကတော့ စင်မြင့်ပေါ်က ၁၂ မိနစ်ကို အမြန်သိန်းသန်းကုဋေလောက် ပုံကြီးချဲ့ပြီး အချိန်ဆွဲလိုက်ချင်တယ် မမသီရယ်"

ဒီတစ်ခါတော့ သူသည် မရဲတရဲမဟုတ်တော့ချေ။ သူ့ရင်ထဲမှ အစိုင်အခဲပေါင်းများစွာထဲမှ အခဲကလေးတစ်ခဲကိုတော့ ဇွတ်တရွတ်ပင် ထုတ်ဖော်မိသွားရသည်။ သီတာဇင်က မျက်နှာတင်းသွားပြီး တစုံတရာကို တစ်ခုခုပြောမည်ပြုနေစဉ် မြကေခိုင် အနားရောက်လာ၍ မပြောဖြစ်တော့ချေ။

"မောင်မောင်ရေ . . . မမတို့ကြည့်ချင်သေးတယ်လေ . . . ကုလားထိုင် လုပ်ပေးအုံးလေ"

"မမကေခိုင်က အပြောနောက်ကျနေပြီ . . . အဲဒီကပ်လိပ်ကြီးတွေနောက်မှာ ကျွန်တော် ကုလားထိုင်နှစ်လုံး ဖွက်ထားတယ် ကြည့်လေ"

"ဟယ် . . . ဟုတ်ပါရဲ့၊ မောင်မောင်လေးက လိမ်မာတာ . . . ဒါကြောင့် မသီတာကချစ်နေတာနဲ့ တူပါတယ်"

"အို . . . ကြည့်စမ်း . . . ကြည့်စမ်း မိကေခိုင်"

သီတာဇင်သည် ရှက်လွန်းသဖြင့် သူ့ခေါင်းလေးသည် ချာလပတ်လည်၍ သွားရလေတော့သတည်း။

မြကေခိုင်သည် စစ်ဗိုလ်မပီပီ ဟန်အမူအရာသွက်သည်။ စကားသွက်သည်။ ပြောသင့်မပြောသင့် သိပ်မစဉ်းစားပေ။ သို့သော် သူ့ဟန်ကလေးကြောင့်လားမသိ၊ မည်သည့်စကားမျိုးဖြစ်စေ အားလုံးက ခွင့်လွှတ်ရသည်။

ယခုလည်း သီတာဇင်ခမျာ မသက်မသာ ခံလိုက်ရရှာလေပြီတည်း။ ထို့ကြောင့် မောင်မောင့်ကို မကြည့်ရဲဘဲ၊ အဝတ်အစားလဲရန် အမျိုးသမီးဆောင်ဘက်သို့ ဝင်ခဲ့လေတော့၏။

"လုပ် . . . လုပ် . . . အဲဒီကရင်ဝတ်စုံတွေ အမြန်ခေါက်ထည့်၊





ရှေ့မှာ အငြိမ့်ထွက်နေပြီ၊ တိုက်ငါးလုံးတန်းက ကလေးတွေမဆိုးဘူးဆရာ၊ သိပ်ရယ်ရတာပဲ"

မြကေခိုင်က လောနေ၍ သီတာဇင်သည် ကမန်းကတန်းလိုက်၍ လာခဲ့ရလေတော့၏။

"လာလာ . . . မမသီတို့ . . . ဒီမှာ ကုလားထိုင်ခင်းထားတယ်"

မိတ်ကပ်တွေ အဖွေးသားနှင့်မို့ လူတွေကဝိုင်းကြည့်နေ၍ နှစ်ဦးသား မြန်မြန်ကလေးဝင်၍ ထိုက်လိုက်ရသည်။

"မမသီ . . . ကျွန်တော်တို့ ဂျူဒိုကြည့်ပြီးမှ ပြန်နော်"

တင်မောင်မောင်သည် ထိုသို့ပြော၍ ဇာတ်စင်နောက်သို့ ဝင်ပြေးလေတော့၏။ အငြိမ့်ပြီးသော် ရန်ကင်းခြင်းလုံးအဖွဲ့၏ ခြင်းအလှခတ်ကို သပ်သပ်ယပ်ယပ်နှင့် အကွက်ပေါင်းများစွာကို ပြသအသုံးတော်ခံ၍ သွားလေတော့၏။

ဆက်လက်၍ စန္ဒကိန္နရီတေးသရုပ်ဖော်အခန်းကို ခင်သွဲ့အောင်နှင့် ရန်ကင်းမှ ကျောင်းသားကလေးတစ်ဦးတို့ သရုပ်ဆောင်ပြရာ သီတာဇင်မှာ များစွာသဘောကျသွားရ၍ . . .

"ကေခိုင်ရေ . . . ခင်သွဲ့အောင်ကလေးက လှတယ်နော်"

ဟု ပြောလိုက်စဉ် . . .

"အဟင်း . . . ဆရာမက ကိုယ့်ရန်ကင်းသူအချင်းချင်း အမွှန်းတင်နေတာကိုးဗျ"

သူ့ကုလားထိုင်နောက်မှ ယောက်ျားသံကြီးတခုကြားရ၍ ဖျပ်ကနဲလှည့်ကြည့်လိုက်ရာ သူမြင်ဖူးသလိုလိုရှိသော လူတစ်ယောက်ဖြစ်နေသည်။

"ဩော် . . . ဆရာမ၊ ကျွန်တော့်ကို မမှတ်မိဘူးထင်တယ်၊ ခင်သွဲ့အောင်နဲ့ တစ်ခါပါလာတဲ့ ဘလှကြည်ပါ"

"ဩော် . . ."



www.burmeseclassic.com

www.burmeseclassic.com



သီတာဇင်က မပွင့်တပွင့်ဆို၍ မျက်နှာတင်းတင်းထား၍ ရှေ့သို့ လှည့်ထားလိုက်သည်။

'ဘယ်လိုလူပါလိမ့်၊ သိလည်းမသိဘဲနဲ့' မလိုတမာ တွေးရင်းက ဇာတ်ခုံကိုသာ မဲ၍ကြည့်နေလိုက်သည်။

ရန်ကင်းမြို့တော်ကြီးမှ အနုပညာသည်ပေါင်းစုံတို့သည် ကိုယ့်တာဝန်နှင့်ကိုယ် တစ်တွဲဝင်တစ်သုတ်တက်နှင့် တစ်ချက်ကလေးမှ ပျင်းရိစရာမတွေ့ရဘဲ အစီအစဉ်ပေါင်း များစွာကိုတစ်သုတ်ပြီးတစ်သုတ် ကြည့်ရှုကြရသည်။ အကွက်စေ့စေ့ ပြသသွားသည်။

မကြာမီ တင်မောင်မောင် ဦးဆောင်သော လူငယ်ကလေးရှစ်ဦးတို့သည် မြက်ဖျာများပေါ်တွင် ပုဆစ်တုတ်ထိုင်နည်းတို့ဖြင့် ကန့်လန့်ကာ အဖွင့်တွင် စိတ်ဝင်စားစဖွယ် ထွက်ပေါ်လာရလေသည်။

ဂျူဒိုကီခေါ် ဂျပန်ကီမိုနိုအင်္ကျီ၊ ရှမ်းဘောင်းဘီအပွ အဖြူဝတ်စုံတွင် ခါးစည်းအနက်ကို ဆင်တူဝတ်ဆင်ထား၍လည်း အမြင်ကပင် တက်ကြွစဖွယ်ရှိချေသည်။

တစ်ဘက်လေးယောက်စီ တညီတည်းထိုင်နေရာမှ၊ အလယ်တည့်တည့်မှ ဂျူဒိုတင်မောင်မောင်သည် ပုဆစ်တုတ်၍ ထိုင်နေရာမှ ဖြတ်လတ်စွာ ထ၍ စင်မြင့်ရှေ့သို့ နူးညံ့စွာ လျှောက်၍လာသည်။

ဂျူဒိုဆရာမှစ၍ အပျော်တမ်း ဂျူဒိုသင်တန်းသားများသည် (Crew Cut) က ဂူးကတ်ခေါ် သဘော်သားပုံ၊ ကတုံးဆံတောက်သာသာပုံများဖြင့် တညီတည်း လတ်ဆတ်ရှင်းလင်းနေရပေသည်။

တင်မောင်မောင်သည် ပရိသတ်ကို တည်ငြိမ်လေးနက်စွာ ရဲရဲဝံ့ဝံ့ တချက်ကြည့်လိုက်ပြီးမှ . . .

"ကျွန်တော်တို့ ရန်ကင်းပွဲတော်ကြီးကို တစ်ခဲနက်လာရောက်အားပေးကြတဲ့ လုပ်သားပြည်သူအပေါင်းတို့ခင်ဗျား . . .

ကျွန်တော်တို့ ရန်ကင်းလူငယ် အပျော်တမ်း ဂျူဒိုပညာများကို





မပြခင်၊ ဂျူဒိုပညာနှင့် မြန်မာ့လူငယ်ဆိုတဲ့ အကြောင်းကိုအနည်းငယ် အစီရင်ခံခွင့်ပြုပါ" ဟု အစချီလျှက် ဂျပန်အမျိုးသားများအနေနှင့် အခြားလူမျိုးများက လူပုလူညှက်ကလေးများဟု နှိမ့်ချခေါ်ဆိုကြသည်ကို မခံမရပ်နိုင်သဖြင့် လူမျိုးဖွံ့ဖြိုးထွားကျိုင်းရေးအတွက်၊ ဂျူဒို၊ အိုက်ကီဒို၊ ကင်ဒို၊ ခရာတေး အစရှိသည်များကို ကိုယ်ခံပညာအနေမျှသာမဟုတ်ဘဲ၊ အမျိုးသားအားကစားတစ်ရပ်အနေဖြင့် သတ်မှတ်ပြီး တစ်မျိုးသားလုံး ငယ်ရွယ်စဉ်မှစ၍ လိုက်စားလေ့ကျင့်လာခဲ့ကြကြောင်း၊ အထက်တန်းကျောင်းများတွင်ဆိုလျှင် ဂျူဒိုနှင့်ကင်ဒိုခေါ်သည့် ဓါးသိုင်းပညာများကို သင်ယူကြစေကြောင်း၊ သို့ဖြစ်၍ယခုဆိုလျှင် ဂျပန်အမျိုးသားများသည် ကိုယ်ကာယထွားကြိုင်း သန်စွမ်းလာကြရုံမျှသာမကဘဲ ကြံ့ခိုင်သော စိတ်ဓါတ်နှင့်တကွ အသိပညာဉာဏ်များပါ ထက်မြက်လာကြသည့် အားလျော်စွာ စီးပွားရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးစားတီထွင်လုပ်ကိုင်လာကြကြောင်း၊ သို့ဖြင့် စစ်ပြီးခေတ် ဂျပန်ပြည်သည် ကြောက်ခမန်းလိလိ တိုးတက်ကြီးပွားလာရကြောင်း၊ ယနေ့ကမ္ဘာအရပ်ရပ်မှ လူများအထင်ကြီးသုံးစွဲနေကြသော ဂျပန်လုပ် ထရန်စစ္စတာ၊ ကင်မရာ၊ ရက်ကော့ချိန်ချာများသည် ဂျပန်ပြည်တွင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း အသေးအမွှားကလေးများသာဖြစ်ကြောင်း၊ သူတို့တတွေ ခုလိုတီထွင် ကြံဆလာတတ်ကြခြင်းများသည် ဂျူဒို၊ အိုက်ကီဒို၊ ခရာတေးဆိုသည့် ထက်မြက်လျှပ်ရှားမှု ပညာတွေကမဏ္ဍာမ အရင်းခံလာခြင်းဖြစ်ကြောင်းများကို စိတ်ဝင်စားဖွယ် ရှင်းလင်းပြောပြလေသည်။

တင်မောင်မောင်သည် လူငယ်တစ်ဦးမျှဖြစ်၍ စကားပြောမကောင်းလှသော်လည်း သူပြောသကဲ့သို့ပင် ဂျူဒိုပညာများတတ်မြောက်ထားခဲ့၍လားမသိ၊ အပြောခန့်သည်၊ ဟန်အမူအရာ ပေါ့ပါးဟန်ထည့်သည်။ စင်မြင့်အောက်မှ နားဆင်ရသူများအတွက် အထင်ကြီးစဖွယ် နှစ်လိုဖွယ်ဂုဏ်တို့သည် သူ့တွင်အလိုလိုကြွယ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com

သီတာဇင်သည် တင်မောင်မောင်၏ ဂျူဒိုပညာများ အကြောင်း ပြောရင်းက အံ့ကူကလေး မော်တော်ကားအောက်သို့ ရောက်သွားအံ့ဆဲဆဲမှ လျှပ်တပြက်ပြေးလိုမ့်၍ ကယ်တင်ပုံကို ကြောက်ခမန်းလိလိ မြင်ယောင်လာရလေသည်။

'သူပြောပုံနဲ့ သူ့လက်တွေ့လုပ်ပုံကတော့ ကိုက်ညီသားပဲလေ. . .' ဟု တွေးရင်းမှ တင်မောင်မောင်သည် ကောင်လေးကို အထင်ကြီးစိတ်များဝင်၍ လာရသည်။

တင်မောင်မောင်၏ စကားသံသည် စိတ်ပါလက်ပါနှင့် ဆက်ပြန်သည်။

'ဒီပညာသင်ရုံနဲ့ ဘာလို့များ လူတော်လူကောင်းကလေးတွေ ဖြစ်လာရသလဲဆိုတော့ခင်ဗျား၊ ဂျူဒိုတို့ အိုက်ကီဒိုတို့ ဆိုတဲ့ပညာတွေ သင်ပြီလားဆိုမှဖြင့်ရင် ထိုင်တာလမ်းလျှောက်တာ၊ လက်ဟန်လွှဲတာက အစ သိပ်ပြီးစနစ်ကျရပါတယ်။ သိပ်ပြီးတော့ စည်းကမ်းရှိသေကြရလို့ပါပဲ ခင်ဗျာ။

ဒီပညာလိုက်စားမှုကြောင့် မိန်းကလေးတွေကို လမ်းသူရဲဆံဆံ လိုက်ပြီး ပြောတာတို့ နောက်တာတို့ မရှိတော့ပါဘူးခင်ဗျာ။ စိတ်ဓါတ်ဟာ ကြံ့ခိုင်လာတယ်၊ ပိုပြီးကြင်နာတတ်လာတယ်၊ ပိုပြီးစာနာတတ်လာတယ်၊ မျက်နှာ ပုံ ပြောင်ချော်ချော် လုပ်ချင်တာတွေလည်း မရှိတော့ပါဘူးခင်ဗျာ။ လူတွေကို ယဉ်ယဉ်ကျေးကျေးဆက်ဆံချင်လာတယ်။

မြန်မာပြည်က မြန်မာလူငယ်ကလေးတွေကိုလည်း အဲဒီလိုကြံ့ခိုင်ဖွံ့ဖြိုးလာစေချင်လှတဲ့ဆန္ဒနဲ့ ယခုလို ကျွန်တော်တတ်သမျှကလေးကို စေတနာ့ဝန်ထမ်း ဖြန့်ဖြူးခဲ့ခြင်းဖြစ်ပါတယ်ခင်ဗျား။

ကဲ . . . ကျွန်တော့် တပည့်ကျော်ကြီးများလည်း စောင့်ရတာ ဒူးပွန်းလှပါပြီခင်ဗျာ။ ဒီတော့ ကျွန်တော်သင်ကြား ပြသထားခဲ့တဲ့ အထဲက ၁၆ မျိုးပြသပါမယ်၊ ပထမ (၈) မျိုးပြသပြီး ကျွန်တော်ဒီပညာများ တတ်မြောက်လာရပုံကို တင်ပြပါအုံးမယ်ခင်ဗျာ'





"အလကား ကိုယ်ရည်သွေးတာနဲ့ အချိန်ကုန်တာပဲ၊ ပြမှာဖြင့်ပြတာ မဟုတ်ဘူး . . ."

သီတာဇင်၏ ကုလားထိုင်နောက်မှ ဘလှကြည်၏အသံ ထွက်လာ၍ သီတာဇင်သည် ဖျပ်ကနဲလှည့်ကြည့်မိသည်. သူသည် ဘာကြောင့်များ ဤသို့ မခံနိုင်ပုံကလေးနှင့် ကြည့်လိုက်မိမှန်းလည်း မသိချေ။

"အဟင်း . . . အဟင်း . . . မဟုတ်ဘူးလား ဆရာမရယ်၊ ပရိသတ်က ပြကွက်ကြည့်ချင်တာ စကားနားထောင်ချင်တာမှ မဟုတ်တာ"

သီတာဇင်သည် မျက်မှောင်ကလေးကုတ်၍ တစ်ခုခုကို ပြန်ပြောမည်လုပ်နေစဉ်၊ ဘလှကြည်၏ ကုလားထိုင်အနားမှ အသက်ငါးဆယ်ခန့် ရည်ရည်မွန်မွန်လူကြီးတစ်ဦးက . . .

"မောင်ရင်ကလည်း လူငယ်မဟုတ်သလိုပဲကိုး။ ဒီသူငယ်ပြောသွားတဲ့စကားက သာမညမဟုတ်ဘူးကွ . . . မြန်မာလူငယ်တွေ ရှင်သန်ကိုးတက်ရေးကွဲ့၊ ဗမာလူမျိုး အညွန့်တက်နည်းကွ"

ဟူ၍ အားရပါးရဝင်၍ ပြောလိုက်မှ ဘလှကြည်သည် တစ်ချီတည်းငြိမ်၍ သွားရလေတော့သတည်း။

"သတိနဲ့နေပါ . . ."

တင်မောင်မောင်၏ အမိန့်သံအဆုံးဝယ် လူငယ်ရှစ်ဦးလည်း နှစ်ယောက်တတွဲ မျက်နှာချင်းဆိုင်လိုက်ကြလေတော့သည်။ တင်မောင်မောင်သည် ရင်ကိုပင့်၍တောင့်တင်းစွာရပ်၍ . . .

'ဟိဇဂုရမ . . .' ဟု အမိန့်ပေးလိုက်သောအခါ ညာဘက်မှ လူများသည် သူတို့နှင့်မျက်နှာချင်းဆိုင်မှ လူများကိုဗိုင်းကနဲလဲကျသွားအောင် ဒူးကန်၍ ဆွဲပေါက်ချလိုက်သည်။

'အူကီငိုးရှိ . . .'

ဒုတိယအကြိမ် တင်မောင်မောင့်အသံ ထွက်ပေါ်လာသောအခါ



www.burmeseclassic.com

www.burmeseclassic.com

ဘယ်တန်းမှလူများသည် တဘက်လူကို ခါးစောင်းတင်၍ ပေါက်ချလိုက်ရာ၊ ဝုံးကနဲကျအသွားတွင် 'ဟာကနဲ' ပရိသတ်များ ဖြစ်သွားရသည်။

ထိုနည်းတူ 'ဆီအိုးအိုနားဝှဲ' 'အိုင်းရှိ' စသည်ဖြင့် ဆက်လက်အမိန့်ပေးသံနောက်ဝယ်၊ တင်မောင်မောင်၏ တပည့်များသည် တစ်ယောက်ကို တစ်ယောက် ပုခုံးထမ်းနည်းဖြင့်ရင်း၊ တစ်ကိုယ်လုံးဆွဲကိုင်၍ရင်း၊ တစ်ယောက်ကို တစ်ယောက် ဘုံးကနဲဘိုင်းကနဲနေအောင် ပေါက်ချလိုက်ပြန်၏။

"ဒီနည်းတွေဟာ တစ်ဘက်လူက ခံစစ်နည်းမတတ်ခင် မရှုမလှခံရပုံများ ဖြစ်ပါတယ်ခင်ဗျာ။ သင်တန်းသားတစ်ယောက်သာ ဂျူဒိုအစကြောင်ကျ ပုံပန်းက ဆိုသလိုကျပုံကျနည်း ကျွမ်းကျင်သွားပြီလား ဆိုမှဖြင့်ရင် ရှုစားကြပါခင်ဗျာ"

"အိုဆိုတိုးငါးရိ"

ဆရာတင်မောင်မောင်၏ တစ်ပတ်ကျော့ပေးလိုက်သော အမိန့်အဆုံးဝယ် စောစောက ပုံစံအတိုင်း ပစ်ပေါက်လိုက်ခြင်း ဖြစ်သော်လည်း ခံစစ်သမားသည် ပညာကျွမ်းကျင်သွားပုံနှင့် ကြမ်းပြင်တွင်ခင်းထားသော တာတာမီခေါ် မြက်ဖျာကလေးပေါ်သို့ ဗိုင်းကနဲမကျဘဲ တစ်ပတ်လည်၍ ခြေနှင့်ပြန်၍ ကျရောက်သွားရန် ကျွမ်းကျင်စွာလှည့်၍ ယူလိုက်လေသည်။

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . ."

ဆက်လက်၍ သူ့တပည့်တစ်ဦးက တင်မောင်မောင်အား ဒူးကန်လှဲ၊ ခါးစောင်းတင်၊ ခြေကလိန်ချိတ်၊ ပုခုံးထမ်း၊ တကိုယ်လုံးဆွဲကိုင် အစရှိသော နည်းအမျိုးမျိုးဖြင့် ကိုင်ပေါက်ကာ ရက်ရက်စက်စက် ပညာစွမ်းပြသမျှ ဂျူဒိုတင်မောင်မောင်သည် ဖက်ရွက်ကလေးပမာ ရှောင်ဟန်၊ တိမ်းဟန် တို့သည် ပရိသတ်များ အသည်းတယားယားရှိသည့်ကြားက ကြောင်ကလေးတစ်ကောင်ပမာ ဖော့ဖော့ကလေးကျလာသည့်နှယ် ရှိပေတော့သတည်း။

'ထိုင်းအိုတိုးရှိ' ဟူ၍ တပည့်လုပ်သူက တဖန်ပြန်၍ အမိန့်ပေးသောအခါ 'ယား . . .' ဟူသော အသံကြီးနှင့် အတူ တင်မောင်မောင်သည်





လေထဲသို့မြောက်တက်၍ နှစ်ပတ်ကျွမ်းမျှ လေပြင်တွင်ဝဲနေပြီးမှ တာတာမီခေါ် မြက်ဖျာပေါ်သို့ ပေါ့ပေါ့ကျော့ကျော့ကလေး ကျလာလေတော့သတည်း။

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . . ရှိ . . . ရှိ . . ."

သြဘာသံများ ဆူဆူညံညံ ထွက်ပေါ်လာစဉ်၊ တင်မောင်မောင်သည် လက်ကို ဘေးတစ်ဘက်တစ်ချက်သို့ကား၍ဦးခေါင်းညွှတ်ရင်း . . .

"ကျေးဇူးတင်ပါတယ်ခင်ဗျာ။ မြန်မာလူငယ်ကလေးများကို ယခုလိုကိုယ်ခံပညာအသင့်အတင့်ကို သင်ကြားခွင့်ရရှိလာတဲ့အကြောင်းကို အနည်းငယ်ပြောကြားပြီး ပြကွက်များဆက်လက်ပြပါအုံးမယ်ခင်ဗျာ"

"ဟင်း . . . လေကရှည်အုံးမယ် လူတွေဖြင့်နှင်းကျလို့ ချမ်းလှပြီ"

နောက်မှဘုလှုကြည်၏ အသံသြသြကြီးကြောင့် သီတာဇင်သည် မှုံအစ်အစ်နှင့် လှည့်၍ကြည့်လိုက်ပြန်သည်။

"အဟင်း . . . အဟင်း . . . ဆရာမတို့လည်း ချမ်းလှရောပေါ့ဗျာ။ ဟောဒီမှာ မြေပဲပြုတ်ပူပူကလေးတွေ သုံးဆောင်ပါအုံး။ ဟိုဘက်က ဗိုလ်ကြီးလည်း တစ်ထုပ်ယူပါအုံး ခင်ဗျ"

သီတာဇင်က လက်ကုတ်လိုက်၍ မြကေခိုင်သည် ခပ်တည်တည်နှင့် လှည့်ကြည့်ရင်း . . .

"ကျွန်မတို့ မြေပဲမကြိုက်ဘူး"

ဟူ၍ အသံမာမာနှင့် မှုတ်ထည့်လိုက်ပေတော့၏။

"ကဲ . . . ဒါဖြင့် ဆရာမယူပါဗျာ"

တော်တော် အရှက်အကြောက်နည်းသော ဂေါ်ငမ်းမင်းသားကြီးပင်တည်း။

သီတာဇင်သည် ချဉ်ချဉ်နှင့် တစ်ခုခုပြောမည်ပြုစဉ် သူ့ဘေးနားမှ စောစောကအဘိုးကြီးသည် အားရပါးရ မျက်လုံးကြီးစောင်း၍ ကြည့်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"မိန်းကလေးတွေကို မြေပဲပြုတ်ပေးပြီး ပိုးတာတော့ ပေါလွန်းတယ်ကွဲ့ . . . အဟဲ. . . အဟဲ. . . ခုခေတ်ပညာတတ် မိန်းကလေးတွေက မော်တော်ကားပြပိုးတာတောင်မှ အဖေ အမေ့ကားကြီးနဲ့ ကိုယ်ပိုင်လည်းမဟုတ်ဘဲနဲ့ ဘာလုပ်ဖို့တုန်းလို့ပြောတဲ့ ခေတ်ကြီးနော့်၊ အဟဲ . . . အဟဲ. . . မြေပဲတွေပိုနေရင် ပေး. . . ပေး၊ ဦးစားလိုက်ပါ့မယ်"

ဟု ရီစရာ လိုလိုနှင့် နှက်ရင်း မြေပဲထုပ်ကို လက်လှမ်း၍ ကမ်းလိုက်သည်။

ဂေါ်ငမ်းမင်းသားကြီးသည် အဘိုးကြီးအား အောက်သိုးသိုးကြည့်ရင်း မြေပဲထုပ်ကိုလှမ်း၍ ပေးလိုက်ရလေတော့၏။ မြကေခိုင်နှင့် သီတာဇင်တို့သည် ရယ်ချင်ချင်နှင့်ပင် အဘိုးကြီးကို ကျေးဇူးတင်၍သွားရလေတော့သတည်း။

စင်မြင့်ပေါ်၌ ဂျူဒိုသမားရှစ်ယောက်တို့သည် ညီညီတီတီ တောင့်တောင့်တင်းတင်းနှင့် ပုဆစ်တုတ်ထိုင်ရင်းက သူတို့ဆရာစကားပြောနေသည်ကို စောင့်နေကြပေတော့၏။

တင်မောင်မောင်သည် သူ့ဟန်ကလေးအတိုင်း သူ့ကိုယ်လုံးတောင့်တောင့်ကလေးကို ဖွဖွပေ့ါပေ့ါကလေးရပ်၍ ဂျူဒိုနည်းစနစ်ဖြင့် အကွက်ဆင်နည်း၊ ဝင်နည်း၊ တစ်ဘက်သား၏ ဆင်ကွက်ဝင်ကွက်များကို တန်ပြန်တိုက်ခိုက်နည်း၊ မြက်ဖျာပေါ် သို့ အကျတွင် တဘက်သား၏ချုပ်၊ ချိုးညှစ်နည်း။ ပိတ်ဆို့ရုန်းကန်နည်းများကို တစ်ပိုင်းစီလွယ်လွယ်နှင့်အတိုဆုံးရှင်းလင်းပြသသွားသည်မှာ ဂျူဒိုဝါသနာရှင်များအတွက် တန်ဖိုးမဖြတ်နိုင်သော စကားများသာ ဖြစ်ပေတော့သတည်း။

ထိုနေ့က ရန်ကင်းမြို့တော်၏ ပဒေသာကပွဲကြီးသည် ဝက်ဝက်ကွဲမျှ အောင်မြင်စည်ကားလှပါသည်ဟူသော မှတ်တမ်းဖြင့် အောင်မြင်စွာ ပြီးဆုံးသွားလေတော့သတည်း။

◆



၂၀

တစ်လောဆီက သီချင်းတွေ တစာစာတိုက်၍ အူရှင်လိုက်သမျှယနေ့ သူတို့အိမ်ဂေဟာကလေးတွင် စိတ်မချမ်းမသာစရာ သတင်းများကြားလိုက်ရပေတော့၏။

သူတို့နှင့် ညီမအရင်းတမျှ ချစ်ခင်လှသော ဒေါက်တာငွေငွေ၏အစ်မကြီး အတွင်းဝန်ကတော် ဒေါ်ရွှေရွှေတစ်ယောက် အနီးစွရောက်သွားရှာသောကြောင့်တည်း။

သမီးဝင်းဝင်း၊ နှင်းနှင်းနှင့် သားထွေးကလေး အံ့ကူတို့သည်လောကကြီးအလယ်၌ မျက်စေ့သူငယ်နှင့် ကျန်ရစ်ရှာကြလေတော့၏။

ရန်ကင်းမြို့ကား သာရေးများသာမက နာရေးကိစ္စများတွင်လည်းနယ်များသဖွယ် အားတက်သရောနှင့် ဝတ္တရားကျေပွန်ကြပေသည်။

ဒေါ်ရွှေရွှေတစ်ယောက် သူ့ညီမတိုက်သို့ မကြာခဏ ဆေးလာ၍ထိုးပုံ၊ သွားစရာရှိလျှင် အံ့ကူကလေးကို လာ၍ထားတတ်ပုံ၊ ဝင်းဝင်းတို့နှင်းနှင်းတို့ကလည်း သူတို့အဒေါ်ဒေါက်တာငွေငွေ၏ အိမ်ကိုလာ၍ အပြကစားနေပုံများကို အိမ်နီးနားချင်းများပါ သံယောဇဉ်ဖြစ်၍ နာရေးမေးသူများ မစဲတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ဌေးဌေးသည် တစ်ဦးတည်းသောအစ်မအတွက် ပရိဒေဝမီး ပြင်းထန်စွာ တောက်လောင်နေရှာသည်။ ထိုနေ့က ဦးသက်နိုင်ကြီးကလည်း အလည်လာခိုက် ဤသတင်းကြားရ၍ အတော်ကြာကြာမပြန်သေးဘဲ နှစ်သိမ့်အားပေးနေရလေသည်။

"မမကသေရမှာ သိပ်ကြောက်ရှာတာ ဦးသက်နိုင်ရဲ့။ သူ့ယောက်ျားနဲ့ သားသမီးတွေကို သိပ်ချစ်ရှာတာ။ သူသေမယ့်အစား ဘာသံယောဇဉ်မှ မရှိသေးတဲ့ ကျွန်မသေချင်ပါတယ်ရှင်"

ဒေါက်တာဌေးဌေးသည် ထိုစကားစုကလေးများကို အသည်းထဲအူထဲမှ ပေါက်ကွဲထွက်ပေါ်လာပုံနှင့် အားရပါးရကလေးပြောရင်းက မျက်နှာကလေးကို လက်ကိုင်ပုဝါကလေးနှင့် အုပ်ရင်းတရှုပ်ရှုပ်ငိုပေတော့သည်။

ဦးသက်နိုင်ခမျာ ဘာပြောရမှန်းမသိအောင် အတန်ကြာကြာ စိတ်မကောင်းဖြစ်သွားရပြီး အတန်ကြာမှ. . .

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲဗျာ။ ဌေးဌေးရဲ့အစ်မဟာ အသေစောလို့ နှမြောကြရပေမယ့် အိမ်ထောင်သည်ဘဝကို ခံယူခဲ့ပြီး သမီးနှစ်ယောက် သားတစ်ယောက်မွေးခဲ့ပြီး သုခရော ဒုက္ခရောခံစားဖူးသွားပြီ။ တစ်နည်းပြောရရင် ပြည့်သူ့ဝတ္တရား ကျေပွန်ပြီပေါ့ဗျာ။ ဌေးဌေးမှာက လောကကြီးထဲ ခုမှလူလုပ်မလို့ စခါစပဲရှိသေးတယ်မဟုတ်လားဗျာ"

ဦးသက်နိုင်သည် ဌေးဌေးကို နှမလေးပမာ တကယ်ဂရုဏာသက်၍သွားမိလေသည်။ ထို့ကြောင့်လည်း အတန်ကြာကြာ နှစ်သိမ့်စကားပြောပြီးမှ ပြန်ရန်ဟန်ပြင်လိုက်သည်။

စစ်တွေမှ ပြန်လာပြီးကတည်းက မြကေခိုင်သည် မင်းသက်နိုင်အား ပိုမိုခင်မင်လေးစားနေရလေသည်။ လေယာဉ်ပျံပေါ်တုန်းက ဂရုစိုက်ပုံကလေးတွေ၊ ကျောက်ဖြူတုံးက ကားနှင့်တပတ်လျှောက်လည်ခဲ့ရပုံ





ကလေးတွေသည် သူ့ရင်ထဲ၌ ပြန်တွေးတိုင်း စိတ်ချမ်းသာသော ပျော်သော၊ အရသာတစ်မျိုး ခံစားရသည်။ သို့သော် . . .

"ဒါနဲ့ ဒေါ်ကေခိုင် ဇင်ဇင်တစ်ယောက် ပုန်းနေတယ်ထင်တယ် ခေါ်ပါဦးဗျာ နှုတ်ဆက်ချင်လို့ပါ"

ရွှေမင်းသားသည် မတ်တပ်ရပ်ပြီးမှ မပြန်တော်မူသေးဘဲ၊ ထိုသို့ပြောနေသဖြင့် ကေခိုင်သည် ပျာပျာသလဲလေး ခေါ်ပေးလိုက်ရှာသည်။

"ယူ့အဆက်ကြီးကို ယူ နှုတ်ဆက်လိုက်လည်း ပြီးတာပဲ။ လာခေါ်နေရသေးတယ်"

လှေကားအဆင်းတွင် သီတာဇင်က ထိုသို့ပြောလိုက်သဖြင့် မြကေခိုင်က သူ့တင်ပါးကို ဆိတ်လိုက်သည်။

သီတာဇင်ကအောက်သို့ရောက်သော် မျက်နှာပိုးသတ်လိုက်သည်။

"မြန်တော့မလား ဦးသက်နိုင်"

"ကျွန်တော်လာတုန်းကတော့ ဇင်ဇင်နဲ့ အေးအေးဆေးဆေး စကားပြောဖို့ပါ (လေယာဉ်ပျံနှုန်းနဲ့ မဟုတ်ဘူးနော်) အဟွင်း. . . အဲ. . . ဒီရောက်တော့မှ ဒေါ်ဌေးဌေးရဲ့အစ်မ ဆုံးကြောင်းကြားရလို့ တော်တော်စိတ်မကောင်းဖြစ်မိပါတယ်ဗျာ"

"ဟုတ်ကဲ့ရှင် . . . လမ်းကောင်းမရှိဘဲ ခြုံနွယ်ပိတ်ပေါင်းတွေကြားကို ခပ်ဖြည်းဖြည်း သွားရတဲ့ လှည်းယာဉ်တွေသာ ဝင်နိုင်သလို အပေါ်ယံစိတ်ထားတွေနဲ့သိလို့ မလွယ်တဲ့စိတ်ကြိုစိတ်ကြားကိုလည်း အနှေးဆုံးနှုန်းနဲ့ စုံစမ်းတာကောင်းပါတယ်ရှင်"

သီတာဇင်သည် လက်ကလေးနှစ်ဖက်ပိုက်၍ ဆရာမဂိုက်ကလေးနှင့် အသာအယာလမ်းလျှောက်လာ၍ ဝင်းဝသို့လိုက်ပို့ရင်းက သူ့ပြောချင်သော အဓိပ္ပါယ်တဝကြီးနှင့် စကားကိုပြောပြလိုက်သည်။ မင်းသက်နိုင်ကလည်း လက်ခံသဘောပေါက်ပုံနှင့် ဟုတ်ပါတယ်ဗျာ။ ဇင်ဇင်ပြောတာတွေက တွေးလေဟုတ်လေပါပဲ။ ကျွန်တော် မတော်တဆ စကားလောဘကြီးမိတာလည်း ခွင့်လွှတ်ဖို့တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူးရှင်။ ရှင်တို့ကျွန်မတို့ နှစ်ဆယ်ကျော် အစိတ်ပိုင်းတွေဟာ အသိတတ်လွန်းပြီး တခါတခါတော့ ကလေးဆန်သွားရတာမျိုးလည်း ရှိတာပေါ့ရှင်။ မဟုတ်ဘူးလား ဦးသက်နိုင်"

"အဟင်း . . . ဟင်း . . . ဇင်ဇင်က တော်တော်စကားတတ်တာပဲဗျာ။ ကဲ. . . သွားမယ်နော်"

ကားဆီသို့ ခြေလှမ်းကြဲကြီးနှင့် သွားရင်းက တပတ်ကျော့၍ လှည့်ကာ ဇင်ဇင်ကိုရယ်၍ နှုတ်ဆက်သွားသည်။ ထိုရှုခင်းကို အမှတ်တမဲ့ လေလား တမင်လေလားမသိ။ မြကေခိုင်သည် တရုပ်ကပ်တွေကြားမှ ကြည့်နေမိရင်း သူကိုယ်တိုင် နားမလည်လိုက်သော သက်ပြင်းတစ်လုံးသည် ပြုန်းကနဲထွက်ပေါ်သွားရလေတော့၏။

ထိုနေ့ညက ဒေါ်ငွေငွေသည် သူ့အပူနှင့်သူပရိဒေဝမီး တောက်လောင်နေရှာသည်။

သီတာဇင်သည် ရင့်ကျက်တည်ငြိမ်သော ဆရာမစိတ်ကလေးကို ဖွတ်သွင်းရင်းကပင် သုံ့ပန်း တစ်ဘက်တချက်တွင် မင်းသက်နိုင်နှင့် တင်မောင်မောင်တို့သည် မောင်ဗမာကိုယ်ဟန်ပြသည့်နှယ် အသီးသီး မြင်ယောင်လာရသည်၊ ပေါ်လွင်လာရသည်။

"အို အသက်မတူဘာမတူနှင့် သည်လူဟာ ဘာလို့များ ငါ့အတွေး၊ စာရင်းမှာ ဝင်လာရပါလိမ့်နော်။ သူက သာမည ငါကဆရာမ။ တူသလား တန်သလား။ မေမေပြောဖူးတယ် မဟုတ်လား။ ကိုယ်အားကိုးတဲ့ ယောကျ်ားဟာ အစစကိုယ့်ထက်သာရမယ်ဆိုတာလေ"

တင်မောင်မောင့်အပေါ်တွင် သာယာသွားရသော အကြည်ဓါတ်ကလေး ပတ်သန်းသွားတိုင်း အထက်ပါ သူ့အတွက်ဆုံးမစာကိုသာ အခါခါ ရွတ်ဆိုလိုက်မိလေတော့သတည်း။

"ကလင်"

ကျောင်းသို့ယူရန်ကော်ဖီနှပ်နေစဉ် အိမ်ရှေ့မှ လှူခေါ်ခေါင်းလောင်း





သံကလေးကြောင့် သီတာဇင်သည် သူ့ဖိနပ်ပါးကလေးကို ကပ်ကပ်ကြွကြွ ကလေးနင်း၍ ထွက်ကြည့်လိုက်ရာ တိုက်ပုံအကျီအနက် ကဂူးကပ်ပုံဘိုကေ သပ်ယပ်ဝင်းမွတ်သောအသွင်အပြင်များဖြင့် တင်မောင်မောင် ရောက်ရှိနေပေသည်။

သီတာဇင် ဆရာမကြီးပုံဖမ်းချင်သူပင် ရုတ်တရက်ထိန်းကနဲ ဖြစ်သွားရသည်။ သို့သော် ချက်ချင်းမျက်နှာတင်းပစ်လိုက်သည်။

"မမ သီ"

"ကဲ ကျောင်းသွားတော့မလို့ မောင်မောင်ရေ ဘာကိစ္စလဲဆို"

သူကတမင်တကာ ပြတ်ပြတ်ဆိုလိုက်ခြင်းဖြစ်သည်။

"မမသီ လုပ်စရာရှိတာလုပ်ပါ။ အချိန်ဖင့်နေမယ်။ ကျွန်တော်ဘေးကရပ်ပြောပါမယ်"

အလိုက်သိခြင်းလား။ တမင်ရင်းရင်းနှီးနှီးများ လုပ်နေတာလား။ သူ့အကဲခပ်ပုံနှင့် လှမ်းကြည့်လိုက်သည်၊ တင်မောင်မောင်သည် သူ့အား ကြည့်နေရာမှ မျက်လုံးလွှဲ၍၊ သီတာဇင်ကော်ဖီနှပ်ထားသော ကရားထဲသို့ နို့ဆီတစ်ဇွန်းကော်၍. .

"ကျွန်တော်ထည့်လိုက်မယ်နော် မမသီ။ သကြားထည့်ပြီးပြီလား"

ဟူ၍ နှုတ်သွက်လက်သွက် လျှောက်၍ခေါက်နေပေသည်။

"နေပစေပါလေ မမသီထည့်ထားတယ် အဲလောက်တော်ပါပြီ"

"ကော်ဖီတွေ အေးကုန်မှာစိုးလို့ပါ မမသီရဲ့"

အလွန်သွက်သော တင်မောင်မောင်သည် ဓာတ်ဘူးထဲတန်း၍ ထည့်ပေးလိုက်သည်။

"နေပါဦးမမသီရယ် ကျွန်တော် မနေ့က ပန်းချီပြပွဲရောက်ခဲ့တယ်"

သူ့အသံသည် လေးနက်၍ သံသယသံလည်း စွက်နေရပေသည်၊

"ပန်းချီပြပွဲရောက်ခဲ့တာ ဘာဖြစ်လဲ"

သီတာဇင်အသံကလေးက စိတ်တိုသံပေါက်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို. . ဟို. . . မမသီပုံကို ဦးသက်နိုင်က ပန်းချီဆွဲပေးတယ်နော်"

"ဟင် ကြုံကြုံဖန်ဖန် မဆွဲဖူးပါဘူး"

"ကျွန်တော့်ကို အရေးမထားလောက်တဲ့ ပါမွားအနေနဲ့ညာချင် ညာပေါ့ဗျာ ကျွန်တော်တော့ ပစ္စည်းရှင်ဆီ ဖွတ်သွားဝယ်တာပဲ"

"အို"

"ဟုတ်ပါတယ် မမသီ၊ ဒါပေမဲ့ ကျွန်တော် မဝယ်နိုင်ခဲ့တဲ့အပြင် အရှက်တောင် ကွဲပြန်ခဲ့ရပါသေးတယ်"

တင်မောင်မောင်အသံသည် တကယ်ဝမ်းနည်းသံပါနေသည်။

"ဩော် နေဦး နေဦး မောင်မောင် တွေ့လာတာ မမသီအမေ့ပုံဖြစ်လိမ့်မယ်"

"ဗျာ အမေ့ပုံဟုတ်လား။ ဒါ. . ဒါကြောင့် ဦးသက်နိုင်မျက်နှာက ကျွန်တော့်ကိုသရော်ပြုံးနဲ့ ကြည့်နေတာကိုး"

"နေစမ်းပါဦး စကားကိုတစ်ကြောင်းချင်းပြောနေတော့ သိပ်နားထောင်ရခက်တာပဲ။ ဆက်ပြောစမ်းပါ မောင်မောင်ရဲ့"

"ဒီလိုပါ မမသီ ရှေးရိုးလက်ရာပန်းချီကားဟောင်းပြပွဲမှာ ကျွန်တော် ဝင်ကြည့်တော့ **မြနှစ်သူစာ** ဆိုတဲ့ပန်းချီကားတစ်ချပ်ကို တွေ့ရပါတယ်။ အဲဒီ **မြနှစ်သူစာ** ဆိုတာ မမသီပုံပဲ"

"အဲလေ. . . ထားပါတော့ ဆက်ပါအုံး"

"ကျွန်တော့်အနေနဲ့ ဦးသက်နိုင်ပစ္စည်းမှန်းလည်း မသိပါဘူးဗျာ ဒီပန်းချီကားကို ဝယ်ချင်တာနဲ့ ပိုင်ရှင်ကိုစုံစမ်းပြီး သူတို့အိမ်ရောက်သွားရတာပါ"

"နေပါဦး မောင်မောင်က ဘာလို့ မမသီအမေ့ပုံကို ဝယ်ချင်ရတာလဲ"

"ကျွန်တော်ကလည်း မမသီအမေ့ပုံမှန်းမသိတော့ ဖွတ်ဝယ်နေတာပေါ့ဗျာ။ ကျွန်တော်စွန့်စွန့်စားစား ငါးရာအထိပေးပါတယ်၊ ဒါပေမဲ့ . . ."





"ဒါပေမဲ့ သူ. . သူက ဘာပြောသလဲဟင်"

"သူက တော်တော်ကြောင်ပါတယ်ဗျာ။ ကျွန်တော်က ငါးရာပေးမယ်ဆိုတော့ တအားဖော်ရယ်ပြီးတော့ ငါးရာမပြောနဲ့မောင်ရင်တဲ့။ ငါးထောင်ပေးမယ်ဆိုရင်တောင် ရောင်းနိုင်မရောင်းနိုင် တစ်လတိတိ စဉ်းစားရဦးမယ်တဲ့ဗျာ"

"ဩော်. . . ဩော်. . . ဒီလိုဆိုတော့လည်း ဦးသက်နိုင်က တော်သားကဲ"

"ဗျာ"

တင်မောင်မောင်၏ 'ဗျာ'သည် ထိတ်လန့်သွားသလိုလို မနာလိုသည့်ပုံသဏ္ဍာန်မကျတကျ ဖြစ်၍သွားရသည်။

"အဲလေ ထားပါတော့ မမသီလို့ထင်နေတဲ့ ဒီပန်းချီကားကိုရရင် မောင်မောင်ဘာလုပ်မှာလဲ"

သီတာဇင်သည် သူ့စိတ်ထဲမှ သူလိုချင်သောအဖြေရလျှင် ပယ်ပယ်နယ်နယ်ပြောပစ်ရန် လေသံကိုပြင်ထားလိုက်သည်။ သို့သော် မောင်မောင်ကလည်း ပါးပါးနပ်နပ်သိလိုက်သည်။

"ဒီပန်းချီက သိပ်ပြီးသက်ဝင်လှုပ်ရှားတာ မမသီရဲ့။ ရယ်နေပုံဟာ တကယ့်လူလိုပဲ။ ခုမမသီရဲ့ အပြင်ကမျက်လုံးလိုပဲ။ ပန်းချီသာဆိုရတယ် လှုမ်းနှုတ်ဆက်တော့မှာလိုပဲ။ ကြွ, ဖူးနေတာဗျာ"

"အဲဒီတော့ ဆိုပါဦး"

"ကျွန်တော်က ပန်းချီကားအစုဝါသနာပါလို့ပါဗျာ။ ကျွန်တော့်ဆီ က ပန်းချီကားဆယ်ချပ်လောက်ရှိပါတယ်။ တိုက်ခန်းက ကျဉ်းကျဉ်းမို့ ...တ်စရာလည်းမရှိတော့ အံထပ်ခိုးမှာတင်ထားရတယ် မမသီရဲ့။ အဟင်း ...ျွန်တော် မိန်းမရမှ မေမေ့ဆီကအမွေတောင်းသွားရတော့မှာပဲဗျာ"

အလျှောက်ကောင်း၍ အငှထောင်းသက်သာသွားသော ...င်မောင်မောင်အား သီတာဇင်က မဲ့မဲ့ကလေးပြုံးကြည့်ရင်း "တော်တော်



www.burmeseclassic.com

www.burmeseclassic.com



လည်ပါလားနော်" ဟု ပြောကြားနေသယောင် ထင်ရသည်။ သို့သော် နှုတ်မှ ဘာမှမပြောတော့ဘဲ ထမင်းချိုင့်နှင့် ကော်ဖီဓာတ်ဘူးကို ခြင်းထဲသို့ ထည့်လိုက်သည်။ တင်မောင်မောင်သည် အားမလိုအားမရပုံနှင့် သီတာဇင့်မျက်နှာကို လိုက်ကြည့်ရင်း. . .

"ဒါနဲ့ မမသီကို တစ်ခုမေးရဦးမယ်။ စိတ်မဆိုးနဲ့နော်။ ဟို ဟို မမသီ လက်ထပ်ရင် ဦးမင်းသက်နိုင်တို့လို ပုဂ္ဂိုလ်မျိုးတွေကို ရွေးချယ်မှာပေါ့နော် ဟုတ်လား"

အမှန်စင်စစ် ကျောင်းသွားခါနီးတွင် ဖုတ်ပူမီးတိုက်လိုက်မေးနေသော သည်လူသည် စိတ်ဆိုးချင့်စဖွယ် ကောင်းလှသည် မဟုတ်ပါလား။ သို့သော် သူ့မျက်လုံးစိုစိုဝင်းဝင်းကြီးသည် လေးနက်လွန်း၍လားမသိ။ သီတာဇင်မှာ စိတ်ဆိုးရန် ရုတ်တရက်ပင် မေ့သွားရသည်။ သို့သော် သတိကလေးချက်ချင်းပြန်ဝင်လာရ၍. . .

"မောင်မောင့်ဗိုက်ထဲမှာ ပုရွက်ဆိတ်လေးရှိတယ် ထင်တယ်။ အဲလေ တတ်နိုင်ရင်တော့ ဦးသက်နိုင်ထက်သာတာမျိုးလောက်မှ ကိုယ်ကမှီရမှာ မဟုတ်လား မောင်မောင်ရဲ့"

"ဒါတော့ဗျာ သစ်ပင်ကိုကြီးမှ မှီရမယ်လို့ ဘယ်ဥပဒေပြဋ္ဌာန်းချက်မှ မရှိပါဘူး။ ငယ်တဲ့သစ်ပင်ကပို့ပြီး အရိပ်ခွန်အား ပိုပေးတာမျိုး မမသီ မတွေ့ဖူးဘူးလားဟင်"

"ဟင့်အင်း မမသီတော့ ငယ်တဲ့အရိပ်ကို ဘယ်တော့မှ အထင်မကြီးဘူး မောင်မောင်"

"အဟင်း မမသီက စကားပြောသိပ်ပြတ်သားတာပဲဗျာ။ ခုလိုသိရတာ ကျေးဇူးတင်ပါတယ်။ ကျွန်တော် သွားတော့မယ်"

အပြီးသတ်တွင် မောင်မောင့်အသံသည် တိုးတိတ်ငြိမ်သက်သွားရပြီး အသာအယာ လှည့်ထွက်သွားလေတော့သတည်း။

သီတာဇင့်ရင်ထဲတွင် လှုပ်ကနဲဖြစ်သွားရသမျှ မိန်းကလေးမာန





စိတ်ကလေးအမြန်သွင်း၍ သူ့မျက်နှာလှလှကလေးသည် ပြန်လည်၍ မေ့သွားရလေတော့၏။

"ဟဲလို ကြော် ဒေါ်ကေခိုင်ပါလားခင်ဗျား"

"ဟုတ်ပါတယ်ရှင် ဦးသက်နိုင်။ ဇင်ဇင့်ကို တွေ့ချင်လို့မဟုတ်လား။ လာပြီ လာပြီ"

မြကေခိုင်သည် သူနှင့်မဆိုင်သောတယ်လီဖုန်းအား သီတာဇင့်ဆီသို့ အမြန်ထိုးပေးလိုက်သည်။ နောက်တော့ ပက်လက်ကုလားထိုင်ကလေးပေါ်တွင် အသာဝင်၍လှဲလိုက်သည်။

ယခုတလော သူသည် သိပ်ပြီးရယ်စရာမောစရာများမပြောမိပေ။ တစ်ခုခုကို တွေးရစဉ်းစားရသည်ကို အလုပ်တခုကဲ့သို့ ပြုလုပ်နေမိသည်။ တခါတခါတော့လည်း မင်းသက်နိုင်၏ မျက်နှာချိုချိုနှင့် ယုယတတ်ပုံများသည် သူ့ဟာဒယနှလုံးတွင် လှုပ်ရှားကြည်နူးနေသည့်နှယ် မြင်၍သွားရသည်။

"ဟယ် ငါနဲ့ဘာဆိုင်သလဲ။ ရှက်စရာ သူကြိုက်တာကတစ်ယောက် ငါကလည်းပေါက်ကရတွေ တွေးတွေးပြီး စိတ်ကူးယဉ်မိကာ။ တော်တော် အရူးဆိုးပါကလားနော်"

"ဟော ကေခိုင်တို့လုပ်လိုက်မှဖြင့် အရမ်းချည်းပဲ။ ဦးသက်နိုင် တွေ့ချင်တာက ဒွေးဒွေး ရှင်ရဲ့။ သူ့နှမကလေး နေမကောင်းလို့ တဆိတ်ကြည့်ပေးပါတဲ့"

"ဟော ဒွေး ရေချိုးခန်းက ထွက်လာပြီ။ ပေးလိုက်လေ ဖုန်း"

သီတာဇင်လက်မှ တယ်လီဖုန်းကလေးလည်း ဒွေးဒွေးလက်သို့ ကူးပြောင်းသွားရလေသည်။

"ကြော် ဦးသက်နိုင်နှမလား"

"ကြော် ကြော် စိတ်ဝေဒနာဖြစ်နေတယ် ဟုတ်လား"

"ဟုတ်တယ် ဝမ်းချုပ်တွေ သိပ်ခံလို့နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"လာပါမယ် လာနိုင်ပါတယ်။ မိတ်ဆွေအချင်းချင်းတွေပဲရှင်။ အားနာစရာမရှိပါဘူး"

"တက္ကသိုလ်ရိပ်သာလမ်း၊ ခြံအမှတ် (   ) နော်၊ မှတ်မိပါပြီရှင်၊ ခုမိနစ်နှစ်ဆယ်အတွင်း အရောက်လာခဲ့ပါ့မယ်"

ငွေငွေသည် ထမိန်ရင်ရှား မျက်နှာသုတ်ပုဝါ ခြုံထားသည့်ကြားမှ ပခုံးကလေးတွန့်၍ပြလိုက်ပြီး. . .

"လုပ်ကြပါဦးသူငယ်ချင်းတို့ရေ ဦးသက်နိုင်က သူ့နှမ နေမကောင်းလို့ ခဏလေးလာကြည့်ပေးပါတဲ့ကွယ်။ သူတို့ ဟုံး (မ) ဒေါက်တာ ခရီးလွန်နေလို့တဲ့။ တောင်းပန်တာကတော့ အနူးအညွတ်ပါပဲကွယ်။ အားနာပါးနာနဲ့ လာမယ်လို့ ဂတိပေးလိုက်ပြီကွ။ အဝတ်လဲဦးမှ မသီတာ လိုက်ခဲ့နော်"

ငွေငွေသည် စနိုး တစ်တို့နှစ်တို့ပွတ်၍ တို့ပတ်ရိုက်လိုက်သည်။ ဘရာစီယာပေါ်မှ တက်ထရွန်လက်ပြတ်အဖြူကို ဝတ်ဆင်၍ ရောင်ပြေးချည်ချောလုံချည် ရွှေလိမ္မော်ရည်ရောင်ကို ကောက်ယူဝတ်ဆင်ပြီးသော် ဆရာဝန်မ၏ ဖီးလိမ်းပြင်ဆင်ခန်း ပြီးစီးသွားလေသည်။

"ကျွန်မမလိုက်ပါရစေနဲ့ ငွေငွေရယ် ကေခိုင့်ခေါ် သွားပါနော်"

"အံမယ် လာပြန်ပလား။ ဒီလိုအစားထိုး ထိုးမသုံးပါနဲ့နော်။ တော်ကြာ မသီတာလူ ကေခိုင့်ဆီပါသွားဦးမယ်"

"ဟုတ်တယ် ဟုတ်တယ် ကိုယ်တို့က ဂျပန်လုပ်ပစ္စည်းနော်။ စိတ်မချရဘူး။ သိပ်မသုံးကြနဲ့ အဟင်း အဟင်း"

မြကေခိုင်သည် ပြတင်းပေါက်ကို ကျောပေး၍ ခြေတင်ကလင် ချိတ်ထိုင်ရင်း စီးကရက်တစ်လိပ်မီးညှိ၍သောက်ကာ ပြောင်ချွတ်ချွတ် ကလေး ပြောလိုက်သည်။

"မသီတာ့လူ မဟုတ်ရပါဘူးရှင် ပစ္စယော ဟောတုပါ"

"တကယ်နော် တော်တော်ကြာ ကွယ်ရာမှာ ငိုမနေနဲ့။ ကဲပါ ကိုယ်နဲ့





ဘယ်သူ လိုက်ကြမှာလဲ။ လာကွယ် ကေခိုင်က ရဲရဲ တင်းတင်းရှိပါတယ်။ ကိုယ့်ကို ဦးဆောင်ပြီးပို့ပေးပါဦး"

"ဟုတ်ပါတယ် မသီတာလည်း ကျောင်းအလုပ်တွေ ပါလာတယ်။ လိုက်သွားလိုက်စမ်းပါ"

သီတာဇင်က သူတို့နှစ်ဦးအား တွန်း၍လွှတ်လိုက်လေတော့သတည်း။

ဒေါက်တာငွေငွေ မောင်းနှင်လာသော ကားလေးသည် သူတို့အလိုရှိသော ခြံနံပါတ်ကို ကြာကြာကြီးမရှာရချေ။ အဘယ်ကြောင့်ဆိုသော် ဦးသက်နိုင်သည် ဝင်းတံခါးဝမှ အရှံသင့်စောင့်ကြိုနေသောကြောင့်တည်း။

"ဪ ဒေါ်ကေခိုင်လည်း ပါလာသကိုး၊ ကြွကြွပါခင်ဗျာ။ ဟို အရှေ့တိုက်ကလေးက ကျွန်တော့် တိုက်ပါ။ ဒီဘက်ကတိုက်ကြီးမှာ ကျွန်တော့်အဒေါ်နဲ့ ကျွန်တော့်နှမတို့ နေထိုင်ကြပါတယ်"

"ဪ ဟုတ်ကဲ့ရှင့်"

"ဒါနဲ့ ဒေါ်ငွေငွေရယ် သူ့ကိုကုသဖို့တော့ အခက်အခဲ အနှောင့်အယှက်များရှိခဲ့ရင် စိတ်မရှိဖို့ ကြိုတင်တောင်းပန်ပါရစေဗျာ"

"ဪ ဦးသက်နိုင်ကလည်း ဒါတွေကိစ္စမရှိပါဘူး။ ရပါတယ်ရှင်"

သူတို့အမျိုးသမီးနှစ်ဦးကို ပစ္စည်းအကောင်းစားများဖြစ်သော်လည်း ပွစာကြဲနေသောအခန်းများသို့ တစ်ခန်းပြီးတစ်ခန်း ဖြတ်ကာ ခေါ်ဆောင်သွားသည်။

"ဪ ဆရာဝန်ဆိုတာလား။ ကြွပါ ကြွပါ"

ဒေါ်ခင်စီသည် ပြာပြာသလဲ ဆီးကြိုခေါ်ငင်သွားသည်။

လူနာအမျိုးသမီးသည် ကုတင်ပေါ်၌ ဖင်ဘူးတောင်းထောင်၍ နေပေသည်။ အရွယ်ကလည်း အပျိုကြီးဖားဖား သားနားသော ကုတင်ကြီး နှင့် လုံးဝမလိုက်။ သိုက်မြိုက်မှုကင်းမဲ့သော အဝတ်အစားပွယောင်းဆောင်း



www.burmeseclassic.com

www.burmeseclassic.com

နှင့် ခင်စစ်အေးသည် လူသံကြား၍ လှည့်ကြည့်လိုက်ပုံမှာ မြကေခိုင် စစ်ဗိုလ်မပင် လန့်သွားရသည်။

"သူ သူတို့ဘယ်သူလဲ ကိုကို"

"ခင်စစ်နဲ့ကစားဖို့ အဖော်ခေါ်လာတာကွဲ့။ ခင်စစ် နေမကောင်းဘူးဆိုလို့ ပျင်းနေမှာစိုးလို့လေ"

မြကေခိုင်သည် သူတို့မောင်နှမ ရုပ်တူမတူကို အကဲခပ်နေသည်။ ဌေးဌေးကမူ လူနာအနားကပ်ခွင့်ရအောင် မျက်နှာချိုသွေးနေရှာသည်။

"ဟုတ်တယ်သမီးရဲ့။ ဟောဒီက သမီးသူငယ်ချင်းတွေ ဆရာဝန်နဲ့ လူနာလုပ်တမ်းကစားရအောင်တဲ့"

"ဟုတ်တယ်ညီမရေ။ ကဲ ကုတင်ပေါ် ခဏလှဲလိုက်နော်။ ခင်စစ်အေးက နေမကောင်းဘူးဆိုပါတော့။ ကိုယ်က ဆရာဝန်လုပ်မယ်နော်။ ဟောဒီမှာ တွေ့လား နားကြပ်ကြီးနဲ့"

ဌေးဌေးသည် မတတ်နိုင်တော့ပြီ။ သူ့ကိုဖွတ်အတင်းလှဲစေကာ နားကြပ်နှင့်စမ်းသည်။ ဝမ်းဗိုက်ကိုစမ်းကြည့်ရာ ဝမ်းပုပ်တို့ဖြင့် ပြည့်ကယ်နေကြောင်း သိလိုက်ရတော့၏။

"ဒေါ်ဒေါ် သူဝမ်းမသွားတာ ဘယ်နှစ်ရက်လောက်ရှိပါသလဲ"

"ဟုတ်တယ် ဟုတ်တယ် ခုတလော သွားတာကို မမြင်ဘူး။ ဟဲ့ မသိန်း သမီးဝမ်းသွားရဲ့လား"

ကုတင်ခြေရင်းတွင် ယို့ယို့ကလေးရပ်နေသော မမသိန်းက

"ဝမ်းမသွားတာ တော်တော်ကြာပါပြီ မေမေကြီး"

"တော်တော်ကြာပြီဆိုတော့ ဘယ်နှစ်ရက်လဲကွဲ့"

"အရက် ၂၀ လောက်ပါ"

"ဘုရား ဘုရား"

ဝမ်းတစ်ရက်မသွားလျှင် သေရမလောက်ကြောက်သော ဆရာဝန်မနှင့် စစ်ဗိုလ်မလေးတို့သည် မျက်လုံးပြူးသွားရလေတော့၏။ ချက်ချင်း





ပင် မသိန်းအား ဝမ်းချူရန် ပစ္စည်းများရှိမရှိမေး၍ ပြင်ဆင်ခိုင်းလိုက်သည်။

"ဒေါ်ဒေါ့်မှာ ဝမ်းချူတဲ့ ကိရိယာတွေတော့ရှိပါတယ်ကွယ်"

"ကိုကို မေမေက အားကြီးစကားများတာပဲ။ ခေါင်းထဲက နာတယ်ဗျ။ နာတယ် နာတယ် (ဒုတ် . . . ဒုတ်)။

"ဟဲ့ဟဲ့ ခေါင်းကိုက်တာ ခေါင်းကိုမထုရဘူး သမီးရဲ့"

"ဒေါ်ဌေးဌေး သူ ရော်ဘင်ဟု(တ)လုပ်ပြီး ကစားဖို့ ဝါသနာသိပ်ပါတယ်"

မင်းသက်နိုင်က တိုးတိုးကလေးပြောလိုက်သဖြင့် ဌေးဌေးမှာလည်း မည်သို့ချော့ရမည် စဉ်းစားခိုက်မို့ ဝမ်းသာသွားရပြီး

"ခင်စစ်အေးက ရော်ဘင်ဟု(တ) ကြီးဆို"

ရူးသောစိတ်နှင့် ဝေဒနာခံရသောစိတ်ဖြင့် အိပ်ရာတွင်ခေါက်ကွေးကြီးဖြစ်နေသော ခင်စစ်အေးသည် ရော်ဘင်ဟု(တ)ဟူသော အသံကြားရုံမျှနှင့် ဝုံးကနဲထ၍ ထိုင်ရှာသည်။ သို့သော် စမြင်းထိုးသောဒဏ်ကြောင့် မျက်နှာတစ်ခုလုံး ရှုံ့တွနေပေသည်။ တခါတခါ သွားကြီးကြိတ်လိုက် ပါးစပ် ကြီးစုလိုက် ဗိုက်ကြီးကိုလှန်၍ တဘုံးဘုံးနှင့်ထုလိုက် လုပ်နေရင်းက

"ဟုတ်တယ် ဟုတ်တယ်။ ဟိုမှာ ဟိုမှာ ခင်စစ် ရော်ဘင်ဟု(တ) အဝတ်အစားဝတ်လိုက်ဦးမယ်နော်။ အား ဒီခေါင်းကလည်း (ဒုတ် ဒုတ်)"

"ဟဲ့ ဟဲ့ ခေါင်းမထုနဲ့လေ သမီးလေးရဲ့။ ဗိုကိုက်မှာပေါ့"

"ဒီမှာ ခင်စစ်အေး အဝတ်မလဲနဲ့ဦး။ ရော်ဘင်ဟု(တ) ညက အိပ်နေတုံးက တောထဲကလူဆိုးတွေက ပါးစပ်ထဲကိုလောက်စာလုံး အလုံးတစ်ရာထည့်သွားကြတယ်။ အဲဒါ ခင်စစ်ဗိုက်ထဲ အကုန်ဝင်နေတယ်။ ကိုယ် အရင်ထုတ်ပေးမယ်နော်။ ကဲ ငြိမ်ငြိမ်နေ"

ဌေးဌေးက ဦးသက်နိုင်နှင့် ကေခိုင်တို့အား အပြင်ထွက်ရန် မျက်ရိပ်ပြလိုက်သည်။ ဦးသက်နိုင်နှင့် မြကေခိုင်တို့သည် ဌေးဌေးပြောပုံကို ရယ်ချင်ချင်နှင့် အိမ်ရှေ့ဧည့်ခန်းသို့ ထွက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဧည့်ခန်းတစ်ခုလုံး ခင်စစ်အေးကျောင်းနေစဉ်က ကလေးဘဝ၊ အပျိုဖျန်းဘဝအစရှိသော ပုံအမျိုးမျိုး နံရံဆယ်ကျော်ခန့် ချိတ်ဆွဲထားသည်။

"သူ့သမီးကို သိပ်ချစ်တာ ဒေါ်ကေခိုင်။ တစ်နေ့တစ်နေ့ ဒီဓာတ်ပုံတွေပဲ ကြည့်နေတာပဲ။ စာကလည်း တော်တယ်။ ဒီတော့ အရင်တုန်းက အစ်ကိုတွေ၊ ဦးလေးတွေကြားမှာ ကြီးခဲ့ရတော့ ယောက်ျားလေးနဲ့နဲ့ဆန်နေတယ်။ စာဖတ်ရင်လည်း အင်္ဂလိပ်ကောမစ်စွန့်စားခန်းတွေမှ ဖတ်တယ်။ ရော်ဘင် ဟု (တ)အကြောင်းတော့ သူ့ခေါင်းထဲ တော်တော်စွဲခဲ့ပုံရပါတယ်"

"နှမြောစရာ ဦးသက်နိုင်ရယ် ဆေးမကုဘူးလားဟင်"

"ကုတာပေါ့ခင်ဗျာ သူ့ကိုကုတာ ဒေါ်လေးစီမှာ ငွေသုံးသောင်းလောက် ကုန်ခဲ့ပါပြီ"

"အဲ ခုတော့ စာဖတ်နိုင်းလို့ရသေးရဲ့လားရှင်"

"အဲ အဲဒါထူးခြားချက်ပဲ ဒေါ်ကေခိုင်။ စာကိုမဖတ်တော့တဲ့အပြင် စာအုပ်ကိုင်ကြည့်မိရင် ကြောက်အားလန့်အား လွှင့်ပစ်ချလိုက်တာပဲ"

"ဪ "

"ဝုန်း ဗျို့ ဂွမ်း ဖြုန်း"

ဟူသော အသံဗလံများ အခန်းထဲမှ ပြေးထွက်ပျံ့လွင့်လာပြီး ဧည့်ခန်းဆီသို့ပင် အပုပ်နံ့များထွက်ပေါ်လာရလေကော့၏။

"အမလေး ဆရာဝန်မလေး။ အားနာစရာကောင်းလိုက်တာ"

"ဒေါ်ဒေါ် ကျွန်မကို အားနာမနေနဲ့။ နေ. . နေ သူဝမ်းဆက်သွားအောင် လုပ်ပေးလိုက်ဦးမယ်"

ဧည့်ခန်းတွင်သာမက တစ်အိမ်လုံးပါ ခင်စစ်အေး၏ဝမ်းပုပ်နံ့များ ခေါင်းကိုက်မတတ်ခံစားကြရသည်။ အတန်ကြာသော် ဒေါ်ဌေးဌေးသည် ဒေါ်ခင်စီ၏ အဝတ်အစားများဝတ်၍ ထွက်လာလေတော့၏။

"ဒို့ အဝတ်တွေပေသွားလို့လား ခင်ဗျာ"





"ဟုတ်ကဲ့ ပေရုံမကပါဘူး။ ကျွန်မ ရေချိုးလိုက်ရပါတယ်"

"ကျွတ် ကျွတ် အားနာစရာဗျာ"

"ကိစ္စမရှိပါဘူး. . . ဦးသက်နိုင်နှမ နေကောင်းသွားပါလိမ့်မယ်"

ဒေါ်ခင်စီသည် သူ့သမီးကို ခက်ခက်ခဲခဲ ဝမ်းချုပေးရှာသော ဆရာဝန်မကို ကျေးဇူးတင်ရှာလွန်း၍ ငွေစက္ကူများ ထိုးပေးရှာသည်။

ဒေါက်တာဌေးဌေးက ခေါင်းကိုသွက်သွက်ရမ်းလိုက်သည်။

"မိတ်ဆွေတစ်ယောက်ကို ကူညီတဲ့နေရာမှာ ငွေယူရတာ အင်မတန်ရိုင်းလွန်းလို့ပါ ဒေါ်ဒေါ်"

ဟူ၍ ငြင်းပယ်လိုက်သည်။

"တောက် ရန်ကင်းသူတွေ ပေါင်းရသင်းရတာ တော်တော်ခက်ပါကလားနော်။ သူတို့အတွက် လုံချည်ဝယ်လာတုန်းကတော့ လုံချည်ဖိုးတွေ အတင်းထိုးပေးကြတာဗျ။ မရဘူး မရဘူး။ ကျွန်တော်တို့ အလှည့်ကျတော့လည်း မယူလို့မကျေနပ်ဘူးခင်ဗျာ။ မကျေနပ်ဘူး။ ဒေါ်လေးစီ ရအောင်ပေးဗျာ"

"ဒီတစ်ခါတော့သည်းခံပါရှင်။ နောက်တစ်ခါ ယူမယ်လေ။ နောက်တစ်ခါတော့ သေသေချာချာယူမယ်။ ကဲ ကျေနပ်ရောပေါ့ ဦးသက်နိုင်ရယ်"

"ဟုတ်တယ် ဟုတ်တယ်။ နောက်တစ်ခေါက်ဆိုရင်တော့ ခြေကြွတစ်ရာပဲနော်။ တစ်ပြားမှ မလျှော့ဘူးရှင့်"

မြကေခိုင် စီးကရက်ကလေးကို လှလှကလေးဖွာရင်း ပြောလိုက်သဖြင့် သုံးဦးသား ရယ်မောလိုက်မိကြသည်။

ဒေါ်ခင်စီသည် သူ့ တူတော်မောင်နှင့် အပျိုနှစ်ယောက်ကို အကဲခပ်ရင်း

"ဘာမှလည်း မကျွေးရဘူးကွယ်။ အနံ့အသက်တွေ မကောင်းလို့လေ"

www.burmeseclassic.com

www.burmeseclassic.com



"အို ကျွန်မတို့ ဘာမှမစားပါဘူးရှင်။ ကဲ သွားပါဦးမယ်။ ဒေါ်ဒေါ် ဓမ္မတာမှန်မှန်လာတဲ့ဆေးလည်း ကျွန်မ ပေးလိုက်ပါမယ်။ သူ့ကို မနက်စောကြီး ရေတစ်ခွက် ကြိုးစားတိုက်ပေးပါလားရှင်"

"အဲဒါ ခက်တာပေါ့တူမရယ်။ ရေဆိုမြင်ရုံနှင့် အသေအလဲ ကြောက်တာကွဲ့"

"ဒါဖြင့်လည်း သဘော်သီးမှည့်မှည့်တို့ မကျီးမှည့်ဟင်းလေးတွေ များများကျွေးပေးပေါ့လေ"

"ဟုတ်ကဲ့ဒေါက်တာ စိတ်ချပါ။ ခုလည်း အမင်းနဲ့ပတ်သက်ပြီး ဒေါ်ဒေါ်သမီးလေးအသက် ကယ်ဆယ်တာ ကျေးဇူးမမေ့ပါဘူးကွယ်"

"ဟုတ်ပါတယ် ဒေါ်ဒေါ်။ နောက် တစ်ရက်နှစ်ရက်နေလို့ ဝမ်းမသွားရင် အခြေအနေဆိုးသွားနိုင်ပါတယ်"

"ဒါပေါ့ကွယ် ခုတောင် ဂွမ်းစိုက်အောင် ခံရရှာတာကွဲ့။ ပြီးတော့ တူမက အချော့ကောင်းလို့ ဝမ်းချူလို့ရတာနော်"

အဒေါ်ကြီးအား အတော်ပင်စကားဖြတ်၍ နှုတ်ဆက်ခဲ့ရလေသည်။

"ကဲ ကျွန်တော့် တိုက်ကိုလိုက်ပြီး လိမ္မော်ရည်ကလေးတော့ သုံးဆောင်ကြပါဦးခင်ဗျာ"

"အို တော်ပါပြီ တော်ပါပြီ"

နှစ်ယောက်စလုံး ပြိုင်တူခါးခါးသီး ငြင်းလိုက်ကြသည်။

မှန်သည် စောစောက အဒေါ်ကြီးသည် သူတို့နှစ်ဦးနှင့် သူ့တူတော်မောင်ကို အကဲစမ်းသော မျက်လုံးကြီးနှင့် လှမ်း၍ကြည့်ခဲ့သည် မဟုတ်ပါလား။

ပညာတတ်၍ သိတတ်နေပြီဖြစ်သော အပျိုစင်နှစ်ဦးသည် အနေအထိုင်တတ်မှုကို သတိပြုလိုက်ကြခြင်းပင်တည်း။

"ဇင်ဇင်တို့များ စိမ်းပါတယ်ဗျာ။ လိုက်တောင်မလာဘူး"

ကားတံခါးပိတ်ပေးရင်း သူ့ဇင်ဇင်အကြောင်းကိုဖြင့် ပြောမိအောင်





ပြောလိုက်ရှာသေးသော မင်းသက်နိုင်ကို မြကေခိုင်သည် အမိပ္ပါယ်နှင့် ပြုံးလွှန်လွှန်ကလေးကြည့်ရင်း ပါ၍သွားလေတော့၏။

◆



www.burmeseclassic.com

www.burmeseclassic.com

## ၂၂

ထိုနေ့က တင်မောင်မောင်သည် တောင်ဥက္ကလာသို့ ကိစ္စတစ်ခုနှင့် လာရင်းကလမ်းကြားထဲမှ သူ့ဖခင်တပည့်ဆရာကိုဝင်းတို့ အိမ်သို့ ခဏ ဝင်မည်စိတ်ကူး၍ ဝင်ခဲ့လေသည်။

"ဟင် ဟိုက လာနေတာ မမသီပါလား"

မျက်နှာချင်းဆိုင် ခပ်ယွန်းယွန်းဆီမှ လုံချည်အဝါ၊ ပိုးထီးစိမ်းနှင့် သီတာဇင်ကို အံ့သြတကြီး မြင်လိုက်ရပေသည်။

သူသည် ဆရာမသီတာဇင်အပေါ် စိတ်ဝင်စားခြင်း ဒီဂရီလွန်လွန်ကဲကဲဖြစ်ခဲ့မိသည် မဟုတ်ပါလား။ အတွေးအခေါ် စိတ်ကူးမြင့်မားလှသော ဆရာမတစ်ဦးအပေါ်မှ ဤသို့ အိန္ဒြေပျက်စရာများ ဖြစ်ရလေခြင်းဟူ၍ တွေးမိတိုင်း ရှက်လန့်နေရချိန်မို့ အိမ်ဆိုင်ကလေး၌ ကွယ်၍ရပ်လိုက်မိသည်။

ရပ်ကွက် လမ်းသွယ်ကလေးကား အိမ်ကျဲသည်၊ လူနည်းသည်၊ ဆရာမသည် လမ်းမပေါ်နီးကားဂိတ်သို့ သွားနေခြင်းဖြစ်သည်။ သူ့ကိုယ်လုံး





လုံးလုံးဝိုင်းဝိုင်း အိအိကလေးကို တင်မောင်မောင်သည် တိုင်ကွယ်ကလေးမှ စူးစိုက်၍ကြည့်နေမိသည်။

ထိုအခိုက် ဥက္ကလာလမ်းမကြီးပေါ် အတိုင်း မောင်းနှင်သွားသော ဘလှကြည်၏ကားလေးသည် သီတာဇင်ကို ရိပ်ကနဲမြင်လိုက်ပုံရသည်။ လမ်းကြားထဲသို့ကားလေးသည် နောက်ဆုတ်၍ ဝှီးကနဲကွေ့ဆင်းလာသည်။

တင်မောင်မောင်သည် ရုတ်တရက် အံ့အားသင့်သွားရသည်။

"ဟင်"

ကားလေးသည် သီတာဇင်နံဘေးသို့ ငြိမ့်ကနဲထိုးရပ်သွားသည်။

ဘလှကြည်သည် သုံးဆယ့်နှစ်ချောင်းသော သွားများအကုန်ပွင့်၍ အလပ်စတစ်တပ်ထားသော စပို့ရှပ်အကျႌမှ လက်မောင်းကိုလျှော့မကျပါဘဲနှင့် ဟန်ပါပါမ,တင်ရင်း သီတာဇင်အား ကားပေါ်တက်ရန် ကားတံခါးဖွင့်ပေးသည်။

သီတာဇင်သည် ခါးခါးသီသီး နောက်ဆုတ်၍ ငြင်းလိုက်သည်။ ဘလှကြည်သည် ဇွတ်ခေါ်နေသည်။ သီတာဇင်သည် ပါးစပ်မှ စိတ်ဆိုးဟန်နှင့် တစ်ခုခုပြောရင်း ရှေ့ဆက်သွားသည်။ ဘလှကြည်သည် ရှေ့မှ ပိတ်ယောင်ပြုရင်း သူ့ကားကို ညွှန်ပြခေါ်ယူနေပြန်သည်။

သီတာဇင်သည် အိမ်ခြေကျဲကျဲများကိုပင် ရှက်လန့်တကြားလေး ကြည့်လိုက်ရင်း သူမလိုက်လိုကြောင်း ပြတ်ပြတ်သားသား ငြင်းဆိုလိုက်သည်။

ထိုအခါ ဘသားချောသည် ပို၍တင်းမာလာသည်။ သီတာဇင်သည် မမြော်လင့်ဘဲ အကြမ်းဖက်လာသောကြောင့် ဆတ်ခနဲနောက်သို့ ဆုတ်လိုက်သည်။

ဘလှကြည်သည် ရှေ့သို့တိုးကပ်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



**"ဒီမှာ မာနကြီးတဲ့ဆရာမကြီးရဲ့။** ကျွန်တော်က စေတနာနဲ့ ခေါ်တာဗျာ**။ မလိုက်ဘူးဆိုရင်တော့** မာဒဂ်တုံး နှလုံးမူရတော့မှာပါပဲခင်ဗျာ။ လမ်းသွားလမ်းလာတွေက မေးရင်လည်း အဟဲ အဟဲ အထင်လွဲသွားကြမှာပေါ့ဗျာ"

"ရှင် ယုတ်မာလှချည်လား။ ရှင်နဲ့ကျွန်မ ဘယ်တုန်းက သိကျွမ်းလို့ ခင်လို့ ကားနဲ့လိုက်ရမှာလဲ။ ဟော. . . မောင်မောင်"

ဘလှကြည်နောက်မှ ဘွားကနဲရောက်ရှိလာသော တင်မောင်မောင်ကို သီတာဇင်သည် အားကိုးဝမ်းသာကလေး ခေါ်လိုက်မိရှာသည်။ ဘလှကြည်သည် မျက်တောင်တွန့်၍ ချာကနဲတင်မောင်မောင်နှင့် ရင်ဆိုင်လိုက်သည်။

"ဩော် ဟော ဟော လက်စသတ်တော့ မင်းကိုး"

နှိမ်ပေါက် လေသံနှင့် "မင်းကိုး" ဟု ရှုံ့ချလိုက်သည်။

"ငါတွေ မင်းတွေက အရေးမကြီးပါဘူး။ မိန်းကလေး**တစ်ယောက်**က မလိုက်ချင်ပါဘူးဆိုတာ ဘာလို့များဒီလောက်ကြီးစားပမ်းစား **ခေါ်နေရတာလဲဗျ"**

**"ဒါ မင်းနဲ့မဆိုင်ပါဘူး။** ကဲ တက်ပါဆရာမ။ ကျွန်တော် ဒီလောက် **ခေါ်နေတာ အားနာပါဦး"**

**"ရှင် စိတ်မှကောင်းရဲ့လား။** ကျွန်မ စကားနှစ်လုံးမပြောဘူး။ လာ **မောင်မောင် သွားကြစို့"**

သီတာဇင်က ရှေ့ကလှမ်း၍ မောင်မောင်ကနောက်မှလိုက်သွားရန် ဟန်ပြင်လိုက်စဉ် ဒေါသအမျက် ခြောင်းခြောင်းထွက်နေသော ဘလှကြည်သည် သီတာဇင်၏လက်ကို ဆောင့်၍ဆွဲယူလိုက်သည်။

ဘလှကြည် ဤမျှမိုက်ရိုင်းမည်မထင်၍ နှစ်ယောက်သားအငိုက်ဖြစ်၍ ဘလှကြည်၏ ကိုယ်ထိလက်ရောက် နယ်လွန်လာမှုကို ခံလိုက်ကြရသည်။





သို့သော်. . .။

"ကိုင်းကွာ. . ."

"ခွပ်"

"အား"

တင်မောင်မောင်သည် လူများမမြင်ရန် သိသိသာသာကြီး မဟုတ်ဘဲ ခပ်ကြိတ်ကြိတ်ပုံပန်းဖြင့် ဇက်ပိုးကို ခုတ်ထည့်လိုက်သည်။

"အွန့် အွန့်"

တခဏတည်းပင် အရှိုက်ကိုနှစ်ချက်ဆင့်ထိုးလိုက်ရာ စောစောက သူဖွင့်ထားသော ကားထဲသို့ခွေကနဲ ကျ၍ သွားလေတော့သတည်း။

"လာ မမသီ သွားစို့"

သူတို့အခင်းဖြစ်ပွားရာသို့ အိမ်တစ်လုံးနှစ်လုံးမှ အနည်းငယ်မသက်ာဖြစ်သူများ အနားသို့ ရောက်လာကြသည်။

"ဘာဖြစ်ကြတာလဲဗျာ"

"ဩော် ဒီက မိတ်ဆွေ လေအောင့်သွားလို့တဲ့ဗျာ။ **ဒါကြောင့်** ကျွန်တော်တို့က သက်သာမှကားမောင်းလို့ ပြောနေတာပါ**။ တဆိတ်ကြည့်**လိုက်ကြပါဗျာ။ ကျွန်တော်တို့က သွားစရာလေးရှိသေးလို့။ လာ မမသီ"

တင်မောင်မောင်သည် ကားထဲ၌ခွေလျက်ကလေး လဲနေသော ဘလှကြည်အား လက်ညှိုးညွှန်၍အရပ်သို့ အပ်နှံခဲ့လေသည်။

ဟိုးနိုးကားဂိတ်ရောက်သည်အထိ သူတို့နှစ်ယောက် စကားမပြောကြချေ။

တင်မောင်မောင်က ကျွန်တော်တို့ချင်းထပ်အောင် ပြောခဲ့မိ၍ ...က်နှာပူနေသည်။ သီတာဇင်ကမူ ကြုံခဲ့ရသမျှ ဘလှကြည်က လက်ဆွဲ...က်သည်ပင် ခံလိုက်ရ၍ တုန်လှုပ်ခြောက်လန့်နေရသည်။

"မမသီ ဒီကို ဘာကိစ္စလာလိုက်တာလဲဟင် အဖော်ကလေးများ ...ါခဲ့ရောပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကင်းနဲ့ တောင်ဥက္ကလာ နီးနေတာပဲဆိုပြီး အဖော်မခေါ်ခဲ့မိဘူး။ တပည့်မလေးတစ်ယောက် သိပ်ဖျားနေတာ လာကြည့်တာပါ"

"ဖြစ်မှဖြစ်ရလေ မမသီရယ်။ ကျွန်တော်လည်း ဒီလမ်းကြားလာတာမဟုတ်ဘူး မမသီရဲ့။ ဆရာကြီးဦးချစ်သန်းဆီက သိုင်းပညာတွေ စုပေါင်းပြုစုထားတဲ့ စာအုပ်သွားပြီးငှားတာပါ။ အဲဒါ ဆရာကြီးတို့ အပြင်သွားကြတာနဲ့ စောင့်ရင်း ဆရာကိုဝင်းတို့အိမ်ဘက် လျှောက်လာတုန်း လုံးလုံးမမျှော်လင့်တဲ့အဖြစ်နဲ့ကြုံရတာပါ မမသီ"

"မမသီ မခံချင်လွန်းလို့ပါ။ သူနဲ့ မမသီဖြင့် ဒါပါနဲ့မှ သုံးခါလားမျက်နှာချင်းဆိုင်မိတယ်။ စကားငါးခွန်းပြည့်အောင် မပြောဖူးဘူး။ ပြဇာတ်တိုက်တုန်းကပေါ့။ ခင်သွဲ့အောင် မိတ်ဆက်ပေးတာ။ သူ့လိုဟာသိလည်း မသိချင်ပါဘူး။ ခုကြည့်လေ မောင်မောင်သာ ကြုံကြုံဖန်ဖန်ပေါ်မလာရင် ဘယ်အခြေထိဖြစ်မလဲ မတွေးရဲဘူး"

"ဟုတ်တယ်ဗျာ မမသီတို့လို လှတဲ့မိန်းကလေးတွေဟာ ဂျူဒိုပညာသင်ထားဖို့ကောင်းတယ်"

"ဂျူဒို"

"ဟုတ်တယ် မမသီ။ သူများကို စော်ကားရန်စဖို့မဟုတ်ဘူးလေ။ ခုလိုမတရားရိုင်းစိုင်းတဲ့လူတွေနဲ့တွေ့ရင် ကာကွယ်ခုခံဖို့ပေါ့။ ဒီမိန်းကလေးတွေအတွက်ကျတော့ ခုနကလိုလက်ဆွဲလိုက်ရင် ကိုယ်က ဆက်လိုက်ရုံနဲ့ ဒီလူဟာ လဲသွားနိုင်တဲ့ပညာမျိုးတွေ မမသီရဲ့။ မိန်းကလေးတွေအတွက် တကယ်အဖိုးတန်တယ်။ ဟော ကားလာပြီ။ တက်လေ မမသီ"

အလယ်တန်းလောက်မှ ခုံလွတ်တစ်ခုသို့ သီတာဇင်ကဝင်၍ထိုင်သည်။

တင်မောင်မောင်သည် ဘေးမှလွတ်သော်လည်း အလိုက်သိစွာ ဝင်မထိုင်ဘဲ ရပ်နေသည်။

လက်မှတ်ရောင်း ကိုလှရှည်လေးသည် လက်မှတ်ဆုတ်ရင်းက





နှစ်ယောက်ထိုးပေးနေသည့်ကြားက သူနှင့်နီးသော တင်မောင်မောင်ထံမှ ပိုက်ဆံယူ၍

"ခင်ဗျားဝင်ထိုင်လေ မတ်တတ်ကြီး။ ခင်ဗျားမထိုင်လည်း ရှေ့မှတ်တိုင်ကျ လူတွေဝင်ထိုင်မှာပဲ"

ဟုပြောရင်း တင်မောင်မောင်အား အတင်းဝင်၍ အထိုင်ခိုင်းနေသည်။

"ထိုင်လေ မောင်မောင်"

သီတာဇင်က မပွင့်တပွင့်ခွင့်ပြုလိုက်မှ တင်မောင်မောင်သည် ဘေးလူများရှေ့တွင်လည်း ခုံလွတ်ရှိပါလျက်နှင့် မထိုင်ခြင်းသည် ကြောင်လှသဖြင့် ဝင်၍ထိုင်လိုက်ရသည်။

သို့သော် မိမိစိတ်မှ တကယ်မြတ်နိုး ခင်တွယ်မိသော မိန်းမပျိုလေးတစ်ဦးအပေါ် စာနာစိတ်များစွာထားမိ၍ သူ့ခမျာ ငါနဲ့တွဲစီးရတာ ဘယ်လောက်ရှက်ရှာမလဲဟု စိတ်မကောင်းဖြစ်မိ၍ အိနြေ္ဒနှင့် ဘေးစွန်းတွင် ထိုင်သည်ဆိုရုံကလေး ထိုင်နေလိုက်သည်။ သီတာဇင်ကလည်း မျက်နှာကလေးရဲရဲနှင့် စကားမပြောချေ။

ဤသို့နေပါမှ ရန်ကင်းကွေ့တွင် လူကလည်း ရှင်းခိုက်မို့ ဟီးနိုးကားကြီးသည် ဝူးကနဲတအားကွေ့ဝင်လိုက်ရာ ပြတင်းပေါက်ဘက်မှ သီတာဇင်ကိုယ်လေးသည် လျှောစင်မှ လျှောစီးချလိုက်သည့်နှယ် တင်မောင်မောင်ထိုင်နေသော အဖျားစွန်းအထိ အိကနဲကိုယ်လုံးချင်းထိ၍ ကျလာလေတော့၏။

"အမယ်လေး ကားကလည်း ဂျက်လေယာဉ်ပျံကျနေတာပဲတော်။ အဟီး. . . အဟီး တို့မြေးအဖွားလည်း ခြေကားယား လက်ကားယား ဖြစ်သွားတော့တာပဲ"

အဖွားကြီးတစ်ဦး၏ ဖွာကျဲကျဲရယ်သံ ထွက်ပေါ်လာစဉ်



www.burmeseclassic.com

www.burmeseclassic.com

တင်မောင်မောင်၏ **ကိုယ်လုံးကို မှီရက်သားပုံစံဖြစ်သွားရသော** သီတာဇင်မှာ ပူပူထူထူနှင့် သူနေရာသို့သူ **အမြန်ခွာ၍** ထိုင်လိုက်ရရှာသည်။

"ဆောရီးဗျာ ဒီလိုမှန်းသိရင် ကျွန်တော် နောက်ကားနဲ့မှ လိုက်ပါတယ်"

ဘတ်စကားပေါ်မှဆင်း၍ ပလက်ဖောင်းပေါ်သို့ အရောက်တွင် တင်မောင်မောင်က စ၍ စိတ်မကောင်းသံနှင့် ပြောလိုက်သည်။

"အို ဒါတော့ ကားကြောင့်ဖြစ်ရတာပဲ"

သီတာဇင်သည် ရှက်နေသမျှ စိတ်တင်းလိုက်ပုံပေါ်သည်။ သူ့မျက်နှာဝါဖူးဖူးကလေးကို မော့၍ ပြောလိုက်သည်။

"အဟင်း. . . တော်ပါသေးရဲ့ဗျာ။ မမသီက ရှက်တတ်လွန်းလို့ ကားပေါ်တုန်းက ကျွန်တော်ဖြင့် သိပ်အားနာသွားတာပဲ"

စိတ်အေးချမ်းသာသွားပုံနှင့် တင်မောင်မောင်တစ်ယောက် ရယ်ကာမောကာပြောနေပုံကို ကြည့်လိုက်ရင်း . . .

"**ဒါနဲ့**မောင်မောင် မမသီကို ခုလိုဘလုကြည့်လိုက်နှောင့်ယှက်တာ **ဘယ်သူ့မှမပြောနဲ့နော်**။ မမသီ သိပ်ရှက်တာပဲ"

"**ဪ မမသီရယ်. . .** ကျွန်တော့်ကို ဒီလောက်အထင်မသေးပါနဲ့ဗျာ"

"**မောင်မောင်တို့က လူငယ်တွေ**မဟုတ်လားကွယ်။ စပ်မိစပ်ရာတွေ လျှောက်ပြောမိမှာစိုးလို့ပါကွယ်"

"လူငယ်ပေမဲ့ စိတ်မငယ်ပါဘူး မမသီရဲ့။ လူတော်တစ်ယောက် လူကောင်းတစ်ယောက်ဖြစ်အောင် အမြဲကြိုးစားတယ်။ အထူးသဖြင့် မာနကြီးကြီးနဲ့ မိန်းကလေးတွေ အားကိုးအထင်ကြီးလောက်တဲ့ပုဂ္ဂိုလ် ဖြစ်အောင်လည်း လူငယ်မိုက်ရူးရဲ့စိတ် ဘယ်တော့မှမထားပါဘူး မမသီ။ ဒါတော့ ယုံစမ်းပါဗျာ"





တင်မောင်မောင်သည် နှုတ်ပိတ်နေမည်ဟု စဉ်းစားထားကာမှ သူ့စကားလုံးလေးများသည် ပေါက်ကွဲထွက်ပေါ်သွားရသည်။

"မောင်မောင်က မမသီကိုကူညီရတယ်ဆိုပြီးတော့ အခွင့်အရေးယူတဲ့ စကားမျိုးတော့ မပြောသင့်ပါဘူးလေ"

တင်မောင်မောင်သည် ယခုလိုဆိုတော့လည်း သူပြောလိုက်မိသော စကားအတွက် အားတောင့်အားနာ ဖြစ်သွားရသည်။

"ကျွန်တော် အခွင့်အရေးမယူပါဘူးဗျာ၊ မမသီဆီက အခွင့်အရေး မယူရက်ပါဘူး။ အဲဗျာ ကျွန်တော် ဘာ. . . ဘာဆက်ပြောရမှန်းလည်း မသိတော့ပါဘူး။ ကျွန်တော်သွားတော့မယ်"

ထိုသို့ပြောကာ သူတို့တိုက်တန်းဘက်သို့ ချိုးဝင်ရန်ဟန်ပြင်လိုက်သည်။

သည်တော့လည်း သီတာဇင့်မျက်နှာလေးတွင် ကျေနပ်သွားပုံလေးမှ မျက်နှာပုံနူးနူးညံ့ညံ့ကလေး ဖြစ်သွားရကာ. . .

"မောင်မောင့်ကို ကျေးဇူးအများကြီးတင်ပါတယ်ကွယ်။ သွားမယ်နော်"

ဟူ၍ လှမ်း၍ပြောလိုက်သည်။

သီတာဇင်၏ နူးညံ့သောဟန်ကလေးများသည် တင်မောင်မောင်၏ စိတ်ပျက်လက်ပျက်လှမ်းထွက်သွားသော ခြေလှမ်းများ အလိုလိုတုံ့သွားရကာ. . .

"မမသီ ဂျူဒိုသင်မယ်မဟုတ်လား။ ဂျူဒိုမယ် ခင်တင့်တင့် ဆိုတာနဲ့ မမသီကို မိတ်ဆက်ပေးမယ်လေ"

"ဪ အမျိုးသမီးချင်း သင်ရရင်တော့ မဆိုးပါဘူး"

"ကျွန်တော် မမသီကို သင်မပေးရဲပါဘူးဗျာ။ ဒါပေမဲ့ ခင်တင့်တင့် သူ့ကျောင်းစာနဲ့ဆိုတော့ ပင်ပန်းတယ်ဆိုပြီး တစ်ယောက်တင်ရှာ


www.burmeseclassic.com

www.burmeseclassic.com

ပေးရတယ်။ ဟို မမကေခိုင်တို့လည်း အဖော်ဖွဲ့ထားပါဦး။ တစ်ခါတည်း စုပြီးသင်ရအောင်"

"တစ်ရာတောင်ပဲ များလှချေလားရှင့်"

"ပေးနိုင်တဲ့ မမသီတို့လို ဆရာမကြီးတွေဆီကတော့ ယူပါတယ်။ မပေးနိုင်ဘဲ ပညာလိုချင်တဲ့သူတွေကိုတော့ အလကားသင်ပေးတာလည်း ရှိပါတယ်။ ဒါပေမဲ့ ဒီအလကားသင်တန်းက နွေရာသီကျောင်းပိတ်ရက်မှ မမသီရဲ့။ ကျွန်တော် ခင်တင့်တင့်ကိုခေါ် ခဲ့မယ်လေ။ မမသီတို့ စကားပြော ကြည့်ကြပေါ့နော်"

"ကောင်းသားပဲ"

သီတာဇင်သည် စောစောက ရှက်ရထိတ်ရသောအကြောင်းအရာများ မေ့သွားရပုံနှင့် ပေါ့ပေါ့ပါးပါးကလေး လမ်းမကိုဖြတ်ကူး၍ သွားလေတော့၏။

တစ်ဘက်ပလက်ဖောင်းရောက်မှ သီတာဇင်က အမှတ်တမဲ့ လှမ်း၍ ကြည့်လိုက်ရာ၊ တင့်မောင်မောင်သည် သစ်ရွက်ကလေးများကို လက်နှစ်ဘက်နှင့်ချွေရင်း သီတာဇင်ကူးသွားသည်ကို ရပ်ကြည့်နေပုံရသည်။ သီတာဇင်၏ လှမ်းအကြည့်နှင့်ဆုံနေမှ . . .

"မမသီကို ကားတိုက်သွားမစိုးလို့ စောင့်ရသေးတယ်ခင်ဗျ"

ဟု ပြုံးပြုံးရီရီနှင့် လှမ်း၍ပြောလိုက်သည်။

သီတာဇင်သည် တစ်ခုခုကို ပြန်၍ပြောသည်။ သို့သော် မောင်မောင် မကြားရတော့ချေ။ ကြားထဲမှ ဟီးနိုးကားကြီး နှစ်ဆင်း ရှေ့ဆင့်နောက်ဆင့် မောင်းနှင်ကာဆီး သွားကြရသည် မဟုတ်ပါလား။

◆



၂၃

ထိုနေ့က စနေနေ့ နေ့တစ်ဝက်အားကြသဖြင့် အပျိုမသုံးယောက် ခေါင်းဆေးမင်္ဂလာပြုကြသည်။

မှန်သည်။ သူတို့ခေါင်းလျှော်ပုံသည် ပလတ်စတစ်ရောင်စုံခွက်ကြီးတွေ ကိုယ်စီနှင့် ခေါင်းလျှော်ရေများကို ဆန်ခါနှင့် ပထမစစ်ကြရသေးသည်။ စပါယ်ရှယ်ပြင်ဆင်ပြီးမှ သူတို့ခေါင်းလျှော်သောအခါ တစ်ဦးက သဝေမပါကိုးဂါထာကို သက်စေ့ရွတ်သည်။ တစ်ဦးက ဣတိပိသော သက်စေ့ရွတ်သည်။ တစ်ဦးက နာမရူပ အနိစ္စ ဒုက္ခ သက်စေ့ရွတ်သည်။

ဤအတတ်ကို နိုင်ငံခြားသို့ရောက်ရှိသော သီတာဇင်၏မွေးစားသောအမေက သင်ခဲ့သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် မိန်းကလေးများအဖို့ ကျက်သရေမင်္ဂလာ တိုးတက်သည်ဟု စွဲမြဲစွာယုံကြည်ကြသည်။

တစ်ဘက်ခန်းမှ မသန်းမူသည် စိတ်ကူးရ၍ ကူးလာရင်းက သူတို့ ခေါင်းလျှော်နေပုံကို ခေါင်းတငြိမ့်ငြိမ့်နှင့် ကြည့်နေသည်။

"အင်း. . . ရွတ်ကြ ရွတ်ကြ။ သုံးယောက်သားကတော့ စံပါပဲရှင်။ ပညာရှိပုံချင်းလည်းတူ၊ အသက်ချင်းကလည်းတူ၊ ရုပ်လှချင်းကလည်းတူ


www.burmeseclassic.com

www.burmeseclassic.com

အနေအကျင့်လည်းတူ။ ကြည့်လေ ဆံပင်တွေကို ခါးလယ်အထိ ညီညီဖြတ်ထားတာထိ တူအောင်ကိုလုပ်ထားကြတယ်။ မထူးပါဘူး နောင်လည်း တစ်သက်လုံးအတူနေရအောင် လူတစ်ယောက်တည်းပဲ ယူထားလိုက်ကြပါတော့"

"ကြည့်စမ်း ကော်ကပ်ပါရဂူ မမမူကြီးနော်။ ရိုးရိုးသားသား အညောင်းလာမဆန့်သေးဘူး။ ဇရိုတ်သုက္ခတွေ လာပြောဦးမယ်"

မြကေခိုင်က ရေလျှော်ပြီးသော သူ့ဆံပင်များကို မျက်နှာသုတ်ပုဝါနှင့်သုတ်ရင်း မကျေမနပ်ချေပ့လိုက်သည်။

"မမမူက တကယ်စိတ်ကူးကောင်းနဲ့ ပြောတာပါ"

"တော်ပါ မမမူစိတ်ကူးကောင်းကြီးက"

"မမမူက စက်ခုံကမထဘဲ အဝတ်ချုပ်နေပေမဲ့ အလကားမနေဘူး။ တွေးတတ်တယ်။ စိတ်ကူးလည်းယဉ်တတ်တယ်"

"အမယ် စက်မချုပ်ဘဲ စာရေးဆရာမ လုပ်စားပါလား"

"ဟင့်အင်း စာရေးဆရာမတော့ မလုပ်ချင်ဘူးကွယ်"

"ဘာဖြစ်လို့လဲ မမမူရဲ့"

"အို. . . အားကြီးအဝေဖန်ခံရတယ်ဆိုပဲ။ ဒါကြောင့် စာတော့ မရေးချင်ဘူးကွယ်။ အလကားမတ်တင်းပဲထိုင်ပြီး စိတ်ကူးယဉ်နေလိုက်တယ်"

"အင်း. . . ပြောတော့မယ် မတော်တရော်"

"တကယ်ပါ မမမူစိတ်ကူးယဉ်တာလေးတွေ မဆိုးဘူး မသီတာရဲ့။ ဟိုဘက်တိုက်က ကိုရဲအောင်ကြီးနဲ့ သူတို့နံဘေးက ဦးသိန်းသမီးလေးရဲရင် သိပ်ကောင်းမှာပဲလို့ မမမူ သူတို့ရောက်စကတည်းက စိတ်ထဲမှာ တွဲတွဲကြည့်နေတာ။ စိတ်ကူးယဉ်ကြည့်တာပေါ့လေ။ ဟော. . . ကြည့်စမ်း။ သူတို့ တကယ်ရသွားတော့ မမမူတွေးတဲ့အတိုင်း ဘယ်လောက်အဆင်ပြေသွား





ကြသလဲ။ ခုကြည့်လေ ကိုရဲအောင်ကြီးတို့များ သားနဲ့မယားနဲ့ ဖြစ်လာတော့ ငွေစုတယ်။ ကားဝယ်တယ်။ ပြောင်ပြောင်ရောင်ရောင်ဖြစ်လာတာပေါ့"

"မမမူကလည်း ကိုယ့်အထည်တွေပဲ ကိုယ် ပုံကောင်းသထက်ကောင်းအောင် ကြိုးစားချုပ်ပါလား။ အချိန်ကုန်အောင် သူများအကြောင်းတွေ စဉ်းစားမနေနိုင်ပါဘူး"

"ဒါ ဝါသနာပဲ ငွေငွေရဲ့။ မမမူက အဲလိုစိတ်ကူးဇာတ်လမ်းကလေးတွေ ဆင်ဆင်ပြီးချုပ်ရင် အင်္ကျီပုံတွေလည်း ပိုလှတယ်"

"ဒါကြောင့်ထင်တယ်။ မမမူ မျက်လုံးဟာ တစ်မျိုးပဲ။ သိပ်စပ်စုသလိုပဲ"

"ဟုတ်တယ် စပ်စုတာပဲပေါ့။ ဒါ မမမူရဲ့ဝါသနာလို့ ပြောပါပကောလား။ ဥပမာကွယ်။ ကေခိုင်တို့ အခန်းဘက်ကို လာလာနေတဲ့ ဟို အရပ်မြင့်မြင့် မျက်နှာချိုချို ကိုလူဖျို လေယာဉ်မှူးရှိပါကောလား"

"အင်း. . . အင်း. . . ပြောတော့မယ်"

"ဟုတ်တယ်လေ ဒီလူ့ရုပ်ကိုကြည့်စမ်း။ မိန်းမတစ်ယောက် တကယ်အားကိုးထိုက်တဲ့ အရည်အချင်းပဲ"

"ဦးသက်နိုင်ကြားရင်တော့ သွေးနားထင်ရောက်ရှာတော့မယ်"

"ရောက်ပစေလေ သူက အရည်အချင်းရှိတာပဲ။ သူ့ကိုလေ ပထမ မြကေခိုင်နဲ့ တွဲကြည့်တယ်။ လိုက်တာပဲ။ ဒုတိယ မသီတာနဲ့ တွဲကြည့်တယ်။ ဒါလည်း လိုက်တာပဲ။ နောက်ဆုံးတစ်ခါ ငွေငွေနဲ့ တွဲကြည့်တော့လည်း လိုက်နေတာပဲ။ မခက်ဘူးလား"

"မမမူနဲ့တွဲကြည့်တော့ကော. လိုက်တာပဲမဟုတ်လား"

"အမယ်လေး. . . ဖွဟဲ့ မပြောကောင်းမဆိုကောင်းတော်။ ကျုပ်မှာ လင်ကြီးငုတ်တုတ်နဲ့ပါ။ ပြီးတော့ 'ကံငါးပါးကို လုံအောင်ထိန်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



ရင် စက်ချုပ်ခင္ဂွေနဲ့ တိုက်တည်နိုင်ရတဲ့ကိုယ်ဖြစ်ရပါလို၏' လို့ ဘုရားမှာ အဓိဋ္ဌာန် ပြုထားတယ်။ နောက် မမမူကို အဲလိုမစနဲ့နော်"

"အမလေးဟဲ့။ တော်တော်တရားတဲ့ အဘွားကြီး။ သူကျ ဆတ်ဆတ်ကိုခါနေတာပဲ။ သူများတကာကျ ရက်ရက်ရောရော"

"သြော်. . . ရက်ရောဆို ပိုင်ရှင်မဲ့အပျိုတွေ မဟုတ်လား။ ကဲ. . . မမမူ မေးမယ်။ တစ်နေ့ ငါယောကျာ်းယူခဲ့ရင် ဘယ်လိုလူမျိုးမှ ယူမယ်လို့ တစ်ခါမှ စိတ်ကူးမယဉ်ခဲ့ဘူးလား။ ဟင်း. . . မညာနဲ့နော် မညာနဲ့။ စောစောကတော့ သဝေမပါကိုးဂါထာတွေ ဘာတွေရွတ်နေကြပြီးတော့"

မသန်းမူက ဘုရားစာနှင့် ကိုင်ပေါက်၍ သုံးယောက်သား မလှုပ်နိုင်တော့ဘဲ တခစ်ခစ်ရယ်ကြလေတော့သည်။

"အဲ. . . ငွေငွေတို့ ကေခိုင်တို့ မသီတာတို့ချည်း မဟုတ်ဘူး။ များသောအားဖြင့် မိန်းကလေးတွေဟာ ဒီလိုပဲ နည်းနည်းတော့ စိတ်ကူးယဉ်ကြည့်ကြစမြဲပဲ။ ဒီတော့ ရှည်ရှည်ဝေးဝေး ခဲခဲယဉ်းယဉ်း သိပ်မစဉ်းစားကြပါနဲ့တော့။ ခုလို သုံးယောက်သား ဥမကွဲသိုက်မပျက်နေနိုင်အောင် အဲ. . ဟိုလေယာဉ်မှူးတစ်ယောက်တည်းသာ ဝိုင်းယူလိုက်ကြပေတော့"

"ကြည့်စမ်း ကြည့်စမ်း။ မမမူကြီး သိပ်ဆိုးတာပဲ"

သူတို့ သုံးယောက်သည် ဝိုင်း၍လိုက်ရိုက်ကြသည်။ မသန်းမူက ပြေးသည်။

"လက်ဝဲတော်ရံ လက်ယာတော်ရံဆိုတဲ့စံချိန်ကို ချိုးလိုက်ပြီ။ အလယ်တော်စံတစ်ယောက် ပိုသွားတာပေါ့။ အဟား. . . ဟား မကောင်းဘူးလား"

သူတို့တိုက်ဘက် ပရဝဏ်ရောက်ခါနီးမှ လှမ်း၍ပြောရင်း သူစကားနိုင်ရ၍ တခစ်ခစ်ဝမ်းသာသွားပုံနှင့် ကူးသွားလေတော့သတည်း။

မိန်းမပျိုသုံးဦးကား မမမူကြီးကို မကျေမချမ်းကြည့်၍ ကျန်ခဲ့ကြလေတော့၏။





အားလုံး ရေမိုးချိုးပြီးကြသောအခါ မှာထားသော ဆိတ်သားများ ရောက်လာ၍ သီတာဇင်သည် အိမ်ရှေ့ခုံကလေးတွင် အသားကြိတ်စက်နှင့် ဆိတ်သားများ ကြိတ်နေသည်။

ငွေငွေက ချင်း,ထောင်းပြီး၍ ကြက်သွန်ဖြူ ခွာနေသည်။ မြကေခိုင် က နွားနို့အိုးကို ဖွဲပြာနှင့်တိုက်ဆေးနေသည်။

"ရေချိုးပြီးမှ ဒါတွေလုပ်ရတာ ဂိုက်ပဲ့တယ်ကွယ်"

"ဂိုက်မပဲ့ပါဘူးဗျာ။ ဒေါ်ကေခိုင်တို့က အမြဲဆိုက်တဲ့ပြီးသားပါ"

ခြုံးကနဲ သူတို့သုံးယောက်အပေါ်မှ မင်းသက်နိုင်၏အသံ ထွက်ပေါ်လာ၍ သုံးယောက်သား ပြိုင်တူအံ့အားသင့်၍ သွားကြရသည်။

"ဦးသက်နိုင်ကြီး ကားသံမကြား ခြေသံမကြားနဲ့ ဘယ်လိုများ အနားရောက်လာလိုက်တယ် မသိပါဘူးရှင်"

"ခါတိုင်းလို လာတာပါပဲဗျာ။ ဒေါ်ကေခိုင်တို့သုံးယောက်က အလုပ်ထဲစိတ်ရောက်နေကြပြီး မကြားလို့ပါ"

"ထိုင်လေ ဦးသက်နိုင်"

ဦးသက်နိုင်က မထိုင်သေးဘဲ. . .

"ဇင်ဇင်ကို ပြစရာရှိလို့ လာခေါ်တာပါဗျာ။ လိုက်နိုင်မယ်ဆိုရင်တော့. . ."

"ဘယ်ကိုလဲ ဦးသက်နိုင်"

"ပန်းချီပြပွဲပါ။ ဇင်ဇင်တို့မေမေရဲ့ 'မြနှစ်သူဇာ' ဆိုတဲ့ ပန်းချီကား ရွေးချယ်ခံရတယ်။ ဒုတိယဆုရတယ်။ အဲဒါ ဒီနေ့ညနေ ခြောက်နာရီ ဆုပေးပွဲရှိတယ်လေ။ ဒေါ်ကေခိုင်တို့ ဒေါ်ငွေငွေတို့ပါ လိုက်ခဲ့ကြပါလား ဗျာ"

"ဟင်. . . မေမေ့ပုံဆုရတယ် ဟုတ်လား"

"ဟုတ်တယ် ဇင်ဇင်။ သူတို့ ပြင်သစ်ပန်းချီဟောင်းပြိုင်ပွဲကို့မှပေး



www.burmeseclassic.com

www.burmeseclassic.com

ကြမယ်လေ။ ကျွန်တော်လည်း ဖေဖေ့လက်ရာ ခုလိုဆုရတာ ဘယ်လို ဝမ်းသာမှန်းမသိဘူးဗျာ"

"ကိုယ့်အမေပုံနဲ့ ကိုယ့်အဖေလက်ရာအတွက် သက်ဆိုင်တဲ့လူ တွေသာ သွားကြပါရှင်။ ကျွန်မတို့ ဆိတ်သားကက်တလိပ် လုပ်စားကြ မလို့ရှင့်။ အားလည်း မအားကြပါဘူး"

"ဟုတ်ပါတယ်။ ကိုယ့်အမေပုံဆုရတာ ဘယ်လောက်ဝမ်းသာစရာ ကောင်းသလဲ။ သွားလေ သွားလေ၊ ထားခဲ့။ ငွေးဆက်ပြီးလုပ်လိုက်ပါ့မယ်"

"ဟုတ်သားပဲ၊ လိုက်သွား မသီတာ"

သူ့ကို စေတနာထားကြပုံနှင့် ညီမကလေးများသဖွယ် အားလုံး တိုက်တွန်းကြသည်။

"ဟုတ်ပါတယ်ခင်ဗျာ။ ခုနှစ်နာရီခွဲ အလွန့်ပါပဲ၊ ဆုပေးပွဲက ခဏ ကလေးပါ။ ကျွန်တော်ကတော့ သုံးယောက်စလုံးကို ဖိတ်ပါတယ်နော်။ ဇင်ဇင့်အမေဓာတ်ပုံမို့သာ သူ့နာမည် ခေါင်းစဉ်တပ်ပြောရတာပါဗျာ"

"ကျေးဇူးတင်ပါသတဲ့ရှင်။ ကျေးဇူးတင်ပါသတဲ့။ ကျွန်မတို့ မအား ကြလို့ပါရှင်ရယ်။ ဟေး. . . မသီတာ အဝတ်သွားလဲလိုက်လေ"

သီတာဇင်မှာ ကယောင်ကတန်းနှင့်သာ အပေါ်တက်ခဲ့ရသည်။ သူတစ်ယောက်တည်း လိုက်သွားရမည်ကို သင့်မသင့်ဆုံးဖြတ်မရအောင် ရှိရချေသည်။ မမမူသားလေး ခေါ်သွားရကောင်းမလား။

သူသည် ရေမခြောက်တခြောက်ဆံပင်ကို ဝါစာကမာခေါက်၍ စီးလိုက်ပြီး ပိုးလည်စီးပန်းနုရောင်ကလေးကို အပွင့်ဖော်၍ စီးလိုက်သည်။ သူ့မေမေ ပို့လိုက်သော နက်ပြာရောင်ဇာပွင့်ကြဲ အင်္ကျီလက်ရှည်နှင့် ဦးသက်နိုင်ဝယ်လာသော ရခိုင်လုံချည်ပန်းရောင်ပေါ် မှ သမင်ရုပ်အနက် ကလေးများ ပျောက်ကြားဆင်ထားသဖြင့် အင်္ကျီနက်ပြာနှင့် များစွာမှ လိုက်ဖက်သွားရသည်။

"ဟို. . ဟို. . ဦးသက်နိုင် ကျွန်မ မမမူသားလေး ခေါ်ခဲ့မယ်နော်"





လှေခါးဝမှ ဆင်းလာသော လှသူဇာကို မင်းသက်နိုင်က တစ်ချက် မျှ ငေးကြည့်လိုက်မိရင်း. . .

"အို. . . ဇင်ဇင့်သဘောပါ။ ခေါ်ခဲ့လေ ခေါ်ချည်ပါ"

ဟု ပျာပျာသလဲ ပြောလိုက်သဖြင့် သီတာဇင်သည် တစ်ဘက်အိမ် သို့ ကူးခဲ့လေသည်။

"ကျွန်တော်တော့ ဘာပြောပြော ဒေါ်ကေခိုင်ကို သဘောကျတယ် ဗျာ"

"ရှင်"

မြကေခိုင်သည် မည်မျှရဲတင်းပါသည်ဟု ဆိုစေကာမူ ဦးသက်နိုင် ၏စကားကြောင့် 'ရှင်' ခနဲ လန့်ဖြန့်သွားရရှာသည်။

"အဟင်း. . . အဟင်း"

ငွေးငွေးသည် မအောင့်နိုင်ဘဲ ရယ်လေသည်။

"ဩော်. . . ကျွန်တော်က စကားပြောလောသွားလို့ သည်းခံပါ ခင်ဗျာ။ ကျောက်ဖြူတုန်းကလေ ဒေါ်ကေခိုင်နဲ့ ကျွန်တော်နဲ့ လျှောက်သွား ကြတာပဲ။ စစ်ဗိုလ်မဆိုတော့ သူက ရဲတယ်ဗျ။ ကျွန်တော်သဘောကျတာ ဒါ ပြောတာပါ"

"တော်သေးတာပေါ့ရှင်"

"ဟော. . . ဇင်ဇင်။ ဘာတဲ့လဲ တူးတူးက"

"မရှိဘူးတဲ့ကွယ်။ သူ့အမေနဲ့ ရုပ်ရှင်လိုက်သွားသတဲ့။ ကဲ. . ကဲ. . ဦးသက်နိုင်လည်း အားနာပါတယ်။ မခေါ်တော့ပါဘူး"

"စိတ်အေးအေးချမ်းချမ်း လိုက်ခဲ့ပါဗျာ။ မြန်မြန်ချင်း ပြန်ပို့မှာပါ ဇင်ဇင်ရဲ့"

"ဟုတ်ပါရဲ့ကွယ်။ မသီတာကလည်း။ ဒီမှာ ဦးသက်နိုင် ကျွန်မတို့ နှစ်ယောက် ဂျူဒိုသင်နေကြတယ်ရှင့်။ ငွေးငွေးကတော့ မအားလို့မသင်ရ ဘူး"

www.burmeseclassic.com

www.burmeseclassic.com



“အာ. . ဒါနဲ့များ ဇင်ဇင်က ဘာကြောက်စရာရှိသလဲ။ တက်ပါ တက်ပါ”

သူက ကားနောက်တံခါးကို ယုယစွာဖွင့်ပေးလိုက်သည်။ မြကေခိုင်တို့နှစ်ယောက် လက်ပြ၍ ကျန်ရစ်ကြလေတော့သတည်း။

“ဇင်ဇင့်စိတ်ထဲမှာ ကျွန်တော့်ကို အထင်သေးတာလား၊ စိတ်နာတာလား တစ်ခုခုပါပဲ။ အဲလေ . . . ကျွန်တော်နဲ့ပါလာတုန်း ဒါတွေမပြောတော့ပါဘူး”

ကားလေးတစ်ခုလုံး တိတ်ဆိတ်ခြင်းက မင်းမူသွားရကာ စာပေဗိမာန်အထက်ထပ်မှ ပန်းချီပြိုင်ပွဲကျင်းပရာသို့ တက်ရောက်ခဲ့ကြလေတော့၏။

မင်းသက်နိုင်သည် ဆင်စွယ်ရောင်ပိုးတိုက်ပုံ အင်္ကျီအညိုဖျော့အရောင် အင်းလေးလုံချည်နှင့် ကြန့်ရစွာ ပြင်ဆင်လာသော်လည်း သူ့ရုပ်သည် ချော၍နုနေရ၍ လူတွေက မသိမသာလှည့်ကြည့်ကြသည်။

အထူးသဖြင့် ဇာအင်္ကျီအနက်လက်ရှည် ရခိုင်လုံချည်ပန်းရောင်ကလေးနှင့် သီတာဇင်ကိုမူ ဟန်မလုပ်နိုင်အောင် တီးတိုးတီးတိုးနှင့် ကြည့်ကြသည်။ အဘယ်ကြောင့်ဆိုသော် ဒုတိယဆုရ ‘မြနှစ်သူဇာ’ ရုပ်ပုံလွှာနှင့် ချွတ်စွတ်တူ၍ နေရသောကြောင့်တည်း။

“ရှေးဟောင်းပန်းချီသာဆိုတယ် ပန်းချီပုံရှင်က ငယ်ငယ်လေးပဲ ရှိသေးတယ်နော်”

အထူးသဖြင့် ခေါင်းလျှော်ထားပြီး ခေါက်၍စီးထားသည့်ကြားမှ ဖွာဖွာကလေးလွင့်နေပုံသည် ပန်းချီကားနှင့်ပို၍ တူနေရပေသည်။

သီတာဇင်မှာ သူ့မေမေအရင်းဆိုသူ၏ ဓာတ်ပုံကို ကြည့်ရင်းကြည့်ရင်းက သူ့စိတ်သည် ဦးသက်နိုင်ပြောသော အတိတ်ဇာတ်ကြောင်းဆီသို့ အပြေးအလွှားပြန်လည်စဉ်းစားနေမိသည်။





“ရေးဆွဲသူရဲ့ အမည်က ထွန်းနိုင်တဲ့။ ဒါ. . . ဒါ ဦးသက်နိုင်အဖေဆွဲတာဆိုတော့ မေမေရဲ့ ဒီလိုရယ်ရယ်ရွှင်ရွှင်ပုံပြင်ကို သာမန်ခင်ရုံနဲ့ မရနိုင်ပါဘူးလေ”

“ဇင်ဇင် မြင်လားဟင်။ ကိုယ့်ရုပ်နဲ့တူလှချေရဲ့လို့ မထင်ဘူးလားဗျာ”

“ဟုတ်ကဲ့။ ဇင့်ဇင့်ဓာတ်ပုံကို ကြည့်နေရသလိုပါပဲရှင်”

သူတို့နှစ်ယောက်သည် ဆက်လက်၍စကားပြောချိန် မရတော့ပေ။ ပန်းချီပန်းပုကောင်စီမှကြီးမှူးကျင်းပသော ဤပန်းချီဟောင်းပြိုင်ပွဲကျင်းပရပုံမှာ ပြင်သစ်ပြည် ပဲရစ်မြို့မှ ပန်းချီပန်းပုအသင်းကြီးကပင် ကမ္ဘာအရပ်ရပ်မှ အကောင်းဆုံးပန်းချီကားဟောင်းများ သုံးကားစီ ပေးပို့ကြရန်တောင်းခံထား၍ ယခုကဲ့သို့မြန်မာ့လက်ရာဟောင်းများ ကံဇာတာ စခန်းထရပုံများ အကျယ်တဝင့် ပြောကြားသွားသည်။

ပထမဆုမှာ ‘မြန်မာ့ရတနာသစ်ရွှေဝါ’ ဟူသောနာမည်နှင့် ကျွန်းသစ်ကြီးများကို ဆင်ဆွဲနေသောပုံဖြစ်ပေသည်။ ဤပုံကြီးမှာ အနည်းငယ်ဟောင်းသည်မှလွဲ၍ သက်ဝင်လှုပ်ရှားအောင် ရေးဆွဲထားပုံ၊ ဆေးသားဆေးနားကောင်းပုံ၊ ဤမျှနှစ်ကြာသည်ပင် မှေးမှိန်ခြင်းမရှိသော ပုံများပြောကြားသွားသည်။

‘ဒုတိယရသော ‘မြနှစ်သူဇာ’ ပန်းချီ၏ သက်တမ်းမှာ နှစ်ပေါင်း ၂၉ နှစ်ကြာခဲ့ပြီဖြစ်သည့်တိုင်အောင် ပန်းချီထဲက ကလေးမသည် ယခုတိုင်သက်ဝင်လှုပ်ရှားလျက်ရှိသေးကြောင်း၊ အထူးသဖြင့် ပါးစပ်ကလေးက ချိုလွင်ပြီး စကားတကယ်ပြောမယ့်ပုံဟာ ဒီပန်းချီကားရဲ့ ဂုဏ်ပုဒ်အချုပ်ပါပဲခင်ဗျာ’ ဟု ပြောကြားပြီးနောက် အတွင်းရေးမှူး သောင်းလွင်လေးသည် သီတာဇင့်နှင့် ဦးသက်နိုင်အနားသို့ လျှောက်လာပြီးမှ . . .

“ဦးမင်းသက်နိုင် ဟောဒီကညီမနဲ့ ဒီပန်းချီရှင်ဟာ ဘယ်လိုများတော်စပ်ပါသလဲခင်ဗျာ”

“ပန်းချီပုံရှင်ရဲ့ သမီးပါ။ ဆရာမ သီတာဇင် ခေါ်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့၊ ကျွန်တော်လည်း ထင်လို့ပဲ မေးမိခြင်းပါခင်ဗျာ။ ကျေးဇူးပြုပြီး ဒီကညီမ,မခဲယဉ်းဘူးဆိုရင် ပန်ချီကားနား ခဏရပ်ပြပါခင်ဗျာ"

သီတာဇင်သည် မင်းသက်နိုင် မျက်နှာသို့ 'ဘယ့်နှယ်လဲ' ဟူသော ပုံလေးနှင့် လှမ်းမေးလိုက်ရှာသည်။

"ခဏလောက်ပါ ဇင်ဇင်။ ထွက်ရပ်ပေးလိုက်ပါနော်"

ဟု မင်းသက်နိုင်ကလည်း ပြောလိုက်သဖြင့် စောင့်စားနေကြသော ပရိသတ်များကိုလည်း အားနာသဖြင့် သီတာဇင်မှာ မရဲတရဲလေး ရှေ့မျက်နှာစာပန်းချီကားနားသို့ ရပ်ပြလိုက်ရသည်။

"ဟယ် . . . တစ်ပုံတည်းပဲ"

"ကျွတ် . . . ကျွတ် . . . ချွတ်စွတ်ပဲဗျို့"

"ရှုစားတော်မူကြပါခင်ဗျာ။ ပန်းချီကားထဲက အမျိုးသမီးဟာ ဟောဒီက ဆရာမဒေါ်သီတာဇင်ရဲ့ မိခင်ဖြစ်ပါတယ်"

ဦးသောင်းလွင်လေးက ပန်းချီနှင့်လူအား နှိုင်းယှဉ်ညွှန်ပြရင်း ပြောလိုက်၍ သီတာဇင်မှာ ထူထူပူပူနှင့်အတော်ကြီး မနေတတ်မထိုင်တတ်ဖြစ်သမျှ မျက်နှာပိုးသတ်၍ ထားလိုက်ရသည်။

"ဒေါ်သီတာဇင် ခင်ဗျာ။ ကျေးဇူးပြုပြီး ပန်းချီပုံထဲကလို ရယ်ပြစေလိုပါတယ်ခင်ဗျာ"

"ဘုရားရေ ငါလည်း ဘာလိုလိုနဲ့ ကိုယ်ဟန်ပြမယ် ဖြစ်နေရပါပြီ"

သီတာဇင်မှာ လူနှစ်ရာခန့် ကြွရောက်အားပေးကြသော ပရိသတ်များကို အလန့်တကြား ကြည့်လိုက်မိသည်။ ရှေ့ဆုံးတန်းမှ သူ့အားခေါ်ဆောင်လာသော ဦးသက်နိုင်ကိုလည်း အနေရကြပ်ပုံနှင့် လှမ်း၍ကြည့်လိုက်သည်။

မင်းသက်နိုင်ကလည်း ခဏသည်းခံပါဟူ၍ နှစ်သိမ့်ပုံလေးနှင့် လက်ဟန်ကလေးပြလိုက်သည်။ သို့သော် တလောဆီက စင်မြင့်ပေါ်သို့





တက်ရောက်ကပြဖူးခဲ့သော အရှိန်ကြောင့် သတ္တိကလေးတစ်ပဲသား တစ်မူးသားတော့ ကျန်ခဲ့သေးသည် မဟုတ်ပါလား။

ထို့ကြောင့် မြန်မြန်ကိစ္စပြီးစေရန် သူ့အမေရယ်ပုံကို တစ်ချက်ငုံ့ကြည့်လိုက်ရင်းက ထိုပုံစံအတိုင်း ရယ်ပြလိုက်စဉ် ကြယ်ပျံသည်ကို စောင့်ကြည့်နေသော နက္ခတ်ဆရာများသဖွယ် သတင်းထောက်များသည် လျှပ်တစ်ပြက် မီးများတဖျပ်ဖျပ်ဖွင့်၍ ဓာတ်ပုံသုံးလေးပုံ ရိုက်ယူသွားကြလေသတည်း။

ဆုပေးပွဲသို့ တက်ရောက်ကြသော ပရိသတ်များကလည်း ဘာကိုများ ဘာ့အတွက် လက်ခုပ်တီးကြသည်မသိ။ တဖြောင်းဖြောင်းညံသွားလေတော့၏။

"ဒေါ်သီတာဇင် ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျာ"

ဦးသောင်းလွင်လေးက ယဉ်ယဉ်ကျေးကျေးပြောမှ သီတာဇင်သည် သူ့ကုလားထိုင်သို့ မရဲတရဲလေး ပြန်ထိုင်လိုက်ရရှာသည်။

"ဇင်ဇင် တော်တော်ရှက်သွားတယ်ထင်တယ်နော်၊ ကျွန်တော်လည်း ဒါတွေဘာမှအစီအစဉ်မရှိခဲ့ပါဘူးဗျာ။ ဒီရောက်တော့ ပန်းချီနဲ့လူ အရမ်းတူနေတော့ မမျှော်လင့်ဘဲ ဥဩဒေးယျဖြစ်သွားရတာနော် ဇင်ဇင်"

ဦးသက်နိုင်သည် တစ်တွတ်တွတ်နှင့်လည်း တောင်းပန်သည်။ သူဝယ်ခဲ့သော ရခိုင်လုံချည်ကလေးနှင့် ဇာအကျႌနက်ပြာပွင့်ကြဲ လက်ဖမိုးဝဲဝဲကလေးပုံစံကလေးနှင့် ဇင်ဇင်ကို ခဏခဏလည်း ကြည့်မိသည်။

တတိယဆုရ အဘိုးအိုနှင့် မြေးလူပျိုဟူသော ပုံအကြောင်းမှာ နုပျိုခြင်းနှင့်ဇရာကို နှိုင်းယှဉ်ထားပုံများ ရှင်းလင်း၍ ပြောကြားသွားလေတော့သတည်း။

ဆက်လက်၍ ပန်းချီဆုရသူများကို ဆင်စွယ်ပန်းပုရုပ်ကလေးများ တစ်ခုစီဆုချီးမြှင့်စဉ် ပန်းချီကားပိုင်ရှင်များကိုလည်း ဓာတ်ပုံများအသီးသီး ရိုက်ယူကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဖေဖော်ဝါရီလဆန်းလောက်မှ ဤပန်းချီကားများ ပို့ဆောင်ရမည်ဖြစ်၍ ကိုယ့်အိမ်တွင် ခေတ္တပြန်လည်သိမ်းဆည်းထားရန် ပြောကြား၍ ဆုပေးပွဲ ဇာတ်သိမ်းလိုက်တော့သတည်း။

ပန်းချီဆောင်မှအဆင်းတွင် ခန့်ငြားသောမင်းသက်နိုင်နှင့် လှပ၍ ဆွဲဆောင်မှုပြည့်ဝသော အလှရှင်သီတာဇင်တို့ကို စိတ်ဝင်စားပုံနှင့် လူတိုင်းလိုလိုလှည့်ကြည့်လှည့်ကြည့်နှင့် ဆင်း၍သွားကြလေတော့သတည်း။

အောက်ထပ်သို့ရောက်သော် ပန်းချီကားကို နောက်ထဲကထည့်လိုက်ရ၍ ထိုင်စရာမရှိအောင် ကန့်လန့်ကြီးဖြစ်နေရပေသည်။

"ဟောဗျ။ ဇင်ဇင်တောင် ထိုင်ဖို့ခက်သွားပြီ။ နေဦး. . နေဦး. . . အပေါ်မှာ ပြန်အပ်ထားခဲ့မယ်"

သူက တကုန်းကုန်းနှင့် ပန်းချီကားကို ပြန်လည်ထုတ်ယူရန် ပြုလုပ်နေသဖြင့် ဆရာမပီပီ ဘာမဆိုအချိန်နှင့် စရိတ်ကို မကုန်တန်လျှင် မကုန်မကျရအောင် သူကပင် ပြပေးနေကျဖြစ်သဖြင့်. . .

"ကဲ. . . ရှိပါစေတော့ရှင်။ ကျွန်မရှေ့ကပဲထိုင်ပါတော့မယ်"

"ဩော်. . ဟော. . . ဟော. . . အားနာလိုက်တာဗျာ။ ကျွန်တော်က ဇင်ဇင် မကြိုက်ဘူးထင်တာကို ဘာမှ လုပ်ချင်တာမဟုတ်ပါဘူးဗျာ"

သီတာဇင်က မျက်နှာကို တင်းတင်းမော့မော့ထား၍ ကားရှေ့ခန်းမှ ဝင်၍ထိုင်လိုက်သည်။ သီတာဇင်၏ သည်းစတိုင်သည် မြကောခိုင်ထံမှ အတုခိုးထားပုံရသည်။ သာမန်အားနွဲ့သူ မိန်းကလေးများနေလေ့မရှိသော ဟန်ကလေးမျိုးပင်တည်း။ သို့သော် ဤသို့တင်းထားကာမှ သူ့ပုံသည် ပို၍ အရုပ်နှင့်တူကာ ပို၍ချစ်စရာကောင်းသွားရသည်။

ငါ ဘာတွေစဉ်းစားနေတာလဲ။ သူ့ကိုချောတယ်၊ လှတယ်၊ ချစ်စရာကောင်းတယ်လို့ စဉ်းစားနေမိတာ ဘာသဘောလဲ ချစ်နေလို့ပဲ နေမှာပေါ့။ ရန်ကင်းဘက်ကို ခြေမလှည့်ရရင် မနေနိုင်တာ ဘာဖြစ်လို့လဲ။ အတွေးများ ချည်ငင်နေမိစဉ်. . .





"ပန်းချီတွေ ဟိုပို့ပေးပြီးတော့ ဆုရရင်ကြေငြာပေးမှာပေါ့နော်"

ဇင်ဇင်က ပြင်ပရှုခင်းများကြည့်ရင်း မေးလိုက်သည်။

"ဟုတ်တယ်။ ဇင်ဇင် ကြေငြာပေးပါလိမ့်မယ်"

သူသည် အတွေးလွန်နေသမျှ ပြန်လည်သတိချုပ်ရင်းက သူ့လိုပင် ကွန္ဒြေကလနားကို ချ၍ထားလိုက်ရလေတော့သတည်း။

"ဒီပန်းချီနဲ့ ပတ်သက်ပြီး ကျွန်မ တစ်ခုတော့ ဝေဖန်ပါရစေ"

ဇင်ဇင်က ကားတံခါးဘက်ကို တိမ်း၍ လက်တစ်ဘက်တင်ရင်း ကွန္ဒြေနှင့်ဆိုလိုက်သည်။

"ဝေဖန်ပါခင်ဗျာ။ ဝေဖန်ပါ"

"ဒီလိုပါလေ။ ဒီ **မြနှစ်သူဇာ** ဟာ တကယ်လက်ရာကောင်းပြီး သက်ဝင်လှုပ်ရှားတာတော့ မှန်ပါတယ်။ ဒါပေမဲ့ သေသေချာချာ စဉ်းစားကြည့်ရင်တော့ ဒီပန်းချီဟာ တရားမဝင်ဘူး"

"ဗျာ. . . တရားမဝင်ဘူး။ ဟုတ်လား"

"ဥပမာ ဒီပုံဟာ ဖေဖေဆွဲဘာဆိုရင်တော့ သူ့ဇနီးသည်ရဲ့ပုံ ဆွဲခြင်းပဲ။ ဘာမှပြဿနာမရှိနိုင်ပါဘူး"

"ခုကော ဘယ်လိုပြဿနာများ ဖြစ်လို့လဲဗျာ။ ပြီးတော့ သူတို့နှစ်ဦးဟာ မပေါင်းရပေမဲ့ ကြံ့ကြံ့ခိုင်ခိုင်ထားခဲ့တဲ့ မေတ္တာကိုတော့ ကျွန်တော်ဟာ ဒီနည်းနဲ့ပြန်ပြီး ဂုဏ်မပြုသင့်ဘူးလားဗျာ"

"အို. . . ဒါတော့. . . ဖေဖေ့ဘက်ကလည်း စဉ်းစားဦးမှပေါ့"

"ဇင်ဇင့်အမေဘက်ကရော"

"ဟင့်အင်း။ သက်ရှိထင်ရှားရှိတဲ့ ဖေဖေ့ဘက်ကပဲ လိုက်နိုင်တော့မယ်ရှင်။ အမှန်တော့ ကျွန်မ ခုလိုလိုက်ပြီး အားမပေးသင့်ဘူး"

"အမလေးဗျာ။ လိုက်လာပြီးသားများ။ ကဲ. . . ကျွန်တော် ဘာနဲ့ လျော်ပေးရမလဲ ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



မင်းသက်နိုင်က လက်ဟန် ကိုယ်ဟန်နှင့် ရွှတ်တွတ်တွတ်ကလေး မေးလိုက်မှ သီတာဇင်သည် ရွှေမျက်နှာတစ်ပတ်စာမျှ အတင်းလျှော့၍ သွားရလေတော့သတည်း။

"ဒါနဲ့ ပြောမယ်ပြောမယ်နဲ့ မပြောဖြစ်ဘူးဗျာ။ ဂျူဒိုတင်မောင်မောင်က ဒီပန်းချီလာဝယ်သေးတယ်လေ။ သူက ငါးရာပေးမယ် ဆိုတော့ ကျွန်တော့်မှာ ရယ်လိုက်ရတာဗျာ"

"အို. . . ဒါတော့ ဦးသက်နိုင်ရိုင်းတာပေါ့"

"ဗျာ"

"ဦးသက်နိုင်က လခကြီးစား ငွေကြေးတတ်နိုင်သူမို့ ငါးရာဆိုတဲ့ ငွေကို ပြက်ရယ်ပြုပေမဲ့ သူတို့က တကယ်ရုန်းကန်နေရတဲ့ လူစားတွေရှင့်"

သီတာဇင်က စွာတာတာကလေး ပြောလိုက်မိ၍ ဦးသက်နိုင်က စူးစမ်းပုံကလေးနှင့်ပြန်ကြည့်ရင်း. . .

"ဟုတ်ပါတယ်ဗျာ။ ဟုတ်ပါတယ်။ အဲဒီတုန်းက ကျွန်တော့်ဘက်က ရိုင်းရာကျသွားတာ အမှန်ပါပဲ။ ဒီအတွက် ကျွန်တော်တောင်းပန်ပါတယ် ဇင်ဇင်"

သည်လိုဆိုတော့လည်း သီတာဇင်သည် လိုက်လိုက်လျောလျော ပြောတတ်လွန်းသော မင်းသက်နိုင်ကို အားနာသွားရလေတော့၏။

အိမ်သို့ရောက်သော် သီတာဇင်အဝတ်လဲရန် အပေါ်ထပ်သို့ တက်သွားသည်ထိ ဦးသက်နိုင်နှင့် မြကေခိုင်တို့နှစ်ဦး ပန်းချီဆုပေးပွဲအကြောင်းပြောလိုက်၊ ပန်းချီကားကိုယူ၍ပြလိုက်နှင့် ရှိနေကြသည်။ သီတာဇင် သည် အလုပ်များရမယ်ရှာ၍ တမင်မဆင်းဘဲ နေလိုက်သည်။

မင်းသက်နိုင်၏ နှုတ်ဆက်သံများ၊ ကားထွက်သွားသံများ ကြားမှ သူက အောက်သို့ဆင်းခဲ့သည်။

"ဘယ့်နှယ်လဲမမ။ ညှိသည်ကို ကြပ်ကြပ်ထားသွား။ ကျွန်မတို့မှာ မကောင်းတတ်လို့ညှိခဲ့။ ဟိုဘက်ခြံသည်ဘက်ခြံက မြင်။ မမမူကြီးက အထင်လွဲ။ တကတည်းမှပဲ ပြောကိုမပြောချင်တော့ပါဘူး"





"ဒီလိုဆိုလည်း မပြောပါနဲ့တော့။ ဇင်ဇင်လည်း နားမထောင်ချင်ပါဘူး"

"နားမထောင်ချင်သာနေရမယ်။ လက်မခံချင်ရင်တော့မနေရဘူး ဆရာရေ။ ဟောဒီမှာ ဦးသက်နိုင်က သူ့ဆုရတဲ့ ပန်းပုသူဇာပေးသွားလေရဲ့"

"အို. . . ပေးသွားတယ်။ အံ့ရော။ ကိုယ်မလိုချင်ဘူး"

"ဘာဖြစ်လို့လဲ မသီတာရ"

"မင်းတို့စဉ်းစားကြည့်ကြကွာ။ အမေ့ရည်းစားဦးက ဆွဲပေးတဲ့ပုံကို ကိုယ်က ကမကထ ဂုဏ်ပြုသင့်သလားကွယ်။ ဖေဖေ့မျက်နှာကို ထောက်သင့်တာပေါ့"

"ဒါဖြင့် မသီတာ တကယ်မယူဘူးပေါ့"

"စိတ်ချ လိပ်ပြာမသန့်လွန်းလို့ မယူဘူး။ အမေ့ရည်းစားဟောင်းက ဆွဲပေးတဲ့ပုံကရတဲ့ဆု မဟုတ်လား"

"ဒါဖြင့် ကိုယ်တို့နှစ်ယောက်မဲချပြီး ယူလိုက်တော့မယ်နော်။ နောင်သာ ပြန်မတောင်းနဲ့"

"ကြုံကြုံဖန်ဖန် မတောင်းပါဘူး"

"တောင်းရင်လည်း မျက်စိစွန်မှာပဲ။ ကဲ. . . ဌေးဌေး။ 'စုံ' လား 'မ' လားဆို"

မြကေခိုင်အသွက်မသည် အပျော်ကစားသော ကြွေစေ့များကို လက်နှင့်ခလောက်ရင်း မေးလိုက်သည်။ ဌေးဌေးက သီတာဇင်ကို ကြည့်၍ ပြုံးစေ့စေ့နှင့်. . .

"စုံ စုံပဲ"

ဟုဖြေလိုက်သည်။ မြကေခိုင်က နာ့နာ့ခလောက်၍. . .

"ကိုယ်က 'မ' ပေါ့နော်။ ကိုယ်စိန်ခေါ်တဲ့ဘက်ကို နှစ်ခါ သို့မဟုတ် သုံးခါကျရင် ဒီဆင်စွယ်ရုပ်ကို အပိုင်ယူတမ်းနော်"



www.burmeseclassic.com

www.burmeseclassic.com



"စိန်လိုက်လေ"

မြကေခိုင်သည် အားရပါးရ ကြွေစေ့ကလေးများလှုပ်၍ ချလိုက်သည်။

"စုံ ဆရာ။ စုံ. . . စုံ"

ဒွေးဒွေးသည် ဣန္ဒြေရရဟန်ကို ယူလိုက်သော်လည်း ဝမ်းသာအားရဖြစ်၍ မြီးကောင်ပေါက်သံ ပေါက်သွားရသည်။

"အင်း. . . ဘုရား တရား သံဃာ။ ဒီတစ်ခါ စုံရင်တော့ ကုန်ရှာပါပြီ ကုန်ရှာပါပြီ"

"ဟယ်. . . 'မ' ဆရာ။ မ"

ဒွေးဒွေးက မျက်လုံးလေးပြူးသွားရာက တခစ်ခစ်ရယ်သည်။ သီတာဇင်သည် သူစားရေစားပွဲကလေးမှ သူတို့နှစ်ဦး ကလေးသဖွယ် ဖြစ်နေကြပုံကို ကြည့်၍အသာပြုံးနေလိုက်သည်။

"ကဲ. . . သြော်. . . တိုက်ပြန်ပြီရှင် တစ်ချက်။ ဟော. . . မ, မ။ အဟင်း. . . အဟင်း. . . . ဒီအရုပ်ကလေး ကိုယ်ရပြီ"

မြကေခိုင်သည် (မ) နှစ်ခါကျသဖြင့် ဆင်စွယ်ရုပ်ကလေးကို မချီ၍ သူ့ခုံတင်ရှိရာသို့ ပြေးသွားလေတော့သတည်း။

"ကောင်းတယ်။ သူပေးတာ အေးအေးမယူဘူး။ ခုတော့ ကိုယ်တို့အစေမတည့်တော့ဘူးပေါ့"

ဒွေးဒွေးက သူမရ၍ ပြုံးမြမြနှင့် ဒေါပွ၍ပြသည်။

"မနာလိုနဲ့နော်။ ပစ္စည်းဆိုတာ ထိုက်ရရသတဲ့ရှင့်။ ကြည့်လေ။ မိကေခိုင်တို့နဲ့ထိုက်လို့ ဆိုက်ဆိုက်မြိုက်မြိုက်တော်။ ကိုယ့်စားပွဲပေါ်ကိုရောက်လာတာပဲ"

"ဒါ့အတိတ်နိမိတ်ပဲဆရာ။ နောက်တော့ အရုပ်ပါမကဘူး။ လူပါရချင်ရနေမှာ"





"ကြည့်စမ်း"

မြကေခိုင် ဒေါပွလေပြီ။ မြကေခိုင်ထံမှ ခေါင်းအုံးလက်နက် ရောက်မလာမီ ဒွေးဒွေးက သူ့စကားလွန်သွားသမျှ ဆလံတိုက်၍ တောင်းပန်လိုက်လေတော့သတည်း။

ရန်ကင်းညနေခင်းသည် သာယာစိုပြည်ခြင်းထက် စည်ကားသည်ဟူ၍ ဆိုရပေမည်။ ပလက်ဖောင်းနှစ်သွယ်တွင် လူစီးကြောင်းကြီး ဖြန့်ထားသကဲ့သို့ ရှိချေသည်။

အလယ်လမ်းမကြီးမှ ဟီးနိုးကားကြီးများ တဝီဝီ အသွားအပြန် သယ်ယူပို့ဆောင်နေကြရရှာသည်။ ထိုအထဲတွင် ကိုယ်ပိုင်ကားများ ရောထွေးလိုက်သောအခါ ပြောစရာမရှိတော့ပေ။

ထိုအခိုက် အိုပါယ်ကားလေးတစ်စင်းသည် ကြံ့ရည်ဆိုင်ရှေ့သို့ ထိုးဆိုက်လိုက်သည်။ မကြာမီကားပေါ်မှ ဘလှကြည်နှင့်ခင်သွဲ့အောင်တို့ ဆင်းလာကြသည်။

သူတို့ကြံ့ရည်နှစ်ခွက်မှာလိုက်စဉ် ကြံ့ရည်ဆိုင်တွင် စောစောကပင်ရောက်ရှိနေကြသော လူငယ်တစ်စုသည် သူတို့စုံတွဲကို ဝေဖန်စွာကြည့်လိုက်ကြလေတော့သတည်း။

"ဟော့ကောင် မင်းက စားကျက် လွန်လွန်းလာတာတော့ ထားပါဦး။ (ထည်လဲ) တွဲတာတော့ လွန့်လွန်းတယ်ကွာ"

အသံတစ်သံကြောင့် ဘလှကြည်သည် ဆတ်ခနဲ သူ့ခေါင်းမှာ ထောင်၍လာရသည်။

"မင်းက ဟုတ်တာဆိုတော့လည်း နာတတ်သားပဲကွယ့်"

"တောက်. . . ကိုယ့်ခြံထွက်တွေ အသုံးမကျတော့ သူများအရပ်က လူကလာပြီး အစော်ကားခံရတာပေါ့ကွာ"

တစ်ယောက်တစ်မျိုးပြောဆိုနေကြသော ရန်ကင်းလူငယ်အုပ်သို့ ဘလှကြည်သည် ဒေါသတလူလူနှင့် လှမ်း၍ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း အဟမ်း. . . ဂျူဒိုသင်တန်းသားတွေနော စမ်းချင်ရင် စမ်းကြည့်လေ"

လူငယ်များသည် ဘလှကြည်ကိုတိုက်ရိုက် ပြောကြားနေခြင်းဖြစ်သော်လည်း မျက်နှာများက သူတို့အချင်းချင်းသာ ကြည့်ပြောပုံမျိုး တမင်ပြုလုပ်နေကြသဖြင့် ဘလှကြည်နှင့် ခင်သွဲ့အောင်မှာ ပို၍အနေရခက်နေကြသည်။

"လာ သွဲ့ ပြန်မယ်။ ဘယ်လိုလမ်းသူရဲတွေနဲ့ တွေ့နေရတယ် မသိပါဘူးဗျာ"

ကြံရည်ကိုအမြန်မော့၍ ဖန်ခွက်ကိုဆောင့်၍ ချခဲ့ကြသည်။

ခင်သွဲ့အောင်ကလည်း ထိုလူများကို မျက်စောင်းထိုး၍ ကြည့်ရင်း ဘောက်ဆတ်ဆတ်နှင့် နောက်မှလိုက်ပါသွားသည်။

"စန္ဒကိန္နရီမင်းသမီးကလေး ဒေါပွပြီကွ"

"ဟား. . . ဟား. . . ဟား. . ."

လူရွယ်တစ်စုကား ဟားတိုက်၍ ရယ်မောကျန်ခဲ့ကြလေတော့သတည်း။

"တောက်. . . သွဲ့တို့ရန်ကင်းက လမ်းသူရဲတွေပေါလှချည်လား သိပ်မိုက်ရိုင်းတာပဲ"

ဘလှကြည်သည် ကားမောင်းရင်းက ထိုသို့ပြောလိုက်ပြန်တော့လည်း ရန်ကင်းသူခင်သွဲ့အောင်ခမျာ ဆတ်ဆတ်ခါ၍ သွားရလေတော့၏။

"အစ်ကိုကြည်ပြောသလိုတော့ မဟုတ်ပါဘူး။ အဲဒီလူတွေအားလုံး မိကောင်းဖခင်သားသမီး ခေတ်ပညာသင်ကြားတဲ့သူတွေချည်းပဲ။ ဒါပေမဲ့"

"ဒါပေမဲ့ ဆက်ပါဦးလေ။ သူတို့ရန်ကင်းသားတွေကိုထိတော့ ဆတ်ဆတ်ကိုခါနေတာပဲ"

"အစ်ကိုကြည်ဘက်က အပြစ်လည်းကြည့်ဦးလေ။ အစ်ကိုကြည် အရင်က မမနဲ့ဖြစ်နေတာလည်း တစ်ရပ်လုံးသိကြတာပဲ။ ခုတစ်ခါ ညီမနဲ့





ဖြစ်နေတော့ မမစိတ်ညစ်ပြီး စမ်းချောင်းက ဒေါ်ဒေါ်ညွန့်တို့အိမ် သွားနေတာလည်း သိကြတာပဲ"

"ဒါတော့ သွဲ့ရယ် ဖူးစာရေစက်ရဲ့ လှည့်ကွက်ကို အစ်ကိုကြည် ဘယ်တတ်နိုင်ပါ့မလဲကွယ်။ သွဲ့က နွံ့ထက် ပိုချစ်စရာကောင်းတယ် မဟုတ်လား"

"ဒါပေမဲ့ သွဲ့ကိုတော့ မမနွံ့လိုမလိုမ့်တပတ် လုပ်လို့မရဘူးနော့"

"အဟတ်. . . အဟတ်. . . မလုပ်ပါဘူးဗျာ။ ခုအစ်ကိုကြည် တာချီလိတ်ဘက်မရောက်ဖူးလို့ လိုက်သွားလိုက်ဦးမယ်။ နောက် ၁၅ ရက်လောက်နေရင် ပြန်လာမယ်လေ။ ဒီတော့ ကိုယ်တို့ကိစ္စ စဉ်းစားကြတာပေါ့"

"စဉ်းစားကြတာပေါ့ ဟုတ်လား"

"အေးလေ သွဲ့ရဲ့။ အိမ်ထောင်ပြုဘုရားတည်ဆိုတာ အများကြီး စဉ်းစားရဦးမယ်"

"ဒါ. . . ဒါဖြင့် သွဲ့အချစ်ကို ဇွတ်ယူတုန်းကရော အစ်ကိုကြည် မစဉ်းစားဘူးလား"

"ဩော်. . . သွဲ့ကလည်း လက်ထပ်တာရယ် ချစ်တာရယ်က တစ်ဘာသာစီပါကွယ်"

"ရှင် ဘာစကားပြောတာလဲ။ ကျွန်မကိုလည်း မမနွံ့လို ကြောသွားမယ် စိတ်ကူးနေသလား မရဘူးနော်။ ဒါ ခင်သွဲ့အောင်ရှင်ရဲ့"

"အမယ်လေး။ အသားလွတ်ကြိမ်းလှချေလားဗျာ။ ကျွန်တော်ကလည်း ဘာမှမပြောရသေးပါလား။ ကဲ. . . အစ်ကိုကြည်မနက်မှ တစ်ခေါက်လှည့်ခဲ့ဦးမယ်"

ကားပေါ်က သူ မဆင်းတော့ကြောင်း ပြုံးထေ့ထေ့နှင့် ကြေငြာ၍ ကားကိုပြန်လည်ကွေ့မည်အပြုတွင် မဒေါင်းတစ်ယောက် ပြေးဆင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို မေမေကြီးက ခဏလေးတက်ခဲ့ပါဦးတဲ့ရှင့်"

ဟု လာရောက်ခေါ်ငင်သဖြင့် အပေါ်သို့ တက်ရောက်သွားရလေတော့၏။

ညှော်ခန်းတွင် ဒေါ်မြဆန်းအပြင် တင်မောင်မောင်နှင့် သူ့ သူငယ်ချင်းအဖေ တရားသူကြီး ဦးကျော်ခင်ပါ ရောက်ရှိနေသဖြင့် အရှိန်နှင့် ပြေးတက်လာသော ဘလှကြည်သည် ကိုယ်ရှိန်တန့်၍ သွားရပေသည်။

"ထိုင်ပါ မောင်ဘလှ ထိုင်ပါ"

ဦးကျော်ခင်က အဟန့်ထယ်သော လေသံများဖြင့် ပြောလိုက်သဖြင့် ဘလှကြည်မှာ မျက်စိမျက်နှာပျက်ပျက်နှင့် ဝင်၍ထိုင်လိုက်ရသည်။

"ကဲ. . . တူမကြီးကလည်း ဒီဘက်ကထိုင်လေ။ ဒီလိုလေကွယ်။ မောင်ဘလှတို့ သန်ဘက်ခါ မန္တလေးသွားမလို့ဆို"

"ခင်ဗျာ"

"မောင်ကျော်မြင့် ပြောတာပဲလေ။ အဟဲ. . ဟဲ ရွှေမှုဝံစက်ပိုင် သမီးနဲ့ စေ့စပ်ကြောင်းလမ်းဖို့ဆို။ အဲလေ ရွှေဂေဟာနဲ့ ရွှေမှုဝံဟာ ရွှေလမ်းငွေလမ်းဖောက်ကြတာတော့ သဘာဝကျပါတယ်။ ဒါပေမဲ့ မောင်ဟာ စိတ်လွတ်ကိုယ်လွတ်ကော ဟုတ်ရဲ့လား။ ဒီမေးခွန်းကို မောင် မဖြေနဲ့။ ဦးဖြေပါ့မယ်။ ခင်သွဲ့အောင်တို့ဖေဖေဟာ ဦးရဲ့ဆရာသမား အရင်းကွဲ့။ ခုတစ်ခါ မောင်ဟာ အရင်ကလည်း သမီးအကြီးနဲ့ မေတ္တာမျှဖူးတယ်။ သမီးငယ်နဲ့ရပ်ကျော်ရွာသိ ဘိုင်စကုတ်လည်း အတူကြည့်ကြတယ်ကွယ်။ အဲလေ။ ဘာပဲဖြစ်ဖြစ် အရပ်က မောင်တင်မောင်မောင်တို့ အိမ်နီးနားချင်းတွေကလည်း ဒီတစ်ခါ မောင့်ရင့်ဘက်က ပျက်တွက်သွားမှာကိုတော့ စိုးကြတယ်ကွယ့်"

"အို. . . သူနဲ့ ဘာဆိုင်လို့လဲခင်ဗျ"





"ဒီလိုလေ။ မောင် ဒီတစ်ခါပျက်ကွက်ရင်တော့ အရပ်ကိုမထေမဲ့မြင် ပြုရာတော့ကျသွားပြီလေ။ ဒီတော့"

"ကျွန်တော်က ဘာလုပ်ရမှာလဲဗျ။ သန်ဘက်ခါမန္တလေးသွားဖို့ကလည်း စီမံပြီးသားဗျ"

"ဒီမှာ မောင်ဘလှကြည်။ ဦးကျော်ခင်ကို ခေါ်ထားရတာက မင်းနဲ့ သမီး လက်ထပ်ဖို့ကွဲ့။ ဟောဒီမှာစာချုပ်"

"ဗျာ"

တင်မောင်မောင်သည် စကားတစ်လုံးမျှ ဝင်မပြောသော်လည်း ရီးတီးယားတား မလုပ်နဲ့နော်ဟူ၍ ပြောကြားနေသယောင်ထင်ရပေသည်။ အပြစ်ရှိသော ဘလှကြည်။ တင်မောင်မောင်၏ လက်စွမ်းထက်ပုံကို မြည်းစမ်းခဲ့ဖူးသော ဘလှကြည်အဖို့ မလှုးသာမလှုပ်သာ ဇောချွေးပြန်ရလေတော့၏။

"အို. . . လက်ထပ်ဖို့ကိစ္စထိတော့ ကျွန်တော်တစ်ယောက်တည်း ဘယ်ဖြစ်မလဲခင်ဗျ"

"အို. . . မောင် အသက် ၃၀ လောက်ရှိပါပြီလေ။ ဝင်ထွက်သွားလာတုန်းကလည်း တစ်ယောက်တည်းသဘောနဲ့ ဆုံးဖြတ်ခဲ့တာပဲ မဟုတ်လားကွဲ့"

"ကျွန်. . . ကျွန်တော် အိမ်ကိုပြန်ပြီး တိုင်ပင်ပါရစေဦးခင်ဗျ"

သူသည် ထိုင်ရာမှ ထရန်ဟန်ပြင်လိုက်သည်။

"ကိုဘလှကြည်ခင်ဗျား ပြန်သွားရင် ဘယ်ပြန်လာတော့မလဲဗျ။ ဒီနေ့ည မန္တလေးကို လစ်သွားတော့ ခင်သွဲ့အောင် ကျန်ရစ်ဖြစ်ခဲ့ဦးမှာလား။ လက်မှတ်ထိုးဗျာ။ ထိုး။ ရော့ဖောင်တိန်။ မဒေါင်း။ ဟိုဘက်တိုက်က ကော်မတီဦးချစ် သွားခေါ်ချေ။ အသိသက်သေပေါ့"

တင်မောင်မောင်သည် ကျားကျားလျားလျားထ၍ ဦးခေါင်းငြိမ့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘလှကြည်အဖို့ တစ်သက်နှင့်တစ်ကိုယ် အိပ်မက်ထဲတွင်တောင် ယောင်၍ မစဉ်းစားမိသော မင်္ဂလာပြုခြင်းမျိုးကို တိုးတိတ်ငြိမ်သက်စွာဖြင့် ပြီးစီးသွားရလေတော့သတည်း။

"ကဲ. . . ခုလိုပြီးမြောက်သွားတာ ကျေးဇူးတင်ပါတယ်ကွယ်။ မောင် ဒီမှာပဲ ဖြည်းဖြည်းဆေးဆေးနေခဲ့ပါ။ ဦးကိုယ်တိုင် မောင့်မိဘများကို သွားပြီး အကြောင်းကြားပေးပါ့မယ်။ ကဲ. . . မောင်တင်မောင်မောင်က မနက်ဖြန် သတင်းစာထဲထည့်ဖို့ သတင်းစာတိုက်တွေ သွားပေတော့"

"ဟုတ်ကဲ့ ဦး"

ဘလှကြည်တစ်ယောက် လူပျိုဖြစ်ကတည်းက အရပ်လေးမျက်နှာသို့လှည့်လည်ကာ သူများသမီးပျိုလေးပေါင်းများစွာကို ဖျက်ဆီးခဲ့လေသမျှ ဤတစ်ကြိမ်တွင် တင်မောင်မောင်ကျေးဇူးဖြင့် ခြေမန်းကွင်း စွပ်ပြီးသားဖြစ်၍ သွားရလေတော့သတည်း။

❒

ပခုက္ကူမြို့၏ ကျက်သရေဆောင် ဗုဒ္ဓကုန်း တံတားကြီးပေါ်တွင် မြင်းလှည်းကလေးတစ်စီးသည် ကျော့ကျော့ သွက်သွက်ကလေး မောင်းနှင်သွားသည်။ မြင်းလှည်းပေါ်တွင် ယောဂီဝတ်အဒေါ်ကြီး တစ်ဦးနှင့် ဆရာမ သီတာဇင်တို့ ပါ၍လာကြသည်။

"ဖေဖေက ဘာကြောင့်များ အရေးတကြီး အခေါ်လွှတ်တာလဲ ကြီးကြီးရယ်"

"သူ့ဆီရောက်တော့ ပြောပါလိမ့်မယ် ဇင်ဇင်ရယ်။ ဒါပဲ တစ်လမ်းလုံး မေးလာတာကိုးကွယ့်"

"ဟုတ်ကဲ့။ စာမေးပွဲကြီးကလည်းနီးတော့ ဆရာမခွင့်တစ်ပတ်ဆိုတာ ကျောင်းသားတွေအတွက် သိပ်နစ်နာပါတယ် ကြီးကြီးရယ်။ ဒါကြောင့်





ကျွန်မ ပြောပြောနေမိတာပါ။ ခုလိုလာရလို့ ဖေဖေနဲ့ တွေ့ရမှာမို့ ပိုတောင် ဝမ်းသာပါသေးတယ်"

"ဒီလိုဆိုရင်ကွယ်။ ဆရာမတွေ ဖျားရင်နာရင် ဘယ်လိုလုပ်မလဲ"

"ဟုတ်ပါတယ်။ တစ်နည်းတွေးကြည့်ရရင် ဆရာမတွေ ကျန်းမာပြီး နေထိုင်ကောင်းအောင် လုပ်ရတာကိုက သူတို့ကျောင်းသားတွေအတွက်ပဲ ကြီးကြီးရဲ့"

"အမယ်လေး ဘုန်းကြီးမင်းသမီးကလည်း တယ်ဖြီးဝီရိယပိုလိုက်ပါလားကွယ်"

"ခုခေတ် စနစ်သစ် ပညာရေးလောကမှာ ကျောင်းသူကျောင်းသားတွေကလည်း စာသိပ်ကြိုးစားကြသလို ဆရာမတွေကလည်း အထူးဂရုစိုက်ပြီး သင်ကြားပေးကြရတယ် ကြီးကြီးရဲ့"

"အေးလေ ကြီးကြီးတို့လည်း ဒါတွေသိပါတယ်လေ"

"ပညာရေးအဆင့်အတန်းမြင့်လာတာနဲ့အမျှ ကျောင်းဆရာလစာနှုန်းလည်း တစ်နေ့မြင့်မလာဘူးလို့ ဘယ်ပြောနိုင်ပါ့မလဲ ကြီးကြီးရယ့်။ အဆောက်အအုံအသစ်တွေ တိုးလာတယ်နော်။ ရှုံးတွေလည်း မျက်စိထဲ တစ်မျိုးဖြစ်နေတယ်"

သီတာဇင်သည် အဒေါ်ကြီးနှင့် စကားပြောရင်းက သူ့မျက်စိရှေ့မှ မြင်ကွင်းများကို တစ်ခုပြီးတစ်ခု မေးနေမိသည်။

ထိုအခိုက် သူတို့နောက်မှ ချက်ပလက်ကားအဟောင်းကြီးတစ်စင်းသည် တဝုန်းဝုန်းနှင့် မြင်းလှည်းနောက်မှ ကပ်၍ပါလာသည်။ မကြာမီ ကားပြတင်းမှ လူတစ်ဦး၏ ခေါင်းတစ်ခုထွက်လာပြီး . . .

"ဟဲ့. . . ဇင်ဇင်အစစ်ပါပဲလား။ ခဏ . . . ခဏ. . . ကားခဏ ရပ်စမ်းပါဗျာ"

ဟူသော သူ လုံးဝမမျှော်လင့်သော မင်းသက်နိုင် စီးလာသောကားသည် သူတို့မြင်းလှည်းနောက်နား လမ်းဘေးထဲသို့ ဝင်ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သီတာဇင်ကလည်း မြင်းလှည်းဆရာကို အရပ်ခိုင်းလိုက်ရသည်။

"ဇင်ဇင် ပခုက္ကူကို လာမယ်မှန်းသိရင် အတူတူလာကြမှာပေါ့ဗျာ။ ဇင်ဇင် အခုတော့ ဘယ်သူနဲ့လာသလဲဟင်"

"ဖေဖေက ဒီကြီးကြီးကို အခေါ်လွှတ်လိုက်တာ။ အရေးကြီးတယ်ဆိုလို့ ခွင့်မယူချင်ဘဲနဲ့ ယူလာခဲ့ရတာ"

"ဟောဒီ မိန်းကလေးဟာ တစ်လမ်းလုံး ဒီခွင့်အကြောင်းပဲ ပြောလာတယ်။ သူ့တပည့်တွေကို ငါးရက်လောက် စာမသင်ရမှာ စိတ္တဇဖြစ်နေလား မသိပါဘူးကွယ်။ နားကိုပူအောင် ညည်းလာတာပဲ။ ဒါတောင် အဖေကြီးက လူလွှတ်အခေါ်ခိုင်းတာ"

အဒေါ်ကြီးသည် သူ့ယောဂီတဘက်ကလေးနှင့် ယပ်ခပ်ရင်း ပြောလိုက်သဖြင့် မင်းသက်နိုင်နှင့် သီတာဇင်ပါ ပြိုင်တူပြုံးလိုက်ကြရသည်။

"အဲဒါကို ဆိုရှယ်လစ်အသိလို့ ခေါ်တာပေါ့ခင်ဗျာ။ ခုခေတ်မှာ လုပ်သားပြည်သူတွေဟာ ဒီလိုပဲ ဒေါ်ဒေါ်ရဲ့။ ခွင့်ယူရမှာ ဖျားရတာထက် ပိုပြီး စိုးရိမ်ကြတယ်။ အဲဟင်း. . . အဟင်း. . . ကဲ ဇင်ဇင်တို့ ဖေဖေဆီ သွားမှာမဟုတ်လား။ လာလေ ကျွန်တော့်ကားနဲ့ တစ်ခါတည်းလိုက်ခဲ့ပါလားခင်ဗျာ"

ဇင်ဇင်က ခေါင်းကလေးကို သွက်သွက်ရမ်းလိုက်သည်။

"ရန်ကုန်မှာ မြင်းလှည်းမစီးရလို့ မြင်းလှည်းပဲ အတိုးချစီးတော့မယ်"

ဟု ငြင်းလိုက်သဖြင့် . . .

"ကောင်းတယ် ကောင်းတယ်။ ကျွန်တော်က ရှေ့ကသွားနှင့်မယ်လေ"

မင်းသက်နိုင်ကားသည် သူတို့မြင်းလှည်းကလေးကို ကျော်၍ တက်သွားသည်။ မင်းသက်နိုင်၏ ပြုံးပြုံးချိုချို လက်ပြသွားဟန်ကို အဒေါ်ကြီးသည် အကဲခတ်ရင်း. . .





"ဘုန်းကြီးဇင်တော့ စိတ်မကောင်းရဲ့လားလို့တောင် သံသယဖြစ်မိတယ်"

"ဘာဖြစ်လို့လဲ ကြီးကြီးရဲ့"

"မမေးနဲ့ မမေးနဲ့။ ဒီကိစ္စ သူပြောမတဲ့"

"ဘယ်ကိစ္စလည်း ကြီးကြီး"

"ဩော်. . . ဟိုကျသိလိမ့်မပေါ့"

သီတာဇင်သည် မပြောချင်သည်ကိုမှ ပို၍သိချင်လာရ၍ သူ့ကြီးကြီးအား ဖွတ်မေးလေတော့၏။ အဒေါ်ကြီးက မြင်းလှည်းသမားကို မေးငေါ့ပြသည်။ သူ့ရှေ့ မမေးနဲ့ ဟူ၍ဖြစ်သည်။

သီတာဇင်က မြင်းလှည်းသမားကြီးကို လှမ်း၍ ကြည့်လိုက်သည်။ ခေါင်းတုံးကြီးနှင့် မြင်းလှည်းသမားကြီး၏ပုံသည် သူ့အလုပ်တာဝန်မှလွဲ၍ ဘာမျှစပ်စုတတ်သောပုံမရပေ။

"ကြီးဒေါ် (ရွှေတန်းတက်) ဘယ်နားအပိုင်းလဲဗျ"

ပခုက္ကူမှ ရွှေတန်းတက် မည်သောရပ်ကွက်သည် ဗုဒ္ဓကုန်းတံတားမှ ကျော်လွန်၍ အစိုးရအိမ်ဂေဟာများ၊ ရုံးများ၏ အရှေ့ဖျားမြို့ အစွန်ပိုင်းဖြစ်သည်။

"ဩော်. . . မြစ်ကမ်းနားက ကပ်ဆောက်ထားတဲ့ရိမ်သာလေ။ အထဲက တောရကျောင်းရှိတယ်မဟုတ်လား"

"သိပြီ သိပြီ"

မြင်းလှည်းကလေးကား အရှိန်မှန်မှန် ပြေးဆွဲသွားသည်။ သိချင်လွန်း၍ အသည်းယားနေရသူ သီတာဇင်က လက်ကုတ်၍ မေးပြန်သောအခါ ဒေါ်ယောဂီကိုယ်တိုင် ပြောချင်ချင်ဖြစ်နေသမျှ ပြောပြလေတော့သည်။

"ဘုန်းကြီးဇင်က သူငယ်ငယ်က မသီတာကိုဖွတ်ယူခဲ့မိလို့ အာပတ်ဖြတ်တဲ့သဘောနဲ့ ကိုထွန်းနိုင်သားလေး (စောစောကလူမဟုတ်လား) အဲ. သူနဲ့ ဇင်ဇင့်ကို ပေးစားမလို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com

"အို. . ."

"မဖိုနဲ့ ဒါအတွက် တမင်ခေါ်တာ။ မရီကလည်း သဘောတူတယ်"

"မရီဆိုတာ ဘယ်သူလဲ"

"ခုနင်က သူငယ့်အဒေါ်ပေါ့"

"ကြီးကြီးပြောနေတာတွေ ဟုတ်ကောဟုတ်ရဲ့လား။ မေဖေဟာ သက်န်းဝတ်ကြီးနဲ့ သမီးကိစ္စကို ဒါတွေထိ ပါမယ်မဟုတ်ဘူး။ ဟိုမေမေတို့ကို လွှဲထားတာပဲ"

"ဒီ ယောဂီအရည်ကြီးဝတ်ပြီး ကြီးကြီးက ညာပါ့မလား။ ဟော ဟိုသူငယ်ကား ရောက်နေပြီ။ မြင်းလှည်းဆရာ ဒီမှာ ရပ် ရပ်"

ရိပ်သာအဝတွင် မင်းသက်နိုင်သည် စောင့်ရပ်၍ ဆီးကြိုနေပေသည်။ တစ်ဆက်တည်းပင် တောရကျောင်းလေးအဝင် သဲလမ်းကလေးမှ ဘုန်းကြီးကြီးသည် လာ၍ ကြိုနေပေသည်။

သီတာဇင်ခမျာ ဝမ်းသာဝမ်းနည်းထိုင်၍ ဝတ်ချသည်။ ဖခင်ဘုန်းကြီးကို အတန်ကြာမော်၍ ဖူးမိသည်။

"ကဲ. . . လာကြလာကြ။ ကျောင်းပေါ်သွားရအောင် သမီးတည်းဖို့ခိုဖို့တော့ မတင့်တို့ အုတ်ဇရပ်မှာပဲ တည်းပေါ့ကွယ်"

"တင်ပါ့ဘုရား"

ကျောင်းကလေးပေါ်တွင် ကောဇောနွမ်းကလေး၊ မီးလှုံသော မီးလင်းဖို၊ ကွမ်းအစ်၊ ထွေးခံ၊ ရေတာကောင်း၊ လက်နှိပ်ဓာတ်မီး၊ လျက်ဆားဘူး၊ သတင်းစာအဟောင်းများ စုပြုံ၍ နေပေတော့သတည်း။

သီတာဇင်သည် ဖခင်ကြီး၏ သီတင်းသုံးနေထိုင်ရပုံကို ရင်ထဲတွင် ဟနင့်နင့်နှင့် ပတ်ပတ်လည်ကို လျှောက်၍ ကြည့်နေမိသည်။ ဘုန်းကြီးအတွက် ဟောလစ်ဘူး၊ ဘီစကစ်နှင့် ဆေးများကို ရှေ့တွင်ချ၍ လျှော်ဒါန်းရင်း





"အရှင်ဘုရား သွေးတိုးရှိရင် လျက်ဆားတွေ သိပ်ဘုန်းမပေးပါနဲ့ဘုရား"

သူ့ရှေ့မလှမ်းမကမ်းဆီတွင် ဒူးကလေးများတုတ်၍ ထိုင်နေကြသော သမီးနှင့် မင်းသက်နိုင်ကို သူ့အတွေးသူ့အစီဗွာယ်များနှင့် တစ်လှည့်စီကြည့်ရင်း. . .

"တလောဆီက ဟောဒီသတင်းစာကို ဖတ်လိုက်ရကတည်းက ကျုပ်ဒီဆုံးဖြတ်ချက်ကို ချလိုက်တာပဲ"

ဘုန်းကြီးက သတင်းစာတစ်စောင်ကို သူတို့ရှေ့သို့ပစ်ချပေးလိုက်သဖြင့် နှစ်ယောက်သား ပြိုင်တူငုံ့၍ကြည့်လိုက်မိကြသည်။

သတင်းရုပ်ပုံများမှာ မင်းသက်နိုင် ဆုယူနေပုံနှင့် သီတာဇင်သည် ပန်းချီရုပ်ပုံလွှာနှင့် နှိုင်းယှဉ်ပြသထားသော 'ပန်းချီလေလား လူလေလား' ဟူသော ကြေးမုံသတင်းစာ ကျောဘက်မှ ဓာတ်ပုံပြတ်ပြတ်ထင်ထင်ကြီးများကို မြင်တွေ့လိုက်ကြရသည်။

ရန်ကုန်တုန်းကလည်း သူတို့ဤသတင်းကို တွေ့ပါသည်။ ဤမျှအတွေးခေါင်၍ဖြင့် ရှက်စရာဟု မထင်ခဲ့မိပါ။ ယခုမူ သီတာဇင်သည် ဖခင်ကြီးအား ရှက်လန့်တကြားမော့၍ ကြည့်လိုက်သည်။

"အေး အဖေဆိုပေမဲ့လည်း သင်္ကန်းဆီးထားတော့ ယရာဝါသတွေကို ချဲ့ချဲ့ထွင်ထွင် မပြောပါရစေနဲ့။ ကျုပ်အာပတ်ဖြေတဲ့ အနေ. . ."

"တပည့်တော်မကို ကြီးကြီးပြောပြီးပါပြီဘုရား"

သီတာဇင်ကိုယ်တိုင် နားထောင်ရန်စိတ်မရဲ၍ ပိတ်၍ ထားလိုက်ရလေတော့၏။

"ကြည့်စမ်း မတင့်တို့များ ကလေးကို မပြောခဲ့ပါနဲ့လို့မှာလိုက်ရဲ့သားနဲ့။ အဲလေ. . သူပြောပြီးတော့လည်း ကျုပ်အဖို့ ဘုန်းကြီးတန်မဲ့နဲ့မပြောရတော့ဘူးပေါ့။ ဒီပခုက္ကူမှာနေတဲ့ နှစ်ရက်အတွင်း ဘုန်းကြီးကို မင်းတို့ ဆန္ဒအရိပ်အမြွက်ပြောခဲ့ကြပေါ့ကွယ်။ ကဲ ကဲ. . . သမီးဘ


www.burmeseclassic.com

www.burmeseclassic.com

သဘော်ရော မီးရထားပါ စီးလာရရှာတာ။ မတင့်တို့အုတ်တိုက်ထဲသွားပြီး နားကြ စားကြဦး"

"တင်ပါ့ဘုရား"

သူတို့နှစ်ဦးသည် ပြိုင်တူညီညီ ဦးချနေပုံကို ဘုန်းကြီးသည် စူးစိုက်ကြည့်ရင်းက ဟိုတုန်းတစ်ခါဆီက အတိတ်ဟူသော ရာသီမှ အချစ်ပွဲလေးဆီသို့ တငြိမ့်ငြိမ့်မြင်ယောင်ရင်း ခေါင်းတငြိမ့်ငြိမ့်လုပ်ရင်း ကော်ဇောနွမ်းကလေးပေါ်တွင် ငူငူကြီးကျန်ရစ်လေတော့သတည်း။

တရားရှင်များ နေထိုင်ရာဖြစ်သော်လည်း သီလရှင်လေး နှစ်ပါးသည် စကျွက္ကန္ဒြေကလေးကိုယ်စီနှင့် သူတို့နှစ်ဦးကို ညနေစာပြင်ဆင်ကျွေးမွေးဧည့်ခံကြသည်။ မင်းသက်နိုင်က မစားပါရစေနဲ့ သူ့ဒေါ်လေးရှိတို့တိုက်ကလည်း ချက်ပြုတ်ထားမည်ဖြစ်ကြောင်း ငြင်းဆိုလိုက်သော်လည်း ဤရိပ်သာတစ်ဝိုက်လုံးလိုလို ဘုန်းကြီးဇင်၏ ကျေးဇူးမကင်းဘဲ ဖွှည်းနေလေပါး ဒါယကာတစ်ဦးဖြစ်ကြောင်း ယခုလည်း သူ့အတွက် အရေးပါအရာရောက်ဆုံးသော သားရေးသမီးရေးများ ခေါင်ငင်ဆွေးနွေးစဉ် သူတို့အုတ်ဇရပ်မှပင် ဧည့်ခံပြုစုရန် တာဝန်ယူထားရကြောင်း။

'ဟင်. . သူတို့ကိစ္စကလည်း မယ်သီလရှင်တွေလည်း သိနေကြတယ်။ ရှက်စရာကြီးနော်' ဟူ၍ တွေးမိရင်း သီတာဇင်မှာ မျက်နှာမထားတတ်အောင် ဖြစ်သွားရရှာသည်။

သို့သော် သူတို့နှစ်ယောက် ထမင်းစ၍စားသောအခါ အလိုက်သိစွာ အားလုံးရှောင်တိမ်းနေကြပေသည်။

"ကျွန်တော့်လည်း ဒေါ်လေးရှိက ကြေးနန်းရိုက်မှာတာ ဇင်ဇင်ရဲ့။ ဒါကြောင့် ဇင်ဇင်တို့ဆီတောင် အကြောင်းကြားချိန်မရဘဲ မီ့ရာလေယာဉ်ပျံနဲ့ လာခဲ့တာ"

ဇင်ဇင်တစ်ယောက် ပူထူနေအောင် ရှက်နေကြောင်းသိရ၍ မင်းသက်နိုင်က စတင်၍စကားပြေသွေးလိုက်ရသည်။





"ကျွန်မတော့ ဖေဖေ့ဦးနှောက်ထဲမှာ ရုပ်ရှင်ဆန်တဲ့ အတွေးအခေါ်တွေဝင်နေတာ အံ့ဩတာပါပဲရှင်"

"ကျွန်တော်တော့ ရုပ်ရှင်ဆန်တဲ့ အတွေးအခေါ်လို့ မထင်မိပါဘူးဗျာ။ အသည်းမှာစွဲကပ်နေတဲ့ စိတ္တဇကင်ဆာတစ်ခုကို အင်မတန်ခေတ်ဆန်တဲ့ နောက်ဆုံးပေါ်သိပ္ပံနည်းနဲ့ ကုသလိုက်သလို ကျွန်တော်တို့ကိစ္စကိုလည်း လူသာမန်တွေ စိတ်ကူးမရနိုင်တဲ့ နည်းနဲ့သူ့စိတ်ကို သက်သာတဲ့နည်းနဲ့ ကုသလိုက်ခြင်းပဲလို့ ထင်တယ်"

"ကဲပါရှင် သီလရှင်တွေ ကျောင်းတိုက်ထဲမှာ ဒါတွေပြောရတာ စိတ်မသန့်ပါဘူး"

သီတာဇင်သည် ရေတိသီးစိမ်းရဲရဲ ကြက်သွန်နီများနှင့် သုတ်ထားသော ဆီရွှဲရွဲနှင့် နှမ်းပတ်ချဉ်သုတ် ပန်းကန်ဆီသို့ လက်နှိုက်လိုက်စဉ် မင်းသက်နိုင်ကလည်း ထိုနှမ်းပတ်ချဉ်သုတ်ကို အနှိုက်လိုက်နှင့် ဆုံတိုးကြပြန်လေတော့သတည်း။

"အဟေ့. . . အဟေ့ နှစ်ယောက်လုံး အကြိုက်ချင်းလည်း တူကြသားပဲ"

ဘယ်အချိန်က တိုက်ဝတွင် မားမားကြီးရောက်နေမှန်းမသိသော ကြီးကြီးတင့်က ပြောလိုက်သဖြင့် နှစ်ယောက်သား ရှက်ပြုံးကိုယ်စီနှင့် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။

"ဘုန်းကြီးဇင်က ကျုပ်ကို ပြောနှင့်ရပ့်ါမလားလို့ ကြိမ်းသေးတယ်တော့။ နောက်မှ အေးလေ ငါလည်း သင်းတို့နှစ်ယောက်စလုံး ပြိုင်မြင်တော့လည်း ဒီစကားမျိုးပြောရတာ လျှာအတွန့်သားဟဲ့တဲ့။ ပြီးတော့ မနက်ဖြန်ကျတော့ သီဟိုဠ်ရှင်ဘုရားကို လိုက်ပို့ပေးပါတဲ့"

"ဇင်ဇင်နဲ့ကြီးကြီးတို့ ဘယ်အချိန်သွားချင်သလဲ၊ ကျွန်တော် ဒေါ်လေးရှိကားနဲ့ လာခေါ်မယ်လေ"

"အေး. . . ကောင်းသားပဲ။ နို့မဟုတ်ရင် မြင်းလှည်းနဲ့ဆို


www.burmeseclassic.com

www.burmeseclassic.com



နည်းတဲ့ခရီး မဟုတ်ဘူး။ မြို့ရွေ့ဖျားနဲ့ အနောက်ဖျား"

"ဟော. . . ပြီးသွားကြမှကိုး။ ရော့ရော့. . . နို့သာပုဂ္ဂက်ပျောသီး စားကြ။ ဒါ အုန်းထန်းလျက်လေ။ ဗမာချောကလက်ပေါ့။ ရန်ကုန်သူ ရန်ကုန်သားတွေ ကြိုက်မှာပါ"

သီလရှင်တစ်ပါးက ပီယဝါစာ ကြည်ညိုလေးစားစရာ နူးညံ့သော လှုပ်ရှားဟန်များဖြင့် အချိုပွဲများ ချပေးပြန်သည်။

"ရန်ကုန်မှာ ချောကလက်က ဝယ်လို့ရပါတယ် ဆရာလေး။ ဒီလို အုန်းသီးထန်းလျက်မျိုးက ဝယ်လို့မရပါဘူး"

မင်းသက်နိုင်က ပြောလိုက်ပြီးသော် ဇင်ဇင်က ဆက်၍ . . .

"ဆရာလေးတို့ အုတ်ဇရပ်က သာယာလိုက်တာနော်။ မြစ်ကမ်း ရော သဲသောင်ကြီးရော မျက်စိတစ်ဆုံးမြင်နေရတာပဲ"

"အင်း အင်း. . . ဇင်ဇင်က ပခုက္ကူသူဆိုပေမဲ့ ရန်ကုန်ကြီးရတာ ကိုး။ ပခုက္ကူက အင်မတန်သာယာတာကလားကွယ့်။ နှစ်စဉ်သီဟိုဠ် ရှင်ဘုရားပွဲဆိုတာကလည်း ခြိမ့်ခြိမ့်သဲပဲ မဟုတ်လား။ မြန်မာပြည်အရပ် ရပ်က လာကြတာပေါ့။ ဟော. . . တောင်ပေါ်ဘုရားပွဲဆိုတာကလည်း မကြာခင်လုပ်တော့မယ်လေ။ အလွန်ပျော်စရာကောင်းတာကွယ့်"

သူတို့နှစ်ဦးသည် အတန်ကြာကြာ ဟိုအကြောင်း သည်အကြောင်း များ ပြောနေကြစဉ် ခေါင်းလောင်းထိုးသံကလေး တစ်ခုကြားရ၍ . . .

"ကဲ. . . ဆရာလေးတို့က ညနေငါးနာရီဆိုရင် ဘုရားဝတ်တက်ရ တယ်ကွယ့်။ ခဏတစ်ဖြုတ် သောင်ပြင်ထဲ လျှောက်ကြည့်ကြပါလား။ ဟို ဘက်ကမ်းမှာ ဟင်္သာတွေ လာလာနားကြတယ်ကွယ့်"

"ဟုတ်လား ဇင်ဇင်။ ဟင်္သာမြင်ဖူးလားဟင်။ လာ သွားကြည့်ရ အောင်နော်"

သီလရှင်များ ဝတ်တက်တော့မည်ဖြစ်၍ သင်ဖျာကလေးများ လျှောက်၍ ခင်းနေကြသည်။





"ဇင်ဇင် သူတို့ ဘုရားဝတ်တက်လိမ့်မယ်။ အားနာပါတယ်။ ကျွန်တော်တို့ ခဏဆင်းလျှောက်ရအောင်"

မင်းသက်နိုင်က ထပ်မံ၍ ကြိတ်၍ခေါ်နေတော့လည်း သီလရှင် များရှေ့တွင် ရှန့်တန့်တန့်နှင့်ပင် ပါ၍လာရတော့သတည်း။

"ဇင်ဇင် ဖြေးဖြေးဆင်းနော်။ ကုန်းက မြင့်တယ်။ ဟော. . . ဟော"

ရိပ်သာမှ ကမ်းစပ်သို့ ဆင်းသောနေရာမှာ ကမ်းပါးစောက်ကြီးဖြစ် ချင်သည်။ သီတာဇင်သည် ဘေးတိုက်ကလေးခြေလျှောသွားသဖြင့် မင်း သက်နိုင်က ဖမ်း၍ ဆွဲထားလိုက်ရသည်။

သီတာဇင်က ရှက်မွှန်မွှန်ကလေး မော့၍ကြည့်ပေသည်။ မင်း သက်နိုင်က ကြင်နာဟန်ရှိုးရှိုးနှင့် ဖေးကူတွဲရင်း. . .

"ကျွန်တော် ဇင်ဇင့်ကို အလေးအနက်စကားတွေ ပြောစရာအများ ကြီးရှိပါတယ်ဗျာ။ ဇင်ဇင်လည်း သိပါတယ်။ ရန်ကုန်ကတည်းက ပြောမယ် တကဲကဲပါ"

"တကဲကဲတော့မကပါဘူး ဦးသက်နိုင်ရယ်"

"အဟင်း ဇင်ဇင်ကအဆန်းဗျ။ ကျွန်တော့်ကို တွေ့စက အစ်ကို ဦးသက်နိုင်တဲ့။ နောက်တော့ တဖြည်းဖြည်းအစ်ကိုပြုတ်ပြီး ဦးသက်နိုင် ကြီးပဲ ကျန်ခဲ့တော့တာပဲ"

"ဒါကတော့ရှင် ကျွန်မသူငယ်ချင်းတွေကလည်း ဒီလိုခေါ်ကြပြီး ကျွန်မထူးမခေါ်ဘဲနဲ့တောင် စကြပြောင်ကြလွန်းလို့ ရှိရတဲ့အထဲမှာ"

သူတို့သည် မြစ်ရေတစ်စက်သောင်တစ်ဝက်ဆီသို့ လျှောက်လာ ကြသည်။ နေဝင်ချိန်ဖြစ်၍ သင်္ဘောများသွားလာနေသောဧရာဝတီမြစ်မ ကြီး၏ အနောက်ဘက်တွင် နေလုံးကြီးငုပ်လျှိုး၍ ဝင်နေပေသည်။

"ဟော. . . ဇင်ဇင်တွေ့လား။ အဲဒါပဲ ရွှေဟင်္သာဆိုတာပေါ့"

"ဟုတ်ပါရဲ့။ ရွှေဟင်္သာလို့ တင်စားကြပေမဲ့ တကယ်တော့ သူတို့ အရောင်ဟာ ဝါမှိုင်းမှိုင်းရှိုးရှိုးပါပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ မြန်မာစာပေမှာတော့ ရွှေဟသ်ာကို သီတာသောင်ခြေဘွဲ့ ပတ်ပျိုးနဲ့ တခမ်းတနား အမွှန်းတင်ထားကြတာပဲနော်"

"ဘာလဲရှင့် ဦးသက်နိုင်က သီတာသောင်ခြေပတ်ပျိုးနဲ့ ကျွန်မကို ရည်းစားစကား ပြောတော့မလို့ထင်တယ်"

"အဟင်း အဟင်း ဇင်ဇင့် ဝမ်းထဲမှာ ပုဏ္ဏားကလေးရှိတယ် ထင်တယ်ဗျာ။ နို့ . . ဇင်ဇင်ကလည်း ပြောတယ်မဟုတ်လား။ လေယာဉ်နှုန်းနဲ့ စကားမပြောရဘူးဆို။ ဒါကြောင့် ဆရာမနှုန်းနဲ့ စာသံ ကဗျာသံ ဘုံးပြီး ရွှေဟသ်ာမောင်နှံငှက်ကယ်တို့ လုပ်ရတာပေါ့ဗျာ"

"တော်ပါပြီရှင်။ ကျွန်မတို့အလုပ်ကိုယ်စီနဲ့ အရွယ်တွေဟာ စိတ်ကူးယဉ်တို့ အဖွဲ့အနွဲ့တို့တင်ပြီး နေရမှာမဟုတ်ဘူးရှင့်။ ပြီးတော့ ဖေဖေကလည်း မပြန်ခင်စကားပြန်ရမယ်ဆိုတော့ ကျွန်မတော့ တော်တော်ကို ဦးနှောက်ခြောက်မိတယ်"

"ဇင်ဇင်က ကျွန်တော့်အပေါ် ဘာများအထင်သေးနေတာလဲဗျာ။ ကျွန်တော့်ဘက်ကတော့လေ ဘာမှလည်း စဉ်းစားစရာမလိုတော့ဘူး။ ဇင်ဇင်ကိုတွေ့ပြီးမကြာခင် ကျွန်တော်ချစ်တဲ့အကြောင်း ပြောခဲ့ဖူးတယ်မဟုတ်လား။ ဟော. . ခုတော့ နှစ်ဘက်မိဘကလည်း သဘောတူ၊ ဘာလိုသေးလဲဗျာ"

"ဒါပေမဲ့ ကျွန်မလိပ်ပြာမသန့်ဘူး"

"အို. . . ဘာဆိုင်လို့လဲဗျာ။ ဇင်ဇင်က အားကြီးစကားတတ်တယ်။ ဖေဖေဆွဲတဲ့ ပန်းချီကားတော်င် တရားမဝင်ဘူးလို့ ပြောရက်သေးတယ်ဗျာ"

မင်းသက်နိုင်သည် ထိုစကားစုလေးအတွက် တကယ်မကျေမနပ်ဖြစ်မိပုံနှင့် သဲခုံပေါ်တွင် စိတ်ပျက်လက်ပျက်ထိုင်၍ ချလိုက်သည်။ သီတာဇင်သည် အားနာသွားရကာ သူနှင့်မလှမ်းမကမ်းတွင် ဝင်၍ထိုင်သည်။

"ဒီစကားလုံးဟာ လုပ်ကြံပြီးထွက်သွားရတာ မဟုတ်ပါဘူးရှင့်"





"အဟင်း. . . အဟင်း. . . ရင်ထဲနှလုံးထဲက ခံစားချက်ထွက်လာရတာဆိုပါတော့"

"ကဲပါလေ။ သံသရာရှည်မယ့်စကားတွေ တော်ကြပါစို့။ ခုဖေဖေ့ကို ရင်ဆိုင်မည့်ပြဿနာကိုသာ ကျွန်မတို့စဉ်းစားကြရအောင်"

"ကျွန်တော့်ဘက်ကတော့ ဆုံးဖြတ်ပြီးပြီလေ။ ဇင်ဇင့်ကို ကျွန်တော်ချစ်တယ်၊ မြတ်နိုးတယ်၊ တစ်သက်လုံးပဲယူယသွားမယ်။ အိုဗျာ. . . ဇင်ဇင်ကသာ နိုင်းမယ်ဆိုရင် ကျွန်တော့်အသက်လောက် မြတ်နိုးတဲ့ လေယာဉ်မှူးဘဝကထွက်ပြီး လယ်ထွန်ပါဆိုရင်လည်းထွန်မယ်။ ဘဝတူကျောင်းဆရာလုပ်ဆိုလည်း လုပ်မယ်။ ကဲ. . . ဇင်ဇင် ဘာများထပ်ပြီးအရေးဆိုချင်သေးလဲ။ ပြောလေ၊ ပြော ပြော. . . ကျွန်တော်ကတော့ အကုန်လုပ်မှာပဲ။ ကဲ. . . ကျွန်တော် ဇင်ဇင့်ကို ဒီလောက်မြတ်နိုးပါတယ်ဗျာ"

မင်းသက်နိုင်သည် ပြောရင်းပြောရင်းက စိတ်ပါထက်သန်လာရပုံနှင့် နေရာမှထ၍ လက်ရောကိုယ်ပါ လှုပ်လှုပ်ရှားရှားကြီး ပြောကြားလိုက်မိတော့သတည်း။

"ခုလိုပြောတာကျေးဇူးတင်ပါတယ် ဦးသက်နိုင်။ ဒီကိစ္စကို ဇင်ဇင်လေးလေးနက်နက် စဉ်းစားဆုံးဖြတ်ပါ့မယ်။ ဘာဖြစ်လို့လဲဆိုတော့ အဖေဘုန်းကြီးကိုယ်တိုင်က စဉ်းစားပေးတဲ့ကိစ္စမို့ ကျွန်မကလည်း အကောင်းဆုံးကတိကို ပေးနိုင်အောင် ကြိုးစားပါမယ်ရှင်"

"ဝမ်းသာလိုက်တာ ဇင်ဇင်ရယ်။ ဝမ်းသာလိုက်တာဗျာ"

မင်းသက်နိုင်သည် တကယ်ဝမ်းသာအားရဖြစ်သွားရပုံနှင့် ဇင်ဇင်၏လက်နှစ်ဘက်ကို ဖမ်းယူဆုပ်ထွေးထားလိုက်သည်။

သို့သော် ဇင်ဇင်သည်အားနာပြုံးလေးနှင့်မော့ကြည့်ရင်း သူ့လက်ကလေးကို အသာကလေး ရုန်းယူလိုက်လေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ညသို့ သီတာဇင်သည် အိပ်ရာစိမ်း၍လား၊ အတွေးများက ယိမ်းထိုးနေ၍လားမသိ ရုတ်တရက်အိပ်၍မပျော်ချေ။ ပြင်ပ၌ မှုန်မှုန် အောက်တွင် ရွှေလသည် ပြုပြုကလေးသာ၍ နေရပေသည်။

သူ့အဖေ၏စိတ်ကူးကိုသာ အံ့ဩပြီးရင်း အံ့ဩရင်းသာ ရှိရလေသည်။ သန်ဘက်ခါဆိုလျှင် သူ့အဖေကို အဖြေပေးရတော့မည်။ မင်းသက်နိုင်သည် အားကိုးထိုက်သော၊ ကြင်နာယုယတတ်သော၊ ခင်ပွန်းကောင်းတစ်ယောက်ဖြစ်နိုင်သူပင်တည်း။ သို့ဖြင့် ဘာများလိုပေသေးသနည်း။

"လူငယ်ပေမဲ့ စိတ်မငယ်ပါဘူး မမသီရဲ့။ လူတော်တစ်ယောက် လူကောင်းတစ်ယောက်ဖြစ်အောင် အမြဲကြိုးစားတယ်။ အထူးသဖြင့် မာနကြီးတဲ့မိန်းကလေးတွေ အားကိုးအထင်ကြီးလောက်တဲ့ ပုဂ္ဂိုလ်ဖြစ်အောင်လည်း လူငယ်မိုက်ရူးရဲစိတ်လည်း ဘယ်တော့မှမထားပါဘူး. မမသီ။ ဒါတော့ ယုံစမ်းပါဗျာ"

ထိုအသံသည် နှင်းမှုန်မှုန်လရောင်အောက်မှ လွင့်၍ သူ့နားနှစ်ဘက်တွင် လာရောက်၍ ကြားယောင်နေရပေသည်။ တင်မောင်မောင်၏ မျက်လုံးရွှန်းရွှန်းစိုစိုများသည် သူ့ရင်ကို ဖိုခဲ့မိသည်ကား အမှန်ပင်ဖြစ်သည်။ နောက်တော့လည်း သူ့ဘဝသည် သနားစရာလိုလို သူ့စိတ်မှ အကြင်နာများ ပိုခဲ့မိလေသလားလည်း မမှန်းဆတတ်တော့။

'အို. . . ကိုယ့်ထက်ငယ်ငယ် မဖွယ်မရာနဲ့ လူကဲ့ရဲ့စရာတွေကို စိတ်မဝင်စားနဲ့လေ ဆရာမရဲ့'

ဟု တစ်ဦးတစ်ယောက်က သတိပေးနေသယောင် ဖြစ်လာတော့မှ သူ့ဝဲကတော့အတွေးထဲမှ တင်မောင်မောင်ကို ခါ၍ထုတ်လိုက်လေတော့သတည်း။

နောက်တစ်နေ့တွင် သီလရှင်များအာရုံဆွမ်း ထ၍ချက်ကတည်းက သီတာဇင်သည် လိုက်၍ထသည်။ ကုသိုလ်ရရန် ဖခင်ကြီးအတွက်





ယာဂုကျိုသည်။ ဖခင်ဘုန်းကြီးထံ သွား၍ကပ်သည်။

"ဘုန်းကြီးက သံယောဇဉ်ဟူသမျှ ကြိုးစားဖြတ်နေတာကွယ့်။ အစောကြီးထပြီး အလကားလုပ်နေတယ်။ အိပ်ရောပေါ့ကွယ်"

သမီးအား သံယောဇဉ်ပွားနေမည်စိုး၍ သူ့သမီး၏ အပြုအစုကို မခံယူလိုသည်နှင့် ငြင်းပယ်လိုက်ရှာသည်။

"မတင့်နဲ့ ဘုရားတွေလည်ဖူးရင်း သမီးမေမေရဲ့ အုတ်ဂူကိုလည်း သွားကန်တော့လိုက်ဦးနော်။ ကဲ ကဲ. . . ခဏတဖြုတ် ပြန်လှဲချေဦး သမီးရဲ့။ ချမ်းသေးတယ်"

"တင်ပါ့ဘုရား"

ဝယ်စဉ်ကပင် အတူမနေရသော်လည်း ဖခင်ဟူသောသွေးကလေးက ပြောလေသလားမသိ။ ဖခင်ကြီးအား ကြည်ညိုချစ်ခင်စွာ ဖူးမြော်ရင်း အောက်သို့ဆင်းခဲ့လေတော့၏။

နံနက် ၇ နာရီလောက်ကစ၍ မင်းသက်နိုင်ရောက်ရှိနေပေသည်။

"ကျွန်တော်လာတာ စောနေလို့ ဇင်ဇင်နိုးပါ့မလားလို့ဗျာ"

"နိုးပါတော်။ ဆရာမက ဝီရိယလွန်ပါရော။ ဖွားသီလတွေ ယာဂုကျိုကတည်းက နိုးနေတာ"

"ရန်ကုန်မှာဆိုရင် အလုပ်ချိန်ထဲကို ကိုယ့်ဘဝမြှုပ်ထားရတော့ ကုသိုလ်အရ နည်းတယ်ကြီးကြီးရဲ့။ ဒါကြောင့် မနက်က ဘုန်းကြီးရဲ့ ထွေးခံတွေ တိုက်၊ စကြံနားအမှိုက်တွေလှည်း လုပ်နေတာပါ"

"သာဓုတော် သာဓု သာဓု"

"ကြီးကြီးရေ ရန်ကုန်မှာတော့ ကြီးကြီးတူမက စံပြရန်ကင်းသူတွေ အဖွဲ့ကကိုးခင်ဗျ။ အလုပ်အကိုင်တော့ ပထမတန်းခင်ဗျ"

"ကဲ ကဲ ကားပေါ်တက်နှင့်ကြ။ ကြီးကြီး ကွမ်းယာထုပ်ကလေး ယူလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မတင် ချီးမွမ်းလို့ဘယ်ဖြစ်မလဲ။ ရှင့်မြကေခိုင်တို့ ဒွေးဒွေးတို့လည်း ချီးမွမ်းပါဦးမှပေါ့ရှင့်"

"ရှင့် မြကေခိုင်တွေ ဘာတွေတော့ မလုပ်ပါနဲ့ဗျာ။ တော်တော်ကြာ ဘုန်းကြီးကြီး ကြားလို့ သမက်လောင်းက မျက်နှာများလှချည်လားလို့ ဆန်ပြုတ်နေရပါဦးမယ်ခင်ဗျာ့"

မင်းသက်နိုင်သည် ထုံးစံအတိုင်း အရွှန်းကလေး ပြောလိုက်သဖြင့် သီတာဇင်မှာ ရန်ကုန်တုန်းက ပုံစံမျိုးအတိုင်း. . .

"ကြည့်စမ်း ဦးသက်နိုင်ကြီး သိပ်ဆိုးတာပဲ။ ဟိုမှာ ကြီးကြီးလာနေပြီ"

ဟူ၍ ပြောရင်းမျက်နှာပိုးသတ်လိုက်လေတော့သတည်း။

ထိုနေ့က မင်းသက်နိုင်၏ဒေါ်လေးကားနှင့် သီဟိုဠ်ရှင်ဘုရား၊ ဖောင်တော်ဦးဘုရား၊ ပခုက္ကူမြို့၏ အဓိကရ သံဃာတော်များသီတင်းသုံးသည့် ကျောင်းတိုက်ကြီးများ၊ တောင်ပေါ်ဘုရားနှင့်စွန်သိုက်ဓမ္မာရုံမကျန် လိုက်လံဖူးမြော်ကြရလေသည်။ သီတာဇင်သည် ပခုက္ကူ ဇီးတော်သီးကြီးများကို စက္ကူအိတ်နှင့်ထည့်၍ တချွတ်ချွတ်ဝါးလိုက် မင်းသက်နိုင်ကို ကျွေးလိုက်နှင့် ပါလာရသည်။ ကြီးကြီးတင့်တစ်ယောက် ယောဂီတဘက်ကြီး တဖားဖားနှင့် တစ်ဖဝါးမခွာပါလာသည့်ကြားမှ မင်းသက်နိုင်သည် ယုယသောအပြုံးလှိုင်လှိုင်ကလေးနှင့် သီတာဇင်ကို တစ်ချိန်လုံးကြည့်၍နေမိလေတော့သတည်း။

သချိုင်းအုတ်ဂူသို့ ရောက်သောအခါ သီတာဇင်အဖို့ အံ့ဩရပြန်သည်။ အဘယ်ကြောင့်ဆိုသော် သူ့မေမေဒေါ်သီတာ၏ အုတ်ဂူနှင့် ဦးထွန်းနိုင်တို့၏ အုတ်ဂူတို့မှာ ခေါင်းချင်းဆိုင်၍ မြှုပ်နှံထားကြသောကြောင့်တည်း။ သီတာဇင်ရော မင်းသက်နိုင်ပါ ပြောမြရခက်ခဲသော ဝေဒနာတစ်ခုကို ခံစားရင်းကန်တော့မိကြလေသည်။





"ကဲ ကဲ. . . ရှေ့လျှောက်လည်း သူမိဘကိုယ့်မိဘ ဖြစ်ကြရတော့မှာပဲ။ ဇင်ဇင်ကလည်း ကိုထွန်းနိုင်တို့အုတ်ဂူကိုလည်း ကန်တော့။ မောင်သက်နိုင်ကလည်း မသီတာဂူ လာကန်တော့ကြလေ"

ကြီးကြီးတင့်သည် သူတို့နှစ်ယောက်ကို စေ့စပ်ကြောင်းလမ်းပြီးစီးခြင်းဟူသော လုံ့တန်းစားတွင် စာရင်းသွင်းထားလိုက်ပုံနှင့် ပြောလိုက်လေတော့သတည်း။

□

သီတာဇင်သည် ယနေ့ ဖခင်ဘုန်းကြီးအား ကတိပေး၍ လမ်းရွာမှ တစ်ဆင့် မင်းသက်နိုင်နှင့်အတူ ပြန်ကြရန် လောယာဉ်လက်မှတ်များ ဝယ်ပြီးလေပြီ။ ပစ္စည်းကလေးများထည့်၍ အပြင်သို့ ထွက်မည်အလုပ်တွင် မျက်နှာစိမ်းမိန်းမတစ်ဦး၏အသံကြောင့် ခြေတန့်သွားရသည်။

"မမတင့်ရေ စိတ်များခက်သားနော်။ ဒီဇင်ဇင်ဆိုတဲ့ကလေးမကို နာမည်ကြားတာနဲ့တောင် ချစ်ခဲ့ပါတယ်"

"ဒါဖြင့်လည်း ဟန်ကျတာပေါ့ရှင်။ တူမချွေးမတော်ဖြစ်တော့ ပိုချစ်ရတော့မပေါ့"

"နောက်များဖြင့် မပြောတတ်ပါဘူး မမတင့်ရယ်။ ခုတော့လေ စိတ်မှာ အစ်ကိုကြီးထွန်းနဲ့ မသီတာတို့အကြောင်းကဝင်လာပြီး ရင်ထဲ တော်တော်မကောင်းဖြစ်မိတယ်ရှင့်"

"ကလေးတွေကိစ္စက ဘာဆိုင်လို့လဲ မရီရယ်"

"သူတို့ဆိုတာကလည်း ကိုကြီးထွန်းသားနဲ့ မသီတာသမီး မဟုတ်လား။ ကြားထဲက မမကြည်ကော ကိုကြီးထွန်းပါ အသက်တိုခဲ့ရတာကိုး။ ခုတွေးရင် ခုတောင် မသီတာ လှတာကို မကျေနပ်ဘူး မမတင့်ရဲ့"

"ဘုရားရေ. . . မရီစကားကလည်း မယောင်ရာဆီလူးပါလား"

"မမတင့် စဉ်းစားကြည့်လေ။ တစ်ခါတုန်းက လာသွားဖူးတဲ့



www.burmeseclassic.com

www.burmeseclassic.com



'လှလေခက်လေ' ရုပ်ရှင်လိုပေါ့။ သူလှတာနဲ့ အပြစ်မဲ့တဲ့ လူတွေပါ ဒုက္ခပွားကြရတယ်လေ"

သီတာဇင်သည် ဆက်လက်၍ နားမထောင်လိုတော့၍ လက်နှစ်ဘက်နှင့် နားကို ပိတ်ထားလိုက်လေတော့သတည်း။

မင်းသက်နိုင် ရောက်ရှိလာသောအခါ မျှော်လင့်ခြင်းဘဝဖြင့် သီတာဇင်ကို ပြုံး၍ပြုံး၍ပြရှာသည်။ တော်တော်ဖြစ်နိုင်သော ဒေါ်လေးရီသည် ဘုန်းကြီးနှင့် သူတူတော်မောင်ရှေ့တွင် မျက်နှာကို သကာလူး၍ထားလိုက်သည်။ သီတာဇင်ကိုလည်း လိုလှားဟန်များ တပြပြလုပ်နေပေသည်။ သို့သော်. . .

"မှန်လှပါဘုရား တပည့်တော်မ ဦးသက်နိုင်ကို လက်ထပ်ဖို့ကိစ္စအတွက် နောက်ထပ်ခြောက်လလောက် စဉ်းစားခွင့်ပြုပါဘုရား"

ဟူ၍ ပြတ်ပြတ်သားသား လျှောက်ထားလိုက်တော့သတည်း။

မင်းသက်နိုင်သည် သူကြားရသောအဖြေအတွက် မျက်နှာတစ်ခုလုံးဖွေးခနဲပြူသွားရရှာလေတော့၏။ ဘုန်းကြီးကိုယ်တိုင်ကပင် သည်တစ်ကြိမ်သူ့အတွက် မှားပြန်လေသလားဟူ၍ သူ့သမီးကိုစိုက်ကြည့်လိုက်သည်။

ဒေါ်ရီသည် 'ငါ့မျက်နှာကြော သူနားလည်သွားပကိုး။ အာဂရန်ကင်းသူပါလား။ မွေးစားမိဘကလည်း အတွင်းဝန်ဆိုတော့ မာနကထိပ်ရောက်နေထင့်ပါရဲ့။ ဟွန်း မမကြည်နဲ့ကိုကြီးထွန်းအမွေတွေ ဒီဇင်ဇင်ဆိုတဲ့မိန်းကလေး ရမှာ အသည်းနာပါတယ်။ ငါ့တူလေး သူနဲ့လွဲတာပဲကောင်းပါတယ်' မျက်နှာတွင် ကြောက်စရာအပြုံးသရဖူကို ဆောင်းထားသော်လည်း စိတ်တွင်းမှ အံထက်ပါတိုင်း တွေး၍ကျေနပ်သွားရလေတော့သတည်း။

သူ့ရွှေနည်းစာထဲမှ ဖခင်ကြီးလျှိုလိုရာလျှိုပါရန် ငွေသုံးရာလျှို့ဒါန်း၍ ဖခင်ကြီးအား ဝတ်ပြုဦးတိုက်ခဲ့လေတော့၏။ မင်းသက်နိုင်သည် အံ့ဩစိတ်ကို မျိုသိပ်၍ဘာမျှမဖြစ်သကဲ့သို့ လေယာဉ်ပျံပေါ်တွင် ဂရုစိုက်၍ခေါ်ဆောင် ပြန်ခဲ့ကြလေတော့သတည်း။





သီတာဇင်ကလည်း မင်းသက်နိုင်ရင်ထဲ မည်သို့ဖြစ်နေသည်ကို နားလည်လိုက်ပါသည်။ ထို့ကြောင့်လည်း လေယာဉ်ကွင်းမှ အိမ်သို့အပြန်ခရီးတွင် သူ့ကားလေးနှင့်လိုက်ပို့မည်ဟု ခေါ်ဆောင်သမျှ ညင်သာစွာခေါင်းရမ်း၍ ငြင်းပယ်လိုက်သည်။

"ကျွန်မ ဦးသက်နိုင်အတွက် အဖြေကောင်းပေးနိုင်တဲ့တစ်နေ့ဟောဒီကားလေးကို စီးဖို့ဖုန်းဆက်ခေါ်လိုက်ပါမယ်ရှင်။ ဇင်ဇင်ကိုတော့အစစခွင့်လွှတ်ပါတော့။ ဟို လေယာဉ်ခရီးသည်ပို့ဆောင်ရေးကားနဲ့ပဲလိုက်သွားပါတော့မယ်"

"မြို့ထဲကနေ ရန်ကင်းဘက် တစ်ပတ်ကြီး ပြန်ရဦးမယ်ဗျာ"

သူ၏ အမြဲပြုံးပြုံးချိုချိုနေတတ်သော မျက်နှာလေးသည် ရီဝေဝေနှင့် သူ့ကိုကြည့်၍ကျန်ခဲ့လေတော့၏။

◆



www.burmeseclassic.com

www.burmeseclassic.com

## ၂၄

ထိုနေ့က ညနေကျောင်းဆင်းသော် သူတို့ ရန်ကင်းပလက်ဖောင်း၌ သူ့တပည့်မလေးသုံးဦးကိုတွေ့၍ . . .

"ဟော့ . . . စန်းစန်းတို့ပါလား။ ဘယ်သွားကြမလို့လဲ"

"ဆွေဆွေတို့အိမ်ကိုပါ ဆရာမ။ သူကျောင်းမတက်တာ သွားမေးကြမလို့ပါ"

"ဪ . . ."

"ဆရာမတို့တိုက်က ဘယ်မှာလဲရှင့်"

"ဟိုက မြင်ရတဲ့ဗာဒံပင်လေးနားက တိုက်လေ"

"ဆရာမ ပြန်ရောက်တဲ့အကြောင်းလည်း ဆွေဆွေကို ပြောလိုက်ပါမယ်ရှင့်"

"အေး အေး။ ဪ . . . နေကြဦးကွယ်။ ဆရာမလည်း ကြုံတုန်း လိုက်ခဲ့မယ်လေ။ သူကျောင်းမပျက်စဖူးပျက်တာ ထူးတော့ထူးတယ်ကွဲ့"

"ဟာ . . . ဆရာမလည်း လိုက်မယ်တဲ့"





ကလေးမသုံးယောက်သည် မရဲတရဲသွားနေကြရာမှ မြူး၍ သွက်သွားကြရလေတော့သတည်း။

"ဟင် . . . ဆရာမပါလား။ စန်းစန်းတို့ ခင်ခင်သန်းတို့ရော"

ဆွေဆွေသည် သူတို့တိုက်ခန်းမှ ဝမ်းသာအားရ ဆင်း၍ ကြိုရှာသည်။

"ဆရာမ ဘယ်တုန်းက ပြန်ရောက်ပါလဲရှင့်"

"မနေ့က ရောက်တယ်ကွယ့်။ ဒါနဲ့ ဆွေဆွေဘာလို့ ကျောင်းမတက်တာလဲ"

"မေမေ သိပ်ဖျားနေလို့ပါဆရာမ"

"ဪ ဪ . . . တစ်ခုခုတော့ အရေးကြီးလို့ပဲလို့ ထင်လိုက်သားပဲ"

သီကာဇင်သည် ဆွေဆွေတို့တိုက်ခန်းဆီသို့ ဝင်လိုက်ကတည်းက သန့်သန့်ရှင်းရှင်း သားသားနားနားကလေး ထားသိုပုံကို သတိထားလိုက်မိသည်။

"မေမေရေ ဆရာမတို့ လာမေးကြတယ်။ လာပါဆရာမ။ မေမေက ရိုးရိုးပဲဖျားတာပါ။ အထဲဝင်ကြည့်ပါဦး"

"ဪ ဪ . . . ကုလားထိုင်ပေးပါ သမီးရယ်"

ဒေါ်မြင့်မြင့်သည် အားမရှိတရှိနှင့် လောကွတ်ပြုရှာသည်။ အနားတွင် တစ်ဘက်ခန်းမှ ဒေါ်မြဆန်းရောက်နေပေသည်။

"ကျွန်မက ဆွေဆွေများနေထိုင်မကောင်းဘူးလား။ တစ်ခုတော့ တစ်ခုခုပဲဆိုပြီး စိတ်ပူတာနဲ့ ကလေးတွေနဲ့ လိုက်လာတာပါ"

"တစ်နေ့ကများ ၁၄၀ ဒီဂရီက နှစ်ရက်တိတိမကျဘူးလေ။ အန်တီမြတို့လည်း စိတ်ပူသွားတာပေါ့ကွယ်။ မောင်တင်မောင်မောင် ခွင့် (၂) ရက်ဆက်ယူရတာနဲ့ ကနေ့တော့ နည်းနည်းလည်း သက်သာတာနဲ့ အန်တီမြ စောင့်ပေးပါ့မယ် သွားသာသွားပါလို့ ပြောရတယ်ဆရာမရေ"



www.burmeseclassic.com

www.burmeseclassic.com



ကုတင်ခေါင်းရင်းတွင် သနပ်ခါးအဖွေးသားနှင့် ပွဲပွဲကြီးထိုင်နေသော ဒေါ်မြဆန်းက ကြားထဲမှ ဇာတ်ကြောင်းပြန်၍ ပြသမျှဆရာမလေးသည် ခေါင်းတငြိမ့်ငြိမ့်နားထောင်နေရလေသည်။

တင်မောင်မောင်၏ မိခင်သည် သိပ်၍မကြီးရှာသေးသည့်ပြင် နူးညံ့အေးချမ်းပုံရသည်။ ဆရာမလာမေးသည်ကို မျက်နှာအမူအရာကလေးနှင့် ကျေးဇူးတင်ကြောင်း ပြောနေသကဲ့သို့ ရှိချေသည်။

"မမြလည်း တစ်မနက်လုံး လာစောင့်နေလို့ အတင်းပြန်လွှတ်နေတာပါ ဆရာမရယ်"

"အို. . မြင့်မြင့်ကလည်း အလကားအားနာနေတယ်။ မောင်တင်မောင်မောင့်ကျေးဇူးတွေက ဘယ်လောက်ကြီးသလဲ။ ဒီလိုတိုက်နီးနားချင်းတွေနဲ့ လာဆုံစည်းရတာ အန်တီမြတို့တော့ တကယ့်ကုသိုလ်ကောင်းပါတယ်ကွယ်။ ခု မောင်ဘလှကြည်က သူ့မိဘတွေပစ်ထားတော့ စာရေးစင်လုပ်တယ်လေ။ အပြန်ကျ အိမ်ရှေ့မှာ သစ်ပင်စိုက်လို့ ရုပ်ရှင်များလွှတ်တာတောင် မသွားကြတော့ဘူးရှင့်"

"သားလည်း စာမေးပွဲနီးနေပြီ မဟုတ်လား။ ဆရာမရယ် ဒါကြောင့် ဒီနေ့ညတော့ ကျောင်းဆက်တက်ပါလို့ မှာလိုက်ရတယ်။ ဒေါ်ဒေါ်ဖျားတာနဲ့ သားတွေသမီးတွေ အလုပ်ရှုပ်ကြတာပါကွယ်"

"ဒါကတော့ ဒေါ်ဒေါ်ရယ် ဘယ်သူက ဒီလိုဖြစ်ချင်ပါ့မလဲ။ ဒါပေမဲ့ ဆွေဆွေကတော့ တော်ပြီးသားပါ။ အိမ်မှာ အားတဲ့အချိန် နည်းနည်းပြန်ပြန်ကြည့်ပေါ့နော်။ ကဲ. . ကျွန်မလည်း ကျောင်းက တန်းလာရလို့ ခွင့်ပြုပါဦး။ ဒေါ်ဒေါ် အမြန်ဆုံးနေကောင်းပါစေလို့ ဆုတောင်းပါတယ်ရှင်"

"ကောင်းပါပြီကွယ် ကောင်းပါပြီ။ ကျေးဇူးတင်ပါတယ်။ ဟဲ့ သမီး လိုက်ပို့လေ။ သမီးဆရာမကို အောက်ထိလိုက်ပို့ပါ"

"ဟုတ်ကဲ့ မေမေ"





ဆွေဆွေသည် တစ်ခုခုကို ချီတုံချတုံစဉ်းစားလိုက်ရင်း. . .

"စန်းစန်းတို့ ငါးကလေးတွေ ကြည့်နေကြဦးနော်။ ဆရာမ ဟို ဟို ဆွေဆွေတစ်ခုပြချင်လို့ပါရှင့်"

ဆွေဆွေက မရဲတရဲနှင့် ဆရာမ၏လက်ကလေးကို ဆွဲ၍ အထပ်ခိုးဘက်သို့ ခေါ်ဆောင်သွားသည်။ သီတာဇင်သည် နားမလည်ပုံလေးနှင့် ဆွေဆွေ့ကို ကြည့်ရင်း ပါ၍လာရလေသည်။

"အို. . . အပေါ်တက်ရမှာလား"

"ခဏပါဆရာမရဲ့။ ကျွန်မခုလိုပြတာ ကိုကိုမောင့်မပြောနဲ့နော်"

"အို. . . ဘာဖြစ်လို့လဲ ဆွေဆွေ"

ဆွေဆွေသည် နောက်ထပ်၍ ဘာမျှမပြောတော့ပဲ အထပ်ခိုးကလေးပေါ်ထိဆွဲခေါ်သွားရင်း နံရံကြားထဲမှာ လူခါးတစ်ဝက်စာလောက်ရှိသော ပန်းချီကားချပ်တစ်ခုကို ထုတ်ယူလိုက်သည်။

"ဟင်. . . ဆရာမဒိုးယိမ်းကတုန်းက ပုံပါလား"

သီတာဇင်သည် သူ ကရင်လို၀တ်ဆင်ထားသော သုံးပုံနှစ်ပုံပေါ် လက်လွှဲကနေသောပုံတူကို အံ့သြတကြီးကြည့်လိုက်မိသည်။

"ဆရာမပုံတူကို ကိုကိုမောင် စိတ်ကူးနဲ့ ဆွဲထားတာပါဆရာမ"

'လာပြန်ပလား ပုံတူ'။ ပါးစပ်မှ ထွက်မသွားသော်လည်း ထိုစကားစုကို မလိုတမာကြီး သူ့စိတ်ထဲမှ ရွတ်ဆိုလိုက်မိသည်။ သူ့မေမေဘ၀များသည် သည်ပုံတူမှမြစ်ဖျားခံ၍ ဘ၀ကံမလှမပဇာတ်သိမ်းခဲ့ရသည် မဟုတ်ပါလား။

"မောင်မောင်ကလည်း ဘာလို့များဒီပုံကိုဆွဲထားရတာလဲဆွေဆွေ"

သီတာဇင့်အသံသည် ဒေါသသံကလေးကလည်းပါသွားရ၍ ဆွေဆွေမှာ လန့်တန့်တန့်ကလေး မော့ကြည့်လိုက်သည်။

"ဆရာမစိတ်ဆိုးသလားဟင်။ ကျွန်. . . ကျွန်မကတော့ ဆရာမပုံကလေးက လှလည်းလှ၊ တူလည်းသိပ်တူတာနဲ့ ဝမ်းသာအားရ အိမ်ကို



www.burmeseclassic.com

www.burmeseclassic.com

မလာစဖူးလာတုန်း ခေါ်ပြမိတာပါ။ ဟို. . . ဟို. . . ကိုကိုမောင်က သူ့ပုံ တွေယူကြည့်ရင် ကျွန်မတို့ အရိုက်ခံရပါတယ်"

သည်တော့မှ သူသည် ကလေးမကို မဆီမဆိုင် ဒေါ်ပွစရာမရှိ ပါကလားဟူ၍ တွေးလိုက်ရင်း ပအိုရဲရဲနှင့် လက်လွဲနေသောသူ့ပုံတူကို ထပ်မံကြည့်မိသည်။ ပန်းချီကား၏ အောက်တွင် 'ကရင်ပျိုဖြူ' ဟူ၍ ဘောမှစာတန်းမဆုံးသေးသကဲ့သို့ အစက်ချထားသော စာတန်းကိုလည်း မျက်ခုံးလေးတွန့်၍ ဖတ်လိုက်မိသည်။

"မောင်မောင်က ကာယကံရှင်ကို ခွင့်မတောင်းဘဲ ဆွဲထားတာက တစ်ပြစ် ပြီးတော့ သူများတွေမြင်ရင် ဘယ်လိုထင်ကြမယ်ပဲကွယ်။ ကဲ ဆရာမပြန်တော့မယ်"

"ဟုတ်. . . ဟုတ်ကဲ့ပါဆရာမ"

ဆွေဆွေသည် ပန်းချီကားကို တယုတယကိုင်၍ အမြန်ပြန်သိမ်း လိုက်ပြီးမှ ဆရာမနောက်သို့ လိုက်လာသည်။

"လာ. . . စန်းစန်းတို့ပြန်ကြရအောင်ကွယ်"

တပည့်များရှေ့မို့ ဆရာမဟန်သာ ထိန်းလိုက်ရသော်လည်း သူ့ရင် သည် တဆတ်ဆတ်ခုန်၍ လက်ကလေးနှစ်ဘက် အေးစက်၍ နေရပေ တော့သတည်း။

◆



၂၅

ထိုနှစ်က ပြည်ထောင်စုနေ့ကို ရန်ကုန်မြို့တွင် ကျင်းပသည်ဖြစ်ရာ ကျိုက္ကဆံတစ်ကွင်းလုံး ခြိမ့်ခြိမ့်သဲစည်ကားလျက် ရှိပေတော့၏။ သီတာဇင် မြကေခိုင်နှင့် ဌေးဌေးတို့ခမျာ မစားသာခဲ့။ တစ်ရက်စီ ထမင်းကျွေး တာဝန်ကျသည်။

သီတာဇင်သည် တိုင်းခွဲအလိုက် စာတန်းကလေးများ တင်ထား သောစားပွဲအသီးသီးကို စောစောစီးစီးကပင် ထမင်းပန်းကန်များလိုက်၍ ချထားနေနှင့်သည်။

"ဟင်. . ."

"အာ. . . မမသီ"

ရေဇလုံများလိုက်လံချနေသော တင်မောင်မောင်သည် ဝမ်းသာ အားရပုံနှင့် ပြေး၍လာသည်။

ယခင် မြင်းပွဲလက်မှတ်များ ရောင်းသည့် အဆောက်အဦးဟောလ် ကြီးတစ်ဝိုက်တွင် ကိုယ်စားလှယ်တော်များအား ကျွေးမွေးဧည့်ခံရန် စားပွဲ ရှည်ကြီးများ မျက်စိတစ်ဆုံးပြင်ဆင်ထားသည်မှာ တခမ်းတနားပင် ဖြစ်ပေ



www.burmeseclassic.com

www.burmeseclassic.com

တော့သည်။ မောင်မောင်သည် ဟောလ်အရှည်ကြီးအတိုင်း အဝေးမှပြေးလာသည်။

"မမသီ ဒီ. . . ဒီမှာ လုပ်အားပေးတာဝန်ကျတာကိုး။ ကျွန်တော် စောစောက မမြင်မိဘူး မမသီရယ်"

သီတာဇင်သည် မျက်နှာထားနှင့် လှမ်းကြည့်လိုက်ခြင်းဖြစ်သော်လည်း တင်မောင်မောင်၏ ရွှန်းစိုသောမျက်လုံးကြီးများသည် သူ့ရင်ကို အမှန်ဖို့ရမြဲဖြစ်သည်။

"မောင်မောင့်ကို ပြောစရာရှိတာနဲ့ အတော်ပဲ"

"ဘာလဲ မမသီရယ်။ ပြောပါ။ ကျွန်တော်ကလည်း မမသီပခုက္ကူက ပြန်ရောက်ကြောင်းသိပါတယ်ဗျာ။ လာချင်လိုက်တာလည်း တစ်ပိုင်းကို သေလို့။ အဲ. . . ဒါပေမဲ့ မှန်တာပြောရရင် မလာရဲဘူးဗျ"

"ကိုတင်မောင်မောင် ကျေးဇူးပြုပြီး ဟိုဘက်စားပွဲတွေ ရေချိုင့်တွေ ရောက်မရောက် ကြည့်ပေးပါဦးနော်"

မိမိကသာ မောင်မောင်ခြင်းထပ်၍ မထီလေးစားအပ်သလို ဆက်ဆံသော်လည်း သူ့ကိုလူတိုင်းကလိုလို အထင်ကြီးလေးစားကြပေသည်။

"သွားလေ။ လုပ်အားပေးတာ ခိုမနေနဲ့လေ။ သွားကြည့်ပါဦးလား"

"ကြည့်မှာပေါ့ မမသီရယ်။ မမသီပြောမယ်ဆိုတာပြောဦးလေ"

"မမသီပုံတူကို ဘယ်သူ့ခွင့်ပြုချက်နဲ့ဆွဲသလဲ။ ကဲ. . . ပြော ဒါပဲ"

"ခင်ဗျာ. . . ဟို ဟို. . . ညီမလေးက ပြောသလားဟင်"

"ပြောတာမဟုတ်ဘူးမောင်မောင်။ မမသီမြင်ခဲ့တာ"

"ဟောဗျား။ မိဆွေဆွေပြလို့ပေါ့။ မမသီ စိတ်ဆိုးသလားဟင်"

မောင်မောင်သည် သီတာဇင့်မျက်နှာကလေးကို စိုက်ကြည့်ရင်း တောင်းပန်သံနှင့် မေးလိုက်သည်။





"မင်းစဉ်းစားကြည့်ပေါ့။ ဒီပြင်လူတွေမြင်သွားရင် ဘယ်လိုထင်မလဲ။ မမသီ ဘယ်လောက်သိက္ခာကျမလဲ"

"အဟင်း. . . လူတစ်ယောက်ရဲ့အသည်းနှလုံးကဆန္ဒကို သိက္ခာတွေ သမာဓိတွေနဲ့ ကန့်ကွက်လို့ရစတမ်းလား မမသီရယ်"

"ဟင်. . . မောင်မောင် ဘာတွေပြောနေတာလဲ။ ဝတ္တရားနဲ့ လုပ်အားပေးနေသူကို နှောက်ယှက်မှုနဲ့ စခန်းမှူးကို တိုင်လိုက်ရမလား"

"တိုင်ဗျာ။ မမသီတိုင်ချင်ရင် တိုင်သာတိုင်လိုက်ပါ။ ပေးချင်တဲ့ အပြစ်ဒဏ်ပေးပါစေ။ ကျွန်တော် မမသီကိုချစ်လို့လို့ပြောလိုက်မှာပဲ"

"ဟင်. . ."

သည်လိုဆိုတော့လည်း ကထိကြွေရှင်ဆရာမသည် မျက်လုံးပြူးရပြန်ချေပြီ။ ထို့ကြောင့် ဘာစကားမျှမဆက်တော့ဘဲ ပန်းကန်များထားရန် နာရီကလေးကို တစ်ချက်ငုံ့ကြည့်ရင်း ချာခနဲလှည့်ထွက်ခဲ့လေတော့၏။

ထမင်းစားခန်းများ အထပ်ထပ် ညီလာခံမဏ္ဍပ်ကြီးမှ လက်ခုပ်သံများ တဖြောင်းဖြောင်းနှင့် တက်ကြွစဖွယ် ပေါ်၍ပေါ်၍လာတတ်သည်။ တင်မောင်မောင်အဖို့ တိတ်တခိုးလေးချစ်ရသော ရက်ပေါင်းများလာရသောအခါ သူ့ရင်ထဲမှတစ်ဖက်သတ်ဆန္ဒများသည်ပေါက်ကွဲ၍ ခပ်ရမ်းရမ်းကလေးကဲ့သို့ ပြောလိုက်မိခြင်းပင်တည်း။ နောက်တော့လည်း ခပ်ဝေးဝေးမှ သူ့မမသီ၏ ကိုယ်လုံးကျော့ကျော့ကလေးအား လှမ်းကြည့်ရင်းက ရှက်တတ်သော ကထိကြွေကြီးသော သူ့မမသီကို သနားခြင်း၊ အားနာခြင်းတို့ဖြင့် ပြွန်းထွေးသွားရလေတော့သည်။

ယနေ့ ကိုယ်စားလှယ်တော်များ အာတွေ့သွားကြရ၍ ထမင်းစားနာရီဝက်နောက်ကျမှ ဆွေးနွေးပွဲရုပ်သိမ်းလေသည်။ လုပ်အားပေး အမှုထမ်းအရာထမ်းများ၊ ဆရာမများ၊ စစ်ဗိုလ်မများ၊ စာရေးမများတို့သည် အခွင့်သင့်နိုက်စားရုံတမယ် စိတ်ရှည်လက်ရှည်ပြင်ဆင်ထားကြသည်။


www.burmeseclassic.com

www.burmeseclassic.com

"မမသီ ထမင်းဇလုံကြီးက လေးကလေးနဲ့။ ပေးပေး ကျွန်တော့်ကို"

"ဩော်. . . မမသီကလည်း။ ဒီဟင်းချိုင့်ပုပုကြီးတွေ ကျွန်တော်တို့ ယောက်ျားတွေ သယ်မှာပေါ့ဗျာ"

မိမိ လေးလေးပင်ပင်ကြီးတွေ သယ်ယူပို့ဆောင်နေသမျှ စောင့်၍ များ ကြည့်နေသလားမသိသော မောင်မောင့်ကို မျက်နှာလေးအိုအိုနှင့် ပြန်၍ကြည့်တတ်သော်လည်း သူ့ရင်ထဲတွင် မောင်မောင်၏ ယုယဟန်များ သည် အားရှိလာရသလိုလို ကျေနပ်သယောင်ယောင်။

ဆွေးနွေးပွဲများ မနက်ပိုင်းအတွက် ပြီးစီးသွားလေပြီ။ ပထမနေ့က တည်းက နေရာများသတ်မှတ်ခွဲခြား၍ ပြသထားပြီးမို့ အဆင်စုံ၊ အမြင်စုံ၊ ပုံပန်းအစုံ ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် တစ်ပုံတည်းသော စိတ်ဓာတ်ဖြင့် စားပွဲရှည်ကြီး အသီးသီးတွင် လက်ရေတစ်ပြင်တည်း ဝင်၍ မြိန်ရှက်စွာ သုံးဆောင်ကြပေတော့သည်။

"ခဂျာအိုင်အီး (နေကောင်းပါရဲ့လားခင်ဗျာ)"

ဟူ၍ ကချင်ဘာသာဖြင့် တစ်မျိုး။

"ဖထီးနဲ့မုဝါးတို့ ဖြည်းဖြည်း ဖြည်းဖြည်းသုံးဆောင်ပါနော်"

ဟူ၍ ကရင်အမျိုးသားများ လှည့်၍တစ်ဖုံ။

"ကျင်လွဲလွဲခါနာ (ထမင်းဖြည်းဖြည်း သုံးဆောင်ကြပါ)"

ဟူ၍ ရှမ်းအမျိုးသားများအား ခေါင်းကလေးတဆတ်ဆတ်ငြိမ့်၍ လောကွတ်စကားပြောကြားအပြီး ချင်းအမျိုးသားဘက်သို့ လှည့်လာရပြန် သည်။ တစ်ဖန် ဆီရင်းချင်းအမျိုးသားများစားသောက်နေရာ ထမင်းစားပွဲ သို့ လျှောက်သွားပြန်ပြီး. . .

"အမ်းဟောင်းနည်းတားဗော (ထမင်းဖြည်းဖြည်းသုံးဆောင်ကြပါ)"

ဟူ၍ ချင်းအမျိုးသားများဘက်သို့ လှည့်ပြောလိုက်စဉ် ပြည် ထောင်စုဖွားများသည် စကားစုံ ဟိုစပ်စပ်သည်စပ်စပ်နှင့် ဧည့်ခံကောင်း သော တင်မောင်မောင်ကို ခင်ကြသည်။ ချစ်ကြသည်။ မောင်မောင်ဝတ်





ဆင်ထားသော တိုက်ပုံအကျီစကို ကိုင်ကြည့်သူကကြည့်၊ မျက်ပေါက်ပိတ် မတတ်ရယ်ပြသူကရယ်ပြ၊ တင်မောင်မောင်က ဟင်းများ ခပ်၍ထည့်ပေး လိုပေ။ ဖန်ခွက်လက်မလည်ရာသို့ ထပ်မံ၍သွားယူ ပေးတန်ပေး၍၊ ထမင်းတင်သော စားပွဲသုံးလေးခုကို အကောင်းဆုံးဝတ္တရားများကျေပွန်ရန် ဆောင်ရွက်နေပေတော့၏။

သီတာဇင်သည် သူ့အတုကို အလိုလိုလိုက်၍ခိုးမိသည်။ မဝံ့မရဲ ဖြစ်နေရှာသူ တောင်ပေါ်ပျိုဖြူကလေးများကို ဟင်းထမင်းများ ထပ်မံထည့် ပေးခြင်း၊ အချိုတည်းရန် ငှက်ပျောသီးများစေ့စေ့ငှငှရှိရန် ကြည့်ရှုပေးခြင်း၊ တင်မောင်မောင်ကဲ့သို့ပင် အပြုံးလှိုင်လှိုင်နှင့် အားလုံးကို လောကွတ်ပျူငှာ လုပ်မိလေသည်။ ကိုယ်စားလှယ်တော်များသည် အားလုံးကျေကျေနပ်နပ် စိတ်ချမ်းသာစွာဖြင့် စားသောက်ပြီးစီးသွားရလေတော့၏။

ညနေဘက်တွင် လုပ်အားပေးများကို ကားနှင့်ပြန်၍ပို့ပေးသည်။ သို့သော် သီတာဇင် ဂိတ်ပေါက်သို့ ရောက်သွားသောအခါ ရန်ကုန်ဘက်မှ ပရိသတ်များကို အရင်ပို့သောကားနှင့် ကြုံနေရသည်။

"ဆရာမ ခဏသည်းခံပါနော်။ ခုပြန်လာမယ်"

တိုယိုတာကားလေးသည် ထွက်ခွာသွားလေတော့၏။

"မမသီ ကားပြန်ကိုစောင့်ရင် နောက်တစ်နာရီအနည်းဆုံးကြာမှာ ပဲ။ ကျွန်တော်တို့သုံးဘီးနဲ့ပြန်သွားရင် ကောင်းမလားလို့ပါ"

"ဩော်. . . မမသီတ မင်းနဲ့အတူ ပြန်ရမယ်လား"

သူက ငေါ့တော့တော့ကလေး မေးလိုက်သည်ကို နားလည်သဖြင့်

"မမသီအကြာကြီးစောင့်နေရမှာစိုးလို့ပါဗျာ"

"ကဲ ပြန်မှာဖြင့်ပြန်လေ မမသီတော့ ကားလာတဲ့အထိစောင့်မယ်"

စကားကြောလာရှည်မနေနှင့်ဟူသော ပုံနှင့်ပြောရင်းက တစ်ဘက် သို့ မျက်နှာမသိမသာ လှည့်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမသီက ကျွန်တော့်ကို **တကယ်စိတ်ဆိုးတာကိုး။ တကယ်တမ်း** ပြောရရင် ကျွန်တော်ချစ်တာကိုသာ ရင်ထဲမှာ**ထားလို့မရလို့ ဖွင့်ပြောမိတာ** ပါ။ မမသီဆီက တုံ့ပြန်တဲ့ချစ်မေတ္တာရရှိလိမ့်မယ်လို့ **တစ်စက်ကလေးမှ** မမျှော်မှန်းရဲပါဘူးဗျာ"

ယခင် (မင်းဘားဂိတ်ပေါက်) တွင် လူများ တဖြည်းဖြည်းပါး၍ သွားလေပြီ။ တင်မောင်မောင်သည် သူနှင့် မလှမ်းမကမ်းတွင်ရပ်၍ အထက်ပါစကားစုကို လေးလေးနက်နက်ပြောနေ၍ လားမသိ။ သီတာဇင် မှာ ယောင်၍နားထောင်နေမိသည်။

"အဲ. . . ကျွန်တော် နောက်ဒီလို ကျွန်တော်နဲ့မတန်တဲ့စကားမျိုး တော့ မပြောမိအောင်ထိန်းသိမ်းပါ့မယ်လို့ **ကတိပေးပါတယ်ဗျာ"**

"ဟောဗျာ။ ဆရာမတို့ ရန်ကင်းအဖွဲ့ ကားစောင့်နေကြတာလား။ ဒေါ်သိန်းသိန်းတို့တော့ ခြေလျင်လစ်ကြပြီဗျို့"

လုပ်အားပေးအဖွဲ့ဝင်တစ်ဦးသည် ထိုသို့ပြောရင်း သုံးဘီးပေါ်သို့ တက်သွားလေတော့၏။

"ဟုတ်တယ် **မမသီ။ တစ်နေ့လုံးလည်း ပင်ပန်းထားတာ။ မမသီ** စောင့်နေရရင် **သွေးတောင့်မှာပေါ့"**

"ဘာလဲ **မင်းက** မမသီကို ဖွတ်စောင့်ခေါ်နေတာလား။ မင်းခြေ ထောက်နဲ့ မင်းပြန်ပါလား။ မမသီမလိုက်ဘူး"

သီတာဇင်သည် တမင်ပင် မာမာပြောလိုက်လေသည်။

"မှောင်တော့မယ်ဗျာ့ မမသီတစ်ယောက်တည်းစိတ်မချဘူး"

"အဲလို မဆီမဆိုင်"

"ဟုတ်ပါတယ်ဗျာ ဟုတ်ပါတယ်။ ကျွန်တော်မဆိုင်မှန်းသိပါ တယ်။ ကဲ. . . မမသီ ဒီလိုလုပ်။ ကျွန်တော် ဦးမင်းသက်နိုင်ဆီ ဖုန်းဆက် ပြီးလာကြိုခိုင်းမယ်"

"ဘာရယ်"





"မမသီကလည်း ကြားသားနဲ့ဗျာ။ **ကျွန်တော်**က ဒီနာမည်ကို သိပ် ပြီးတော့ ထပ်ခါထပ်ခါခေါ်ချင်တာမဟုတ်ဘူးဗျ။ မမသီ ဒီထက်နားလည် အောင် ပြောရရင် သူ့ကို ကျွန်တော်က မနာလိုနေတာဗျ။ ခုတော့ မမသီ တစ်ယောက်တည်း အကြာကြီးစောင့်နေရင် ပင်ပန်းမှာစိုးလို့ မမသီ အိမ် မြန်မြန်ရောက်ဖို့ စီမံပေးရမှာ။ ဘယ်နှယ်လဲ မမသီ"

"တော်စမ်းပါမောင်မောင်ရယ်။ ဒီမှာ ဒူးတွေကိုက်ရတဲ့အထဲမှာ သူကတမျောင့်။ ရန်ကင်းကလူတွေတော့ အရင်မပို့ဘူးနော်"

သူက ပို့မည့်ကားကိုသာ အပြစ်တင်နေမိသည်။

"ကဲ. . . ကျွန်တော်မပြောဘူးလား။ တစ်နေ့လုံးလျှောက်နေရတာ ယောက်ျားကြီးတွေတောင် ပင်ပန်းတာမမသီရဲ့။ လေးဘီး ဟေး ဟေး လေးဘီး"

သူက တစ်ဆက်တည်း လေးဘီးကားကို ခေါ်လိုက်သည်။

"ကဲ. . . မမသီ တက်နော်။ ကျွန်တော် ကားပေါ်မှာ ကောင်းကောင်း မလိုက်ရင် ခင်တင့်တင့်သင်ပေးတဲ့ ဂျူဒိုနဲ့ကားပေါ်က ကန်ချခဲ့ဗျာ"

သူက ဖွတ်ပင် သီတာဇင်ရပ်စောင့်နေရသည်ကို မကြည့်ရက်၊ မရှု ရက်။ လေးဘီးကားနှင့်ပြန်ရန် စီမံလိုက်သည်။ သီတာဇင်သည် သူ၏ စေတနာလွန်ကဲလာပုံ၊ သူ့မျက်ဝန်းကြီးက လေးနက်သထက်လေးနက်လာ ပုံကို လန့်၍ လန့်၍ လာရပေသည်။ ထို့ကြောင့် သူက တစ်ခုခုကို စဉ်းစား ဆုံးဖြတ်ရင်း. . .

"မောင်မောင် တစ်နေ့က မမသီပခုံကြိုးကို ဘာကိစ္စသွားတာလဲ သိလားဟင်"

ကားပေါ်ထိုင်ရင်း လေးနက်သောအသံတစ်မျိုးနှင့်မေးလိုက်သည်။

"ဟင့်အင်း ဘာကိစ္စရယ်တော့မသိပါဘူးဗျာ။ သည်မောင်ကတော့ အချောင်ကို လွမ်းကျန်ခဲ့ရတာပါပဲ"

သီတာဇင်က သူ့ကို မဲ့မဲ့ကလေးယောင်၍ ကြည့်လိုက်မိရင်း. . .



www.burmeseclassic.com

www.burmeseclassic.com

"ဖေဖေက ဦးသက်နိုင်နဲ့ ခေါ်ပြီးစေ့စပ်တာမောင်မောင်ရဲ့"

"ဗျာ"

သူသည် ခတ်လိုက်သွားရသူပမာ ကျင်ခနဲဖြစ်သွားရှာသည်။

"ဟုတ်တယ် မောင်မောင်။ မြကေခိုင်တို့ကို မေးကြည့်ပါလား။ လေးဘီးကားသစ်ကလေးတွင် ဒူးချင်းဆိုင်၍ထိုင်လာကြသူနှစ်ဦးသည် တစ်ယောက်ကိုတစ်ယောက် စိုင်ခနဲကြည့်နေလိုက်မိကြသည်။

သူ့ထက်နှစ်နှစ်လောက်ငယ်သည့် စာရေးဖြစ်သည့် လုပ်သားတွင် စာသင်နေသူဟူ၍ သူ့အပေါ်ယံစိတ်တွင် တင်မောင်မောင်အား အထင် သေးနေမိသည်ကား အမှန်ပင်ဖြစ်သည်။

သို့သော် အံ့ကူအသက်ကို ကယ်ဆယ်ခဲ့ခြင်းမှ အစချီ၍ သူ့အရပ် ကိုမှီးနေသော သူ့ဆရာဂျူဒိုအား အတွင်းစိတ်များတွင် အထင်ကြီးနေရပေ သည် မဟုတ်ပါလား။

"ကျွန်တော်ရိပ်မိနေပြီးသားပါဗျာ။ ဟိုပန်းချီကားဆုပေးပွဲမှာ ခတ်ပုံချင်းယှဉ်ပြီးပါလာကတည်းက ကျွန်တော်အကဲခတ်မိနေတာပါ။ ဒါပေမဲ့ ခုလိုမမသီပါးစပ်က ပွင့်ပွင့်လင်းလင်းကြားလိုက်ရတော့ ကျွန်. . ကျွန်တော့်ရင်ထဲမှာ သိပ်ငိုချင်တာပဲ မမသီ။ သိပ်ငိုချင်တာပါပဲ။ ဒါပေမဲ့ဗျာ"

မှုန်သည်။ တင်မောင်မောင်သည် ငိုသံသဲ့သဲ့ ထွက်ပေါ်လာရပြီးမှ စိတ်ကိုတင်းလိုက်ပုံနှင့်. . .

"ကျွန်တော်မငိုဘူးမမသီ၊ ကျွန်တော့်ကို နဂိုကမှ အထင်မကြီးတဲ့ မမသီဟာ မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကိုမရတာနဲ့ ငိုတဲ့ယောက်ျား ဆိုပြီး ကျွန်တော့်ကိုပိုပြီး အထင်သေးသထက် သေးသွားမှာလည်းစိုးတယ်။ ပြီးတော့ တော်ပါပြီဗျာ တော်ပါပြီ"

"မောင်မောင့်ဘာသာ တစ်ဖက်သတ်စွဲလမ်းပြီး တစ်ဖက်သတ် စိတ်ကူးယဉ်နေတာ မမသီမှာ အပြစ်ရှိသလားဟင်"





မင်းချင်းထပ်၍ ခပ်မာမာပြောနေရာမှ သူ့လေသံသည် ဘာကြောင့် များ ပျော့လျော့လျော့ဖြစ်သွားရ လေသနည်း။ သီတာဇင်ကိုယ်တိုင် သူ့စိတ်ကို နားမလည်နိုင်အောင် လန့်ဖျပ်သွားရလေတော့သတည်း။

"မမသီမှာ အပြစ်မရှိပါဘူးဗျာ။ အပြစ်မရှိပါဘူး။ ဟောဒီ ငမိုက် သားမှာသာ အဲလေ. . . မမသီပြောလည်းပြောစရာပါပဲ။ ပန်းချီကားကိုဆွဲ တာတောင် **"ကရင်ပျိုမြို ..."** ဆိုပြီး ဘေးကကွက်လပ်လုပ်ထားတာ မမသီ တွေ့မှာပေါ့။ အဟင်း. . အဲဒါ ကျွန်တော်စိတ်ကူးယဉ်တာပေါ့ဗျာ။ မမသီ ဆီက ချစ်အဖြေလွှာရရင် **"ကရင်ပျိုမြို ချစ်သောသူ"** လို့ ဆက်မလို့ မမသီ ရဲ့။ ဟော. . . ကျွန်တော်ဒီမှာဆင်းမယ်။ ဟိုမှာ ဦးသက်နိုင်ကားရောက် နေတယ်။ ဒီလောက်ကွန်ခြေကြီးတဲ့ မိန်းကလေးတစ်ယောက်ကို ကျွန်တော့် အတွက်နဲ့ အထင်အမြင်သေးသွားမှာစိုးလို့ပါဗျာ"

သူက လေးဘီးကို ပုတ်၍ ရပ်လိုက်သည်။ သီတာဇင်ကို တစ်ချက် ကြည့်၍ ကားပေါ်မှ ဆင်းသည်။ ကားမောင်းသမားထံ ငွေပေးလိုက်သဖြင့် သီတာဇင်က ဟန့်လိုက်မည်လုပ်ပြီးမှ ဘာမျှမပြောတော့ချေ။ ပလက် ဖောင်းတွင် ဆင်း၍ရပ်ကြည့်နေသောသူကို ကြည့်ရင်း ရင်ထဲတွင် တလှပ် လှပ်နှင့် ဝေဒနာတစ်မျိုးကို ခံစားလိုက်ရပေတော့သတည်း။

သူတို့တိုက်ရှေ့ ဧည့်ခန်းကလေးတွင် မင်းသက်နိုင်နှင့် မြကေခိုင် တို့သည် ချိုင်းနီး(စ်)ချက်ကား ဖန်ဂေါ်လီများ ဟိုရွှေ့သည်ရွှေ့နှင့် စိတ်အေး လက်အေး ကစားနေကြသည်။

"ဟော. . . ဇင်ဇင် ဘာနဲ့ပြန်လာသလဲဟင်။ အချိန်အတိ အကျမသိလို့ပါဗျာ။ နို့မဟုတ်ရင်လာကြိုမှာပေါ့"

မင်းသက်နိုင်သည် ပင်ပန်းလာသည့်ကြားကပင် လှနေပေသော ဇင်ဇင်ကို ကြည့်၍ ပျာပျာသလဲ လောကွတ်စကားနှင့် ဆီးကြိုနေပေသည်။

"မသီတာရေ။ ယူက ပဟေဠိတွေ ပဟေနက်တွေ များလှချည် သားကွယ်။ ဦးသက်နိုင်ကြီးရဲ့ ကားကိုစီးတဲ့နေ့ ယူ့ဆီကအဖြေကောင်းပေး



www.burmeseclassic.com

www.burmeseclassic.com



မှာဆို။ အဟင်း. . . အဟင်း ဦးသက်နိုင်ကြီးကတော့ မိုးမျှော်လယ်သမားကြီး ဖြစ်နေတာပေါ့ကွယ်. . . ပင်ပေါက်ကလေးတွေ လွန့်သန်လာတဲ့ စပါးပင်တွေပေါ် မိုးကလေးတဖြိုက်နှစ်ဖြိုက်များ ထပ်ရွာချလိုက်ရင် ဟောဒီ စပါးပင်တွေတော့ အရမ်းသန်လာမှာပဲလို့ စိတ်ကူးယဉ်သလို သူ့အချစ်ပင်ပေါက်ကလေးအပေါ် မသီတာဆီက အချစ်မိုးဘယ်ခါရွာပါ့မလဲလို့ စောင့်နေတာရှင်ရဲ့"

ဆံကျစ်ကလေးတစ်ဖက် ပင်နီကွက်စိတ်ဘလောက်(စ) နှုတ်ခမ်းပန်းသွေးကြွကြွကလေးများဆိုး၍ ဟန်ကလေးပင် ခါတိုင်းထက် နုနေသလိုလို စကားတွေကလည်း ခပ်ကြွယ်ကြွယ်ဖြစ်နေသော မြကေခိုင်ကို သီတာဇင်က အကဲခတ်ရင်းက သူ့ကိစ္စကို တွေ့ခနဲ စဉ်းစားလိုက်ရသည်။

မောင်မောင်။ သည်တင်မောင်မောင်ကိစ္စကို အမြန်ဆုံးဖြေရှင်းပစ်ရန် လိုအပ်လာရပေသည်။

မှန်သည်။ ယခုအချိန်တိုကလေးတွင်သာ တင်မောင်မောင် အကြောင်းများက အပြင်းအထန်စဉ်းစားလာမိသည်မဟုတ်။ သူကိုယ်တိုင်ဟန်တစ်လုံးပင့်ထားသော ယခင်အချိန်များကပင် သူသတိမထားမိသော စိတ်တစ်ပိုင်းသည် "သတိထား အန္တရာယ်ရှိသည်" ဟူသော အရိုးခေါင်းပုံနှင့် မီတာပုံးပမာ ဖြစ်နေရပြီမဟုတ်ပါလား။ ထို့ကြောင့် ယခုရေစီးဖောင်ငင် ဖြစ်လာခိုက်သူတို့စကားနှင့် မျှော၍လိုက်ရန် ဆုံးဖြတ်လိုက်သည်။

"ကေခိုင်ရေ။ ခုဒီအဖြေပေးဖို့ ဆုံးဖြတ်ပြီးပြီ"

"ဆုံးဖြတ်ပြီးပြီ ဟုတ်လားဇင်ဇင်"

မင်းသက်နိုင်က ဝမ်းသာအားရ ဝင်၍မေးသည်။

"ဟုတ်ပါတယ် ဦးသက်နိုင်။ နက်ဖြန်ညနေ ဦးသက်နိုင်အားရဲ့လားရှင်"





"ဗျာ. . . အားပါတယ်၊ အားပါတယ်"

မင်းသက်နိုင်မျက်နှာသည် မျှော်လင့်ခြင်းဖြင့် ရွှန်းရွှန်းဝေသွားရလေသည်။ မြကေခိုင်ကလည်း သူတို့ ကိုယ်ရေးကိုယ်တာများကို မိမိနှင့်မည်သို့မျှမဆိုင်ပုံနှင့် ကစားစရာပစ္စည်းများ သိမ်းဆည်းနေသော်လည်း သူ့ခေါင်းကလေးသည် မသိမသာငဲ့၍ သီတာဇင်စကားများကို နားစွင့်နေပေသည်။

"ဦးသက်နိုင် အားမယ်ဆိုရင်ပါ။ ကျွန်မ သိမ်ဖြူလမ်းဘက်ကို ဖေဖေ့ဖို့ လေဆေးသွားဝယ်ချင်လို့လေ ခဏလိုက်ပို့ပေးပါလို့"

"ဟာ ဇင်ဇင် ပို့မယ်ပို့မယ် ဘယ်အချိန်လဲဟင် ဘယ်အချိန်လဲ"

ထိငါးစောင်ထိုးထားသည့်အနက် လက်မှတ် ၂ စောင် သိန်းဆုနံပါတ်နှင့် ဝင်တိုက်နေရသူပမာ သူ့အသံသည် ဝမ်းသာလွန်းနေပုံရသည်။ သို့သော် ဆရာမကို ကြိုက်ရသည်ကလည်း မသက်သာပါ။ ဝမ်းသာ၍လည်း သူ ပြောချင်ရာတွေ စွတ်ပြောနေ၍မဖြစ်သေးပါ။ သူက ပဟေဠိတွေ ပြုလုပ်ထားတော့လည်း (ပန်းပေးပြီ။ ဒါပေမဲ့ မပြောနိုင်ဘူး) ဆိုသော ဖော်ဖုံးဖုံးလုပ်နေသမျှ သူကလည်းအလိုက်သိနေရသေးသည် မဟုတ်ပါလား။ မြကေခိုင်သာလျှင် ရုတ်တရက်မျက်နှာကလေး ငယ်သွားရသည်။

သို့သော်. . သို့သော် သူနှင့်ဘာဆိုင်သနည်း။ ဘာဆိုဘာမျှမခဲ့ုင်ပါ။ ဈေးဝယ်သည် လာကတည်းကပင် ရန်ကင်းရှိ သည်တိုက်ကို လာခဲ့ခြင်းဖြစ်သော်လည်း အညာကုန်ကို တန်ဖိုးထား၍လာသော သူမဟုတ်ပါလား။ သူသည် စွပ်ခနဲအိမ်ပေါ်သို့ပြေးတက်ခဲ့သည်။ မင်းသက်နိုင်နှင့် သီတာဇင် တို့ကလည်း ရုတ်တရက်နားမလည်နိုင်သကဲ့သို့ သူ့ကိုမော့ကြည့်၍ ကျန်ခဲ့ကြသည်။

"ငါ. . . ဘာဖြစ်သွားတာလဲ"

မြကေခိုင်သည် ခုတင်တိုင်ကိုမှီရင်း ပူပူထူထူကလေး စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com

လိုက်မိသည်။ မင်းသက်နိုင်၏ ယဉ်ကျေးသော၊ ယုယတတ်သော၊ ချစ်စဖွယ်ဟာသကလေးများပြောတတ်သော၊ ချိုလွင်လွင်အရပ်မြင့်မြင့်နှင့် အားကိုး ချင့်စဖွယ် သူ့ကို. . သူ့ကို။ ဘုရား. . . ဘုရား. . . ငါသူ့ကို ချစ်နေတာနဲ့ တူတယ်။ အတွေးဆုံးသော် အိပ်ရာပေါ် သို့လှဲ၍ မျက်နှာကို မှောက်ထားလိုက်မိသည်။

ရှက်စရာကောင်းလိုက်တာ။ ရှက်စရာကောင်းလိုက်တာ။ မင်းသက်နိုင်ထက်သာသောပုဂ္ဂိုလ်များကိုပင် သူက လှည့်မကြည့်ခဲ့ပါဘဲနှင့် သူ့ကျမှ။ အောက်ထပ်တွင် သူတို့နှုတ်ဆက်စကားသံ၊ ကားထွက်သွားသံ၊ သီတာဇင်အပေါ်ထပ်သို့ တက်လာသံ။ မြကေခိုင်သည် အိပ်ရာထဲမှ ဝုန်းခနဲထလိုက်သည်။ နံရံကပ်ဆေးဘီရိုလေးနားသို့ပြေးကာ လေဆေးတစ်ခွက်ကို မော့၍သောက်နေလိုက်သည်။

"ကေခိုင် လေနာလို့လား"

သီတာဇင်က စူးစမ်းပုံလေးနှင့် မေးလိုက်သည်။

"ဟုတ်တယ်မသီတာရယ်။ ခုနက အောက်မှာလည်း ရုတ်တရက် ထိုးနာတာ။ လှဲနေရတယ်ကွယ့်။ ခုမှဖွတ်ထသောက်ရတာ ကျွတ် ကျွတ်"

မြကေခိုင်သည် မည်မျှဟန်ဆောင်ကောင်းစေကာမူ သူ့မျက်လုံးကို စိုက်၍ကြည့်လိုက်မိရာ ချက်ချင်းရိပ်မိသွားရလေသည်။ မြကေခိုင်သည် လေနာသည်ဟုသာဆိုသည်။ သူ့မျက်လုံးများသည် စောစောက ပလက်ဖောင်းတွင် ရီဝေစွာကျန်ရစ်ခဲ့သော တင်မောင်မောင်၏ မျက်လုံးပုံသဏ္ဍာန်မျိုးဖြစ်နေသည်ကို ကောင်းကောင်းကြီး နားလည်လိုက်လေတော့၏။

'ဟင်း . . .' ချဉ်သီးနှင့်ဆားအတူထားက ဆားများအရည်ပျော်လတ္တံ့ ဟူသော စကားလေးကို မှန်သည်ဟု ဆိုရလေမလား။ ချဉ်သီးရှိရာ တိမ်းမိသော ဆားမှုန့်များသည် တကယ်ပင်သိသာလွန်းလှသည်။ သို့တစေ မြကေခိုင်သည် ရေဒီယိုကလေးကို အသံကျယ်ကျယ်ဖွင့်၍ "အနီးစခန်းမှာ





×××မေမြို့ပန်းတွေစုံညီ×××သလဲသီးများနဲ့စတော်ဘယ်ရီ×××အိမ်ကလေးများလည်း×××တွေ့ရမည်×××ခြေရာက်ကမ်းပါးအလှတွေဆီ×××ခေတ်မှီမှီဆောက်ထားကြလေပြီ×××" ဟူသော သီချင်းကလေးကို အေးအေးဆေးဆေးလိုက်၍ ဆိုနေပေတော့သတည်း။

◆


www.burmeseclassic.com

www.burmeseclassic.com

## ၂၆

သီတာဇင်သည် နောက်တစ်နေ့ ကျောင်းရောက်သောအခါ ညက တနင့်နင့်လှုပ်ရှားခဲ့ရသော အတွေးများကြောင့် ဆွေဆွေကိုလည်း မကြာမကြာ ကြည့်မိသည်။ ဆွေဆွေကလည်း သူ့ကိုကြည့်ကွက်ကြည့်ကွက်လုပ်နေပေသည်။ သို့သော် မိမိပြန်ကြည့်လိုက်လျှင် မျက်နှာပြန်၍ ပြန်၍ ငုံ့သွားရလေသည်။ စားပွဲသို့ ဆွေဆွေတစ်ယောက် သူ့စာအုပ်လာတင်သောအခါ သီတာဇင်သည် မသိမသာကြည့်ရင်း. . .

"မင်းတို့မေမေ နေကောင်းသွားပြီလား ဆွေဆွေ"

ဟုမေးလိုက်မိသည်။ ဆွေဆွေက ဆရာမမျက်နှာကို တစ်ချက်ကြည့်လိုက်ပြီးမှ ပြန်ငုံ့သွားပြီး. . .

"မေမေကတော့ နေကောင်းပါပြီ။ ဟို. . . ကိုကိုမောင်သာ နေမကောင်းရက်ကြီးနဲ့ ရုံးသွားလို့ မေမေက စိတ်မကောင်းနေတာတစ်ခုပါပဲ"

"ဪ. . . မောင်မောင်က ဘာဖြစ်လို့လဲ။ ဖျားတာလား"

"ကိုယ်မပူပါဘူးဆရာမ။ ခေါင်းကိုက်တယ်ပြောတာပဲ။ ညစာရော





မနက်စာရော ဘာမှမစားဘဲ ရုံးသွားတော့ မေမေက လေခံတော့မှာပဲဆိုပြီး တဖျစ်ဖျစ်နဲ့ ပြောနေတာပါ"

"ဪ. . . မနေ့ကလည်း ပင်ပန်းသွားတယ်နဲ့ တူပါတယ်ကွယ်။ ရော့. . . မင်းစာအုပ်။ အကုန်မှန်တယ်။ ဒီနှစ်တော့ မင်းတို့ မောင်စိန်ဝင်းတို့၊ အဲ. . . လှလှလေးလည်း မဆိုးပါဘူး။ လူရည်ချွန်ပါအောင် ကြိုးစားကြပေတော့"

သူက ဆရာမကြီးပုံနှင့်သာ ပြောနေရပေသည်။ စိတ်အစုံဝယ်ငိုချင်နေရသည်။ ညက မင်းသက်နိုင်ကို အဖြေပေးတော့မည်ဟု ဆုံးဖြတ်လိုက်ခါမှ ငိုမိသည်ထက်ဆိုးသော ဝေဒနာတစ်မျိုးခံစားရသည်။ တင်မောင်မောင်နှင့် စတွေ့သည့်အချိန်မှစ၍ အကြောင်းအရာများသည် တစ်ခန်းစီတစ်ခန်းစီ ရုပ်ရှင်သဖွယ်မြင်လာရသည်။ သည်အထဲ သူနှင့်တွဲ၍ကရသေးသည်။ ရပ်ရွာအကျိုးမို့သာ ထိုစဉ်ကလည်း တွဲသာကလိုက်ရသည်။ သူ့ကိုမြင်စကပင် သူ့ရင်သည် လှုပ်ရှားခဲ့ရသည်။

သို့သော် မင်းသက်နိုင်၏ကားကို စီးရန် သူသည်ကတိပေးလိုက်ပြီမဟုတ်ပါလား။ သာမန်လူများအတွက် ရိုးရိုးသာတွေးခေါ်ကြမည် ဖြစ်သော်လည်း နှစ်ဦးသားနားလည်နေကြသူများအတွက် သူ့စကားသည် ကတိပေးခြင်းပင်တည်း။ သီတာဇင်သည် သူထားရှိသောကတိကို ထိန်းသိမ်းရန် စိတ်ကိုတင်းလိုက်သည်။ ဆွေဆွေကိုလည်း ရင့်ကျက်စွာ ကြည့်လိုက်သည်။ တိကျသောဆုံးဖြတ်ချက်ပေါ် သို့ အလေးသာရန် မျက်နှာကိုမော့လိုက်လေတော့သတည်း။

ဂွတ္တာလစ်ဈေးမှ ရန်ကင်းသို့ ကွေ့ဝင်သော လမ်းအတိုင်း မက်ကာရိုဘတ်(စ်) စစ်ကားလေးတစ်စင်းပေါ် တွင် မြကေခိုင်သည် တိတ်တိတ်ဆိတ်ဆိတ်ကလေး ကူရှင်တွင်မှီရင်း ပါ၍လာသည်။

"ဘယ့်နှယ်လဲခင်ဗျာ။ ဗိုလ်ကြီးမြကေခိုင် ဒီနေ့ငြိမ်ချက်သား ကောင်းလှချေလားဗျ"



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်တွင်ပါသော အခြားဗိုလ်ကြီးတစ်ဦးက ပြောလိုက်သဖြင့် မြကေခိုင်က ဘာမှမပြောချင်သကဲ့သို့. . .

"ဟင်း. . ."

ဟူ၍ အလိုက်အထိုက် ပါးစပ်ပိတ်၍ ရယ်လိုက်သည်မှအပ စကားမဆက်ချေ။ သူ့ကိုယ်လုံးလေးသည် ကူရှင်ကို အားရပါးရမှီ၍ ထားချင်နေသည်။

သို့သော် ချက်ချင်းဆိုသလို တစ်ဦးတစ်ယောက်က သူ့ကိုဆောင့်တွန်းလိုက်သကဲ့သို့ ကိုယ်ကို ရှေ့သို့မတ်ခနဲဖြစ်၍ လည်တံကိုလည်း ကားပြတင်းဝသို့ ဆန့်တန်း၍ကြည့်မိရက်သားဖြစ်သွားရသည်။ အဘယ်ကြောင့်ဆိုသော် သီတာဇင်ကျော့ကျော့စင်စင်ကလေးသည် မင်းသက်နိုင်၏ ကားဖြူလေးနောက်ခန်းတွင် လှလှပပကလေး စီးနင်းလိုက်ပါသွားရသောကြောင့်တည်း။

လေယာဉ်မှူးပီပီ မျက်စိပါသော မင်းသက်နိုင်သည် သူ့ကို လက်ကလေးမြှောက်၍ပင် ပြသွားသည်။ သည်တော့လည်း မြကေခိုင်ခမျာ အားနာစိတ်ကလေးဖြင့် ပြုံး၍ပင်ပြလိုက်ရရှာသည်။

"ဘယ်လိုလဲခင်ဗျာ။ သတင်းထူးရင်လည်း စောစောစီးစီး သိကြစမ်းပါရစေ။ ကြည်းတပ်နဲ့လေတပ် ပဏာတော့ဟပ်သားဗျ"

ကားပေါ်မှ ပျော်တတ်သော ဗိုလ်ကြီးတစ်ဦးက စွပ်စွပ်စွဲစွဲပြောရက်ပေသည်။ မြကေခိုင်က မချိပြုံးကလေး မသိမသာနှင့်. . .

"ဘယ်က လေတပ်ရမှာလဲ"

ဟူ၍ သူဖြေရှင်းချင်ရာကိုသာ စိတ်မပါတပါ ဖြေရှင်းလိုက်ရလေတော့သတည်း။ မင်းသက်နိုင်ကမူ ဝမ်းသာအားရနှင့် မြကေခိုင်တို့ရုံးကားတွေ့လိုက်ကြောင်း သူ့ ဇင်ဇင်ကို လှည့်၍ပြောနေပေသည်။

"အရှေ့အနောက်စကားပြောရတာ အားမရပါဘူးဗျာ။ ကျွန်တော်လေ ဇင်ဇင့်ကိုစကားပြောစရာတွေ အများကြီးရှိတယ်ဗျာ။ ဟိုလေ. . .





တစ်ခါတုန်းက ဇင်ဇင့်ကိုစာရေးပြီးပြောခဲ့ဖူးတယ် မဟုတ်လား။ မရှာဘဲမဖွေဘဲတွေ့ရတဲ့အချစ်ဆိုပြီး တင်စားပြောခဲ့ပါတယ် ဟုတ်လား။ တကယ်တော့ ဒီလိုမဟုတ်ဘူးဗျ။ ဒေါ်လေးရီစပြောကတည်းက ဇင်ဇင်ဆိုတဲ့ နာမည်ကို နားဝင်ချိုခဲ့ရတယ်။ တစ်ခါ အလွန်ကျက်သရေရှိတဲ့ ပန်းချီရှင်ရဲ့ သမီးဆိုတော့လည်း ဇင်ဇင်ဆိုတဲ့ မိန်းကလေးကိုသိပ်ပြီး မြင်ဖူးချင်လာရတယ်။ အဲ. . . ရယ်စရာဖြစ်ပုံက ဇင်ဇင့်ကိုတွေ့ချင်ဇောနဲ့ လာပါတယ်။ ဇင်ဇင့်ကိုတန်းမတွေ့ဘဲ လူမှားရတာကလည်း အကြိမ်ကြိမ်ပဲခင်ဗျာ။ ပထမဆုံးတွေ့တာက မြကေခိုင်လေ အဟင်း. . . အဟင်း"

မင်းသက်နိုင်မှာ နဂိုကပင် ပျော်ပျော်ရွှင်ရွှင်နေတတ်သူပီပီ ယခုကဲ့သို့ စိတ်ချမ်းသာရသောအချိန်တွင် ပြောစရာမရှိတော့ပေ။ သူက ရယ်ချင်သံကလေးနှင့် ပြောလိုက်သမျှ သီတာဇင်က လေးနက်စွာပြန်ကြည့်ရင်း. . .

"ကေခိုင်ကလည်း ဦးသက်နိုင်ကို တော်တော်ခင်ပုံရပါတယ်"

"ဩော်. . . ကျွန်တော်ကလည်း ခင်ပါတယ်ဗျာ။ သူနဲ့စကားပြောရတာ ပျော်တယ်ဗျာ။ ကျွန်တော့်လိုပဲ အရွှတ်လည်း ပြောတတ်တယ်။ အဲ. . . သတ္တိလည်းကောင်းတယ်"

"ဟုတ်ပါတယ် ဦးသက်နိုင်။ သူနဲ့ ဦးသက်နိုင်ဆိုရင် အစစပုံပြီး ဘက်ညီတယ်လို့ ကျွန်မထင်ပါတယ်"

"ဗျာ. . . ဘာ. . . ဘာပြောလိုက်တယ်။ ကျွန်တော်မြကေခိုင်ကို ခင်တာက ရိုးရိုးဗျ။ အဲ. . . ဇင်ဇင်ဆိုတဲ့ မိန်းကလေးကိုသာ ကျွန်တော်က ရာသက်ပန်ဘဝအဖော်အဖြစ် သတ်မှတ်ပြီးမှ ပေးချင်ပုံ ကမ်းချင်ပုံမရတဲ့ မေတ္တာကို တဆာဆာတောင်းခံနေရတာပေါ့ဗျာ"

သူသည် ထိုစကားစုကို အားရပါးရ လှည့်၍ပြောချင်ပုံနှင့် ကားကို ဘေးထဲသို့ ထိုးရပ်ရင်း ပြောလိုက်ခြင်းဖြစ်သည်။

"ဦးသက်နိုင်ကတော့ ဟုတ်ပါပြီလေ။ ကေခိုင်ဘက်က. . .



www.burmeseclassic.com

www.burmeseclassic.com

“ဒီမှာ ဒီမှာ။ ကျွန်တော်ချစ်တာ ဇင်ဇင်ဗျာ့ ဇင်ဇင်။ ခု ကျွန်တော့် ကားပေါ်မှာ ခဲတောင့်ခဲယဉ်းပါလာရတာဟာ ကျွန်တော်လိုချင်တဲ့ အဖြေပေးဖို့လား။ ဒါမှမဟုတ် မြကေခိုင်နဲ့ မသက်ာလို့များလားဗျာ။ ဘုရားပေး ပေး တျမ်းပေးပေးပါ။ သူတို့ကို ကျွန်တော် နှမသားချင်းများလို သဘောထားပါတယ်။ ဇင်ဇင့်ကိုတော့ ကျွန်တော့်ဖေဖေ့သွေးများ ပါသွားသဲလား မသိပါဘူးခင်ဗျာ။ အသံကြားရုံ တစ်ခါမြင်ဖူးရုံနဲ့ စွဲလမ်းခဲ့ရတယ်ခင်ဗျာ့။ အိုဗျာ ရှင်းရှင်းပြောရရင် ကျွန်တော်လက်ထပ်ချင်တဲ့ မိန်းကလေးမျိုးဟာ ဇင်ဇင့်မှာရှိတဲ့ အရည်အချင်းနဲ့ အားလုံးလိုက်တယ်ညီတယ်။ ကဲ. . . ဒါ ကျွန်တော့်စိတ်ထဲကရှိတာ အကုန်ပြောတာပဲ။ ဇင်ဇင့်ဘက်ကသာ ပြတ်ပြတ်သားသား သိပါရစေတော့”

“ဦးသက်နိုင်က ကားကိုရပ်ထားတာကိုး။ ဇင်ဇင် ကားသွားရင်း ပြောမှာပေ့ါ”

“အို. . . ကျွန်တော့်ဘဝမှာ ဒီလောက်အရေးကြီးတဲ့စကားကို ကျောကြီးပေးပြီးတော့ နားမထောင်ပါရစေနဲ့ဗျာ။ ရှေ့ရင်လည်း လာပါဗျာ”

“ရှေ့တော့ မလာပါရစေနဲ့ရှင်။ ကျွန်မ ဒီကားကို စီးမယ်လို့ပြောတဲ့နေ့ဟာ အဖြေကောင်းပေးခြင်းပဲလို့ ပြောပြီးပါရောလားရှင်။ ဘာများ ထပ်ပြောစရာလိုသေးလို့လဲ ဦးသက်နိုင်ရယ်”

“အာ. . . တကယ်နော်။ ဟာဗျာ. . . ပါးစပ်က ဘာမှမပြောတော့ တစ်မျိုးကြီးပဲ။ ပြီး. . . ပြီးတော့. . . အိုဗျာ ပါးစပ်ကတော့ တစ်ခွန်းလောက်ပြောစေချင်သေးတာပေ့ါ”

“ဒါ နောက်တော့ ပြောမှာပေ့ါရှင်။ ကဲ. . . လမ်းမကြီးမှာ မကောင်းပါဘူး။ မောင်းပါတော့”

“ဇင်ဇင်ဆေးဝယ်ပြီးရင် ကျွန်တော့်တိုက်ကို လိုက်လည်ရမယ်နော်”

“အို. . . မိုးချုပ်နေလိမ့်မယ်”





“ခဏပါဗျာ”

ကားလေးသည် မြို့ကြီးစွာ သိမ်ဖြူလမ်းသို့ လေဆေးဝယ်ပြီးသော် တက္ကသိုလ်ရိပ်သာလမ်းသို့ ဦးတည်မောင်းလာခဲ့တော့၏။

“စစ်အေးရိပ်သာတဲ့။ နာမည်ကလေးက ချစ်စရာနော်”

“အဟင်း”

မင်းသက်နိုင်က အဓိပ္ပာယ်နှင့် ရယ်လိုက်မိရှာသည်။ ခင်စစ်နာမည်ကိုအကြောင်းပြုပြီး မှည့်ထားတာမှန်းသိရင်တော့ ဤသို့ ခိုးမွှမ်းရှာမည်မဟုတ်ပါကလားဟူ၍ ဤအိမ်အကြောင်း လုံးဝမသိရှာသေးသော ဇင်ဇင်၊ တစ်နည်းမူ ချစ်အဖြေလှာလာ၍ပေးရှာသော သူ့ဇနီးလောင်း အသစ်စက်စက်ကလေးကို အနိဋ္ဌာရုံစကားများ လားလားမျှမပြောရက်သေး၍ ငြိမ်၍နေလိုက်ရပေတော့သတည်း။

“ဌေးဌေးနဲ့ ကေခိုင်တို့ကတော့ ရောက်ဖူးတယ်လေ။ ဒီတုန်းက ဇင်ဇင်က လိုက်မှမလိုက်ခဲ့ဘဲကိုးဗျာ။ အဲဒါ ကျွန်တော့်အဒေါ်ဒေါ်လေးစိန်နဲ့ ခင်စစ်တို့ နေကြတာလေ။ ဟိုတိုက်ကလေးက ကျွန်တော်နေတာပါ”

“ဩော်. . . တစ်ခါ ဌေးဌေးတို့ ဆေးလာကုပေးတဲ့ ဦးသက်နိုင် နှမရဲ့နာမည်က ခင်စစ်တဲ့လား”

“ခင်စစ်အေးတဲ့ ဇင်ဇင်ရဲ့”

“ဩော်. . . နာမည်ကလေးက ကောင်းလိုက်တာ။ သူ့နာမည်ကလေးကိုး စစ်အေးရိပ်သာဆိုတာ။ ခု သူအာယ်မလဲဟင်”

“ဇင်ဇင်ရယ်. . . ချမ်းမြေ့ပျော်ရွှင်စရာ ကိုယ်တို့ကိစ္စပြောဖို့လာတဲ့အချိန်မှာ ဒီစိတ်ဝေဒနာသည်အကြောင်း မေ့ထားကြရအောင်ပေ့ါဗျာ။ လာလေ ဇင်ဇင်။ ဆင်းပါ”

သူက ကားတံခါးကို ဖျာဖျာသလဲဖွင့်၍ ယုယစွာ ဦးဆောင်ခေါ်ရင်း သူ့တိုက်ကလေးထဲသို့ ဝင်ခဲ့ကြလေတော့၏။

“လာ. . ဇင်ဇင် ဒီမှာထိုင်ဦးနော်”



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဧည့်ခန်းနှင့်ကပ်လျက် အဆောင်သို့ဝင်သွားစဉ် သီတာဇင် တိုက်ငယ်ငယ်ကလေးကို လှည့်ပတ်၍ ကြည့်မိသည်။ ကြည်ပြာရင့်ရောင် ကတ္တီပါစလေးများအုပ်ထားသော ဆိုဖာမကျ ကုလားထိုင်မကျ စကပ်ပုံမျိုး လေးလုံး ကမ္ဘာ့မြေပုံတပ်ထားသော မှန်စားပွဲအရှည်တစ်လုံး၊ ပြောင်လက် သော အမျိုးအစား ဖယောင်းပုဆိုးအထူကော်ဇောပေါ်တွင် ကျဲကျဲကြီး ဝိုင်းထားပုံသည် တစ်မျိုးကြည့်ကောင်းသည်။

တရုတ်လုပ်လား ဂျပန်လုပ်လား မသဲကွဲသောဖဲချည်နှင့်ထိုးထား သည့် လေယာဉ်ပျံပုံ ခပ်ကြီးကြီးတစ်ခုသာ မှန်ဘောင်သွင်း၍ ဧည့်ခန်း တွင်ချိတ်ဆွဲထားသည်မှအပ မင်းသက်နိုင်ဓာတ်ပုံပင် မရှိချေ။ ဘဝအဖော် သို့မဟုတ် ခင်ပွန်းလောင်းပင်ဆိုပါတော့။ သူ၏အိမ်ဂေဟာကလေးထားပုံ ကို သီတာဇင်သည် ပြုံးပြုံးကလေးဝေ့ရမ်းကြည့်ရင်း ကျေနပ်သောင်လွှမ်း၍ သွားရလေတော့၏။

"တစ်ယောက်တည်းဆိုတော့ ဖြစ်သလို ညစ်တီးညစ်ပတ်ပဲဗျား။ ကဲ ကျွန်တော်တို့နှစ်ယောက် မင်္ဂလာအထိမ်းအမှတ်ပေါ့။ မနေ့က စပါယ်ရှယ် အဝယ်နိုင်းထားရတာ"

လင်ဗန်းတစ်ခုကို စားပွဲပေါ်သို့ တင်လိုက်ရင်း ပြောလိုက်သဖြင့် သီတာဇင်သည် ယောကျ်ားကြီးတန်မဲ့နှင့် ဧည့်ခံနေသော မင်းသက်နိုင် ယူလာသမျှ အားနာပါးနာကလေး ကြည့်လိုက်မိသည်။ ချောကလက် ခရင်များအပြည့်ငုံ၍သုတ်လိမ်းထားသောပန်းကိတ်ပေါ်တွင် (Happiest Day) အပျော်ဆုံးနေ့ဟူ၍ ခရင်ပန်းရောင်နှင့်စာလုံးဖော်၍ထားသော ကိတ်မုန့်ကြီးအပြင် နှုတ်ခမ်းရှည်ရှည် ပုံဆန်း၍လှပသော ဖန်ခွက်နှစ် လုံးတွင် ဗင်(မ)တိုများထည့်၍ ယူဆောင်လာပုံကို ကြည့်ရင်း . . .

"ထားပုံ သိုပုံကလေးက ရှင်းရှင်းလှလှကလေးပါ ဦးသက်နိုင်ရယ်၊ မညစ်ပတ်ပါဘူး"





"ကဲ . . . ကျွန်တော်တို့ဘဝမှာ အရေးကြီးဆုံးစကားတွေ ပြောကြ ရအောင်ပါဗျာ။ ဒါကြောင့် မုန့်တော့ များများစားရမှာနော်"

သူက ပြောပြောဆိုဆို ကိတ်မုန့်အတုံးကြီးကြီးတစ်တုံးစိတ်၍ . . .

"သုံးဆောင်ပါ ဇင်ဇင်။ ကျွန်တော်တို့ရဲ့ အပျော်ဆုံးနေ့အတွက်ပါ"

စိတ်ပြီးသားမုန့်ဘက်မှလှည့်၍ မုန့်ပန်းကန်ထိုး၍ ပေးလိုက်လေ သဖြင့် သီတာဇင်မှာ မုန့်ကြီးကို ပြုံးတွန့်တွန့်နှင့် ရှရှကလေး လှမ်းယူလိုက်ရ လေတော့သတည်း။

နောက်တစ်စိတ်ကို သူကိုယ်တိုင်စား၍ ဇင်ဇင့်ကို ပြုံး၍ကြည့်လိုက် လက်သုတ်ပုဝါလေးကို ဖြန့်၍ ဇင်ဇင်ပေါင်ပေါ်သို့ တင်ပေးလိုက်နှင့် သူ ကိုယ်တိုင်ကလည်း အမှုန့်ကလေးများ အောက်သို့မကျရန် စားသောက်ပုံ သန့်သန့်ဖြင့် စားသောက်ရင်း နောက်ထပ်လှိုး၍တွေးပြန်သည်။ ဇင်ဇင်က ငြင်း၊ သူကအတင်းကျွေးနှင့် ဗင်(မ)တိုသောက်ပြီးချိန်တွင် သီတာဇင်၏ ဗိုက်ကလေးတင်း၍ သွားရပေတော့၏။

"ဘယ်လိုအိမ်ရှင်မှန်းလည်း မသိဘူး။ စားပိုးနှင့်အောင် ကျွေးလွှတ် တာနဲ့တူတယ်"

"ကဲ . . . စကားရောဖွဲ့ရောနဲ့ ဒီပြင်အပိုတွေမပြောကြစို့နဲ့လေ။ ဇင်ဇင် ကျွန်တော့်ကို ဘယ်လောက်ချစ်သလဲ ပြောပေတော့"

"အဟင်း . . . အဟင်း . . . ဟောလောက်ကြီးချစ်ပါတယ်"

ဇင်ဇင်က ရက်ရှက်နှင့် လက်ကိုဘောလုံးပုံဝိုင်းပြရင်း ကလေးလေး ပြောနည်းအတိုင်း ရွှတ်တွတ်တွတ်ကလေးပြောလိုက်သည်။ မင်းသက်နိုင် သည် ဇင်ဇင်၏ ဤသို့ချစ်ဖွယ်ရာ ဟန်ကလေးများကို တွေ့ကတည်းက ယခုတစ်ကြိမ်သာ တွေ့ဖူးသဖြင့် သူ့သွားတက်ကလေးများပေါ်သည်ထိ နှစ်နှစ်ခြိုက်ခြိုက်ရယ်ရင်း . . .

"ကျွန်တော်ကလည်း မိုးလောက်ကြီးချစ်တယ် ဇင်ဇင်။ ကဲ . . ဖုံး ပြီလား။ လေယာဉ်ပျံမောင်းသွားတဲ့အခါ မိုးသားတိမ်တိုက်တွေဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာဆုံးတယ်ရှိလို့လဲဟင်။ ဒီလိုပါပဲ ဇင်ဇင်။ ကိုယ်ဟာ ဘယ်တော့မှ မဆုံးနိုင်တဲ့မေတ္တာနဲ့ ဇင်ဇင့်ကို တစ်သက်လုံးချစ်မယ်၊ ယုယမယ်။ ကိုယ်ဟာ ဇင်ဇင့်အတွက် ခင်ပွန်းကောင်းတစ်ယောက်ဖြစ်ရပါစေ့မယ်။ ကဲ. . . ဒီလောက်ဆိုရင် စိတ်ချရောပေါ့နော်"

"တစ်ခုလိုသေးတယ်ရှင့်"

"အာ . . . မလိုပါဘူးဗျာ။ အကုန် (ကောပလီ) အပြည့်အစုံပါ။ ဘာလဲ Bi Sexual မောင်မစွကာ ဖြစ်နေမစိုးလို့လား"

"ကြည့်စမ်း ကြည့်စမ်း။ ဦးသက်နိုင်ကြီး သိပ်ညစ်ပတ်တာပဲ။ ဒီက အကောင်းပြောမလို့ဥစ္စာ။ မပြောတော့ဘူး"

"အဟင်း အဟင်း ဇင်ဇင်ကလည်း အရွှန်းကလေးတွေ မပြောဖူး ပြောတော့ ကိုယ်ကနဂိုကတည်းက အရွတ်ပြောတတ်တဲ့လူ မဟုတ် လား။ ကဲပါ။ ဘာပြောမှာလဲ ပြောပါဗျာ။ နားထောင်ချင်လှပါပြီဗျ"

"ဒါပဲနော်။ ယဉ်ကျေးတဲ့ အိမ်ရှင်ထင်လို့ ဇင်ဇင်လိုက်လာတာရှင့်"

"အေးပါဗျာ။ ကျွန်တော်လေ ဇင်ဇင်နဲ့ အမြန်ဆုံးလက်ထပ်ချင် တယ်။ ဘာလဲဗျာ။ ဂျပန်က မွေးစားမိဘတွေဆီ ခွင့်ပန်ရဦးမှာလား"

"ဇင်ဇင့်ကို ရန်ကင်းမှာ တိုက်တစ်လုံးနဲ့ ထားခဲ့ကြရကတည်းက အိမ်ထောင်ရေးမှာ ဘယ်လိုဘယ့်လိုလူစားတွေ ရွေးချယ်လို့ လွတ်လပ်ခွင့် ပေးပြီးသားပါ"

"ဟုတ်လား။ သူတို့က ဘယ်လိုလူတွေ ရွေးချယ်ရမတဲ့လဲဟင်"

"ရှင့်လိုလူမျိုးပေါ့"

"တယ်. . . သိပ်ချစ်စရာကောင်းတဲ့ (အဒေါ့ပတက်) ယောက္ခမ လောင်းကြီးတွေပဲ"

"နောက်ပြန်ပြီ တစ်ခါ"

"ကျွန်တော်မနောက်ပါဘူး ဇင်ဇင်ရယ်။ ဝမ်းသာလုံးဆို့ပြီး အူရွှင် နေတာပါ။ ဒီမှာ ဇင်ဇင်။ ကျွန်တော်မှာ ငွေစုထားတာတော့ ရှိပါတယ်။





ဒါပေမဲ့ မြန်မြန်ဆန်ဆန်နဲ့ တရားဝင်ကိစ္စပြီးချင်လို့ ရုံးမှာအမြန်လက်ထပ် မယ်။ ပြီးမှ ဘုန်းကြီးကြီးဆီ အကြောင်းကြားရရင် ကောင်းမလားလို့ပါဗျာ"

"ရှင့်သဘောလေ"

"ဟာ. . . ဝမ်းသာလိုက်တာ ဇင်ဇင်ရယ်"

မင်းသက်နိုင်သည် ဝမ်းသာအားရ ဇင်ဇင့်ကို ကြုံး၍ဖက်လိုက် သည်။ သို့သော် အလွန်ပါးသော ဇင်ဇင်သည် နေရာမှရုတ်ခနဲထ၍ ရှောင်လိုက်သည်။

"ဒါပဲနော်။ ဇင်ဇင့်ကို လက်မထပ်ခင်နာရီပိုင်းထိ အလှကြည့်နေ ရမှာရှင့်"

"ဟာဗျာ"

မင်းသက်နိုင်သည် ရှက်ရှက်နှင့် သူ့ခေါင်းကို သူကုတ်၍ ရယ်ရင်း က . . .

"တော်တော်ဆိုးတဲ့ရန်ကင်းသူဗျ။ ကဲ ကဲ. . . ဒါနဲ့ စောစောက စကားစောင် ပြတ်သွားပါပြီ။ တစ်ခုလိုသေးတယ်ဆိုတာ ဘာလဲပြော ဦးလေ"

"ဪ. . . တခြားမဟုတ်ပါဘူး။ ဇင်ဇင်နဲ့ လက်ထပ်ပြီးရင်လေ လေယာဉ်မယ်လုပ်လုပ်စာလေးတွေကို မကြည့်ရဘူး"

"ဟောဗျ"

"ဘာလဲ။ မနေနိုင်ဘူးလား"

"ဟား. . ဟား. . . နေနိုင်ပါတယ်ဗျာ။ လေယာဉ်မယ်ဆိုတာ လေယာဉ်ပျံတွေရဲ့ ကျက်သရေဆောင် မနုဿနတ်မိမယ် လုပ်သား ကလေးတွေမဟုတ်လားဗျာ။ ကျွန်တော်တို့ဟာ သူတို့ကလေးတွေ အလှ ပွန်းမှာကို စိုးရိမ်ပြီး စောင့်ရှောက်နေကြရတဲ့ အလုပ်မောင်နမတွေပါ ဇင်ဇင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com

"တော်တော်ပြောတတ်တဲ့ ဦးသက်နိုင်"

"တော်တော် သဝန်တိုတတ်တဲ့ ဒေါ်သီတာဇင်။ အဟင်းအဟင်း ကဲ. . ကျွန်တော်က ဒေါ်ကြီးတပ်ခေါ် လိုက်တော့ ဇင်ဇင် ကြိုက်သေးရဲ့လား"

"ကျွန်မကတော့ ကြီးဒေါ်ဇင်ပဲခေါ်ခေါ် ကြိုက်ပါတယ်။ ဦးသက်နိုင်လို့ ခေါ်တာမကြိုက်ရင် နောက်တော့ ပြင်ခေါ်ပါ့မယ်။ ဟော. . . အပြင်က ခေါ်နေတယ်"

"အမင်းရေ. . . ဟော့ အမင်း"

ဖိနပ်ရှပ်တိုက်ကလေးတစ်ခုနှင့်အတူ အဒေါ်ကြီးတစ်ဦးသည် အရေးတကြီးခေါ်ရင်း တိုက်ထဲသို့ ဝင်လာသည်။ ဇင်ဇင့်ကို စူးစူးဝါးဝါး တစ်ချက်ကြည့်ရင်းက. . .

"အမင်းရေ. . . သိန်း သိန်းမေဘာဖြစ်မှန်းမသိဘူး။ ဆေး. . ဆေးရုံကို လိုက်ပို့ပေးစမ်းပါကွယ်။ မောင်တင်ကလည်း ခုတင်ပြန်သွားခါပဲ ရှိသေးလို့။ လာပါ လာပါ။ ဟိုမှာ ဝက်ရူးပြန်နေသလားမသိပါဘူး။ လျှာကြီးထွက်နေပြီ"

"ဟင်. . . ဒေါ်လေးစီကလည်း ဦးတင်ကို အစောကြီးပြန်လွှတ်တာကိုး။ ဇင်ဇင်ဆေးရုံကို လိုက်ခဲ့ရမလားဟင်"

"ဩော်. . . မသိတာသမီးနဲ့တူတယ်။ အင်း. . အင်း. . သတင်းစာထဲ ပါလာကတည်းက တစ်နေ့ဒီလိုဖြစ်လာမယ်ဆိုတာ တွေးမိပါတယ်လေ"

အဘွားကြီး၏ မလိုတမာလေသံကြောင့် ဇင်ဇင့်ခမျာ မျက်နှာကလေးရဲတက်သွားရရှာသည်။ မင်းသက်နိုင်ကလည်း သူ့ဇင်ဇင် ဤသို့ဖြစ်သွားရန် ပြောရပါမည်လားဟု ဆတ်ဆတ်သွားပုံနှင့်. . .

"ဟုတ်တယ် ဒေါ်လေးစီ။ ကျွန်တော်နဲ့ဇင်ဇင် ရှေ့အပတ်ထဲမှာပဲ ရုံးတက်ပြီးလက်ထပ်ဖို့ စီစဉ်ပြီးပါပြီ"

ဟူ၍ ရဲရဲတင်းတင်း ကြေငြာလိုက်သည်။





"အင်း. . . လက်တောင်ထပ်တော့မှာကိုး။ အေးပါ မင်းတို့ကိစ္စတွေထားပါဦး။ ကောင်မလေးမျက်စိအောက်သေသွားမှာစိုးလို့ လိုက်ပို့ပါဦး"

အဒေါ်ကြီးက အလွန်အရေးကြီးနေပုံနှင့် ရှေ့မှ ဘောက်ဆတ် ဘောက်ဆတ်သွားနှင့်သည်။

"ဇင်ဇင်တစ်ယောက်တည်းဖြစ်နေမယ် လိုက်ခဲ့နော်"

ဇင်ဇင်ခမျာ မသက်မသာပုံလေးနှင့် လိုက်ခဲ့ရန် ဟန်ပြင်လိုက်စဉ် ဒေါ်လေးစီသည် အလွန်အမင်း မနာလိုသော မျက်နှာပုံပန်းနှင့် လှည့်၍ကြည့်ရင်း. . .

"ခုပဲပြန်လာမှာ အမင်းရဲ့။ ဒီမှာစာလေးဘာလေးဖတ်ပြီး ထိုင်စောင့်နေပါစေလားကွယ်"

ဟု ပြစ်ပြစ်လေးလေးကြီး ကန့်ကွက်လိုက်သဖြင့် ဇင်ဇင်ခမျာ တန့်သွားရရှာပြီး. . .

"ဟုတ်ပါတယ်။ ကျွန်မ ဒီကပဲစောင့်ပါတော့မယ်။ သွားပါ။ လိုက်ပို့လိုက်ပါ"

ဟု သဘောထားကြီးပုံနှင့် တိုက်တွန်းလွှတ်လိုက်လေသည်။

"ဇင်ဇင် ဟိုမှာ စာအုပ်တွေ အယ်လဘန်တွေရှိတယ်။ ကြည့်နေနော်။ ကျွန်တော်ခုပဲ ပြန်လာမယ်နော် ခဏပါ"

မင်းသက်နိုင်ခမျာ တလှည့်ကြည့်ကြည့် စိတ်မချတချနှင့်ပါ၍ လာသည်။

"မင်းတို့ဥစ္စာ လူမြင်မကောင်း သူမြင်မကောင်း အဖြစ်သဲလွန်းတယ်"

ဒေါ်လေးစီ၏ အော်ကျယ်ကျယ်အသံသည် ဇင်ဇင်ထိုင်နေရာသို့ လွင့်တက်လာသည်။

"ဘယ်လို အဒေါ်ကြီးပါလိမ့်။ နာမည်က ဒေါ်လေးစီတဲ့။ ပခုက္ကူ


www.burmeseclassic.com

www.burmeseclassic.com

တုန်းကလည်း ဒေါ်လေးရီဆိုတဲ့ မိန်းမကြီးကြောင့် တစ်ခါပျက်ပြီးပြီ။ အို ဒီတုန်းကလည်း ကြားထဲက ဦးသက်နိုင်ပဲ သနားစရာ ကောင်းခဲ့ရတာပါပဲ။ ခုလည်း သူ သူ စိတ်ချမ်းသာမှုရပါစေ။ ငါအတတ်နိုင်ဆုံး သည်းခံလိုက်ပါမယ်"

တစ်အက်တိုက်ဆိမ့် ကားထွက်သွားသံကြားရသည်။ သီတာဇင်သည် အယ်လဘန်တစ်ခုကိုလှန်ရင်းက မင်းသက်နိုင် မိတ္ထီလာတွင် လေယာဉ်သင်တန်းတက်စဉ်က၊ တက္ကသိုလ်မှထွက်စ၊ ဘွဲ့ယူစဉ်က၊ ငယ်စဉ်ကအစရှိသော ဓာတ်ပုံအမျိုးမျိုးများကိုကြည့်ရင်း ခင်ပွန်းလောင်းဟု ခေါ်ဆိုရမည့် မင်းသက်နိုင်အပေါ် အထင်ကြီးစိတ်များလည်း တဖွားဖွား ပို၍ဝင်လာရလေတော့၏။ ထိုအခိုက် မိန်းမသံစူးစူးကလေးတစ်ခုသည်. . .

"(အောင်တပ်မတော်ကြီးလည်း ချီလာပါပြီ)၂ မြန်မာအာဇာနည်× တိန်×တိန်×တိန်×တိန်×တိမ့်×တိမ့်×တိမ့်"

အထက်ပါ စစ်ချီတေးကို ကပြောင်းကပြန် တိန်တိန်သံနှော၍ ဆိုလာသဖြင့် သီတာဇင့်မျက်လုံးလေးသည် တောင်မြောက်လေးပါးကို ကြည့်ရင်း လိုက်၍ရှာကြည့်လိုက်သည်။

"ဟင်. . . ဒီကိုလာနေပါလား။ အို. . . သူ့တစ်ကိုယ်လုံးလည်း အစိမ်းရောင်အကျီဘောင်းဘီတွေနဲ့။ ဟို စိတ်မနှံ့ဘူးဆိုတဲ့ သူနှမထင်တယ် ဘုရား ဘုရား. . . ဒီကိုလာနေပါလား"

သူ့နောက်မှ အသက်လေးဆယ်ခန့် အဒေါ်ကြီးတစ်ဦးက လိုက်၍ခေါ်နေသဖြင့် သူ့လက်ထဲမှ မြားကလေးနှင့် တဖောက်ဖောက်လှမ်း၍ ပစ်သည်။ ထိုအဒေါ်ကြီးခမျာ စိတ်ကလည်းမချ လိုက်ကလည်းမလိုက်ရဲနှင့် တွန့်ဆိုင်းတွန့်ဆိုင်း ကျန်ရစ်ခဲ့သည်။ ခင်စစ်အေးသည် ဘောင်းဘီစိမ်းအောက်မှ ပုံတော်ဖိနပ် အနီတစ်ဖက် လူကြီးစီးပခုံကျုံဖိနပ်တစ်ဖက်ကို ကွဲတစ်ဖက်နွားတစ်ဖက်စီ စီး၍ တဘတ်ဘတ်နှင့် တက်လာချေတော့





သည်။ သီတာဇင် ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားရကာ နေရာမှယောင်၍ ထလိုက်မိသည်။

သီတာဇင်ကိုမြင်သောအခါ အရှိန်နှင့်တက်လာသော ခြေများ ကိုးရိုးကားရားရပ်၍ တန့်ပစ်လိုက်သည်။ သူ့မျက်လုံးသည် ရဲ၍ လည်နေသည်။ ဆံပင်ဖွာတွေကို ဂြိုဟ်တုပုံထုံးထားသော်လည်း ဖွာလန်ကြနေပေသည်။ ဘောင်းဘီကြယ်သီးများမှာ တချို့ပြုတ်နေ၍ ခါးထဲတွင် အိတွဲနေပေသည်။ ရွံစရာအကောင်းဆုံးမှာ သွားနှင့်လက်များဖြစ်သည်။

ဤမျှသွက်သွက်ခါနေပုံရသော ဝေဒနာသည်တစ်ဦးကို ဘာကြောင့်များ လူတွေနှင့် ရောထားပါလိမ့်။

သီတာဇင်သည် ဆရာမလေးပီပီ သူ့လောလောဆယ် ရင်ဆိုင်ရမည့်ဘေးထက် သူများအတွက်ကို ပူပင်လိုက်မိသည်။

"ဟောတော့ နင်မသေသေးဘူးလား။ မမသိန်းရေ. . . ကိုကို့တိုက်ပေါ် တက်နေတဲ့မိန်းမ မသေသေးဘူးတော့"

သီတာဇင်အား လက်ညှိုးငေါက်တောက်ထိုး၍အားရပါးရကြီး ပြောလိုက်သဖြင့် သီတာဇင်ခမျာ ယခုမှ လန့်ရဖျပ်ရမှန်း သိသွားရလေတော့သည်။

"ဟိတ်. . . ဒီမှာ ဘာလာလုပ်တာလဲ။ မြားနဲ့ပစ်လိုက်ရမလား"

ခင်စစ်အေးသည် ဟန်ပါပါ မြားတံကို မြှောက်၍ချိန်လိုက်သည်။

"ကိုကို့ တိုက်ပေါ် ဘာကိစ္စလာတာလဲ။ ပြော"

"ရှင်။ ကျွန်မ သူ့မိတ်ဆွေပါ။ ဟိုဒီက မခင်စစ်အေးဆိုတာ ထင်တယ်နော်။ နာမည်ကလေးက သိပ်ချစ်စရာကောင်းတာပဲလို့ ဦးသက်နိုင်ကိုတောင် ပြောနေမိပါသေးတယ်"

မတတ်နိုင်ပါပြီ။ သည်မိန်းကလေးကို မျက်နှာချိုသွေး၍ ချော့ရပေတော့သည်။

"ဩော်. . . နင်က ခင်စစ်အေးယောကျ်ား ကိုကို့ကို ဦးသက်နိုင်လို့ ခေါ်တယ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ယောက်ျား။ ဦးသက်နိုင်က ခင်စစ်အေးရဲ့ အစ်ကို မဟုတ်လား"

"ဖွို. . . ကြဲကြဲဖန်ဖန် လာပြန်ပလား။ လင်လုဖက်တစ်ယောက်"

ဝေဒနာသည်မှန်း သိသော်လည်း ခင်စစ်၏နင့်သီးသော စကား များကိုကြား၍မရအောင် ရင်ထဲတွင် တနင့်နင့်ဖြစ်သွားရလေသည်။

"ကိုကိုက ချောတယ်မဟုတ်လား။ မိန်းမတွေက တော်တော် ကြိုက်တယ်။ အဟီး. . မိန်းမတစ်ယောက်များ ဟောဟိုတိုက်ကြားထဲလေ အဟီး အဟီး. . . ခင်စစ်မသိအောင် ပုန်းနေတာ အကြာကြီးတော့"

"ဟုတ်လား။ ခု သူကော"

"သေပြီ"

"ဘုရားရေ. . . ဘာဖြစ်လို့လဲ"

"သူကခင်စစ်ရဲ့လင်ကို လုတာကိုး။ အဟီး. . ခင်စစ်ကလေ ဟောလို့ဟောလို လက်(ဖ)အိုတရိုက်၊ ရိုက်အိုဗာလက်(ဖ) ကြိုးချည်နည်း ရှိ(ဖ)နေ့ဒ့နဲ့ လည်ပင်းကို တအားချည်ပြီး သတ်လိုက်တာပေါ့"

"ဟင်"

သီတာဇင်သည် သွားကြီးကို အားရပါးရဖြဲ၍ ပြောပုံနှင့် ကြားရပုံ များကြောင့် ဟင်ခနဲ ကြောက်လန့်တကြားနှင့် နောက်သို့ မသိမသာ ဆုတ်၍ သွားမိရှာလေသည်။

"ဟား. . . ဟား. . . ဟား. . . မိန်းမကိုက သူများလင်တော့ ပြောင်ကြိုက်တတ်ပြီးမှ ခုတော့ ခင်စစ်အစွမ်းသိသွားလို့ ကြောက်ချေးပါ တော့မယ်။ ကြောက်ချေးပါတော့မယ်"

"ဒီမှာ ကျွန်မ ရှင့်ယောက်ျားကို လိုက်ကြိုက်တာမဟုတ်ဘူး။ ရှင့်ယောက်ျားမှန်းလည်း မသိဘူး"

"ဒါဖြင့် ကိုကို့တိုက်ပေါ် ဘာလို့လာတာလဲ"

အာဂအရူးမပင်တည်း။ သူ့ကိုးရိုးကားရားပုံသဏ္ဌာန်ကြီးနှင့်





သောင်းကျန်းတော့မည့်ဟန်မှ ဖြောက်ခနဲ မြားတံနှင့်ပစ်လိုက်ရာ မရှောင် တတ်သော သီတာဇင်ခမျာ နဖူးတွင် ပူခနဲထိမှန်သွားရရှာသည်။ သည် အရူးမ၏ အန္တရာယ်မသေးကြောင်း သီတာဇင်ရိပ်စားမိလိုက်သည်။ သူ့ ဆင်းပြေးရန်လည်း မလွယ်ပေ။ အပေါက်မှုပိတ်၍နေသည်။

"နင်က တော်တော် အသက်ပြင်းပါလား။ စောစောကပဲ လည်ပင်း ညှစ်ပြီးသတ်ခဲ့သေးတယ်။ ခုတိုက်ပေါ် ပြန်ရောက်နေပြန်ပြီ"

"ရော့ သူပြောနေတာ ဘာတွေများပါလိမ့်"

သီတာဇင်သည် နောက်ထပ်မြားတံထိပ်အဝိုင်းနှင့် အပစ်မခံရမီ ပြေးပေါက်ကိုရှာနေမိသည်။ သို့သော် ရင်ဆိုင်နေရသောအရူးမကို မျက်နှာ ချိုသွေးရင်း. . .

"ရှင်ကြိုးနဲ့ချည်သတ်တာ ကျွန်မမဟုတ်ဘူး။ သူ့နာမည်က ဘယ်သူတဲ့တုန်း"

"အဟွန်း အဟွန်း. . . နာမည်က တော်တော့်ကို စုတ်ပြတ်တယ်။ မြနှစ်သူဇာတဲ့"

"ဟင်. . ရှင် ရှင် မြနှစ်သူဇာ ပန်းချီကားကြီးကို ဖျက်ဆီးလိုက်ပြီ လား"

"ဘယ်ကပန်းချီရမှာလဲ။ လူတော့ လူ့လူ။ ပါးစပ်ကလေးကို မူနေ တာပဲ။ လာ. . . ခြံထဲမှာ လဲပြီးသေနေတယ်။ သွားကြည့်မယ်။ သွား ကြည့်မယ်"

ခင်စစ်အေးသည် ပါးစပ်ဆိုင်းတီး၍ရှေ့မှပြေး၍ ဆင်းသွားလေ တော့၏။

သီတာဇင်မှာ သူ့လွတ်မြောက်ရေးအတွက် လမ်းမဘက်သို့ ပြေး ထွက်ရမလား။ သို့သော် သူ့စိတ်ထဲတွင် ပြင်သစ်သို့တင်ပို့ပြသခွင့် ဒုတိယ ဆုရရှိထားသော ပန်းချီကားကြီးအတွက် တကယ်ပင် စိုးရိမ်စိတ်ကလေး များဝင်လာ၍ သုတ်သုတ်ကလေးလိုက်လာရသည်။ မြက်ခင်းပေါ်တွင် မရှုမလှဖျက်စီးနေသော ပန်းချီကားကိုကြည့်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . . နှမြောစရာ"

သူ့ရင်ထဲမှ မြည်မြည်ဟီးဟီးထွက်၍ အပြေးအလွှား သွားကြည့်မိသည်။

နှစ်ပေါင်းများစွာ သိမ်းဆည်းလာခဲ့သော ပစ္စည်းဟောင်းတစ်ခုသည် တစ်နေ့က လူပုံလယ်တွင် တအံ့တသြ ကြည့်ရှုချီးကျူးခံခဲ့ရသော်လည်း ယနေ့အနိစ္စလောကတွင် အရှုံးမ၏လက်ချက်ဖြင့် ပန်းချီကား၏ လည်ပင်းနေရာမှာ ပန်းချီကားကြီးတစ်ခုလုံး ကြိုးနှင့်စုချည်ထားသည်။ ရွှေသမင်မ မျက်လုံးပုံနှင့် နှုတ်ခမ်းတော်ချိုလွှင်လွှင်နေရာများကို မှုားဂဲနှင့် ထိုး၍ဖောက်ထားသည်။ အားလုံးအားလုံး ပျက်စီးကြေမွ၍ သွားလေပြီတကား။

"ဦးသက်နိုင် မသိရှာသေးဘူးထင်တယ်။ နှမြောစရာကြီး ခင်စစ်အေးရယ်။ ဒါလူမှ မဟုတ်တာ ပန်းချီကားပဲရှင်"

အရှုံးမှန်း စကားကောင်းပြော၍မရမှန်း သိသည့်ကြားထဲကပင် ယူကြုံးမရသံနှင့် ပြောနေမိသည်။

"ဘယ်ကလူရမှာလဲ၊ သူက ကိုကို့ကို ခိုးကြိုက်နေတာ။ ခင်စစ် တိုက်ထဲဝင်သွားရင် တိုက်ကြားထဲ ပုန်းပုန်းနေတယ်"

"မိန်းကလေးရေ ပြေး ပြေး။ ခင်စစ်နား မကပ်နဲ့၊ ဒီဘက်လာခဲ့"

တိုက်ကြီး၏ ပြတင်းပေါက်တစ်ခုမှ မိန်းမကြီးတစ်ဦး စိုးရိမ်တကြီးလှမ်း၍ ပြောလိုက်သဖြင့် သီတာဇင်မှာ ယခုမှကြောက်ရမှန်း သိရသော်လည်း သူ့အဖို့နောက်ကျသွားလေပြီ။ ပန်းချီကားစုတ်ကြီးမှ ကြိုးကို ခင်စစ်သည် ကျင်လည်စွာ ဆွဲ၍ဖြုတ်လိုက်သည်။

"ဟဲ့ ကလေးမ။ ဘာကြောင့်ကြည့်နေတာလဲ။ ပြေးလေ။ စောစောကလည်း သိန်းမေလည်ပင်းကို ညှစ်ထားလို့ ဆေးရုံပို့လိုက်ရပြီ"

မိန်းမကြီးသည် အလွန့်အလွန် စိုးရိမ်သံနှင့် အော်ပြောနေပေသည်။ သီတာဇင်သည် မျက်လုံးလေးဝိုင်းဝိုင်းလည် သွားရရှာသည်။





အဘယ်ကြောင့်ဆိုသော် ခင်စစ်အေးသည် ကြိုးခွေကြီးကိုကိုင်ရင်း သူ့ထံသို့ အားသွန်ခွန်စိုက်ပြေး၍ လာနေသောကြောင့်တည်း။ သီတာဇင်ခမျာ ရုတ်တရက် လိပ်ပြာလွင့်စဉ်သွားမတတ်ရှိရချေသည်။ ထို့ကြောင့် ပြေးမိပြေးရာ အင်းလျားကန်ဘက်သို့ ပြေးမိသည်။

ခင်စစ်အေးသည် ဤဝေဒနာစွဲကပ်ကတည်းက ရေချိုးရန်ကို ကြောက်သည်။ ရေကို အလွန်တရာငတ်မှ သောက်သည်။ ရေကန်ဘက်သို့ လုံးဝမသွားပေ။ အလွန်ကြောက်သည်။ ထို့ကြောင့်လည်း တိုက်နောက်ဘက် ကမူကလေးမှ သူတို့ခြံသည် အင်းလျားကန်နှင့် တစ်ဆက်တည်းဖြစ်သည်။ ခြံစည်းရိုးတံတိုင်းများလည်း ကာရံမထားပေ။ ခင်စစ်အေး၏ မျက်လုံးသည် တလည်လည်နှင့် ဖို့၍ပို၍နီလာသည်။ ပါးစပ်ကလည်း ဘာတွေပြောမှန်းမသိ တတွတ်တွတ်ရွတ်ဆို၍ လာပေသည်။ သူ့ကျွဲတစ်ဘက်နွားတစ်ဘက်ဖိနပ်များကို ချွတ်ခဲ့လေပြီ။

"သေပေတော့. . သေပေတော့. . တနယ်. . တနယ်. . သေပေတော့. ."

ခင်စစ်အေးကား သွက်သွက်ခါလျက် ရှိလေပြီတည်း။ သီတာဇင်ခမျာ စောစောပိုင်းက မင်းသက်နိုင်၏ အယုံအယကို အရည်ပျော်မတတ် ခံစားခဲ့ရသမျှ ယခုမူ ခွေးပြေးဝက်ပြေး ပြေး၍နေရပုံသည် မျက်လှည့်ပြသည့်နှယ်ပါတကား။ အမေ့။ သီတာဇင်သည် ပြေ ရင်းက ခလုတ်တိုက်၍ လဲသွားလေတော့၏။ ထိုအခါ ခင်စစ်အေးသည် သီတာဇင်၏ကိုယ်ပေါ်သို့ ဝင်လုံးရင်း လည်ပင်းကို ကြိုးနှင့်ချည်ရန်ကြိုးစားသည်။ သီတာဇင်သည် ပက်လက်လန်နေသောအနေအထားမှ သူ့တစ်သက်တွင် အထိတ်အလန့် ဆုံးသော စိတ်များဖြင့် ဆူဆူစေ၍ သွားရသည်။

ခင်စစ်အေးထံမှ အနံ့ဆိုးဆိုးဝါးဝါးများနှင့်အတူ သွားများကိုကြိတ်၍ လည်မျိုပေါ်မှ ကြိုးကြီးနှင့်ဖိထားသည်။ သူ့အခြေအနေသည် အမှန်ပင် အသက်နှင့်နီးသွားရလေပြီ။ ခင်တင့်တင့် သင်ကြား၍ပေးထားသော



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ခံဂျူဒိုပညာကို သုံးစွဲရန်စောစောက ခင်စစ်ပြေးလိုက်စဉ်ကပင် သတိရပါသည်။ သို့သော် မိန်းမသားချင်း တစ်နည်းမူ စိတ္တဇဝေဒနာသည် ကလေးပေါ် သုံးစွဲရန် မသင့်ပါတကားဟူသော သနားညှာတာသော စိတ်ကလေးနှင့် သုံးစွဲခဲ့ခြင်းမပြုပေ။ သို့သော် အခြေအနေအရ သူသည် လျှာထွက်၍ သေရဖွယ်သာရှိပေတော့၏။

"အား. . . အမေရေ"

သီတာဇင်လက်မောင်းကို ဖြန်းခနဲ ဆွဲခြစ်လိုက်ရာ အကျီစုတ်ပြတ်သွားရုံမက သူ့လက်သည်းဒဏ်ဖြင့် စစ်ခနဲပူ၍သွားရသည်။ နောက်တစ်ချီ သူ့လက်သည်းရှည်ကြီးများသည် မျက်စိကို ထိုးဖောက်ရန် ဝဲ၍လာစဉ် သီတာဇင်အတွက် ခါးစောင်းလှဲ၍ ကိုယ်လုံးဆွဲပေါက်ပုံနည်းကို ပက်လက်အနေအထားမှ ပြုလုပ်ရ၍မလွယ်ပေ။ ခြေစုံကန်၍တစ်မျိုး ကိုယ်ကို လျှပ်တပြက်လှိမ့်၍ ခုခံကာကွယ်လိုက်ရပေတော့သတည်း။

'အွန့်'။ ခင်စစ်အေးသည် သူ့နှင့်ငါးလှမ်းလောက်အကွာတွင် အွန့်ခနဲမြည်၍ ကျသွားရသော်လည်း သူ့လက်မှုကြိုးထုံးကို မလွှတ်ပေ။ တော်တော်ဖွဲ့ကောင်းသော ခင်စစ်အေးပင်။ သီတာဇင်ခမျာ လူးလဲထရင်းက အင်းလျားကန်ဘေးအတိုင်းပြေးသည်။ ပြေးသည်မှာ တစ်သက်နှင့်တစ်ကိုယ် ဤမျှကြောက်လန့်တကြား တစ်ခါမျှမပြေးဘူးပေ။ မှန်သည်။ စောစောက ငါးမိနစ်ခန့် ခင်စစ်အေး၏လည်မျိုကို ကြိုးထုံးနှင့်အဖိခံထားရသော သူ့ည်ဇလုပ်နေရာသည် အလွန်နာနေရသည်။ လက်မောင်းကလည်း လက်သည်းကုတ်ခြစ်ရာများ တစစ်စစ်နာစပ်လာရသည်။

နောက်တစ်ချီသာ ခင်စစ်အေးမိပါက သူသည် ဘယ်နည်းနဲ့မျှ ချမ်းသာပေးမည်မဟုတ်တော့ချေ။ အဘယ်ကြောင့်ဆိုသော် သီတာဇင်၏ ကာကွယ်တွန်းလှန်နည်းမျိုးမှာ သူ့တင်ပါးရိုးကျိုးမတတ် နာစပ်စပ်နှင့် ခံရခက်သွားခဲ့ရသည်မဟုတ်ပါလား။ သွက်သွက်ခါနေသူတွင် ဒေါသများဆူဝေသောင်းကျန်းနေပေတော့သတည်း။ သီတာဇင်လျှောက်ပြေးသော





လမ်းမှာ စောစောကမြက်ခင်းစပ်ပြေပြေကလေး ဖြစ်သော်လည်း ခြံအဆုံးနားသို့ရောက်သော် ကန်စပ်သည် မြင့်လာသည်။ ဘုတွေချိုင့်တွေဖြစ်လာသည်။ သီတာဇင်ကိုယ်တိုင်ပင် သတိထား၍ပြေးရင်းက ကန်ဘက်သို့ ယိုင်၍ယိုင်၍ သွားရသည်။

"အရူးမ သေပေတော့။ ငါ့ကိုကိုင်ပေါက်တာ နာသွားတာပဲ လျှာထွက်အောင်ကို လည်ပင်းညှစ်မယ်"

ငါးဖယ်က ပြောင်းပြန်။ သီတာဇင်အား အရူးမချင်းထပ်၍ ယမ်းကုန်လမ်းကုန် စိတ်ဆိုးနေသော ခင်စစ်အေးသည် ရေကန်ကို မရဲတရဲငုံ့ကြည့်လိုက် ဒယီးဒယိုင်နှင့် လိုက်လိုက်နှင့် ဒေါသတကြီးပြေးနေရင်းကပါးစပ်မှလည်း စကားပေါင်းများစွာပြော၍ လာပေတော့၏။ ထိုအခိုက် တိုက်နံဘေးမှ ရင်တုန်နှလုံးတုန်နှင့် ရပ်ကြည့်နေသော အဒေါ်ကြီးသည် ပြေး၍လိုက်လာသည်။

"ဟဲ့. . . ခင်စစ်မပြေးနဲ့ မပြေးနဲ့။ ဩော်. . . ခက်တာပါပဲ။ ရှေ့ကမိန်းကလေး၊ ဟိုဘက်ကိုကွေ့ပြီး ပြန်ခဲ့ပြန်ခဲ့။ ဟဲ့ ဟဲ့. . . အို. . . ခင်စစ်ကျတော့မယ်။ ကျတော့မယ်"

"ဖြန်း. . ဝုန်း. . ဝူးဝါး. . ဝူးဝါး"

ဟူသော ခဲထုပ်ကြီးကို ပစ်ချလိုက်သကဲ့သို့ အသံကြီးသည် ဝဲကတော့ရေလှိုင်းသံနှင့်အတူ လေးလေးပင်ပင်ကြီးထွက်ပေါ်လာပြီး ခင်စစ်အေးတစ်ယောက် အင်းလျားကန်ထဲသို့ ကျသွားလေတော့သတည်း။

"ဟယ်. . . ကျသွားပြီ"

သီတာဇင်သည် ကြောက်ရှာလွန်း၍ သေလုမျောပါး ပြေးသွားနေရာမှ 'ဟယ် ကျသွားပြီ' ဟူ၍ စိတ်မကောင်းကြီးစွာနှင့် ပြောရင်းမြန်၍ပြေးလာသည်။

"အဒေါ် အဒေါ် လုပ်ပါဦး။ ရေက တိမ်တိမ်ကလေးရယ်။ အို. . . ရေထဲ ဝမ်းလျားကြီးမမှောက်နဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟှဲ ဟှဲ. . . ခင်စစ် ခင်စစ်"

"ဝူး၀ါး ဝူး၀ါး"

ခင်စစ်အေးသည် ကြောက်လန့်တကြားနှင့် ရေထဲမှရုန်းရင်း ဖြစ်ပုံရသည်။ သို့သော် ရုန်းသည်နှင့်မတူ ရေထဲသို့ နစ်သထက်နစ်ရန် ကြိုးစားသည်နှင့်တူသည်။ ရင်ခေါင်းလောက် မရှိတရှိနေရာတွင် ဖြုတ်ချည်းဆတ်ဆတ် တဒင်္ဂ ပလုံစီ၍ မြုပ်သွားလေတော့သတည်း။

"ဘုရား ကယ်တော်မူပါ။ မမစီက ကျုပ်ကိုသတ်တော့မယ်။ လာကြပါဦး လာကြပါဦးတော့။ ဒီမှာ ခင်စစ်ရေနစ်လို့ ရေနစ်လို့"

မိန်းမကြီးသည် သံကုန်အော်လေတော့၏။

တစ်သက်နှင့်တစ်ကိုယ် ဤမျှရင်တုန်စရာကို မတွေ့ဖူးရှာသော သီတာဇင်မှာ လိပ်ပြာစင်မတတ် ကြောက်လန့်သွားရှာသည်။ ရင်ထဲတွင် သည်းသည်းထန်ထန် တုန်လှုပ်စွာနှင့်လည်း ခင်စစ်အေး တစ်ကိုယ်လုံး ဝါးမျိုစုပ်ယူသွားသော ရေကွက်နေရာလေးကို အလန့်တကြား ကြည့်လိုက်မိသည်။ မျက်ရည်များလည်း တစ်ချိတည်း ဝေ့ဝေ့လည်၍ ဆင်းလာရသည်။ သူ့ကိုလိုက်၍ ဖမ်းဆီးသောကြောင့် ခင်စစ်တစ်ယောက် ဘုရား ဘုရား ရေထဲကမပေါ်လာတော့တာ သေတာပဲပေါ့နော်။

"ဟော ဟော. . . မမစီတို့ အမင်းတို့ပြန်လာကြပြီ။ ဟိုဘက်ခြံက လူတွေလည်း ပြေးလာကြပြီ"

"အမလေး အမလေး။ သမီး သမီး ခင်စစ်ရေ ရေထဲကျသွားပြီလား သေ. . . သေ"

ဒေါ်လေးစီသည် ကမ်းစပ်ကိုလှမ်းကြည့်ရင်း သူ့သမီးကို မမြင်လတ်သော် စကားပြောရင်း မေ့မြော၍သွားလေတော့သတည်း။

"ဇင်ဇင် ဇင်ဇင်။ ဘယ်လိုဖြစ်တာလဲဟင်။ လမ်းကျမှ ဒေါ်လေးစီက ခင်စစ် ကနေ့စိတ်ထကြောင်းပြောလို့ မသိန်းမေကို ဆေးရုံထားခဲ့ပြီး အပြေးပြန်လာတာ"





ခြံနီးချင်း အလုပ်သမားနှစ်ဦးသည် ရေဆင်း၍ငုပ်ကြသည်။

"ဟယ်. . . ရေထဲကသစ်ပင်တွေ တအားဆုတ်ပြီး နစ်သွားတာကိုး။ ရေကတိမ်တိမ်ကလေးဗျာ။ ကျွတ် ကျွတ်. . . ရေတိမ်နစ်တယ်ဆိုတာ ဒါမျိုးဗျ"

ခင်စစ်အေးကို မြက်ခင်းစပ်သို့အသာ ပက်လက်လှန်၍ ချလိုက်သည်။ ရေထဲမှဆယ်ယူလာသော လူကြီးသည် လက်ကောက်ဝတ်မှ သွေးများစမ်းပြီးသော် ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းလိုက်လေတော့သတည်း။

မင်းသက်နိုင်ခမျာ သူ့အဒေါ်ကို သတိရအောင်လုပ်လိုက်၊ ခင်စစ်အေးအလောင်းကို ကြည့်လိုက်၊ ချစ်သူကို ကြုံရလေခြင်းဟူ၍ စိတ်မကောင်းကြီးစွာ ရင်တနင့်နင့်နှင့်ကြည့်လိုက်၊ တစ်ကိုယ်လုံး မူးမိုက်သွားချင်စရာ သွေးပျက်စရာရှုခင်းကို တဝေ့လည်လည် ကြည့်လိုက်မိရှာတော့သည်။

"ဟော. . . ဒေါ်လေးစီ သတိရပြီ"

"အင်း. . . ငါ့ ငါ့သမီး သေ. . . သေပြီ။ ဘုရား. . . ဘုရား. . မိသီတာသမီးက ငါ့သမီးကို သတ်သွားပြီ။ မိသီတာ မိသီတာ။ ညည်းကတို့တစ်မျိုးလုံး အသက်တိုအောင် လုပ်လိုက်တာပဲနော်"

"ဒေါ်လေးစီ ဘာတွေပြောနေတာလဲ။ ဇင်ဇင်ကဘာလုပ်လို့လဲဗျ။ နောက်ပြီး ဇင်ဇင့်ကို ကျွန်တော်ခေါ်ခဲ့ပါရစေလို့ အတန်တန်ပြောရက်နဲ့ဗျာ"

"ဩော်. . . မင်းကလည်း မင်းအဖေလိုပါပဲလား။ သူ့စိမ်းဘက်ကများ အသက်ပေးနာမယ့်ပုံကိုးတော့။ ဒီမှာ အမင်း။ သေသေချာ ပြန်တွေးစမ်း။ ခင်စစ်ဟာ မင်းနဲ့မောင်နှမဝမ်းကွဲအပြင် မင်းနဲ့လက်ထပ်. . ."

"ဟင်. . . ဒါ ဒါဖြင့် ခင်စစ်ပြောတာမှန်သားပဲ။ ဦးသက်နိုင်ဟာ ခင်စစ်နဲ့"

"မ. . . မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်နိုင်က ကြားဖြတ်၍ငြင်းသည်။ အဒေါ်ကြီးက မဲ့မဲ့ရွဲ့ရွဲ့နှင့် ကြားဝင်၍ပြောသည်။

"ဟုတ်လိုက်လေတော်။ လက်ထပ်ဖိတ်စာပြရဦးမလား"

"အို. . . ကျွန်မကိုအားလုံးခွင့်လွှတ်ကြပါ။ ခွင့်လွှတ်ကြပါ"

သီတာဇင်သည် တစ်ချီတည်းရှူးသွားသူပမာ မျက်နှာကို လက်ဝါးနှင့်အုပ်၍ ခြံအပြင်ဘက်သို့ ပြေးထွက်သွားလေတော့သတည်း။ သူ့ကြောင့် လူတစ်ယောက် သေခဲ့ရလေပြီ။ စိတ်ဝေဒနာသည်တစ်ယောက် ရေနစ်သွားရရှာသည်။ ပြီးတော့ သူက ဦးသက်နိုင်မိန်းမတဲ့။ ကြေကွဲခြင်း၊ ယူကြုံးမရခြင်းတို့ဖြင့် ဆူဆူဝေကာ ပေတစ်ရာလမ်းမကြီးပေါ်သို့ရောက်သော် မင်းသက်နိုင်၏ကားလေးသည် သူ့နောက်မှအတင်းလိုက်၍ ဘေးတွင် ဖွတ်ရပ်လိုက်သည်။

"ဇင်ဇင် ဇင်ဇင် ကိုယ်ရှင်းပါရစေ။ ကားပေါ်တက်ပါ"

"ရှင် မရှင်းနဲ့နော်။ ကျွန်မ နားလည်းမထောင်ဘူး။ လိုက်လည်း မလိုက်ဘူး"

သူက ဆက်ပြေးသည်။ မင်းသက်နိုင်က ကားဖြင့်လိုက်၍ အားမရသကဲ့သို့ ခြေလျင်ဆင်း၍လိုက်သည်။

"ကျွန်တော်မရှင်းရရင် မနေနိုင်ဘူး။ ဇင်ဇင် ကျွန်တော်နဲ့ ဒီအရှုံမဘာမှမဆိုင်ဘူး"

"ရှင်နော် ရှင်။ ကျွန်မနောက်က လိုက်လည်းမလိုက်နဲ့။ ရှင်းလည်း မရှင်းနဲ့"

"အို. . . မပြောရရင်မနေနိုင်ဘူး။ ဇင်ဇင် ဟိုမှာလူတွေကလည်း ကြည့်နေကြတယ်။ ကားပေါ်တက်ပါခင်ဗျာ"

မှန်ပါသည်။ တက္ကသိုလ်ရိပ်သာလမ်းမကြီးတစ်လျှောက်ဝယ် ပြေးသူနှင့်လိုက်သူ သီတာဇင်နှင့် မင်းသက်နိုင်တို့ကို သွားရင်းဟန်လွှဲများသည် ရပ်၍ကြည့်နေကြသည်။





"ဒီမှာ ဦးသက်နိုင် ဟိုမှာဒုက္ခရောက်နေတဲ့ လူတွေကိုပစ်ပြီး ကျွန်မနောက်လိုက်လာတာ နည်းနည်းမှအဓိပ္ပာယ်မရှိဘူး။ ရှင့်အကြောင်းကို ဆက်ပြောနေရင် ကျွန်မကို ဖွတ်ခေါ်နေရင် ကျွန်မဟောဟို အမှတ်(၇) ကားကြီးတွေ ရှေ့မှာလှဲပြီး ကားကြိတ်ခံလိုက်မယ်။ သီတာဇင်သည် တကယ်လုပ်မည့်ပုံနှင့် အားရပါးရကလေး ဟန်ပြင်လိုက်သည်။ မင်းသက်နိုင်သည် အကြပ်ကိုင်နေသောဇင်ဇင်ကို မသက်မသာရှုံ့မဲ့နှင့်နင့်ကြီးကြည့်ရင်းက. . .

"ကျွန်တော့်ကြောင့် ဇင်ဇင် လူဒုက္ခစိတ်ဒုက္ခရောက်ရတာ စိတ်မချမ်းသာလို့ပါဗျာ။ ပြီးတော့ ဇင်ဇင့်မေတ္တာကို ခဲခဲယဉ်းယဉ်းရယူထားပြီးမှ"

"ဒီမှာ ရှင့်စကားမရပ်ဘူးလား။ ကျွန်မတစ်သက်နဲ့ တစ်ကိုယ် ဒီလိုအဖြစ်နဲ့ ဒီတစ်ခါပဲ ကြုံဖူးတယ်။ ဘယ်လောက် ရင်တွေပြောင်းဆန်အောင် တုန်လှုပ်ခဲ့ရသလဲ။ ဒါတွေ ဒါတွေနဲ့ပတ်သက်ပြီး ကျွန်မကြားလည်းမကြားချင်ဘူး။ သိလည်း မသိချင်ဘူး။ ရှင် ကျွန်မနားက ဖယ်ရင်ဖယ် မဖယ်ရင် ဟောဟိုကလာတဲ့ကားရှေ့ ကျွန်မတကယ်ပဲ လှဲအကြိတ်ခံလိုက်မယ်"

သီတာဇင်သည် မျက်ရည်လေးတလည်လည်နှင့် ကြီးစွာသော တုန်လှုပ်ချောက်ချားမှုများက ကြီးစိုးနေချိန်မို့လားမသိ။ စိတ်ဓာတ်သည် ပြင်းထန်ကာ တကယ်လုပ်မည့် ပုံသို့ရှိချေသည်။

"ကျွန်တော် မပြောလည်းမပြော မခေါ်လည်းမခေါ်တော့ပါဘူးဗျာ။ သွားပါ သွားပါ"

မင်းသက်နိုင်သည် နောက်သို့သုံးလေးလှမ်းဆုတ်၍ ရိုဝေထိခိုက်စွာကြည့်၍ ကျန်ခဲ့လေတော့သတည်း။ သို့သော် ကုက္ကိုလ်လမ်းဆုံသို့ သီတာဇင် ရောက်၍ သုံးဘီးကားတစ်ခုပေါ်သို့ တက်သွားသည်ကို လှမ်းမြင်ရမှ သူ့ကားကိုပြန်လှည့်၍ ကွေ့သွားလေတော့၏။

ယခုရက်အတွင်း ခင်စစ်အေး၏ နာရေးနှင့်ပတ်သက်၍ သတင်းစာများဝယ် ကြော်ငြာများ ဝမ်းနည်းသဝဏ်လွှာများ ပလူပျံအောင် ဆက်တိုက်ပါနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . သူတို့မှာ ဆွေမျိုးမိတ်သင်္ဂဟကလည်း များများနဲ့။ စကားတွေများပြီး ငါ့အကြောင်းဟာ ဟိုးလေးတကျော်ပြောနေကြလေပြီလား"

နောက်တော့လည်း ခင်စစ်အေး သေဆုံးရခြင်းသည် သူဟာသူ ရေထဲသို့ကျသွားရခြင်းဖြစ်သော်လည်း တကယ်စင်စစ် သူ့ကိုလိုက်ရင်းက ကျဆုံးသွားရခြင်း မဟုတ်ပါလား။ သူ့ပယောဂမှ ကင်းပါလေစ။ စိတ်မသန့်တသန့် တထင့်ထင့်နှင့် ခင်စစ်အေး၏ အသုဘရက်များ ပြီးစီးသွားလျှင် သွားခြင်း မင်းသက်နိုင်၏ကားလေးသည် ရောက်၍လာရသည်။ သို့သော် သီတာဇင်က ဆင်းမတွေ့ပေ။ ထုံးစံအတိုင်း မြကေခိုင်ကိုယ်စားလှယ်တော်နှင့် ပြီးရပေသည်။

"မသီတာက သိပ်ရိုင်းတာပဲကွယ်၊ ဆင်းတွေ့ဖို့ ကောင်းတယ်။ သူ့ခမျာ မင်းအတွက် ဘယ်လောက်ဖြေရှင်းရသလဲ။ ဒေါ်လေးစီဆိုတဲ့ အဒေါ်ကြီးက မင်းသတ်ပါတယ်ဆိုပြီး ဂတ်တိုင်ပါမယ် တကဲကဲလုပ်နေတာတဲ့"

"ဟင်. . ."

"ခုမှလာဟင်နေ။ စောစောက ဒါပြောဖို့ခေါ်တာ လုံးလုံးမလာဘူး"

"နောက်တော့ နောက်တော့ သူဘာပြောသေးသလဲ။ ပြောပါဦး ကေခိုင်ရယ်"

"အဲဒါ ဟိုမိန်းမကြီးကို ဦးသက်နိုင်က သက်သေထူရတာပေါ့။ ဒါတောင် ဒီမိန်းမကြီးကလည်း ဒေါ်လေးစီကြောက်ပြီး မင်းကပဲ ရေထဲ တွန်းပစ်ခဲ့သလိုလို ပြောနေသေးတာတဲ့"

"ဘုရား ဘုရား"

"ခုမှ ဘုရားတနေ။ ဦးသက်နိုင် ဘယ်လောက်သနားစရာကောင်းသလဲ"

"အမလေး. . . မသီတာတော့ သူ့ကိုသနားလည်း မသနားရဲတော့





ပါဘူး။ ချစ်ဖို့ဆိုတာတော့ ခင်စစ်အေးက သူ့လင်လုရပါမလားဆိုပြီး လည်ပင်းကို ကြိုးထုံးကြီးနဲ့ ဖိညှစ်ထားတာ တွေးမိတိုင်း နောက်ဘဝတောင် ဒါကိုသတိရမှာကွယ့်။ မချစ်ရဲတော့ပါဘူး ကေခိုင်ရယ်"

"မင်းက အရှုးစကားကို ခုထက်ထိယုံနေတာကိုး"

"အရူးစကားတုန်းကလည်း လုံးလုံးမယုံခဲ့ပါဘူး ကေခိုင်ရယ်။ ဒေါ်လေးစီဆိုတဲ့ မိန်းမကြီးပါးစပ်ကလည်း ပြောတာပဲကွဲ့"

"ဟုတ်တယ်လေ။ သူတို့မောင်နှမဝမ်းကွဲချင်း ဒီအဘွားကြီးတွေ သဘောတူလို့ပဲ လက်ထပ်ဖို့ဖိတ်စာတွေတောင် ဝေပြီးပြီ။ လက်ထပ်ဖို့ သုံးရက်အလိုမှာ သူတို့အိမ်ရှေ့မှာ အလုပ်သမားကြီးတစ်ယောက် သုံးတန်ကားကြီးကြိတ်မိသွားတာ ခင်စစ်အေးက ထွက်ကြည့်တာတဲ့ကွယ်"

"အဲတော့"

"သူ့ခမျာ သတို့သမီးလောင်း အကောင်းပကတိကြီးကနေပြီး တစ်ကိုယ်လုံးကြေမွနေတဲ့ လူသေအလောင်းကြီး သွားကြည့်လိုက်တာ တစ်ခါတည်း သည်းခြေပျက်သွားရရှာတာတဲ့ကွဲ့"

"ကျွတ် ကျွတ်"

"ပြီးတော့ ဖြစ်ရပုံက လူတွေဝိုင်းကြည့်ကြတော့ ထွက်လို့တော်တော်နဲ့မရဘဲ ဒီအူတွေ၊ သွေးတွေ၊ ဦးနှောက်တွေ ပွထွက်နေတဲ့ အနိဋ္ဌာရုံကြီးကို ရပ်ကြည့်နေရတာ နာရီဝက်လောက်ကြာသတဲ့။ အိမ်လည်းရောက်ကော မျက်လုံးကြီးကြောင်ပြီး ငိုလားရယ်လား ဖြစ်တော့တာပဲတဲ့"

"ဩော် ဩော်"

"အဲဒီရက်က တော်ရုံခပ်ယဉ်ယဉ်လေးသာ ရူးတာမျိုးဆိုရင် ဦးသက်နိုင်က ဖြစ်ချင်ရာဖြစ် သူ့ကတိလည်း မပျက်အောင် အရှက်တကွဲလည်းမဖြစ်အောင် လက်ထပ်ဖို့အရဲသင့်ပါပဲတဲ့။ ဒါပေမယ့်ဖြစ်စကတော့ တစ်နာရီထက် တစ်နာရီ၊ တစ်ရက်ထက် တစ်ရက် ပိုဆိုးလာတာတဲ့ကွယ်။ နောက်တစ်နေ့ လက်ထပ်ပွဲဆိုတော့ ဒီလိုနေမှာ ခင်စစ်အေးဟာ သဘီ



www.burmeseclassic.com

www.burmeseclassic.com

တောင်မကပ်ဘူးတဲ့။ ဒါနဲ့ကွယ် ဖြစ်ရပုံများ ကားသုံးလေးစီးနဲ့ မင်္ဂလာမဆောင်ဖြစ်ကြောင်း အိမ်ပေါက်စေ့ လိုက်ပိတ်ရသတဲ့"

"ဖြစ်မှ ဖြစ်ရလေ"

"ကဲ. . . မသီတာ မင်းသူ့အဖြစ်မှန်ကို သိရတော့ သူ့ကိုသနားမသွားဘူးလားဟင်"

"ဒီလောက် ရင်နာစရာအဖြစ်မျိုး ကြားရတော့လည်း ပိုပြီးတောင်သနားပါတယ်။ အဲလေ မညာတမ်းပြောရရင်တော့ သူ့ကို ချစ်လည်းချစ်ပါတယ်။ အားလည်းကိုးပါတယ်။ မေမေ့ဆီကလည်း စာရတယ်။ သူနဲ့ဆိုရင် ကန့်ကွက်စရာမရှိပါဘူးတဲ့"

"ဒါဖြင့်ရင် အိုကေနေပြီပေါ့ မသီတာရ"

မြကေခိုင်က သူ့စတိုင်ကလေးနှင့် အားရပါးရ ဝင်ပြောလိုက်သည်။

"ဒါပေမဲ့ ကေခိုင် မသီတာ ဦးသက်နိုင်ကို လက်ထပ်လိုက်ရင် မသီတာလည်း ခင်စစ်အေးလို ရှုံးသွားမှာပဲ"

"အို. . . ဘာဖြစ်လို့လဲ"

"ကေခိုင်စဉ်းစားကြည့်ပေါ့ကွယ်။ အရှုံးမကြီးက သွားကြီးကြိတ်ပြီးအကိုက်ခံရတယ်။ မြားနဲ့ပစ်တယ်၊ လူကို ဝင်လုံးတယ်။ လည်မျိုကို ကြိုးထုံးကြီးနဲ့ တအားဖိတယ်။ ဟောဒီမှာလက်မောင်းကို သူ့ဆွဲခြစ်ကုတ်ထားတာ လက်သည်းရာကြီးလေးကြောင်း"

"ဟယ် ဟုတ်ပါရဲ့။ အစင်းကြီးတွေ ကျန်ရစ်တာကိုး။ မင်းကလည်းကွယ်။ ခင်တင့်တင့်သင်ပေးတဲ့ ဂျူဒိုနဲ့ပြန်ချပါလား"

"ကိုယ်လည်းသွားကတည်းက ဒီနည်းနဲ့ကာကွယ်ဖို့ သတိရပါတယ်။ တစ်ဘက်ရန်သူဟာ ယောကျ်ားလည်းမဟုတ်။ အထူးသဖြင့် စိတ္တဇဝေဒနာသည်တစ်ယောက်ဆိုတော့ နိုင်လိုမင်းထက် မသုံးသင့်ဘူးထင်လို့ပေါ့။ သူ့တစ်ကိုယ်လုံးဖိထားတာကို ခံလိုက်ရသေးတယ်။ နောက်ထပ်





ဆက်ခံနေရင် အသက်ထွက်ဖို့ တစ်လမ်းတည်းကျန်တော့တာမို့ လက်နဲ့တွတ်ပြီး ကန်ထုတ်လိုက်ရတာပေါ့ကွယ်"

"အေးလေ။ မင်းပြောတာတွေကြားရတော့လည်း တကယ့်အသည်းအူတုန်ခမန်းပါပဲ။ ဒါပေမဲ့ ခုတော့ဒီဦးနှောက်ရှုပ်စရာတွေ ရှင်းကုန်ပြီပဲ"

"အမလေး မရဘူး ကေခိုင် မရဘူး။ မသီတာ့ မျက်စိထဲမှာ ခင်စစ်အေး ရေထဲကိုကျသွားတာ၊ မျက်စိအောက်မှာ ရေထဲခေါင်းကြီးနစ်ပြီး ကြောက်လန့်တကြားဖြစ်နေတာ၊ အင်းလျားကန်ကြီးက ခင်စစ်အေးကို စုပ်မျိုသွားတာ ပက်လက်ကြီး ရေထဲကဆယ်လာတာတွေ သူ့ကိုယူရင် အမြဲခြောက်လှန့်နေကြတာနဲ့ ကိုယ်လည်းရူးမှာပဲ။ သေချာတယ်။ တစ်နေ့တော့ ရူးမှာပဲ။ ဒါကြောင့် ဒီတစ်သက်တော့ ဆုံးဖြတ်လိုက်ပါပြီကွယ်။ ဦးသက်နိုင်ကံတရားအရ ဒုတိယအကြိမ်လက်ထပ်ရန် ဝမ်းနည်းစွာ ပျက်သွားရပြန်ပါပြီလို့ တစ်ဆိတ်ပြောပေးပါတော့ကွယ်"

"ဟယ်. . . မိသီတာရယ်။ ဆုံးဖြတ်ချက်ကလည်း ရက်စက်လိုက်တာ။ ကိုယ်တော့ ဦးသက်နိုင်ကြီးကို သိပ်သနားတာပဲ။ မင်းပြောတာတွေ ပြန်တောင်မပြောရက်ဘူး"

"အေးကွယ်။ မြေအုတ်တိုပြုလေရာ ကျောက်စိုင်ကျောက်တုံးများဖြင့် ထပ်မံဖို့ကြဆိုသလို မင်းကို ဦးသက်နိုင်ကြီးအတွက် မသီတာကပဲ ဝမ်းပန်းတသာကြိုဆိုပါတယ်"

"ကြည့်စမ်း ခွေးမလေး"

မြကေခိုင်မှာ ခါတိုင်းရဲတင်းသလောက် ယခုအခါ မျက်နှာကလေးရဲ၍ သွားရှာသည်။ 'ကြည့်စမ်း ခွေးမလေး' ဟု ရှက်ကိုးရှက်ကန်းဆိုလိုက်သော်လည်း ခါတိုင်းကဲ့သို့ ခေါင်းအုံးနှင့် မပေါက်တော့ချေ။ စဉ်းစားသည်လား။ ရှက်နေသည်လား မကွဲချေ။ တစ်ဘက်သို့ မျက်နှာကလေးလွှဲ၍ သွားလေတော့သတည်း။

◆


www.burmeseclassic.com

www.burmeseclassic.com

## ၂၇

မမသီခင်ဗျား . . .

တကယ်တော့ ကျွန်တော့်မေတ္တာကို ရုတ်သိမ်းဖို့ကြိုးစားဆဲမှာ ကျွန်တော် ဒီစာကို မရေးသင့်ပါဘူး။ ဒါပေမဲ့ ညီမလေးလှုရည်ရွှန် အရွေးခံရတယ်ဆိုတော့ မမသီရဲ့ ကျေးဇူးတွေ ကျွန်တော့် ရင်ထဲမှာ ပြည့်လျှံလာရပါတယ်။ မေမေဆိုတာ ဝမ်းသာလွန်းလို့ မျက်ရည်တောင်မှ ကျရှာပါတယ်။ ဒီနှစ်တော့ ကျွန်တော်ကလွဲပြီး ညီ၊ ညီမလေးများ ကံကောင်းကြပါတယ်။ ညီလေး ခင်မောင်မောင်လည်း ပညာတော်သင် အရွေးခံရတယ် မမသီ။ ညီအငယ်ကလည်း စစ်တက္ကသိုလ်လျှောက်ထားပါတယ်။ အဲ ကျွန်တော့်အကြောင်းတော့ မရေးတော့ပါဘူးဗျာ။ ညီမလေး လှုရည်ရွှန် ဖြစ်အောင် ပြုပြင်သွန်သင်ပေးတဲ့ မမသီကို ကျွန်တော် သိပ်ကျေးဇူးတင်ပါတယ်ဗျာ။

ကျေးဇူးဆပ်တဲ့အနေနဲ့ ကျွန်တော်အမြတ်တနိုးထားတဲ့ ပန်းချီကားလေးကို မမသီလက်ထပ်ရင် လက်ဖွဲ့ဖို့ဆုံးဖြတ်ထားပါတယ်။

မမသီဘဝ ရွှင်လန်းချမ်းမြေ့ပါစေ။

တင်မောင်မောင်





စာတိုက်မှရောက်ရှိလာသော ထိုစာလေးကို တစ်ခေါက်ဖတ်ပြီး အရေးမစိုက်သကဲ့သို့ စားပွဲပေါ်သို့ ပစ်တင်ထားလိုက်သည်။

ဟွန့် . . . အဲဒီအချစ်ရူး ကောင်လေးကလည်း တစ်ဒုက္ခ။ ပြီးတော့ မမသီလက်ထပ်ရင်တဲ့။ အင်း . . . တကယ်တမ်း ကွေ့ကောက်စဉ်းစားမယ်ဆိုရင်တော့ ငါဂျူဒိုသင်ဖြစ်အောင် ခင်တင့်တင့်ကို ဖွတ်အိမ်ပို့ပေးတာ သူ့ကျေးဇူးပဲ။ ဂျူဒိုသာမသင်ဖြစ်ရင်တော့ ငါ့ဘဝဟာ ခင်စစ်အေးလက်ချက်ကို တွန်းလှန်နိုင်မှာ မဟုတ်ဘူး။

အို . . . မောင်မောင့်အကြောင်းကို သွယ်ဝိုက်အထင်ကြီးတာမျိုး မစဉ်းစားနဲ့လေ။

သူသည် ကိုယ့်ကိုယ်ကို ဆုံးမရင်းက ပစ္စည်းများကို သေတ္တာတွင်းသို့ထည့်လိုက် အပိုများ ဘီရိုတွင်းသို့ထည့်လိုက်နှင့် အလုပ်ကပြီးပြီးသားကို ထပ်ခါခါပြုလုပ်နေမိသည်။ အဘယ်ကြောင့်ဆိုသော် အောက်ထပ်တွင် မင်းသက်နိုင်ရှိနေ၍ မဆင်းချင်သောကြောင့်တည်း။

မင်းသက်နိုင်သည် လှေကားဆီသို့ မကြာခဏမော့ကြည့်ရင်းက မြကေခိုင်နှင့် (စကားလုံးစီသော) ကစားနည်းကို တစ်လှည့်စီကစားနေကြပေသည်။ မြကေခိုင်သည် မင်းသက်နိုင်စီထားသော စာလုံးလေးများကို ထပ်မံ ဖတ်ရင်း သနားပြုံးလေး ပြုံးလိုက်မိရှာသည်။

(The Pretty Girl Refuses To Marry.) "မိန်းမချောလေးက လက်ထပ်ရန်ငြင်းဆိုလိုက်သည်" ဟူ၍ သူ့ရင်ထဲမှခံစားချက်များကို စာလုံးရှာ၍စီနေသမျှ မြကေခိုင်က (Heart is White. But Luck is Danger.) "သဘောထားဖြူစင်ပါ၏။ ကံမကောင်းပါ" ဟူ၍ ပြန်လည်ရေးစီ၍ နှစ်သိမ့်လိုက်သည်။ မင်းသက်နိုင်က မျက်ခုံးကလေးနှစ်ခုတွန့်၍ ကေခိုင်ကို တစ်ချက်ကြည့်ကာ (Help) 'ကူညီပါ' ဟူ၍ စာလုံးစီလိုက်သည်။ မြကေခိုင်က သူအလိုရှိသော စာလုံးများများကိုရှာ၍ (Promised My



www.burmeseclassic.com

www.burmeseclassic.com

Best.) 'အကောင်းဆုံးကူညီပါမည်' ဟူ၍ ရရာစာလုံးနှင့် အမြန်စီ၍ ဖြေလိုက်သည်။

"အဟင်း အဟင်း"

ပြီးမှ နှစ်ယောက်သား ပြိုင်ရယ်လိုက်ကြသည်။ စာလုံးလေးများ တစ်လုံးစီတစ်လုံးစီ အလှည့်ကျစီရင်းကလည်း သူတို့နှစ်ဦးသည် စကား မပြောကြသော်လည်း တစ်ဦးကိုတစ်ဦး စာချင်း စကားပြော၍ အပြန်ပြန် ကြည့်မိကြသည်။ မြကေခိုင်၏ ပခုံးကလေးတွန့်၍သွားဟန်ကလေးသည် မင်းသက်နိုင်မျက်လုံးထဲတွင် ချစ်စနိုးကလေးဖြစ်ဖြစ်သွားရသည်။ မင်းသက် နိုင်သည် စာစီမှားသွားသောအခါ သီတာဇင်က ဆင်းမတွေ့၍ အိုတိုတို ဖြစ်နေသော မျက်နှာသည် ရောရောရှက်ရှက်နှင့် သွားတက်ကလေးပေါ် သည်ထိ ရယ်လိုက်ပုံလေးကို မြကေခိုင် ဝမ်းသာအားရကလေး မော့၍ မော့၍ကြည့်မိသည်။

"ဦးသက်နိုင် စိတ်ရှည်ရှည်နဲ့ ပြန်ပြီးသာ ချော့စမ်းပါရှင်။ မသီတာ တစ်နေ့တော့ ပျော့လာမှာပါ"

ဟူ၍ စိတ်ချမ်းသာသထက် ချမ်းသာစေရန် အားပေးလိုက်မိသည်။

"အဟင်း. . . မျှော်လင့်ပါတယ်ဗျာ။ ကဲ. . . ကျွန်တော် ပြန်တော့ မယ် ဒေါ်ကေခိုင်"

သူက အညောင်းဆန့်ရင်း ပြန်ရန် ဟန်ပြင်လိုက်သည်။

"နေဦး နေဦး. . . ခဏနော်"

သီတာဇင်အား နှုတ်ခေါ်ခဲ့ရန် ဆုံးဖြတ်၍ ပြေးတက်ခဲ့သည်။ မင်းသက်နိုင်ခမျာ မျှော်လင့်တကြီးနှင့် မော့၍စောင့်နေရှာသည်။ သို့သော် မြကေခိုင်သည် စာရွက်ကလေးတစ်စောင် ဆောင်ကြဉ်းခဲ့သည်မှအပ ဇင်ဇင်ဆင်း၍မလာချေ။





ဦးသက်နိုင်ရှင် . . .

နှစ်ပေါင်းများစွာ သိမ်းဆည်းခဲ့တဲ့ မေမေ့ဝန်းရိုကားကြီး ပျက်စီး သွားရခြင်းဟာ ကျွန်မနဲ့ဦးသက်နိုင်တို့အတွက် ရေစက်တုန်ဆုံးခြင်းပါပဲ။ ဦးသက်နိုင်မေတ္တာကို လေးစားပါတယ်။ ဒါပေမဲ့ ဦးသက်နိုင်မျက်နှာကို မကြည့်ရဲလောက်အောင် တုန်လှုပ်ဆဲပါ။ ဦးသက်နိုင်ရဲ့ ဘဝအဖော် စာရင်းထဲမှာတော့ ကျွန်မကိုလုံးဝထည့်သွင်းမစဉ်းစားပါနဲ့တော့ရှင်။ မနက်ဖန် ဝေလီဝေလင်းချိန်သို့မသွားမီ နောက်ဆုံးတောင်းပန်ခဲ့ပါတယ်။

နှင့်လွှတ်ပါရန်

မသီတာဇင်

စာဖတ်ပြီးသော် မျှော်လင့်ခြင်းကုန်ဆုံးသွားရသော မင်းသက်နိုင် မျက်လုံးနှင့် နှစ်သိမ့်အားပေးသော မြကေခိုင်၏မျက်လုံးတို့သည် လေးပွင့် ဆိုင်၍ သွားရလေတော့သတည်း။

◆

www.burmeseclassic.com

www.burmeseclassic.com

၂၈

"ကေခိုင်ရေ"

"ဘာလဲ ဌေး။ ယူတို့အမေကို ထမင်းကျွေးတော့မလား"

ကေခိုင်သည် ငါးဖယ်သုတ်ပန်းကန်ထဲသို့ သံပုရာရည်ရွှဲရွှဲညှစ်ရင်း မေးလိုက်သည်။

"မကျွေးသေးပါဘူး။ ဟို ဌေးတော့ ဒုက္ခပဲဆရာ။ မေမေလာတာ ရိုးရိုးမဟုတ်ဘူးကွယ့်။ ဌေးကို အစ်ကိုကြီးနဲ့ပေးစားမလို့တဲ့ကွယ်"

"ဘာ. . . အဲ့ကူတို့အဖေနဲ့။ ဟုတ်လား"

"အေးကွယ် မေမေ့အကြံကတော့ ကြက်သီးတောင်ထတယ်။ သူ့ အရွယ်စုဋ္ဌီနဲ့များ မှန်းချက်က ရက်စက်လွန်းတယ်"

"နေစမ်းပါဦး။ ဒေါ်ဒေါ်က သဘောတူတာလား။ မင်းခဲအိုတော်ကြီး ရှေ့မျက်စိကျတော်မူသလား"

"အဲ့မှန်ပြောရရင်တော့ မေမေကလည်း ဌေးကို အိမ်ထောင်သိမ်ပြီး မြူစေချင်တုန်း အစ်ကိုကြီးက ကလေးတွေအတွက်လည်း သူနဲ့အတော်ဆုံး ပါပဲဆိုပြီး ဟသ်ာတကို လိုက်ပြောတာတဲ့ကွာ အဲ့ရော။ ဌေးကဖြင့် ခဲအိုသာဆိုတယ် အစ်ကိုကြီးအရင်းလို ကြည်ညိုလိုက်ရတာ"





"အေးလေ။ ပြီးတော့ မမရွှေဆုံးတာလည်း မကြာသေးဘူးနော်။ ယောက်ျားများ ဒီလိုပဲလားကွယ်"

"ကဲပါ။ မေမေက ယူ့ကိုအပြောခိုင်းရမှာတွေ ဘာတွေနဲ့ လေသံက တော်တော်ပြင်းတာဆရာ။ သူ့သားမက်ကိုမယူရင် မဖြစ်သလောက် ပြော နေတာ"

"ဒါဖြင့် ကိုယ်ကြည့်လိုမ့်ပေးမယ်နော်။ နောက်တော့သာရှက်လား ပြူလားလုပ်မနေနဲ့"

"အေးပါ။ ယူပြောချင်ရာသာပြော။ ဌေး ဒီဗိုက်ပူပူနဲ့လူကြီးကို မယူ ရရင် တော်ပါပြီ"

"ကောင်းပြီ စိတ်ချ"

ကေခိုင်သည် ပျော်တတ်သူပီပီ သူ့စိတ်ကူးအတွက် ခစ်ခနဲ တစ်ချက်ရယ်၍ ဟင်းပန်းကန်များ စားပွဲပေါ်သို့ စီတင်လိုက်လေတော့၏။

"ဒေါ်ဒေါ် ကြွပါ. . ကြွပါ။ ထမင်းသုံးဆောင်ရအောင်"

ဟသ်ာတသူ ဖြူဖြူဝဝ ဌေးဌေးတို့အမေသည် ထမင်းပွဲသို့ လျှောက်လာရင်းက. . .

"အမလေးတော်။ စစ်ဗိုလ်မကိုယ်တိုင် ချက်ကျွေးတာ စားရမှာ အားနာပါးနာပါပဲ"

"အားမနာပါနဲ့ ဒေါ်ဒေါ်ရယ်။ နောက်တစ်ခေါက် ဒေါ်ဒေါ် ရန်ကုန်လာရင် ဒီတိုက်ကိုတည်းချင်မှ တည်းရတော့မှာ"

"အို. . . ဘာဖြစ်လို့လဲ တူမရဲ့"

"အင်း. . . မိဌေးဌေး ဒေါ်ဒေါ့်ကို အပြောရခက်နေပြီနဲ့တူတယ်"

"ဘုရားရေ. . . သူက ဘာစကားမို့ ဒေါ်ဒေါ့်ကိုအပြောရခက်နေရတာတဲ့လဲ"

ဌေးဌေးကိုယ်တိုင်ပင် မျက်လုံးပြူးသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဖော်ကောင်လုပ်မယ်လေ။ ဒေါ်ဒေါ် ဒွေးဒွေးကို အပြစ် မတင်ရဘူး"

"အလိုလေး လေး. . . ဘုရားကယ်တော်မူပါ။ ဘာစကားမို့လဲ ပြောစမ်း ပြောစမ်းပါ မြန်မြန်"

"ဟာ. . . ဒေါ်ဒေါ်က ဒီလိုပူပန်သလဲကြီးမေးတော့ ကျွန်မ မပြောရဲတော့ဘူးပေါ့"

"အမလေး. . . မိန်းကလေးရယ်။ အေးအေးသက်သာ မေးပါ မယ်။ ပြောစမ်းပါ ဒေါ်ဒေါ် ရင်တုန်လွန်းလို့ပါ"

"ဒေါ်ဒေါ် ရင်တုန်စရာမဟုတ်ဘူး။ ရင်အေးစရာပါရှင့်။ ဟိုလေ ဟို. . ."

စောစောကရယ်စရာလိုလို စတန့်ထွင်၍ တွေးထားသမျှ တကယ် တမ်း လန့်ကြုတ်အဖြစ် သူ့နာမည်ကို အလွဲသုံးစားလုပ်ရတော့လည်း သူ ရင်သည်လွန်း သူ့လျှာသည် အမှန်ပင် တွန့်သွားရရှာသည်။

"ဩော်. . . ကလေးမ မကေခိုင်ရယ်။ ပြောစမ်းပါ ဒေါ်ဒေါ် သိ ချင်လှပါပြီ"

"ဟိုအိမ်မှာလေ ဒေါ်ဒေါ် ရောက်တဲ့နေ့ကပဲ ကားဖြူကလေးနဲ့ ညှေ့သည်တစ်ယောက်လာပါပကောလား"

"ဟင်"

ဒွေးဒွေး၏ ရှက်လန့်တကြားအသံသည် ဟိန်း၍ထွက်သွားရသည်။

"အောင်မယ်။ ငါ့သမီးလေးလိမ္မာလှတယ်လို့ ထင်နေကြတာ။ ယောက်မမြင်းစီးထွက်ပြီးမှ ဘာဟင်လဲ။ ပြောပြော တူမ"

အဒေါ်ကြီးကား ထမင်းမစားနိုင်။ ဆွေ့ဆွေ့ခုန်သွားရသည်။

"အဲ. . . အဲ. . . သူ့နာမည်က ဦးမင်းသက်နိုင်တဲ့။ အလုပ်က လေယာဉ်မှူး။ လခက တစ်ထောင်ကျော်ရတယ်။ သဘောလည်း ကောင်း တယ်။ ယဉ်ကျေးတာကတော့ ဒေါ်ဒေါ်လည်း မြင်လိုက်သားပဲ"





"သူ. . . သူနဲ့ မဒွေးဒွေးက ကြိုက်နေကြတာ ဟုတ်လား"

ဒွေးဒွေး တစ်ကိုယ်လုံး ပူထူ၍ တုန်တက်သွားရသဖြင့် အပေါ်ထပ် သို့ ပြေး၍ တက်ခဲ့ရလေတော့သတည်း။

မြကေခိုင်သည် အောက်ထပ်၌ ဘာတွေဆက်၍ လိုမ့်နေသည်ကို မကြားရတော့သော်လည်း မင်းသက်နိုင်မသိအောင် အင့်ားရည်းစားပြုလုပ် ထားလိုက်ရသဖြင့် ဒွေးဒွေးခမျာ ရှက်၍မဆုံးနိုင်တော့ပါတကား။

၈

"ဟဲလို ဟဲလို"

"ဩော်. . . ဒေါ်ကေခိုင်ပါလား။ ဆိုစမ်းပါဦးဗျာ။ စကားလုံး စီတမ်း ကစားရတာပျော်တယ်ဗျာ။ ကျွန်တော် လာနိုင်ပါတယ်နော်"

မင်းသက်နိုင်လေသံက အေးအေးသာသာရှိသလောက် မြကေခိုင် လေသံက လော၍မောနေပေသည်။

"မဟုတ်ဘူး ဦးသက်နိုင်။ ကေခိုင်ပြောစရာရှိလို့ပါ။ ဟို. . . ဟို"

"အလို. . . ဘယ်လိုဖြစ်နေတာလဲ။ ဒေါ်ကေခိုင် ပြောပါ ပြောပါ"

"ကေခိုင်ကို စိတ်မဆိုးပါဘူးလို့တော့ အရင်ကတိပေးပါဦးရှင်"

"အလို. . . ဘာစကားများမို့လဲခင်ဗျာ ဟား. . . ဟား"

ဦးသက်နိုင်က တယ်လီဖုန်းခွက်ထဲတွင် အားရပါးရ ရယ်၍နေပေ သည်။

"ရယ်မနေနဲ့ ဦးသက်နိုင်။ ကေခိုင် ရှင့်ကို တကယ်ကြောက်နေတာ ပါ"

"ကြောက်နေတယ်။ ဝေး. . . ကိုယ်တို့ဗိုလ်ကြီးမမက ဒီနေ့စကား အဆန်းတွေပြောလို့။ ကိုယ်ကလည်း ပြောရဦးမယ်"

"နေဦး။ ကေခိုင် အရင်ပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com

"မရဘူးဗျ။ ဆန်ပေးမှ ဆီရတာနော်။ ကျွန်တော့်စကားကို အရင်နားထောင်မှ ကေခိုင်စကားကို နားထောင်နိုင်မှာ"

မင်းသက်နိုင်အသံသည် ကလေးဆိုးကြီးသဖွယ် ရှိပေသည်။

"ဦးသက်နိုင်ကလည်းနော်"

"ကေခိုင်ကလည်းဗျာ။ အဟင်း အဟင်း။ ကျွန်တော် ဒီနေ့ကစပြီး ဒေါ်ဖြူတ်လိုက်ပြီးတော့ ကျွန်တော် ကျွန်တော် ပြောမှာကလေ ကျွန်တော် ကေခိုင်ကိုချစ်တယ်။ မြတ်နိုးတယ်။ ဒါ. . ဒါကြောင့် ကျွန်တော် ကေခိုင်ကို လက်ထပ်ပါရစေလို့"

"ရှင်"

တယ်လီဖုန်းထဲမှ ကေခိုင်၏ 'ရှင်' သည် ရင်ထဲမှ လှိုက်ဆော်ဖြည်ဟီး၍ ထိတ်လန့်ခြင်းလား၊ ကြည်နူးခြင်းလား၊ ထိတ်လန့်တကြားဖြစ်ခြင်းလား၊ ကွဲကွဲပြားပြား မရှိသော်လည်း သည်အဓိပ္ပာယ်များပင် စုဝေး၍နေပေလိမ့်မည်။

"ကေခိုင် ကေခိုင်။ ဘာဖြစ်သွားတာလဲဟင်။ မရဒ်သကချိုင်ဆိုတာမျိုးလို့ ကေခိုင် ထင်နေလို့လား။ သေသေချာချာစဉ်းစားကြည့်တော့ ကျွန်တော်က ဇင်ဇင်အပေါ် မိန်းမောနေလို့သာကိုးဗျ။ ကျွန်တော့်အပေါ်မှာ စေတနာထားပြီး ယုယုယယနဲ့ အမြဲဆက်ဆံတာကတော့ ကေခိုင်ပဲဗျ။ ကေခိုင်ပဲ။ ပြီးတော့ ဒေါ်လေးစီကလည်း ဇင်ဇင်ကလွဲရင် ဘယ်သူ့ပဲဖြစ်ဖြစ် မောင်မင်းကြီးသား မိန်းမမြန်မြန်ယူစမ်းပါတဲ့။ ဟေး. . ကေခိုင်. . အင်းမလှုပ်အဲမလှုပ်ပါလား။ စကားလေး ဘာလေးပြောဦးလေ ကေခိုင်ရဲ့"

တယ်လီဖုန်းခွက်ကြီးနှင့် ချစ်ရေးဆိုရသော မင်းသက်နိုင်မှာ အားမလို အားမရကြီး ဖြစ်နေပုံရသည်။

"ဦးသက်နိုင်ရယ်. . . ရှင် သဘောကောင်းတာလေးတွေကို အခွင့်အရေးယူလိုက်မိပါတယ်"





"ဗျာ. . . ကေခိုင်ပြောတာ နားမရှင်းဘူး။ ဘာတွေပြောနေတာလဲ။ ကျွန်တော်မေးတာကို အရင်ဖြေဦးမှပေါ့ဗျ"

"ပြီးတော့ ဖြေပါ့မယ်ရှင်။ ကေခိုင်စတန့်ထွင်ခဲ့ပုံကို အရင်နားထောင်ပါဦးနော်။ ပြီးတော့ ကေခိုင်ကို မကျေနပ်ရင် လာပြီးသတ်လှည့်ပါ"

"ဗျာ ကေခိုင့်စကားက ဆန်းလှလားဗျ ပြောပါဦး၊ ပြောပါဦး"

"ဒီလိုပါ ဦးသက်နိုင်ရယ်။ တစ်နေ့က ဒွေးဒွေးတို့ မေမေရောက်နေတာ ဦးသက်နိုင်လည်းသိသားပဲ။ သူလာတဲ့ကိစ္စကတော့ ဒွေးဒွေးကို သူ့ခဲအိုကြီးနဲ့ ပြန်လက်ထပ်ဖို့ပါပဲ"

"အဲဒါနဲ့ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲဗျာ"

"ဟုတ်ပါတယ်ရှင်။ မဆီမဆိုင် ဦးသက်နိုင်ကို ကျွန်မကဝင်ပြီး တရားခံလုပ်ခိုင်းနေမိလို့ပါ"

"ဗျာ. . ."

"ဒီလိုပါ ဦးသက်နိုင်။ ဒီကိစ္စကို ဒွေးဒွေးက လုံးဝသဘောမရှာဘူး။ ကေခိုင်ကပဲ သဘောကောင်းတဲ့ ဦးသက်နိုင်အပေါ် အခွင့်အရေးယူလိုက်ပါတယ်"

"ဘာအခွင့်အရေးလဲ ကေခိုင်ရဲ့"

"ဪ. . ဒွေးဒွေးက သူ့ခဲအိုကြီးကို မယူနိုင်ဘူးလို့၊ သူ့မှာမကြာမီ လက်ထပ်မယ့်ချစ်သူရှိတယ်လို့၊ ဒီချစ်သူဟာ တခြားသူမဟုတ်ဘူး ဦးသက်နိုင်ပဲလို့"

"အို. . . ကေခိုင် ဘာတွေပြောနေတာလဲ"

"ဟုတ်ပါတယ်ရှင်။ ကေခိုင့်စိတ်ထင်က အဘွားကြီးလည်း စိတ်ပျက်ပြီး ဟင်္သာတပြန်သွားမယ် ထင်နေတာကိုး။ ခုတော့ ဒီလိုမဖြစ်တော့ပါဘူး ရှင်"

"ဟင်. . . ဆက်ပါဦး ဆက်ပါဦး။ ကေခိုင်ကလည်းဗျာ"

သူ့အသံသည် ရှုးရှုးရှားရှားဖြစ်၍နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ခု ငွေးငွေးကိုခေါ်ပြီး ဦးသက်နိုင်ဆီကို လာနေကြပါတယ်"

"ဘုရားရေ"

ဦးသက်နိုင်ထံမှ မျက်ဖြူဆိုက်သွားသောအသံပင်တည်း။

"ငွေးငွေးခမျာ ရှက်လွန်းလို့ မျက်ရည်တုတ်တုတ်ကျရှာပါတယ် ဦးသက်နိုင်ရယ်။ အဲ အဲဒါ ကျေးဇူးပြုပြီး ရေလိုက်ငါးလိုက်ကလေး ကေခိုင်တို့နဲ့ အကြံတူညာဏ်တူ ဖြီးရုံလေးဖြီးပေးဖို့ ကူညီပါ ဦးသက်နိုင်ရယ်နော်"

"ဟော. ... ဟော. . . ပြောရင်းဆိုရင်း ဒေါ် ငွေးငွေးကား ကျွန်တော့် ဝိုင်းထဲ ဝင်လာပြီ"

"ဟုတ်လား။ ဒါ. . . ဒါဖြင့် ဦးသက်နိုင်ကူညီပါနော်"

"ကျွန်တော် ဘာ. . . ဘာပြောရမှာလဲဗျ"

"ဩော်. . . ဟို ဟို. . . ရှင်ဟာ ငွေးငွေးရဲ့တကယ့်ချစ်သူပါလို့"

"ချစ်သူ"

"ဟုတ်ပါတယ်ရှင်။ ကေခိုင့်ကို ခင်ရင် ဒါလေးတောင်မှ ညာမပေးနိုင်ဘူးလား။ ဦးသက်နိုင်မှာ ပွန်းပဲ့သွားတာမှ မဟုတ်တာ"

"ပွန်းတယ်ဗျ။ ပွန်းတယ်။ ကျွန်တော်နဲ့ ကေခိုင် မျက်လုံးချင်းဆိုင်ဆိုင်နေခဲ့သမျှ ကျွန်တော်အတွေးတွေ လှိုင်ခဲ့မိတယ်။ ခုတော့ ရာခိုင်နှုန်းပြည့် လွဲသွားရပြန်ပကိုး ကေခိုင်ရဲ့"

"ဒါတွေ ကေခိုင်ကို နောက်မှစကားနာထိုးပါရှင်။ သူ. . . သူတို့ကို ဆီးခေါ် လိုက်ပါဦး။ ကေခိုင်ဖြတ်လိုက်မယ်နော်။ မင်းလရန်းသင့်(စ) (Million Thanks) ပါပဲရှင်"

ကေခိုင်ဖုန်းချလိုက်သော် မင်းသက်နိုင်သည် ပေါ်တီကိုအောက်သို့ မလုံမလဲကြီး ရင်ဆိုင်လိုက်ရသည်။

"လာလေ။ ခုမှ တရှုပ်ရှုပ်လုပ်မနေနဲ့။ မေမေ့ကို ခုလိုမလိမ့်တပတ်မလုပ်နဲ့။ သူနဲ့ စကားသေသေချာချာ ပြောစရာရှိတယ်"

"ရှူး. . . တိုးတိုးပြောပါ မေမေရယ်။ ရှက်စရာကြီး"





ငွေးငွေးခမျာ မော်တော်ကားကိုမှီ၍ ရှက်လန့်တကြားလေး ကပ်နေရာသည်။ တစ်သက်နှင့်တစ်ကိုယ် ချစ်သူပင်မထား။ အလုပ်ကိုသာ တစ်သက်လုံးစိတ်ဝင်စားလာသမျှ ယခုတော့လည်း သူနှင့်ဘာမျှမဆိုင်သော အမျိုးသားတစ်ဦးကို တစ်ဖက်သားမသိဘဲ ချစ်သူပါဟူ၍ ပြောဆိုခဲ့ခြင်းသည် မည်မျှရှက်စရာ ကောင်းလိုက်ပါသနည်း။ တွေးရင်းကပင် မျက်ရည်များ တတုတ်တုတ် ကျဆင်းလာရလေတော့၏။

"ဟဲ့ ဘယ်လိုဖြစ်ရတာလဲ သမီးရဲ့။ ဒီသူငယ်က သမီးချစ်သူဆို"

"ဩော်. . . မေမေကလည်းနော်။ အော်ကျယ်အော်ကျယ်နဲ့ လူတွေ ကြားကုန်တော့မှာပဲ"

မင်းသက်နိုင်သည် နံရံကိုကပ်၍မှီရင်းက ငွေးငွေးတစ်ယောက် အလွန်ရှက်နေရပုံကို အလုံးစုံမြင်လိုက်ရတော့လည်း ချက်ချင်းပင် စိတ်ကောင်းကလေးတစ်ခုဝင်၍ လာရလေသည်။ နောက်တော့လည်း မိမိသူတို့ရန်ကင်းတိုက်ကိုသွားတိုင်း စကားတွေဖောင်ဖွဲ့အောင် ညှော်ခံခြင်းမရှိသော်လည်း စားစရာဖြစ်စေ၊ အဖျော်ယမကာဖြစ်စေ တစ်ခုခုကိုဖြင့် အမြဲတစေ သူ့ကိုကျွေးမွေးလေ့ရှိပေသည်။

နောက်တစ်ခုမှာ ခင်စစ်အေးနေထိုင်မကောင်းစဉ်က မိမိမျက်နှာတစ်ခုတည်းနှင့် လိုက်လံကူသပေးခဲ့ဖူးသည်လည်းမဟုတ်ပါလား။ ပြီးတော့ ကေခိုင်၏တောင်းပန်ချက်ကလည်း သူ့နားဝယ်ပဲ့တင်ထပ်၍ လာရပေသည်။ စိတ်ကိုတင်း၍ အကြောင်းကြောင်းကိုဖြင့် ထောက်ရပေတော့မည်။ သို့သော် သူ လှမ်း၍ကြည့်လိုက်မိလိုက်သောအခါ အဒေါ်ကြီးသည် သူ၏ဝသောကိုယ်ကြီးကို ကားပေါ် သို့ ပြန်တက်ရန်ဟန်ပြင်ရင်း. . .

"ဗွန်း. . . ကိုယ့်ချစ်သူတဲ့။ တိုက်ပေါ် တောင်မတက်ရဲဘူး။ဟိုအဲ့ကုတို့ အဖေက သမီးကို ရွှေတဲ့တားငွေတံတားခင်းပြီး ကြိုနေမှာတော်ရဲ့"

"ဩော်. . . ငွေးတို့ပါလား။ ကားဗွန်းသံလည်းမကြားသာကိုးခင်ဗျ။ ဒေါ်ဒေါ်ကောပါလာတာကိုး။ ကြွပါခင်ဗျာ ကြွပါ"


www.burmeseclassic.com

www.burmeseclassic.com

သူက တရင်းတနှီး ဖိတ်ခေါ်လိုက်မှ ဌေးဌေးသည် ဦးသက်နိုင် မျက်နှာကို ရှက်လန့်တကြားမော့ကြည့်ရင်း မျက်နှာအမြန်လွှဲ၍ မျက်ရည်များ တရဟောကျလာရသည်။

"အို. . . ဘယ့်နှယ်ကလေးမပါလိမ့်။ အမေက ပွင့်ပွင့်လင်းလင်း တိုင်ပင်ချင်လို့ ဒီကိုလိုက်ပို့ပါဆိုကတည်းက တစ်လမ်းလုံး ငိုလာတာပဲ"

"အဟင်း. . . ဌေးကရှက်တတ်တယ် ဒေါ်ဒေါ်ရဲ့။ ဆင်းလေဌေး။ လာပါဌေးရဲ့။ ဒေါ်ဒေါ်တိုင်ပင်ချင်တာ တိုင်ပင်ပေ့စေပေါ့ ဌေးရယ်"

သူကလျှာယားယားနှင့် ဌေးချင်းထပ်ခါပြောလိုက်ရုံမက 'ကိုယ်ပါရော၍ညာပေးပါ့မယ်'ဟူသောသဘောဖြင့် မျက်လုံးတစ်ဖက်မှိတ်၍ပြလိုက်သည်။ သို့သော် အလွန်ကင်းပါးသော အဘွားကြီးကဖြင့် မြင်၍သွားရကာ. . .

"အင်း. . . တောက တက်လာတဲ့ အဒေါ်ကြီးဆိုပြီးတော့ မျက်စိတွေ ဘာတွေမှိတ်ပြပြီး ညဏ်နီညဏ်နက်တော့ မဆင်ကြနဲ့နော်"

"ဩော်. . . ဟော ဟော. . . မဆင်ပါဘူးဗျာ။ အဟင်း ဟင်း"

သူကသာ လိုက်လိုက်လျောလျော ရယ်လိုက်ရသော်လည်း ဌေးဌေးကမူ မင်းသက်နိုင်ကို တုန်လှုပ်ရှက်ကြောက်စွာ သူ့မျက်လုံးကြီးနှင့်ဝေ့ကြည့်လိုက်ရှာပါသည်။

"ထိုင်ပါ ဒေါ်ဒေါ်။ ပြောစရာရှိတာလည်း ပွင့်ပွင့်လင်းလင်းပဲ ဆွေးနွေးပါခင်ဗျာ"

မင်းသက်နိုင်သည် စီးကရက်ဘူးများ တည်ခင်းရင်း ယဉ်ကျေးချိုသာစွာ ပဋိသန္ထာရစကားဆိုရှာသည်။

"အဲ. . . မောင်ရင်ကမှ ဟုတ်သေးတယ်။ မရွှေဌေးတို့များ အဲလို ရိုးလွန်းလို့ ဒေါ်ဒေါ်ကလည်း သူ့အတွက်စိတ်မချဖြစ်ပြီး အံ့ကူတို့အဖေကို ခေါင်းညိတ်လိုက်မိတာကွဲ့။ ဒီလိုပါမောင်ရယ်။ မောင်တို့ကလေးချင်း မေတ္တာရှိတာကို မခွဲချင်ပါဘူး။ ဒါပေမဲ့ မောင်ရယ် တတ်နိုင်ရင်တော့





အံ့ကူတို့မောင်နှမသုံးယောက် သူစိမ်းမိထွေးလက်ထဲ မရောက်အောင် မောင်ရင် နောက်ဆုတ်ပေးပါကွယ်"

"ဗျာ. . . ဟို ဟို ဌေးဌေးက"

မင်းသက်နိုင်သည် ကိုယ်ရေးကိုယ်တာကိစ္စ အစစ်အမှန်မဟုတ်၍ ဗလုံးဗထွေး ဘာပြောရမှန်းမသိပေ။

"မေမေကလည်း ဌေးကသူ့ကို အစ်ကိုကြီးလို ဖအေလိုခင်တာက လွဲလို့ ဒီလိုနည်းနည်းမှစိတ်ကူးလို့ မရပါဘူး မေမေရယ်"

ဌေးဌေးသည် လုပ်ပါဦး ကူပြောပါဦးဟူသောပုံနှင့် မင်းသက်နိုင်ကိုပင် အကူအညီတောင်းရှာပြန်သည်။

"အဟမ်း"

မင်းသက်နိုင်ခမျာ တကယ်ပင် စွန့်စွန့်စားစား အာရှင်းလိုက်ရရှာသည်။

"ဌေးတို့အစ်မဆုံးတုန်းက ကျွန်တော်မြင်ဖူးလိုက်ပါတယ်။ အံ့ကူတို့အဖေက တော်တော်ကြီးနေပြီပဲဗျ။ ဒေါ်ဒေါ်သူ့ကို ဘာသဘောကျတာလဲ"

"အားနာလို့မောင်ရေ့။ သူကခွင့်ယူပြီးတော့ တကန်တက ဟသ်ာတကိုလာပြောတာ မဟုတ်လား"

"အားနာတာနဲ့တော့ အားမပါသင့်ပါဘူး ဒေါ်ဒေါ်ရယ်"

"ဒါဖြင့် ငါ ဘယ်ထွက်ပြေးရမလဲ။ သမက်သာဆိုရတယ် ငါက သူ့ကို ရှိသေနေရတဲ့ အစိတ်အပိုင်းမှာရှိတယ်ဆိုတာ မရွှေဌေးသိပါတယ်လေ"

"ဘာဆိုင်လို့လဲ မေမေရယ်"

"ဆိုင်ပါသော်ကောတော်။ သူက အရာရှိကြီးမဟုတ်လား။ ပြီးတော့ မေမေက အရင်းနှီးလိုတယ်ဆိုရင် ပက်ခနဲ လေးငါးထောင်မျိုး ထုတ်ပေးရှာတာ။ ပြီးတော့ ကလေးတွေလည်း သူစိမ်းမိထွေးနဲ့ အထွေးမခံနိုင်ပါဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့် မေမေယူထားတဲ့ငွေ သမီးပြန်ဆပ်မယ်"

"ဟဲ့. . . ကြံကြံဖန်ဖန် ဒီလိုပေးလို့ ယူမယ့်အစားလား။ ပြီးတော့ သူက ဒီမင်္ဂလာကိစ္စကို အမြန်ဆုံးစီစဉ်ပါရစေတဲ့။ အိုအေ. . . တတ်နိုင်ရင် ခု မေမေ လာတုန်းကို လုပ်သွားချင်တာတဲ့"

"အို. . . မေမေက စီမံချင်စီမံ။ သမီးတော့ ထွက်ပြေးမှာပဲ"

"ဘာလဲ ဒီသူငယ်နဲ့လား"

"အို. . . မဟုတ်ပါဘူး။ သူကအလုပ်နဲ့ဘယ်ဖြစ်မလဲ။ သမီးဟာ သမီး ထွက်ပြေးမှာ"

သူတို့သားအမိစကားများသည် မင်းသက်နိုင်အတွက် အမှန်ပင် ပူခနဲဖြစ်သွားရပေသည်။ အဒေါ်ကြီးကိုကြည့်ရသည်မှာလည်း သူ့သမက်ဟောင်းနှင့် သမီးငယ်ကိုအားနာ၍ လက်ဆက်ပေးရမည့်ပုံမျိုးဖြစ်သည်။

မင်းသက်နိုင်သည် လက်ပိုက်၍ မျက်လုံးကို ခေတ္တမှိတ်လိုက်သည်။ ကြံကြံဖန်ဖန် အရုပ်အထွေးတစ်ခုသည် သူ့ရှေ့တွင် ဖိတ်စာမကမ်းရပါဘဲနှင့် ရောက်ရှိနေရလေပြီ။ သူ့ဘဝတစ်လျှောက်လုံး အိမ်ထောင်ရေး အချစ်ရေး အဆင်မပြေခဲ့ပုံများကိုလည်း တစ်ပြုံလုံးပြန်၍ စဉ်းစားလိုက်မိသည်။ လောကကြီးတစ်ခုလုံးကို အယဉ်ကျေးဆုံးနှုန်းနှင့် လိုက်လျောစွာ ဆက်ဆံခဲ့ပါသည်။ သို့သော် သူ့အလှည့်ကျ ဘယ်တော့မှ ပြေပြေလည်လည် မရှိခဲ့ရပါကလား။ အထူးသဖြင့် အရှုံးမခင်စစ်အေးနှင့် သုံးနှစ်ခန့် တစ်ဝိုင်းတည်းနေခဲ့ရ၍လည်း သူ့စိတ်တို့သည် အမှန်ပင်နွမ်းနယ်နေရပေသည်။ ခေတ်ဆန်မှုလုံးဝမပါ။ ကျက်သရေရှိသောမျက်နှာနှင့် ပညာ့ဂုဏ်အလှတို့သာ စုဝေးနေသော ငွေငွေကို တစ်ချက်ကြည့်၍. . .

"ဒီမှာ ဒေါ်ဒေါ်။ ကျွန်တော်နဲ့ငွေငွေ"

ငွေငွေသည် သူ့ဆက်ပြောသောစကားများကို ရှက်လွန်း၍ မကြားတော့ပေ။

"ဟင်"





မင်းသက်နိုင်စကားအဆုံးတွင် ယူကျုံးမရခြင်း၊ ထိတ်လန့်ခြင်းအစုံနှင့်သာ ငွေငွေပါးစပ်မှ ဟင်ခနဲ ထွက်သွားရုံမက ဦးသက်နိုင်ထိုင်၍နေသော ကုလားထိုင်ခြေရင်းသို့ ဒူးတုတ်ရက်ကလေး ထိုင်မိရက်သား ဖြစ်သွားရကား. . .

"ဦးသက်နိုင်ရယ်. . . ရှင်. . . . ရှင်. . . ကျွန်မကိုငဲ့ပြီး ခုလိုတော့ မဆုံးဖြတ်လိုက်ပါနဲ့ရှင်။ ပြီး. . . ပြီးတော့ ကေ. . . ကေခိုင်"

"ဒီမှာ ငွေငွေခင်ဗျား။ ဒီလောကကြီးမှာ ကျွန်တော် ခင်းချင်တဲ့ဇာတ်ကို အပတ်တကုတ် အရှက်နည်းခံပြီး လိုက်ရှာခဲ့ပါတယ်။ ဖွေခဲ့ပါတယ်။ ဒါတွေ ငွေငွေလည်း အမြင်ပါ။ ရသလားဆိုတော့ လွယ်မယောင်နဲ့ခက် တိမ်မယောင်နဲ့နက်ပြီး ကျွန်တော်မရခဲ့ပါဘူးဗျာ။ အဲတော့ ကျွန်တော်ဆုံးဖြတ်လိုက်ပါပြီ။ ကံဇာတ်ဆရာခင်းပေးတဲ့ဇာတ်ပဲ ကျွန်တော်အတည်ပြုပြီး ရုံတင်တော့မယ်လို့"

မင်းသက်နိုင်သည် သူ့ဘဝတစ်လျှောက်လုံး အထက်ပါစကားစုကို အထက်သံနှံဆုံးပြောကြားလိုက်မိခြင်း ဖြစ်ပေတော့သတည်း။

◆


www.burmeseclassic.com

www.burmeseclassic.com

## ၂၉

ပညာရေးဌာန တာဝန်ခံ လူရည်ချွန်ဆုကို ဆွတ်ခူးခဲ့ကြသော တိုင်းနယ်ပြည်နယ် အသီးသီးမှ ၇ တန်း၊ ၈ တန်း ကျောင်းသူ ကျောင်းသား တိုင်းရင်းသား လူမျိုးစုံ လူရည်ချွန်ကလေးများကို အုပ်ချုပ်ကွပ်ကဲရန် ရွေးချယ်ခြင်းခံရသော လက်ရွေးစင်ဆရာမများထဲတွင် ဆရာမသီတာဇင် ပါဝင်ခဲ့သည်မို့ ပေလီရွှေဝါချိုင်စခန်းသို့ (၁၇ ရက် တာမျှ) လိုက်ပါခဲ့ရလေသည်။

သူ့အဆုံးအမ၊ သူ့အသွန်အသင်ဖြင့် သူ့တပည့်မလေး ဆွေဆွေ တစ်ယောက် လူရည်ချွန်ဘွဲ့ရရှိကာပါလာရုံမက ဆန်ကာတင် လူရည်ချွန် ကလေးများထဲတွင်ပင် ဆွေဆွေသည် ဉာဏ်အထက်ဆုံး၊ ဗဟုသုတ အပြည့်ဝဆုံး သူကလေး ဖြစ်နေရပေသည်။ သူ့အား လူရည်ချွန်အဖြစ် မွေးထုတ်ပေးခဲ့သော ဆရာမသီတာဇင်ကိုပါ အထင်တကြီးနှင့် အကြိမ်ကြိမ် ချီးမွမ်းခံခဲ့ရသည်။

ဆွေဆွေ့ကို ကျောင်းသားများက လက်ခုပ်တီးကာ အချီးမွမ်းခံရတိုင်း ဆရာမသီတာဇင်ပါ မျက်နှာအထူး ပွင့်လန်းခဲ့ရသည်။ သီတာဇင်





သည် ဆွေဆွေ တော်ပုံကလေးများကို သတိထားမိရင်းက ဆွေဆွေနှင့် သူ့အစ်ကိုတို့သည် မည်သည့်အခါမှ ပေါ့ပေါ့ဆဆမနေ၊ စက္ကန့်တိုင်း၊ မိနစ်တိုင်း ကြီးပွားရန် တိုးတက်ရန် အမြဲကြံစည်တွေးတော ကြံဆနေကြောင်း သူ ကောင်းကောင်းကြီး နားလည်၍ လာရပေတော့၏။

သို့သော် မောင်မောင်နှင့် ပတ်သက်နေ၍ သူက အရောမဝင်ပေ။ စိတ်ထဲကပင် ချီးကျူးနေရသည်။ သို့သော် ရန်ကုန်မှပြည်တော်အေး သဘော်နှင့် ထွက်လာကတည်းက ရန်ကုန်မြေသို့ ပြန်လည်ခြေချသည် အထိ သူ့ဝေယျာဝစ္စဟူသမျှကို ဆွေဆွေသည် ဒိုင်ခံတာဝန်ယူ၍ လုပ်ကိုင်ပေးခဲ့သည်၊ သီတာဇင်က ငြင်းဆန်သော်လည်း မရပေ။ နောက်တော့လည်း ဆွေဆွေ၏ ဂါရဝပြုမှုများကို လက်မြှောက်ရတော့သည်။

ထိုနေ့က လူရည်ချွန်အဖွဲ့များ ရန်ကုန်သို့ပြန်လည်ရောက်ရှိကြသောနေ့တည်း။ တကောင်းကျောင်းဆောင်နှင့် ပြည်ကျောင်းဆောင်များတွင် စခန်းချတည်းခိုရင်းက ရန်ကုန်တစ်ဝိုက်မှ လေ့လာကြည့်ရှုစရာများ တာဝန်ခံဧည့်ခံပွဲမှစ၍ အခြားသောဖိတ်ကြားခံရမှုများသည် လူရည်ချွန် မောင်မယ်များအတွက် အဆိမ့်တွင် အချိုဆင့်ကာ တစ်သက်တွင် မေ့နိုင်စရာမရှိသော ဂုဏ်ပြုဧည့်ခံမှုများ ခံယူကြရလေတော့သတည်း။

"ဆရာမ ဒေါ်သီတာဇင် တယ်လီဖုန်းလာနေပါတယ်"

ကျောင်းသူကလေးတစ်ယောက်၏ ခေါ်နေသံကြောင့် သီတာဇင် သည် ဖုန်းကို ပြေး၍ကိုင်လိုက်ရသည်။

"ဟဲလို၊ ဩော်. . . မောင်မောင်ပါလား"

"မမသီတို့ ချောချောမောမော ပြန်ရောက်ကြတယ်နော်"

"လူရည်ချွန်အဖွဲ့ဆိုတာ အခမ်းအနားနဲ့ သွားရတာပဲ မောင်မောင်ရယ်။ ဘာ့ကြောင့် အပိုတွေမေးနေရတာလဲ"

"ဟို ဟို. . . မမသီကို အရေးကြီးတဲ့စကား ပြောစရာရှိလို့ပါဗျာ"

"ဘာလဲ မြန်မြန်ပြောလေ။ မမသီတို့ အစည်းအဝေးရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောမှာပါ မမသီရယ်။ ကျွန်တော်ပြောဖို့ အားယူနေတာပါ"

"ဒီမှာ မောင်မောင်ပြောမှာ ဘာလဲဆိုတာ မမသီ သိပါတယ် မပြောပါနဲ့တော့"

"မမသီ သိနေပြီလား။ ဒါဖြင့် မမသီစိတ်ထဲမှာ ဘယ်လိုနေသလဲ ဟင်"

"ဒီမှာ မောင်မောင် မမသီအလုပ်သိပ်များတယ်။ မောင်မောင်ဆီက ဟိုအကြောင်း ဒီအကြောင်းတွေ နားထောင်ဖို့ အချိန်မရှိဘူး မောင်မောင်ရေ။ ဆောရီးပဲ"

"ဟဲလို. . . ဟဲလို. . . ကျွန်တော်ပြောတာ ဒါမဟုတ်ပါဘူး မမသီ ဟဲလို"

တယ်လီဖုန်းခွက်ကို အောက်သို့ချလိုက်လေပြီတည်း။

◆

ဧပြီလ ၂၁ ရက်နေ့တွင် လူရည်ချွန်များ စခန်းသိမ်းပွဲပြီး၍ ဆရာ ဆရာမများမှစ၍ လူရည်ချွန်မောင်မယ်များ ကိုယ့်ရပ်ကိုယ့်ရွာသို့ပြန်ရန် ပြည်၊ တကောင်း ကျောင်းဆောင်များမှ အားလုံးထုပ်ပိုးပြင်ဆင်၍ သွားနှင့်သူ သွားနှင့်၍ ပြန်နှင့်သူများ ပြန်နှင့်ကြလေပြီ။

ဆရာမ သီတာဇင်သည် ရှေးရှေး အလုပ်များပုံကို သိနေပြီဖြစ်၍ ဖုန်းမဆက်တော့ဘဲ အသိဆရာမလေး တစ်ဦး၏ကားနှင့်လိုက်ရန် ပြောထားပြီးလေပြီ။ သို့သော် တိုက်တန်းအဆောင်ကြီးတစ်ခုလုံး လှုပ်လှုပ်ရွရွနှင့် နေရာမှ တဖြည်းဖြည်း ငြိမ်စပြုလာပေပြီ။ သူ့ပစ္စည်းများ ဆွေဆွေကူထည့်ပေး၍ အစောကြီးက သိမ်းဆည်းပြီးလေပြီ။

"ဟော မမသီကောမပြန်ရသေးပဲကိုး။ ကျွန်တော့်ကားနဲ့ လိုက်ခဲ့နော် မမသီ။ တမင်တကာ မမသီလိုက်ချင်လည်း အဆင်ပြေအောင် ဦးလေးတို့ဆီက လင့်ရှိဘဲ ငှားလာတာပါ မမသီရဲ့"





"ဟုတ်ပါတယ် ဆရာမ။ ကျွန်မတို့ကားနဲ့ လိုက်ခဲ့နော်"

"ဆရာမ ရီရီထွန်းနဲ့ပြန်ဖို့ ပြောပြီးသားပါကွယ်။ ဆွေဆွေသာ ပြန်နှင့်ပါ"

တင်မောင်မောင်ကားနှင့် မလိုက်ချင်၍သာ ငြင်းရသော်လည်း စိတ်ကမူ အိမ်သို့ပြန်၍ ရောက်ချင်လှလေပြီ။

"မမသီတစ်ယောက်တည်း ကျန်နေခဲ့မှာပေါ့ဗျာ။ ကျွန်တော်တော့ ပစ္စည်းတွေတင်နေပြီ မမသီ"

တင်မောင်မောင်တို့မောင်နှမသည် သူ့ပုံထားသော ပစ္စည်းအားလုံး အကုန်ကျုံး၍ တင်ပြီးကြလေပြီ။

"ဆွေဆွေကလည်း ဖွတ်ပဲကွယ်"

"ဆွေဆွေက မဖွတ်ပါဘူး။ ဟောဒီ ကိုကိုမောင်က ဖွတ်တာပါ ဆရာမရဲ့"

တင်မောင်မောင်သည် ဆွေဆွေအား အလယ်မှထား၍ သီတာဇင်အား အတက်ခိုင်းရင်း ပြုံးတမြမြ ဝမ်းသာနေပေသည်။ သီတာဇင်မှာ တင်မောင်မောင့်ကားနှင့် ပါလာရ၍ အီလည်လည်မကျေမနပ် ဖြစ်နေရပေသည်။

"ဟော. . . ကိုကိုမောင်ရေ။ ဆွေဆွေ့ သူငယ်ချင်း လင့်လမ်းထဲ တင်ပါ။ မော်လီဆီ ဖောင်တိန်ပါသွားလို့ ဝင်ယူပါရစေနော်။ ဆရာမ ခဏနော်။ ဆွေဆွေဝင်ယူပါရစေ။ မနက်ကငှားပြီး တောင်းဖို့မေ့သွားလို့ပါ။ (မော်လီကား သူ့လိုလူရည်ချွန်ကလေးပင်တည်း။)"

"ယူလေ"

သီတာဇင်သည် ထိုသို့ပြောရင်း မျက်နှာကိုကားအပြင်သို့ ထုတ်ရင်း ပါလာသည်။ ဖောင်တိန်ယူရန် မော်လီတို့တိုက်ထဲသို့ ဆွေဆွေဝင်သွားစဉ် သူတို့နှစ်ယောက်တည်း ကျန်ရစ်ကြသည်။

"မမသီ ဟောဒီသတင်းစာ ဖတ်ပြီးပြီလားဟင်"



www.burmeseclassic.com

www.burmeseclassic.com

တင်မောင်မောင့် မျက်လုံးများသည် အထူးရွှန်းစိုနေပုံကို အကဲခတ်ရင်း သတင်းစာကိုယူ၍ ဖတ်လိုက်သည်။

"မင်းသက်နိုင် (ဓလယာဉ်မှူး) နှင့် ဌေးဌေး (ဆရာဝန်)"

"ဟင်. . . ဘယ်လို. . ဘယ်လို ဖြစ်သွားကြတာလဲ"

သီတာဇင်မှာ အံ့ဩတုန်လှုပ်သံလေးက ထွက်ပေါ်သွားရသည်။

"အဟင်း. , အဟင်း. . ကျွန်တော် ဒါကြောင့် ဖုန်းဆက်တာ မမသီတော့ ဦးသက်နိုင်ကြီးအတွက် ဆွေးသွားမှာပဲ။ ဒါပေမဲ့ ကျွန်တော်ကတော့ သိပ်ဝမ်းသာတာပဲ"

"မောင်မောင် ဘာတွေပြောနေတာလဲ။ မမသီက ဦးသက်နိုင်အတွက် ဆွေးနေတာမဟုတ်ဖူး။ ကေခိုင်နဲ့ဘယ်လိုလွဲသွားရတယ် ဆိုတာ အံ့ဩနေတာ။ ကေခိုင်ကို သနားနေတာ"

"အလကားပါဗျာ။ ကျွန်တော် အကုန်သိပြီးသားပါ။ မမသီ ကျွန်တော့်ကိုချစ်လို့ ဦးသက်နိုင်ကြီးကို ငြင်းလိုက်တာမဟုတ်လား"

"အို. . . ဘာတွေ လျှောက်ပြောနေတာလဲ"

"မညာပါနဲ့တော့ဗျာ။ မမသီ ပေလီသွားနေတုန်း ကျွန်တော့်ကို ဒေါ်ကေခိုင်က အကုန်ပြောပါတယ်။ မမကို အဲရှုမက လည်ပင်းအသေညှစ်တာဆို။ ဒီတုန်းက ကျွန်တော် မမသီကို သိပ်သနားတာပဲဗျာ။ ရင်ထဲမှာ ဘယ်လိုခံစားရမှန်းမသိဘူး"

"မောင်မောင် မမသီကို ဒါတွေပြောဖို့ ခေါ်လာတာလား"

"နေပါဦး မမသီရယ်။ ကျွန်တော်မေးပါရစေဦး။ ဘာအနှောင်အဖွဲ့မှမရှိတော့တဲ့ ဦးသက်နိုင်လို ပုဂ္ဂိုလ်မျိုးတစ်ယောက်ကို ငြင်းပယ်လိုက်တယ်ဆိုတော့ ပြီးတော့ ကျွန်တော့်အနေနဲ့ မမသီကို ဘတ်စကားဆရာမ အုပ်စုဘဝကနေပြီး ဖင်မလီယာဆရာမ အုပ်စုဘဝပိုင်ရှင် ဖြစ်စေချင်လွန်းလို့ ကျွန်တော့်မေတ္တာကို ရုပ်သိမ်းဆဲပါလို့ ကျွန်တော်ပြောခဲ့တယ် မဟုတ်





လားဟင်။ ဒါပေမဲ့ ကျွန်တော်ကသာ ဇာတ်သိမ်းဖို့ကြိုးစားပေမဲ့ မမသီရဲ့ မေတ္တာကိုတော့ မမသီ မရုပ်သိမ်းသေးဘူး မဟုတ်လား မမသီ"

"ဘာ. . . မောင်မောင် ဘာကိုဆိုလိုတာလဲ"

"မမသီက သွယ်ဝိုက်ပြောလို့ နားမလည်ဘဲကိုးဗျာ။ မမသီရဲ့ အပေါ်ယံစိတ်တွေ ခွာချလိုက်ရင် မမသီစိတ်ထဲက ကျွန်တော့်ကိုချစ်တယ် မဟုတ်လားဟင်။ မမသီ အမှန်အတိုင်းဖြေရမှာနော်"

တင်မောင်မောင်သည် သီတာဇင်၏ လက်တစ်ဖက်ကို အရဲစွန့်၍ ဆုတ်ယူညှစ်ကိုင်ထားလိုက်သည်။

"အို. . . လွှတ်လွှတ်။ ဟိုမှာ ဆွေဆွေနဲ့ မော်လီတို့အမေ ထွက်လာကြပြီ"

"ဒါဖြင့် ပြောလေ"

"လွှတ်လေ အိမ်ကျ ပြောမယ်"

"အဟုတ်နော် မမသီ"

တင်မောင်မောင်သည် သီတာဇင် မျက်နှာကဲ ရှင်ရှင်ကလေးကို ကျေနပ်မဆုံးဖြစ်သွားပုံကလေးနှင့် လက်ကလေးကို ထပ်မံ၍ခပ်ညှစ်ညှစ် ဆုတ်၍ မလွှတ်ချင်လွှတ်ချင် လွှတ်ပေးလိုက်လေတော့၏။

"ဘယ်နှယ့်လဲ။ တယ်တုတ်ပါလား။ မောင်တင်မောင်မောင် စာမေးပွဲလည်းအောင် နိုင်ငံခြားရေးရုံးမှာလည်း တတိယအတွင်းဝန်လျှောက်ထားတာ ရတယ်ဆို"

ဟူ၍ မော်လီတို့အမေက မေးလိုက်သဖြင့် တင်မောင်မောင်သည် မလုံမလဲနှင့် သီတာဇင်ကိုကြည့်ရှင်း. . .

"အစကတော့ မြန်မာပြည်မှာ နေချင်စိတ်မရှိလို့ တမင်ရွေးလျှောက်တာအန်တီရဲ့။ ခုတော့လည်း မြန်မာမလေးတစ်ယောက်နားက ဘယ်မှခွဲမသွားချင်တော့ဘူး အန်တီရေ"

"အမယ်။ အဲဒီမြန်မာမလေးကို သွားလေရာ နိုင်ငံခြားတွေမှာ ချိုင်းကြားညှပ်ပြီးခေါ်သွားပေါ့တော်"


www.burmeseclassic.com

www.burmeseclassic.com

မော်လီတို့နှင့် လူကြီးများမှာ ခင်ပုံရကြသည်။ တရင်းတနှီး အပြန်အလှန်ပြောကြရင်းက စကားအတင်းဖြတ်၍ ကားကိုရပ်မောင်း၍ ထွက်ခဲ့ရသည်။

"ကိုကိုမောင်က သူနိုင်ငံခြားရေးရုံးမှာ အလုပ်ရတာဆရာမကို မပြောနဲ့လို့ ဆွေဆွေကို ဖုံးနေလိုက်တာ အန်တီသန်းကြီးကဖော်လိုက်ပြီ"

"မောင်မောင်က မမသီကို ဘာလို့ဖုံးနေရတာတဲ့လဲ"

"ဪ. . . ဟော် ဟော်. . . မမသီက ကျွန်တော့်ကို ဘယ်တော့မှ အထင်မကြီးလို့ ဘာမှလည်း မပြောချင်တော့ပါဘူးဗျာ"

"အဲဒါ သက်သက်ပိုတာ"

သီတာဇင်၏ပြုံးနုနုကလေး ပြောလိုက်ပုံသည် သူ့ကိုပင် တမင်တကာပူနေသလိုလို တင်မောင်မောင်၏ စိတ်ထဲတွင် ယုံယုံကြည်ကြည် ကျေနပ်သွားရလေတော့သတည်း။

ရန်ကင်းသူ
နာမည်တူမရှား
တိုက်ခိုက်မှု
ရှိခဲ့ပါလျှင်
ခွင့်လွှတ်ပါလား. . .

ခင်စိန်လှိုင်
(10-10-1969)



BURMESE CLASSIC .com

ဒုတိယမြန်မာနိုင်ငံတော်ကြီးကိုစတင်တည်ထောင်ခဲ့သော
မြန်မာနိုင်ငံ၏အာဏာစက်ကို အမြင့်မားဆုံးလွှင့်ထူနိုင်ခဲ့သော
မြန်မာသူရဲကောင်းအများအပြားပေါ်ထွန်းခဲ့သော . . . .

မင်းတရားရွှေထီးနှင့်
ပြည်ထောင်ဖက်ဘုရင့်နောင်ကျော်ထင်နော်ရထာတို့၏
တိုက်ပွဲအဖုံဖုံ စည်းရုံးရေးအသွယ်သွယ်
အောင်ပွဲအဆင့်ဆင့်တို့ကို

အပြည့်စုံဆုံး
အတိကျဆုံး
တက်ကြွဖွယ်အကောင်းဆုံး ရေးဖွဲ့ထားသည် . . . .

# မင်းတရားရွှေထီးနှင့်ဘုရင့်နောင်ကျော်ထင်နော်ရထာ

## ဦးစိန်လွင်လေး

ရန်အောင် စာပေ (၂) မှ မှာယူနိုင်ပါသည်။

www.burmeseclassic.com